http://www.dhammadownload.com

ဆဋ္ဌသင်္ဂီတိပုစ္ဆကအဂ္ဂမဟာပဏ္ဍိတ

ကျေးဇူးတော်ရှင်

## မဟာစည်ဆရာတော်ဘုရားကြီး

ဟောကြားတော်မူသော

# သက္ကပဉှသုတ် တရားတော်

စတုတ္ထအကြိမ်

http://www.dhammadownload.com

ကာမဘုံသား နတ်လူများတို့ ကောင်းစားပြည့်ဝ ဘေးရန်ပ, လျက် အေးမြချမ်းသာ နေလိုပါလည်း ကဿပမဗ္ဗေ သူ့ရုပ်ပွေ၍ ထင်ခြေမကျ ဆင်းရဲရတည့် ... မူလဇာစ်မြစ် သူ့ကြောင်းစစ်သော် မုန်းချစ်အပ်သား အာရုံများနှင့် လိုလားတစ်လီ ကြံစည်တစ်တန် ချဲ့ရန်မှတ်ခွဲ ခြေတည်လွဲ၍ ဆင့်ကဲဆင့်ကာ ဖြစ်ရိုးပါတည့် ... ခြောက်ဖြာဒွါရ ထင်သမျှကို မှတ်ကြသဖြင့် မမှီသင့်ရှောင် မှီသင့်ဆောင်က မှန်အောင် ပြင်က လမ်းမှန်ရသည် မုချ ချမ်းသာရေးပေတည်း။

❖ ဘယ်သို့ကျင့်က၊ ပပဥ္စ၊ လုံးဝချုပ်သနည်း။
မှီဝဲသင့်တာ၊ မသင့်တာ၊ ဝမ်းသာ နှစ်မျိုးတည်း။
နှလုံးမသာ၊ ဥပေက္ခာ၊ ခွဲပါနည်းတူတည်း။
အကုသိုလ်ပွား၊ ပယ်ရှောင်ရှား၊ ကုပွားမှီဖို့တည်း။
ဤ သို့ကျင့်က၊ ပပဥ္စ၊ လုံးဝချုပ်သတည်း။

❖ မမှီသင့်ပယ်၊ သီလနယ်၊ စင်ကြယ်ပါသတည်း။
ဣန္ဒြိယ–သံဝရ၊ သူက ဘယ်သို့နည်း။
အာရုံခြောက်ရပ်၊ မှီဝဲအပ်၊ မအပ်ကွဲသတည်း။
အကုသိုလ်ပွား၊ ပယ်ရှောင်ရှား၊ ကုပွားမှီဖို့တည်း။
သင့်ရာမှီတွယ်၊ မသင့်ပယ်၊ စောင့်ဖွယ်ကိစ္စပြီး။ ။

http://www.dhammadownload.com



ဆဋ္ဌသင်္ဂီတိပုစ္ဆက အဂ္ဂမဟာပဏ္ဍိတ

ကျေးဇူးတော်ရှင်

**မဟာစည်ဆရာတော်ဘုရားကြီး**

http://www.dhammadownload.com

ဆဋ္ဌသင်္ဂီတိပုစ္ဆက, အဂ္ဂမဟာပဏ္ဍိတ

ကျေးဇူးတော်ရှင်

## မဟာစည်ဆရာတော်ဘုရားကြီး

ဟောကြားတော်မူသော

# သက္ကပဉှသုတ်

# တရားတော်

သာသနာ–၂၅၄၅၊ ကောဇာ–၁၃၆၃ ခရစ်–၂၀၀၂

http://www.dhammadownload.com

ဘာသာရေးဆိုင်ရာ စာမူပုံနှိပ်ထုတ်ဝေခွင့်အမှတ် (၇၂၄/၂၀၀၁) (၁၁)
မျက်နှာဖုံးခွင့်ပြုချက်အမှတ် (၇၀၂ /၂၀၀၁) (၁၂)
❖
စတုတ္ထအကြိမ်
❖
အုပ်ရေ - ၁၀၀၀
❖
၂၀၀၂-ခုနှစ်၊ (ဇန်နဝါရီလ)
❖
**ထုတ်ဝေသူ**-ဦးတင်ရှိန် (မြ-၀၃၇၆၃)
စန်းရောင်ရှိန်စာပေ
အမှတ် ၄/၁၇၇၊ မဲခလမ်း၊
တောင်ဥက္ကလာပမြို့နယ်၊ မြောက်ဥက္ကလာပမြို့နယ်။
❖
**အဖုံးရိုက်**-ဦးကျော်ဇင်၊ (မြ-၀၄၂၂၉၂)
ခိုင်ရည်မွန် ပုံနှိပ်တိုက်၊
တိုက်ခွဲ-၁၄/၁၆၊ မဟာဗန္ဓုလလမ်းနှင့် ၈၀၊ ဗိုလ်ချုပ်လမ်း။
❖
**အတွင်းစာသားပုံနှိပ်**-ဦးအောင်မြင့်သိန်း၊ (၀၆၃၆၄)
အင်ကြင်းမြိုင် ပုံနှိပ်တိုက်၊
အမှတ်-၁၄၇၊ ဆိပ်ကမ်းသာလမ်း၊ ရန်ကုန်မြို့။
❖
**မဓ္ဒါန**
❖
**မှတ်ချက်။** ။ ဦးသန်းမြင့်၊ ကင်းလွတ်ခွင့်အမှတ် (၁၃/၉၃) (၁၁) တိုက်-၇၊ အခန်း-၁၅၊ ဦးဝိစာရလမ်း၊ ရန်ကုန်က ပထမအကြိမ် ထုတ်ဝေပါသည်။

http://www.dhammadownload.com

# အပွင့်လှာ တစ်မွန်ဦး

## ကမ္ဘာ့ငြိမ်းချမ်းရေးတရား

"ဘုရားတပည့်တော်များအား လျှောက်ထားခွင့် ပြုတော်မူပါ ဘုရား၊ ဒီကနေ့ ညနေ ဝိပဿနာ အလုပ်ပေးတရား ဟောကြားတော်မူတဲ့အခါ မှတ်တမ်းတင် ရုပ်ရှင် ရိုက်လိုပါတယ် ဘုရား၊ အထူး လျှောက်လိုတာကတော့ အလုပ်ပေးတရား ဟောကြားခါနီးမှာ အခြားဘာသာများ၌ ပညတ်တော် ၁၀–ပါး စသည် ရှိကြသလို တစ်ကမ္ဘာလုံးနှင့် သက်ဆိုင်တဲ့ ဗုဒ္ဓရှင်တော် မြတ်ဘုရား၏ ဩဝါဒမေ့ကို ရွေးဦးစွာ ၁၅–မိနစ်လောက် ဟောကြားချီးမြှင့်စေချင်ပါတယ် ဘုရား"

အချိန်မှာ ညနေချမ်း ဆည်းဆာအချိန်ဖြစ်သည်။ နေ့ရက်ကတော့ ၁၃၃၉–ခုနှစ်၊ နတ်တော် လဆန်း ၁၀–ရက်၊ (၂၀–၁၂–၇၇) အင်္ဂါနေ့ ဖြစ်သည်။

ဌာနကတော့ ရန်ကုန်မြို့ ကုက္ကိုင်း ဟာမစ်တစ်လမ်း ၁၆၊ သာသနာ့ရိပ်သာ မဟာစည် ကျောင်းတော် အပေါ်ထပ်တွင် မဟာစည် ဆရာတော်ဘုရားကြီး၏ ခြေတော်ရင်း ဖြစ်သည်။

http://www.dhammadownload.com



ဗုဒ္ဓသာသနာနုဂ္ဂဟ အဖွဲ့ချုပ်၏ ဥက္ကဋ္ဌကြီး ဦးပွင့်ကောင်းသည် စာရေးဆရာ ရုပ်ရှင် ဒါရိုက်တာ ရွှေဖုံးဘိအောင်၊ ဗုဒ္ဓဓမ္မလောကစာစောင် အယ်ဒီတာ မင်္ဂလာ ဦးအောင်မြင့်တို့နှင့်အတူ ကျေးဇူးရှင် ဆရာတော်ဘုရားကြီး၏ ထံတော်မှောက်သို့ လာရောက်ပြီး အထက်ပါ စကားကို လျှောက်ထားလေသည်။

ထင်ရှားစေပါဦးမည်၊ ဗုဒ္ဓသာသနာနုဂ္ဂဟ အဖွဲ့ချုပ်က "ဗုဒ္ဓမြတ်စွာ၏ ၄၅–ဝါ ဒေသနာခရီးအချုပ် အပွမာဒ မဟာသတိပဋ္ဌာနသုတ်မှ ဝိပဿနာ အလုပ်ပေးတရားတော်ကို သာသနာတော်နှစ် ၂၅၀၀–ဆဋ္ဌသင်္ဂါယနာ၊ ၂၅–ရာစုခေတ်တွင် ပြန်လည်ဖော်ထုတ်တော်မူ၍ မြန်မာပြည်မှ ကမ္ဘာအနှံ့ ဖြန့်ချိတော်မူလျက်ရှိနေသော သက်တော် ၇၄–နှစ် အတွင်း ရောက်ရှိနေတော်မူသည့် သတိပဋ္ဌာန် ဝိပဿနာ သာသနာပြု မဟာနာယက ဆဋ္ဌသင်္ဂီတိပုစ္ဆက အဂ္ဂမဟာပဏ္ဍိတ ဂန္ထကာရက ကျေးဇူးတော်အရှင် မဟာစည် ဆရာတော်ဘုရားကြီး၏ ၂၈–ကြိမ်မြောက် ဩဝါဒခံယူပွဲတွင်" ရုပ်ရှင်ရိုက် မှတ်တမ်းတင်ခဲ့ကြသည်မှာ လွန်ခဲ့သည့် ၂–ရက်တွင်မှ တစ်ခန်းရပ်လျက် ပြီးဆုံးခဲ့ပေသည်။ ယခုတစ်ဖန် နောက်ဆက်တွဲရိုက်ရန် ကျန်ရှိနေသော လုပ်ငန်းစဉ်အတွက် ကြိုတင် လျှောက်ထားသည့် စကား ဖြစ်ပါသည်။

ထိုအခါ ကျေးဇူးတော်ရှင် မဟာစည် ဆရာတော်ဘုရားကြီးက ဤသို့ မိန့်တော်မူပါသည်။ "ဒီလိုဆိုရင် ယခု တရားစာအုပ်ထုတ်ဖို့ စာမူသန့် ပြုလုပ်နေတဲ့ **သက္ကပဉ္ဟသုတ် တရားတော်**

http://www.dhammadownload.com



ကိုပဲ ရှေးဦးစွာ ဟောပေးရမယ်၊ ဒီတရားတော်က တစ်ကမ္ဘာလုံးနှင့် သက်ဆိုင်တယ်၊ သိကြားမင်းက ကမ္ဘာသူ ကမ္ဘာသား နတ်လူများ အားလုံးဟာ ငြိမ်းချမ်းအေးမြစွာ နေလိုကြပါလျက်နဲ့ ဘယ်အတွက်ကြောင့် ဆင်းရဲဒုက္ခ ရောက်နေကြရပါသလဲ၊ ဒေါသ စိတ်ညစ် ခိုက်ရန်ဖြစ်ပြီး ဆင်းရဲနေကြရပါသလဲ ဘုရားလို့ မေးလျှောက်တယ်။

"အဲဒီတော့ မြတ်စွာဘုရားရှင်က ဒါယကာ သိကြားမင်း၊ ကမ္ဘာသူ ကမ္ဘာသား နတ် လူများစွာ ကာမသတ္တဝါအားလုံးဟာ ကိုယ့်ထက်သာတာကို မနာလိုမှု–ဣဿာနှင့် ကိုယ်လို သူတစ်ပါး ကောင်းစားချမ်းသာတာကို ဝန်တိုမှု–မစ္ဆရိယ ဆိုတဲ့ သံယောဇဉ်ကြိုး နှစ်မျိုးရဲ့ အချည်အနှောင် ခံနေကြရလို့ ချမ်းသာပျော်ရွှင်လျက် နေချင်ကြသော်လည်း စားဝတ်နေရေး အစရှိတဲ့ ဆင်းရဲဘေးတွေနဲ့ တွေ့ကြုံပြီး ဆင်းရဲဒုက္ခ ရောက်နေကြရတယ်၊ ဒေါသစိတ်ညစ် ခိုက်ရန်ဖြစ်ပြီးတော့လည်း ဆင်းရဲနေကြရတယ်လို့ ဖြေရှင်းမိန့်ကြားထားပါတယ်၊ အဲဒီ တရားကို ရှေးဦးစွာ ဟောပေးရမှာပဲ"တဲ့။

ဤသို့ ဆရာတော် ဘုရားကြီးက တည်ငြိမ်အေးမြစွာ မိန့်ကြားတော် မူပါသည်။ ထိုစဉ်အခါက ဤစာရေးသူဟာ တရားပွဲကိစ္စ၊ စာပေကိစ္စနှင့် ပတ်သက်၍ လျှောက်ထားရန် ဆရာတော်ကြီးထံသို့ ရောက်ရှိနေဆဲ ဖြစ်ပါသည်။ ထို့ကြောင့် သက္ကပဉှသုတ် တရားတော်၏ ကမ္ဘာ့ငြိမ်းချမ်းရေး တရားတော် ဖြစ်ကြောင်းကို တစ်စိတ်တစ်ဒေသအားဖြင့် သိခွင့် ရခဲ့ပါသည်။

http://www.dhammadownload.com



## ဓမ္မကထိကများ၏ အလှည့်

"ဦးဣန္ဒကလဲ မပေါ်လာသေးတာနဲ့ စာခေါင်းစီးကလေးများကလဲ တပ်လို့မပြီးသေးတာနဲ့ စာမူကို မပေးရသေးတာပဲ၊ ရော့–ဒီစာမူကို ယူသွား၊ ဒီစာမူကို ကြည့်ပြီး နိဒါန်းရေးခဲ့၊ လက်နှိပ်စက်နဲ့ ၆–မျက်နှာထက် မများစေနဲ့၊ ကမ္မဋ္ဌာန်းဆရာတွေ နိဒါန်းရေးကြတာကတော့ တော်တော်စုံသွားပြီ၊ ယခုတော့ ဓမ္မကထိကတွေရဲ့ အလှည့်ပဲ၊ ဦးစန္ဒာဝရကတော့ မာလုကျပုတ္တသုတ် တရားတော်မှာ နိဒါန်း ရေးပြီးသွားပြီ"

နေ့က ၁၃၃၉–ခုနှစ် တပို့တွဲလဆုတ် ၉–ရက်နေ့ဖြစ်သည်။ ထိုနေ့ ညနေချမ်း ဆည်းဆာအချိန်မှာ တပို့တွဲလကွယ်နေ့၌ မိတ္ထီလာနယ် မလှိုင်မြို့သို့ ရိပ်သာဖွင့်ပွဲအတွက် ဆရာတော်ဘုရားကြီး ကြွချီတော်မူမည်ဖြစ်ရာတွင် လိုက်ပါလိုသော ဓွဲ–ဦးထွန်းရှိန် ခေါ် ဒကာကြီးကို ဆရာတော်ဘုရားကြီးထံသို့ ဤစာရေးသူက လိုက်ပို့ရပါသည်။ ထိုအခါ ဆရာတော်ဘုရားကြီးက **သက္ကပဥှသုတ် တရားတော်** စာမူကို ပေးပြီး ဖော်ပြပါအတိုင်း နိဒါန်းရေးရန် ခွင့်ပြုတော်မူလိုက်ပါသည်။

ထို့ကြောင့် ဤစာရေးသူသည် ယင်းတရားစာမူကို အစအဆုံး အကုန်လုံး ကြည့်ရှုပြီးနောက် ယင်း တရားစာမွန်၏ ရှေ့အဦး အစက အညွှန်းရေးရမှာလို့ သဘောပေါက်ပြီး **"အဖွင့်လွှာစာမွန်ဦး"** ဟု ခေါင်းစီးတပ်၍ ရေးသားလိုက်ပါသည်။

http://www.dhammadownload.com



## အရှိမှန်တရား ဦးစားပေးသည့် မဟာစည်

"တရားကို ဘာ့ကြောင့် ဟောရသနည်း၊ နာရသနည်း" ဟူသော ဤမေးခွန်း နှစ်ရပ်၏ အဖြေသည် ဗုဒ္ဓမြတ်စွာ လောင်းလျာ၏ ဘုရားဆုပန်ဆင်တော်မူစဉ်က ဆန္ဒမွန် သုံးချက် အတိုင်းပင်ဖြစ်ပါသည်။ ယင်းမူသုံးချက်မှာ "(၁) ဗုဒ္ဓေါ ဗောဓေယျံ၊ (၂) မုတ္တော မောစေယျံ၊ (၃) တိဏ္ဏော တာရေယျံ" ဟူသော ဤသုံးချက်ပင် ဖြစ်ပါသည်။ ထိုမူ သုံးချက်တို့တွင် ဤ၌ ပထမအချက်ကို ထုတ်ပြရုံမျှဖြင့်ပင် လုံလောက်အံ့ထင်ပါသည်။

> "ဗုဒ္ဓေါ ဗောဓေယျံ = အမှန်တရားကို သိမြင်အောင် ရှာကြံကျင့်သုံး၍ ငါကိုယ်တိုင် သိမြင်လျက် ဘုရားဖြစ် ပြီးသောအခါ ငါသိတဲ့ အမှန်တရားကို ဝေနေယျ သတ္တဝါတို့အားလည်း ဟောကြားကယ်တင်မည်"

ဤကား ဗုဒ္ဓမြတ်စွာ၏ မူဝါဒပေတည်း။ မေးခွန်းနှစ်မျိုး အတွက် အဖြေဖြစ်ပါသည်။ လိုရင်းကို အနည်းငယ် ထပ်မံ ရှင်းလင်းပြရလျှင် အမှန်တရားကို မသိရှာကြ၍ ဆင်းရဲတွင်း နက်နေကြရရှာသော ဝေနေယျသတ္တဝါများအား ဖြစ်၊ အို၊ နာ၊ သေ အထွေထွေ ဆင်းရဲဘေးတို့ ကင်းဝေးနိုင်ကြောင်း နည်း ကောင်းတရား ဟောကြားကယ်တင် သိမြင်ကြစေဖို့ရာ ရည်ရွယ်၍ တရားကို ဟောကြားရသည်။ နာကြားရသည်။

မြတ်ဗုဒ္ဓ၏ သာဝက ကျေးဇူးရှင် မဟာစည် ဆရာတော် ဘုရားကြီးသည်လည်း ထိုနည်းတူပင် နှလုံးသွင်း ကောင်းဖြင့်

http://www.dhammadownload.com



တရားကို ဟောကြားတော်မူပေသည်။ မဟာစည် တပည့် ပရိသတ်များသည်လည်း ထိုနည်းတူစွာ နှလုံးသွင်း ကောင်းဖြင့် ပင် တရားကို နာကြားကြပေသည်။

မဟာစည် ဆရာတော်နှင့် မဟာစည် တပည့်များသည် အရှုတ်အဆို အဖွဲ့အနွဲ့ အလွှမ်းအသော ဝတ္ထုဇာတ်လမ်းကို ဦးစားမပေး အလေးမထားကြပေ။ လိုရင်းအမှန်တရားကိုသာ ဦးစားပေး အလေးထားကြပေသည်။ ထို့ကြောင့် ဤ သက္ကပဉှ သုတ် အစပိုင်း၌ ဆရာတော်ဘုရားကြီး ဤသို့ မိန့်ကြားထားတော် မူခဲ့ပေသည်။

"ဒီသုတ်တရားတော်မှာ နိဒါန်းက တော်တော်ရှည် လျား ကျယ်ဝန်းတယ်၊ ဒါကြောင့် နိဒါန်းကစပြီး ဟော ရင် ဒီကနေ့ တရားသားကို ဟောဖို့ အချိန်ရမှာ မဟုတ် ဘူး၊ အဲဒီတော တရားနာသူတွေ တရားသားကို မနာရတဲ့ အတွက် အားမလိုအားမရ ဖြစ်နေဖွယ် ရှိပါတယ်၊ ဒါကြောင့် သိကြားမင်း၏ အမေးကစပြီး ဟောရမယ်"

ဤသည်ကား တရားကို ဦးစားပေး အလေးပြုသည့် စကားတော်ပေတည်း။

## နိဒါန်းဟူသည်

ဤဝတ္ထုဇာတ်လမ်း နိဒါန်းကို ဦးစားမပေး ဆိုသော်လည်း ဒေသနာအရှိကိုကား ချန်လှပ်ထားတော် မမူပါ။ တရားသားနှင့်

http://www.dhammadownload.com



ဝတ္ထုဇာတ်လမ်းကို ညီမျှအောင် ခွဲတမ်းချ၍ ဖြစ်စေ၊ ဝတ္ထုဇာတ်လမ်းကို အကျဉ်းချုံး၍ ဖြစ်စေ တရားအလုပ်စခန်း အကျင့်လမ်းမှန် ပါရှိအောင် ဂရုပြုလေးစားလျက် ဟောကြားတော်မူခြင်းသာ ဖြစ်ပါသည်။ ဤတရားတော်၌လည်း လိုရင်းတရားကို ဦးစွာ ဖော်ပြပြီးမှ သုတ်ရင်း၏ နိဒါန်းကို စာမျက်နှာ (၁၄) မှ (၇၇) အထိ ဖော်ပြထားပါသည်။

ထိုတွင် **နိဒါန်း**ဟူသော စကားရပ်၏ အဓိပ္ပာယ်ကိုလည်း လိုရင်း ဖော်ပြထားသည်မှာ မှတ်သားဖွယ် ကောင်းလှပါပေသည်။ နိဒါန်းပါလျှင် ဘုရားဟောပဲဟု သံသယကင်းစွာ သိနိုင်ပုံ၊ သို့သော် နိဒါန်း မပါရုံမျှဖြင့်လည်း ဘုရားဟော မဟုတ်ဟု တစ်ဘက်စွန်းရောက်အောင် မယူသင့်ပုံ၊ ယခု မြန်မာပြည်မှာပင် အဘိဓမ္မာ ဒေသနာတော်ကို နိဒါန်းမပါ၍ ဘုရားဟော မဟုတ်ဟု ယူဆနေသူအချို့ ရှိနေကြပုံတို့ကို ထောက်ပြလျက် သတိပေး ဟောကြားထားပုံသည်လည်း မှတ်သားလိုက်နာဖွယ် ကောင်းလှပါပေသည်။

## နှစ်ဘက်မြင်ဖြစ်ရန် သတိပေးမှတ်ချက်

ဘုရား ရဟန္တာ အရိယာ နတ်ဗြဟ္မာ အဘိညာဉ်တန်ခိုးရှင်တို့၏ ရောက်လိုရာရာကို တစ်ခဏချင်းရောက်နိုင်ပုံကို ပြဆိုထားသော "သေယျထာပိ နာမ ဗလဝါ ပုရိသော သမိဉ္ဇိတံ ဝါ ဗာဟံ ပသာရေယျ၊ ပသာရိတံ ဝါ ဗာဟံ သမိဉ္ဇေယျ" ဟူသော

http://www.dhammadownload.com



ပါဠိတော် စကားရပ်ကို အဋ္ဌကထာအဖွင့်, ဝိသုဒ္ဓိမဂ် မဟာဋီကာ အဖွင့်တို့နှင့် ယှဉ်တွဲညှိနှိုင်း ဖော်ပြပြီးလျှင် ဝိပဿနာ ယောဂီတို့၏ ဉာဏ်အမြင်ကိုပါ ထုတ်ပြထားပုံသည်လည်း မှတ်ဖွယ်ကောင်းလှ ပါပေ၏။ ထို့ပြင် သိပ္ပံပညာရှင် တို့၏ ခံယူ အာကာသယာဉ်တွေ ထက်ပင် အဘိညာဉ်တန်ခိုး ကမ္မဇိဒ္ဓိတန်ခိုး များက အစွမ်းထက် သာလွန်ကြောင်းကိုလည်း ဖော်ပြသင့်သည့်အတိုင်း ဖော်ပြထား တော် မူပေ၏။ (နှာ-၂၀-၂၂)

မြတ်စွာဘုရား သီတင်းသုံးတော်မူသည့် မဂဓတိုင်း ရာဇဂြိုဟ်မြို့ ဣန္ဒသာလ လိုဏ်ဂူအနီး ဝေဒိယကတောင်ပေါ်မှာ ဘုရားဖူးရန် စခန်းချနေတဲ့ သိကြားမင်းနှင့် နတ်ပရိသတ်တို့ရဲ့ ကိုယ်ရောင်ကိုယ်ဝါများကို မြင်ကြရသူ ပတ်ဝန်းကျင်လူတို့က "နတ်တွေ ဘုရားဖူး လာကြပြန်တူတယ်" ဟု ဆင်ခြင်ပြီးလျှင် "ယခုလို အဝေးရပ်က နတ်များပင် လာရောက်ဖူးမြော်ရတဲ့ မြတ်စွာဘုရားကို ငါတို့က အနီးကပ် ကိုးကွယ်ပူဇော်ခွင့် ရကြ ပေတယ်" ဟု အံ့ဩ ဝမ်းသာကြည်ညို သဒ္ဒါပွားကြပုံနှင့်စပ်ပြီး "ဘုရားကိုလည်း မယုံ၊ နတ်တန်ခိုးကိုလည်း မယုံသူ တစ်ဘက် သတ်မျှ မြင်သူများအတွက်" လောကနှင့် ဘာသာ နှစ်ဖြာလုံး မြင်အောင် သတိပြုကြရန် မှတ်ချက်အနေအားဖြင့် ဖော်ပြထား သည်မှာလည်း အကျိုးများဖွယ် ရှိပါပေ၏။ (နှာ-၂၃)

http://www.dhammadownload.com



## ပသာဒေယျာသိ အဆုံးအဖြတ်

ပသာဒေယျာသိ–ပုဒ်၏ အဆုံးအဖြတ်ကို အဋ္ဌကထာ အဖွင့်ဖြင့် ရှင်းပြပြီးလျှင် သတင်းစာထဲမှာ မသိသူက မေး၍ မတတ်သူက တလွဲဖြေထားပုံကို ဖတ်ရှုရဖူးကြောင်းနှင့် ပတ်သက်ပြီး ဟိတောပဒေသကျမ်းမှာလာတဲ့ သက္ကတပုံပြင်ကိုပါ ထုတ်ပြပြီး ထပ်မံရှင်းပြတော်မူသည်မှာ ရေးမီခေတ်မီ အဆုံးအဖြတ်ဖြစ်၍ အထူးပင် မှတ်သားသင့်ပါပေသည်။ (နှာ–၂၅)

## သီချင်းသံဖြင့် တရားမဟောသင့်ကြောင်း

ပဋ္ဌသိခနတ်သားက သိကြားမင်းကိုယ်စား စောင်းတီးပြီး သီချင်းဆိုကာ မြတ်စွာဘုရားအား ဖူးမြော်ခွင့်တောင်းသည့် စောင်းသီချင်းဂါထာများနှင့် ပတ်သက်၍ တရားဟော တရားနာ တို့အား သတိပေးထားပုံကလည်း မှတ်သားဖွယ် လိုက်နာဖွယ် ကောင်းလှပါပေသည်။

ထိုစောင်းသီချင်း ဂါထာများကို အကြောင်းပြုပြီး တရားကို သီချင်းဆိုကာ, ဟောကြ, နာကြလျှင် သာသနာပြုရာ မရောက်ဘဲ သာသနာဖျက်ရာ ရောက်ပုံကို ပွင့်လင်းပြတ်သားစွာ သတိပေး ထားတော်မူ၏။ ထိုအချက်ကို ဖတ်ရှုရသောအခါ "ပင်ကိုယ်အသံ ကလည်း ကောင်း၍ ဗရိသတ်၏ အားပေးခြင်းကိုလည်း ခံယူ တော်မူကြရသော မဟာစည် ဓမ္မကထိက အရှင်မြတ်များသည် လည်း အထူးသတိထား၍ ဟောကြားတော်မူကြပါဘုရား၊ တစ်

http://www.dhammadownload.com



ကမ္ဘာလုံးက စိတ်ဝင်စားလျက် တိုးတက်နေသော မဟာစည် နိကာယကို ဘုရားရှင် လက်ထက်တုန်းက တိတ္ထိများပမာ အပြစ်ရှာချင်သူတွေ, မနာလို ဝန်တိုသူတွေ, ပူးဖျက်–ခွာဖျက် ဖျက်ချင်သူတွေ မရှိဘူးလို့ မဆိုနိုင်ပါဘူး ဘုရား၊ ဒါကြောင့် တပည့်တော်တို့ မဟာစည် ဓမ္မကထိကများ အထူးသတိထား၍ ဟောကြားကြရန် အရေးကြီးလှပါတယ် ဘုရား" ဟူ၍ပင် ဤနိဒါန်းစာကို ရေးနေရင်း သာသနာ ပြုဖော်ပြုဖက် မဟာစည် ဓမ္မကထိက အရှင်မြတ်များအား လျှောက်ထား သတိပေးရန် စိတ်အတွင်းမှာ ကြံစည်မိပါသည်။

ထို့နောက် (နှာ ၃၀–မှ ၄၄–အထိ) ပဉ္စသိခ နတ်စောင်း သီချင်းဂါထာ ၁၄–ပုဒ်ကို ကျမ်းရင်းစာသားဖြစ်သောကြောင့် ချန်မထားဘဲ လိုရင်းအတိုချုပ် အနေအားဖြင့် နိဿယနည်း ပြန်ဆိုဟောကြားထားပေသည်။ တရားဟူသည်မှာ ရာဂ စသည် ကင်းအောင် ဟောရမည် ဖြစ်သောကြောင့် သီချင်းဂါထာပင် ဖြစ်သော်လည်း သီချင်းသံ မပေါ်စေဘဲ တရားသံရိုးရိုးဖြင့်သာ ဟောကြားရပုံကိုပါ နည်းညွှန်ဖော်ပြထားတော်မူပါပေသည်။

## ပူဇော်မှုပျောက်ပြီး ပွဲလွှမ်းမိုးမှုကို သတိပေးချက်

ထိုသီချင်း တရားစကားနှင့် တစ်ဆက်တည်းပင် ဘုရား ပူဇော်ပွဲ ဆိုပြီး **ပူဇော်မှုပျောက်ကာ** ပျော်ရွှင်ပွဲကသာ လွှမ်းမိုး၍ ဘုရားပူဇော်ပွဲများတွင် ပွဲလမ်းသဘင် အရောင်းအဝယ်တွေ

http://www.dhammadownload.com



အကြီးအကျယ် ကျင်းပခြင်းသည်လည်း ဘုရား အလိုတော် ကျမည် မဟုတ်ကြောင်း သတိပေး ဟောကြားထားပေသည်။

ဘုရားပူဇော်ပွဲကို အကြောင်းပြုပြီး ကုသိုလ်မပွားကြဘဲ အကုသိုလ် အပြစ်များ ရကြပုံနှင့်စပ်ပြီး ရွှေဘိုမြို့ အနောက် ရေဦးနယ်က တန်ခိုးကြီး ဘုရားသုံးဆူ၏ ပူဇော်ပွဲတော်များတွင် နွားသားအရောင်းအဝယ် ပြုလုပ်ကြသဖြင့် တန်ခိုးအကြီးဆုံး ဘုရားပွဲတော်တွင် နွားအကောင်ရေ (၁၀၀၀) တစ်ထောင်၊ တန်ခိုး အလတ်စား ပွဲတော်တွင် နွားအကောင်ရေ (၇၅၀) ခုနစ်ရာငါးဆယ်၊ တန်ခိုးအငယ်စား ဘုရားပွဲတော်တွင် နွား အကောင်ရေ (၅၀၀) ငါးရာ သေရှာကြသည်ဟု ကြားသိရကြောင်း တို့ကိုလည်း သတိသံဝေဂ ဖြစ်စရာ သာဓကအဖြစ် ထုတ်ဖော် ဟောကြားထားတော် မူ၏။ မှန်ပေ၏၊ မြန်မာပြည် အရပ်ရပ်တွင် ထိုနည်းနှင်နှင် တစ်မျိုးမဟုတ် တစ်မျိုး ကုသိုလ်အကျိုး နည်းပါးပြီး အကုသိုလ်အပြစ် များပြားဆိုးဝါးသော ဘုရားပွဲတော်တွေ ရှိနေကြ သည်မှာ ထင်ရှားလှပေသည်။ ထိုထို ဘာသာရေးပွဲတော် ကျင်းပရေး ခေါင်းဆောင် ရဟန်း, ရှင်, လူတို့င်းပင် သတိပြုဖွယ် ကောင်းလှပါပေသည်။

## အမြိုက်နှင့် ဆုတောင်း ဆုပေးစသည်

(နှာ ၄၁–၃) အမတပုဒ်၏ မြန်မာပြန် အမြိုက် ဟူသော စကားလုံးနှင့် စပ်၍ မွန်ဘာသာ၊ သက္ကတဘာသာတို့နှင့်

http://www.dhammadownload.com



နီးနှောကာ အဆုံးအဖြတ် ပေးထားသည်မှာ သုတေသီတို့အတွက် မှတ်ဖွယ် ကောင်းလှပါပေသည်။

(နှာ ၅၁–၌) မြတ်စွာဘုရားက သိကြားမင်းအား (သုခိ ဟောတု–ဟု) ဆုပေးတော်မူပုံနှင့် စပ်ပြီး ရှည်စွာသော ဆုပေး ဆုတောင်း ဖောင်းပွမှုများကို စိစစ်ဝေဖန်တော်မူကာ ဘုရား အလိုတော်နှင့်လည်းညီ သဘာဝလည်းကျသော ဆုတောင်း ဆုပေးပုံများကို နမူနာနှင့်တကွ ဖော်ပြထားပေသည်၊ ၎င်းသည် လေထဲမှာ တိုက်အိမ်ဆောက်ကာ စိတ်ကူးယဉ်ကြသလို အခြေခံ အကျင့်လုပ်ငန်းမပါဘဲ ကြားနာကောင်းရုံ တရားနာဆုတောင်း ရုံမျှဖြင့် ကိစ္စပြီးသလို ယုံကြည်ထင်မှတ်နေကြသော သူများအား လည်း သတိပေးစကား ဖြစ်ပါသည်။

(နှာ ၅၄–မှ ၂၀၂–အထိ) သိကြားမင်း၏ အမေးနှင့် မြတ်စွာဘုရားရှင်၏ အဖြေ ဒေသနာတော်ကို သဘာဝသာဓက အာဂမတို့ဖြင့် ခိုင်မာပေါ်လွင်စွာ လိုက်နာကျင့်ချင်လာအောင် ဖွင့်ပြဟောကြားထားတော်မူပေသည်။ ဤအပိုင်းကို ဤသုတ် တရားတော်၏ အနှစ်သာရပိုင်းဟုဆိုက လွန်အံ့မထင်ပေ၊ ထိုတွင် နာကြားသူများ လိုရင်း မှတ်သားနိုင်အောင် ခေါင်းပုဒ်လင်္ကာ များဖြင့်လည်း သတိပေး ဟောကြားထားတော်မူပါပေသည်။

## ဥက္ကာစဉ်ဂယက် ဖြေရှင်းချက်

(နှာ ၁၆၃–၄–တို့၌) ဤတရားပွဲတော်တွင် ပါဝင်သည့် မှိုဝဲအပ်သော ဒေါမနဿနှင့် စပ်၍, သာသနာ့ရိပ်သာများမှာ

http://www.dhammadownload.com



ဉာဏ်စဉ်တရား ဟောကြားချိန်တွင် ဉာဏ်စဉ်မပြည့်စုံသေးသဖြင့် နာကြားခွင့် မရကြသေးသော ယောဂီအချို့မှာ ဝမ်းနည်းခြင်း ဖြစ်ပြီးနောက် "သူများလိုပင် ဉာဏ်စဉ်ပြည့်စုံအောင် ဆက်လက်၍ တိုးတက်အားထုတ်ရမည်" ဟု စိတ်ကိုတင်းကာ အားထုတ်ကြသောကြောင့် ဝိပဿနာ ဉာဏ်စဉ်တွေ တိုးတက်ပြည့်စုံကြရပုံနှင့် ထိုစဉ်ခါက ဖြစ်ခဲ့သည့် ဝမ်းနည်းမှုသည် ဝိပဿနာကုသိုလ်ထူးများကို တိုးတက်ဖြစ်ပွားစေသောကြောင့် မှီဝဲအပ်သော ဒေါမနဿ မည်ပုံကို ဤသုတ်တရားတော် မူတည်လျက် ပါဠိအဋ္ဌကထာ ခိုင်လုံစွာဖြင့် ရှင်းပြထားတော် မူပေသည်။ ထိုအချက်ကို သဘောမပေါက်သူအချို့က ပြစ်တင်ရေးသား ရှုတ်ချပြောကြားပုံကိုလည်း မေတ္တာကရုဏာ ရှေ့ထားလျက် ဖြေကြား ရှင်းလင်းထားတော် မူပေသည်။ ထို အချက်ကို (နှာ ၁၆၆-မှ ၁၇၄ အထိ) ဆက်လက်ပြီး ဟောကြားထားသော သီရိလင်္ကာခေါ် သီဟိုဠ်ကျွန်း ဂိရိကဏ္ဍက ကျောင်းတိုက်အနီး ဆွမ်းခံရွာက အမျိုးသမီး ဝတ္ထု, မဟာသီဝမထေရ် ဝတ္ထုတို့က ကျမ်းဂန်လာ သာဓကအဖြစ်ဖြင့် ပိုမို၍ ခိုင်မာစေပေသည်။

## ဒေသနာက္ကမနှင့် ပဋိပတ္တိက္ကမ ယှဉ်ပြပုံ

(နှာ ၁၃၂-မှ ၂၀၁-အထိ) ဒေသနာတော် အစဉ်နှင့် ပဋိပတ်အမြင်ကို တိုက်ဆိုင်ထောက်ပြ ဟောကြားထားတော်မူပေသည်။ ပရိယတ်သာ တတ်ကျွမ်း၍ ပဋိပတ်ကို မကျင့်ဖူးသူ၊

http://www.dhammadownload.com



ပဋိပတ်သာ ကျင့်ဖူး၍ ပရိယတ်မကျွမ်းကျင်သူ၊ ပရိယတ် ပဋိပတ် နှစ်ရပ်လုံး၌ မလေ့လာဖူးသူများ ပြတ်သားအောင် ဟောပြောရန် မလွယ်သော သမထစျာန်နှင့် ဝိပဿနာ ပကိဏ္ဏက ဒေသနာနည်းကို သာမန် ပုဂ္ဂိုလ်များပင် သိနားလည်အောင် ဖွင့်ပြဟောကြားထားသည်မှာလည်း အံ့ချီးဖွယ် ကောင်းလှပါပေသည်။

## ငြိမ်းချမ်းရေးရကြအောင်

(နှာ ၂၃၆-၈ တို့၌) ဘုရားဟော ကုသိုလ်အစုသည် သတိပဋ္ဌာန်ကို ရှုမှတ်ပွားများနေရင်း တစ်စက္ကန့်မှာ ရနိုင်သည့် ကုသိုလ်မှ တစ်နှစ်အတွင်း ရနိုင်သည့် ကုသိုလ်အထိ ဂဏန်းဖြင့် တွက်ချက်ဖော်ပြကာ ယောဂီများအား အားပေးထားသည်မှာလည်း အားတက်စရာ ကောင်းလှပါပေသည်။ ထိုမှနောက်၌ ဆက်လက်၍ သိကြားမင်း အမေးနှင့် ဘုရားရှင် အဖြေကို သိလွယ်ထင်ရှား သဒ္ဒါပွားအောင် ဟောကြားတော်မူသည်မှာလည်း စိတ်ဝင်စားဖွယ် ကောင်းလှပါပေသည်။

ဤတရားတော်သည် သိကြားမင်းနှင့် နတ် ပရိသတ်ရှစ်သောင်းအား မဂ်ဖိုလ်နိဗ္ဗာန်ကို နာကြားနေရင်းပင် ရှုမှတ် နှလုံးသွင်းလျက် အလွယ်တကူ ရစေနိုင်သော သိကြား အမေးချမ်းသာရေး တရားတော် ဖြစ်ပါသည်။ တစ်ဦးတစ်ယောက် တစ်စုတစ်ဝေးလောက်နှင့်သာ ဆိုင်သည့် တရား မဟုတ်ပေ။ တစ်ကမ္ဘာလုံးနှင့် သက်ဆိုင်သော ကမ္ဘာ့ငြိမ်းချမ်းရေး တစ်စကြဝဠာလုံး ငြိမ်းချမ်းရေး တရားတော်လည်း ဖြစ်ပေသည်။

http://www.dhammadownload.com

# မာတိကာ

**အကြောင်းအရာ** **စာမျက်နှာ**


တရားပလ္လင်ခံ ... ၁
သိကြားမင်း၏ မေးခွန်း ... ၂
ဘုရားရှင်၏ အဖြေ ... ၇
မူလဆောင်ပုဒ် ... ၁၁
သုတ်၏နိဒါန်း ... ၁၂
အခြွေအရံများစွာနှင့် သွားဖို့စိမ်ခြင်းအကြောင်း ... ၁၄
ပုဗ္ဗနိမိတ် ငါးပါးထင်ပုံ ... ၁၈
ပဥ္စသိခနတ်သားနှင့်တကွ ဘုရားရှင်ထံလာပုံ ... ၁၉
ကြေးဆန့်တဲ့လက်ဥပမာ ရှင်းပြချက် ... ၂၁
နတ်တို့၏ အရောင်အဝါနှင့် လူတို့၏ သဒ္ဓါ ... ၂၂
ပဥ္စသိခနတ်သားကို ခွင့်တောင်းစေပုံ ... ၂၄
ပဿာဒေယျာသိ-၏ ရည်ရွယ်ချက် ... ၂၅

http://www.dhammadownload.com



# မာတိကာ


| အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|
| ပဥ္စသိခနတ်သားက ဘုရားကို ပူဇော်ပုံ | ... | ၂၇ |
| သီချင်းတရား မဟောသင့် မနာသင့်ကြောင်း | ... | ၂၉ |
| ဘုရားပွဲတွေလဲ သတိပြုသင့်ကြောင်း | ... | ၃၀ |
| ပဥ္စသိခနတ်သား၏ သီချင်းဂါထာများ | ... | ၃၁ |
| အာရမ္မဏူပနိဇ္ဈာန်နှင့် လက္ခဏူပနိဇ္ဈာန် ရှင်းပြချက် | ... | ၄၀ |
| ပဥ္စသိခကိုချီးကျူးသောအားဖြင့် ဖူးမြော်ခွင့် ပြုတော်မူပုံ | ... | ၄၅ |
| သိကြားမင်း၏ ကိုယ်စား ရှိခိုးကန်တော့ပုံ | ... | ၅၀ |
| ဘုရားရှင်က ဆုပေးတော်မူပုံ | ... | ၅၀ |
| ရှိခိုးကန်တော့ပုံနှင့် ဆုပေးပုံ စိစစ်ချက် | ... | ၅၁ |
| သိကြားမင်း ဘုရားထံ ကပ်ရောက်ပုံ | ... | ၅၄ |
| ဘုရားရှင်၏နှုတ်ဆက်မိန့်ခွင်းတော် | ... | ၅၅ |
| သိကြားမင်းက လျှောက်ပုံ | ... | ၅၆ |
| ဘုရားပွင့်တော်မူတဲ့အခါ နတ်ပြည်တိုးတက်ကြောင်း | ... | ၅၉ |
| ဂေါပကဝတ္ထု | ... | ၆၄ |

http://www.dhammadownload.com



| အကြောင်းအရာ | စာမျက်နှာ |
|---|---|


| | | |
|---|---|---|
| နောက်ဘဝ၌ နတ်ဖြစ်ပြီး တရားထူးရနိုင်ပုံ | ... | ၇၂ |
| ပြဿနာမေးရန် သိကြားမင်းက ခွင့်တောင်းပုံ | ... | ၇၅ |
| ဘုရားရှင်က ခွင့်ပြုတော်မူပုံ | ... | ၇၉ |
| သိကြားမင်း၏ အမေး | ... | ၈၀ |
| မြတ်စွာဘုရားရှင်၏ အဖြေ | ... | ၈၂ |
| ဣဿာ ဆိုတာ | ... | ၈၄ |
| ဣဿာ၏ အပြစ် | ... | ၈၇ |
| မုဒိတာ၏ အကျိုး | ... | ၈၉ |
| မစ္ဆရိယဆိုတာ | ... | ၉၀ |
| လောသကတိဿဝတ္ထု | ... | ၉၃ |
| ဣဿာမစ္ဆရိယကြောင့်ဆိုတာ | | |
| သိကြားမင်းနဲ့လဲဆိုင်သည် | ... | ၁၀၄ |
| ဒုတိယအမေး | ... | ၁၀၅ |
| ဣဿာမစ္ဆရိယ၏အကြောင်း ဖြေကြားချက် | ... | ၁၀၈ |
| ချစ်ဖွယ် မုန်းဖွယ်၏အကြောင်း ဖြေကြားချက် | ... | ၁၁၃ |
| ဆန္ဒ၏အကြောင်း ဖြေကြားချက် | ... | ၁၁၈ |
| ဝိတက်၏အကြောင်း ဖြေကြားချက် | ... | ၁၁၉ |

http://www.dhammadownload.com



| အကြောင်းအရာ | စာမျက်နှာ |
|---|---|
| အကြောင်းအကျိုး အဆက်ဆက်ဖြစ်ပုံ | ၁၂၁ |
| အကြောင်းအကျိုး အဆက်ဆက် ဆောင်ပုဒ် | ၁၂၂ |
| ပုပ္ဗသညာချုပ်ငြိမ်းအောင် ကျင့်ပုံ အမေး | ၁၂၃ |
| ဝိပဿနာနှင့်အရိယမဂ်အကျင့်ကိုဟောတော်မူပုံ | ၁၂၄ |
| မှီဝဲသင့် မမှီဝဲသင့် သောမနဿအကျယ်ပြဆိုချက် | ၁၂၈ |
| အကုသိုလ်ပွားစေတတ်တဲ့ ဝမ်းသာမှု | ၁၃၁ |
| မှီဝဲအပ်တဲ့ ဝမ်းသာမှု | ၁၃၂ |
| မမှီဝဲအပ်တာကို ပယ်ပုံ | ၁၃၄ |
| အခြေခံရှုမှတ်ပုံ | ၁၃၅ |
| မှီဝဲအပ်တဲ့ ဝမ်းသာမှု | ၁၃၈ |
| သိလွယ်သော မှီဝဲသင့်တဲ့ သောမနဿ | ၁၄၅ |
| ဝိပဿနာရှုပုံ အကျဉ်းချုပ် | ၁၄၆ |
| ဝိပဿနာဉာဏ်များဖြစ်ပုံ | ၁၄၈ |
| မှီဝဲသင့် မမှီဝဲသင့် ဒေါမနဿ | ၁၅၃ |
| မဂ္ဂသီဝတ္ထေရ်ဝတ္ထု | ၁၇၂ |
| လိုရင်းမှတ်ဖွယ် | ၁၇၉ |
| မှီဝဲသင့် မမှီဝဲသင့် ဥပေက္ခာ | ၁၈၀ |

http://www.dhammadownload.com



| အကြောင်းအရာ | စာမျက်နှာ |
| --- | --- |
| မမှီဝဲသင့်တဲ့ ဂေဟသိတဥပေက္ခာ ... | ၁၈၂ |
| အာဂမသုတနှင့် အဓိဂမသုတအကြောင်း ... | ၁၈၆ |
| မှီဝဲသင့်တဲ့ နေက္ခမ္မသိတဥပေက္ခာ ... | ၁၈၉ |
| ဝိပဿနာနှင့် အရိယမဂ်အကျင့်ဒေသနာနိဂုံးချုပ် ... | ၂၀၁ |
| သိကြားမင်း သောတာပန်ဖြစ်ပြီး စုတေ၍ သိကြား အသစ်တစ်ဖန် ဖြစ်သည် ... | ၂၀၂ |
| ပီတိကိုရှု၍ ရဟန္တာအထိဖြစ်နိုင်ကြောင်း ... | ၂၀၄ |
| ပါတိမောက္ခသံဝရသီလ ... | ၂၀၆ |
| ဣန္ဒြိယသံဝရသီလ ... | ၂၁၃ |
| အခြားသုတ်များ၌ ဣန္ဒြိယသံဝရဟောပုံ ... | ၂၂၀ |
| မဟာတိဿမထေရ်ဝတ္ထု | ၂၂၇ |
| စိတ္တဂုတ္တမထေရ်ဝတ္ထု | ၂၂၉ |
| မထေရ်သုံးပါး၏ စောင့်စည်းပုံ | ၂၃၇ |
| သတိပဋ္ဌာန်ဟာ ကုသိုလ်အစုပဲ | ၂၄၀ |
| အားလုံး အယူဝါဒစသည် တူကြပါသလား | ၂၄၇ |
| သဿတအယူနှင့် ဗုဒ္ဓတရားတော် ကွဲပြားပုံ | ၂၅၁ |
| ဥစ္ဆေဒအယူနှင့်လဲ ကွဲပြားပုံ ... | ၂၅၄ |

http://www.dhammadownload.com



## မာတိကာ

**အကြောင်းအရာ** **စာမျက်နှာ**

ယခုခေတ် ဘာသာရေးအယူကြီးများ ကွဲပြားနေပုံ ... ၂၅၅
မဟာယာနဝါဒ ၂၅၅
ထေရဝါဒ ... ၂၅၆
အလိုအကြိုက် ကွဲနေကြပုံ ... ၂၆၀
စင်စစ်ပြီးဆုံးခြင်း စသည် ၂၆၁
သိကြားမင်း၏ တင်ပြလျှောက်ထားပုံ ... ၂၇၀
သိကြားဖြစ်ရေး ကျင့်ဝတ် (၇) ပါး ... ၂၇၅
သိကြားမင်းအလောင်းလျာ မဃလုလင်ဝတ္ထု ... ၂၇၇
သိကြားမင်း၏ အထူးဝမ်းမြောက်ပုံ ... ၂၈၃
မြတ်စွာဘုရား မေးခွန်းတော် ... ၂၈၄
သိကြားမင်း၏ ဖြေကြားချက် ... ၂၈၄
မူလဆောင်ပုဒ် ... ၃၀၆
ခက်ဆစ်မှတ်ဖွယ် ဆောင်ပုဒ်များ ... ၃၀၆
ဝိပဿနာမဂ် အရိယမဂ်အကျင့်
မေးဖြေဆောင်ပုဒ်များ ... ၃၀၇
ပါတိမောက္ခသံဝရ မေးဖြေဆောင်ပုဒ်များ ... ၃၀၇
ဣန္ဒြိယသံဝရမေးဖြေဆောင်ပုဒ်များ ... ၃၀၈
နိဂုံးချုပ် အာသီသကထာ ... ၃၀၈

http://www.dhammadownload.com

# သက္ကပဉှသုတ် တရားတော်

## (သိကြားအမေး ချမ်းသာရေး)

၁၃၂၆-ခုနှစ်၊ ပြာသိုလကွယ်နေ့က စ၍ ဟောသည်။

### တရားပလ္လင်ခံ

ဒါယကာများက သက္ကပဉှသုတ်ကို ဟောဖို့ လျှောက်ထားတောင်းပန်တဲ့အတွက် ဒီကနေ့ကစပြီး သက္ကပဉှသုတ်တရားတော်ကို ဟောရမယ်၊ **သက္က**-ဆိုတာ သိကြားမင်းပဲ၊ **ပဉှ**-ဆိုတာ အမေး ပြဿနာပဲ၊ ဒါကြောင့် **သက္ကပဉှ**-ဆိုတာ သိကြားမင်း၏ အမေးပြဿနာကို ဖြေကြားထားတဲ့ တရားတော်ပါပဲ၊ အဲဒီမှာ သိကြားမင်းက သတ္တဝါတို့၏ ချမ်းသာရေးကို မေးတယ်၊ မြတ်စွာဘုရားရှင်ကလဲ အဲဒီ ချမ်းသာရေးကို ထုတ်ဖော်ဟောကြားတော် မူတယ်၊ ဒါကြောင့် အဲဒီ သက္ကပဉှသုတ် တရားကို ဘုန်းကြီးက **သိကြားအမေး ချမ်းသာရေး တရားတော်** လို့ အမည်ပေးထားပါတယ်။

http://www.dhammadownload.com



ဒီ သုတ်တရားတော်မှာ နိဒါန်းက တော်တော် ရှည်လျား ကျယ်ဝန်းတယ်၊ ဒါကြောင့် နိဒါန်းကစပြီးဟောရင် ဒီကနေ့ တရားသားကို ဟောဖို့ အချိန်ရမှာ မဟုတ်ဘူး၊ အဲဒီတော့ တရားနာသူတွေက တရားသားကို မနာရတဲ့အတွက် အားမလို အားမရ ဖြစ်နေဖွယ် ရှိပါတယ်၊ ဒါကြောင့် သိကြားမင်း၏ အမေးက စပြီး ဟောရမယ်။

## သိကြားမင်း၏ မေးခွန်း

ကိံ သံယောဇနာ နုခေါ မာရိသ ဒေဝါ မနုဿာ အသုရာ နာဂါ ဂန္ဓဗ္ဗာ ယေ စညေ သန္တိ ပုထုကာယာ၊ တေ "အဝေရာ အဒဏ္ဍာ အသပတ္တာ အဗျာပဇ္ဈာ၊ ဝိဟရေမု အဝေရိနော" တိ ဣတိ စ နေသံ ဟောတိ၊ အထ စ ပန သဝေရာ သဒဏ္ဍာ သ သပတ္တာ သဗျာပဇ္ဈာ ဝိဟရန္တိ သဝေရိနောတိ။

မာရိသ–ဆင်းရဲကင်းတော်မူသော အရှင်ဘုရား၊(မာရိသ– ပုဒ်က ငါလို ပုဂ္ဂိုလ်–ကျွန်ုပ်လိုပုဂ္ဂိုလ်–လို့ သဒ္ဒါအနက်ရှိတယ်။ နတ်အချင်းချင်း ချစ်ဖွယ်စကားအနေနဲ့ ခေါ်ဝေါ်ပြောဆိုနေကျ စကား ဖြစ်ကြောင်း၊ နိဒ္ဒေသ–ဆင်းရဲကင်းသူလို့လဲ အနက်ရှိ ကြောင်း အဋ္ဌကထာ၌ ဖွင့်ပြထားတယ်၊ ဒါကြောင့် "ဆင်းရဲ ကင်းတော်မူသော အရှင်ဘုရား" လို့ အနက်ပြန်လိုက်တယ်၊ နောက်အပိုဒ်များကျတော့ ရိုသေမှု ပေါ်လွင်အောင် "အရှင်

http://www.dhammadownload.com



ဘုရား၊ မြတ်စွာဘုရားလို့” လို့ပဲ ပြန်သွားမယ်။) ဒေဝါ–နတ်တို့သည် လည်းကောင်း၊ မနုဿာ–လူတို့သည် လည်းကောင်း၊ အသုရာ–နတ်တို့သည် လည်းကောင်း၊ နာဂါ–နဂါးတို့သည် လည်းကောင်း၊ ဂန္ဓဗ္ဗာ–ဂန္ဓဗ္ဗနတ်တို့သည် လည်းကောင်း၊ အညေ–ဆိုအပ်ခဲ့ပြီးမှ တစ်ပါးကုန်သော၊ ယေ စ ပုထုကာယာ–အကြင်များစွာသော သတ္တဝါတို့သည် လည်းကောင်း၊ သန္တိ–ရှိနေကြပါသည်။ နေသံ–နတ်လူစသော ထိုသတ္တဝါအများတို့မှာ၊ ဣတိစ–ဤသို့သော လိုလားတောင့်တခြင်းသည်လည်း၊ ဟောတိ–ဖြစ်လျက်ရှိနေပါသည်။ မယံ–ငါတို့သည်၊ အဝေရာ–ခိုက်ရန်ဒေါသကင်း၍ ကုန်သည်ဖြစ်၍၊ အဒဏ္ဍာ–လက်နက် ဥစ္စာ ဒဏ်ဘေးကင်းဝေးကုန်သည်ဖြစ်၍၊ အသပတ္တာ–ရန်သူဟူသမျှ ကင်းပကုန်သည် ဖြစ်၍၊ အဗျာပဇ္ဈာ–စိတ်ဆင်းရဲကင်းကွာ နှလုံးမသာမရှိကြကုန်ဘဲ၊ အဝေရိနော–ခိုက်ရန်ဒေါသ အနည်းငယ်မျှ မရှိကြကုန်ဘဲ၊ ဝိဟရေမုတိ–နေလိုကြပါသည်ဟု လိုလား တောင့်တလျက် ရှိကြပါကုန်၏။ အထ စ ပန–ထိုသို့ပင် လိုလားတောင့်တလျက် ရှိနေကြပါသော်လည်း၊ တေ–ထိုနတ်လူ စသော သတ္တဝါအများတို့သည်၊ သဝေရာ–ရန်ခိုက်ဒေါသ ရှိကြကုန်လျက်၊ သဒဏ္ဍာ–လက်နက်ဥစ္စာ ဘေးဒဏ် ထိမှန်ကျရောက် ကြကုန်လျက်၊ သသပတ္တာ–ရန်သူတွေလဲ မကင်းပဲ ရှိနေကြကုန်လျက်၊ သဗျာပဇ္ဈာ–နှလုံးမသာဘဲ စိတ်ဆင်းရဲကုန်လျက်၊ သဝေရိနော–ခိုက်ရန် ဒေါသ မကင်းပဘဲ ရှိနေကြကုန်လျက်၊

http://www.dhammadownload.com



ဝိဟာရန္တိ–အလိုမကျဘဲ နေကြရသည်မှာ၊ ကိံ သံယောဇနာ နု ခေါ–အဘယ်သို့သော သံယောဇဉ်နှောင်ကြိုး ရှိနေကြ၍ပါနည်း အရှင်ဘုရား၊ ဝါ–အဘယ်သို့သော သံယောဇဉ်နှောင်ကြိုး ရှိနေကြသောကြောင့် ဤသို့ အလိုမကျဘဲ နေကြရပါကုန်သနည်း အရှင်ဘုရားလို့ မေးလျှောက်ပါတယ်။

တယ်ကောင်းတဲ့ မေးခွန်းပဲ၊ နတ်က မေးတာဖြစ်တဲ့ အတွက် ဒေဝါ–နတ်တို့သည်လို့ နတ်ကို အစပြုဖော်ပြီးတော့ မေးတာပဲ၊ စတုမဟာရာဇ် နတ်တွေနှင့်တကွ တာဝတိံသာနတ်တွေကို ရည်ရွယ်ဟန် တူပါတယ်၊ အဲဒီနတ်တွေက သိကြားမင်း၏၊ မျက်မှောက်မှာ ထင်ရှားတွေ့နေရတဲ့ နတ်တွေပါပဲ၊ နောက်ပြီးတော့ လူတွေလည်း ရှိပါတယ်တဲ့၊ အသုရာဆိုတဲ့နတ်တွေလည်း ရှိပါတယ်တဲ့၊ အဲဒီ အသုရာနတ်တွေကတော့ တာဝတိံသာ နတ်တွေရဲ့ ရန်သူတွေပဲ၊ ဓဇဂ္ဂသုတ် စသည်မှာ ပြထားတဲ့အတိုင်း တာဝတိံသာ နတ်တွေက စစ်တိုက်ကြရတယ် ဆိုတာဟာ ဒီ အသုရာနတ်တွေနဲ့ တိုက်ကြရတာပဲ၊ မူလကတော့ ဒီ အသုရာနတ်တွေလည်း တာဝတိံသာမှာပဲနေကြတယ်၊ သူတို့ကအရက်မူးနေတုန်း သိကြားမင်းက သူတို့ကို ပစ်ချလိုက်လို့ သူတို့ဟာ မြင်းမိုရ် တောင်ခြေရောက်နေကြတယ်–လို့လည်းဆိုပါတယ်၊ နောက်ပြီးတော့ နဂါးတွေဆိုတာလည်း ရှိပါတယ်တဲ့၊ နဂါးဆိုတာ တန်ခိုးဖန်ဆင်းနိုင်တဲ့ မြွေမျိုးပါပဲ၊ နောက်ပြီးတော့ ဂန္ဓဗ္ဗ ဆိုတဲ့ နတ်မျိုးလည်း ရှိပါတယ်တဲ့၊ သူတို့ကတော့ အတီးအမှုတ် အကအခုန်ဘက်က

http://www.dhammadownload.com



နတ်မျိုးတွေပါပဲ၊ အဆင့်အတန်းအားဖြင့်တော့ စတုမဟာရာဇ် နတ်မျိုးထဲကပါပဲ၊ နတ်လောကဌ် ယဉ်ကျေးမှုဘက်ကနတ်တွေလို့ ဆိုရမှာပေါ့၊ ဒါတွင်ပဲလားဆိုတော့ ဒါလောက်တွင် မကသေးပါဘူး၊ ဒီပြင်လဲ ယက္ခခေါ်တဲ့ ဘီလူးနတ်မျိုး စသည်တွေ၊ တိရစ္ဆာန်စသည်တွေ အများကြီး ရှိပါသေးတယ်တဲ့။

အဲဒီနတ်တွေ၊ လူတွေ စသော ကာမဘုံသား သတ္တဝါ အများမှာ ကောင်းသော လိုလားတောင့်တခြင်း ရှိနေကြတယ်တဲ့၊ လိုလားတောင့်တပုံကတော့ ခိုက်ရန်ဒေါသဆိုတဲ့ ကိုယ်တွင်း ရန်လဲ ကင်းနေချင်ကြတယ်၊ ဒီအလိုဖြင့် ကိုယ်က ရန်ငြိုးအာဃာတ ထားပြီး သူတစ်ပါးကို နှိပ်စက်ရန်, သူတစ်ပါး၏ ရန်သူဖြစ်ရန် မလိုဘူးဆိုတာကိုလဲ သိစေပါတယ်၊ လက်နက်ဖြင့် အနှိပ်စက် ခံရတဲ့ ဘေးဒဏ်, ငွေကြေးပေးဆပ်ရတဲ့ ဘေးဒဏ် ဆိုတာလည်း ကင်းနေချင်ကြတယ်၊ ရန်သူလည်းကင်းနေချင်ကြတယ်၊ (ဒေါ မနသဆိုတဲ့ စိတ်ဆင်းရဲသည် နှိပ်စက်တတ်သောကြောင့် ဗျာဗာဓ မည်၏။ ယင်း ဗျာဗာဓ ပုဒ်ကပင် ဗျာပဇ္ဈ–ဟု ဖြစ်လာသည်။ ထို့ကြောင့် အဗျာပဇ္ဈာ–ပုဒ်ကို စိတ်ဆင်းရဲကင်းကွာ နှလုံးမသာ မရှိကြကုန်ဘဲဟု အနက်ပြန်ထားသည်။ ယင်း ဗျာပဇ္ဈ အဗျာ ပဇ္ဈ–သဒ္ဒါပြီးပုံ အဆုံးအဖြတ်ကို ဝိသုဒ္ဓိမဂ် မဟာဋီကာနိဿယ ဒုတိယအုပ် နှာ ၃၂၉၊ ၃၃၄–တို့၌ ကြည့်ရှုနိုင်ပါသည်။) အတွင်းရန်သူဆိုတဲ့ စိတ်ဆိုးခြင်းလည်း ကင်းနေချင်ကြတယ်၊ အဲဒီလို ကောင်းသော လိုလားတောင့်တခြင်း ရှိနေကြပါတယ်တဲ့။

http://www.dhammadownload.com



(ဤအရာ၌ အဝေရာနှင့် အဝေရီနောပုဒ်တို့၏ အနက်ထူးခြားပုံကို ဋီကာ၌ ဤသို့ ဖွင့်ပြထား၏၊ အဝေရာ–ဖြင့် ခိုက်ရန်ပြုနိုင်လောက်အောင် အားကြီးသော ပဋိဃဆိုတဲ့ ဒေါသ ကင်းခြင်းကို ပြသည်၊ အဝေရီနော–ဖြင့် အမျက်ထွက်ရုံ အသေးအဖွဲ့ ဒေါသကင်းခြင်းကို ပြသည်ဟူ၏၊ ထို့ကြောင့် အဝေရီနော–ရန်ခိုက်ဒေါသ အနည်းငယ်မျှ မရှိကြကုန်ဘဲ–ဟု အနက်ပြန်ထားသည်။)

အတိုချုပ် ထပ်ဖြေပါဦးမယ်၊ ဘယ်သူနဲ့မျှ ရန်ခိုက်ဒေါသလည်း မဖြစ်ချင်ကြဘူး၊ ဘေးဒဏ်လည်း ကင်းချင်ကြတယ်၊ ရန်သူလဲ ကင်းချင်ကြတယ်၊ နှလုံး မသာမှု စိတ်ဆင်းရဲလည်း ကင်းချင်ကြတယ်၊ မိမိတို့ကလဲ သူတစ်ပါး၏ ရန်သူ မဖြစ်ချင်ကြဘူး၊ မိမိတို့၏ ဘာသာရေးအရ ဘေးရန်ကင်းရပါလို၏၊ ဆင်းရဲကင်း ရပါလို၏၊ ချမ်းသာစွာ နေရပါလို၏ စသည်ဖြင့် ဆုတောင်းပြီး နေကြတယ်၊ အဲဒီလို ဘေးရန် အန္တရာယ်ကင်းပြီး ကိုယ်ကလည်း သူတစ်ပါးအား ရန်မပြုဘဲ ချမ်းသာစွာ နေလိုကြရသော်လဲ ဘေးရန်အန္တရာယ်တွေ ဆင်းရဲတွေနဲ့ တွေ့ကြုံခံစားနေကြရပါတယ်၊ အဲဒါဟာ ဘယ်လိုသံယောဇဉ် အနှောင်အဖွဲ့ ရှိနေလို့ပါလဲလို့ မေးလျှောက်ပါတယ်။

အင်မတန် ကောင်းတဲ့ မေးခွန်းပါပဲ။ ယနေ့အခါမှာလည်း ကမ္ဘာလောကမှာ ဒီလိုကြွေးကြော်နေလေ့ ရှိကြပါတယ်။ အများကောင်းစားရေး, ချမ်းသာရေး, ကမ္ဘာ့ငြိမ်းချမ်းရေး စသည်ဖြင့်

http://www.dhammadownload.com



ကြွေးကြော်လေ့ ရှိနေကြပါတယ်။ အဲဒီလို ကြွေးကြော်တဲ့ အတိုင်း ဆောင်ရွက်နိုင်ကြမယ် ဆိုရင်တော့ အင်မတန် ကောင်း မှာပါပဲ၊ အဲဒီလို ကြွေးကြော်ကြတဲ့အတိုင်း တကယ်ဖြစ်တာ မဖြစ်တာကတော့ ကမ္ဘာတစ်ဝှမ်းလုံးက လူအများမှာ ကိုယ်တွေ့ ဖြစ်နေကြတာပဲ၊ အဲဒါလဲ ဘာသံယောဇဉ်ကြောင့်လဲလို့ မေးမယ် ဆိုရင် မေးသင့်တာပါပဲ၊ သိကြားမင်း၏ အလွန်ကောင်းတဲ့ မေးခွန်းကိုတော့ မြတ်စွာဘုရားက ဒီလို ဟောကြားတော်မူပါတယ်။

## ဘုရားရှင်၏ အခြေ

ဣဿာမစ္ဆရိယသံယောဇနာ ခေါ ဒေဝါနမိန္ဒ ဒေဝါ မနုဿာ အသုရာ နာဂါ ဂန္ဓဗ္ဗာ ယေ စညေ သန္တိ ပုထုကာယာ၊ တေ "အဝေရာ အဒဏ္ဍာ အသပတ္တာ အဗျာပဇ္ဈာ ဝိဟရေမ အဝေရိနော" တိ ဣတိ စ နေသံ ဟောတိ၊ အထ စ ပန သဝေရာ သဒဏ္ဍာ သသပတ္တာ သဗျာပဇ္ဈာ ဝိဟရန္တိ သဝေရိနောတိ။

ဒေဝါနမိန္ဒ–နတ်တို့၏ အရှင်ဖြစ်သော သိကြားမင်း၊ ဒေဝါ–နတ်တို့သည် လည်းကောင်း၊ မနုဿာ–လူတို့သည် လည်း ကောင်း၊ အသုရာ–အသုရာ နတ်တို့သည်လည်းကောင်း၊ နာဂါ–နဂါးတို့သည် လည်းကောင်း၊ ဂန္ဓဗ္ဗာ–ဂန္ဓဗ္ဗနတ်တို့သည် လည်းကောင်း၊ အညေ–ဆိုအပ်ခဲ့ပြီးမှ တစ်ပါးကုန်သော၊ ယေ

စ ပုထုကာယာ–အကြင်များစွာသော သတ္တဝါတို့သည် လည်းကောင်း၊ သန္တိ–ရှိကြကုန်၏ နေသံ–နတ်လူစသော ထိုသတ္တဝါအများတို့မှာ၊ ဣတိ စ–ဤသို့သော လိုလားတောင့်တခြင်းသည် လည်း၊ ဟောတိ–ဖြစ်လျက်ရှိ၏၊ မယံ–ငါတို့သည်၊ အဝေရာ–ရန်ခိုက်ရန်ဒေါသ ကင်းပကုန်သည်ဖြစ်၍၊ အဒုက္ခာ–လက်နက်ဥစ္စာဒဏ်ဘေး ကင်းဝေးကုန်သည်ဖြစ်၍၊ အသပတ္တာ–ရန်သူ ဟူသမျှ ကင်းပကုန်သည် ဖြစ်၍၊ အဗျာပဇ္ဈာ–စိတ်ဆင်းရဲကင်းကွာ နှလုံးမသာမရှိကုန်သည်ဖြစ်၍၊ အဝေရိနော–ခိုက်ရန်ဒေါသ အနည်းငယ်မျှ မရှိကြကုန်ဘဲ၊ ဝိဟရေမုတိ–နေလိုကြပါသည်ဟု လိုလားတောင့်တလျက် ရှိနေကြကုန်၏၊ အထ စ ပန–ထိုသို့ပင် လိုလားတောင့်တလျက် ရှိနေကြသော်လည်း၊ တေ–နတ် လူစသော ထိုသတ္တဝါ အများတို့သည်၊ သဝေရာ–ရန်ခိုက်ဒေါသ ရှိကြကုန်လျက်၊ သဒုက္ခာ–လက်နက် ဥစ္စာဘေးဒဏ် ထိမှန် ကျရောက်ကုန်လျက်၊ သသပတ္တာ–ရန်သူတွေလည်း မကင်းဘဲ ရှိကြကုန်လျက်၊ သဗျာပဇ္ဈာ–နှလုံးမသာဘဲ စိတ်ဆင်းရဲ ရှိကုန်လျက်၊ သဝေရိနော–ခိုက်ရန်ဒေါသ မကင်းပဘဲ ရှိနေကုန်လျက်၊ ဝိဟရန္တိ–အလိုမကျဘဲ နေကြရသည်မှာ ဣဿာမစ္ဆရိယ သံယောဇနော–မနာလိုခြင်း၊ ဝန်တိုခြင်းတည်း ဟူသော သံယောဇဉ် နှောင်ကြိုး ရှိနေကြသောကြောင့်ပေတည်း၊ ဝါ–မနာလိုခြင်း ဝန်တိုခြင်းတည်းဟူသော သံယောဇဉ် နှောင်ကြိုး ရှိကြသည် ဖြစ်၍၊ တေ–နတ် လူစသော ထိုသတ္တဝါအများတို့သည်၊

http://www.dhammadownload.com



ဝိဟာရန္တိ–မိမိတို့အလိုအတိုင်း မဖြစ်ဘဲ ရန်ခိုက်ဒေါသရှိခြင်း၊ ဘေးဒဏ်သင့်ခြင်း စသည်ဖြင့် နေကြရကုန်သတည်းလို့ မြတ်စွာဘုရားက ဖြေကြားတော်မူပါတယ်။

ကိုယ့်ထက်သာတာကို မနာလိုတာက ဣဿာပဲ၊ ကိုယ်လိုသူတစ်ပါး မကောင်းစားစေချင်တာက မစ္ဆရိယပဲ။ အဲဒီ မနာလိုခြင်း ဝန်တိုခြင်းဆိုတဲ့ သံယောဇဉ် နှောင်ကြိုး ရှိနေကြသောကြောင့် ရန်ခိုက်ဒေါသ မဖြစ်ချင်ပေမယ့် ရန်ခိုက်ဒေါသဖြစ်နေ ကြရတယ်၊ ဘေးဒဏ် မသင့်ချင်ပေမယ့် ဘေးဒဏ်သင့်နေကြရ တယ်၊ ရန်သူ မရှိချင်ပေမယ့် ရန်သူရှိနေကြရတယ်၊ နှလုံးမသာမှု စိတ်ဆင်းရဲ မရှိချင်ပေမယ့် စိတ်ဆင်းရဲ ရှိနေကြရတယ်၊ သူတစ်ပါး ကောင်းစားချမ်းသာတာ, စီးပွားဥစ္စာပြည့်စုံကြွယ်ဝတာ, အခြွေအရံများတာ, ရာထူးအဆင့်အတန်းမြင့်တာကို မလိုလားတဲ့ ဣဿာရှိနေတဲ့သူဟာ အေးချမ်းစွာနေချင်ပါတယ်လို့ ဘယ်လိုပင် ပြောနေစေကာမူ အဲဒီ မနာလိုတဲ့ဣဿာကြောင့်လဲ ဆင်းရဲနေရတာပဲ၊ မနာလိုတဲ့ အတွက် သူတစ်ပါးအား အကျိုးမဲ့ဖြစ်အောင် ကြံစည်ပြုလုပ်သောကြောင့်လဲ ဆင်းရဲနေရတာပဲ၊ သူတစ်ပါးအား အကျိုးမဲ့ဖြစ်အောင် ကြံစည်ပြုလုပ်ရင် အဲဒီ သူတစ်ပါးက မိမိရန်သူ ဖြစ်တော့တာပဲ၊ မိမိက သူတစ်ပါး၏ရန်သူ ဖြစ်တယ်ဆိုတာတော့ အထူးပြောစရာ မလိုပါဘူး၊ အဲဒီ မနာလိုမှု ဣဿာကြောင့် ဆင်းရဲဒုက္ခ ရောက်

http://www.dhammadownload.com



နေကြတာတွေဟာ လောကမှာ မျက်မြင် တွေ့နေကြရတာပဲ။ အဲဒီ မနာလိုမှုကြောင့် နောင်သံသရာ တစ်လျှောက်လုံး မှာလည်း နလန်မထူနိုင်အောင် ဆင်းရဲဒုက္ခ ရောက်သွားကြမှာ သေချာပါတယ်။

နောက်ပြီးတော့ ဝန်တိုစေးနဲမှု မစ္ဆရိယရှိနေရင်လဲ ရန်ခိုက်ဒေါသ မဖြစ်ချင်ဘူးလို့ ဆိုပေမယ့် ရန်ခိုက်ဒေါသ ဖြစ်နေရတတ်တာပဲ၊ ဘယ်လိုလဲဆိုတော့ မိမိပိုင်တဲ့ပစ္စည်းကို အခြားသူ မရစေလို မသုံးစွဲစေလိုတဲ့အတွက်လဲ ဒေါသ ဖြစ်ရတတ်တယ်၊ မိမိချစ်ကျွမ်းဝင်နေတဲ့ သူနဲ့ မနီးစပ်စေချင်လို့လဲ ဒေါသဖြစ်ရတတ်တယ်၊ အဲဒါကတော့ ဓနီးမောင်နှံတွေနဲ့စပ်ပြီး အင်မတန်ထင်ရှားတတ်ပါတယ်၊ အကြီးအကဲအရာရှိဖြစ်သူတွေမှာ မိမိတို့ ပိုင်နက်တွေ သူတစ်ပါးပိုင်ဖြစ်သွားမှာကို စိုးရိမ်ပြီး ကြောင့်ကြ စိုက်နေရတဲ့အတွက် အလွန်ပင် ဆင်းရဲနေကြရတတ်ပါတယ်၊ ဒါကြောင့် ဝန်တိုမှု မစ္ဆရိယရှိနေရင် ရန်ခိုက်ဒေါသလဲ ဖြစ်ရတာပဲ။ ဘေးဒဏ်အမျိုးမျိုးလဲ သင့်ရောက်တတ်တာပဲ၊ ရန်သူလဲ ရှိနေတော့တာပဲ။ စိုးရိမ်ကြောင့်ကြပြီး စိတ်ဆင်းရဲ ရှိနေတတ်တာပဲ။

ဒါကြောင့် ကိုယ့်ထက်သာ မနာလိုဆိုတဲ့ ဣဿာနဲ့ ကိုယ်လို သူတစ်ပါး မကောင်းစားစေလိုတဲ့ ဝန်တိုမှု မစ္ဆရိယ ရှိနေရင် အေးချမ်းစွာ နေလိုပါတယ်လို့ ဆိုပေမယ့် အေးချမ်းစွာ မနေရဘဲ ဆင်းရဲအမျိုးမျိုးနဲ့ တွေ့နေကြရတာပဲ။ အဲဒီ အနက်အဓိပ္ပာယ်ကို ဒီလို ဆောင်ပုဒ် စီထားတယ်။

http://www.dhammadownload.com



## မူလဆောင်ပုဒ်

ကာမဘုံသား၊ နတ်လူများတို့၊ ကောင်းစားပြည့်ဝ၊ ဘေးရန်ပလျက်၊ အေးမြချမ်းသာ၊ နေလိုပါလဲ၊ ဣဿာ၊ မစ္ဆေ၊ သူရှုပ်ပွေ၍၊ ထင်ခြေမကျ၊ ဆင်းရဲရတည့်–လို့–အစပိုင်း အနေဖြင့် စီထားပါတယ်၊ နောက် ဆက်ပြီး ဟောထားတဲ့ အပိုင်းများအတွက်လည်း–

မူလဇစ်မြစ်၊ သူ့အကြောင်းစစ်သော်၊ မုန်းချစ်အပ်သား၊ အာရုံများနှင့် လိုလားတလီ၊ ကြံစည်တတန်၊ ချဲ့ရန်မှတ်စွဲ၊ ခြေတည်လွဲ၍၊ ဆင့်ကဲဆင့်ကာ၊ ဖြစ်ရှိပါတည်း။ ခြောက်ဖြာဒွါရ၊ ထင်သမျှကို၊ မှတ်ကြသဖြင့်၊ မမှီသင့်ရှောင် မှီသင့်ဆောင်၍၊ မုန်အောင်ပြင်က၊ လမ်းမှန်ရသည်၊ မုချချမ်းသာရေးပေတည်း–တဲ့။

အင်မတန်ကောင်းတဲ့ အမေးအဖြေ တရားတော်ပါပဲ။ အဲဒီ ဆောင်ပုဒ်ကို လိုက်ဆိုကြရမယ်။

ကာမဘုံသား၊ နတ်လူများတို့။ပ။ ဆင်းရဲရတည့်၊ မူလဇစ်မြစ်၊ သူ့အကြောင်းစစ်သော်၊ မုန်းချစ် အပ်သား ။ပ။ မုချ ချမ်းသာရေးပေတည်း။

ယခု ပြောခဲ့တာဟာ လိုရင်း တရားသားတွေပါပဲ၊ အဲဒီ တရားသားတွေကိုတော့ နောက်မှ အသေးစိတ် အကျယ်ဖွင့်ပြ ဟောကြားရမယ်၊ ယခုတော့ ဒီသုတ်ကို ဟောရခြင်း၏ အကြောင်း ဖြစ်တဲ့ နိဒါန်းစကားကို ဟောရမယ်။

http://www.dhammadownload.com



## သုတ်၏နိဒါန်း

ဧဝံ မေ သုတံ၊ ဧကံ သမယံ ဘဂဝါ မဂဓေသု ဝိဟရတိ ပါစီနတော ရာဇဂဟဿ အမ္ဗသဏ္ဍာ နာမ ဗြာဟ္မဏဂါမော၊ တဿုတ္တရတော ဝေဒိယကေ ပဗ္ဗတေ ဣန္ဒသာလဂုဟာယံ။

ဒါက ပထမသင်္ဂါယနာတင်စဉ်က မှတ်တမ်းတင်ထားခဲ့တဲ့ ဒီ သုတ်နိဒါန်းရဲ့ အစဝါကျပဲ၊ နိဒါန်း အပြည့်အစုံကတော့ ပါဠိလို ကိုးမျက်နှာတောင် ရှိပါတယ်။ အဲဒီ နိဒါန်း ပါဠိတွေကိုတော့ တချို့သာ ထုတ်ပြပြီး တချို့တော့ မြန်မာလို အတိုချုပ် ပြောသွားရမှာပဲ။

နိဒါန်းဆိုတာ ဟောရာဌာနရယ်၊ ဟောတဲ့ ပုဂ္ဂိုလ်ရယ်၊ ဟောခြင်း၏ အကြောင်းရယ်၊ နာကြားရတဲ့ ပုဂ္ဂိုလ်ရယ်–ဒီလို အကြောင်းအရာတွေကို ဖော်ပြပေးထားတဲ့ စကားရပ်ပါပဲ။ အဲဒီလို ဖော်ပြထားပါမှ ဘုရားဟောဖြစ်ကြောင်း ခိုင်လုံတယ်၊ အဲဒီလို နိဒါန်းမရှိရင် ဘုရားဟော ဟုတ်, မဟုတ် သံသယဖြစ်ဖွယ် ရှိတတ်ပါတယ်၊ ဘယ်ဟာလိုတုန်းဆိုတော့ အဘိဓမ္မာဒေသနာတော်လိုပေါ့၊ အဘိဓမ္မာဒေသနာတော်မှာ ဒီလို နိဒါန်းက မရှိဘူး၊ တာဝတိံသာ နတ်ပြည်မှာ မြတ်စွာဘုရားက ဟောတော်မူတယ်၊ အဲဒီတုန်းက နေ့စဉ်နေ့တိုင်း မြတ်စွာဘုရားဟာ တာဝတိံသာ နတ်ပြည်မှ ဟိမဝန္တာတောအရပ်သို့ ကြွရောက်ပြီး နေ့ခင်းကာလ အနားယူတော်မူတယ်၊ တာဝတိံသာမှာတော့

http://www.dhammadownload.com



နိမ္မိတဘုရားက ဆက်လက်ပြီး မပြတ်ဟောနေတယ်။ အဲဒီအခါ တုန်းက အရှင်သာရိပုတ္တရာမထေရ်က မြတ်စွာဘုရားထံ ကြွရောက်ပြီး နေ့စဉ်နေ့တိုင်း ဝတ်ပြုတယ်၊ အဲဒီအခါ မြတ်စွာဘုရားရှင်က ဒီကနေ့ ဘယ်ကစပြီး ဘယ်အထိ အဘိဓမ္မာတရားကို ဟောခဲ့တယ် ဆိုတာကို အကျဉ်းချုပ် အရိပ်အမြွက် နေ့စဉ်နေ့တိုင်း အရှင် သာရိပုတ္တရာအား ဟောကြားတော်မူခဲ့တယ်၊ အရှင်သာရိပုတ္တရာ မထေရ်က လင်းနို့သားဘဝမှ ဖြစ်လာခဲ့တဲ့ ရဟန်းတော်ငါးရာ တပည့်တို့အား အဘိဓမ္မာတရားကို မကျဉ်းမကျယ် အလယ်အလတ် ဟောတော်မူခဲ့တယ်၊ ယခု လက်ရှိ အဘိဓမ္မာ တရားတော်ဟာ အဲဒီ အရှင်သာရိပုတ္တရာ ဟောထားတဲ့ တရားတော် ဖြစ်တယ်။ ဒါပေမယ့် မြတ်စွာဘုရားထံမှ ကြားနာရပြီး တစ်ဆင့်ဟောတဲ့ တရားတော် ဖြစ်သောကြောင့် မြတ်စွာဘုရားရှင် ဟောတော်မူတဲ့ တရားတော်ပဲလို့ အဋ္ဌကထာက ပြဆိုထားတယ်၊ အဘိဓမ္မာ ဒေသနာတော်မှာတော့ ဧဝံ မေ သုတံ၊ ဧကံ သမယံ စသည်ဖြင့် နိဒါန်းမရှိဘူး၊ ကုသလာ ဓမ္မာ၊ အကုသလာ ဓမ္မာ၊ အဗျာကတာ ဓမ္မာ–စသည်ဖြင့် တရားသားသက်သက်မှ စပြီး ထင်ရှားရှိနေတယ်၊ ဒါကြောင့် တချို့က အဘိဓမ္မာကို ဘုရားဟော မဟုတ်ဘူးလို့ ပြောဆိုနေကြကြောင်း အဋ္ဌကထာမှာပဲ ထင်ရှား ဖော်ပြထားတယ်၊ ဘာ့ကြောင့် အဲဒီလိုပြောဆိုကြပါသလဲဆိုတော့ အဘိဓမ္မာ ဒေသနာတော်မှာ နိဒါန်းမရှိလို့ ပါပဲတဲ့။

ဒါကြောင့် မြတ်စွာဘုရား ဟောတော်မူတဲ့ တရားတော်

http://www.dhammadownload.com



တွေကို နောင်လာနောက်သားတွေ သံသယမဖြစ်ရအောင် ပထမ သင်္ဂါယနာတင်စဉ်ကတည်းက မေးဖြေပြီး နိဒါန်းအဖြစ်ဖြင့် မှတ်တမ်းတင်ခဲ့တဲ့ သုတ်တွေကပဲ များပါတယ်၊ ဓမ္မပဒလို ဂါထာသက်သက်မျှ အချို့ သုတ်အနည်းငယ် လောက်သာ နိဒါန်းမပါဘဲ ရှိနေပါတယ်၊ ဒီသုတ်မှာတော့ နိဒါန်းက အင်မတန် ခမ်းနားကျယ်ဝန်းပါတယ်၊ အဲဒီ နိဒါန်းနှင့် စပ်ယှဉ်ပြီး ကြည့်လိုက်ရင် အင်မတန်လဲ ကြည်ညိုစရာ ကောင်းပါတယ်၊ အနှစ်သာရ တွေလဲ ပိုပြီး ထင်ရှားပေါ်ပါတယ်၊ အဲဒီလို အကျိုးများတဲ့ နိဒါန်းကို မှတ်တမ်းတင်ရအောင် အရှင် မဟာကဿပ မထေရ် မြတ်ကြီးက "ငါ့ရှင် အာနန္ဒာ သက္ကပဉ္စသုတ် တရားတော်ကို ဘယ်အရပ်၌ ဘယ်ပုဂ္ဂိုလ်က ဘယ်သူ့အား ဘယ်လို အကြောင်း ကြောင့် ဟောခဲ့ပါသလဲ"လို့ မေးတော်မူပါတယ်၊ အဲဒီမေးခွန်းကို အရှင်အာနန္ဒာ မထေရ်မြတ်က ဧဝံ မေ သုတံ၊ ဧကံ သမယံ- စသည်ဖြင့် ခုစောင်က ရွတ်ပြခဲ့တဲ့အတိုင်း ဖြေကြားတော်မူပါတယ်၊ ယခု အဲဒါကို မြန်မာပြန်ပြမယ်။

ဘန္တေ-အရှင်မဟာကဿပ၊ မေ-အကျွန်ုပ် အာနန္ဒာသည်၊ ဧဝံ-ဤသို့၊ ဝါ-ဤ ဆိုလတ္တံ့သော အခြင်းအရာဖြင့်၊ သုတံ- ကြားနာမှတ်သားရဖူးပါသည်တဲ့။ ဒါက ပလ္လင်ခံစကားပဲ၊ ကြားခဲ့ ရပုံကိုတော့ ဒီလို ဆက်ပြီး လျှောက်ထားပါတယ်။

ဧကံ သမယံ-အခါတစ်ပါး၌၊ ဘဂဝါ-ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည်၊ မဂဓေသု-မဂဓတိုင်းတို့၌၊ မဂဓတိုင်းဆိုတာ

http://www.dhammadownload.com



အိန္ဒိယပြည်နယ်ထဲက တိုင်းပြည်တစ်ခုမျှပါပဲ၊ ဒါပေမယ့် အဲဒီတိုင်းပြည်ကို အုပ်စိုးပိုင်ဆိုင်တဲ့ မင်းသားတွေက များတဲ့အတွက် ပါဠိနည်းအရဖြင့် မဂဓေသုလို့ ဗဟုဝုစ်ဖြင့် ဆိုထားပါသတဲ့၊ မြန်မာလိုဆိုရင်တော့ မဂဓတိုင်းပြည်၌လို့ ဧကဝုစ်ဖြင့်သာဆိုမှ ရှင်းလင်းပြတ်သားပါတယ်။ ဒါကြောင့်–

ဧကံ သမယံ–အခါတစ်ပါး၌၊ ဘဂဝါ–ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည်၊ မဂဓေသု–မဂဓတိုင်းပြည်၌၊ ပါစီနတော ရာဇဂဟဿ–ရာဇဂြိုဟ်မြို့၏ အရှေ့ဘက်၌၊ အမ္ဗသဏ္ဍာ နာမ ဗြာဟ္မဏဂါမော–အမ္ဗသဏ္ဍာမည်သော ပုဏ္ဏားရွာ ရှိပါသည်၊ တဿ ဥတ္တရတော–ထိုရွာ၏ မြောက်ဘက်၌၊ ဝေဒိယကေပဗ္ဗတေ–ဝေဒိယကတောင်ပေါ်တွင်၊ ဣန္ဒသာလဂုဟာယံ–ဣန္ဒသာလ လိုဏ်ဂူ၌၊ ဝိဟရတိ–သီတင်းသုံး စံနေတော်မူပါသည်–တဲ့။

အခါတစ်ပါးမှာ မြတ်စွာဘုရားဟာ မဂဓတိုင်းပြည်ထဲက ရာဇဂြိုဟ်မြို့ရဲ့ အရှေ့ဘက် အမ္ဗသဏ္ဍာခေါ် သရက်ပင်တန်း ပုဏ္ဏားရွာရဲ့ မြောက်ဘက်က ဝေဒိယကတောင်ပေါ်မှာ ဣန္ဒသာလ (နံ့ပဲပင်) လိုဏ်ဂူ၌ သီတင်းသုံးနေတော်မူပါတယ်တဲ့။

တေန ခေါ ပန သမယေန သက္ကဿ ဒေဝါန–
မိန္ဒဿ ဥဿုက္ကံ ဥဒပါဒိ ဘဂဝန္တံ ဒဿနာယ။

တေန ခေါ ပန သမယေန–ဣန္ဒသာလလိုဏ်ဂူမှာ မြတ်စွာဘုရား သီတင်းသုံးနေတော်မူစဉ် ထိုအခါ၌၊ ဒေဝါနမိန္ဒဿ–နတ်တို့၏ အရှင်ဖြစ်သော၊ သက္ကဿ–သိကြားမင်းအား၊

http://www.dhammadownload.com



ဘဂဝန္တံ ဒဿနာယ–မြတ်စွာဘုရားကို ဖူးမြော်ရန်အလို့ငှာ၊ ဥဿုက္ကံ ဥဒပါဒိ–ကြောင့်ကြစိုက်ခြင်း ကြံစည်ခြင်း ဖြစ်ခဲ့လေသည်–တဲ့။

မြတ်စွာဘုရားက ဣန္ဒသာလလိုဏ်ဂူမှာ သီတင်းသုံးနေတဲ့အခါ သိကြားမင်းက မြတ်စွာဘုရားကို ဖူးမြော်ရန် ကြံစည်အားထုတ် ပါတယ်တဲ့၊ အဲဒီလို ကြံစည်အားထုတ်ခြင်း အကြောင်းကိုတော့ အဋ္ဌကထာမှာ ဖော်ပြထားတာ ရှိပါတယ်၊ အဲဒါကို တော်တော်ကြာမှ ပြောရမယ်၊ ပါဠိတော်မှာ တိုက်ရိုက် ပြထားတာကတော့ ဘုရားဖူးရန် ကြံစည်အားထုတ်ပုံလောက်ပဲ ရှိပါတယ်၊ အဲဒီလို အကြံအစည် ဖြစ်တဲ့အခါ သိကြားမင်းက မြတ်စွာဘုရား ဘယ်အရပ်မှာ သီတင်းသုံးသလဲလို့ နတ်မျက်စိဖြင့် ကြည့်တယ်။ ကြည့်ရှုတဲ့အခါ ခုတင်က ထုတ်ပြခဲ့တဲ့အတိုင်း ဣန္ဒသာလလိုဏ်ဂူမှာ သီတင်းသုံးနေကြောင်း တွေ့မြင်ရတယ်၊ အဲဒီတော့ ဘုရားဖူးသွားဖို့ တာဝတိံသာနတ်တွေကို စီမံပြင်ဆင်စေပါတယ်–တဲ့။

## အခြွေအရံများစွာနှင့် သွားဖို့ စီမံခြင်းအကြောင်း

နတ်ပရိသတ်တွေ အများနဲ့ တခမ်းတနားကြီး ဘုရားဖူးသွားဖို့ ပြင်ဆင်စေတယ်ဆိုတော့ တော်တော်ကြာအောင် စုဝေးပြင်ဆင်ရမည့် လက္ခဏာ ရှိပါတယ်၊ သိကြားမင်းဟာ မြတ်စွာဘုရားကို မဖူးဘူးတာတော့ မဟုတ်ပါဘူး၊ ဘုရားအဖြစ်သို့ ရောက်တော်မူခါနီးက ဗောဓိပင်အောက် အပရာဇိတပလ္လင်ပေါ်မှာ

http://www.dhammadownload.com



ထက်ဝယ်ဖွဲ့ခွေလျက် သီတင်းသုံးနေစဉ်တုန်းက မဟာဝိဇယုတ္တရ ခေါ် အောင်ပွဲခံ ခရုသင်းကြီး မှုတ်ပြီး သိကြားမင်းက ပူဇော်ခဲ့တယ်လို့ ဆိုပါတယ်၊ အဲဒီတုန်းကတော့ ဘုရားအဖြစ်သို့ မရောက်သေးဘူး၊ ဘုရားအလောင်းတော် အဖြစ်ပဲ ရှိသေးတယ်။

တော်တော်ကြာရင် ဒီ သုတ်မှာပင် ဖော်ပြထားတာလဲ ရှိပါတယ်၊ သာဝတ္ထိမြို့ ဇေတဝန်ကျောင်းတိုက်ထဲက သလဠာဂါရလို့ခေါ်တဲ့ ထင်းရှူးသားဂန္ဓကုဋိမှာ သီတင်းသုံးနေစဉ်က မြတ်စွာဘုရားထံ အဖူးမြော် သွားရောက်ခဲ့ဖူးပါတယ်၊ အဲဒီတုန်းက သိကြားမင်းမှာ ဣန္ဒြေက မရင့်ကျက်သေးလို့ မြတ်စွာဘုရားက အဖူးမြော်မခံဘဲ ဖလသမာပတ်ကို ဝင်စားနေတော်မူခဲ့တယ်၊ အဲဒါကို သိကြားမင်းက "မကျွတ်ထိုက်တဲ့ ငါတစ်ယောက်တည်း သွားတဲ့အတွက် မြတ်စွာဘုရားက တရားမဟောဘဲ ရှိခဲ့တယ်" လို့ အထင်ရောက်ပြီးတော့ ဒီတစ်ကြိမ်တော့ မိမိက မကျွတ်ထိုက်ပေမယ့် ကျွတ်ထိုက်တဲ့ သူတွေလဲပါအောင်, အဲဒီ ကျွတ်တိုက်တဲ့ သူတွေကို အကြောင်းပြုပြီး ဟောတဲ့ တရားကိုလဲ နာခွင့်ရအောင် ဆိုတဲ့ ရည်ရွယ်ချက်နဲ့ စတုမဟာရာဇ်, တာဝတိံသာ အခြွေအရံ နတ်တွေပါ ဘုရားဖူးသွားဖို့ စီမံပြင်ဆင်စေတာပါတဲ့။

ဒီလို အရေးတကြီး စီမံပြင်ဆင်ရခြင်း၏ အကြောင်းကတော့ သိကြားမင်းမှာ အသက်တမ်းကုန်ဖို့ ပုဗ္ဗနိမိတ် ငါးပါးကို တွေ့မြင်ရတဲ့အတွက် သေရမှာကိုကြောက်ပြီး အားကိုးရာ ရအောင်လို့ စီမံပြင်ဆင်တာပါတဲ့။

http://www.dhammadownload.com



## ပုဗ္ဗနိမိတ်ငါးပါး ထင်ပုံ

နတ်များမှာ စုတေခါနီး လူတို့၏ ရက်ဖြင့် ၇-ရက်လောက်သာ ရှိစေတဲ့ အချိန်ကာလ၌ ပုဗ္ဗနိမိတ်ငါးပါးကို တွေ့မြင်ကြရတယ်။ ၁-မာလာ မိလာယန္တိ-ပန်ဆင်ထားတဲ့ ပန်းတွေက ညှိုးနွမ်းကုန်တယ်၊ နတ်များမှာ ပန်ဆင်ထားတဲ့ ပန်းတွေဟာ စောစောပိုင်းက ဆိုရင် ညှိုးနွမ်းတယ်လို့ မရှိဘူး၊ လန်းလန်းဆန်းဆန်း ရှိနေတာပဲ၊ ဒါပေမယ့် စုတေခါနီးကျတော့ အဲဒီပန်းတွေက ညှိုးနွမ်းကုန်ကြတယ်တဲ့။

နောက်ပြီးတော့ ၂-ဝတ္ထာ ကိလိဿန္တိ-ဝတ်ထားတဲ့ အဝတ်တွေကလဲ ရှေးက ညစ်နွမ်းခြင်း မရှိခဲ့ပဲ စုတေခါနီးကျတော့ ညစ်နွမ်းကုန်ကြတယ်တဲ့။

နောက်ပြီးတော့ ၃-ကစ္ဆေဟိ သေဒါ မုစ္စန္တိ-ဘယ်တော့ကမှ ချွေးမထွက်ဖူးပဲ စုတေခါနီးကျတော့ လက်ကတီးကြားတို့မှ ချွေးတွေ ထွက်ကြတယ်-တဲ့။

နောက်ပြီးတော့ ၄- ကာယေ ဒုဗ္ဗဏ္ဏိယံ ဩက္ကမတိ-နတ်ဘဝ ရောက်ကတည်းက ပျိုပျိုနုနု ရုပ်အဆင်းနဲ့သာ ရှိနေခဲ့တယ်။ ဒါပေမယ့် စုတေခါနီးကျတော့ အိုမင်းရုပ်တွေ ပေါ်လာသတဲ့။

နောက်ဆုံး တစ်ခုကတော့ ၅-သကေ ဒေဝေါ ဒေဝါသနေ နာဘိရမတိ-ဘယ်တော့ကမှ ပျင်းတယ်လို့ မရှိဘဲ အမြဲတမ်း

http://www.dhammadownload.com



ပျော်နေခဲ့တယ်၊ ဒါပေမယ့် စုတေခါနီး ၇-ရက်လောက်ကျတော့ ဘယ်နေရာမှာမှ မပျော်တော့ဘဲ ပျင်းနေပါသတဲ့။

အဲဒီ ပုဗ္ဗနိမိတ်ငါးပါးကို တွေ့မြင်ရတဲ့နတ်ဟာ ၇-ရက်လောက်ကြာရင် အဲဒီနတ်ဘဝမှ စုတေရတော့တာပဲတဲ့။

ဒါကြောင့် သိကြားမင်းလဲ အဲဒီ ပုဗ္ဗနိမိတ်ငါးပါးကို တွေ့မြင်ရတဲ့အတွက် ၇-ရက်အတွင်း သိကြားမင်းဘဝမှ စုတေရတော့မယ်။ သိကြားမင်းစည်းစိမ်ကို စွန့်သွားရတော့မယ် ဆိုတာကို ဆင်ခြင်ပြီး အကြီးအကျယ် စိတ်ဆင်းရဲခြင်း ဖြစ်ရပါတယ်၊ အဲဒီ စိတ်ဆင်းရဲကို ကျော်လွှန်နိုင်အောင် မြတ်စွာဘုရားကို ဖူးမြော်ရဖို့ မြတ်စွာဘုရားတရားကို နာကြားရဖို့ ရည်ရွယ်ချက်ဖြင့် အခြွေအရံ နတ်ပရိသတ်တွေကို စုဝေးစေတာပါပဲ။

အဲဒီလို သိကြားမင်းက အခြွေအရံ နတ်တွေကို ဘုရားဖူးသွားဖို့ စုဝေးစေတဲ့အခါ အခြွေအရံနတ်တွေက ဧဝံ ဘဒ္ဒန္တ၁-ကောင်းပါပြီ အရှင်သိကြားမင်းလို့ ဝန်ခံသဘောတူပြီး အသင့်ပြင်ဆင်စုဝေးကြပါတယ်။

## ပဥ္စသိခနတ်သားနှင့်တကွ ဘုရားရှင်ထံလာပုံ

နောက်ပြီးတော့ ဦးစွန်းဖုတ် ငါးခုရှိလို့ ပဥ္စသိခ ခေါ်တဲ့ ဂန္ဓဗ္ဗ နတ်သားကိုလဲ ဘုရားဖူးသွားရာမှာ ရှေ့ဆောင် အနေဖြင့် အတူလိုက်ပါဖို့ ညွှန်ကြားတယ်၊ အဲဒီ ပဥ္စသိခ နတ်သားကလဲ ဧဝံ ဘဒ္ဒန္တ၁-ကောင်းပါပြီ အရှင်သိကြားမင်းလို့ ဝန်ခံသဘော

http://www.dhammadownload.com



တူပြီးတော့ ဥသျှစ်သီးမှည့်လို အဝါနုရောင်ရှိလို့ ဗေလုဝပဏ္ဍု ဝီဏာခေါ်တဲ့ စောင်းကြီးကိုလဲတီးလျက် သီချင်းများကိုလဲ သီဆိုလျက် အသင့်ပြင်ကာ နှိုးဆော်နေပါတယ်၊ အဲဒီ သီချင်းသံ စောင်းသံဖြင့် နတ်တွေစုဝေးမိတဲ့အခါ သိကြားမင်းက အဲဒီ နတ်ပရိသတ်တွေနှင့်တကွ မြတ်စွာဘုရား သီတင်းသုံးရာ အနီးအရပ်ဖြစ်တဲ့ ဝေဒိယကတောင်ပေါ်သို့ တစ်ခဏချင်း လာရောက်နေပါသတဲ့။ အဲဒီအကြောင်းကို–

အထ ခေါ–ထိုအခါ၌၊ သက္ကော ဒေဝါနမိန္ဒော–သိကြားနတ်မင်းသည်၊ ဒေဝေဟိ တာဝတိံသေဟိ ပရိဝုတော–တာဝတိံသာနတ်များ ခြံရံလျက်၊ ပဉ္စသိခေန ဂန္ဓဗ္ဗဒေဝပုတ္တေန ပုရက္ခတော–ပဉ္စသိခ ဆိုတဲ့ တီးမှုတ်သီဆိုနတ်က ရှေ့ဆောင်လျက်၊ (သေယျထာပိ နာမ ဗလဝါ ပုရိသော သမိဉ္ဇိတံ ဝါ ဗာဟံ ပသာရေယျ ပသာရိတံ ဗာဟံ သမိဉ္ဇေယျ–ဥပမာဖြင့် ပြရလျှင် အင်အားပြည့်သည့်သူသည် ကွေးထားသည့်လက်ကို ဆန့်သလို ဆန့်ထားသည့်လက်ကို ကွေးသလို၊ ဧဝမေဝ–ဤအတူပင် လျင်မြန်စွာ၊) ဒေဝေသု တာဝတိံသေသု အန္တရဟိတော–တာဝတိံသာနတ်ပြည်၌ ကွယ်ခဲ့၍၊ မဂဓေသု။ပ။ ဝေဒိယကေပဗ္ဗတေ ပစ္စုဋ္ဌာတိ–မဂဓတိုင်းပြည်ထဲက။ပ။ ဝေဒိယကတောင်ပေါ် ရှေးရှုတည်လျက် ရှိလေသည်လို့ ပြဆိုထားပါတယ်။

http://www.dhammadownload.com



## ကွေးဆန့်တဲ့လက် ဥပမာ ရှင်းပြချက်

အဲဒီမှာ ကွေးထားတဲ့ လက်ကို ဆန့်သလို၊ ဆန့်ထားတဲ့ လက်ကို ကွေးသလို ဆိုတဲ့ ဥပမာဖြင့် လက်တစ်ကွေးလောက်၊ တစ်ဆန့်လောက်အတွင်းမှာပဲ နတ်ပြည်မှ ဝေဒိယကတောင်သို့ ချက်ချင်း အလျင်အမြန် ရောက်လာတယ်ဆိုတာ သိစေတာပါပဲ၊ အဲဒီ ဥပမာကို ဝိသုဒ္ဓိမဂ် မဟာဋီကာ(ဒု–နှာ ၃၃) ၌ ဥပမေယျ အနက်နှင့် ထပ်တူထပ်မျှ တူညီကြောင်း ပြဆိုထားပါတယ်၊ လက်ကိုကွေးတဲ့အခါ ဆန့်တဲ့အခါမှာ ကွေးချင် ဆန့်ချင်တဲ့ စိတ်ကြောင့် ကွေးရုပ် ဆန့်ရုပ်တွေ အဆင့်ဆင့် များစွာ ဖြစ်ပျက်ပြီး ကွေးမှု ဆန့်မှု ပြီးသွားသလိုပင်၊ နတ်တန်ခိုးဖြင့် ဖြစ်စေ၊ အဘိညာဉ်တန်ခိုးဖြင့် ဖြစ်စေ ယူဇနာပေါင်း သိန်းသောင်း များစွာ ဝေးကွာသော အရပ်သို့ တစ်ခဏချင်း ရောက်သွားရာမှာလဲ သွားချင်တဲ့စိတ် အဆင့်ဆင့်ကြောင့် သွားရုပ် အဆင့်ဆင့် ဖြစ်ပျက်ပြီး အလျင်အမြန် ရောက်သွားကြောင်း သိရမယ်လို့ ဆိုထားပါတယ်၊ အဲဒီမှာ–

ယတ္ထ ယတ္ထ စ ဓမ္မာ ဥပ္ပဇ္ဇန္တိ၊ တတ္ထ တတ္ထေဝ ဘိဇ္ဇန္တိ၊ နတ္ထိ ဒေသန္တရသင်္ကမနံ။

လို့လဲ ပြဆိုထားတယ်။

ဓမ္မာ–ပရမတ္ထ သဘာဝတရားတို့သည်၊ ယတ္ထ ယတ္ထ–အကြင်အရပ် အကြင်အရပ်၌၊ (စ,ကားဝါကျသမုစ္စည်း) ဥပ္ပဇ္ဇန္တိ–ဖြစ်ပေါ်လာကုန်၏။ တတ္ထ တတ္ထေဝ–ထိုထို ဖြစ်ပေါ်ရာ ဖြစ်ပေါ်ရာ

http://www.dhammadownload.com



အရပ်၌သာလျှင်၊ ဘိဇ္ဇန္တိ–ပျက်ကုန်၏၊ ဒေသန္တရသင်္ကမန်–အရပ်တစ်ပါးသို့ ပြောင်းသွားခြင်းသည်၊ နတ္ထိ–မရှိပေ။ ရုပ်နာမ်တရားတွေဟာ သူဖြစ်ရာ ဖြစ်ရာအရပ်၌သာလျှင် ချုပ်ပျက်ကြတယ်၊ အရပ်တစ်ပါးသို့ ပြောင်းရွှေ့သွားခြင်း မရှိပါဘူးတဲ့၊ သတိပဋ္ဌာန် ဒေသနာတော်နှင့်အညီ ကွေးတယ် ကွေးတယ် စသည်ဖြင့် ရှုမှတ်နေတဲ့ ယောဂီမှာ တစ်ရွေ့မှ တစ်ရွေ့သို့ မရောက်ဘဲ တစ်ကွေး တစ်ဆန့်အတွင်းမှာပင် အကြိမ်ပေါင်းများစွာ ပျက်ပျက်သွားတာကို တွေ့သိရတယ်၊ အဲဒါဟာ ဒီ မဟာဋီကာနှင့်အညီ နာမ်ရုပ်တရားတို့၏ အပျက်ကို သိပုံပါပဲ၊ ကွေးချင် ဆန့်ချင်တဲ့စိတ် အဆင့်ဆင့်နဲ့ ကွေးရုပ် ဆန့်ရုပ် အဆင့်ဆင့်ဖြစ်ပုံပျက်ပုံကို သိတာပါပဲ၊ နောက်ပြီးတော့ ရှုသိတဲ့စိတ် အဆင့်ဆင့် ပျက်သွားပုံကိုလဲ တစ်ပါတည်း သိသွားတာပဲ၊ အဲဒီ တစ်ကွေး တစ်ဆန့်အတွင်း နာမ်ရုပ် အဆင့်ဆင့် ဖြစ်ပျက်သွားသလိုပင် ကမ္ဘဖိဒ္ဓိခေါ်တဲ့ နတ်တန်ခိုးဖြင့် တာဝတိံသာမှ ဝေဒိယကတောင်သို့ နာမ်ရုပ်အဆင့်ဆင့်ဖြင့် ချက်ချင်း အလျင်အမြန် ရောက်လာတယ်လို့ ဆိုတာပါပဲ၊ ယခုအခါမှာ အင်မတန်မြန်တဲ့ ဒုံးပျံတွေ၊ အာကာသယာဉ်တွေတောင် ဒါလောက်မမြန်ဘူး၊ ကမ္မဖိဒ္ဓိ နတ်တန်ခိုးဟာ သိပ်အံ့သြစရာ ကောင်းတာပဲ။

## နတ်တို့ အရောင်အဝါနှင့် လူတို့၏ သဒ္ဓါ

အဲဒီလို အခြေအရံ နတ်များနှင့်တကွ သိကြားမင်းဟာ ဝေဒိယက တောင်ပေါ် ရောက်ပြီး ရပ်တည်နေတဲ့အခါ အဲဒီ

http://www.dhammadownload.com



တောင်တစ်ဝိုက်မှာ နတ်တို့၏ အရောင်အဝါဖြင့် အလွန်လင်းပြီး နေပါသတဲ့။ အချိန်က ညဉ့်ဦးယံ မှောင်နေတဲ့ အချိန်မှာ အဲဒီ အလင်းရောင်တွေကို မြင်ကြရတဲ့အတွက် အဲဒီ တောင်ပတ်ဝန်းကျင်ကလူတွေဟာ အံ့ဩပြီး စိတ်တက်ကြွဝမ်းမြောက်နေကြပါသတဲ့၊ ဘယ့်နှယ်လဲဟာ–အရောင်အလင်းတွေ တောက်ပလှပါကလား၊ မြတ်စွာဘုရားကို မေးလျှောက်ရန်, တရားနာရန် တန်ခိုးကြီးတဲ့ ဘယ်လိုနတ် ဘယ်လိုဗြဟ္မာ လာနေပါလိမ့်မလဲ၊ မြတ်စွာဘုရားက အမေးပြဿနာကို ဘယ်လိုများ ဖြေတော်မူပါလိမ့်မလဲ၊ တရားကို ဘယ်လိုများ ဟောတော်မူပါလိမ့်မလဲ၊ နတ်တို့၏ ယုံမှားကို ပယ်ဖျောက်နိုင်တဲ့ မြတ်စွာဘုရားရှင် ငါတို့၏ အနီးအရပ်မှာ သီတင်းသုံးနေတော်မူတာ ငါတို့အတွက် အင်မတန် ကံကောင်းတာပဲ၊ ငါတို့ဟာ တတ်နိုင်သမျှ ဆွမ်းကိုလဲ လှူကြပါပေတယ် စသည်ဖြင့် ဆင်ခြင်ပြောဆိုကြလျက် အံ့ဩဝမ်းမြောက်ကာ လက်အုပ်များ ချီပြီး ရှိခိုးကြတယ်လို့လဲ အဋ္ဌကထာမှာ ပြဆိုထားတယ်။

အဲဒါဟာ အဲဒီအခါတုန်းက ဘုရားကိုလဲ ကြည်ညိုပြီး နတ်ကိုလဲ ယုံကြည်တဲ့ သဒ္ဓါစိတ်ရှိကြလို့ပါပဲ၊ ဘုရားကိုလဲ မယုံ၊ နတ်တန်ခိုးကိုလဲ မယုံတဲ့ လူတွေအနေနဲ့ ဆိုရင်တော့ ဓာတ်သဘာဝတစ်ခုခုရဲ့ အရောင်အနေဖြင့် ယူဆကောင်း ယူဆကြပါလိမ့်မယ်။

http://www.dhammadownload.com



## ပဉ္စသိခနတ်သားကိုခွင့်တောင်းစေပုံ

အဲဒီလို ဘုရားရှင်၏ အနီးအပါး ရောက်နေပေမယ်လို့ သိကြားမင်းက ဘုရားရှင်ထံသို့ ရုတ်တရက် ချဉ်းကပ်မသွားသေးဘူး၊ အခွင့်ပြုတော်မူတဲ့အခါကျမှ သွားမယ်ဆိုတဲ့ ရည်ရွယ်ချက်နဲ့ ပဉ္စသိခနတ်သားကို ဒီလိုပြောကြားတိုက်တွန်းပါတယ်၊ တာတပဉ္စသိခ–ချစ်သား ပဉ္စသိခ၊ မာဒိသေန–ငါသို့သောပုဂ္ဂိုလ်သည်၊ တထာဂတာ–ဘုရားရှင်တို့ကို၊ ဒုရုပသင်္ကမာ–ချဉ်းကပ်ရန် မလွယ်ကူကြပေ။ တထာဂတာ–ဘုရားရှင်တို့သည်၊ ဈာယီ–ဈာန်ကို ဝင်စားနေလေ့ ရှိကုန်၏၊ ဈာနရတာ–ဈာန်ဖြင့် မွေ့လျော်နေလေ့ ရှိကုန်၏။ (မြတ်စွာဘုရားများ ဈာန်ဝင်စားတယ်ဆိုတာက အာရမ္မဏူပနိဇ္ဈာန်ခေါ်တဲ့ ရူပဈာန်နဲ့ အရူပဈာန်တွေလဲ ရှိတယ်၊ လက္ခဏူပနိဇ္ဈာန် ခေါ်တဲ့ ဝိပဿနာဈာန်၊ ဖလသမာပတ် ဈာန်တွေလဲ ရှိတယ်၊ အများအားဖြင့် ဖလသမာပတ်ဈာန်ကို ဝင်စားနေလေ့ ရှိတာပါပဲ၊) တဒန္တရံ–ယခု ချဉ်းကပ်မည့် ထိုအချိန်အတွင်း၌၊ ပဋိသလ္လီနာ–ဈာန်သမာပတ်ဖြင့် ကိန်းနေကြသည်လည်း ရှိတတ်၏၊ (တသ္မာ–ထို့ကြောင့်) တာတ ပဉ္စသိခ–ချစ်သား ပဉ္စသိခ၊ တွံ–သင်သည်၊ ဘဂဝန္တံ–မြတ်စွာဘုရားကို၊ ပဌမံ–ရှေးဦးစွာ၊ ယဒိ ပန ပသာဒေယျာသိ–ကြည်လင်စေပါမူ ကောင်းပါလိမ့်မယ်၊ (ဤအရာ၌ ကြည်လင်စေတယ်ဆိုတာ ဟိုခေတ်က ပါဠိဝေါဟာရအားဖြင့် ခွင့်ပြုစေတာကိုပင် ဆိုသည်၊ မူလက မကြည်လင်တာကို ကြည်လင်စေသည် ဟူ၍ကား

http://www.dhammadownload.com



ဆိုလိုသည် မဟုတ်ပေ၊ ထို့ကြောင့် အဋ္ဌကထာ၌ "ဩကာသံ မေ ကာရေတွာ ဒဒေယျာသီတိ ဝဒေတိ–ငါ့အား အခွင့်ပြုစေ၍ ပေးပါဟု ဆိုကြောင်း" ဖွင့်ပြထားပါသည်၊) တာတ–ချစ်သား ပဥ္စသိခ၊ တယာ–သင်က၊ ပဌမံ ပသာဒိတံ–ရှေးဦးစွာ ကြည်လင် စေအပ် ခွင့်ပြုစေအပ်ပြီးသော၊ တံဘာဝန္တံ အရဟန္တံ သမ္မာသမ္ဗုဒ္ဓံ– ထို မြတ်စွာဘုရားကို၊ ဒဿနာယ–ဖူးမြင်ရန်အတွက်၊ မယံ– ငါတို့သည်၊ ပစ္ဆာ–နောက်ကာလကျမှ၊ ဥပသင်္ကမေယျာမ– ချဉ်းကပ်ကြလိုပါသည်–လို့ ခွင့်တောင်းပေးဖို့ ပြောကြားတိုက် တွန်းပါတယ်။

## ပသာဒေယျာသိ၏ ရည်ရွယ်ချက်

အဲဒီ တိုက်တွန်းပုံ စကားရပ်ထဲမှာ ပသာဒေယျာ သိ– ကြည်လင်စေရာ၏–ကြည်လင်နိုင်ပါစမှု–ဆိုတဲ့ စကားဟာ ယခု ခေတ် အသုံးနဲ့ဆိုတော့ မကြည်မလင် ဖြစ်နေတာကို ကြည်လင် အောင် လုပ်ပေးရမှာလိုလို ဖြစ်နေတယ်၊ ဒါကြောင့် တစ်ခါက သတင်းစာထဲမှာ လူတစ်ယောက်က "ဘုရားကို ကြည်လင်စေ တယ်" ဆိုတာ ဘယ်လိုဟာလဲလို့ မေးဖူးတယ်၊ အဲဒီ အမေးကို ဖြေတဲ့လူကလဲ ကျကျနနမသိဘဲနဲ့ ဖြေတာကို တွေ့ရဖူးတယ်၊ "မြတ်စွာဘုရားမှာ တစ်ခါတစ်ရံတော့ မကြည်လင်ဘဲ ရှိနေမှာပေါ့၊ အဲဒီလိုအခါ ကြည်လင်စေတာပါ" လို့ ဖြေထားတယ်၊ တော်တော် နေရာမကျတဲ့ အဖြေပဲ၊ ဘာမဆို မသိရင် မဖြေတာ ကောင်းတယ်၊ "မသိရင်မေး" ဆိုတဲ့အတိုင်း သိနားလည်လောက်တဲ့ သူကို

http://www.dhammadownload.com



မေးရန်သာသင့်ပါတယ်၊ ရမ်းပြီး မသိဘဲနဲ့ ဖြေတာကတော့ မတော်ပါဘူး။

ဒီနေရာမှာ ကြည်လင်စေတယ်ဆိုတာဟာ အားရကျေနပ်ပြီး ခွင့်ပြုအောင် ဆောင်ရွက်ပေးပါလို့ ဆိုလိုတာပဲ။ ဒါကြောင့် ရှေ့နားက ပြောခဲ့တဲ့အတိုင်း အဋ္ဌကထာမှာ ပသာဒေယျာသိတိ–ကြည်လင်စေဗြားအံ့–ကြည်လင်စေပါမူ–ဟူသည်မှာ၊ အာရာဓေယျာသိ–အားရကျေနပ်စေနိုင်ဗြားအံ့–အားရကျေနပ်စေနိုင်ပါမူဟု ဆိုလို၏၊ မေ–ငါ့အား၊ သြကာသံ ကာရေတွာ တဒေယျာ–သီတိ–အားရကျေနပ်သဖြင့် အခွင့်ပြုစေ၍ ပေးနိုင်ပါမူ ဟူ၍၊ ဝဒတိ–ဆိုတာပါလို့ ဖွင့်ပြထားပါတယ်။ အဲဒါဟာ ဟိုခေတ်ကာလတုန်းက ပါဠိဘာသာ ယဉ်ကျေးမှု စကားလုံး တစ်မျိုးပါပဲ၊ ဒါမျိုးက **ဟိတောပဒေသ** ဆိုတဲ့ သက္ကတကျမ်းမှာ မြွေခွေးက ဆင်ကြီးထံသွားပြီး လျှောက်ပုံမျိုးပါပဲ၊ ယင်းမြွေခွေးက ဆင်ကြီးထံသွားပြီး ရှိသေစွာ ဒီလိုလျှောက်သတဲ့။ ဒိဋ္ဌိ ပသာဒံ ကုရု ဒေဝ–တဲ့။ ဒေဝ–အရှင် ဆင်မင်းကြီး၊ ဒိဋ္ဌိ ပသာဒံ–မျက်စိအမြင်ကြည်လင်ခြင်းကို၊ ကုရု–ပြုတော်မူပါတဲ့၊ အဲဒီမှာ မျက်စိအမြင်ကြည်လင်ခြင်းကို ပြုပါလို့ဆိုတာဟာ ကျွန်ုပ်ကိုမျက်စိဖြင့် ကြည့်ပြီး ချီးမြှောက်ပါလို့ ဆိုတာပါပဲတဲ့၊ ဒါကြောင့် အဲဒီစကားကို အဖွင့်ကျမ်းဆရာက "ဒိဋ္ဌိယာ–ကြည့် ရှုခြင်းဖြင့်၊ အနုဂ္ဂဟံ–ချီးမြှောက်ခြင်းကို၊ ကရောတု–ပြုတော် မူပါ" လို့ ဖွင့်ပြထားတယ်၊ မြွေခွေးက ဆင်ကြီးအား မျက်စိအမြင် ကြည်လင်ခြင်းကို

http://www.dhammadownload.com



ပြုပါလို့ဆိုတာဟာ ကျွန်ုပ်ကို မျက်စိဖြင့် ကြည့်ပါဦးလို့ ခွင့်တောင်းတာပါပဲ၊ အဲဒီလို ကြည့်တဲ့ အခါကျမှ မြေခွေးက သူပြောလိုတာတွေ လျှောက်ပြောဖို့ ခွင့်တောင်းတဲ့ စကားပါပဲ။ အဲဒါလဲ ယဉ်ကျေးမှု စကားလုံး တစ်မျိုးပါပဲ။

## ပဋ္ဌသိခနတ်သားက ဘုရားကို ပူဇော်နေပုံ

ဒီမှာလဲ ပဿာဒေယျာသိ–ကြည်လင်စေဗြားအံ့–ကြည်လင်စေပါမူ–ဆိုတဲ့ စကားဟာ အားရကျေနပ်ပြီး ချဉ်းကပ်ခွင့်ပြုအောင် ဆောင်ရွက်ပေးနိုင်ပါမူ–လို့ ဆိုလိုရင်းပါပဲ၊ အဲဒါကို ဟိုခေတ်တုန်းက ပါဠိ ယဉ်ကျေးမှု စကားလုံးလို့လဲ မှတ်ထားဖို့ပါပဲ။ အဲဒီလို သိကြားမင်းက ခွင့်တောင်းခိုင်းတော့ ပဋ္ဌသိခ နတ်သားက ကောင်းပါပြီ အရှင်သိကြားမင်းလို့ ဝန်ခံပြီးတော့ မြတ်စွာဘုရား နေတော်မူရာ အရပ်နှင့် မလှမ်းမကမ်း သင့်တော်လောက်တဲ့ နေရာသို့ သွားပြီး ဥသျှစ်သီးလို အဝါနုရောင်ရှိတဲ့ သူ့စောင်းကိုလဲ တီးတယ်၊ ပါဠိဂါထာ သီချင်းတွေကိုလဲ ရွတ်ဆိုတယ်၊ အဲဒီလို တီးမှုတ်သီဆိုခြင်းဖြင့် မြတ်စွာဘုရားကို ပူဇော်နေပါသတဲ့။

ဒါကြောင့် ပါဠိတော်မှာ ဒီလို ပြထားပါတယ်၊ ဧဝံ ဝုတ္တာ–ဝတာ–ဤမျှဖြင့်၊ ဝါ–ဤမျှ အနီးအဝေးရှိသော အရပ်ဖြင့်၊ ဘဂဝါ–မြတ်စွာဘုရားသည်၊ မေ–ငါ၏၊ နေဝ အတိဒူရေ ဘဝိဿတိ နာစ္စာသန္နေ–မဝေးလွန်း မနီးလွန်းသော အရပ်၌ ဖြစ်လတ္တံ့၊ သဒ္ဒဉ္စ မေ သောဿတိ–ငါ၏ သီဆိုတီးမှုတ်သံကို

http://www.dhammadownload.com



လည်း ကြားလတ္တံ့၊ ဣတိ-ဤသို့ ဆင်ခြင်၍၊ ကေမန္တံ အဇ္ဈာသိ-သင့်လျော်သောအရပ်၌တည်နေလေသည်။ ကေမန္တံ ဌိတော-သင့်လျော်သောအရပ်၌ တည်နေပြီးလတ်သော်၊ ပဥ္စသိခေါ ဒေဝပုတ္တော-ပဥ္စသိခနတ်သားသည်၊ ဗေလုဝပဏ္ဍုဝီဏံ-ဥသျှစ်သီးလို အဝါနုအရောင်ရှိသော စောင်းကို၊ အဿာဝေသိ-တီးလျက် ကြားစေ၏၊ ဗုဒ္ဓူပသဉှိတာ-ဘုရားနှင့် စပ်ကုန်သော၊ ဓမ္မူပသဉှိတာ-သံဃူပသဉှိတာ အရဟန္တူပသဉှိတာ-တရား သံဃာ ရဟန္တာနှင့် စပ်ကုန်သော၊ ကာမူပသဉှိတာ-ကာမဂုဏ်နှင့် စပ်ကုန်သော၊ ဣမာ စ ဂါထာယော-ဤသီချင်း ဂါထာတို့ကိုလည်း၊ အဘာသိ-သီဆိုလေ၏လို့ ပြဆိုထားပါတယ်။

အဲဒီမှာ ပဥ္စသိခနတ်သားက သီဆိုတဲ့ ဂါထာတွေဟာ ဘုရား တရား သံဃာ ရဟန္တာများနဲ့လဲ စပ်ဆိုင်ပါတယ်၊ ကာမဂုဏ်နဲ့လဲ စပ်ဆိုင်ပါတယ်တဲ့၊ ဒါပေမယ့် သူ့သီချင်းတွေမှာ ကာမဂုဏ်နဲ့ စပ်ဆိုင်တာက လိုရင်းပါပဲ၊ ဘုရားစသည်နဲ့ စပ်ဆိုင်တယ် ဆိုတာကတော့ မလွဲမကင်းသာ အနေလောက်ပါပဲ၊ ဒါကြောင့် ဒီလို ကမ္မဋ္ဌာန်းဌာနမှာ တရားနာသူတွေကလဲ ယောဂီတွေဆိုတော့ အဲဒီသီချင်း ဂါထာတွေကို ရွတ်ဆိုပြဖို့ရာ မသင့်လျော်ဘူးလို့ပဲ ယူဆပါတယ်၊ ဒါပေမယ့် သူ့အကြောင်း အရာလဲ စေ့စုံလင်သင့်သမျှ စုံလင်အောင်၊ ဗဟုသုတလဲ ပွားရအောင် အချို့ အနည်းငယ်လောက်တော့ ရိုးရိုးရွတ်ဆိုပြီး ဟောပြရဦးမှာပဲ၊ ပါဠိဂါထာ သီချင်းကို သီဆိုတတ်တဲ့သူ

http://www.dhammadownload.com



သီဆိုရင်တော့ သီချင်းကြိုက်သူများအတွက် အရသာပေါ်မှာပါပဲ၊ ဘုန်းကြီးတို့ ရွတ်ဆိုတာကတော့ အခြား ဂါထာများလိုပင် တရားသံသာ ထွက်ပေါ်နေမှာပါပဲ။

## သီချင်းတရား မဟောသင့် မနာသင့်ကြောင်း

မြန်မာသီချင်းတွေလဲ ရိုးရိုးအသံအနေအထားနဲ့ ရွတ်ဆိုရင် သီချင်းသံ မပေါ်ပါဘူး၊ အဲဒါလိုပါပဲ၊ ဒါပေမယ့် တချို့ကတော့ ပါဠိကို သီချင်းသံလိုရွတ်ဆိုတာလဲ ရှိပါတယ်၊ အဲဒါကတော့ ဝိနည်းနဲ့လဲ ဆန့်ကျင်တယ်၊ တရားနာသူတွေမှာလဲ ကိလေသာ ပွားစေတယ်၊ ဒါကြောင့် ပါဠိကို သီချင်းလိုဖြစ်အောင် ရွတ်ဆိုတာလဲ နေရာမကျဘူး၊ မသင့်ဘူး၊ အဲဒီလိုဟောတဲ့ တရားကို ကောင်းတယ်လို့လဲ မချီးမွမ်းရ၊ အားမပေးရဘူး၊ နောက်ပြီးတော့ တချို့ ဓမ္မကထိကများက တရားဟောရင်း သီချင်းတွေကို ဆိုပြတာလဲရှိတယ်လို့ ကြားသိရတယ်၊ အဲဒါကတော့ သာသနာပြုတာ မဟုတ်ဘူး၊ **သာသနာဖျက်ရာ** ရောက်တယ်၊ အဲဒီလို သီချင်းဆိုတဲ့ ပုဂ္ဂိုလ်လဲ ရဟန်းဆိုရင် အာပတ်တွေ များစွာသင့်တယ်၊ တရားနာသူတွေမှာလဲ အကုသိုလ်တွေ များစွာဖြစ်ပွားတယ်၊ အဲဒီလို သီချင်းတရားကို နာပြီး အားပေးတဲ့ သူတွေဟာ သာသနာပျက်အောင် အားပေးရာလဲ ရောက်တယ်၊ ဒါကြောင့် အဲဒီလို သီချင်းတရားကိုတော့ ရှောင်ကြဉ်ဖို့ လိုပါတယ်။

http://www.dhammadownload.com



## ဘုရားပွဲတွေလဲ သတိပြုသင့်ကြောင်း

နောက်ပြီးတော့ တချို့ဌာနတွေမှာ ဘုရားပူဇော်ပွဲဆိုပြီး ပွဲလမ်းသဘင်တွေနဲ့ အကြီးအကျယ် ကျင်းပတာရှိတယ်၊ အဲဒီလို ပွဲလမ်းသဘင်တွေကို မြတ်စွာဘုရားသာ သက်တော်ထင်ရှား ရှိရင် ခွင့်ပြုမှာ မဟုတ်ပါဘူး၊ နောက်ပြီးတော့ ဈေးပွဲကြီးတွေနဲ့ ဘုရားပူဇော်ပွဲတွေဟာလဲ ဘုရားအလိုတော်ကျဖြစ်ပုံ မရပါဘူး၊ ရှေးဘိုအနောက် ရေဦးနယ်ဘက်မှာ တန်ခိုးကြီး ဘုရားသုံးဆူ ရှိသတဲ့၊ အဲဒီ သုံးဆူထဲက တန်ခိုးအကြီးဆုံး စေတီတော် ဘုရားပူဇော်ပွဲမှာ နွားသားတွေ ရောင်းဝယ် စားသုံးကြတဲ့အတွက် နွားအကောင်ရေ တစ်ထောင်ကုန်သတဲ့၊ တန်ခိုးအလတ်စား ဘုရားပွဲတော်မှာ နွားအကောင်ရေ ၇၅၀ ကုန်သတဲ့၊ တန်ခိုး အငယ်စား ဘုရားပွဲတော်မှာ နွားအကောင်ရေ ၅၀၀ ကုန်သတဲ့*၊ အင်မတန် ကြောက်စရာကောင်းတာပဲ၊ ဒီလို ဘုရားပွဲတော်တွေ အကြောင်းပြုပြီးတော့ ဆိတ်တွေ၊ ကြက်တွေ၊ ဘဲတွေ သေတာ လဲ အများကြီး နေမှာပဲ၊ မြတ်စွာဘုရားသာ သက်တော်ထင်ရှား ရှိနေရင် ဒီလိုပွဲတွေကို ခွင့်ပြုမှာ မဟုတ်ပါဘူး။

ယခုပြောနေတဲ့ ပဥ္စသိခ နတ်သားက စောင်းတီးပြီး သီချင်းနဲ့ ပူဇော်တယ်ဆိုတာလဲ မြတ်စွာဘုရားက အလိုရှိမှာ မဟုတ်ပါဘူး၊ ဒါပေမယ့် သိကြားမင်း၏ မေးခွန်းကို ဖြေရင်း

---

* ၁၃၁၁–ခုနှစ်ကတစ်ဆင့်ကြားဖူးသော စကားအရ ပြဆိုခြင်း ဖြစ်ပါသည်။

http://www.dhammadownload.com



တရားဟောရာမှာ နားကြားပြီး တရားထူး ရကြမည့် အရေးကြောင့် မြတ်စွာဘုရားက မတားမြစ်ဘဲ ရှိနေတာ ဖြစ်မှာပါပဲ၊ ယခု ပဉ္စသိခနတ်သား၏ သီချင်းဂါထာအချို့ကို ရွတ်ပြမယ်၊ ဘုန်းကြီးကတော့ တရားသံမျိုးနဲ့ ရွတ်ပြရမှာပဲ။

## ပဉ္စသိခနတ်သား၏ သီချင်းဂါထာများ

၁။ ဝန္ဒေ တေ ပိတရံ ဘဒ္ဒေ၊
တိမ္ဗရုံ သူရိယဝစ္ဆသေ။
ယေန ဇာတာသိ ကလျာဏီ၊
အာနန္ဒဇနနီ မမ။

ဘဒ္ဒေ သူရိယ ဝစ္ဆသေ–ရှင်မ သူရိယဝစ္ဆသာ(နတ်သမီး)ရေ၊ ဝါ–အားနည်းသော နေရောင်ပမာ တောက်ပစွာ ရှိသောကြောင့် သူရိယ ဝစ္ဆသာမည်သော ရှင်မ နတ်သမီးရေ၊ တေ–သင်၏၊ ပိတရံ–ဖခင်ဖြစ်သော၊ တိမ္ဗရုံ–တိမ္ဗရု နတ်မင်းကြီးကို၊ အဟံ–ငါသည်၊ ဝန္ဒေ–ဝန္ဒာမိ–ရှိခိုးကန်တော့လိုက်ပါသည်တဲ့။

အဲဒါဟာ ပဉ္စသိခ နတ်သားက သူရိယဝစ္ဆသာဆိုတဲ့ နတ်သမီးကို ချစ်ကြိုက်နေတာနဲ့ အဲဒီ နတ်သမီးကို ဖွဲ့နွဲ့ထားတဲ့ သီချင်းဂါထာများရဲ့ အစပိုင်းပါပဲ၊ သူက အဲဒီနတ်သမီးကို ချစ်ကြိုက်စွဲလမ်းပြီး ပိုးပန်းနေတယ်လို့ ဆိုပါတယ်၊ ဒါပေမယ့် သူ့အလိုအတိုင်း မဖြစ်ဘဲ ရှိနေတယ်လို့လဲ ဆိုပါတယ်။ အဲဒီ သီချင်းတွေနဲ့ စောင်းတီးပြီး ဖျော်ဖြေတဲ့အတွက် တစ်ရက်သောက်

http://www.dhammadownload.com



သာ အဲဒီနတ်သမီးက အတူနေခွင့် ပြုခဲ့တယ်၊ အဲဒီနောက်တော့ အတူနေခွင့် မရခဲ့ဘူးလို့လဲ ဆိုပါတယ်၊ ဒီလိုဆိုတော့ နတ်ပြည် ရောက်သွားပေမယ့် ကိုယ့်အလိုအတိုင်း မပြည့်တာလဲ ရှိတယ် ဆိုတာ သိရတယ်၊ ဒါကြောင့် နတ်ဖြစ်ရတိုင်းလဲ ကောင်းတယ် လို့ မဆိုနိုင်ဘူး၊ ပဉ္စသိခနတ်သားဟာ အဲဒီတုန်းက ဖွဲ့နွဲ့သီကုံး ထားတဲ့ သီချင်းတွေကို သီဆိုပြီး ပူဇော်နေတာပါပဲ၊ တိမ္ဗရု နတ်မင်းကြီးရဲ့ သမီးတော်ကို ချစ်ကြိုက်တာနဲ့ အဲဒီ နတ်မင်းကြီး ကို ရှေးဦးစွာ အရိုအသေ ပြုလိုက်တာပါပဲ၊ ဒါကြောင့်–

ဘဒ္ဒေ သူရိယဝစ္ဆသေ–ရှင်မ သူရိယဝစ္ဆသာရေ၊ တေ ပိတရံ–သင်၏ ဖခင်ဖြစ်သော၊ တိမ္ဗရုံ–တိမ္ဗရုနတ်မင်းကြီးကို၊ အဟံ–ငါသည်၊ ဝန္ဒေ–ဝန္ဒာမိ–ရှိခိုးကန်တော့လိုက်ပါသည်၊ ယေန–ယင်း တိမ္ဗရုနတ်မင်းကြီးဟူသော ဖခင်ကြောင့်၊ တွံ– သင်သည်၊ ကလျာဏီ–ကောင်းခြင်းငါးဖြာ အလှအပလက္ခဏာ နှင့် ပြည့်စုံသည်ဖြစ်၍၊ မမ အာနန္ဒဇနနီ–ငါ၏ နှစ်သက်မြတ်နိုး ခြင်း, ချစ်ခင်ခြင်းကို ဖြစ်စေနိုင်သည်၊ ဇာတာ အသိ–ဖြစ်ပါ ပေသည်တဲ့။

ရှင်မ သူရိယဝစ္ဆသာ ရေ၊ သင့်မှာ ကောင်းခြင်းငါးဖြာ အလှအပ လက္ခဏာတွေနဲ့ ပြည့်စုံပြီးတော့ ငါက ချစ်ခင်မြတ်နိုး လောက်အောင် လှပတင့်တယ် နေတာဟာ သင့်ဖခင်ကို အကြောင်းပြုပြီး ပြည့်စုံနေတာပဲ၊ ဒါကြောင့် ငါက သင့်ဖခင်ကို ကျေးဇူးတင်သောအားဖြင့် ရှိခိုးကန်တော့ လိုက်ပါတယ်ကွယ်–

http://www.dhammadownload.com



လို့ ဆိုလိုတာပါပဲ၊ ဒီလိုဆိုတော့ သူ့နတ်သီချင်းကလဲ လူ့ပြည်က သီချင်းများနဲ့ တူနေတယ်လို့ ဆိုရမှာပဲ၊ နောက် တစ်ပုဒ်ကတော့–

၂။ ဝါတောဝ သေဒတံ ကန္တော၊
ပါနီယံဝ ပိပါသတော။
အင်္ဂီရသီ ပိယာ မေသိ၊
ဓမ္မော အရဟတာမိဝ။

သေဒတံ–ချွေးတဒီးဒီး ယိုစီးနေအောင်ပူလောင်အိုက်လျက် အနေခက်နေသော သူတို့သည်၊ ဝါတော–လေအေးကလေးကို၊ ကန္တောဝ–နှစ်သက်လိုလားသကဲ့သို့ လည်းကောင်း၊ ပါပိသတော–ရေဆာရေငတ် နေသောသူသည်၊ ပါနီယံ–အေးမြကြည်လင် သောက်ရေစင်ကို၊ ကန္တံ ဣဝ–နှစ်သက်လိုလားသကဲ့သို့ လည်းကောင်း၊ အရဟတံ–ကိလေသာကင်းစင် ရဟန္တာအရှင်တို့သည်၊ ဓမ္မော–နိဗ္ဗာန်တရားကို၊ ကန္တော ဣဝ–လိုလားသကဲ့သို့ လည်း ကောင်း၊ အင်္ဂီရသီ–ကိုယ်အင်္ဂါမှ တဖြာဖြာ တလက်လက် ရောင်လျှံထွက်နေသော သူရိယဝစ္ဆသာရေ၊ မေ–ငါသည်၊ တွံ–သင့်ကို၊ ပိယာ–နှစ်သက်လေးမြတ် ချစ်ခင်အပ်သည်၊ အသီ–စင်စစ်မသွေ ဖြစ်ပါပေသည်တဲ့။

ပဥ္စသိခနတ်သားက သူရိယဝစ္ဆသာကို ချစ်တာဟာ ချွေးတဒီးဒီး ယိုစီးထွက်နေအောင် ပူအိုက်နေတဲ့ သူတွေက လေအေးကလေးကို နှစ်သက်လိုလားသလို ပါပဲတဲ့၊ နတ်များမှာ စုတေခါနီး ချွေးထွက်တာကို ပုဗ္ဗနိမိတ်လို့ ဆိုတယ်။ အဲဒီ အဆိုအရအားဖြင့်

http://www.dhammadownload.com



စောစောပိုင်းကတော့ ချေးမထွက်ကြောင်း သိရတယ်၊ ဒါကြောင့် ချေးထွက်လောက်အောင် ပူအိုက်နေတဲ့ သူကို ဥပမာအဖြစ် ပြတာဟာ လူသားများရဲ့ အခြေအနေကို ယူပြီးပြတာ ဖြစ်ပါလိမ့်မယ်၊ နောက် ဥပမာတစ်ခုကတော့ ရေဆာ ရေငတ်နေတဲ့ သူက ရေကိုနှစ်သက်သလိုပင် သူရိယဝစ္ဆသာကို သူက အလွန်ချစ်မြတ်နိုးပါတယ်တဲ့၊ ဒါလဲ လူ့အခြေအနေကို ယူပြီး ပြတာ ဖြစ်မှာပါပဲ၊ နောက်တစ်ခုကတော့ ရဟန္တာက နိဗ္ဗာန်ကို လိုလားသလိုပင် သူက သူရိယဝစ္ဆသာကို လိုလားမြတ်နိုးပါတယ်တဲ့၊ ဒီဥပမာမျိုးကို အကြောင်းပြုပြီးတော့ သူ့သီချင်းတွေဟာ တရားနဲ့လဲ စပ်ဆိုင်တယ်၊ သံဃာနဲ့လည်း စပ်ဆိုင်တယ်၊ ရဟန္တာနဲ့လဲ စပ်ဆိုင်တယ်လို့ ဂုဏ်တင်ပြီး ပြဆိုထားတာပါပဲ၊ နောက် ဂါထာများထဲကတော့ ဘုရားကိုလဲ ဥပမာပြုပြီး စပ်ဆိုထားပါသေးတယ်၊ ဒါပေမယ့် သူ့သီချင်း၏ လိုရင်းကတော့ ကာမဂုဏ်မျှသာ ဖြစ်ပါတယ်၊ ဒါကြောင့် ယခု တရားထဲမှာ အချို့ကိုသာ ဖော်ပြရတာပါပဲ။

(မူလပေါစဉ်က အမှတ် ၃–ဂါထာမှ အမှတ် ၁၀–ဂါထာအထိ ချန်ထားခဲ့သည်။ စာအုပ်အဖြစ် ထုတ်ဝေရန် မူချောပြုစုသောအခါ၌ ပြည့်စုံစေရန် ယင်း ဂါထာတို့ကို ဖြည့်စွက်လိုက်သည်။)

၃။ အာတုရဿေဝ ဘေသဇ္ဇံ၊
ဘောဇနံဝ ဇိဃစ္ဆတော။

http://www.dhammadownload.com



ပရိနိဗ္ဗာပယ မံ ဘဒ္ဒေ၊
ဓလန္တမိဝ ဝါရိနာ။

အာတုရဿ ဣဝ ဘေသဇ္ဇံ–မကျန်းမာသူ၏ ရောဂါကို ဆေးက ငြိမ်းစေသကဲ့သို့လည်းကောင်း၊ ဘောဇနံ ဣဝ ဓိဃစ္ဆတော–အစာဆာနေသောသူ၏ ဆာလောင်ခြင်းကို အစာက ငြိမ်းစေသကဲ့သို့လည်းကောင်း၊ ဓလန္တံ ဣဝ ဝါရိနာ–တောက်လောင်နေသော မီးကို ရေဖြင့် ငြိမ်းစေသကဲ့သို့ လည်းကောင်း၊ ဘဒ္ဒေ–ရှင်မသူရိယဝစ္ဆသာ ရေ၊ မံ–ငါ့ကို၊ ဝါ–ငါ၏ အချစ်မီးပူကို၊ ပရိနိဗ္ဗာပယ–ငြိမ်းစေပါလော့။

၄။ သီတောဒကံ ပေါက္ခရဏိံ၊
ယုတ္တံ ကိဉ္စက္ခရေဏုနာ။
နာဂေါ ဃမ္မာဘိတတ္တောဝ၊
ဩဂါဟေ တေ ထနူဒရံ။

ဃမ္မာဘိတတ္တော–နွေရာသီအပူဖြင့် ပူလောင်ခံနေရသည့် ကိုယ်ရှိသော၊ နာဂေါ–ဆင်သည်၊ ကိဉ္စက္ခရေဏုယုတ္တံ–ကြာဝတ်မှုန်ရှိနေသော၊ သီတောဒကံ ပေါက္ခရဏိံ–အေးမြသော ရေရှိသည့် ရေကန်ကြီးသို့၊ ဩဂါဟေ ဣဝ–ဆင်းသက်ဘိသကဲ့သို့၊ တေ–သင်၏၊ ထနူဒရံ–သားမြတ်တို့၏ အလယ်အရပ် ရင်ဘတ် ရင်ခွင်ထဲသို့၊ ဩဂါဟေ–ဝင်ရောက်နေလိုပါသည်။

http://www.dhammadownload.com



၅။ အစ္စကိုသောဝ နာဂေါဝ၊
ဓိတံ မေ တုဋ္ဌတောမရံ။
ကာရဏံ နပ္ပဇာနာမိ၊
သမ္မတ္တော လက္ခဏာရူရုယာ။

ဘဒ္ဒေ–အရှင်သူရိယဝစ္ဆသာရေ၊ အစ္စကိုသော–ချွန်းလက်နက်ကို ကျော်လွန်ပြီးသော၊ ဝါ–ချွန်းလက်နက်ဖြင့် ထိုးဆွနှိပ်စက်သည်ကို မကြောက်သော၊ နာဂေါ–ဆင်ပြောင်ကြီးသည်၊ တုဋ္ဌတောမရံ–နှင်တံနှင့် လှံကို၊ ဓိတံ မေတိ ဣဝ–ငါ အောင်နိုင်ပြီဟု ထင်ဘိသကဲ့သို့၊ အဟံ–ငါသည်၊ သမ္မတ္တော လက္ခဏာရူရုယာ–လှပညီစွာ ပေါင်တံလက္ခဏာနှင့် ပြည့်စုံသော သင့်ရုပ်ကိုယ်၌ စွဲမက်ယစ်မူးသည်ဖြစ်၍၊ ကာရဏံ နပ္ပဇာနာမိ–အပြစ်ဖြစ်မည့် အကြောင်းအရာကိုပင် မသိနိုင်ဘဲ ရှိပါတော့သည်။

၆။ တယိ ဂေဓိတစိတ္တောသ္မိ၊
စိတ္တံ ဝိပရိဏာမိတံ။
ပဋိဂန္တုံ န သက္ကောမိ၊
ဝင်္ကဃသ္တောဝ အမ္ဗုဇော။

ဘဒ္ဒေ–ရှင်မ သူရိယဝစ္ဆသာရေ၊ အဟံ–ငါသည်၊ တယိ–သင်၌၊ ဂေဓိတစိတ္တော အသ္မိ–မက်မောစွဲလမ်းတဲ့စိတ် ရှိနေပါသည်၊ စိတ္တံ–ငါ၏စိတ်ကို၊ ဝိပရိဏာမိတံ–ပကတိအတိုင်း မဟုတ်တော့ဘဲ ရူးသွပ်စေသလို ဖြစ်စေမိပါပြီ၊ ဝင်္ကဃသ္တော

http://www.dhammadownload.com



ဏ္ဍဝ အမွှရောေ–ငါးမျှားချိတ်ကို မျိုမိသော ငါးသည် ပြန်၍ မဆုတ်နိုင်သလိုပင်၊ ပဋိဂ္ဂန္တံု န သက္ကောမိ–ငါလဲ သင့်ကိုမချစ်ဘဲ ပြန်မဆုတ်နိုင်တော့ပါ၊ ဝါ–မချစ်ဘဲ မနေနိုင်တော့ပါ။

၇။ ဝါမူရု သဇ မံ ဘဒ္ဒေ၊
သဇ မံ မန္ဒလောစနေ။
ပလိဿဇ မံ ကလျာဏိ၊
ဧတံ မေ အဘိပတ္ထိတံ။

ဝါမူရု–တင့်တယ်သည့် ပေါင်ရှိသော၊ ဘဒ္ဒေ–ရှင်မသူရိယဝစ္ဆသာရေ၊ မံ–ငါ့ကို၊ သဇ–ဖွေ့ဖက်စမ်းပါကွယ်၊ မန္ဒလောစနေ–မခို့တရို့ ကြည့်တတ်သော ရှင်မရေ၊ မံ–ငါ့ကို၊ သဇ–ပွေ့ဖက်လှည့်စမ်းပါကွယ်၊ ကလျာဏိ–ကောင်းခြင်းငါးဖြာ လက္ခဏာနှင့် ပြည့်စုံသော ရှင်မသူရိယဝစ္ဆသာရေ၊ မံ–ငါ့ကို၊ ပလိဿဇ–လက်နှစ်ဖက်ဖြင့် ဝန်းကျင်ယှက်၍ ပွေ့ဖက်လှည့်စမ်းပါကွယ်၊ ဧတံ–ဤသို့ ပွေ့ဖက်ခြင်းကို၊ မေ–ငါသည်၊ အဘိပတ္ထိတံ အလွန်ပင် လိုလားတောင့်တအပ်ပါသည်။ (ဂါထာတွေက ကာမဂုဏ်နှင့်စပ်ပြီး သီကုံးထားတဲ့အတွက် တရားစာအုပ်နှင့်တော့ မသင့်လျော်လှဘူး၊ သို့သော်လဲ ပါဠိရင်း၌ပင် ရှိနေတော့ ခြွင်းချန်ထားရန်လဲ မသင့်ဘူး၊ ဒါကြောင့် သူ့ဆိုလိုရင်း သရုပ်လဲ ပေါ်အောင် အနက်ပြန်လိုက်ရပါသည်။)

၈။ အပ္ပကော ဝတ မေ သန္တော။
ကာမော ဝေလ္လိတ ကေသိယာ။

http://www.dhammadownload.com



အနေကဘာဝေါ သမုပ္ပါဒိ၊

အရဟန္တေဝ ဒက္ခိဏာ။

မေ–ငါ၏၊ ကာမော–ပကတိဖြစ်နေကျ လိုချင်ခြင်း ချစ်ခင်ခြင်းသည်၊ အပ္ပကော–သန္တော–အနည်းငယ်သာ ဖြစ်ပါလျက်၊ ဝေလ္လိတ–ကေသိယာ–ဆံပင်တွန့်ကောက်သော သူရိယဝစ္ဆသာအပေါ်၌၊ ကာမော–ဖြစ်သော လိုချင်ခြင်း ချစ်ခြင်းသည်၊ ဝတ–စင်စစ်၊ အနေကဘာဝေါ–များပြားကြီးကျယ်သည်ဖြစ်၍၊ ဝါ–များပြားကြီးကျယ်စွာ၊ သမုပ္ပါဒိ–ဖြစ်လာပေသည်၊ ကိမိဝ–ဥပမာပုံဆို ဘယ်လိုလဲဆိုလျှင်၊ အရဟန္တေဝ ဒက္ခိဏာ–ရဟန္တာ၌ လှူသော ဒါနကုသိုလ်သည် အလွန်အကျိုးများပြား ကြီးမားသလို ပင်တည်း။

၉။ ယံ မေ အတ္ထိ ကတံ ပုညံ၊

အရဟန္တေသု တာဒိသု။

တံ မေ သဗ္ဗင်္ဂကလျာဏိ၊

တယာ သဒ္ဓိံ ဝိပစ္စတံ။

ဘဒ္ဒေ–ရှင်မ သူရိယဝစ္ဆသာရေ၊ တာဒိသု–အကောင်းအဆိုးနှစ်ခုကို အတူပြု၍ ရှုနိုင်သည့် တာဒိဂုဏ်နှင့် ပြည့်စုံကုန်သော၊ အရဟန္တေသု–ရဟန္တာတို့၌၊ မေ ကတံ–ငါပြုထားသော၊ ယံ ပုညံ–အကြင်ကောင်းမှုသည်၊ အတ္ထိ–ရှိပါသည်။ သဗ္ဗင်္ဂကလျာဏိ–ကိုယ်အင်္ဂါဖွဲ့သမျှ လှပကောင်းမွန်သော သူရိယဝစ္ဆသာရေ၊

http://www.dhammadownload.com



တံ မေ–ငါ၏ ထိုကောင်းမှုအပေါင်းသည်၊ တယာ သဒ္ဓိံ–သင်နှင့် အတူတကွ၊ ဝိပစ္စတံ–ကောင်းကျိုးကို ပေးပါစေသတည်း။

၁၀။ ယံ မေ အတ္ထိ ကတံ ပုညံ၊
အသ္မိံ ပထဝိမဏ္ဍလေ။
တံ မေ သဗ္ဗင်္ဂကလျာဏိ၊
တယာ သဒ္ဓိံ ဝိပစ္စတံ။

သဗ္ဗင်္ဂကလျာဏိ–သူရိယဝစ္ဆသာရေ၊ အသ္မိံ ပထဝိမဏ္ဍလေ ဤမြေပြင်တစ်လွှောက်လုံး၌၊ မေ ကတံ–ငါပြုထားသော၊ ယံ ပုညံ–အကြင်ကောင်းမှုသည်၊ အတ္ထိ–ရှိပါသည်၊ တံ မေ–ငါ၏ ထိုကောင်းမှု အပေါင်းသည်၊ တယာသဒ္ဓိံ–သင်နှင့် အတူတကွ၊ ဝိပစ္စတံ–ကောင်းကျိုးကို ပေးပါစေသတည်း။

၁၁။ သကျပုတ္တောဝ ဈာနေန၊
ဧကောဒိ နိပကော သတော။
အမတံ မုနိ ဇိဂီသာနော၊
တမဟံ သူရိယဝစ္ဆသေ။

သူရိယဝစ္ဆသေ–သူရိယဝစ္ဆသာရေ၊ သကျပုတ္တော–သာကီဝင် မင်းသားဖြစ်သော၊ မုနိ–ရဟန်းမြတ်သည်၊ (ဝါ) ဘုရားရှင်၏ အလောင်းလျာ ရဟန်းမြတ်သည်၊ ဈာနေန–ရှုမှုဈာန်ဖြင့်၊ ဧကောဒိ–တစ်ခုတည်းသော အာရုံ၌ တည်သည်ဖြစ်၍၊ နိပကော–ရင့်ကျက်သော ပညာရှိဖြစ်၍၊ သတော–အမြဲပင် အမှတ်ရလျက်၊

http://www.dhammadownload.com



အမတံ–သေခြင်းကင်းသော အမြိုက်နိဗ္ဗာန်ကို၊ ဓိဂီသာနော ဣဝ–ရှာမှီးနေသလိုပင်၊ အဟံ–ငါသည်၊ တံ–သင့်ကို၊ ဓိဂိသာနော–မမေ့မလျော့ပဲ အမြဲအမှတ်ရကာ ရှာမှီးလျက်ရှိနေပါသည်။

ဒီ အမှတ် ၁၁–သီချင်းဂါထာဖြင့် ဘုရားအလောင်းတော် ရဟန်းမြတ်က တစ်ခုတည်းသော အာရုံ၌သာ စိတ်တည်ပြီး ရှုနေသလို၊ မမေ့မလျော့ပဲ အမြဲသတိရပြီး နိဗ္ဗာန်ကို ရှာနေသလို သူကလဲ သူရိယဝစ္ဆသာကိုသာ အမြဲအာရုံပြုလျက် အမှတ်ရပြီး ရှာကြံနေကြောင်း ဖော်ပြတာပါပဲ၊ အဲဒါကို ဘုရားဂုဏ်နဲ့ စပ်ဆိုင်တယ်လို့ ဆိုတာပါပဲ၊ ဒါပေမယ့် သူ့ဟာက သူရိယဝစ္ဆသာကို အမြဲအာရုံပြုပြီး စွဲလမ်းနေကြောင်း ဖော်ပြတာကသာ လိုရင်းဖြစ်နေပါတယ်။

ဘုန်းကြီးတို့ကတော့ တရားကို အလေးပြုနေတာ ဖြစ်တဲ့ အတွက် ဒီဂါထာမှာ ပါလာတဲ့ တရားစကားလုံးများကို ဖွင့်ပြ ဟောကြားရဦးမှာပဲ၊ အဲဒီမှာ ဈာန်ဆိုတာက ရှုတာပဲ၊ အဲဒီ ရှုတာက သမထ အာရုံနိမိတ်ကို ရှုတာလဲရှိတယ်၊ ရုပ်နာမ်သဘော တရားကို ရှုတာလဲ ရှိတယ်၊ ပထဝီ ကသိုဏ်း စသော သမထ အာရုံနိမိတ် ရှုတာကို **အာရမ္မဏူပနိဇ္ဈာန်** လို့ ခေါ်တယ်၊ ရုပ်နာမ် အနိစ္စလက္ခဏာ စသည်ရှုတာကိုတော့ **လက္ခဏူပနိဇ္ဈာန်** လို့ ခေါ်တယ်၊ ဘုရားအလောင်းတော်ဟာ ၆–နှစ်တိုင်တိုင် ဒုက္ကရစရိယာအကျင့်ကို ကျင့်ခဲ့ရတယ်၊ အဲဒီ ဒုက္ကရစရိယာ

http://www.dhammadownload.com



အကျင့်ဖြင့် တရားထူးကို မရနိုင်ကြောင်း သိမြင်တဲ့အခါ အဲဒီ ဒုက္ကရစရိယာအကျင့်ကို ပယ်စွန့်ပြီးတော့ အာနာပါနကို ရှုပြီး ဈာန်တရားများကို ရခဲ့ပါတယ်၊ အဲဒီ ဈာန်သမာပတ် တရားတွေဟာ တစ်ခုတည်းသော အာရုံကိုသာရှုပြီး ၁–နာရီ၊ ၂–နာရီ စသည်ဖြင့် ကြာရှည်စွာလဲ တည်နေနိုင်တယ်၊ ဒါကြောင့် အဲဒီ ဈာန်ဖြင့် ဧကောဒိ–တစ်ခုတည်းသော အာရုံ၌ တည်သည်ဖြစ်၍–လို့ ဆိုတာပဲ။

ဘုရားအလောင်းတော်ဟာ ဗောဓိပင်အောက် အပရာဇိတ ပလ္လင်ထက်၌ ထက်ဝယ်ဖွဲ့ခွေ ထိုင်နေတော်မူလျက် ရှေးဦးစွာ အဲဒီ ဈာန်၏ အစွမ်းဖြင့် ညဥ့်ဦးယံမှာ ရှေးဘဝတွေကို ပြန်လည်ဆင်ခြင်ပြီး သိနိုင်တဲ့ ပုဗ္ဗေနိဝါသဉာဏ်ကို ရတော်မူခဲ့တယ်၊ သန်းခေါင်ယံမှာ တစ်လောကလုံးနှင့် သတ္တဝါတွေ သေကြပုံ၊ ဘဝသစ်၌ ဖြစ်ကြပုံတွေကို မြင်နိုင်တဲ့ ဒိဗ္ဗစက္ခုဉာဏ်ကို ရတော်မူခဲ့တယ်၊ သန်းခေါင်ယံမှ နောက် နံနက်ပိုင်းယံမှာ ပဋိစ္စသမုပ္ပာဒ်ကို ဆင်ခြင်တော်မူပြီးနောက် ဥပါဒါနက္ခန္ဓာငါးပါး ဆိုတဲ့ မြင်မှု၊ ကြားမှု၊ နံမှု၊ စားသိမှု၊ ထိသိမှု၊ ကြံသိမှုဆိုင်ရာ ရုပ်နာမ်နှစ်ပါး၏ အဖြစ်အပျက်ကို ရှုသိတော်မူခဲ့တယ်၊ အဲဒီ ရုပ်နာမ် အဖြစ်အပျက် ရှုသိတာကို **လက္ခဏူပနိဇ္ဈာန်** လို့ ခေါ်တာပဲ၊ အဲဒီ လက္ခဏူပနိဇ္ဈာန်ဖြင့် မမေ့မလျော့ အမှတ်ရပြီး ရှုသိနေတာကို နိပကော–ရင့်ကျက်သော ပညာရှိသည် ဖြစ်၍၊ သတော–အမြဲပင် အမှတ်ရလျက်–လို့ ဆိုတာပဲ၊ ဒါပေမယ့်

http://www.dhammadownload.com



ပဥ္စသိခနတ်သား ကတော့ ယခုပြောခဲ့တဲ့ ရှုပုံ၊ အမှတ်ရပုံ၊ သိပုံတွေကို ကျကျနနတော့ သိပုံ မရသေးပါဘူး၊ ဘုရားအလောင်းဟာ မပြတ်ရှုဆင်ခြင်ပြီး အမတခေါ်တဲ့ နိဗ္ဗာန်ကို ရှာကြံနေတယ် ဆိုတာလောက်သာ သိမှာပါပဲ။

အဲဒီမှာ အမတ–ပုဒ်ကို အမြိုက်လို့ မြန်မာပြန်ကြတာက တော့ ပထမက မွန်ဘာသာအသံနဲ့ အမရိုက်လို့ ပြန်ခဲ့ဟန်တူတယ်၊ မွန်ဘာသာအသံနဲ့ဆိုတော့ ရိ–ကို ရိုက်လို့ အသံထွက်တယ်။ ဒါကြောင့် သက္ကတပုဒ် အမြိတ–ကို မွန်အသံဖြင့် အမြိုက် (အမရိုက်) လို့ အသံထွက်တယ်၊ မြန်မာအသံကျတော့ အမြိုက်လို့ ဖြစ်လာတယ်။ အဲဒီ အမြိုက်ဆိုတာ သေခြင်းကင်းတဲ့ တရားလို့ အနက်ရတယ်၊ အဲဒါဟာနိဗ္ဗာန်ပဲ၊ ဒါကြောင့် အမတ– သေခြင်းကင်းသော အမြိုက်နိဗ္ဗာန်လို့ မြန်မာပြန် ရပါတယ်။

အတိုချုပ် ဆိုလိုတာကတော့ ဘုရားအလောင်းတော်ဟာ အမြိုက်နိဗ္ဗာန်ကို သဲသဲမဲမဲ အမြဲမပြတ် ရှုမှတ်ပြီး ရှာနေသလိုပင် ပဥ္စသိခနတ်သားက သူလဲ သူရိယဝစ္စသာကို သဲသဲမဲမဲ အမြဲ မပြတ် ရှာကြံနေပါတယ်လို့ ဆိုလိုတာပါပဲ၊ အဲဒီ ဂါထာဖြင့် ဘုရားဂုဏ်နှင့် စပ်ဆိုင်တယ်လို့ ဆိုလိုတာပါပဲ၊ ယခု ထုတ်ဖော် ဟောပြခဲ့တာ ဂါထာ သုံးပုဒ် ရှိသွားပါပြီ၊ ရှေ့ကလဲ ဂါထာ ရှစ်ပုဒ် မဟောဘဲ ချန်ထားခဲ့တယ်၊ နောက်လဲ သုံးပုဒ် ရှိပါ သေးတယ်၊ ဒါပေမယ့် ထုတ်ပြခဲ့တဲ့ ဂါထာသုံးပုဒ်ဖြင့်ပင် သင့်တော်လောက်ပါပြီ။

http://www.dhammadownload.com



(ဤမှနောက် သုံးဂါထာကိုလည်း စာချောပြုစုသောအခါ ဖြည့်စွက်ထည့်လိုက်သည်။)

၁၂။ ယထာပိ မုနိ နန္ဒေယျ၊
ပတွာ သမ္ဗောဓိမုတ္တမံ။
ဧဝံ နန္ဒေယျံ ကလျာဏိ၊
မိဿီဘာဝံ ဂတော တယာ။

ကလျာဏိ–ကိုယ်အင်္ဂါဟူသမျှ အချိုးကျ၍ လှပတင့်တယ်ပေသော သူရိယဝစ္ဆသာရေ၊ မုနိ–မြတ်စွာ ဘုရားရှင်သည်၊ ပတွာ သမ္ဗောဓိမုတ္တမံ–ဘုရားဖြစ်ကြောင်း ကောင်းမြတ်လှသော အရဟတ္တမဂ်ဖိုလ်ဉာဏ်, သဗ္ဗညုတဉာဏ်သို့ ရောက်ပြီး၍၊ နန္ဒေယျ ယထာ–အလိုတော်ပြည့်ဝ အားရဝမ်းမြောက်တော်မူသလို၊ ဧဝံ–ဤအတူပင်၊ အဟမ္ပိ–ငါသည်လည်း၊ တယာ–သင်သူရိယဝစ္ဆသာနှင့်၊ မိဿီဘာဝံ–ရောယှက်ပေါင်းသင်းရခြင်းသို့၊ ဂတော–ရောက်သည်ဖြစ်၍ နန္ဒေယျံ–အလိုတော်ပြည့် အားရဝမ်းမြောက်လိုပါသတည်း။

၁၃။ သက္ကော စေ မေ ဝရံ ဒဇ္ဇာ၊
တာဝတိံသာန မိဿရော။
တာဟံ ဘဒ္ဒေ ဝရေယျာဟော၊
ဧဝံ ကာမော ဒဠှော မမ။

အဟောဘဒ္ဒေ–ဟော့ရှင်မ သူရိယဝစ္ဆသာရေ၊ တာဝတိံသာ

http://www.dhammadownload.com



န မိဿရော–တာဝတိံသာနတ်တို့၏ အရှင်ဖြစ်သော၊ သက္ကော–သိကြားနတ်မင်းသည်၊ မေ–ငါ့အား၊ စေ ဝရံ ဒဇ္ဇာ–အကယ်၍ ဆုပေးငြားအံ့၊ အဟံ–ငါသည်၊ တံ–အသင်သူရိယဝစ္ဆသာကို၊ ဝရေယျံ၊ လက်ခံတောင်းယူလိုပါသည်။ မမ–ငါ၏၊ ကာမော–လိုချင်ချစ်ခင်ခြင်းသည်၊ ဧဝံ ဒဠှော–ဤသို့ ဆုကိုတောင်းယူလိုက်သည်အထိ မြဲမြဲထက်သန်လှပါတော့သည်။

၁၄။ သာလံဝ န စိရံ ဖုလ္လံ၊
ပိတရံ တေ သုမေဓသေ။
ဝန္ဒမာနော နမဿာမိ၊
ယဿာသေ တာဒိသီ ပဇာ။

သုမေဓသေ–အသိဉာဏ်ကောင်းစွ သူရိယဝစ္ဆသာရေ၊ န စိရံ ဖုလ္လံ သာလံ ဣဝ–မကြာမီက ပွင့်နေသော အင်ကြင်းပင်ကြီးကို အလေးပြုသလိုပင်၊ ပိတရံ တေ–သင်၏ ဖခင်တိမ္ဗရုမည်သော ဂန္ဓဗ္ဗနတ်မင်းကြီးကို၊ အဟံ–ငါသည်၊ ဝန္ဒမာနော–အလိုဆန္ဒ ပြည့်ဝပါစေဆိုတဲ့ ဆုမွန်ကောင်း တောင်းလျက်၊ နမဿာမိ–လက်အုပ်မိုး၍ ရှိခိုးကန်တော့လိုက်ပါသည်။ ကသ္မာ–အဘယ့် ကြောင့် ဤလို ရှိခိုးရသနည်းဆိုလျှင်၊ ယဿ–ယင်းနတ်မင်း ကြီး၏၊ ပဇာ–သမီးတော်သင်သည်၊ တာဒိသီ အသိ–ဤသို့ ချစ်ခင်လောက်အောက် လှပတင့်တယ်ပါပေသည်။ ဝါ–တင့်တယ် လှပသော သမီးတော် ဖြစ်ထွန်းလျက်ရှိသော ကြောင့်ပါတည်း။

http://www.dhammadownload.com



ယခု ထုတ်ဆောင်ပြခဲ့တဲ့ နတ်သီချင်းဂါထာတွေဟာ အချိုးတကျ အသံနေအသံထားနဲ့ ရွတ်ဆိုမယ်ဆိုရင် အနက်ကိုလဲ ထိထိရောက်ရောက်ဆွဲပြီး ပြန်ဆိုမယ်ဆိုရင် အင်မတန် နှစ်သက်သာယာဖွယ် ကောင်းမည့် ဂါထာတွေပါပဲ၊ ဘုန်းကြီးတို့ကတော့ နှစ်သက်သာယာတဲ့ ရာဂစသော ကိလေသာတွေကို ပယ်နိုင်အောင် ဝိပဿနာတရားကို ဟောနေရတာကလဲ တစ်ကြောင်း၊ ရဟန်းများမှာ သီချင်းသံမျိုးကို မရွတ်မဆို ကောင်းတာကလဲ တစ်ကြောင်း၊ အဲဒီအကြောင်းများကြောင့် ရိုးရိုးတရားသံအနေနဲ့ ရွတ်ဆိုလိုက်တော့ အခြားတရားဂါထာများလိုပဲ ဖြစ်နေမှာပေါ့။

ပဉ္စသိခနတ်သားက အဲဒီ သီချင်းဂါထာတွေကိုလဲ သီဆိုပြီး စောင်းသံဖြင့်လဲ မြတ်စွာဘုရားကို ပူဇော်နေတယ်။ အဲဒီ သီချင်းဂါထာ ၁၄-ပုဒ် ပြီးဆုံးသွားတဲ့အခါ မြတ်စွာဘုရားက ပဉ္စသိခနတ်သားကို ဒီလိုချီးကျူးပြီး မေးတော်မူပါသတဲ့။

## ပဉ္စသိခကို ချီးကျူးသောအားဖြင့် ဖူးမြော်ခွင့်ပြုတော်မူပုံ

ပဉ္စသိခ-ပဉ္စသိခနတ်သား၊ တေ-သင်၏၊ တန္တိဿရော-စောင်းသံသည်၊ ဂီတဿရေန-သီဆိုသည့် သီချင်းသံနှင့်၊ သံသန္ဒတိ-ကိုက်ညီလျက် နီးနှောမိပေ၏၊ ဂီတဿရော စ တန္တိဿရေန-သီချင်းသံကလဲ စောင်းသံနှင့် ကိုက်ညီလျက် နီးနှောမိပေ၏၊ ပဉ္စသိခ-ပဉ္စသိခနတ်သား၊ တေ-သင်သည်၊ ဣမာ-ဂါထာ-

http://www.dhammadownload.com



ဘုရား တရား သံဃာ ရဟန္တာနှင့်လဲ စပ်ဆိုင်, ကာမဂုဏ်နှင့်လဲ စပ်ဆိုင်သော ဤသီချင်းဂါထာတို့ကို၊ ကဒါ သံယုဠှာ–ဘယ်အခါက သီကုံးခဲ့ပါသနည်း–လို့ မြတ်စွာဘုရားက မေးတော်မူတယ်၊ အဲဒီမှာ မြတ်စွာဘုရားက ဒီလို ချီးကျူးပြီး မေးတာဟာ ဘာ့ကြောင့်လဲဆိုတော့ ဒီလိုချူးကျူး မမေးလို့ရှိရင် မြတ်စွာဘုရားက ဆည်းကပ်ခွင့် မပြုဘူးထင်ပြီး သိကြားမင်းနှင့်တကွ နတ်တွေ အကုန် ပြန်သွားကြလိမ့်မယ်၊ အဲဒီလိုပြန်သွားရင် တရားထူးရဖို့ အခွင့်အရေး ဆုံးရှုံးသွားမယ်၊ ဒါကြောင့် အဲဒီအခွင့်အရေး မဆုံးရှုံးရအောင် ဒီလို ချီးကျူးပြီး မေးတော်မူတာ ဖြစ်ကြောင်း အဋ္ဌကထာက ဖွင့်ပြထားပါတယ်၊ အဲဒီတော့ ပဉ္စသိခနတ်သားက မြတ်စွာဘုရားအား ဒီလိုလျှောက်ထားပါတယ်။

မြတ်စွာဘုရားဟာ ဘုရားဖြစ်တော်မူပြီးခါစ အဇပါလ ညောင်ပင်အောက်မှာ သီတင်းသုံးနေစဉ်အခါတုန်းက သီကုံးခဲ့တဲ့ သီချင်းများ ဖြစ်ပါတယ်၊ အဲဒီလို သီကုံးရခြင်းအကြောင်းကတော့ တိမ္ဗရုမည်သော ဂန္ဓဗ္ဗနတ်မင်းကြီး၏ သမီးတော် သူရိယဝစ္ဆသာကို တပည့်တော်ကချစ်ကြိုက်နေပါတယ်၊ သူရိယဝစ္ဆသာကတော့ မာတလိနတ်သားကို ကြိုက်နေပါတယ်၊ အဲဒီ နတ်သမီးကို ဘယ်လိုနည်းနဲ့မှ မြူဆွယ်လို့ မရသောကြောင့် ဘုရား၊ တရား၊ သံဃာ, ရဟန္တာဂုဏ်များနဲ့လဲ စပ်ဆိုင်, ကာမဂုဏ်နဲ့လဲစပ်ဆိုင်တဲ့ ဒီသီချင်းတွေကို သီကုံးပြီးတော့ တိမ္ဗရုနတ်မင်းကြီး၏ အိမ်တော်ကို သွားပြီး စောင်းလဲတီး၊ ဒီသီချင်းတွေကိုလဲ သီဆိုခဲ့

http://www.dhammadownload.com



ပါတယ်။ အဲဒီအခါ သူရိယဝစ္စသာ နတ်သမီးက ကျွန်မတော့ မြတ်စွာဘုရားကို မဖူးမြင်ဘူးပါ၊ သို့ပေမယ့် တာဝတိံသာ နတ်ပြည်က သုဓမ္မာနတ်သဘင်သွားပြီးကပြစဉ်က အဲဒီ မြတ်စွာ ဘုရားအကြောင်းကို ကြားသိခဲ့ရဖူးပါတယ်၊ ယခု သင်က အဲဒီ ဘုရားအကြောင်းကို သီဆိုပြောကြားတဲ့အတွက် ဒီကနေ့ တစ်ရက် တော့ သင်နှင့်ကျွန်မ အတူပေါင်းသင်းနေဖို့ ခွင့်ပြုပါတယ်လို့ ဆိုပါတယ်၊ အဲဒီ တစ်ကြိမ်မျှသာ အဲဒီ နတ်သမီးနှင့် အတူနေခဲ့ ရပါတယ်၊ အဲဒီကနောက်တော့ တစ်ခါမျှ အတူမနေရတော့ ပါဘူးလို့ ပဉ္စသိခနတ်သားက သူ့အတွင်းရေးတွေပါ ထုတ်ဖော်ပြီး လျှောက်ပါတယ်၊ (အဲဒီလို လျှောက်ပုံဟာ ပါဠိတော်၌ တိုက်ရိုက်ရှိသည်။ စကားမကျယ်စေရန် ပါဠိမပါဘဲ တချို့ကိုလဲ ချုံးပြီး ဤ၌ ဖော်ပြထားသည်။)

သိကြားမင်း၏ ရည်ရွယ်ချက်ကတော့ နတ်ပရိသတ်များနှင့် တကွ သိကြားမင်းဟာ ဘုရားထံသို့လာကြောင်း လျှောက်ပြီး ခွင့်တောင်းဖို့ စေလွှတ်လိုက်တာပါပဲ၊ ဒါပေမယ့် ပဉ္စသိခ နတ် သားက တူရိယာသမားလဲ ဖြစ်နေတယ်၊ သူ့မှာ သူရိယဝစ္စသာ ကို ချစ်ကြိုက်တဲ့ ရာဂနဲ့ အလိုမပြည့်တဲ့အတွက် စိတ်ပျက်တဲ့ ဒေါသတွေကလဲ ဖြစ်ပွားနေတယ်၊ ဒါကြောင့် ဘုရားထံမှာ သီချင်းလဲဆို၊ စောင်းလဲ တီးသည့်အပြင် သူ့အတွင်းရေးတွေ ကိုလဲ ထုတ်ဖော်ပြီး လျှောက်နေတာပဲ၊ အဲဒါဟာ–

http://www.dhammadownload.com



လုဒ္ဓေါ အတ္ထံ န ဇာနာတိ၊
လုဒ္ဓေါ ဓမ္မံ န ပဿတိ။
အန္ဓတမံ တဒါ ဟောတိ၊
ယံ လောဘော သဟတေ နရံ။

လုဒ္ဓေါ–လောဘအနှိပ်စက်ခံရသောသူသည်၊ အတ္ထံ–အကျိုးကို၊ န ဇာနာတိ–မသိပေ၊ လုဒ္ဓေါ–လောဘ အနှိပ်စက်ခံရသောသူသည်၊ ဓမ္မံ–အကြောင်းမှန်ကို၊ န ပဿတိ–မမြင်ပေ၊ ယံယဒါ–အကြင်အခါ၌၊ နရံ–လူကို၊ လောဘော–လိုချင်မက်မောတဲ့လောဘက၊ သဟတေ–နှိပ်စက်၏၊ တဒါ–ထိုအခါ၌၊ အန္ဓတမံ–အမိုက်မှောင်သဖွယ်၊ ဟောတိ–ဖြစ်၏–လို့ ဆိုတဲ့အတိုင်း မပြောသင့်တာ ပြောသင့်တာကို မသိတဲ့အတွက် စိတ်ကူးထဲပေါ်ရာကို ပြူမိ ပြောမိတာပါပဲ။

တစ်ခါက အလွန်ထင်ရှားတဲ့ ဆရာတော်ကြီး တစ်ပါး၏ ထင်ရှားတဲ့ ဓမ္မကထိတစ်ပါးက မာတုဂါမတစ်ယောက်နဲ့ ဆက်စပ်ပြီး လူထွက်သွားပါသတဲ့၊ အဲဒီတော့ သီတင်းသုံးဖော်တွေကရော သက်ဆိုင်ရာ ဒကာ ဒကာမတွေကရော အဲဒီ ဓမ္မကထိကကို ကဲ့ရဲ့အပြစ်တင်ကြတယ်၊ အဲဒီ မာတုဂါမကိုလဲ ကဲ့ရဲ့ကြ အပြစ်တင်ကြတယ်၊ အဲဒါကို အကြောင်းပြုပြီး သူတို့၏ ဆရာတော် ဘုရားကြီးက ဒီလို ဩဝါဒ ပေးပါသတဲ့။ လူထွက်တဲ့ ပုဂ္ဂိုလ်လဲ အပြစ်မတင်ကြနဲ့၊ ဟို ဒကာမကိုလဲ အပြစ်မတင်ကြနဲ့၊ သူတို့မှာ လောဘ–က ခိုင်းလို့ လောဘအလိုလိုက်ပြီး

http://www.dhammadownload.com



လူထွက်ချင်အောင် ဆွယ်သူကဆွယ်၊ ထွက်သူကလဲ ထွက်ကြရတာပဲ၊ အဲဒီတော့ အပြစ်တင်ချင်ရင် သူတို့သန္တာန်မှာရှိနေတဲ့ လောဘကိုသာ အပြစ်တင်ကြလို့ ဩဝါဒ ပေးပါသတဲ့၊ အဲဒါဟာ သဘာဝကျတဲ့ ဩဝါဒပါပဲ၊ ယခု ပြောနေတဲ့ ပဋ္ဌသိခ နတ်ဟာလဲ သူ့ခမျာ လောဘနဲ့ ဒေါသက နှိပ်စက်နေလို့ အဲဒီ လောဘ ဒေါသ အလိုလိုက်ပြီး သီဆိုတီးမှုတ် လျှောက်ထားရရှာတာပဲ။

အဲဒီလို လျှောက်နေတဲ့အခါ မြတ်စွာဘုရားက ခွင့်ပြုတော်မူပြီဆိုတာ သိရတဲ့အတွက် သိကြားမင်းက–

> အဘိဝါဒေဟိ မေ တွံ တာတ ပဉ္စသိခ "သက္ကော ဘန္တေ ဒေဝါနမိန္ဒော သာမစ္စော သပရိဇနော ဘဂဝတော ပါဒေ သိရသာ ဝန္ဒတီ" တိ။

တာတ ပဉ္စသိခ–ချစ်သား ပဉ္စသိခ၊ တွံ–သင်သည်၊ မေ–ငါ၏ကိုယ်စား၊ ဘဂဝန္တံ–မြတ်စာဘုရားကို၊ အဘိဝါဒေဟိ–ရှိခိုးကန်တော့လိုက်ပါတော့၊ ဘန္တေ–မြတ်စွာဘုရား၊ သက္ကော ဒေဝါနမိန္ဒော–နတ်တို့၏အရှင် သိကြားမင်းသည် သာမစ္စော သပရိဇနော–အမတ်အခြွေအရံ ပရိသတ်များနှင့်တကွ၊ ဘဂဝတော ပါဒေ–မြတ်စွာဘုရား၏ ခြေတော်တို့ကို၊ သိရသာ–ဦးခေါင်းဖြင့်၊ ဝန္ဒတိတိ–ရှိခိုးနေပါသည်ဟု လျှောက်ထား၍ ရှိခိုးကန်တော့လိုက်ပါတော့–လို့ ပြောကြားလိုက်ပါတယ်၊ အဲဒီ

http://www.dhammadownload.com



တော့မှ ပဥ္စသိခနတ်သားက သိကြားမင်း၏ ကိုယ်စားအနေဖြင့် မြတ်စွာဘုရားကို ဒီလိုလျှောက်ထားပြီး ကန်တော့လိုက်ပါတယ်။

## သိကြားမင်း၏ကိုယ်စား ရှိခိုးကန်တော့ပုံ

သက္ကော ဘန္တေ ဒေဝါနမိန္ဒော သာမစ္စော သပရိ–
ဇနော ဘဂဝတော ပါဒေ သိရသာ ဝန္ဒတိ။

ဘန္တေ–မြတ်စွာဘုရား၊ သက္ကော ဒေဝါနမိန္ဒော–နတ်တို့၏ အရှင်, သိကြားမင်းသည်၊ သာမစ္စော သပရိဇနော–အခြွေအရံ ပရိသတ်များနှင့်တကွ၊ ဘဂဝတော ပါဒေ–မြတ်စွာဘုရား၏ ခြေတော်တို့ကို၊ သိရသာ–ဦးခေါင်းဖြင့်၊ ဝန္ဒတိ–ရှိခိုးကန်တော့ နေပါသည် အရှင်ဘုရားလို့ လျှောက်ထားပြီး ရှိခိုးကန်တော့ လိုက်ပါတယ်၊ အဲဒီတော့ မြတ်စွာဘုရားက ဒီလို ဆုပေးတော် မူပါတယ်။

## ဘုရားရှင်က ဆုပေးတော်မူပုံ

ဧဝံ သုခီ ဟောတု ပဥ္စသိခ သက္ကော ဒေဝါနမိန္ဒော
သာမစ္စော သပရိဇနော၊ သုခကာမာ ဟိ ဒေဝါ မနုဿာ
အသုရာ နာဂါ ဂန္ဓဗ္ဗာ ယေ စညေ သန္တိ ပုထုကာယာ။

ပဥ္စသိခ–ပဥ္စသိခနတ်သား၊ သာမစ္စော သပရိဇနော–အခြွေအရံ နတ်ပရိသတ်များနှင့်တကွသော၊ သက္ကော ဒေဝါန မိန္ဒော–နတ်တို့၏အရှင် သိကြားမင်းသည်၊ ဧဝံ–ဤသို့ ဆုပေး

http://www.dhammadownload.com



စေလိုသည့် အတိုင်း၊ သုခ–ချမ်းသာနှင့် ပြည့်စုံသည်၊ ဝါ–ကိုယ်စိတ်နှစ်ဖြာ ချမ်းသာသည်၊ ဟောတု–ဖြစ်စေသတည်း၊ ဟိ–ဤသို့ ဆုပေးရ ခြင်း၏ အကြောင်းကား၊ ဒေဝါ–မနုဿာ အသုရာ နာဂါ ဂန္ဓဗ္ဗာ–နတ်တို့, လူတို့, အသုရာနတ်တို့, နဂါးတို့၊ ဂန္ဓဗ္ဗခေါ် ကချေသည်နတ်တို့သည်လည်းကောင်း၊ ယေ စညေ သန္တိ ပုထုကာယာ–အခြားတစ်ပါး များစွာသော သတ္တဝါတို့သည် လည်းကောင်း၊ သုခကာမာ ချမ်းသာကို အလိုရှိကြကုန်၏၊ ဝါ–ချမ်းသာကို အလိုရှိကြသောကြောင့် ပေတည်းတဲ့။

## ရှိခိုးကန်တော့ပုံနှင့် ဆုပေးပုံ စိစစ်ချက်

အဲဒါဟာ ရှိခိုးကန်တော့တဲ့အခါ မြတ်စွာဘုရား ကိုယ်တိုင်က ဆုပေးတော်မူပုံပါပဲ၊ သိကြားမင်း၏ ရှိခိုးကန်တော့တဲ့ စကားထဲမှာ ဆုတောင်းမပါဘူး မဟုတ်လား၊ အဲဒီလို ဆုတောင်း စကား မပါပေမယ့် (အဘိဝါဒေတိ၊ အဘိပန္နတိ၊ ဝန္ဒတိ) ဆိုတဲ့ စကားဖြင့်ပင် ချမ်းသာပါစေလို့ ဆုပေးစေလိုတယ်လို့ ပါဠိဝေါဟာရ အရအားဖြင့် သိရပါတယ်၊ ဒါကြောင့် မြတ်စွာဘုရား၏ ဆုပေးစကားရပ်ထဲမှာ ဇဝံ–ဆိုတဲ့ပုဒ်ကို ဤသို့ ဆုပေးစေလိုသည့် အတိုင်းလို့ လိုရင်းကို ဖော်ပြီး အနက်ပြန်လိုက်ပါတယ်၊ ဘယ်လို ဆုပေးစေလိုသလဲဆိုတော့ ချမ်းသာပါစေလို့ ဆုပေးစေလို တာပါပဲ။

http://www.dhammadownload.com



အခြားပုဂ္ဂိုလ်တွေ မြတ်စွာဘုရားကိုရှိခိုးကန်တော့ကြတဲ့ အခါ များမှာလဲ ချမ်းသာနှင့် ပြည့်စုံပါစေ, ချမ်းသာပါစေလို့သာ ဆုပေးတော်မူပါတယ်၊ ယခုကာလမှာ ရှိခိုးကန်တော့ရုံနဲ့ ဆုတွေ အများကြီး အရှည်ကြီးပေးတာကို စဉ်းစားဆင်ခြင်စရာပါပဲ၊ နောက်ပြီးတော့ ရှိခိုးကန်တော့တဲ့သူက သူ့အလိုရှိရာဆုတွေ များစွာ တောင်းတာရယ်၊ ဆုပေးသူကလဲ ဆုတောင်းတဲ့အတိုင်း မဟုတ်ဘဲ များပြားကျယ်ပြန့်စွာ ဆုတွေကို ပေးတာရယ်၊ အဲဒါ တွေကိုလဲ စဉ်းစားစရာပါပဲ၊ ဘုန်းကြီးကတော့ အဲဒီလို ဆုတောင်းနဲ့ ဆုပေး တခြားစီ မဖြစ်ရအောင် ရည်ရွယ်ပြီးတော့ ဆုပေးမည့် သူရှိရင် ကန်တော့ပါ၏–ဆိုတဲ့ စကားတွင်ရပ်ဖို့ ညွှန်ကြားပါ တယ်၊ အဲဒီ ညွှန်ကြားချက်ကို ကဲ့ရဲ့လိုတဲ့ ဆရာတော်ကြီး တစ်ပါးကတော့ ဆုမတောင်းကောင်းတာရယ်လို့ မရှိဘူး၊ တောင်း သာတောင်းကြလို့ ပြောဆိုပါသတဲ့၊ ဘုန်းကြီးကလဲ ဆုမတောင်း ကောင်းဘူးလို့ မပြောပါဘူး၊ ဆုပေးမည့် ပုဂ္ဂိုလ်က ရှိနေတဲ့အခါမှာ ဆုတောင်းကတစ်မျိုး၊ ဆုပေးတာကတစ်မျိုး ကွဲပြားမနေရ အောင်လို့ ညွှန်ကြားတာပါပဲ၊ နောက်ပြီးတော့ ဆုပေးတဲ့ ပုဂ္ဂိုလ်က ဆုပေးတဲ့အခါမှာ ပဏာမကုသိုလ်နှင့် စပ်ပြီး ရသင့် ရထိုက်တဲ့ အကျိုးတွေကို လိုလေသေးမရှိ ဖော်ပြပြီး ဆုပေးမှာ ချည်းပါပဲ၊ အဲဒီလိုဆုပေးတဲ့အခါ ပေးတဲ့ဆုများနှင့် ပြည့်စုံရ ပါလို၏–လို့ နိဂုံးချုပ် ဆုတောင်းလိုက်ရင် ဘာမျှ လိုနေစရာလဲ မရှိပါဘူး၊ ယခုထုတ်ပြခဲ့တဲ့ သိကြားမင်း စသည်တို့က ရှိခိုး

http://www.dhammadownload.com



ကန်တော့ရာမှာ ဆုတောင်းမပါပေမယ့် မြတ်စွာဘုရား ပေးတဲ့ ဆုဖြင့် ပြည့်စုံတာလိုပင် ပြည့်စုံတယ်ဆိုတာ ထင်ရှားပါတယ်၊ ရှိခိုးခြင်းဖြင့် ရနိုင်တဲ့ အကျိုးတွေကို (အဘိဝါဒနသီလိဿ၊ နိစ္စံ ဝုဍ္ဎါ ပစာယိနော။ စတ္တာရော ဓမ္မာ ဝဍ္ဎန္တိ၊ အာယု ဝဏ္ဏော သုခံ ဗလံ။) ဆိုတဲ့ ဂါထာဖြင့် ပြထားတာပဲ၊ အဲဒီအကျိုးတွေကို ဆုမတောင်းလဲ ရနိုင်တာပါပဲ၊ ဒါကြောင့် ဘုန်းကြီးက ရှိခိုး ကန်တော့တဲ့ စကားထဲမှာ (အသက်ရှည်စွာ အနာမဲ့ရေး ရန်ဘေး ကင်းကြောင်း ကောင်းမှုမင်္ဂလာ ဖြစ်ပါစေကြောင်း အကျိုးငှာ– လို့) ထည့်သွင်းဆိုဖို့လဲညွှန်ကြားထားပါတယ်၊ နောက်ပြီးတော့ ဆုပေးတဲ့အခါလဲ–

> ရတနာမြတ်သုံးပါး ဆရာသမားတို့ကို ရှိသေမြတ်နိုး လက်အုပ်မိုး၍ ရှိခိုးပူဇော် ဖူးမြော်မာန်လျှော့ ကန်တော့ရသော ပဏာမကုသိုလ်ကံ စေတနာတို့၏ အစွမ်းအာနုဘော် ကြောင့် ဘေးရန်အန္တရာယ် ဟူသမျှတို့မှ အခါခပ်သိမ်း၊ ကင်းလွတ်ငြိမ်းကြသည် ဖြစ်၍ အသက်ရှည်ခြင်း, အနာ ကင်းခြင်း, ကျန်းမာခြင်း, ချမ်းသာများခြင်း အစရှိသော အလိုရှိအပ် တောင့်တအပ်သော လောကီ လောကုတ္တရာ ကောင်းကျိုးချမ်းသာ မင်္ဂလာအပေါင်းတို့ဖြင့် ပြည့်စုံကြ ပါစေလို့။

တိုတိုကျဉ်းကျဉ်းနဲ့ လိုရင်းဟူသမျှ ပြည့်စုံအောင် ဖော်ပြပြီး ဆုပေးပါတယ်၊ အဲဒီလို ဆုပေးရာမှာလဲ စေတလုံးမိုင်သဘောနဲ့

http://www.dhammadownload.com



ပြည့်စုံကြသည် ဖြစ်စေ–လို့တော့ မဆိုပါဘူး၊ ဆုတောင်းပေးသည့်အနေဖြင့် ပြည့်စုံကြပါစေ–လို့သာ ဆိုပါတယ်။

မြတ်စွာဘုရားကို ရှိခိုးကန်တော့ရင် မြတ်စွာဘုရားက "ချမ်းသာပါစေ" လို့ ဆုပေးစေလိုတဲ့ သဘောဟာ ပါဝင်နေပါတယ်။ ဒါကြောင့် မြတ်စွာဘုရားက "အခြွေအရံ ပရိသတ်များနှင့်တကွ သိကြားမင်း ချမ်းသာပါစေ" လို့ ဆုပေးတော်မူလိုက်ပါတယ်၊ အဲဒါဟာ မြတ်စွာဘုရားရှင်တို့၏ ပေးရိုးပေးစဉ် ဆုပေးစကားပါပဲ၊ ဒါကြောင့် ပါဠိတော်မှာ ဒီလိုလဲဆက်ပြီး ပြဆိုထားပါတယ်။

ဧဝဉ္စ ပန တထာဂတာ ဧဝရူပေ မဟေသက္ခေ ယက္ခေ အဘိဝဒန္တိ။

ဧ ပန–ဆက်လက်၍ မှတ်ဖွယ်အထူးကို ပြရလျှင်၊ တထာဂတာ–ဘုရားရှင်တို့သည်၊ ဧဝရူပေ–ဤသို့သဘောရှိကုန်သော၊ မဟေသက္ခေ–အခြွေအရံများ၍ တန်ခိုးကြီးမားကုန်သော၊ ယက္ခေ–နတ်တို့ကို၊ ဧဝံ–ဤဆိုခဲ့သော အခြင်းအရာအားဖြင့်၊ အဘိဝဒန္တိ– ချမ်းသာပါစေဟူသော ဆုပေးမင်္ဂလာစကားကို မိန့်ကြားတော်မူကြမြဲ ဖြစ်ပေသည် တဲ့။

## သိကြားမင်း ဘုရားထံ ကပ်ရောက်ပုံ

အဲဒီလို မြတ်စွာဘုရားရှင်က မင်္ဂလာဆုပေးစကား မိန့်ကြားတော်မူလိုက်တဲ့ အခါ သိကြားမင်းက မြတ်စွာဘုရား သီတင်းသုံးနေတော်မူရာ ဣန္ဒသာလခေါ်တဲ့ နံ့ပဲပင်လိုဏ်ဂူထဲဝင်ပြီးတော့

http://www.dhammadownload.com



မြတ်စွာဘုရားကို ရိုသေစွာရှိခိုးပြီး သင့်လျော်တဲ့ နေရာ၌ ရပ်တည်နေပါတယ်၊ အခြေအရံ ပရိသတ်ဖြစ်တဲ့ တာဝတိံသာ နတ်တွေရော, ပဉ္စသိခနတ်သားရော အဲဒီ လိုဏ်ဂူထဲဝင်ပြီးတော့ မြတ်စွာဘုရားကို ရိုသေစွာ ရှိခိုးပြီး သင့်လျော်တဲ့ နေရာ၌ ရပ်တည်နေကြပါတယ်။

အဲဒီ ဣန္ဒသာလလိုဏ်ဂူဟာ မူလက မညီမညွတ် ရှိနေပေမယ်လို့ နတ်ပရိသတ်တွေ ဝင်ရောက်သွားတဲ့အခါ နတ်တို့၏ တန်ခိုးဖြင့် ညီညီညာညာ သန့်သန့်ရှင်းရှင်း ဖြစ်သွားတယ်၊ တောင်ခေါင်းလိုဏ်ဂူဆိုတော့ မူလက ခပ်ကျဉ်းကျဉ်းပေမယ့် နတ်တွေ ထောင်သောင်းများစွာ ချောင်ချောင်ချိချိ နေလောက်အောင် ကျယ်ပြန့်သွားပါသတဲ့၊ မူလက မှောင်နေပေမယ်လို့ နတ်တွေ ဝင်သွားတဲ့အခါ နေ့အခါများလိုပင် လင်းသွားပါသတဲ့၊ အဲဒါဟာ ဒေဝါနံ ဒေဝါနုဘာဝေန လို့ ဆိုထားတဲ့အတိုင်း နတ်တို့၏ တန်ခိုးကြောင့်ပါပဲ။

## ဘုရားရှင်၏ နှုတ်ဆက်မိန့်ခွန်းတော်

အဲဒီအခါမှာ မြတ်စွာဘုရားကစပြီး သိကြားမင်းအား နှုတ်ဆက်စကား မိန့်ကြားတော်မူပါတယ်။ "သိကြားမင်း၊ သင့်မှာ ကိစ္စတွေ အလွန်များပြားနေပါလျက် ယခုလို လာရောက်နိုင်တာဟာ အံ့ဖွယ်ပဲ မဖြစ်စဖူး အထူးဖြစ်တာပဲ" ဟု မိန့်ကြားတော်မူပါတယ်။

http://www.dhammadownload.com



## သိကြားမင်းက လျှောက်ပုံ

အဲဒီတော့ သိကြားမင်းက ဒီလို ပြန်ပြီးလျှောက်ပါတယ်။ "တပည့်တော်ဟာ မြတ်စွာဘုရားကို ဖူးမြော်ရန် လာချင်တာ ကြာပါပြီ၊ သို့ပေမယ့် နတ်တို့၏ ကိစ္စတွေမှာ ကြောင့်ကြစိုက်နေရတဲ့အတွက် မလာနိုင်ဘဲ ဖြစ်နေခဲ့ပါတယ် ဘုရား" တဲ့။ နတ်တို့၏ ကိစ္စတွေက ဘယ်လိုဟာတွေလဲဆိုတော့ သူဆိုင်တယ်၊ ငါဆိုင်တယ်ဆိုတဲ့ အငြင်းအခုံတွေကို ဆုံးဖြတ်ပေးနေရတဲ့ ကိစ္စတွေပါပဲ၊ နတ်ပြည်မှာ သူ့ကံနဲ့သူ ဘုံဗိမာန် အခြွေအရံတွေ သီးသန့်ဖြစ်နေကြတာကတော့ အရှုပ်အထွေး မရှိပါဘူး၊ နတ်တွေမှာ သားတို့ သမီးတို့ဆိုတာက ရင်ခွင်ထဲမှာ ဖြစ်တယ်၊ အလုပ်အကျွေး ဇနီးသည်ဆိုတာကလဲ အိပ်ရာထဲမှာ ဖြစ်တယ်၊ အဲဒီ ဇနီးသည်၏ အလုပ်အကျွေး အခြွေအရံဆိုတာတွေကလဲ အိပ်ရာပတ်ဝန်းကျင်မှာ ဖြစ်တယ်၊ အဲဒါတွေအတွက်တော့ အရှုပ်အထွေး မရှိပါဘူး။

ပိုင်နက်နယ်စပ်မှာ ဖြစ်ကြတဲ့ နတ်သမီးများကို သူပိုင်တယ်၊ ငါပိုင်တယ်လို့ မဆုံးဖြတ်နိုင်ကြတဲ့အတွက် သိကြားမင်း၏ အဆုံးအဖြတ်ကိုခံယူကြရတယ်၊ အဲဒီလိုဟာတွေကို နီးရာဗိမာန်၏ ပိုင်ရှင်နဲ့ ဆိုင်တယ်လို့ ဆုံးဖြတ်ပေးရတယ်၊ ဘယ်ဘက်နဲ့မျှ မနီးဘဲအလယ်တည့်တည့်မှာ ဖြစ်နေရင်တော့ မျက်နှာပြုနေရာဘက်က နတ်အား ပိုင်ရှင်အဖြစ် ဆုံးဖြတ်ပေးရတယ်၊ ဘယ်ဘက်ကိုမျှ မျက်နှာမမူဘဲ အခြားကိုမျက်နှာမူနေတဲ့ နတ်သမီး

http://www.dhammadownload.com



ကိုတော့၊အငြင်းအခုံ ပြတ်စဲရအောင် သိကြားမင်းက သိမ်းယူရပါသတဲ့၊ ဘုရားလက်ထက်တော် ကာလတုန်းက ကုသိုလ်ရှိတဲ့သူတွေ သေသွားတဲ့အခါ နတ်ပြည်ရောက်တာကပဲ များတယ်၊ အချို့က အတော်အသင့် ကုသိုလ်ဖြင့် နတ်ဖြစ်သွားတဲ့ အခါ ဗိမာန်မရှိ အခြေအရံ မရှိတာတွေလဲ ရှိမှာပဲ၊ အဲဒီလို ပုဂ္ဂိုလ်တွေအတွက် အဆုံးအဖြတ်ပေးနေရတဲ့ ကိစ္စတွေက နည်းပုံမရပါဘူး၊ နောက်ပြီး တော့ နတ်တွေမှာ ပျော်ပွဲရွှင်ပွဲတွေဆိုတာကလဲ နည်းလှမယ် မဟုတ်ပါဘူး၊ အဲဒီလိုကိစ္စတွေ များနေတဲ့အတွက် မြတ်စွာဘုရားထံ ဖူးမြော်ရန်မလာနိုင်ဘဲ ရှိနေကြောင်းလျှောက်တာပါပဲ။

တစ်ချိန်ကတော့ မြတ်စွာဘုရားက သာဝတ္ထိပြည်(မြို့)ဇေတဝန်ကျောင်းတိုက်အတွင်း သလဠာဂါရက ခေါ်တဲ့ ထင်းရှူးဂန္ဓကုဋိ၌ သီတင်းသုံးနေစဉ်မှာ တပည့်တော်က ဖူးမြော်ဖို့လာခဲ့ပါတယ်၊ အဲဒီတုန်းက မြတ်စွာဘုရားဟာ သမာဓိ တစ်ပါးဖြင့် ဝင်စားနေတော် မူပါတယ်၊ ဝေဿဝဏ် နတ်မင်း၏အလုပ်အကျွေးဖြစ်တဲ့ ဘူဇတိဆိုတဲ့ နတ်သမီးက မြတ်စွာဘုရားကိုလက်အုပ်ချီ ရှိခိုးလျက် ရှိနေပါတယ်၊ ဒါကြောင့် ဘူဇတိရေ–င့်အတွက် မြတ်စွာဘုရားကို ရှိခိုးကန်တော့လိုက်စမ်းပါကွယ်လို့ပြောလိုက်ပါတယ်၊ အဲဒီတော့ ဘူဇတိက အရှင်သိကြားမင်း "မြတ်စွာဘုရားဟာ ယခု သမာပတ်ဖြင့် ကိန်းနေဆဲဖြစ်ပါတယ်၊ ဖူးမြော်ရန် အချိန်အခါ မဟုတ်ပါဘူး" လို့ ပြန်ကြားလိုက်ပါ

http://www.dhammadownload.com



တယ်၊ ဒါဖြင့် သမာပတ်မှ ထတော်မူတဲ့အခါ ငါ့စကားဖြင့် မြတ်စွာဘုရားကို ရှိခိုးကန်တော့ရစ်ပါလို့ မှာထားခဲ့ပါတယ်၊ အဲဒီ နတ်သမီးကမြတ်စွာဘုရားကို ရှိခိုးကန်တော့ပါရဲ့လား၊ အဲဒီ နတ်သမီးလျှောက်တဲ့ စကားကို မှတ်မိပါရဲ့လားလို့ မေးလျှောက်တယ်၊ အဲဒီနတ်သမီးက ရှိခိုးကြောင်း, အဲဒီနတ်သမီးက လျှောက်တဲ့ စကားကိုလဲ မှတ်မိကြောင်း မြတ်စွာဘုရားက မိန့်တော်မူပြီးတော့ အဲဒီအခါတုန်းက သင် သိကြားမင်း၏ ရထားဘီး အကျွပ်သံကို ကြားပြီး သမာပတ်မှ ထခဲ့ကြောင်းကိုလဲ မိန့်တော်မူပါတယ်၊ အဲဒီမှာ အသံကြားပြီး သမာပတ်မှ ထတယ် ဆိုတာကတော့ အဓိဋ္ဌာန်ပြုထားတဲ့အတိုင်း သမာပတ်မှ ထချိန်နဲ့ အသံကြားတဲ့အချိန် တိုက်ဆိုင်နေလို့ မိန့်ကြားတာပါပဲ၊ မြတ်စွာဘုရားတို့၏ သမာပတ်ဟာ မိုးကြိုးသံကြောင့်လဲ ပျက်ပြယ်ခြင်း မရှိကြောင်း အဋ္ဌကထာမှာ ဖွင့်ပြထားပါတယ်။

အဲဒီတုန်းက မြတ်စွာဘုရားက ဖူးခွင့်မပြုဘဲ သမာပတ်ဝင်စားတာဟာ ဘာကြောင့်ပါလဲဆိုလျှင် သိကြားမင်းမှာ ပညိန္ဒြေဆိုတဲ့ဉာဏ် မရင့်ကျက်သေးလို့ဖြစ်ကြောင်း အဋ္ဌကထာမှာ ဖွင့်ပြထားပါတယ်၊ အဲဒီကနောက် ကာလအတော်အတန်ကြာတဲ့ အခါ သိကြားမင်းမှာ စုတေရတော့မည့် အကြောင်းကို ထင်ရှားစေသည့် ပုဗ္ဗနိမိတ်ငါးပါးကို တွေ့ရတယ်၊ အဲဒီအခါကျတော့ သိကြားမင်းဘဝမှ စုတေရတော့မည့်အရေးကို မျှော်တွေးပြီး ထိတ်လန့်တဲ့ သံဝေဂဉာဏ်တွေ ဖြစ်ပြီး ဉာဏ်ရင့်ကျက်လာတယ်၊

http://www.dhammadownload.com



ဒါကြောင့် အဲဒီအခါကျမှ မြတ်စွာဘုရားက ဖူးမြော်ခွင့်ပြုတော်မူပါတယ်တဲ့။

ယခု ပြောပြခဲ့တဲ့အတိုင်း ဖူးမြော်ခွင့်ရလို့ ဖူးမြော်လျှက် အချို့အကြောင်းအရာများကို လျှောက်ပြီးတဲ့အခါ သူကြားဖူးတာနဲ့ ကိုယ်တွေ့ ကိုက်ညီနေပုံကိုလဲ ဒီလိုလျှောက်ပြန်ပါတယ်၊ လျှောက်ပုံကတော့ တပည့်တော်ထက် ရှေးကျတဲ့ တာဝတိံသာ နတ်များထံမှ "မြတ်စွာဘုရားများ ပွင့်တော်မူတဲ့အခါ နတ်အပေါင်းတွေ တိုးပွားပြည့်တင်း လာကြတယ်၊ အသုရကာယ ဆိုတဲ့ အသုရကာယ်ဘုံသားတွေ, အပါယ်ဘုံသားတွေ–ဆုတ်ယုတ်နည်းပါးသွားတယ်" ဆိုတာကို ကြားဖူးပါတယ်၊ ယခုတော့ အဲဒါကို မျက်မှောက်တွေ့နေပါတယ်လို့ လျှောက်ကြားပြီး ဂေါပကနတ်သားအကြောင်းကိုလဲ လျှောက်တယ်၊ အဲဒီ ဂေါပကဝတ္ထုကိုတော့ တော်တော်ကြာမှ ပြောရမယ်၊ ယခု ဘုရားပွင့်လာတဲ့အခါ နတ်တွေတိုးပွားပြီး နတ်ပြည်စည်ကားပုံကို ဗဟုသုတအဖြစ် မှတ်သားရအောင် နည်းနည်းပြောရဦးမယ်။

## ဘုရားပွင့်တော်မူတဲ့အခါ နတ်ပြည်တိုးတက်ကြောင်း

မြတ်စွာဘုရား ပွင့်တော်မူလာပြီးနောက် ဓမ္မစကြာတရားကို ဟောတော်မူသည်မှ နောက်ကာလ၌ ဗုဒ္ဓသာသနာတော်မှာ တချို့က သရဏဂုံတည်တယ်၊ တချို့က သရဏဂုံနဲ့ ငါးပါးသီလ တည်တယ်၊ တချို့က ဒါနကုသိုလ်တွေလဲ ပြုကြတယ်၊ တချို့က

http://www.dhammadownload.com



သောတာပန် စသည် ဖြစ်ကြတယ်၊ အဲဒီလို ပုဂ္ဂိုလ်တွေထဲမှာ သောတာပန်, သကဒါဂါမ် ဖြစ်တဲ့ သူတွေက နတ်ပြည်ရောက်ဖို့ဟာ သေချာနေတာပါပဲ၊ ဒါနကုသိုလ်ကြောင့် နတ်ပြည်ရောက်တဲ့ သူတွေကလဲ အလွန်များပါတယ်၊ ငါးပါးသီလလုံခြုံတဲ့သူတွေကလဲ နတ်ပြည်ရောက်ဖို့ရာ သေချာနေတာပါပဲ၊ အောက်ထစ်ဆုံး သရဏဂုံလောက် တည်ပြီး ဗုဒ္ဓသာသနာဝင် ဖြစ်တဲ့သူတွေလဲ နတ်ပြည်ရောက်တာက များမှာပါပဲ၊ ဒါကြောင့် ဗြဟ္မာကြီး တစ်ဦးက မြတ်စွာဘုရားထံမှာ သူ့ထင်မြင်ချက်ကို တင်ပြပါတယ်၊ မြတ်စွာဘုရားကလဲ အဲဒီ တင်ပြချက်ကို မပယ်ပါဘူး၊ တင်ပြပုံကတော့–

ယေ ကေစိ ဗုဒ္ဓံ သရဏံ ဂတာသေ၊
န တေ ဂမိဿန္တိ အပါယဘူမိံ။
ပဟာယ မာနုသံ ဒေဟံ၊
ဒေဝကာယံ ပရိပူရေဿန္တိ–တဲ့။

ယေ ကေစိ–အမှတ်မရှိ အလုံးစုံသော ပုဂ္ဂိုလ်တို့သည်၊ ဗုဒ္ဓံ–မြတ်စွာဘုရားကို၊ သရဏံ–ကိုးကွယ်ရာဟူ၍၊ ဂတာသေ–ဆည်းကပ်ကုန်၏။ တေ–မြတ်စွာဘုရားကို ကိုးကွယ်ရာဟု ဆည်းကပ်ကြသော ထိုပုဂ္ဂိုလ်တို့သည်၊ အပါယဘူမိံ–အပါယ်ဘုံသို့၊ န ဂမိဿန္တိ– မလားမရောက်ကြကုန်လတ္တံ့၊ မာနုသံ ဒေဟံ–လူ့ဘဝ လူ့ခန္ဓာကိုယ်ကို၊ ပဟာယ–စွန့်ရကုန်သည်ရှိသော်၊

http://www.dhammadownload.com



ဒေဝကာယံ–နတ်အပေါင်းကို၊ ဝါ–နတ်ပြည်ကို၊ ပရိပူရေသန္တိ–ပြည့်စေကြကုန်လတ္တံ့။

ဗုဒ္ဓမြတ်စွာဘုရားကို သံသရာတစ်လျှောက်လုံး ကောင်းစားရေးအတွက်ရော, သံသရာ ဆင်းရဲမှ လွတ်မြောက်ရေးအတွက်ရော အားကိုးရာအစစ် အမြတ်ဆုံးအနေဖြင့် ကိုးကွယ်ဆည်းကပ်နေတဲ့ ပုဂ္ဂိုလ်ဟာ သရဏဂုံတည်တဲ့ ဗုဒ္ဓသာသနာဝင် ပုဂ္ဂိုလ်ဖြစ်တယ်၊ ဗုဒ္ဓဘုရားကို ကိုးကွယ်ရင် တရားတော်နဲ့ သံဃာတော်လဲ ကိုးကွယ်တာပါပဲ၊ အဲဒီလို ဘုရားအစစ်ကို ကိုးကွယ်နေတဲ့သူဟာ အပါယ်လေးပါးကို မကျရောက်နိုင်ဘူး၊ ရုပ်ကိုယ်ကြီးက အိုလို့ နာလို့ ဖြစ်စေ၊ ဘေးဒဏ်သင့်လို့ ဖြစ်စေ ပျက်စီးသွားတဲ့အခါ အဲဒီရုပ်ကိုယ်ကြီးကို စွန့်ပြီး ဘဝတစ်ပါး ပြောင်းသွားကြရတယ်၊ အဲဒီရုပ်ကိုယ်ကြီးကို စွန့်ရတဲ့အခါမှာ နတ်ပြည်ကိုရောက်ပြီးတော့ နတ်ဦးရေကို တိုးစေတယ်၊ နတ်ပြည်ကိုပြည့်စေပါတယ်တဲ့၊ သရဏဂုံတည်တဲ့ အမျိုးသားတစ်ယောက် သေသွားရင် နတ်ပြည်မှာ ဘုန်းကံနဲ့ပြည်စုံတဲ့ နတ်သားတစ်ယောက် တိုးသွားတယ်၊ အမျိုးသမီးတစ်ယောက် သေသွားရင် နတ်သမီးတစ်ယောက် တိုးသွားတယ်၊ ငါးပါးသီလပြည့်စုံရင်တော့ သေတဲ့အခါနတ်ပြည်ရောက်ဖို့ ပိုပြီး သေချာတာပဲ၊ ဒါနကုသိုလ်နဲ့ ပြည့်စုံတဲ့သူလဲ နတ်ပြည်ရောက်နိုင်တာပဲ၊ သစ်သီးတစ်လုံး၊ ပန်းတစ်ပွင့်, မုန့်တစ်ခု, ဆွမ်းတစ်ဇွန်းလောက် လှူရုံနဲ့လဲ နတ်ပြည်ရောက်နိုင်တာပဲ၊ သာသနာတွင်းမှာ လှူတဲ့ဒါနက

http://www.dhammadownload.com



သာသနာပက ဒါနထက် အဆပေါင်းများစွာ သာပါတယ်။ မြတ်စွာဘုရား လက်ထက်က ရာဇဂြိုဟ်မြို့က ဣန္ဒကဆိုတဲ့ လူဟာ အရှင်အနုရုဒ္ဓါအား ဆွမ်းတစ်ဇွန်းမျှ လှူတဲ့ကုသိုလ်ကြောင့် တာဝတိံသာ နတ်ပြည်မှာ တန်ခိုးကြီးတဲ့ နတ်သားကြီး ဖြစ်သွားတယ်။

ကုဋ္ဌုဘိက္ခံ ဒတွာန၊
အနုရုဒ္ဓဿ ဣန္ဒကော။
သော ဟိတွာ မာနုသံ ဒေဟံ၊
တာဝတိံ သုပဂေါ အဟု။
ဒသဟိ ဌာနေဟိ အင်္ကုရံ၊
ဣန္ဒကော အတိရောစတိ။

ဣန္ဒကော–ဣန္ဒကဆိုတဲ့လူသည်၊ အနုရုဒ္ဓဿ–အရှင်နုရုဒ္ဓါအား၊ ကဋ္ဌုဘိက္ခံ–ဆွမ်းတစ်ဇွန်းကို၊ ဒတွာန–လှူပြီး၍၊ သော–ထိုဣန္ဒကသည်၊ မာနုသံ ဒေဟံ–လူ့ဘဝ လူ့ခန္ဓာကိုယ်ကို၊ ဟိတွာ–အသက်တမ်းစေ့၍ စွန့်ရသောအခါ၌၊ တာဝတိံသုပ–ဂေါ–တာဝတိံသာနတ်ရွာသို့ ရောက်သည်၊ အဟု–ဖြစ်လေ၏၊ ဣန္ဒကော–ဣန္ဒကနတ်သည်၊ အင်္ကုရံ–သာသနာပက အကြီးအကျယ်လှူခဲ့၍ တာဝတိံသာသို့ ရောက်နေသော အင်္ကုရနတ်ကို၊ ဒသဟိ ဌာနေဟိ–ကာမဂုဏ်ငါးမည် သက်ရှည် အစိုးရ လှပချမ်းသာ များစွာ ခြွေရံ ဆယ်တန်သော ဂုဏ်တို့ဖြင့်၊ အတိရောစတိ–ကျော်လွန်ထူးခြား တင့်တယ်သွားပေသတည်း။

http://www.dhammadownload.com



အင်္ကုရဆိုတဲ့လူဟာ သာသနာပကာလမှာ အကြီးအကျယ် ချက်ပြုတ်ကျွေးမွေး လှူဒါန်းခဲ့တယ်၊ ဘယ်လောက်ကြီးကျယ် သလဲဆိုတော့–ချက်ပြုတ်ရေးခေါင်းဆောင် အမျိုးသားတွေက သုံးထောင်ရှိသတဲ့၊ ထင်းခွဲသမားက ခြောက်သောင်း၊ ချက်ပြုတ် စရာကို ကြိတ်ချေပြုပြင်ပေးတဲ့ အမျိုးသမီးက ခြောက်သောင်း၊ ယောင်းမကိုင် အမျိုးသမီးက ခြောက်သောင်းရှိသတဲ့၊ အဲဒီ လောက် များပြားတဲ့ အလုပ်သမားတွေနဲ့ လာလာသမျှ လူတွေကို နေ့စဉ် အနှစ်တစ်သောင်းကာလပတ်လုံး ချက်ပြုတ်ကျွေးမွေး လှူဒါန်းခဲ့တယ်၊ အဲဒီကောင်းမှုကြောင့် တာဝတိံသာမှာ နတ်ဖြစ် နေတယ်။ အဲဒီ အင်္ကုရနတ်သားနှင့် ဣန္ဒကနတ်သားတို့ဟာ အဘိဓမ္မာ တရားဟောခါနီး၌ မြတ်စွာဘုရား၏ မျက်မှောက် အနီးမှာ ရှိသေစွာ ထိုင်နေကြတယ်၊ တန်ခိုးကြီးတဲ့ နတ်များ လာတဲ့အခါ အင်္ကုရနတ်သားက နောက်သို့ ဆုတ်ဆုတ်ပြီး နေရာပေးရတဲ့အတွက် မြတ်စွာဘုရားနှင့် ၁၂–ယူဇနာဝေးတဲ့ အရပ် ရောက်သွားတယ်၊ ဣန္ဒကနတ်သားကတော့ မြတ်စွာဘုရား အနီး မူလနေမြဲနေရာမှာပဲ ရှိနေပါသတဲ့၊ ဒါဟာ သူ့ထက် တန်ခိုးကြီးသူ မရှိလို့ ဖယ်မပေးရတာပဲ၊ သာသနာပ၌ အင်္ကုရက– အကြီးအကျယ် ပေးလှူခဲ့ပေမယ့် သာသနာတွင်း၌ ဆွမ်းတစ်ဇွန်း မျှ လှူတဲ့ ဣန္ဒကလောက် တန်ခိုးမကြီးဘဲ တန်ခိုးသေးငယ်နေ ရရှာတယ်၊ ဒါကြောင့် ပေးလှူတဲ့အခါမှာ သီလစသော ဂုဏ်နှင့် ပြည့်စုံတဲ့အလှူခံပုဂ္ဂိုလ်ကို ရွေးချယ်ပြီးလှူသင့်ကြောင်း မြတ်စွာ

http://www.dhammadownload.com



ဘုရားက ဟောကြားတော်မူပါတယ်၊ ဒီဣန္ဒကဝတ္ထုဖြင့် သာသနာတော်တွင်းမှာ နတ်ပြည်တိုးတက်ကြောင်း, တန်ခိုးကြီးတဲ့ နတ်တွေ တိုးပွားကြောင်း သိရပါတယ်။

ဘုရားလက်ထက်တော် ကာလက အိန္ဒိယအလယ်ပိုင်း ဗုဒ္ဓသာသနာ ထွန်းကားရာအရပ်မှာ လူဦးရေ သန်းတစ်ရာလောက် ရှိတယ် ဆိုဦးတော့ သန်းရှစ်ဆယ်လောက်ကတော့ ဗုဒ္ဓသာသနာ ဝင်တွေ နေမှာပဲ၊ အဲဒီ ဗုဒ္ဓ သာသနာဝင် ပုဂ္ဂိုလ်တွေဟာ အနာဂါမ် ရဟန္တာမှတစ်ပါး ဆိုရင် သေတဲ့အခါ နတ်ပြည်ကို ရောက်ဖို့ကပဲ အတိုင်းထက်အလွန် များမှာပါပဲ၊ အဲဒီတော့ နတ်ပြည်မှာ နေ့စဉ်နေ့တိုင်း နတ်ဦးရေ ရာပေါင်းများစွာ တိုးတက်နေမှာပါပဲ၊ ဘုန်းကံကြီးတဲ့ နတ်တွေဖြစ်တဲ့အတွက် ဗိမာန်တွေလဲပဲ အလွန်လှပကြီးကျယ်တာတွေချည်း ဖြစ်မှာပဲ၊ လူ့လောက၌ စီးပွားရေးကောင်းတဲ့ အရပ်ဒေသများမှာ အဆောက်အအုံကောင်းတွေ တိုးပွားနေသလို ရှိမှာပါပဲ၊ အဲဒီလို သာသနာတွင်းကာလ၌ နေ့စဉ် နတ်ဦးရေတွေ တိုးပွားနေတာကို မျက်မြင် ဖြစ်နေသောကြောင့် သိကြားမင်းက ဘန္တေ–မြတ်စွာဘုရား၊ မေ–တပည့်တော်သည်၊ တံ့ဣဒံ–ထိုရှေးဟောင်း နတ်များထံမှ ကြားဖူးသော "သာသနာတွင်းကာလ၌ နတ်ပြည် တိုးတက်ခြင်း, နတ်ဦးရေ တိုးပွားခြင်း" ဟူသော ဤအကြောင်း အရာကို၊ သက္ခိဒိဋ္ဌ–မျက်မြင်ကိုယ်တွေ့ ဖြစ်နေပါတော့သည်လို့ လျှောက်

http://www.dhammadownload.com



ပါတယ်၊ အဲဒီလို လျှောက်ပြီးတော့ ဂေါပကနတ်သား ဝတ္ထုကို ဆက်လက်ပြီး လျှောက်ပါတယ်။

## ဂေါပကဝတ္ထု

ကပိလဝတ်ပြည်(မြို့) မှ ဂေါပိကာဆိုတဲ့ သာကီဝင် မင်းသမီးဟာ ဘုရား၊ တရား၊ သံဃာ၌ ကြည်ညိုယုံကြည်တဲ့ သဒ္ဓါတရားနဲ့လဲ ပြည့်စုံပါတယ်၊ ငါးပါးသီလကိုလဲ လုံခြုံစွာ စောင့်ထိန်းပါတယ်၊ အဲဒီ ဂေါပိကာဟာ မိန်းမဘဝကို ရွံရှာပြီးတော့ ယောကျ်ားဘဝကို လိုလားတောင့်တပြီး သေတဲ့ အခါမှာ တာဝတိံသာနတ်ပြည်၌ သိကြားမင်း၏ သားတော် ဖြစ်လာတယ်၊ သူ့ကို ဂေါပကနတ်သားလို့ ခေါ်ကြတယ်၊ အလျင်ဘဝတုန်းက မိန်းမဖြစ်တဲ့အတွက် ပါဠိတော်မှာရဖြင့် ဂေါပိကာလို့ ခေါ်တယ်၊ ယခုတော့ နတ်သားယောကျ်ား ဖြစ်တဲ့အတွက် ဂေါပကလို့ ခေါ်တယ်။

အခြားရဟန်းသုံးပါးလဲ ဂန္ဓဗ္ဗခေါ်တဲ့ သဘင်သည် ကချေသည် နတ်မျိုး၌ လာဖြစ်ကြတယ်၊ အဲဒီ ဂန္ဓဗ္ဗနတ်သုံးယောက်က သိကြားမင်းထံ ကပြဖျော်ဖြေရန် လာကြတယ်၊ အဲဒီအခါ ဂေါပက နတ်သားက အဲဒီ ဂန္ဓဗ္ဗနတ်သားသုံးယောက်ကို မြင်တွေ့ရတော့ အဲဒီသုံးယောက်က အခြား ဂန္ဓဗ္ဗနတ်တွေထက် အရောင်အဝါ တောက်ပတင့်တယ်နေတာကို တွေ့ရတဲ့အတွက် ဘယ်ဘဝက ဖြစ်လာကြသလဲဆိုတာ ဆင်ခြင်ကြည့်တယ်၊

http://www.dhammadownload.com



အဲဒီလို ဆင်ခြင်ကြည့်တဲ့အခါ လူ့ဘဝတုန်းက သူကိုးကွယ်လှူဒါန်းနေတဲ့ ရဟန်းသုံးပါးမှ ဖြစ်လာကြောင်း, အဲဒီရဟန်းများဟာ ရူပါဝစရဈာန်ကိုလဲ ရခဲ့ကြကြောင်း သိရတယ်။ အဲဒီတော့ ရဟန်းလဲဖြစ်ပါလျက် ဈာန်လဲရပါလျက် အောက်ကျယုတ်ညံ့တဲ့ ဂန္ဓဗ္ဗနတ်မျိုး၌ ဖြစ်နေတာကို အားမရ မကျေနပ်တဲ့အတွက် သူက အဲဒီ ဂန္ဓဗ္ဗနတ်သုံးယောက်ကို ဒီလို သတိပေးစကား ပြောကြားပါတယ်။

မာရိသာ–အမောင် ကချေသည်နတ်တို့၊ တုမှေ–သင်တို့သည်၊ တဿ ဘဂဝတော ဓမ္မံ–ထိုမြတ်စွာဘုရား၏ တရားတော်ကို၊ ကုတောမုခါ အဿုတ္ထ–ရှေးဘဝတုန်းက ဘယ်ဘက်ကိုမျက်နှာမူ၍ နာကြားလာခဲ့ကြပါကုန်သနည်း–တဲ့၊ ဒါဟာ မာန်မဲပြီး သတိပေးတဲ့ စကားပါပဲ၊ မြတ်စွာဘုရားက တရားတော်ကို သံသရာဝဋ်ဆင်းရဲမှ လွတ်မြောက်ဖို့ နိဗ္ဗာန်ရောက်ဖို့ ဟောတော်မူခဲ့တယ်၊ အဲဒီ နိဗ္ဗာန် မရောက်သေးတောင် မြင့်မြတ်တဲ့ ဘဝသို့ ရောက်ဖို့ ဟောတော်မူခဲ့တယ်။ သင်တို့ဟာ ဟိုအလျင်ဘဝတုန်းက မြင့်မြတ်တဲ့ ရဟန်းအဖြစ်သို့ ရောက်ပြီးတော့ မြင့်မြတ်တဲ့ ရဟန်းတရားကို ကျင့်လာခဲ့ကြတယ်၊ အဲဒီလို ကျင့်ရာမှာ ဘယ်ဘက်ကို ရှေးရှုရည်သန်ပြီး နာယူလာကြပါ သလဲ, ကျင့်လာကြပါသလဲ၊ မြတ်စွာဘုရားက အမြင့်အမြတ်ရောက်ဖို့ ဟောတဲ့ တရားကို သင်တို့က ယုတ်ညံ့တဲ့

http://www.dhammadownload.com



ဂန္ဓဗ္ဗနတ်မျိုးထဲဖြစ်ဖို့လောက် သိနားလည်လာခဲ့ကြပါသလားလို့ ကြိမ်းမောင်း ပြောဆိုလိုက်တာပါပဲ။

အဟံ ဟိ နာမ ဣတ္ထိကာ သမာနာ ဗုဒ္ဓေ ပသန္နာ ဓမ္မေ ပသန္နာ သံဃေ ပသန္နာ သီလေသု ပရိပူရကာရိနီ ဣတ္ထိတ္တံ ဝိရာဇေတွာ ပုရိသတ္တံ ဘာဝေတွာ ကာယဿ ဘေဒါ ပရံ မရဏာ သုဂတိံ သဂ္ဂံ လောကံ ဥပပန္နာ၊ ဒေဝါနံ တာဝတိံသာနံ သဟဗျတံ သက္ကဿ ဒေဝါ နမိန္ဒဿ ပုတ္တတ္တံ အဇ္ဈုပဂတာ။

ဟိ–ဒီလို ကြိမ်းမောင်း၍ ပြောဆိုရခြင်း၏ အကြောင်းကား၊ အဟံ–ငါသည်၊ အဟံနာမ–ငါသို့သော သူသည်ပင်၊ ဣတ္ထိကာ သမာနာ–ရှေးဘဝက မိန်းမသားဖြစ်ပါလျက်၊ ဗုဒ္ဓေ ပသန္နာ ဓမ္မေ ပသန္နာ သံဃေ ပသန္နာ–ဘုရား၌, တရား၌, သံဃာ၌ ကြည်ညိုသည်ဖြစ်၍၊ သီလေသု ပရိပူရကာရိနီ–ငါးပါး သီလတို့၌ ပြည့်စုံစွာ ကျင့်သည်ဖြစ်၍၊ (ဒီဂုဏ်လေးပုဒ်ဖြင့် ဓမ္မာဒေါသ တရား လေးပါးဖြင့် ပြည့်စုံကြောင်း ပြဆိုတာပါပဲ၊) ဣတ္ထိတ္တံ ဝိရာဇေတွာ–မိန်းမအဖြစ်ကို စက်ဆုပ်ရွံရှာကာ သာယာမှု ကင်းစေ၍၊ ပုရိသတ္တံဘာဝေတွာ–ယောကျ်ားအဖြစ်ကို လိုလားသော အားဖြင့် ဖြစ်စေ၍၊ (ဒီဂုဏ်နှစ်ပုဒ်ဖြင့် မိန်းမအဖြစ်နဲ့ ဆိုရင် လူ့လောက၌ အမြတ်ဆုံးဖြစ်တဲ့ စကြဝတေးမင်း မဖြစ်နိုင် ဘူး၊ နတ်လောက၌လဲ သိကြားမင်း စသည် မဖြစ်နိုင်ဘူး၊ ပစ္စေကဗုဒ္ဓါလဲ မဖြစ်နိုင်ဘူး၊ ဘုရားလဲ မဖြစ်နိုင်ဘူး၊ ယောကျ်ား

http://www.dhammadownload.com



အဖြစ်နဲ့သာ အဲဒီ အမြင့်အမြတ်တွေ အကုန် ဖြစ်နိုင်တယ် စသည်ဖြင့် မိန်းမအဖြစ်ကို မလိုလားတော့ဘဲ ယောကျ်ားအဖြစ်ကိုသာ လိုလားတောင့်တခဲ့ခြင်းကို ပြဆိုတာပါပဲ၊ ကာယဿဘေဒါ ပရံမရဏာ–လူ့ဘဝ ရုပ်ကိုယ်ပျက်ပြီး သေသည်မှနောက်၌၊ သုဂတိံ သဂ္ဂံ လောကံ–သုဂတိ နတ်ပြည်လောကသို့၊ ဥပပန္နာ–ကပ်ရောက်၍ဖြစ်ခဲ့ပါသည်၊ ဒေဝါနံ တာဝတိံသာနံ–တာဝတိံသာ နတ်တို့၏၊ သဟဗျတံ–အပေါင်းအဖော် အမျိုးတူ နတ်အဖြစ်သို့၊ သက္ကဿဒေဝါနမိန္ဒဿ ပုတ္တတ္တံ–သိကြား နတ်မင်းကြီး၏ သားတော်အဖြစ်သို့၊ အဇ္ဈုပဂတာ–ရောက်ခဲ့ပါသည်တဲ့။

ဒီစကားကတော့ ဂေါပကနတ်သားက သူဟာ အရင်ဘဝက ဂေါပိကာဆိုတဲ့ မိန်းမ ဖြစ်ပါလျက် သဒ္ဓါသီလနှင့်ပြည့်စုံခဲ့တဲ့အတွက် အထက်တန်းကျတဲ့ တာဝတိံသာနတ်လဲ ဖြစ်တယ်၊ နတ်သားလဲ ဖြစ်တယ်၊ သိကြားမင်း၏ သားတော်လဲ ဖြစ်တယ် ဆိုတာကို ဖော်ပြပြီးတော့ အဲဒီ ဂန္ဓဗ္ဗနတ်သုံးယောက်ဟာ ရှေးဘဝက မြင့်မြတ်တဲ့ ရဟန်း ဖြစ်ခဲ့တယ်၊ ဈာန်လဲ ရခဲ့တယ်၊ ဒီလို မြင့်မြတ်တဲ့ အခြေအနေတွေနဲ့ ပြည့်စုံနေပါလျက် ယုတ်ညံ့တဲ့ ကချေသည် သဘင်သည်နတ်မျိုး ဖြစ်နေတာ မသင့်တော်ဘူး၊ ရှက်ဖွယ်ကောင်းတယ်လို့ သိစေတဲ့ စကားပါပဲ၊ ဟုတ်ပေတယ်၊ တပည့်မ ဒကာမက အမြင့်မြတ်နတ်မျိုးဖြစ်နေပါလျက် ဆရာရဟန်းတွေက အောက်တန်းစား ကချေသည်ဖြစ်ပြီးတော့ ကိုယ့်တပည့်မ နတ်သားအား သီဆိုကပြဖျော်ဖြေနေတယ်ဆိုတော့

http://www.dhammadownload.com



တကယ့်ကို ရှက်ဖွယ်ကောင်းနေတာပါပဲ၊ ဒါကြောင့် ဒီလိုလဲ ဆက်ပြီး ပြောဆိုပြန်တယ်။

တုမှေ ပန မာရိသာ ဘဂဝတိ ဗြဟ္မစရိယံ စရိတွာ ဟီနံ ဂန္ဓဗ္ဗကာယံ ဥပပန္နာ၊ ဒုဒ္ဒိဋ္ဌရူပံ ဝတ ဘော အဒ္ဒသာမ၊ ယေ မယံ အဒ္ဒသာမ သဟဓမ္မိကေ ဟီနံ ဂန္ဓဗ္ဗကာယံ ဥပပန္နေ။

မာရိသာ–အမောင် ဂန္ဓဗ္ဗနတ်သားတို့၊ တုမှေ ပန်–သင်တို့ သည်ကား၊ ဘဂဝတိ–မြတ်စွာဘုရား၏ သာသနာတော်၌၊ ဗြဟ္မစရိယံ စရိတွာ–မြတ်သော ရဟန်းသိက္ခာအကျင့်ကို ကျင့်ကြပြီး၍၊ ဝါ–ကျင့်ကြပါလျက်၊ ဟီနံ ဂန္ဓဗ္ဗကာယံ–ယုတ်ညံ့သော ကချေသည် သဘင်သည်နတ်မျိုးသို့၊ ဥပပန္နာ–ကပ်ရောက်လျက် ဖြစ်နေကြရတုံဘိ၏၊ ဘော–အို အချင်းတို့၊ ယေ မယံ–အကြင်ငါတို့သည်၊ သဟဓမ္မိကေ–ဘုရားသာသနာတော်၌ အတူတရားကျင့်ဖက် ဖြစ်ကုန်သော သူတို့ကို၊ ဟီနံ ဂန္ဓဗ္ဗကာယံ ဥပပန္နေ–ယုတ်ညံ့သော ဂန္ဓဗ္ဗနတ်မျိုးသို့ ကပ်ရောက် နေကြသည်တို့ကို၊ အဒ္ဒသာမ–တွေ့မြင်ကြကုန်၏။ တေ မယံ–ထိုငါတို့သည်၊ ဒုဒ္ဒိဋ္ဌရူပံ–မကောင်းသဖြင့် မြင်ရသော သဘောကို၊ ဝါ–မမြင်သင့် မမြင်ထိုက်သည်ကို၊ အဒ္ဒသာမဝတ–တွေ့မြင်ကြရလေကုန်စွတကားတဲ့။

အဲဒီလို ဂေါပကနတ်သားက ကြိမ်းမောင်း ရှုတ်ချပြီး သတိပေးစကား ပြောကြားလိုက်တော့ အဲဒီ ဂန္ဓဗ္ဗနတ် သုံး

http://www.dhammadownload.com



ယောက်က ဒီလို စဉ်းစားဆင်ခြင်မိကြပါသတဲ့၊ ဘယ့်နှယ်လဲ ငါတို့က သီဆိုကပြဖျော်ဖြေနေတာကို ဆုမွန်လာဘ်ကောင်း ပေးသင့်ပါလျက် ဒီနတ်သားက ဘာ့ကြောင့် ဒီလို ကြိမ်းမောင်း ရှုတ်ချ ပြောဆိုနေပါလိမ့်မလဲလို့ စဉ်းစားကြည့်တဲ့အခါ၊ သြော် ငါတို့ဟာ ရှေးဘဝတုန်းက မြတ်စွာဘုရား သာသနာတော်က မြင့်မြတ်သော ရဟန်းတွေ ဖြစ်ခဲ့တယ်၊ ဈာန်ကိုလဲ ရခဲ့တယ်၊ ဂေါပကဆိုတဲ့ ဒီနတ်သားက ငါတို့အား ထောက်ပံ့လှူဒါန်းနေတဲ့ သာကီဝင် မင်းသမီး ဂေါပိကာပဲ၊ ယခု သူက သိကြားမင်း၏ သားတော် ဖြစ်နေတယ်၊ ငါတို့က ရရှိထားတဲ့ ဈာန်ကုသိုလ်၏ အစွမ်းဖြင့် နတ်တွေထက်မြင့်မြတ်တဲ့ ဗြဟ္မာတောင် ဖြစ်နိုင်တာပဲ၊ သို့ဖြစ်ပါလျက် ငါတို့က ရှေးကပြုဖူးတဲ့ ဒိဂန္ဓဗ္ဗနတ်မျိုးမှာ သာယာစွဲလမ်းတဲ့ သံယောဇဉ်ကြောင့် ယုတ်ညံ့တဲ့ ဒိဂန္ဓဗ္ဗနတ်မျိုးထဲ ဖြစ်နေကြရတာပဲ၊ ဒါကြောင့် ဂေါပကနတ်သားက ငါတို့ကို သတိပေးစကား ပြောကြားတာပဲလို့ စဉ်းစားဆင်ခြင်ပြီးတော့ အဲဒီ နတ်သားသုံးယောက်ထဲက နှစ်ယောက်က သံဝေဂ ဖြစ်ပွား ပြီးတော့ ရှေးဘဝက နှလုံးသွင်းခဲ့တဲ့ တရားကို ရှုမှတ်နှလုံးသွင်း ကြတဲ့အတွက် ထိုအခိုက်တစ်ခဏကလေးအတွင်းမှာပင် ဈာန်ကို လဲ ပြန်ရတယ်၊ ဈာန်ရပြီး ဝိပဿနာရှုသဖြင့် ချက်ချင်းပင် အနာဂါမိမဂ်ဖိုလ်အထိ ပေါက်ရောက်ပြီး အနာဂါမ် ဖြစ်သွား ကြတယ်၊ အနာဂါမ်ဖြစ်ပြီးတော့ အဲဒီနတ်ဘဝမှ စုတေပြီး ချက်ချင်းပင် ဗြဟ္မပုရောဟိတာခေါ်သည့် ပထမဈာန် ဗြဟ္မာသုံးမျိုး

http://www.dhammadownload.com



ထဲက အလတ်စား ဗြဟ္မာဖြစ်ပြီး နတ်တွေကို ကျော်လွန်ကာ ဗြဟ္မာ့ဘုံသို့ တက်သွားကြတယ်၊ နတ်တစ်ဦးကတော့ ကာမ ကိလေသာ အစွဲကို မပယ်နိုင်လို့ မူလရင်းအတိုင်းပဲ တည်ရှိနေ ပါသတဲ့။

အဲဒီ စကားရပ်ထဲမှာ ရှေးက ဖြစ်ဖူးတဲ့ ဂန္ဓဗ္ဗနတ်မျိုးမှာ သာယာစွဲလမ်းတဲ့ သံယောဇဉ်ကြောင့် အဲဒီ ယုတ်ညံ့တဲ့ နတ်မျိုး ထဲ ဖြစ်ရတယ်ဆိုတာ အထူးသတိပြုစရာပဲ၊ ယခု လူတွေဟာ မိမိတို့ မွေးဖွားရာ ဇာတိအရပ်ကို အထူးအမြတ်အနေနဲ့ သာယာ စွဲလမ်းတာမျိုးကြောင့် ဖြစ်ဖွယ် ရှိတာပါပဲ၊ အဲဒီ ရဟန်းသုံးပါးသာ မဟုတ်ဘူး၊ ဗိမ္ဗိသာရမင်းကြီးဟာ သောတာပန်ပဲ၊ ဝေဠုဝန် ဥယျာဉ်ကြီးကို လှူတဲ့ ကျောင်းအရံ ဒါယကာကြီးလဲ ဖြစ်တယ်၊ ဘုရားအမှူးရှိသော သံဃာတော်အား ပစ္စည်းလှူဒါန်းတဲ့ ဒါယကာ ကြီးလဲ ဖြစ်တယ်၊ မြတ်စွာဘုရားကို ပထမဝါအလွန်မှ စပြီး ၃၇–ဝါအထိ ဆည်းကပ် ပူဇော်လာခဲ့တဲ့ ကောင်းမှုရှင်ကြီးလဲ ဖြစ်တယ်၊ ဒါပေမယ့် ရှေးဘဝများက ခုနစ်ကြိမ်တိုင်တိုင် ဖြစ်ခဲ့ဖူးတဲ့ နေရာဖြစ်တဲ့အတွက် အဲဒီမှာ သာယာစွဲလမ်းတဲ့ သံယောဇဉ်ကြောင့် စတုမဟာရာဇ် နတ်မျိုးထဲက ဝေဿဝဏ်ဆိုတဲ့ စတုမဟာရာဇ် နတ်မင်းကြီး၏ လက်အောက်ခံ ဇနဝသဘဆိုတဲ့ နတ် ဖြစ်နေရတယ်၊ အဲဒီ ဗိမ္ဗိသာရမင်းကြီးဟာ အထက်နတ် ပြည်တွေမှာလဲ ဖြစ်နိုင်တယ်၊ နတ်မင်းကြီးလဲဖြစ်နိုင်တယ်၊ ဒါပေမယ့် အဲဒီ စတု မဟာရာဇ်နတ်ပြည်မှ လူ့ပြည်ရောက်လိုက်၊

http://www.dhammadownload.com



လူ့ပြည်က အဲဒီ စတုမဟာရာဇ်နတ်ပြည် ရောက်လိုက်နဲ့ ခုနစ်ဘဝတိုင်တိုင် ဖြစ်ခဲ့ဖူးတဲ့ ဌာနဖြစ်နေလို့ သံယောဇဉ် ရှိနေသောကြောင့် အဲဒီ စတုမဟာရာဇ် နတ်မျိုး၌သာ ဖြစ်နေရပါသတဲ့၊ ဒါကြောင့် ဇာတိအရပ် အစွဲအလမ်းကို ပယ်နိုင်ရန် အထူးသတိပြုကြရမယ်။

## နောက်ဘဝ၌ နတ်ဖြစ်ပြီး တရားထူးရနိုင်ပုံ

ဂန္ဓဗ္ဗနတ်သား နှစ်ဦးဟာ သံဝေဂရပြီးတော့ လူ့ပြည်မှာ ရဟန်းဘဝက အားထုတ်ခဲ့တဲ့ တရားကို နှလုံးသွင်းတဲ့အခါ ချက်ချင်းပင် ရှေးက ရဖူးတဲ့ဈာန်ကို ရပြီး ဝိပဿနာရှုလိုက်တော့လဲ တစ်ခဏချင်းပင် အနာဂါမိမဂ်ဖိုလ်အထိ ရသွားတယ်ဆိုတာကို အထူးသတိပြုကြရမယ်၊ ယခုဘဝမှာ တရားအားထုတ်လို့ မဂ်ဖိုလ်မရသေးပေမယ့် စိတ်အားငယ်စရာ မရှိပါဘူး၊ တရားကို မပြတ် အားထုတ်နေရင် နောက်ဘဝ နတ်ပြည်ရောက်ဖို့လဲ သေချာနေတာပဲ၊ အဲဒီ နတ်ပြည်ရောက်တော့ ယခုဘဝက အားထုတ်ခဲ့တဲ့ တရားကို သတိရပြီး နှလုံးသွင်း အားထုတ်လိုက်ရင် ချက်ချင်းပင် တရားထူးကို ရဖို့ရာလဲ သေချာပါတယ်၊ ဘာ့ကြောင့်လဲဆိုတော့ နတ်ခန္ဓာကိုယ်ရုပ်တွေက ကြည်လင်သန့်ရှင်းပြီး သုခနဲ့ ပြည့်စုံနေသောကြောင့်ပါပဲ၊ အဲဒီ အကြောင်းအရာကို စတုက္ကင်္ဂုတ္တရ သောတာနုဂတသုတ် ၅၀၅ မှာ ဒီလိုဟောထားပါတယ်။

http://www.dhammadownload.com



တဿ တတ္ထ သုခိနော ဓမ္မပဒါ ပ္လဝန္တိ၊ ဒန္ဓော ဘိက္ခဝေ သတုပ္ပါဒေါ၊ အထ သော သတ္တော ခိပ္ပံ ဝိသေသဂါမီ ဟောတိ။

တတ္ထ–ထိုနတ်ပြည်၌၊ သုခိနော–ချမ်းသာသုခနှင့် ပြည့်စုံနေသော၊ တဿ–ထိုသတ္တဝါတို့အား၊ ဓမ္မပဒါ–တရားပုဒ်တို့သည်၊ ပ္လဝန္တိ–ထင်ပေါ်ကုန်၏၊ ဘိက္ခဝေ–ရဟန်းတို့၊ သတုပ္ပါဒေါ–ရှေးဘဝက လေ့လာခဲ့သော တရားကို သတိရခြင်းသည်၊ ဒန္ဓော–နှေးသော် နှေးရာသေး၏၊ အထ–စင်စစ်အားဖြင့်သော်ကား၊ သော သတ္တော–ရှေးဘဝက လေ့လာခဲ့သော တရားကို သတိရသော ထိုသတ္တဝါတို့သည်၊ ခိပ္ပံ–လျင်မြန်စွာသာလျှင်၊ ဝိသေသဂါမီ–တရားထူးကို ရခြင်းအဖို့သည်၊ ဟောတိ–ဖြစ်ပေ၏တဲ့။

လူ့ဘဝတုန်းက တရားကျမ်းဂန်တွေ ကျက်မှတ်လေ့လာထားရင် ဖြစ်စေ၊ ကျင့်သုံးအားထုတ်လာခဲ့ရင်ဖြစ်စေ၊ နတ်ပြည်ရောက်တဲ့အခါကျတော့ ကိုယ်ချမ်းသာ စိတ်ချမ်းသာနဲ့ပြည့်စုံနေသောကြောင့် အဲဒီ လေ့လာခဲ့တဲ့ တရားက ထင်ရှားပေါ်လွယ်ပါတယ်၊ နတ်စည်းစိမ်တွေကြောင့် သတိမရဘဲ နောက်ကျနေရင်သာ နေရမယ်၊ တရားနာရလို့ ဖြစ်စေ၊ သူတစ်ပါးက သတိဖော်ပေးလို့ ဖြစ်စေ၊ ကိုယ့်ဟာကိုယ် ဆင်ခြင်မိလို့ ဖြစ်စေ သတိရရင်တော့ ချက်ချင်းပဲတရားတွေက ပေါ်လာပြီးတော့ တရားထူးကို ချက်ချင်းပဲ ရသွားနိုင်ပါတယ်တဲ့၊ အဲဒီတော့

http://www.dhammadownload.com



ယခုနေအခါ တရားအားထုတ် နေကြရတာဟာ အင်မတန် အားရဖွယ် ကောင်းပါတယ်၊ ယခုဘဝမှာ အကြောင်းမညီညွတ်လို့ တရားထူးကို မရသေးတောင်မှ နောက်ဘဝ နတ်ပြည်ကျတော့ တရားထူးရဖို့ သေချာနေတာပဲ–

ခုတင်က ပြောခဲ့တဲ့ ဂန္ဓဗ္ဗနတ် နှစ်ဦးဟာလဲ ရှေးဘဝက အားထုတ်ခဲ့တဲ့ တရားကို ပြန်လည်သတိရတာနဲ့ တစ်ခဏအတွင်း မှာပင် ဈာန်လဲ ရတယ်၊ အနာဂါမိမဂ်ဖိုလ် တိုင်အောင် လောကုတ္တရာ တရားထူးတွေလဲ ရသွားကြတယ်၊ နတ်ပြည်မှာ အနာဂါမ်ဖြစ်ရင် ကာမဂုဏ်အာရုံတွေက အလွန်များပြား လွှမ်းမိုး နေတဲ့အတွက် ကြာရှည်စွာ မတည်နိုင်ဘူး၊ ချက်ချင်းပင် စုတေပြီး ဗြဟ္မာ့ဘုံ ရောက်သွားကြရမြဲ ဖြစ်တယ်၊ ဒါကြောင့် အဲဒီ နတ်သားနှစ်ဦးဟာ အနာဂါမ်ဖြစ်ပြီး ချက်ချင်းပင် စုတေပြီး ဗြဟ္မပုရောဟိတာဆိုတဲ့ ဗြဟ္မာလဲ ဖြစ်သွားတယ်၊ နတ်တွေပေါ် ကျော်ပြီး အထက်ဗြဟ္မာ့ပြည်သို့ တက်သွားတာကိုလဲ သိကြား မင်းနှင့် နတ်တွေအားလုံးပဲ မြင်လိုက်ကြရတယ်၊ အဲဒီလို တာဝတိံသာနတ်တွေပေါ် ကျော်သွားတာကို မြင်ရတော့ သိကြား မင်းက သံဝေဂဖြစ်ပြီး "ဘယ့်နှယ်လဲ ယုတ်ညံ့တဲ့ ဂန္ဓဗ္ဗနတ်သား နှစ်ဦးက တာဝတိံသာနတ်တွေပေါ် ကျော်တက်သွားပါကလား၊ ဘယ်လိုဖြစ်တာလဲ" လို့ မေးလိုက်ပါတယ်။

အဲဒီတော့ ဂေါပကနတ်သားက ဒီလိုပြောကြားပါတယ်၊ ဒီဂန္ဓဗ္ဗနတ်သုံးဦးဟာ လူ့ဘဝတုန်းက မိမိကိုးကွယ်ခဲ့တဲ့ ရဟန်း

http://www.dhammadownload.com



သုံးပါး ဖြစ်ပါတယ်၊ သူတို့ဟာ ရှေးဘ၀က ပဥ္စမရှာန်ကိုလဲ ရခဲ့ပါတယ်၊ ဒါပေမယ့် သံယောဇဉ် အစွဲအလမ်းကြောင့် ဂန္ဓဗ္ဗ နတ်မျိုးထဲမှာ ဖြစ်နေကြပါတယ်၊ ယခုအခါမှာ မိမိက သတိ ပေးစကား ပြောကြားလိုက်တဲ့အတွက် နှစ်ဦးက သံဝေဂသတိ တရားရပြီး နှလုံးသွင်းကြသောကြောင့် ဈာန်ကိုလဲရ မဂ်ဖိုလ် တရားထူးကိုလဲရပြီး တာဝတိံသာနတ်တွေအပေါ် ကျော်ကာ ဗြဟ္မာ့ပြည်သို့ တက်သွားကြပါတယ်၊ တစ်ဦးကတော့ ကာမရာဂ သံယောဇဉ် အစွဲကြောင့် ရှိမြဲပင်ရှိနေရစ်ပါတယ်လို့ ပြောကြား လိုက်ပါတယ်။

အဲဒီတုန်းကတည်းက အဲဒီအကြောင်းအရာများကို သိခဲ့ရတဲ့ အတွက် အဲဒီ ဂန္ဓဗ္ဗနတ် နှစ်ဦးလို တရားထူးရရင် ကောင်းမှာပဲလို့ သိကြားမင်းက မျှော်လင့်တောင့်တခဲ့ပါတယ်၊ ဒါကြောင့် အဲဒီ အကြောင်းအရာကို လျှောက်ထားပြီးတော့ မေးမြန်းလျှောက်ထား ခွင့်ကို ဒီလို လျှောက်တောင်းပါတယ်။

## ပြဿနာမေးရန် သိကြားမင်းက ခွင့်တောင်းပုံ

ယံ တေ ဓမ္မံ ဣဓညာယ၊
ဝိသေသံ အဇ္ဈဂံသု တေ။
ကာယံ ဗြဟ္မပုရောဟိတံ၊
ဒုဝေ တေသံ ဝိသေသဂူ။
တဿ ဓမ္မဿ ပတ္တိယာ၊

http://www.dhammadownload.com



အာဂတမှာသိ မာရိသ။
ကတာဝကာသာ ဘဂဝတာ၊
ပဥ္စ ပုစ္ဆေမု မာရိသ။

မာရိသ-မြတ်စွာဘုရား၊ တေသံ-ထိုသုံးဦးသော ဂန္ဓဗ္ဗ နတ်တို့တွင်၊ ယေ ဒုဝေ-အကြင် နှစ်ဦးသော နတ်တို့သည်၊ တေ-အရှင်ဘုရား၏၊ ယံ ဓမ္မံ-အကြင်တရားကို၊ ဣဓ-ဤနတ်ပြည်လောက၌၊ အညာယ-သိကြကုန်ပြီး၍၊ ယံ ဝိသေသံ-အကြင်တရားထူးကို၊ အဇ္ဈဂံသု-ရသွားကြပါသည် အရှင်ဘုရား၊ ဝိသေသဂူ-တရားထူးကို ရသွားကုန်သော၊ တေဒုဝေ-ထိုနှစ်ဦး သော နတ်တို့သည်၊ ဗြဟ္မပုရောဟိတံ ကာယံ-ဗြဟ္မပုရောဟိတာ နတ်ကိုယ်ကို၊ အဇ္ဈဂံသု-ရသွားကြပါသည် အရှင်ဘုရား။

မာရိသ-မြတ်စွာဘုရား၊ တဿ ဓမ္မဿ-ထိုနတ်သား နှစ်ဦး ရသွားသော အရှင်ဘုရား ဟောထားသည့်တရားကို၊ ပတ္တိယာ-ရောက်ရန် ရရန်အလို့ငှာ၊ မယံ-တပည့်တော်တို့သည်၊ ဣဓ-ဤအရပ်သို့၊ အာဂတာ-လာခဲ့ကြသည်၊ အမှ-ဖြစ်ကြပါ သည် အရှင်ဘုရား၊ (ဤ၌ သိ-သည် သေ-ဟူသော နိပါတ်၊ သို့မဟုတ် အာဂုမ်မှ ဖြစ်လာသည်။)

သိကြားမင်းက မြတ်စွာဘုရားကို ရှည်လျားစွာ လျှောက် ထားလာခဲ့တာဟာ ဒီစကားကလိုရင်းပါပဲ၊ ဟို ဂန္ဓဗ္ဗနတ်သား သုံးဦးထဲက နတ်သား နှစ်ဦးဟာ အရှင်ဘုရား ဟောကြားထား သည့် တရားတော်ကို ယခုမျက်မှောက် နတ်ဘဝမှာပဲ နတ်ပွဲ

http://www.dhammadownload.com



သဘင်ကြီး ကျင်းပနေစဉ် တစ်ခဏကလေးအတွင်း ချက်ချင်းပင် ရပြီးတော့ ဗြဟ္မပုရောဟိတာဆိုတဲ့ ဗြဟ္မာဖြစ်သွားကြပါတယ်၊ အဲဒီနတ်သား နှစ်ဦး ရသွားတဲ့ တရားထူးကို လိုချင်လို့ မြတ်စွာဘုရားထံ လာခဲ့ကြပါတယ်တဲ့။

အဲဒါဟာ တကယ် အရေးကြီးတဲ့ အချက်ပါပဲ၊ လူတွေက နတ်တွေကို မှန်းဆပြီး ကိုးကွယ်နေကြတယ်၊ နတ်တွေကလဲ ဗြဟ္မာကို ကိုးကွယ်နေကြတာပဲ၊ လူက နတ်ဖြစ်သွားတာကို မြင်ရမယ်ဆိုရင် သိပ်အံ့သြစရာကောင်းမှာပဲလို့ပင် နတ်က သိကြားမင်း၏ မျက်မှောက်မှာပင် ဗြဟ္မာဖြစ်သွားတာကို မြင်ရတော့ အလွန်အံ့သြစရာ ဖြစ်နေမှာပေါ့၊ နောက်ပြီးတော့ သေရမည့် ပုဗ္ဗနိမိတ်ကို မြင်ထားတဲ့အတွက် လက်ရှိထက် မြင့်မြတ်တဲ့ အဲဒီ ဗြဟ္မာဘဝကို ရမယ်ဆိုရင် သာပြီးကောင်းတယ်လို့လဲ ထင်မြင်မှာပေါ့၊ နတ်များမှာ သေခါနီး ဆေးကုတဲ့နည်းက တရားနာတာပါပဲလို့ ဆိုပါတယ်၊ ပုဗ္ဗနိမိတ် ထင်ပြီးတဲ့နောက် နတ်များမှာ အခြားနည်းဖြင့် ဆေးကုလို့ မရနိုင်တော့ဘူး၊ အချိန်စေ့တဲ့အခါ သေဖို့ပဲ ရှိတော့တယ်၊ တရားနာရင်တော့ တရားထူးရပြီး မြင့်မြတ်တဲ့ ဘဝကို ရောက်နိုင်တယ်၊ တရားထူးကို မရတောင်မှ အဲဒီ တရားနာတဲ့ ကုသိုလ်ကြောင့် မြင့်မြတ်တဲ့ ဘဝကို ရောက်နိုင်တယ်၊ ဒါကြောင့် နတ်များမှာ သေခါနီး တရားနာရတာဟာ အကောင်းဆုံး ဆေးကုတာပဲ–တဲ့။

ဒါကြောင့် သိကြားမင်းက သူ့မျက်မှောက်မှ တရားထူး

http://www.dhammadownload.com



များ ရပြီး ဗြဟ္မာလောကတက်သွားကြတဲ့ နတ်သားနှစ်ဦးလို အဲဒီ တရားထူးကို ရချင်လို့ မြတ်စွာဘုရားထံ လာရောက်ကြပါတယ်တဲ့၊ အဲဒီလို တရားထူးရအောင် တရားနာဖို့ မေးမြန်းလျှောက်ထားခွင့်ပြုပါရန် ဒီလိုဆက်ပြီး လျှောက်ပါတယ်။

မာရိသ–မြတ်စွာဘုရား၊ ဘဂဝတာ–မြတ်စွာဘုရားသည်၊ ကတာဝကာသာ–ပြုအပ်သောအခွင့်ကို ရကြပါလျှင်၊ ဝါ–အခွင့်ပြုတော်မူပါလျှင်၊ မယံ–တပည့်တော်တို့သည်၊ ပဉှံ–အမေးပြဿနာကို၊ ပုစ္ဆေမု–မေးမြန်းလျှောက်ထားလိုကြပါသည် အရှင်ဘုရား–လို့ အခွင့်တောင်းပါတယ်။

မြတ်စွာဘုရားက အခွင့်ပြုရင် မေးလျှောက်ချင်ပါတယ်၊ မေးပါရစေ အရှင်ဘုရားလို့ ခွင့်တောင်းတာပါပဲ၊ အဆင့်အတန်းမြင့်တဲ့ ယဉ်ကျေးမှုပြည့်စုံနေတဲ့ ပုဂ္ဂိုလ်က မေးချင်ရင် ဒီလို အခွင့်တောင်းပြီးမှ မေးလေ့ရှိပါတယ်၊ အဆင့်အတန်း နိမ့်တဲ့ လူ ယဉ်ကျေးမှု မပြည့်စုံတဲ့ လူကတော့ မေးချင်ရင် အခွင့်မတောင်းဘဲ တဲ့တိုးကြီး မေးလိုက်တော့တာပဲ၊ သိကြားမင်းကတော့ အဆင့်အတန်းလဲမြင့်၊ ယဉ်ကျေးမှုလဲပြည့်စုံနေတဲ့အတွက် မေးဖို့ရာ ရှေးဦးစွာ ခွင့်တောင်းတာပါပဲ။

အဲဒီတော့ မြတ်စွာဘုရားက ဆင်ခြင်တော်မူပြီး ခွင့်ပြုလိုက်ပါတယ်၊ ဆင်ခြင်ဆိုတာကလဲ စောစောကတည်းက သိထားပြီးကို ပြန်နှလုံးသွင်းမိရုံပါပဲ၊ အဲဒီ မြတ်စွာဘုရား၏ ဆင်ခြင်ပုံထဲမှာ "ဤသိကြားနတ်မင်းဟာ ဒီဃရတ္တံ ဝိသုဒ္ဓေါ–ရှည်စွာ

http://www.dhammadownload.com



သော ကာလပတ်လုံး စင်ကြယ်ခဲ့တယ်”ဆိုတဲ့ စကားအရ ရှည်မြင့်စွာသော ကာလမှ စင်ကြယ်ခဲ့ပုံကို အဋ္ဌကထာ၌ မဃဝတ္ထုဖြင့် ကျယ်ပြန့်ပြည့်စုံစွာ ပြထားပါတယ်၊ ဒါပေမယ့် ဒီမှာ သုတ်တရားတော်ကို ဟောပြဖို့ရာက လိုရင်းဖြစ်တဲ့အတွက် အဲဒီ မဃဝတ္ထုကိုတော့ ဒီနေရာမှာ မပြသေးဘဲ ခြွင်းချန်ထားလိုက်ပါတယ်၊ နောက်ပိုင်းကျမှ ဖော်ပြပါမည်၊ အဲဒီလို ရှည်မြင့်စွာသော ကာလမှစ၍ စင်ကြယ်ခဲ့သောကြောင့် “သူမေးရင် အကျိုးရှိတာကိုသာ မေးမှာပဲ၊ ဖြေကြားတဲ့အခါလဲ အလွယ်တကူ အလျင်အမြန် သိနားလည်သွားမှာပဲ” လို့ ဆင်ခြင်တော်မူပြီးတော့ မြတ်စွာဘုရားရှင်က ဒီလို အခွင့်ပြုစကားကို မိန့်ကြားတော် မူပါတယ်။

## ဘုရားရှင်က ခွင့်ပြုတော်မူပုံ

ပုစ္ဆ ဝါသဝ မံ ပဉှံ၊
ယံ ကိဉ္စိ မနသိစ္ဆသိ။
တဿ တဿေဝ ပဉှဿ၊
အဟံ အန္တံ ကရောမိ တေ။

ဝါသဝ–သိကြားမင်း၊ ယံ ကိဉ္စိ–အမှတ်မရှိ တစ်စုံတစ်ခုကို၊ မနသာ–စိတ်ဖြင့်၊ ဣစ္ဆသိ–မေးခြင်းငှာ အလိုရှိ၏၊ တံ ပဉှံ–ထို မေးလိုသမျှ ပြဿနာကို၊ မံ ပုစ္ဆ–ငါ့ကို မေးပါလော့၊ တေ–သင်၏၊ တဿ–တဿေဝ ပဉှဿ–ထိုထိုမေးသမျှ ပြဿနာ၏

http://www.dhammadownload.com



ပင်လျှင်၊အန္တ–ပြေလည်အောင် ဖြေကြားခြင်းဟူသော အဆုံးကို၊ အဟံ ကရိဿာမိ–ငါ ဘုရားက ပြုပေးပါမည်–လို့ ခွင့်ပြုတော်မူလိုက်ပါတယ်။

## သိကြားမင်း၏ အမေး

အဲဒီလို မြတ်စွာဘုရားရှင်က ခွင့်ပြုတော်မူလိုက်တဲ့အခါ သိကြားမင်းက ဒီလိုမေးပါတယ်။

ကိံသံယောဇနာ နု ခေါ မာရိသ ဒေဝါ မနုဿာ
အသုရာ နာဂါ ဂန္ဓဗ္ဗာ ယေ စညေ သန္တိ ပုထုကာယာ၊
တေ "အဝေရာ အဒဏ္ဍာ အသပတ္တာ အဗျာပဇ္ဈာ
ဝိဟရေမု အဝေရိနော" တိ ဣတိ စ နေသံ ဟောတိ၊
အထ စ ပန သဝေရာ သဒဏ္ဍာ သသပတ္တာ သဗျာပဇ္ဈာ
ဝိဟရန္တိ သဝေရိနော။

မာရိသ–အရှင်ဘုရား၊ ဒေဝါ–နတ်တို့သည်လည်းကောင်း၊ မနုဿာ–လူတို့သည်လည်းကောင်း၊ အသုရာ–အသုရာနတ်တို့သည် လည်းကောင်း၊ နာဂါ–နဂါးတို့သည် လည်းကောင်း၊ ဂန္ဓဗ္ဗာ–ဂန္ဓဗ္ဗနတ်တို့သည် လည်းကောင်း၊ အညေ–ဆိုအပ်ခဲ့ပြီးမှ တစ်ပါးကုန်သော၊ ယေ စ ပုထုကာယာ–အကြင်များစွာသော သတ္တဝါတို့သည် လည်းကောင်း၊ သန္တိ–ရှိနေကြပါသည်၊ နေသံ–နတ် လူ စသော ထိုသတ္တဝါအများတို့မှာ၊ ဣတိ စ–ဤသို့သော တောင့်တခြင်းသည်လည်း၊ ဟောတိ–ဖြစ်လျက် ရှိနေပါ

http://www.dhammadownload.com



သည်၊ မယ်-ငါတို့သည်၊ အဝေရာ-ခိုက်ရန်ဒေါသ ကင်းပကုန်သည် ဖြစ်၍၊ အဒဏ္ဍာ-လက်နက်ဥစ္စာ ဒဏ်သေးကင်းဝေးကုန်သည်ဖြစ်၍၊ အသပတ္တာ-ရန်သူဟူသမျှ ကင်းပကုန်သည် ဖြစ်၍၊ အဗျာ ပဇ္ဈာ-စိတ်ဆင်းရဲကင်းကွာ နှလုံးမသာ မရှိကြကုန်ဘဲ၊ အဝေရိနော-ခိုက်ရန်ဒေါသ အနည်းငယ်မျှ မရှိကြပဲ၊ ဝိဟရေမှုတိ-နေ လိုကြပါသည်ဟု လိုလားတောင့်တချက် ရှိကြပါကုန်၏၊ အထ စ ပန-ထိုသို့ပင် လိုလားတောင့်တချက် ရှိနေကြပါသော်လည်း၊ တေ-နတ် လူ စသော ထိုသတ္တဝါအများတို့သည်၊ သဝေရာ-ခိုက်ရန်ဒေါသ ရှိကြကုန်လျက်၊ သဒဏ္ဍာ-လက်နက် ဥစ္စာသေးဒဏ် ထိမှန်ကျရောက်ကြကုန်လျက်၊ သသပတ္တာ-ရန်သူတွေလဲ မကင်းပဲ ရှိနေကြကုန်လျက်၊ သဗျာပဇ္ဈာ-နှလုံးမသာပဲ စိတ် ဆင်းရဲ ရှိကုန်လျက်၊ သဝေရိနော-ခိုက်ရန်ဒေါသ မကင်းပဘဲ ရှိနေကုန်လျက်၊ ဝိဟရန္တိ-အလိုမကျဘဲ နေကြရသည်မှာ၊ ကိံ သံယောဇနော နုခေါ-အဘယ်သို့သော သံယောဇဉ် နှောင်ကြိုး ရှိနေကြ၍ပါနည်း အရှင်ဘုရား၊ ဝါ-အဘယ်သို့သော သံယောဇဉ် နှောင်ကြိုး ရှိနေသောကြောင့် ဤသို့ အလိုမကျဘဲ နေကြရပါကုန် သနည်း အရှင်ဘုရားလို့ မေးလျှောက်ပါတယ်။

ဆိုလိုတာကတော့ နတ်တွေ လူတွေ အစရှိတဲ့ ကာမဘုံက သတ္တဝါတွေဟာ ခိုက်ရန်ဒေါသဆိုတဲ့ ကိုယ်တွင်းရန်လဲကင်းပြီး နေချင်ကြတယ်၊ ဘယ်သူနဲ့မျှ ခိုက်ရန်ဒေါသ မဖြစ်ရဘဲ နေလို

http://www.dhammadownload.com



ကြတယ်၊ လက်နက်ဖြင့် အနှိပ်စက်ခံရတဲ့ ဘေးဒဏ်က ကင်းချင်ကြတယ်၊ ငွေကြေးပေးလျော်ရတဲ့ ဥစ္စာဒဏ်လဲ မသင့်ချင်ကြဘူး၊ ရန်သူလဲ ကင်းချင်ကြတယ်၊ စိတ်ဆင်းရဲလဲ ကင်းချင်ကြတယ်၊ စိတ်ဆိုးတဲ့ ဒေါသလဲ အနည်းငယ်မျှမဖြစ်ဘဲ နေလိုကြတယ်၊ မိမိတို့ ယုံကြည်အားကိုးတဲ့ ဘာသာရေးအရ "ဘေးရန် အန္တရာယ် ကင်းရပါလို၏၊ ဆင်းရဲကင်းရပါလို၏၊ ချမ်းသာစွာ နေရပါလို၏" စသည်ဖြင့် ဆုမွန်ကောင်းကိုလဲ တောင်းပြီး နေကြပါတယ်၊ ဒါပေမယ့် ဘေးရန် အန္တရာယ်တွေနဲ့ ဆင်းရဲတွေနဲ့ တွေ့နေကြရပါတယ်၊ အဲဒါဟာ ဘယ်လို သံယောဇဉ် နှောင်ကြိုး ရှိနေလို့ပါလဲ-လို့ မေးလျှောက်တာပါပဲ။

အင်မတန် ကောင်းတဲ့ မေးခွန်းပါပဲ၊ အဲဒီ မေးခွန်းအရ ပြေလည်အောင် ဆောင်ရွက်သွားနိုင်မယ်ဆိုရင် အလွန်ကောင်းမှာပါပဲ၊ အဲဒီ မေးခွန်းပြဿနာကို မြတ်စွာဘုရားရှင်က ဒီလို ဖြေကြားတော်မူပါတယ်။

## မြတ်စွာဘုရားရှင်၏ အဖြေ

ဣဿာမစ္ဆရိယသံယောဇနာ ခေါ ဒေဝါနမိန္ဒ ဒေဝါ မနုဿာ အသုရာ နာဂါ ဂန္ဓဗ္ဗာ ယေ စညေ သန္တိ ပုထုကာယာ၊ တေ အဝေရာ အဒဏ္ဍာ အသပတ္တာ အဗျာပဇ္ဈာ ဝိဟာရေမု အဝေရိနောတိ ဣတိ စ နေသံ

http://www.dhammadownload.com



ဟောတိ၊ အထ စ ပန သဝေရာ သဒဏ္ဍာ သသပတ္တာ သဗျာပဇ္ဈာ ဝိဟာရန္တိ သဝေရိနော။

ဒေဝါနမိန္ဒ–နတ်တို့၏ အရှင်ဖြစ်သော သိကြားမင်း၊ ဒေဝါ–နတ်တို့သည်လည်းကောင်း၊ မနုဿာ–လူတို့သည် လည်းကောင်း၊ အသုရာ–အသုရာနတ်တို့သည် လည်းကောင်း၊ နာဂါ–နဂါးတို့သည်လည်းကောင်း၊ ဂန္ဓဗ္ဗာ–ဂန္ဓဗ္ဗနတ်တို့သည် လည်းကောင်း၊ အညေ–ဆိုအပ်ခဲ့ပြီးမှ တစ်ပါးကုန်သော၊ ယေ စ ပုထုကာယာ–အကြင်များစွာသော သတ္တဝါတို့သည်လည်းကောင်း၊ သန္တိ–ရှိကြကုန်၏၊ နေသံ–နတ် လူစသော ထိုသတ္တဝါအများတို့မှာ၊ ဣတိစ–ဤသို့သော လိုလားတောင့်တခြင်းသည်လည်း၊ ဟောတိ–ဖြစ်လျက်ရှိ၏၊ မယံ–ငါတို့သည်၊ အဝေရာ–ခိုက်ရန်ဒေါသ ကင်းပကုန်သည်ဖြစ်၍၊ အဒဏ္ဍာ–လက်နက်ဥစ္စာဒဏ်ဘေး ကင်းဝေးကုန်သည်ဖြစ်၍၊ အသပတ္တာ–ရန်သူဟူသမျှ ကင်းပကုန်သည်ဖြစ်၍၊ အဗျာပဇ္ဈာ–စိတ်ဆင်းရဲကင်းကွာနှလုံးမသာ မရှိကြကုန်ပဲ၊ အဝေရိနော–ခိုက်ရန်ဒေါသ အနည်းငယ်မျှ မရှိကြကုန်ပဲ၊ ဝိဟာရေမူတိ–နေလိုကြပါသည်ဟု လိုလားတောင့်တလျက် ရှိကုန်၏၊ အထ စ ပန–ထိုသို့ပင် လိုလားတောင့်တလျက်ရှိနေကြသော်လည်း၊ တေ–နတ်လူစသော ထိုသတ္တဝါအများတို့သည်၊ သဝေရာ–ခိုက်ရန်ဒေါသ ရှိကြကုန်လျက်၊ သဒဏ္ဍာ–လက်နက်ဥစ္စာဘေးဒဏ် ထိမှန် ကျရောက်ကုန်လျက်၊ သသပတ္တာ–ရန်သူတွေလဲ မကင်းပဲ ရှိနေကုန်လျက်၊ အဗျာပဇ္ဈာ–

http://www.dhammadownload.com



နှလုံးမသာပဲ စိတ်ဆင်းရဲရှိကုန်လျက်၊ သဝေရိနော–ခိုက်ရန်ဒေါသ မကင်းပဘဲ ရှိနေကုန်လျက်၊ ဝိဟရန္တိ–အလိုမကျဘဲ နေကြရသည်မှာ၊ ဣဿာ မစ္ဆရိယသံယောဇနော–မနာလိုခြင်း, ဝန်တိုခြင်းတည်းဟူသော သံယောဇဉ် နှောင်ကြိုး ရှိနေသောကြောင့်ပေတည်း၊ ဝါ–သံယောဇဉ်နှောင်ကြိုး ရှိကြသည်ဖြစ်၍၊ တေ–နတ်လူ စသော ထိုသတ္တဝါအများတို့သည်၊ ဝိဟရန္တိ–မိမိတို့ အလိုအတိုင်း မဖြစ်ဘဲ ခိုက်ရန်ဒေါသရှိခြင်း, ဘေးဒဏ်သင့်ခြင်း စသည်ဖြင့် နေကြရကုန်သတည်း–လို့ မြတ်စွာဘုရားရှင်က ဖြေကြားတော်မူပါတယ်။

နတ်လူစသော သတ္တဝါတွေက ဘေးရန်ကင်းပြီး ချမ်းသာစွာ နေလိုကြပေမယ့်လို့ ဣဿာနဲ့ မစ္ဆရိယဆိုတဲ့ တရားဆိုးနှစ်ပါး နှောင်ကြိုး နှစ်ချောင်းနဲ့ ချည်နှောင်လျက်သား ရှိနေလို့ မိမိတို့ အလိုအတိုင်း မဖြစ်ဘဲ ဆင်းရဲနေကြရတယ်တဲ့။

## ဣဿာဆိုတာ

ဣဿာ ဆိုတာက သူတစ်ပါးကောင်းစား ချမ်းသာတာကြီးပွားတာကို မလိုလားတာ မနာလိုတာပဲ၊ ဣဿာ–ဣဿာသည်၊ ပရသမ္ပတ္တိ ဥသူယနလက္ခဏာ–သူတစ်ပါး၏ ပြည့်စုံခြင်း ကောင်းစား ချမ်းသာခြင်းကို ငြူစူခြင်းသဘော လက္ခဏာရှိသည်–လို့ ဆိုထားတဲ့အတိုင်း ဣဿာရှိတဲ့သူက သူတစ်ပါး ကောင်းစားချမ်းသာတာကို အလိုမရှိတဲ့အတွက် သူတစ်ပါးကို ရန်မူချင်တယ်၊ သူတစ်ပါး စည်းစိမ်ချမ်းသာတွေကို ဖျက်ဆီးပစ်ချင်တယ်၊ အဲဒီလို မနာလိုတဲ့စိတ် ဖျက်ဆီးချင်တဲ့စိတ် ဖြစ်နေ

http://www.dhammadownload.com



ရင်ကို သူ့အတွက် ဆင်းရဲနေတော့တာပဲ၊ နောက်ဘဝတွေကျ တော့လဲ အဲဒီ မနာလိုတဲ့သူမှာ အစစအရာရာ မပြည့်စုံဘဲ အဆင်မပြေဘဲ ဆင်းရဲဒုက္ခ ရောက်သွားတတ်တယ်၊ မနာလိုတဲ့ သူက နှောင့်ယှက်ဖျက်ဆီးသောကြောင့် စီးပွားဥစ္စာ ပြည့်စုံနေတဲ့ သူမှာလဲ ဆင်းရဲဒုက္ခရောက်ရတယ်၊ ယခုနေအခါ တစ်ကမ္ဘာလုံး ကို ဖြန့်ကြည့်လိုက်ရင် အဲဒီ မနာလိုမှု ဣဿာရှိနေတဲ့ သူတွေ ကြောင့် ဒုက္ခရောက်နေကြရတာကို များစွာ တွေ့နိုင်ပါတယ်။

နောက်ပြီးတော့ –ပရသမ္ပတ္တိအနဘိရတိရသာ–သူတစ်ပါး ၏ ပြည့်စုံခြင်း, ကောင်းစားချမ်းသာခြင်း၌ မပျော်မွေ့ခြင်း ကိစ္စရှိသည်လို့ ဆိုတဲ့အတိုင်း မနာလိုတဲ့သူက သူတစ်ပါး ချမ်းသာတာကို မမြင်ချင်ဘူး မကြားချင်ဘူး မတွေ့မသိချင်ဘူး၊ မြင်ရ ကြားရ တွေ့ရ သိရရင် စိတ်မချမ်းသာဘဲ မနေသာဘဲ ဖြစ်နေတတ်တယ်။

နောက်ပြီးတော့–ပရသမ္ပတ္တိဝိမုခပစ္စုပဋ္ဌာနာ–သူတစ်ပါး၏ ပြည့်စုံခြင်း, ကောင်းစားချမ်းသာခြင်းမှ မျက်နှာလွှဲသည့် အနေ အားဖြင့်, ဆင်ခြင်ကြည့်သူ၏ ဉာဏ်ထဲမှာ ထင်ပေါ်သော အခြင်းအရာ ရှိသည်လို့ ဆိုတဲ့အတိုင်းပင် မနာလိုတဲ့သူက သူတစ်ပါးကောင်းစားတာကို မကြည့်လိုဘဲ မျက်နှာလွှဲတဲ့ အနေ ဖြင့် ထင်ပေါ်နေပါတယ်။

ယခုပြောခဲ့တဲ့အတိုင်း ဣဿာ၏ လက္ခဏာ ရသ ပစ္စု ပဋ္ဌာန် ဆိုတာတွေဟာ အင်မတန် ပေါ်လွင်ထင်ရှားပါတယ်၊

http://www.dhammadownload.com



သူတစ်ပါး ကောင်းစားချမ်းသာတာကို ငြူစူတယ် မနာလိုဘူး ဆိုတာ ဣဿာ၏ ပင်ကိုယ်ရင်း သဘောလက္ခဏာပဲ၊ အဲဒါဟာ ထင်ရှားပါတယ်၊ နောက်ပြီးတော့ သူတစ်ပါး ကောင်းစားချမ်းသာ ပြည့်စုံရာမှာ သူက မပျော်မွေ့ဘူးတဲ့၊ ဒါက ဣဿာ၏ အလုပ်ကိစ္စပဲ၊ ဒါလဲ ထင်ရှားပါတယ်၊ နောက်ပြီးတော့ သူတစ်ပါး ကောင်းစားချမ်းသာတာမှ မျက်နှာလွှဲတဲ့ အခြင်းအရာက သူ့ ပစ္စုပဋ္ဌာန်ပဲ၊ ဒါလဲထင်ရှားပါတယ်၊ ဒီလက္ခဏာ ရသ ပစ္စုပဋ္ဌာန် သုံးခုက တစ်ဆက်တည်း ဆက်စပ်ပြီး ထင်ရှားနေတာပဲ၊ သူတစ်ပါး ကောင်းစားချမ်းသာတာကို မနာလိုရင် အဲဒီ သူတစ်ပါး ကောင်းစားချမ်းသာရာမှ မပျော်မွေ့ဘူး၊ မပျော်မွေ့တော့ အဲဒီ သူတစ်ပါး ကောင်းစားချမ်းသာရာဆီကို မရှုမကြည့်လိုပဲ မျက်နှာလွှဲတာလဲ ထင်ရှားတာပဲ။

ဒါကြောင့် ဒီ ဣဿာ တရားဆိုး အားကြီးတဲ့လူက သူ တစ်ပါးတွေ လာဘ်လာဘရတယ်ဆိုတာ မကြိုက်ဘူး၊ စီးပွားဥစ္စာ ပေါများပြည့်စုံတာကို မကြိုက်ဘူး၊ အလုပ်ကိစ္စတွေ အောင်မြင်တာကိုလဲ မကြိုက်ဘူး၊ သူတစ်ပါးမှာ အခြွေအရံ အပေါင်း အသင်း ပေါများတာကိုလဲ မကြိုက်ဘူး၊ ရုပ်ရေအဆင်း လှပတယ်, ပညာတတ်တယ်, ရာထူးဌာနန္တရ တက်တယ်ဆိုတာလဲ မကြိုက် ဘူး၊ ကုန်ကုန်ပြောရရင် ကျန်းမာတယ်ဆိုတာတောင် မကြိုက်ဘဲ ရှိတတ်သေးတာပဲ၊ အဲဒီလို သူတစ်ပါး ကောင်းစားနေတယ် ဆိုတာကို မမြင်ချင်ဘူး, မကြားလိုဘူး၊ ဒီဣဿာက တော်တော်

http://www.dhammadownload.com



ဆိုတဲ့ တရားပဲ၊ သူတစ်ပါးကို မနာလိုတဲ့အတွက် ကိုယ့်မှာ ဘာမှလဲရတာ မဟုတ်ဘူး၊ သက်သက် အချောင် အကုသိုလ် ပွားနေတာပဲ၊ အဲဒီ မနာလိုတဲ့ ဣဿာဖြစ်နေရုံနဲ့လဲ မိမိမှာ စိတ်ဆင်းရဲနေတာပဲ၊ အင်အားရှိတဲ့သူဆိုရင် အဲဒီ မနာလိုမှု ဣဿာအားကြီးတဲ့သူက သူတစ်ပါးအား အကျိုးမဲ့ဖြစ် အောင် ကြံစည် ပြုလုပ်တတ်တယ်၊ အဲဒီလို ပြုလုပ်ပြောဆိုရင် တစ်ဘက်သားက မိမိ၏ ရန်သူဖြစ်တော့တာပဲ၊ အဲဒီရန်သူက အင်အားရှိသူ ဖြစ်ရင် တန်ပြန်ရန်ပြုမှုကိုလဲ ခံရတတ်တယ်၊ သူ တစ်ပါးက အဲဒီလို တန်ပြန် ရန်မပြုနိုင်ပေမယ်လို့ ဒီမနာလိုမှု ဣဿာတရားဆိုးကြောင့် နောင်ဘဝသံသရာမှာ အခြွေအရံ နည်းပါးပြီးတော့ ဆင်းရဲဒုက္ခတွေကို ခံစားသွားဖို့ကတော့ သေချာ နေတာပါပဲ၊ အဲဒီလို မကောင်းကျိုး ပေးတတ်ပုံကို စူဠကမ္မ ဝိဘင်္ဂသုတ်မှာ ဒီလိုအကျဉ်းချုပ် ဟောထားပါတယ်။

## ဣဿာ၏ အပြစ်

အပ္ပေသက္ခသံဝတ္တနိကာ ဧသာ မာဏဝ ပဋိပဒါ ယဒိဒံ ဣဿာမနကော ဟောတိ။

မာဏဝ–သုဘလုလင်၊ ယဒိဒံ–ယောအယံ–အကြင်ပုဂ္ဂိုလ် သည်၊ ဣဿာမနကော–သူတစ်ပါးချမ်းသာ ကောင်းစားသည်ကို မနာလိုသည်၊ ဟောတိ–ဖြစ်၏၊ တဿ–ထိုပုဂ္ဂိုလ်၏၊ ဧသာ ပဋိပဒါ–ဤမနာလိုသော အကျင့်သည်၊ အပ္ပေသက္ခသံဝတ္တနိကာ– အခြွေအရံနည်းပါး၍ တန်ခိုးနည်းခြင်းကို ဖြစ်စေတတ်၏ တဲ့။

http://www.dhammadownload.com



အဲဒါက အကျဉ်းချုပ်ပဲ၊ အနည်းငယ် ချဲ့ပြောရရင်တော့– မိန်းမဖြစ်ဖြစ်, ယောကျ်ားဖြစ်ဖြစ် အချို့ ပုဂ္ဂိုလ်ဟာ သူတစ်ပါး ကောင်းစားချမ်းသာတာကို မနာလိုဘူး၊ မမြင်လို, မကြားလို, မတွေ့လိုဘူး၊ သူတစ်ပါးမှာ ပစ္စည်းဥစ္စာ ပြည့်စုံတာ လာဘ်လာဘ ရနေတာကို မကြိုက်ဘူး၊ သူတစ်ပါး ရုပ်အဆင်းလှပသတဲ့၊ လိမ္မာသတဲ့၊ ပညာတတ်သတဲ့၊ အဟော အပြော ကောင်းသတဲ့၊ ကျန်းမာသတဲ့၊ အခြွေအရံ များသတဲ့၊ ဘုန်းကြီးသတဲ့ စသည်ဖြင့် သူတစ်ပါး၏ ကောင်းသတင်းကို မကြားချင်ဘူး၊ အဲဒီလို ပုဂ္ဂိုလ်က သူတစ်ပါးအား အကျိုးမဲ့ ဖြစ်အောင် ပြုလုပ်တတ် တယ်၊ မကောင်းသတင်းကိုလဲ ကြံဖန်ပြီး ပြောတတ်တယ်၊ ယခုနေအခါ တချို့က ဝါဒဖြန့်တာဟာ ဒီလို ဣဿာဖြင့် မနာလိုသောကြောင့် ဖြန့်တာတွေလဲ ရှိနေတာပဲ၊ အဲဒီလို မနာလိုမှု ဣဿာအားကြီးတဲ့ ပုဂ္ဂိုလ်တွေဟာ သေသည်၏ အခြားမဲ့၌ ငရဲကို ကျရောက်ပြီး ငရဲဆင်းရဲတွေကို နှစ်ပေါင်းများစွာ ခံစားရတယ်၊ ငရဲမှလွတ်ပြီး ကုသိုလ်ကံကြောင့် လူဖြစ်လာတဲ့ အခါ မနာလိုတဲ့ အကုသိုလ် ကံကြွင်းကြောင့် အခြွေအရံမဲ့ပြီး ချီးမွမ်းဖွယ် ဂုဏ်သတင်းမရှိတဲ့ လူအညံ့စား ဖြစ်နေရတတ်တယ်၊ အဲဒီလို ဖြစ်ပုံကို အပ္ပေသက္ခသံဝတ္တနိကာ–အခြွေအရံနည်းပါး၍ တန်ခိုးမဲ့ခြင်းကို ဖြစ်စေတတ်သည်လို့ ဟောထားတာပါပဲ။

မနာလိုမှု ဣဿာမရှိဘဲ သူတစ်ပါး ကောင်းစားချမ်းသာ တာကို ကြည်ဖြူဝမ်းမြောက်နိုင်တဲ့ သူမှာတော့ ယထာလဒ္ဓ

http://www.dhammadownload.com



သမ္ဗတ္တိတော မာဝိဂစ္ဆန္တု–ရပြီးသော စည်းစိမ်ချမ်းသာမှ မဆုတ်ယုတ်ကြပါစေလင့်၊ ကြီးပွားမြဲ ကြီးပွားကြပါစေ၊ ချမ်းသာမြဲ ချမ်းသာကြပါစေလို့ ဝမ်းမြောက်ကြည်ဖြူစွာ နှလုံးသွင်းနိုင်တယ်၊ အဲဒီလို ပုဂ္ဂိုလ်ကတော့ သူတစ်ပါး ကြီးပွားချမ်းသာတာကို မြင်ရ ကြားရ သိရတဲ့အခါလဲ စိတ်ချမ်းသာမှုကို ရနေတာပါပဲ၊ သူတစ်ပါးအားချမ်းသာမြဲချမ်းသာအောင် စွမ်းနိုင်သမျှ အားပေးကူညီဆောင်ရွက်တယ်၊ ဒါကြောင့် ကုသိုလ်ကံတွေ ဖြစ်ပွားတယ်၊ အဲဒီ ကုသိုလ်ကံတွေကြောင့် သေသည်၏အခြားမဲ့မှာ နတ်ပြည်လောကရောက်ပြီး ချမ်းသာတွေကို ခံစားသွားရတယ်၊ အဲဒီ နတ်ဘဝမှ စုတေပြီး လူ့ဘဝရောက်လာရင်လဲ အခြွေအရံတွေ များပြီး ဘုန်းတန်ခိုး ကြီးတယ်၊ အဲဒီလို ဖြစ်ပုံကို စူဠကမ္မဝိဘင်္ဂသုတ်မှာ–

## မုဒိတာ၏ အကျိုး

မယောသကၠသံဝတ္တနိကာ ဧသာ မာဏဝ ပဋိပဒါ ယဒိဒံ အနိဿာမနကော ဟောတိ။

မာဏဝ–သုဘလုလင်၊ ယဒိဒံ–ယောအယံ–အကြင်ပုဂ္ဂိုလ်သည်၊ အနိဿာမနကော–သူတစ်ပါး ကောင်းစားချမ်းသာသည်ကို ဝမ်းမြောက်ကြည်ဖြူ သဘောတူလေ့ရှိသည်၊ ဟောတိ–ဖြစ်၏၊ တဿ–ထိုပုဂ္ဂိုလ်၏၊ ဧသာ ပဋိပဒါ–ဝမ်းမြောက်ကြည်ဖြူသဘောတူသော ဤအကျင့်သည်၊ မယောသကၠသံဝတ္တနိကာ–

http://www.dhammadownload.com



အခြေအရံများ၌ ဘုန်းတန်ခိုးကြီးမားခြင်းကို ဖြစ်စေတတ်၏– လို့ ဟောထားပါတယ်၊ ဒါကြောင့် ယခု မျက်မှောက်ရော၊ နောင်သံသရာတစ်လျှောက်မှာရော ချမ်းသာများချင်ကြရင် မနာလို တဲ့ ဣဿာတရားဆိုးကို ပယ်ပြီးတော့ သူတစ်ပါး ကြီးပွားချမ်း သာတာနဲ့စပ်ပြီး ဝမ်းမြောက်ကြည်ဖြူ သဘောတူတဲ့ မုဒိတာ ပွားစေဖို့ပါပဲ။

အဲဒီ မနာလိုမှု ဣဿာနဲ့ ကြည်ဖြူဝမ်းမြောက်မှု မုဒိတာ တို့၏ အကျိုးပေးပုံကို (မနာလိုမှာ၊ ခြွေရံကွာ၊ ကြည်သာခြွေရံ စည်–လို့) ဆောင်ပုဒ်စီထားတယ်၊ အဲဒါကို ဆိုကြရမယ်။

မနာလိုမှာ၊ ခြွေရံကွာ၊ ကြည်သာခြွေရံစည်။

## မစ္ဆရိယဆိုတာ

မစ္ဆရိယ–ဆိုတာ ဝန်တိုစေးနဲတဲ့ သဘောပဲ၊ အဲဒီ မစ္ဆရိယ– က မိမိ၏ ပိုင်နက်ကို သူတစ်ပါး သိရအောင် လျှို့ဝှက်ထားလို သည်အထိ ဝန်တိုတဲ့ သဘောလက္ခဏာ ရှိတယ်၊ သက်ရှိသက်မဲ့ မိမိပိုင်နက်ကို သူတစ်ပါးနှင့် မဆက်ဆံစေချင်တာ, ဆက်ဆံ မည်ကို သည်းမခံနိုင်တာဟာ သူ့ကိစ္စ–သူ့အလုပ်ပဲ၊ သူတစ်ပါး အား ပေးကမ်းရေး, ဆက်ဆံစေရေးနဲ့စပ်ပြီး တွန့်ဆုတ်သည့် အနေဖြင့် ထင်ရှားတဲ့ အခြင်းအရာရှိတယ်၊ အဲဒီ မစ္ဆရိယ–က ငါးမျိုးရှိတယ်၊ (၁) အာဝါသမစ္ဆရိယ–နေရာနှင့်စပ်ပြီး ဝန်တို ခြင်း၊ (၂) ကုလမစ္ဆရိယ–ချစ်ခင်ရင်းနှီးသူများနှင့် စပ်ပြီး

http://www.dhammadownload.com



ဝန်တိုခြင်း၊ (၃) လာဘမစ္ဆရိယ–လာဘ်လာဘ စီးပွားဥစ္စာနှင့်စပ်ပြီး ဝန်တိုခြင်း၊ (၄) ဝဏ္ဏမစ္ဆရိယ–ချီးမွမ်းဖွယ် ဂုဏ်နှင့်စပ်ပြီး ဝန်တိုခြင်း၊ (၅) ဓမ္မမစ္ဆရိယ–တတ်သိတဲ့ စာပေပညာနှင့် စပ်ပြီး ဝန်တိုခြင်းဆိုတဲ့ ဒီငါးပါးပါပဲ။

အဲဒီငါးပါးထဲက ရဟန်းများမှာ သံဃာပိုင်ကျောင်း၌ သီလ စသည်နှင့် ပြည့်စုံတဲ့ ရဟန်းကောင်းများကို မနေစေချင်တာဟာ နေရာနှင့်စပ်တဲ့ ဝန်တိုခြင်းပဲ၊ အဲဒီ ဝန်တိုမှုကြောင့် ဘီလူးသော်လည်းကောင်း, ပြိတ္တာသော်လည်းကောင်း ဖြစ်ပြီး အဲဒီကျောင်းက အမှိုက်အညစ်အကြေးတွေကို ခေါင်းနဲ့ရွက်ပြီး ဒုက္ခကို ခံစားနေရတတ်တယ်၊ မီးလောင်နေတဲ့ အိမ်ထဲမှာ ဖြစ်ပြီးတော့လဲ ဆင်းရဲနေရတတ်ပါသတဲ့၊ မိမိနဲ့ ရင်းနှီးစပ်ဆိုင်တဲ့ ဒကာ ဒကာမတွေက အခြားရဟန်းများ ပေးလှူတာကို သည်းမခံနိုင်တဲ့ ဝန်တိုမှုကြောင့် သွေးအန်ပြီးတော့လဲ ဆင်းရဲရတတ်တယ်၊ ဝမ်းသွေးလွန်ပြီးတော့လဲ ဆင်းရဲ ရတတ်တယ်၊ လာဘ်လာဘ နည်းပါးပြီးတော့လဲ ဆင်းရဲရတတ်ပါသတဲ့၊ သံဃာ့ပစ္စည်း, ဂိုဏ်းပိုင် ပစ္စည်းများကို ဝန်တိုပြီးတော့ ကိုယ်ပိုင်အနေဖြင့် သုံးဆောင်ရင် ဘီလူးသော်လည်းကောင်း, ပြိတ္တာသော်လည်းကောင်း, စပါးကြီးမြွေသော် လည်းကောင်း ဖြစ်တတ်တယ်၊ မစင်ဘင်ပုပ်ငရဲ၌လဲ ဖြစ်တတ်တယ်၊ အဲဒါဟာ လာဘ်လာဘဝန်တိုခြင်းကြောင့်ပါပဲတဲ့၊ မိမိလှပသလို သူတစ်ပါးအား မလှပစေချင်တာ, သူတစ်ပါး လှပကြောင်း မပြောလို မကြားလိုတာ, မိမိမှာ

http://www.dhammadownload.com



ချီးမွမ်းဖွယ် ဂုဏ်ရှိသလို သူတစ်ပါးအား ဂုဏ်မရှိစေချင်တာ အဲဒါတွေဟာ ဝဏ္ဏမစ္ဆရိယပဲ၊ အဲဒီ မစ္ဆရိယကြောင့် အဆင်းမလှပဲ ရှိတတ်တယ်တဲ့၊ စာပေပညာအရာ၌ မိမိလို သူတစ်ပါး မတတ်စေချင်တာ, သူတစ်ပါးမတတ်အောင် လျှို့ဝှက်တာဟာ ဓမ္မမစ္ဆရိယပဲ၊ အဲဒီ မစ္ဆရိယကြောင့် မသိမလိမ္မာတဲ့ အဆွံ့အအ ဖြစ် တတ်တယ်၊ ပြာပူငရဲ၌လဲ ကျတတ်ပါသတဲ့၊ အဲဒီ အကျိုးပေးပုံတွေဟာ အဋ္ဌကထာ၌ ပြထားတဲ့ ဟာတွေပါပဲ။

အဲဒီတော့ သူတော်ကောင်းတွေနဲ့စပ်ပြီး ဝန်မတိုသင့်ရာ၌ ဝန်တိုရင် မျက်မှောက်ဘဝမှာလဲ စိတ်ဆင်းရဲရတယ်၊ မိတ်ဆွေ သင်္ဂဟ လာဘ်လာဘ စသည်လဲ နည်းပါးတတ်တယ်၊ နောင် သံသရာဘဝတွေကျတော့ အကြီးအကျယ် ဆင်းရဲရတတ်တယ်၊ ဒါကြောင့် အဲဒီ ဝန်တိုမှု မစ္ဆရိယကိုလဲ ပယ်ပြီးတော့ ဖော်ဖော် ရွေရွေ ဆက်ဆံမှု, ပေးကမ်းမှုများကို စွမ်းနိုင်သမျှ ပွားစေဖို့ပါပဲ၊ ယခု ပြောခဲ့တဲ့ ကိလေသာနဲ့ မစ္ဆရိယကို တိုတိုနဲ့ မှတ်ရအောင် (ကိလေသာခေါ်ဆို၊ မနာလို ဝန်တိုမစ္ဆေရ–လို့) ဆောင်ပုဒ်စီထား တယ်၊ ဒါကို ဆိုကြရမယ်။

ကိလေသာခေါ်ဆို၊ မနာလို၊ ဝန်တို မစ္ဆေရ။

ကိလေသာ ဆိုတာ သူတစ်ပါး ကောင်းစားတာကို မနာလိုတဲ့ သဘောပဲ၊ ဝန်တိုစေးနှဲတာက မစ္ဆေရတဲ့၊ မစ္ဆေရနဲ့ မစ္ဆရိယ ဆိုတာ အတူတူပါပဲ၊ အဲဒီ မစ္ဆရိယ ငါးပါးနဲ့စပ်ပြီး နည်းနည်း ထပ်ပြောဦးမယ်။

http://www.dhammadownload.com



အာဝါသမစ္ဆရိယ ဆိုတာကတော့ ရဟန်းတွေနဲ့သာ ပိုပြီး ဆိုင်ပါတယ်၊ သံဃာအား လှူထားတဲ့ ကျောင်းမှာ သီလစသည် နှင့် ပြည့်စုံတဲ့ ရဟန်းကောင်းများကို လက်မခံဘဲ ကိုယ်ပိုင်လို သဘောထားပြီး သုံးစွဲနေထိုင်လျှင် အဲဒါဟာ အာဝါသမစ္ဆရိယ ကြောင့်ပဲ၊ လူအများမှာတော့ အများနဲ့ဆိုင်တဲ့ ဇရပ်တို့ တန်ဆောင်း တို့ တရားအားထုတ်စရာ ကမ္မဋ္ဌာန်းကျောင်းတို့ ဒီလို အများဆိုင် အဆောက်အအုံကို ကိုယ်ပိုင်လို သဘောထားပြီး သူများမနေစေ ချင်ရင် အာဝါသမစ္ဆရိယပါပဲ။

ကုလမစ္ဆရိယ ဆိုတာကတော့ ရဟန်းများမှာ မိမိအား ကြည်ညို ကိုးကွယ်နေတဲ့ ဒကာ ဒကာမတွေကို အခြားရဟန်း များနဲ့မနီးစပ်စေချင်တာဟာ ကုလမစ္ဆရိယပါပဲ၊ တချို့ ရဟန်းက မိမိနဲ့စပ်ဆိုင်တဲ့ ဒကာ ဒကာမတွေကို အခြား ရဟန်းတော်များနဲ့ မနီးစပ်ရအောင် ပိတ်ပင်ထားတတ်တယ်၊ တရားဟောဖို့ တရား နာဖို့ အခွင့်လဲ ပိတ်ပင်ထားတတ်တယ်၊ လူတွေဆိုရင် မိမိ၏ အခြွေအရံ ဖြစ်တဲ့သူတွေကို အခြားသူ၏ အခြွေအရံ အပေါင်း အသင်း မဖြစ်စေချင်တာဟာ မစ္ဆရိယပါပဲ၊ သို့ပေမယ့် အဲဒီ လူတွေရဲ့ မစ္ဆရိယကတော့ သိပ်အပြစ်ကြီးပုံ မရပါဘူး။

လာဘမစ္ဆရိယ ဆိုတာကတော့ ရဟန်းများမှာ အလှူ အတန်းနဲ့စပ်ပြီး မိမိသာ ရချင်တယ်၊ အခြားရဟန်းများ မရစေချင် တဲ့ အနေနဲ့ ဖြစ်တာပါပဲ၊ အဲဒီလို မရစေချင်တဲ့အတွက် သူတော်ကောင်းဖြစ်တဲ့ ရဟန်းအား လာဘ်မရအောင် ပြုမိတတ်

http://www.dhammadownload.com



တယ်၊ ဒီလို ပြုမိရင် သံသရာ တစ်လျှောက်လုံးမှာ အတိဒုက္ခ ရောက် သွားတတ်တယ်၊ အဲဒီလို ဖြစ်တတ်ပုံကို လောသက- တိဿဝတ္ထုဖြင့် သိနိုင်ပါတယ်။

## လောသကတိဿဝတ္ထု

ကဿပမြတ်စွာဘုရား လက်ထက်တော်ကာလက ရဟန်း တစ်ပါးဟာ တောရွာတစ်ခုမှာ ဒကာတစ်ဦးကို အမှီပြုပြီး ကျောင်းထိုင်ဘုန်းကြီးအဖြစ်ဖြင့် နေတယ်၊ သီလကလဲ စင်ကြယ် တယ်၊ ဝိပဿနာတရားလဲ အားထုတ်သတဲ့၊ တစ်နေ့သောအခါ ရဟန္တာမထေရ်တစ်ပါးက ဒေသစာရီ ကြွချီနေရင်း အဲဒီရွာ ရောက်လာတယ်၊ အဲဒီဘုန်းကြီးရဲ့ ဒကာက ရဟန္တာမထေရ်၏ သွားလာနေထိုင်ပုံကို ကြည်ညိုပြီးတော့ အိမ်သို့ပင့်ပြီး ဆွမ်းကပ် လှူတယ်၊ တရားစကား အနည်းငယ်ကိုလဲ နာကြားပြီးတော့ ရှိခိုးပြီး "တပည့်တော်တို့၏ အမြဲတမ်းကိုးကွယ်ရာ ကျောင်းသို့သာ ကြွတော်မူပါ၊ ညနေချမ်းအချိန်မှာ လာရောက်ဖူးမြော်ပါမယ်" လို့ လျှောက်လိုက်တယ်။

အဲဒီ ရဟန္တာမထေရ်က အဲဒီကျောင်းသို့ သွားပြီးတော့ ကျောင်းထိုင်မထေရ်ကို ရှိခိုးပန်ကြားပြီး သင့်လျော်တဲ့ နေရာ မှာ ထိုင်နေတယ်၊ ကျောင်းထိုင်မထေရ်ကလဲ အဲဒီ ရဟန္တာ မထေရ်နှင့် နှုတ်ဆက်ပဋိသန္ထာရစကားကို ပြောပြီးတော့ ငါ့ရှင် ဆွမ်းအာဟာရ ရခဲ့ပါပြီလားလို့ မေးတယ်၊ ရခဲ့ပါပြီလို့ လျှောက်

http://www.dhammadownload.com



တော့ ဘယ်ကရခဲ့ပါသလဲလို့ မေးပြန်တယ်၊ အရှင်ဘုရားတို့၏ ရွာက အရှင်ဘုရားတို့၏ ဒကာကြီးအိမ်မှ ရခဲ့ကြောင်း လျှောက်ထားပြီး မိမိအား ကျရောက်တဲ့ ကျောင်းနေရာမှာ ချာန်သမာပတ် ဖိုလ်သမာပတ်များဖြင့် အချိန်ကုန်လွန်စေလျက် နေတယ်။

ကျောင်းထိုင် မထေရ်ကြီး ဒကာကလဲ ညနေချမ်းမှာ ပန်းနံ့သာနှင့် မီးထွန်းစရာများကို ယူစေခဲ့ပြီးတော့ ကျောင်းထိုင်မထေရ်ကို ရှိခိုးပြီး "အာဂန္တုတစ်ပါး ကြွလာပါရဲ့လား ဘုရား" လို့ မေးလျှောက်တယ်၊ လာပါတယ်လို့ ဖြေတယ်၊ ယခု ဘယ်မှာ နေပါသလဲလို့ မေးတော့ အာဂန္တုမထေရ်၏ နေရာကို ညွှန်ကြားလိုက်တယ်၊ အဲဒီ ဒကာက အာဂန္တုမထေရ်ထံ သွားပြီး တရားနာတယ်၊ ညနေ အေးချမ်းတဲ့အချိန်မှာ စေတီနှင့် ဗောဓိပင်ကို ဆီမီးထွန်း ပူဇော်ပြီးတော့ မထေရ်နှစ်ပါးလုံး အိမ်ကြွပြီး ဆွမ်းဘုဉ်းပေးဖို့ ပင့်ပြီး အိမ်ပြန်သွားတယ်။

အဲဒီအခါ ကျောင်းထိုင်မထေရ်က ဒီလိုတွေးတောမိတယ်၊ "ဒီဒကာဟာ ငါ့အပေါ် အကြည်ညို လျော့ပျက်သွားပြီ၊ ဒီ အာဂန္တုဟာ ဒီကျောင်း၌ ဆက်လက်နေထိုင်သွားရင် ငါ့ကို ဒီဒကာက ဘာလောက်မှ အလေးပြုမှာ မဟုတ်တော့ဘူး" လို့ တွေးတောမိပြီး စိတ်နှလုံးမသာ ဖြစ်သွားတယ်၊ ဒါကြောင့် ဒီကျောင်းမှာ အာဂန္တုရဟန်း မနေနိုင်အောင် ပြုလုပ်မှပဲလို့ အကြံဖြစ်တဲ့အတွက် ဆည်းကပ်ချိန်၌ လာတဲ့အခါ အဲဒီ အာဂန္တုရဟန်းနဲ့ စကားမပြောဘဲ နေသတဲ့၊ ရဟန္တာမထေရ်က

http://www.dhammadownload.com



သူ့အလိုသိသောကြောင့် "ဒီကျောင်းထိုင် မထေရ်ဟာ သူ့ဒကာနဲ့ ဂိုဏ်းနဲ့စပ်ပြီး ငါက မနှောင့်ယှက်တတ်တဲ့ အကြောင်းကို မသိရှာဘူး" လို့ ဆင်ခြင်ပြီးတော့ မိမိနေရာမှာပဲ ပြန်သွားပြီး ဈာန်သမာပတ်, ဖိုလ်သမာပတ်များဖြင့် အချိန်ကို ကုန်လွန်စေပါသတဲ့။

နောက်နေ့နံနက်ကျတော့ ကျောင်းထိုင်မထေရ်က ခေါင်းလောင်းထိုးစည်ကို လက်သည်းအပြင်ဖြင့် တီးခေါက်တယ်၊ အာဂန္တုမထေရ်အား ဆွမ်းဘုဉ်းပေးသွားချိန်ကျပြီလို့ နှိုးဆော်တဲ့ အနေဖြင့် တီးခေါက်တာပါပဲ၊ အသံကတော့ ဘာမှမြည်မှာ မဟုတ်ပါဘူး၊ ပြောစရာရှိတဲ့အခါ တာဝန်ဝတ္တရား ကျေပါတယ် လို့ ပြောရအောင် ဟန်ဆောင်လုပ်တဲ့ ကောက်ကျစ်မှုပါပဲ၊ နောက်ပြီးတော့ အာဂန္တုမထေရ်နေရာ အခန်းတံခါးကို လက်သည်းနဲ့ တို့ခေါက်ပြီး သူ့ဒကာအိမ်သို့ သွားပါသတဲ့။

အိမ်ရောက်တော့ ဒကာကြီးက "အာဂန္တုမထေရ် ဘယ်မှာလဲ ဘုရား" လို့ မေးတယ်၊ အဲဒီတော့ ကျောင်းထိုင် မထေရ်က "သင့် အာဂန္တု မထေရ်အကြောင်းကို ငါမသိပါဘူး၊ ထိုးစည်လဲ တီးခေါက်ခဲ့တယ်, တံခါးကိုလဲ ခေါက်ခဲ့တယ်၊ ဒါပေမယ့် သူ့ကို အိပ်ပျော်ရာမှ မနိုးစေနိုင်ခဲ့ဘူး၊ ယမန်နေ့က သင့်အိမ်က ဆွမ်းဘောဇဉ် အကောင်းတွေစားပြီး အစာမကြေစေနိုင်လို့ အိပ်မောကျနေဟန် တူပါတယ်" လို့ ဆိုပါတယ်။

ရဟန္တာ မထေရ်ကတော့ ဆွမ်းခံချိန်ကျတဲ့အခါ အဘိညာဉ်

http://www.dhammadownload.com



တန်ခိုးဖြင့် ကောင်းကင်သို့ ပျံတက်ပြီး အခြားအရပ်သို့ ကြွသွားပါသတဲ့။

ကျောင်းထိုင်မထေရ်ကို ကျွေးမွေးပြီးတဲ့အခါ အာဂန္တုမထေရ်အတွက်လဲ အဲဒီ ဒကာကြီးက လှူလိုက်တယ်၊ အဲဒါကို ယူဆောင်လာရင်းပင် ကျောင်းထိုင်မထေရ်က "ဒီနို့ဆွမ်းကို အာဂန္တုရဟန်း သုံးဆောင်ရလျှင် လည်ပင်းကိုင်ပြီး ဆွဲထုတ်တောင်မှ သွားမှာ မဟုတ်တော့ဘူး" စသည်ဖြင့် စဉ်းစားပြီးတော့ အဲဒီနို့ဆွမ်းကို မီးလောင်နေရာတွင် မီးကျီးထဲမှာ သွန်ပစ်ထားခဲ့ပါသတဲ့၊ ကျောင်းပြန်ရောက်တဲ့ အခါကျတော့ အာဂန္တုရဟန်းကို မတွေ့ရတော့တဲ့အတွက် အဲဒီမထေရ်မှာ စိတ်နှလုံးပူလောင်ပါသတဲ့၊ "ထိုရဟန်းဟာ ရဟန္တာဖြစ်ဟန်တူတယ်၊ ငါ၏ စိတ်အလိုအကြံကိုသိပြီး တခြားသို့ကြွသွားဟန်တူတယ်၊ သြော် ငါဟာ ဝမ်းရေးအတွက် မတော်တာပြုမိလေခြင်း" လို့ ဆင်ခြင်ပြီး အကြီးအကျယ် စိတ်နှလုံးမသာခြင်း ဖြစ်ရပါသတဲ့၊ အဲဒီကစပြီး ဆင်းရဲဒုက္ခရောက်သွားပုံကို ဇာတ်အဋ္ဌကထာ (ပ၊ ၂၅၆)မှာ ဒီလိုပြဆိုထားပါတယ်။

စ– ဆက်၍ပြရလျှင်၊ တတော ပဋ္ဌာယေဝ– ထိုအခါမှစ၍ သာလျှင်၊ မနုဿပေတောဟုတွာ– လူပြိတ္တာဖြစ်ပြီးလျှင်၊ နစိ–ရဿေဝကာလံ ကတွာ– မကြာမီပင် ပျံလွန်၍၊ နိရယေ–ပစ္စိတွာ၊ ဖြစ်လေသည်၊ သော– ထိုပုဂ္ဂိုလ်သည်၊ ဗဟူနိ ဝဿသတ သဟဿာနိ– နှစ်သိန်းများစွာတို့ပတ်လုံး၊နိရယေ

http://www.dhammadownload.com



ပစိတ္တာ–ငရဲ၌ပူလောင်ခံခဲ့ရပြီး၍၊ ပက္ကာဝသေသေန– ကံကြွင်းဖြင့်၊ ပဋိပါဋိယာ–အစဉ်အတိုင်း၊ ပဥ္စ ဇာတိသတေသု– ဘဝငါးရာတို့၌၊ ယက္ခော်ဟုတ္တာ– ဘီလူးဖြစ်၍၊ ဧကဒိဝသမ္ပိ– တစ်နေ့မျှသော်လည်း၊ ဥဒရပူရံ– ဝမ်းပြည့်အောင်၊ အာဟာရံ န လဘိ– အစာကို မရခဲ့ချေ၊ ပန– သို့သော်လည်း၊ ဧကဒိဝသံ– တစ်နေ့၌၊ ဂဗ္ဘမလံ– ကိုယ်ဝန်အညစ်အကြေးကို၊ ဥဒရပူရံ လဘိ– ဝမ်းပြည့်အောင် ရခဲ့ဘူးသည်–တဲ့။

အဲဒီကနောက် ဘဝငါးရာ ခွေးဖြစ်ခဲ့ရသတဲ့၊ အဲဒီ ခွေးဘဝမှာလဲ တစ်နေ့မျှသာ လူ့အန်ဖတ်ထမင်းကို ဝအောင်စားရတယ်၊ တခြားနေ့တွေမှာ တစ်နေ့တစ်ရက်မျှ ဝအောင် မစားခဲ့ရဘူးတဲ့၊ အဲဒီ ခွေးဘဝမှာနောက် လူဖြစ်တဲ့အခါလဲ မိတ္တဝိန္ဒက ဆိုတဲ့ လူဖြစ်ပြီး ပဋိသန္ဓေနေကတည်းက မိဘတွေ နီးစပ်သူတွေပါ အကြီးအကျယ် အစာအာဟာရချို့တဲ့ပြီး ဆင်းရဲခဲ့သတဲ့။

နောက်ဆုံးဘဝမှာ ကောသလတိုင်းပြည်ထဲက တံငါရွာမှာ ဖြစ်ရတယ်၊ ပဋိသန္ဓေ တည်နေကတည်းက အဲဒီရွာက အိမ်ထောင်စု တစ်ထောင်မှာ ငါးတစ်ကောင်တောင် မရဘဲရှိနေသတဲ့၊ အဲဒီတော့ ရွာလူကြီးတွေက ငါတို့ရွာထဲမှာ ကာလကဏ္ဏိခေါ် လူယုတ်မာ လူကံဆိုးရှိနေလို့ ဒီလို ငတ်ပြတ်ဆင်းရဲကြရတာပဲ၊ ရွာကို နှစ်စုခွဲကြစို့ ဆိုပြီးခွဲကြတယ်၊ လောသကတိဿကိုယ်ဝန်ရှင် မိဘများပါတဲ့ ရွာအစုမှာ ဆင်းရဲမြဲဆင်းရဲနေကြရတယ်၊ အဲဒီအစု

http://www.dhammadownload.com



ကတစ်ဖန် နှစ်ပိုင်းခွဲပြန်တယ်၊ ဒီနည်းဖြင့် နှစ်ပိုင်းခွဲတိုင်းခွဲတိုင်း လောသကတိဿပါတဲ့အပိုင်းမှာ တော်ပြတ်မြင်တော်ပြတ်နေပါသတဲ့၊ နောက်ဆုံးကျတော့ သူ့မိဘအိမ်ထောင်စုတစ်ခုတည်း ဆင်းရဲနေရသတဲ့၊ အဲဒီမှာလဲ နောက်ဆုံးကျတော့ သူ့မိခင်တစ်ဦးတည်း တော်ပြတ် ဆင်းရဲနေရှာသတဲ့၊ အဲဒီ လောသကတိဿ သူငယ်ကလေး ပြေးလွှား သွားလာနိုင်တဲ့အခါကျတော့ မိခင် ဖြစ်သူကလည်း သည်းမခံနိုင်တော့ဘူး၊ အဲဒီ သူငယ်ကလေးကို တောင်းစားဖို့ ခွက်တစ်ခုကိုပေးပြီးတော့ အိမ်တစ်အိမ်ကို သွားစေတယ်၊ သူငယ်က အဲဒီအိမ်ကိုသွားနေစဉ် မိခင်ဖြစ်သူက တခြားအရပ်သို့ ရှောင်တိမ်းပြေးသွားပါသတဲ့၊ လောသကတိဿဟာ အဲဒီသူငယ် ကလေးဘဝကတည်းက တော်တော်ပြတ်ပြတ်နဲ့ ဆင်းရဲဒုက္ခခံလာခဲ့ရတယ်။

ခုနစ်နှစ်သားအရွယ်ရောက်တဲ့အခါ အိမ်တစ်အိမ်၏ တံခါးဝ ထမင်းအိုးဆေးရေသွန်ရာ အရပ်၌ ကျီးကန်းလိုပင် ထမင်းလုံးတစ်ခုတစ်ခုကို ကောက်ကောက်ပြီး စားနေရတယ်၊ အဲဒီအခါ အရှင်သာရိပုတ္တရာမထေရ်မြတ်က သာဝတ္ထိမြို့ထဲ ဆွမ်းခံကြွနေစဉ် တွေ့မြင်ရ၍ အလွန်သနားတော်မူသဖြင့် "ဟေ့ လူကလေး လာခဲ့စမ်း" လို့ ခေါ်လိုက်တယ်၊ လောသကတိဿက လာပြီးရှိခိုးလျက် ရပ်နေတဲ့အခါ "သင်ဟာ ဘယ်ရွာကလဲ၊ သင့်မိဘတွေက ဘယ်သူတွေလဲ" လို့ မေးတော်မူတယ်၊ "တပည့်တော်မှာ အားကိုးစရာ ထောက်ပံ့သူမရှိပါ၊ မိဘများကလဲ

http://www.dhammadownload.com



သည်းမခံနိုင်လို့ တပည့်တော်ကိုစွန့်ပြီး ပြေးကြပါတယ်ဘုရား” လို့ လျှောက်တယ်။

အဲဒီတော့ အရှင်သာရိပုတ္တရာမထေရ်မြတ်က “သင် ရှင်သာမဏေပြုမလား” လို့ မေးတော်မူတယ်၊ “တပည့်တော်က တော့ ရှင်ပြုနိုင်ပါတယ်၊ ဒါပေမယ့် တပည့်တော်လို လူစုတ်လူညံ့ကို ဘယ်သူက ရှင်ပြုပေးမှာလဲ၊ ရှင်ပြုပေးမည့်သူ မရှိပါဘူး” လို့ လျှောက်တယ်၊ ငါက ရှင်ပြုပေးမယ်လို့ မိန့်ဆိုပြီး အရှင်သာရိ ပုတ္တရာ မထေရ်မြတ်က ခဲဖွယ်ဘောဇဉ်ကို လဲပေးပြီး ကျောင်းသို့ ခေါ်ယူလာခဲ့တယ်၊ မိမိလက်ဖြင့်မင် ရေချိုးပေးပြီး ရှင်ပြုပေးတယ်၊ အသက်နှစ်ဆယ်ပြည့်တဲ့အခါ ရဟန်းလဲပြုပေးတယ်၊ အရွယ်ကြီး၍ ဝါရင့်သောအခါ ဘုန်းကံလဲနည်း လာဘ်လာဘကလဲ နည်းတဲ့ လောသကတိဿထေရ်လို့ သူ့ကို ခေါ်ကြတယ်၊ အသဒိသဒါန ခေါ်တဲ့ အလှူပွဲတော်ကြီးမှာတောင် လောသကတိဿဟာ ဝမ်းဝ အောင် မစားရဘူး၊ အသက်ဆက်မိရုံမျှသာ စားရသတဲ့၊ သူ့ သပိတ်ထဲ ယာဂုတစ်ဇွန်း တစ်ယောက်ချို ထည့်လိုက်ရင် သပိတ်ပြည့်နေသလို ထင်ရတယ်၊ ဒါကြောင့် လှူတဲ့ သူတွေက နောက်ထပ် သူ့သပိတ်ထဲ မလောင်းတော့ဘဲ သူ့နောက်က အခြားရှင်ရဟန်းများ၏ သပိတ်ထဲသာ လောင်းလှူ ကြပါသတဲ့၊ လာဘမစ္ဆရိယကြောင့် မကောင်းကျိုး ပေးတာဟာ အလွန် ကြောက်စရာ ကောင်းတာပဲ။

နောက်ကာလမှာ (ဝိပဿနံဝဓေတွာ) ဝိပဿနာကို ပွား

http://www.dhammadownload.com



စေ၍ အရပ်ဟတ္တဖိုလ်ရောက်၍ ရဟန္တာဖြစ်ပြီးတဲ့အခါလဲ သူ့မှာ လာဘ်လာဘ နည်းပါးနေတာပဲတဲ့၊ နောက်ဆုံး ပရိနိဗ္ဗာန်ဝင်စံရတော့မည့်နေ့မှာ အရှင်သာရိပုတ္တရာမထေရ်မြတ်က သူ့အား ဝဝလင်လင်ဘုဉ်းပေးရအောင် ပေးလှူမယ်လို့ ရည်ရွယ်ပြီးတော့ သူ့ကိုခေါ်ပြီး သာဝတ္ထိမြို့ထဲ ဆွမ်းခံကြွတော်မူတယ်၊ အဲဒီအခါ အရှင်သာရိပုတ္တရာအား လှူမည့်သူ မဆိုထားဘိ လက်ကိုဆန့်ပြီး ရှိခိုးမည့်သူတောင် မရှိဘူးတဲ့၊ အဲဒီအခါ အရှင်သာရိပုတ္တရာက အရှင်လောသကတိဿကို ဆွမ်းစားကျောင်းဇရပ်သွားနေဖို့ စေလွှတ်လိုက်ရတယ်၊ အဲဒီတော့မှ ဒကာ ဒကာမတွေက အရှင်သာရိပုတ္တရာ ကြွလာပြီဟော့လို့ ဆိုပြီးတော့ နေရာမှာ ထိုင်စေပြီး လှူဒါန်းကျွေးမွေးကြတယ်၊ အဲဒီက စားသောက်ဖွယ်ကို လောသကတိဿအားပေးလိုက်ဖို့ အရှင်သာရိပုတ္တရာက စေလွှတ်လိုက်တယ်၊ အဲဒါကို ယူဆောင်သွားတဲ့သူတွေက လောသကတိဿမထေရ်ကို သတိမေ့ပြီး သူတို့ကိုယ်တိုင်ပဲ စားလိုက်ကြပါသတဲ့။

အရှင်သာရိပုတ္တရာမထေရ် ကျောင်းသို့ပြန်ရောက်သောအခါ အရှင်လောသကတိဿမထေရ်က လာပြီးရှိခိုးကန်တော့တယ်၊ ငါ့ရှင် ဆွမ်းရပြီမဟုတ်လားလို့ မေးတယ်၊ နောင်တော့ ရကောင်းရပါလိမ့်မယ်၊ ယနေ့တော့ မရသေးပါလို့ အရှင်လောသကတိဿမထေရ်က လျှောက်တယ်၊ အရှင်သာရိပုတ္တရာက သံဝေဂဖြစ်ပြီး အချိန်ကိုကြည့်လိုက်တဲ့အခါ နေမွန်းလွဲ နေကြောင်း သိရတာနဲ့ ငါ့ရှင် လောသကတိဿ၊ ဒီမှာပင် နေရစ်ပါလို့ပြောပြီး

http://www.dhammadownload.com



တော့ လောသကတိဿမထေရ်ကို ဆွမ်းစားကျောင်းဇရပ်မှာပင် နေစေပြီး ကောသလမင်း၏ နေအိမ်တော်သို့ ကြွသွားတယ်၊ ကောသလမင်းကြီးက မထေရ်၏သပိတ်ကိုယူစေပြီးတော့ သပိတ်နှင့်အပြည့် စတုမဓုကို လှူစေတယ်၊ အရှင်သာရိပုတ္တရာ မထေရ်က ထိုစတုမဓုကို ခံယူစေခဲ့၍ "ငါ့ရှင် တိဿ လာပါ၊ ဒီစတုမဓုကို ဘုဉ်းပေးပါ"လို့ ပြောပြီး သပိတ်ကို ကိုင်ထားလျက် ရပ်တည်နေတယ်၊ လောသကတိဿ မထေရ်က အရှင်သာရိ ပုတ္တရာအား ရိုသေလေးစားသဖြင့် ရှက်သည်ဖြစ်၍ မဘုဉ်းပေး ဘဲနေတယ်၊ ထိုအခါ အရှင်သာရိပုတ္တရာက "လာပါ ငါ့ရှင်တိဿ၊ ငါက ဒီသပိတ်ကို ကိုင်လျက်သာ ရပ်တည်နေပါမည်၊ သင်က ထိုင်ပြီး ဘုဉ်းပေးပါ၊ ငါက အကယ်၍ လက်မှ လွှတ်လိုက်ရင် တစ်စုံတစ်ခု နည်းနည်းမျှ မရှိဘဲ ဖြစ်သွားနိုင်ပါတယ်"လို့ ပြောဆိုတယ်၊ အဲဒီတော့မှ အရှင်လောသကတိဿက အရှင် သာရိပုတ္တရာ ကိုင်ထားတဲ့သပိတ်ထဲမှ စတုမဓုကို အလိုရှိ သလောက် ဝမ်းဝအောင် ဘုဉ်းပေးတယ်၊ အဲဒီနေ့မှာပဲ ပရိနိဗ္ဗာန် စံတော်မူသတဲ့။

ဒီလောသကတိဿမထေရ်၏ မစ္ဆရိယကြောင့် ဆင်းရဲဒုက္ခ ရောက်ရပုံကို ဆင်ခြင်ကြည့်လျှင် ဝန်တိုမှုဟာ အလွန်ပင် ကြောက်စရာကောင်းတာပဲ၊ ယခုပြောခဲ့တဲ့ လာဘမစ္ဆရိယ-က ရဟန်းများနှင့်ဆိုင်တဲ့ မစ္ဆရိယပဲ၊ လူများမှာလဲ စီးပွားရေး လုပ်ငန်းများနဲ့ စပ်ပြီး ကိုယ်သာရချင်တယ်၊ သူများရမှာကို

http://www.dhammadownload.com



အလိုမရှိရင် အဲဒါဟာ မစ္ဆရိယပဲ၊ သူတစ်ပါး၏ စီးပွားရေး အလုပ်တွေကို ပိတ်ပင်ရင် ဝန်တိုမှု မစ္ဆရိယပဲ။

ဝဏ္ဏမစ္ဆရိယဆိုတာကတော့ မိမိမှာ ပြည့်စုံနေတဲ့ ချီးမွမ်း ဖွယ်ဂုဏ်ကို သူတစ်ပါးအား မပြည့်စုံစေချင်တဲ့ သဘောပါပဲ၊ မိမိမှာ ရုပ်ရေအဆင်းလှသလို သူတစ်ပါးအား မလှစေလိုရင်၊ မိမိမှာ အပြောအဆိုအနေအထိုင် လိမ္မာယဉ်ကျေး၍ အချီးမွမ်းခံရ သလို သူတစ်ပါးအား အချီးမွမ်းမခံရစေလိုရင်၊ မိမိမှာ ရာထူး ဂုဏ်သိန်မြင့်သလို သူတစ်ပါးအား မမြင့်စေချင်ရင် အဲဒါ ဝဏ္ဏမစ္ဆရိယပဲ။

ဓမ္မမစ္ဆရိယဆိုတာကတော့ တရားကျမ်းဂန်စာပေနှင့်စပ်ပြီး ဝန်တိုတာပါပဲ၊ ဒါကတော့ အကျယ်ချဲ့ ပြောစရာ မလိုပါဘူး၊ ယခုပြောခဲ့တဲ့ ဣဿာမစ္ဆရိယတို့နှင့်စပ်ပြီး ကျယ်ကျယ်ပြန့်ပြန့် သိချင်လျှင် သလ္လေခသုတ် တရားတော်စာအုပ် ဒုတိယတွဲမှာ ကြည့်နိုင်ပါတယ်။

နတ်တွေ လူတွေစသော ကာမဘုံသားတွေဟာ ချမ်းသာစွာ နေလိုကြပါလျက် မချမ်းသာဘဲ ဆင်းရဲတွေနဲ့ တွေ့ဆုံနေကြရတာ ဟာ ဣဿာနဲ့ မစ္ဆရိယကြောင့်ပဲလို့ မြတ်စွာဘုရားရှင်က ဖြေရှင်း ဟောကြားတော်မူပါတယ်၊ အဲဒီဖြေရှင်းချက်ကို ဒီလို ဆောင်ပုဒ်စီထားပါတယ်။

ကာမဘုံသား၊ နတ်လူများတို့၊ ကောင်းစားပြည့်ဝ၊
ဘေးရန်ပလျက်၊ အေးမြချမ်းသာ–နေလိုပါလဲ၊ ဣဿာ

http://www.dhammadownload.com



မစ္ဆေ၊ သူရှုပ်ပွေ၍၊ ထင်ခြေမကျ၊ ဆင်းရဲရတည့်–တဲ့။ အဲဒါကို ဆိုကြရမယ်။

ကာမဘုံသား၊ နတ်လူများတို့ ။ပ။ သူရှုပ်ပွေ၍၊ ထင်ခြေမကျ၊ ဆင်းရဲရတည့်။

## ကုက္ကုစ္စမစ္ဆရိယကြောင့်ဆိုတာသိကြားမင်းနဲ့လဲဆိုင်သည်

ဒီလိုဖြေရှင်းဟောကြားချက်ဟာ သိကြားမင်းနဲ့လဲ တိုက်ရိုက် သက်ဆိုင်နေပါတယ်၊ ဘယ်လိုလဲဆိုတော့ သိကြားမင်းမှာ ပုဗ္ဗနိမိတ်ထင်ပြီး စုတေရတော့မယ်ဆိုတာ သိရတဲ့အခါ မိမိပိုင်ဖြစ်တဲ့ သိကြားမင်းစည်းစိမ်တွေ စွန့်သွားရတော့မယ်ဆိုတာ တွေးကြည့်လိုက်တော့ မိမိ၏နတ်မိဖုရားတွေ စသည်ကို သူတစ်ပါးပိုင် ဖြစ်သွားမည့်အရေး တွေးပြီး သည်းမခံနိုင်တဲ့ မစ္ဆရိယကြောင့်လဲ နှလုံးမသာဘဲဆင်းရဲဖွယ် ရှိပါတယ်၊ နောက်မှ ဖြစ်လာမည့် သိကြားမင်းက မိမိထက် သာသွားမည့် အရေးကို တွေးပြီး မနာလိုတဲ့ ဣဿာကြောင့်လဲ နှလုံးမသာဘဲ ဆင်းရဲဖွယ် ရှိပါတယ်၊ ဒါကြောင့် ချမ်းသာစွာ နေလိုကြပါလျက် ဣဿာ မစ္ဆရိယကြောင့် ဆင်းရဲနေကြရတယ်ဆိုတာကို ကိုယ်တွေ့အားဖြင့်လဲ ထင်ရှားသိရတဲ့အတွက်–

> ဧဝံ မေတံ ဘဂဝါ၊ ဧဝံ မေတံ သုဂတ၊ တိဏ္ဏော
> မေတ္ထ ကင်္ခါ ဝိဂတာ ကထံကထာ ဘဂဝတော
> ပဉ္စဝေယျာ ကရဏ သုတွာ။

http://www.dhammadownload.com



ဘဂဝါ–ဘုန်းတော်ကြီးသော မြတ်စွာဘုရား၊ ဧတံ–ဘုရားတပည့်တော်၏ ထိုအမေးသည်၊ ဧဝံ– မြတ်စွာဘုရားဖြေကြားသော ဤအဖြေအတိုင်းပင် မှန်ပါပေသည်၊ သုဂတ–ကျိုးရှိဟုတ်မှန် နှစ်တန်သော စကားကောင်းကိုသာ မြွက်ဆိုတော်မူတတ်ပေသော မြတ်စွာဘုရား၊ ဧတံ– ထိုအမေးသည်၊ ဧဝံ–ဤအဖြေအတိုင်းပင် မှန်ပါပေသည်၊ ဘဂဝတော– မြတ်စွာဘုရား၏၊ ပဉ္စဝေယျာကရဏံ– ပြဿနာအဖြေကို၊ သုတ္ဝာ–ကြားနာရသောကြောင့်၊ ဧတ္တ–ဤအရာ၌၊ မေ– ဘုရားတပည့်တော် သည်၊ ကင်္ခါ–ယုံမှားကို၊ တိဏ္ဏာ–ကျော်လွှန်အပ်ပါပြီ၊ ကထံကထာ– သို့လော သို့လော တွေးတောခြင်းသည်၊ ဝိဂတာ–ကင်းရှင်းသွားပါပြီလို့ လျှောက်ပါတယ်၊ အဲဒီလို လျှောက်ပြီးတော့ ဒီလိုလဲ ဆက်ပြီးမေးပြန်ပါတယ်။

## ဒုတိယအမေး

ဣဿာမစ္ဆရိယံ ပန မာရိသ ကိံ နိဒါနံ ကိံ
သမုဒယံ ကိံ ဇာတိကံ ကိံ ပဘဝံ၊ ကိံ သ္မိံ သတိ
ဣဿာမစ္ဆရိယံ ဟောတိ၊ ကိံ သ္မိံ အသတိ
ဣဿာမစ္ဆရိယံ န ဟောတိ။

မာရိသ– မြတ်စွာဘုရား၊ ဣဿာမစ္ဆရိယံ ပန–ဣဿာနှင့်မစ္ဆရိယသည်ကား၊ ကိံနိဒါနံ– အဘယ်(နိဒါန်း) အကြောင်းရှိပါသနည်း၊ ကိံ သမုဒယံ– အဘယ်ဖြစ်ကြောင်း ရှိပါသနည်း၊

http://www.dhammadownload.com



ကိံ ဇာတိကံ–အဘယ်(ဇစ်မြစ်) အကြောင်း ရှိပါသနည်း၊ ကိံ ပဘဝံ– အဘယ်အမွန်အကြောင်း ရှိပါသနည်း၊ (ပါဠိမှာ အကြောင်းကို နိဒါန၊ သမုဒယ၊ ဇာတိ၊ ပဘဝ စသည်ဖြင့် ဝေါဟာရတွေ ဆယ်ခုရှိတယ်၊ အဲဒီဆယ်ခုထဲက လေးခုဖြင့် ထပ်ကာထပ်ကာ မေးတာပါပဲ၊ မြန်မာလိုဆိုရင်တော့–ဘယ် အကြောင်းရှိပါသလဲ၊ ဘယ်အကြောင်းကြောင့် ဖြစ်ပါ သလဲလို့ ဆိုလိုတာပါပဲ)။ ကိံသ္မိံ သတိ– အဘယ်အကြောင်းရှိလျှင်၊ ဣဿာမစ္ဆရိယံ– မနာလိုခြင်းနှင့် ဝန်တိုခြင်းသည်၊ ဟောတိ– ဖြစ်ပါသနည်း၊ ကိံသ္မိံ– အဘယ်အကြောင်းသည်၊ အသတိ– မရှိလျှင်၊ ဣဿာမစ္ဆရိယံ– မနာလိုခြင်းနှင့်ဝန်တိုခြင်းသည်၊ န ဟောတိ– မဖြစ်ဘဲ ကင်းရှင်းပါသနည်း တဲ့။

သတ္တဝါတွေက ချမ်းသာစွာ နေလိုကြပေမယ့် ချမ်းသာစွာ မနေကြရဘဲ ဆင်းရဲနေကြရတာဟာ မနာလိုမှု ဣဿာနှင့် ဝန်တိုမှု မစ္ဆရိယကြောင့်ဆိုတာ သိရတော့ ဆင်းရဲပယ်ချင်ရင် ဆင်းရဲ၏အကြောင်း ဣဿာနှင့် မစ္ဆရိယကို ပယ်ရလိမ့်မယ်၊ အဲဒီ ဣဿာနဲ့မစ္ဆရိယကို ပယ်ချင်ရင် အဲဒီ ဣဿာနဲ့ မစ္ဆရိယ တို့၏ အကြောင်းကို ပယ်ရလိမ့်မယ်၊ ဒီလိုအကြောင်းရင်းကို ပယ်လိုက်မှ အကျိုးတရားက လုံးလုံးကင်းငြိမ်းသွားမယ်၊ ဒါကြောင့် အဲဒီအကြောင်းကို ပယ်လိုတဲ့အတွက် ဣဿာနဲ့ မစ္ဆရိယ၏ အကြောင်းကို မေးတာပါပဲ။

အဲဒီလို အကျိုးကို ကင်းငြိမ်းစေလိုလျှင် သူ့အကြောင်းကို

http://www.dhammadownload.com



ရှာပြီး ပယ်ရတယ်ဆိုတာဟာ ဗုဒ္ဓသာသနာတော်အတွင်းကနည်းပဲ၊ အဲဒီလိုအကြောင်းကို ပယ်တာဟာ ခြင်္သေ့များ၏ ပယ်ပုံမျိုးပါပဲတဲ့၊ ခြင်္သေ့များဟာ ရန်သူ၏ လေးမြားတို့ဖြင့် ပစ်ခတ်နှိပ်စက်ရင် အကျိုးဖြစ်တဲ့ အဲဒီလေးမြားကို ဖျက်ဆီးဖို့ ကြောင့်ကြမစိုက်ဘူး၊ လေးမြားဖြင့် ပစ်ခတ်တဲ့သူကိုရှာပြီး အဲဒီလူကို ကိုက်သတ်ဖျက်ဆီးဖို့သာ ကြောင့်ကြစိုက်တယ်၊ အဲဒီ လေးမြားပစ်ခတ်တဲ့လူကို ကိုက်သတ်လိုက်ရင် အဲဒီ လေးမြားဘေးရန်မှ ကင်းသွားတော့တာပဲ၊ ဗုဒ္ဓသာသနာတော်တွင်းက နည်းလဲ ဒါမျိုးပါပဲ၊ အကျိုးဖြစ်တဲ့ ဆင်းရဲကင်းစေလိုလျှင် သူ့အကြောင်းကို ပယ်နိုင်အောင် ကျင့်ရတယ်၊ သာသနာပက မိစ္ဆာဒိဋ္ဌိနည်းတွေကတော့ ဆင်းရဲကို ကင်းစေလိုလျှင် အဲဒီ ဆင်းရဲကို ပယ်ဖျက်ဖို့သာ အားထုတ်တယ်၊ အဲဒါကတော့ ခွေးများ၏ ကျင့်ပုံမျိုးနှင့် တူပါတယ်တဲ့၊ တူပုံကတော့ ခွေးများဟာ လူက ခဲနဲ့တုတ်နဲ့ ပစ်ခတ်ရင် မိမိအား ထိခိုက်နာကျင်စေတဲ့ ခဲတို့၊ တုတ်တို့သာ ကိုက်တယ်၊ အကြောင်းရင်းဖြစ်တဲ့လူကိုတော့ မကိုက်ဘူး၊ အဲဒီတော့ လူက နောက်ထပ်လဲ ခဲတွေ၊ တုတ်တွေနဲ့ ပစ်ခတ်နိုင်တာပဲ၊ ခဲဘေး၊ တုတ်ဘေးမှ မကင်းလွတ်နိုင်ဘူးပေါ့။

ဗုဒ္ဓသာသနာတော်မှာတော့ ဆင်းရဲကို ငြိမ်းပေလိုလျှင် ဆင်းရဲ ကြောင်းကို ပယ်နိုင်အောင် အားထုတ်ရတယ်၊ အဲဒါဟာ ကျွမ်းကျင်တဲ့ ဆေးဆရာက အနာရောဂါပျောက်ကင်းအောင် အနာရောဂါ၏ အကြောင်းကိုရှာပြီး အဲဒီအကြောင်းကို ပယ်

http://www.dhammadownload.com



ဖျောက်လျက် အနာရောဂါကို ကုသတာနဲ့လဲ တူပါတယ်၊ ဒီလို အကြောင်းကိုရှာပြီး အကြောင်းကို ပယ်နိုင်အောင်အားထုတ်မှု သူ့အကျိုးဖြစ်တဲ့ ဆင်းရဲက ကင်းငြိမ်းတယ်၊ ဒါကြောင့် သိကြားမင်းကလဲ ဗုဒ္ဓဘုရားရဲ့ အဆုံးအမ နည်းလမ်းအရဖြင့် ဆင်းရဲကိုပယ်နိုင်အောင် သတ္တဝါတွေ၏ ဆင်းရဲကြောင်းကို စပြီး မေးခဲ့တယ်၊ အဲဒီ အကြောင်းက ဣဿာနဲ့ မစ္ဆရိယ ဖြစ်ကြောင်း သိရတော့ အဲဒီ ဣဿာနဲ့ မစ္ဆရိယကို ပယ်ဖို့ရာ အဲဒါတွေ၏ အကြောင်းကိုလဲ မေးလျှောက်ပြန်ပါတယ်၊ အဲဒီလို အမေးကို မြတ်စွာဘုရားက ဒီလို ဖြေကြားတော်မူပါတယ်။

## ဣဿာနှင့် မစ္ဆရိယ၏အကြောင်း ဖြေကြားချက်

ဣဿာ မစ္ဆရိယံ ခေါ ဒေဝါနမိန္ဒ ပိယာပ္ပိယနိဒါနံ ပိယာပ္ပိယသမုဒယံ ပိယာပ္ပိယဇာတိကံ ပိယာပ္ပိယပဘဝံ၊ ပိယာပ္ပိယေ သတိ ဣဿာမစ္ဆရိယံ ဟောတိ၊ ပိယာပ္ပိယေ အသတိ ဣဿာမစ္ဆရိယံ န ဟောတိ။

ဒေဝါနမိန္ဒ– နတ်တို့၏အရှင်သိကြားမင်း၊ ဣဿာမစ္ဆရိယံ– မနာလိုခြင်းဝန်တိုခြင်းသည်၊ ပိယာပ္ပိယနိဒါနံ– ချစ်အပ်သော အာရုံပုဂ္ဂိုလ်, မုန်းအပ်သောအာရုံပုဂ္ဂိုလ်လျှင် အကြောင်းရှိ၏၊ ဝါ– ချစ်အပ် မုန်းအပ်သော အာရုံကြောင့်, ပုဂ္ဂိုလ်ကြောင့် ဖြစ်၏၊ ပိယာပ္ပိယေ သတိ–ချစ်အပ် မုန်းအပ်သော အာရုံနှင့် ပုဂ္ဂိုလ်ရှိလျှင်၊ ဣဿာမစ္ဆရိယံ– မနာလိုခြင်း, ဝန်တိုခြင်းသည်၊

http://www.dhammadownload.com



ဟောတိ– ဖြစ်၏၊ ပိယာပ္ပိယေ အသတိ– ချစ်အပ် မုန်းအပ်သော အာရုံနှင့် ပုဂ္ဂိုလ်မရှိလျှင်၊ ဣဿာမစ္ဆရိယံ–မနာလိုခြင်း,၊ ဝန်တိုခြင်းသည်၊ န ဟောတိ– မဖြစ်ပေ တဲ့။

ယခု ရွတ်ပြခဲ့တဲ့ မြန်မာပြန်အနက်ထဲမှာ နိဒါန်းနှင့် အရ တူတဲ့ သမ္ဗဒယ ဓာတိ ပဘာဝဆိုတဲ့ပုဒ်အနက်တွေကို ချန်ထားလိုက်ပါတယ်၊ ဟို ရှေးခေတ်က ပါဠိဝေါဟာရတွေကတော့ ထပ်တူတွေလဲ ထပ်ကာ ထပ်ကာ အပြည့်အစုံ ပြောဆိုရတဲ့ အလေ့ရှိခဲ့တယ်၊ အဲဒါကို ယခုခေတ်အနေနဲ့ ကြည့်လိုက်ရင် အချိန်တွေ အလဟဿ ကုန်နေတယ်လို့ ထင်စရာ ရှိပါတယ်၊ ဒါကြောင့် တချို့ကို ချန်ထားလိုက်တာပါပဲ၊ နောက်ကျတော့ ပါဠိတွေပါ ချန်သင့်တာကို ချန်ထားရမှာပဲ၊ ယခု ဖြေကြားတော်မူခဲ့တဲ့ စကားရပ်ကို မြန်မာလို အတိုချုပ် ပြောရရင် သိကြားမင်း မနာလိုခြင်း၊ ဝန်တို ခြင်းဟာ ချစ်စရာနဲ့ မုန်းစရာကြောင့် ဖြစ်တယ်၊ မရှိရင်တော့ မဖြစ်ဘူး–လို့ ဆိုလိုတာပါပဲ။

**ချစ်စရာ**ဆိုတာ ချစ်စရာကောင်းတဲ့ အဆင်း, အသံ, အနံ့, အရသာ, အတွေ့ အစရှိတဲ့ သက်မဲ့အာရုံကောင်းတွေနဲ့ သက်ရှိ ပုဂ္ဂိုလ်တွေပါပဲ၊ **မုန်းစရာ** ဆိုတာကလဲ မုန်းစရာကောင်းတဲ့ အဆင်း, အသံ အစရှိတဲ့ သက်မဲ့ အာရုံဆိုးတွေနဲ့ သက်ရှိ ပုဂ္ဂိုလ် တွေပါပဲ၊ မလိုမုန်းထားတဲ့ ပုဂ္ဂိုလ်မှာ ချစ်စရာ အာရုံကောင်း တွေနဲ့ အခြေအရံတွေ ပြည့်စုံနေရင် မုန်းတဲ့သူမှာ မနာလိုတဲ့ ဣဿာဖြစ်တယ်၊ ချစ်စရာအာရုံကောင်းတွေဆိုတာ စီးပွားဥစ္စာ

http://www.dhammadownload.com



ရတနာ အသုံးအဆောင် ပစ္စည်းကောင်းတွေပါပဲ၊ မိမိမှာ ပြည့်စုံနေတဲ့ အဲဒီ ချစ်စရာ အာရုံကောင်းတွေနဲ့ မိမိချစ်တဲ့ အခြွေအရံ ပုဂ္ဂိုလ်တွေကို မိမိက မုန်းတဲ့ ပုဂ္ဂိုလ်အား မရစေချင်တဲ့ မနီးစပ်စေချင်တဲ့ အနေဖြင့် ဝန်တိုခြင်း မစ္ဆရိယက ဖြစ်တတ်တယ်၊ အဲဒါဟာ မုန်းတဲ့သူကို အကြောင်းပြုပြီး ဖြစ်တဲ့ မနာလိုမှုပဲ၊ မိမိက ချစ်မြတ်နိုးနေတဲ့ ပစ္စည်းဥစ္စာ အသုံးအဆောင်တွေ အခြွေအရံတွေကိုလဲ အကြောင်းပြုပြီးဖြစ်တဲ့ မစ္ဆရိယပဲ၊ အဲဒီ ဣဿာနဲ့ မစ္ဆရိယဟာ မုန်းတဲ့သူနဲ့ ချစ်စရာတွေကို မှီပြီးဖြစ်တာပဲ၊ မုန်းတဲ့သူမဟုတ်လျှင် မနာလိုမှု ဖြစ်ဖွယ်မရှိဘူး၊ ချစ်မြတ်နိုးတဲ့ ပစ္စည်းဥစ္စာတို့ ချစ်မြတ်နိုးတဲ့ မိမိအခြွေအရံတို့ မရှိလျှင်လဲ ဝန်တိုမှု ဖြစ်ဖွယ် မရှိဘူး၊ ဒါကြောင့် မနာလိုမှု ဝန်တိုမှု မဖြစ်စေချင်လျှင် ချစ်မြတ်နိုးတတ်တဲ့ ရာဂနဲ့ မုန်းတတ်တဲ့ ဒေါသကို ပယ်ဖို့ပါပဲ၊ ကိုယ်တွင်းကိုယ်ပ ဘယ်အရာကိုမှချစ်လဲ မချစ်ဘူး၊ ဘယ်သူကိုမှ မုန်းလဲ မမုန်းဘူးဆိုရင်တော့ မနာလိုမှု ဂန်တိုမှုဟာ လုံးဝ ကင်းငြိမ်းသွားမှာ သေချာပါတယ်။

မုန်းတတ်တဲ့ ဒေါသကို မပယ်နိုင်ရင်တော့ မုန်းအပ်တဲ့ လူ ရှိနေမှာပဲ၊ အဲဒီ မုန်းအပ်တဲ့သူမှာ ချစ်ဖွယ် ပစ္စည်းဥစ္စာ အသုံးအဆောင်တွေ ချစ်ဖွယ် အခြွေအရံတွေ မပြည့်စုံစေချင်တဲ့ မနာလိုမှုလဲ မုန်းတတ်တဲ့သူမှာ ဖြစ်မှာပဲ၊ အဲဒီ မုန်းအပ်တဲ့သူမှာ ကောင်း စားချမ်းသာတာ, ချီးမွမ်းဖွယ်နှင့် ပြည့်စုံတာကို မြင်ရ တိုင်း ကြားရတိုင်း သိရတိုင်း မုန်းတတ်တဲ့သူမှာ မနာလို။

http://www.dhammadownload.com



ဖြစ်နေမှာပဲ၊ ချစ်တတ်တဲ့ရာဂကို မပယ်နိုင်ရင် သက်ရှိ သက်မဲ့ အကောင်းတွေကို ချစ်ခင်မြတ်နိုးနေမှာပဲ၊ မိမိမှာ ပြည့်စုံနေတဲ့ အဲဒီချစ်မြတ်နိုးဖွယ်တွေကို အခြားသူမှာ မပြည့်စုံစေချင်တဲ့ ဝန်တိုမှု, မနီးစပ်စေချင်တဲ့ ဝန်တိုမှုတွေလဲ ထိုက်သည်အားလျော်စွာ ဖြစ်နေမှာပဲ။

ဣဿာဆိုတာ သူတစ်ပါးက ကိုယ့်ထက်သာရင် မနာလိုတာ မနှစ်သက်တာ သဘောမတူ မကြည်ဖြူတာပါပဲ၊ တချို့က ပါဠိ ဣဿာကို မြန်မာအသံထွက်နဲ့ အိတ်သာလို့ ယူပြီး ကိုယ့်အိတ်ထက် သူ့အိတ်ကသာရင် မနာလိုတာပဲလို့တောင် ကြံကြံဖန်ဖန် ပြောကြသေးတယ်၊ အမှန်ကတော့ အစစအရာရာ ကိုယ့်ထက်သူတစ်ပါးက အကောင်းဘက်မှာ သာနေရင် မနာလိုတဲ့ သဘောကို ပါဠိလို ဣဿာလို့ ဆိုတာပါပဲ၊ ကိုယ်က ချစ်မြတ်နိုးနေတဲ့ သူဆိုရင်တော့ ကိုယ့်ထက်သာပေမယ့် မနာလိုမှု မဖြစ်ဘဲ ဝမ်းမြောက်ကြည်ဖြူ သဘောတူတတ်ပါတယ်၊ ဘယ်လိုလဲဆိုတော့ မိမိက အလွန်ချစ်မြတ်နိုးနေတဲ့ သားကလေး သမီးကလေးဟာ ကိုယ့်ထက်သာနေလဲ မနာလိုခြင်း မရှိတတ်ပါဘူး၊ အဲဒီ သားကလေး သမီးကလေးက ကိုယ့်ထက် လှနေတယ်၊ ကျန်းမာနေတယ်၊ ပညာတတ်နေတယ်၊ ပစ္စည်းဥစ္စာတွေ ပေါများနေတယ်၊ အခြွေအရံများနေတယ် ဆိုပေမယ့် ချစ်မြတ်နိုးနေတဲ့ မိဘဖြစ်သူက ဝမ်းမြောက်ကြည်ဖြူ သဘောတူနေတာပါပဲ၊ မနာလိုစိတ် မရှိပါဘူး၊ မလိုမုန်းထားတဲ့သူက ကိုယ့်ထက်သာ

http://www.dhammadownload.com



တယ် ဆိုရင်တော့ မနာလိုစိတ် ဖြစ်တတ်တယ်၊ ဒါကြောင့် ဣဿာဆိုတဲ့ မနာလိုမှုဟာ မုန်းတဲ့သူကို အကြောင်းပြုပြီး ဖြစ်တယ်၊ အဲဒီလို ဖြစ်ရာမှာလဲ မုန်းတဲ့သူမှာ ချစ်ဖွယ်အကောင်းတွေ မိမိထက် ပြည့်စုံတာကို အကြောင်းပြုပြီး ဖြစ်တယ်၊ ဒါကြောင့် ချစ်အပ်တဲ့ အရာကိုလဲ အကြောင်းပြုပြီး မနာလိုမှု ဖြစ်တယ်လို့ ဒီလိုလဲဆိုရပါတယ်။

မစ္ဆရိယ–ဝန်တိုမှုဆိုတာကတော့ မိမိမှာ ပြည့်စုံနေတဲ့ ချစ်ဖွယ် အကောင်းတွေ သူတစ်ပါးမှာ မပြည့်စုံစေလိုတဲ့ သဘောပါပဲ၊ မိမိမှာ ပြည့်စုံနေတဲ့ ပစ္စည်းဥစ္စာ အသုံးအဆောင်တွေနဲ့ သူတစ်ပါးမှာ မပြည့်စုံစေချင်ဘူး၊ မိမိသုံးစွဲနေတဲ့ ပစ္စည်းကို သူတစ်ပါး မသုံးစွဲစေချင်ဘူး၊ မိမိနဲ့ ရင်းနှီးနေသူတွေကို သူတစ်ပါးနဲ့ မရင်းနှီးစေချင်ဘူး၊ ရဟန်းမှာဆိုရင် မိမိ၏ ဒကာ ဒကာမများကို အခြား ရဟန်းများထံ မသွားစေချင်ဘဲ ရှိတတ်တယ်၊ မိမိ၏ တပည့်က သူတစ်ပါးထံ တပည့်ခံတာလဲ မလိုလားဘဲ ရှိတတ်တယ်၊ လူများမှာတော့ အိမ်ထောင်ဖက် ဖြစ်သူကို အခြားသူတစ်ပါးနဲ့ မနီးစပ်ချင်ဘဲ ရှိတတ်တယ်၊ အခြားသူနဲ့ ပြုံးရွှင်ပြီး စကားပြောနေတာကိုတောင် မကြိုက်ဘဲ ရှိတတ်တယ်၊ မိမိပိုင် ပစ္စည်းဥစ္စာကို ပေးသင့်ပါလျက် သူတစ်ပါးအား ပေးကမ်းရမှာ မလိုလားဘဲ ရှိတတ်တယ်၊ အတိုချုပ်အားဖြင့် ပြောရရင် မိမိပိုင်ဆိုင်တဲ့ သက်ရှိသက်မဲ့ ချစ်ဖွယ်ဟူသမျှကို သူတစ်ပါးနှင့် မနီးစပ် မပိုင်ဆိုင်စေချင်တာဟာ ဝန်တိုတဲ့

http://www.dhammadownload.com



မစ္ဆရိယပါပဲ၊ အဲဒါဟာ ချစ်ဖွယ် ကိုယ့်ပိုင်နက်နဲ့လဲ စပ်ပြီးဖြစ်တယ်၊ မုန်းဖွယ် အခြားသူနဲ့လဲ စပ်ပြီး ဖြစ်တယ်၊ ဒါကြောင့် မစ္ဆရိယဟာ ချစ်ဖွယ် မုန်းဖွယ်ကို အကြောင်းပြုပြီး ဖြစ်တယ်လို့ ဟောတော်မူတာပါပဲ။

အဲဒီ အကြောင်းအရာကိုလဲ သိကြားမင်းက ကိုယ်တိုင်တွေ့အားဖြင့်ပင် သဘောကျပြီးတော့ ပိယနှင့် အပ္ပိယဆိုတဲ့ ချစ်ဖွယ်နှင့် မုန်းဖွယ်၏ အကြောင်းကိုလဲ ဆက်ပြီး မေးလျှောက်ပြန်ပါတယ်၊ အဲဒီအမေးကို မြတ်စွာဘုရားရှင်က–

## ချစ်ဖွယ် မုန်းဖွယ်၏ အကြောင်း ဖြေကြားချက်

ဒေဝါနမိန္ဒ–နတ်တို့၏အရှင် သိကြားမင်း၊ ပိယာပ္ပိယံ–ချစ်အပ်သော အရာနှင့် မုန်းအပ်သော အရာသည်၊ ဆန္ဒနိဒါနံ–လိုချစ်နှစ်သက်တတ်သော တဏှာဆန္ဒလျှင် အကြောင်းရှိ၏၊ ဝါ–တဏှာ ဆန္ဒကြောင့် ဖြစ်၏၊ တဏှာဆန္ဒရှိလျှင် ချစ်အပ် မုန်းအပ်သော အရာရှိ၏၊ တဏှာဆန္ဒမရှိလျှင် ချစ်အပ် မုန်းအပ်သော အရာမရှိပေ–တဲ့။

ချစ်အပ်သော အရာ–ချစ်ဖွယ်နှင့် မုန်းအပ်သော အရာ–မုန်းဖွယ်ဟာ ဆန္ဒကြောင့် ဖြစ်တယ်၊ ဆန္ဒမရှိလျှင် မဖြစ်ဘူးတဲ့ အဲဒီမှာ ဆန္ဒဆိုတာ လိုလားကာမျှ ကုသိုလ်ဆန္ဒလဲ ရှိတယ်၊ တဏှာ ဆန္ဒလဲ ရှိတယ်၊ ဒီအရာမှာတော့ သာယာနှစ်သက်လျက် လိုလားသော တဏှာဆန္ဒပါပဲ၊ တဏှာကိုပင် ဆန္ဒလို့ ဆိုတာပါပဲ၊

http://www.dhammadownload.com



အဲဒီ ဆန္ဒ–က ၁။ ရှာလိုတဲ့ဆန္ဒ၊ ၂။ ရလိုတဲ့ ဆန္ဒ၊ ၃။ သုံးစွဲလိုတဲ့ ဆန္ဒ၊ ၄။ သိုမှီးထားလိုတဲ့ ဆန္ဒ၊ ၅။ ပေးစွမ်းလိုတဲ့ ဆန္ဒ–လို့ ငါးမျိုးရှိတယ်၊ အဲဒါကို "ရှာ, ရ, သုံးချင်၊ သိမ်း ပေးချင်၊ ငါးအင် လိုဆန္ဒ" လို့ ဆောင်ပုဒ်စီထားတယ်၊ အဲဒါကို ဆိုကြရမယ်။

ရှာ, ရ, သုံးချင်၊ သိမ်း, ပေးချင်၊ ငါးအင် လိုဆန္ဒ။

၁။ ရှာလိုတဲ့ ဆန္ဒဆိုတာ အဆင်း, အသံ, အနံ့, အရသာ, အတွေ့ဆိုတဲ့ ကာမဂုဏ် အာရုံဝတ္ထုတွေနဲ့ ပစ္စည်းဥစ္စာတွေကို ရှာလို့ အားမရနိုင်အောင် ရှာလိုတဲ့ တဏှာပါပဲ၊ ယခု လူတွေ ကာမဂုဏ်အာရုံတွေ ရှာလို့အားမရနိုင်ဘဲ တရှာတည်း ရှာနေကြတာဟာ ဒီရှာလိုတဲ့ တဏှာဆန္ဒကြောင့်ပါပဲ၊ ဖြစ်ရာ ဖြစ်ရာ ဘဝမှာ သေသည်အထိ ဒီတဏှာဖြင့် ရှာသွားကြရ တာပဲ။

၂။ ရလိုတဲ့ ဆန္ဒဆိုတာ ကာမဂုဏ်တွေနဲ့ ပစ္စည်းဥစ္စာတွေကို ရလို့ အားမရနိုင်တဲ့ တဏှာပါပဲ၊ မူလက တစ်ခုလောက်ရရင် တော်လောက်ပြီလို့ နှလုံးသွင်းထားပေမယ့် တစ်ခုကို ရပြီတော့ နှစ်ခု ရချင်လာတယ်၊ နှစ်ခု ရပြီးတော့လဲ သုံးခု လေးခု စသည် ဖြင့် တိုးတိုးပြီး လိုချင်လာပြန်တယ်၊ ဘယ်လောက်များများ ရလို့မှ အားရတယ်လို့ မရှိဘူး၊ တိုးတိုးပြီး ရချင်နေပြန်တာပဲ၊ ယခုခေတ်မှာ အလွန်တိုးတက်ကြီးပွားနေတဲ့ နိုင်ငံတွေ၌ ကုဋေ သိန်းသန်းများစွာ ရပြီး ကြွယ်ဝနေကြတဲ့ သေဌေးကြီးတွေလဲ

http://www.dhammadownload.com



ရသမျှနဲ့ အားမရနိုင်ဘဲ ရချင်နေကြတာဟာ ဒီတဏှာကြောင့်ပါပဲ။

၃။ သုံးစွဲလိုတဲ့ ဆန္ဒဆိုတာ ကာမဂုဏ် အာရုံတွေနဲ့ ပစ္စည်းအမျိုးမျိုးတွေကို သုံးစွဲလို့ အားမရနိုင်တဲ့ တဏှာပါပဲ၊ ယခုခေတ်ကာလမှာ ပွဲကြိုက်တဲ့သူတွေဟာ ပွဲကြည့်လို့ အားမရနိုင်ဘူး၊ သီချင်းကြိုက်တဲ့ သူတွေက သီးချင်းတွေ နားထောင်လို့ အားမရနိုင်ဘူး၊ အနံ့ကြိုက်တဲ့သူတွေက ပန်းနံ့, ရေမွှေးနံ့ စသည်တွေကို နမ်းရှူလို့ အားမရနိုင်ဘူး၊ အဲဒီလို အနံ့ကောင်းကို အားမရနိုင်အောင် ဆပ်ပြာခဲထဲမှာတောင် အမွှေးနံ့တွေ ထည့်ထားကြတယ်၊ အရသာကောင်း, အတွေ့အကောင်းတွေကို သုံးဆောင်လို့ အားမရတာကတော့ အလွန်ပင် ထင်ရှားနေတာပါပဲ၊ ပစ္စည်းအမျိုးမျိုးတွေ သုံးဆောင်လို့ အားမရနိုင်တာလဲ ထင်ရှားပါတယ်၊ အဲဒါဟာ ဒီတဏှာကြောင့်ပါပဲ။

၄။ သိမ်းထားလိုတဲ့ ဆန္ဒဆိုတာ ရွှေ ငွေ ကျောက် ပတ္တမြား စသည်တွေကို သိမ်းထားလို့ အားမရနိုင်တဲ့ တဏှာပါပဲ၊ နောင် အရေးအကြောင်း ရှိတဲ့အခါ ထုတ်ပြီးသုံးဖို့ ရွှေငွေ စသည်တွေကို သိုမှီးထားလေ့ ရှိကြတယ်၊ ရှေးခေတ်ကတော့ မြေကြီးထဲမြှုပ်ပြီး သိမ်းထားလေ့ ရှိကြတယ်၊ ယခုခေတ်မှာတော့ ဘဏ်တိုက်တွေမှာ သွင်းပြီးတော့ပဲ သိမ်းထားလေ့ရှိကြပါတယ်၊ အဲဒီလို သိမ်းထားရာမှာလဲ မူလက တစ်သောင်းလောက်, တစ်သိန်းလောက် သိမ်းထားရုံနဲ့ တော်လောက်ပြီလို့ စိတ်ရှိခဲ့

http://www.dhammadownload.com



သော်လဲ နောက်ကျတော့ အဲဒါလောက်နဲ့ အားမရနိုင်ဘဲ သိန်းသန်းများစွာ သိမ်းထားလိုတတ်ကြတယ်၊ အဲဒါဟာ တဏှာကြောင့်ပါပဲ။

၄။ ပေးစွန့်လိုတဲ့ ဆန္ဒဆိုတာ မိမိ၏ အလုပ်ကိစ္စတွေကို ဆောင်ရွက်နေတဲ့ အလုပ်သမားများအား ပေးလိုတဲ့ တဏှာပါပဲ၊ မူလက အလုပ်သမား လေးငါးယောက်လောက် လခပေးပြီး အလုပ်ကိစ္စ ဆောင်ရွက်စေရလျှင် တော်လောက်ပါပြီလို့ စိတ်ရှိခဲ့သော်လဲ ကြီးပွားတိုးတက်လာတဲ့ အခါကျတော့ အလုပ်သမားများအား လခပေးဖို့ရာ အကန့်အသတ်မရှိအောင် များပြားလာတတ်တယ်၊ အဲဒါဟာ ပေးစွန့်ရန် အားမရနိုင်တဲ့ ဒီတဏှာကြောင့်ပါပဲ။

ဒီတဏှာဆန္ဒ ငါးပါးကြောင့် ချစ်ဖွယ် မုန်းဖွယ်ဖြစ်လာပုံကတော့ အားမရနိုင်အောင် ရှာမှီးနေရာမှာ အထောက်အပံ့ အကူအညီ ဖြစ်စေနိုင်တဲ့ အရာတွေနဲ့ ပုဂ္ဂိုလ်တွေကို ချစ်ဖွယ်အဖြစ်ဖြင့် ဒီတဏှာဆန္ဒက အသိအမှတ်ပြုထားတယ်၊ အကျိုးယုတ်စေမည့် အရာဝတ္ထုတွေနဲ့ ပုဂ္ဂိုလ်တွေကိုတော့ မုန်းဖွယ်အဖြစ်ဖြင့် အသိအမှတ်ပြုထားတယ်၊ အဲဒါဟာ ရှာမှီးလိုတဲ့ ဆန္ဒကြောင့် ချစ်ဖွယ် မုန်းဖွယ် ဖြစ်ပုံပဲ။

ရလိုတဲ့ ဆန္ဒကြောင့် ချစ်ဖွယ် မုန်းဖွယ်ဖြစ်ပုံကတော့- ရချင်တဲ့ အရာတွေ၊ ရအောင် အကူအညီဖြစ်တဲ့ ပုဂ္ဂိုလ်တွေ ကို ချစ်ဖွယ်လို့ အသိအမှတ်ပြုထားတယ်၊ မရချင်တဲ့ အရာတွေနဲ့

http://www.dhammadownload.com



မရအောင် အနှောင့်အယှက်ပြုတဲ့ ပုဂ္ဂိုလ်တွေကို မုန်းဖွယ်လို့ အသိအမှတ်ပြုထားတယ်၊ အဲဒါဟာ ရလိုတဲ့ဆန္ဒကြောင့် ချစ်ဖွယ် မုန်းဖွယ် ဖြစ်ပုံပါပဲ။

သုံးစွဲလိုတဲ့ဆန္ဒကြောင့် ချစ်ဖွယ်မုန်းဖွယ် ဖြစ်ပုံကတော့– သုံးစွဲလို့ကောင်းတာတွေနဲ့ သုံးစွဲနိုင်အောင် အကူအညီပေးတဲ့ ပုဂ္ဂိုလ်တွေကို ချစ်ဖွယ်လို့ အသိအမှတ်ပြုထားတယ်၊ သုံးစွဲလို့ မကောင်းတာတွေနဲ့ အခွင့်မရအောင် အနှောင့်အယှက်ပြုတဲ့ ပုဂ္ဂိုလ်တွေကို မုန်းဖွယ်လို့ အသိအမှတ်ပြုထားတယ်၊ အဲဒါဟာ သုံးစွဲလိုတဲ့ဆန္ဒကြောင့် ချစ်ဖွယ် မုန်းဖွယ် ဖြစ်ပုံပါပဲ။

သိုမှီးလိုတဲ့ဆန္ဒကြောင့် ချစ်ဖွယ် မုန်းဖွယ် ဖြစ်ပုံကတော့ သိုမှီးထားသင့်တဲ့အရာတွေနဲ့ အားပေးကူညီတဲ့ ပုဂ္ဂိုလ်တွေကို ချစ်ဖွယ်လို့ အသိအမှတ်ပြုထားတယ်၊ မသိုမှီးသင့်တဲ့အရာတွေနဲ့ အကျိုးမဲ့ပြုနိုင်တဲ့ ပုဂ္ဂိုလ်တွေကို မုန်းဖွယ်လို့ အသိအမှတ်ပြုထားတယ်၊ အဲဒါဟာ သိုမှီးထားလိုတဲ့ဆန္ဒကြောင့် ချစ်ဖွယ် မုန်းဖွယ် ဖြစ်ပုံပါပဲ။

ပေးစွန့်လိုတဲ့ဆန္ဒကြောင့် ချစ်ဖွယ် မုန်းဖွယ် ဖြစ်ပုံကတော့ စီးပွားဖြစ်မည့် အလုပ်အကိုင်များနှင့် ကူညီအားပေးနိုင်သည့် ပုဂ္ဂိုလ်များကို ချစ်ဖွယ်လို့ အသိအမှတ်ပြုထားတယ်၊ စီးပွားပျက်မည့် အမှုကိစ္စတွေနှင့် နှောင့်ယှက်မည့်ပုဂ္ဂိုလ်များကို မုန်းဖွယ်လို့ အသိအမှတ်ပြုထားတယ်၊ အဲဒါဟာ ပေးစွန့်လိုတဲ့ ဆန္ဒကြောင့် ချစ်ဖွယ် မုန်းဖွယ်ဖြစ်ပုံပါပဲ။

http://www.dhammadownload.com



ဒီ တဏှာဆန္ဒငါးပါးထဲက သိုမှီးလိုတဲ့ဆန္ဒနှင့် ပေးစွန့်လိုတဲ့ဆန္ဒဆိုတဲ့ နှစ်ပါးကတော့ နတ်များနဲ့ သက်ဆိုင်ပုံ မရဘူး၊ နတ်များအား ဟောတဲ့တရားထဲမှာ မသက်ဆိုင်တဲ့ အဲဒီ ဆန္ဒနှစ်ပါးကို နိဒ္ဒေသမှယူပြီး အဋ္ဌကထာဆရာက ဘာကြောင့် ပြရပါသလဲလို့ မေးစရာရှိပါတယ်၊ နတ်များနှင့်မဆိုင်သော်လည်း အပြည့်အစုံကို သိထားသင့်သောကြောင့် အဋ္ဌကထာဆရာများက အဲဒီ ဆန္ဒနှစ်ပါးကိုလည်း ထည့်သွင်းဖွင့်ပြတော်မူကြတယ်လို့ မှတ်ယူသင့်ပါတယ်။

မြတ်စွာဘုရား၏ အဲဒီအဖြေအရ ချစ်ဖွယ်နှင့် မုန်းဖွယ်ဟာ တဏှာဆန္ဒကြောင့် ဖြစ်တယ်ဆိုတာကို သဘောကျနားလည်၍ သာဓုခေါ်ပြီးတော့ အဲဒီဆန္ဒက ဘာကြောင့် ဖြစ်ပါသလဲလို့ မေးလျှောက်ပြန်ပါတယ်၊ အဲဒီအမေးကို မြတ်စွာဘုရားရှင်က ဒီလို ဖြေရှင်းဟောကြားတော်မူပါတယ်။

**ဆန္ဒ၏အကြောင်း ဖြေကြားချက်**

ဒေဝါနမိန္ဒ– နတ်တို့၏အရှင် သိကြားမင်း၊ ဆန္ဒော– လိုချင်နှစ်သက်မှု တဏှာဆန္ဒသည်၊ ဝိတက္ကနိဒါနော– ကြံစည်ဆုံးဖြတ်မှုဝိတက်လျှင် အကြောင်းရှိ၏၊ ဝါ–ဝိတက်ကြောင့်ဖြစ်၏၊ ဝိတက်ရှိလျှင် လိုချင်နှစ်သက်မှု တဏှာဆန္ဒ ဖြစ်သည်၊ ဝိတက် မရှိလျှင် တဏှာဆန္ဒ မဖြစ်ဘူးတဲ့။

ဒီ ဝိတက္က၏ အဖွင့်အဋ္ဌကထာမှာ ကြံစည်ဆုံးဖြတ်ခြင်းလို့ ဖွင့်ပြထားတယ်၊ အဲဒီ ကြံစည်ဆုံးဖြတ်ခြင်းကလဲ တဏှာဖြင့်

http://www.dhammadownload.com



ကြံစည်ဆုံးဖြတ်ခြင်း, ဒိဋ္ဌိဖြင့်ကြံစည်ဆုံးဖြတ်ခြင်းလို့ နှစ်မျိုးရှိကြောင်း ပြဆိုထားတယ်၊ မြန်မာလိုရှင်းရှင်းပြောရရင် လိုချင်နှစ်သက်စရာအနေဖြင့် ထင်မြင်တာနဲ့ ပုဂ္ဂိုလ်သတ္တဝါအနေဖြင့် ထင်မြင်တာပါပဲ၊ ဒါကြောင့် မြင်ပြီးလျှင် လိုချင်နှစ်သက်စရာအနေဖြင့် ထင်မြင်တာဟာ တဏှာဖြင့် ကြံစည်ဆုံးဖြတ်မှုပဲ၊ ပုဂ္ဂိုလ်သတ္တဝါအနေဖြင့် ထင်မြင်တာဟာ ဒိဋ္ဌိဖြင့် ကြံစည်ဆုံးဖြတ်မှုပဲ၊ ထို့အတူပင် ကြားပြီးလျှင် နံသိပြီးလျှင် စားသိပြီးလျှင် ထိသိပြီးလျှင်၊ ကြံသိပြီးလျှင် လိုချင်နှစ်သက်စရာအနေဖြင့် ထင်မြင်တာဟာ တဏှာဖြင့် ကြံစည်ဆုံးဖြတ်မှုပဲ၊ ပုဂ္ဂိုလ်သတ္တဝါ အနေဖြင့် ထင်မြင်တာဟာ ဒိဋ္ဌိဖြင့် ကြံစည်ဆုံးဖြတ်မှုပဲ၊ မြင်ခိုက် ကြားခိုက်စသည်၌ မရှုမမှတ်နိုင်ရင် ဒီကြံစည်ဆုံးဖြတ်မှု ဖြစ်တော့တာပဲ၊ ဒီကြံစည်ဆုံးဖြတ်မှု ဖြစ်ရင် လိုချင်နှစ်သက်မှု ဆန္ဒကလည်း ဖြစ်တော့တာပဲ။

ဒါကြောင့် အဲဒီဖြေရှင်းဟောကြားချက်ကို သဘောကျနားလည်ပြီးတော့ အဲဒီကြံစည်ဆုံးဖြတ်မှုဝိတက်က ဘာ့ကြောင့် ဖြစ်ပါသလဲလို့ သိကြားမင်းက မေးလျှောက်ပြန်ပါတယ်၊ အဲဒီအမေးကို မြတ်စွာဘုရားရှင်က ဒီလို ဖြေကြားတော်မူပါတယ်။

### ဝိတက်၏ အကြောင်း ဖြေကြားချက်

**ဒေဝါနမိန္ဒ**– နတ်တို့၏အရှင် သိကြားမင်း၊ ဝိတက္ကော– ကြံစည်ဆုံးဖြတ်မှုသည်၊ ပပဉ္စသညာ သင်္ခါနိဒါနော– ပပဉ္စသညာ တရားအဖို့လျှင် အကြောင်းရှိ၏၊ ဝါ– ပပဉ္စသညာ တရားအဖို့

http://www.dhammadownload.com



ကြောင့် ဖြစ်သည်၊ ပပဉ္စသညာ တရားအဖို့ရှိလျှင် ကြံစည်ဆုံးဖြတ်မှု ဖြစ်သည်၊ မရှိလျှင် မဖြစ်ဘူးလို့ ဖြေရှင်းဟောကြားတော်မူပါတယ်။

ပပဉ္စဆိုတာက ချဲ့တယ်လို့ အနက်ရှိတယ်၊ သညာဆိုတာက မှတ်သားတယ်လို့ အနက်ရှိတယ်၊ ဒါကြောင့် ပပဉ္စသညာဆိုတာ ချဲ့ဖို့ မှတ်သားတဲ့ သဘောတရားလို့ အနက်ရတယ်၊ အဲဒီ ချဲ့ဖို့ မှတ်သားမှု ပပဉ္စသညာဟာ တဏှာရယ်, မာနရယ်, ဒိဋ္ဌိရယ်–လို့ ဒီလို သုံးမျိုးရှိတယ်၊ အဲဒီ သုံးမျိုးကို "ဒိဋ္ဌိ တဏှာ, မာနပါ, သုံးဖြာပပဉ္စ" လို့ ဆောင်ပုဒ်စီထားတယ်၊ အဲဒါကို ဆိုကြရမယ်။

ဒိဋ္ဌိ တဏှာ, မာနပါ, သုံးဖြာ ပပဉ္စ။

ဆောင်ပုဒ်လင်္ကာမှ ကာရန်ရအောင်လို့ ဒိဋ္ဌိမှစပြီး စီထားတာပါ၊ ဒေသနာအစဉ်အားဖြင့်တော့ တဏှာ မာန ဒိဋ္ဌိ–လို့ မှတ်ကြရမယ်၊ မြင်ပြီးလျှင်၊ ကြားပြီးလျှင်၊ တွေ့ပြီးလျှင်၊ သိပြီးလျှင် ချက်ချင်း ရှုမှတ်ပြီး မသိနိုင်တဲ့သူမှာ အဲဒီ နယ်ချဲ့တရား သုံးပါးထဲက တစ်ပါးပါးဖြစ်တော့တာပဲ၊ မြင်ရ ကြားရ တွေ့ရ သိရတာကို သာယာနှစ်သက်ပြီး ပုံကြီးချဲ့ဖို့ရာ သို့မဟုတ် မာန်ထောင်လွှားပြီး ပုံကြီးချဲ့ဖို့ရာ သို့မဟုတ် ပုဂ္ဂိုလ် သတ္တဝါ အနေဖြင့် အမြင်မှားပြီး ပုံကြီးချဲ့ဖို့ရာ အဆင်သင့် မှတ်စွဲထားပြီး ဖြစ်နေတော့တာပဲ၊ ဥပမာအားဖြင့် ခတ်ပုံကလေး ရိုက်ကူးပြီး ရတာကို ပုံကြီးချဲ့ဖို့ အဆင့်သင့် ဖြစ်နေတာလိုပါပဲ။

http://www.dhammadownload.com



## အကြောင်းအကျိုး အဆက်ဆက်ဖြစ်ပုံ

မြင်ဆဲခဏတုန်းက အဆင်းမျှကိုသာ မြင်ရတယ်၊ အဲဒါကို ပြန်လည် ဆင်ခြင်သောအားဖြင့် တဏှာက သာယာနှစ်သက်ဖွယ် အနေနဲ့ ပုံကြီးချဲ့ဖို့ အဆင်သင့် စွဲမှတ်ထားတယ်၊ မာနကလဲ ဂုဏ်ယူပြီး မာန်တက်ဖွယ် အနေနဲ့ ပုံကြီးချဲ့ဖို့ အဆင်သင့် စွဲမှတ်ထားတယ်၊ ဒိဋ္ဌိကလဲ အသက်ရှင်နေတဲ့ အတ္တကောင် အနေနဲ့ ပုံကြီးချဲ့ဖို့ အဆင်သင့် စွဲမှတ်ထားတယ်။ ဒါကြောင့် နောက် ကာလ၌ အဲဒီ မြင်ရတာကို ပြန်လည်ဆင်ခြင်တိုင်း လိုချင်နှစ်သက်စရာ အနေနဲ့ ကြံစည်ဆုံးဖြတ်မှု ဝိတက် ဖြစ်ပွား တယ်၊ မာန်တက်စရာ အနေနဲ့လဲ ကြံစည်ဆုံးဖြတ်မှု ဝိတက် ဖြစ်ပွားတယ်၊ အတ္တကောင်အနေနဲ့လဲ အထင်အမြင်များပြီး ကြံစည်ဆုံးဖြတ်မှု ဖြစ်ပွားတယ်၊ အဲဒီ ကြံစည်ဆုံးဖြတ်မှုကြောင့် လိုချင်နှစ်သက်တဲ့ ဆန္ဒဖြစ်တယ်၊ အဲဒီ ဆန္ဒကြောင့် ချစ်ဖွယ် မုန်းဖွယ်လို့ ထင်ရတယ်၊ အဲဒီ ချစ်ဖွယ် မုန်းဖွယ် ထင်သောကြောင့် ဣဿာမစ္ဆရိယ ဖြစ်တယ်၊ အဲဒီ ဣဿာမစ္ဆရိယကြောင့် သတ္တဝါတွေမှာ မိမိတို့အလိုမကျဘဲ ဆင်းရဲနေကြရတယ်၊ ကြားဆဲ ခဏ စသည်မှာလဲ နည်းတူပါပဲ၊ ဒါဟာ ပပဉ္စသညာမှ ဆင်းရဲ ကြရသည် အထိ အကြောင်းအကျိုး အဆက်ဆက် အစဉ်ပါပဲ၊ အဲဒါကို—

ကာမဘုံသား, နတ်လူများတို့, ကောင်းစားပြည့်ဝ, ဘေးရန် ပလျက်, အေးမြချမ်းသာ, နေလိုပါလဲ, ဣဿာမစ္ဆေ, သူ့ရှုပ်

http://www.dhammadownload.com



ပွေ၍, ထင်ခြေမကျ, ဆင်းရဲရတည့်, မူလဇာစ်မြစ်, သူ့ကြောင်း စစ်သော်, မုန်းချစ်အပ်သား, အာရုံများနှင့်, လိုလားတလီ, ကြံစည်တတန်, ချဲ့ရန်မှတ်စွဲ, ခြေတည်လွဲ၍, ဆင့်ကဲဆင့်ကာ, ဖြစ်ရိုးပါတည့်လို့ ဆောင်ပုဒ်စီထားတယ်၊ အဲဒါကို ဆိုကြရမယ်။

ကာမဓာတ်သား, နတ်လူများတို့, ကောင်းစားပြည့်ဝ, သေားရန် ပလျက်, အေးမြချမ်းသာ, နေလိုပါလဲ, ဣဿာမစ္ဆေ။ပ။ချဲ့ရန် မှတ်စွဲ, ခြေတည်လွဲ၍, ဆင့်ကဲဆင်ကာ, ဖြစ်ရိုးပါတည့်။

အဲဒီမှာ အကြောင်းအကျိုး အဆက်ဆက်ဖြစ်ပုံက ပပဥ္စ– သညာကြောင့် ကြံစည်မှု–ဝိတက်ဖြစ်သည်၊ အဲဒီဝိတက်ကြောင့် လိုလားတဲ့ ဆန္ဒဖြစ်သည်၊ အဲဒီ ဆန္ဒကြောင့် ချစ်စရာ မုန်းစရာ အာရုံတွေ ရှိရသည်၊ အဲဒီ ချစ်စရာ မုန်းစရာတွေကြောင့် ဣဿာ၊ မစ္ဆရိယ ဖြစ်ရသည်။ အဲဒီ ဣဿာမစ္ဆရိယကြောင့် ဆင်းရဲဒုက္ခ ရောက်နေကြသည်–ဆိုတာ ထင်ရှားတွေ့ရတယ်၊ ဒါကြောင့် ဆင်းရဲဒုက္ခ လုံးဝကင်းချင်ရင် မူလအကြောင်းဖြစ်တဲ့ ပပဥ္စသညာကို ပယ်နိုင်အောင် ကျင့်ရမယ်ဆိုတာလဲ ထင်ရှားနေ ပါတယ်၊ အဲဒီအကြောင်းကို မှတ်သားရအောင် လိုက်ဆိုကြရမယ်။

## အကြောင်းအကျိုး အဆက်ဆက်ဆောင်ပုဒ်

ချဲ့နိုင်အောင် မှတ်စွဲထားမိ၍ ကြံစည်နိုင်သည်၊ ကြံစည်မိ၍ ကား နှစ်သက်သည်၊ လိုလားနှစ်သက်၍ ချစ်စရာ မုန်းစရာ ရှိရသည်၊ ချစ်စရာ မုန်းစရာတွေ ရှိနေ၍ မနာလိုမှု ဝန်တိုမှုများ

http://www.dhammadownload.com



ဖြစ်ပေါ်လာသည်၊ မနာလိုမှု ဝန်တိုမှုများ ရှိနေ၍ ဘေးရန်မကင်းဘဲ ဆင်းရဲဒုက္ခ ရောက်နေကြရသည်၊ သို့ဖြစ်၍ ဆင်းရဲဒုက္ခမှချမ်းကင်းလိုလျှင် ချဲ့နိုင်အောင် မှတ်စွဲထားမှု (ပပဉ္စသညာ) ချုပ်ငြိမ်းသွားအောင် ကျင့်ရမည်။

အဲဒီ ပပဉ္စသညာ ချုပ်ငြိမ်းပါမှ ဆင်းရဲငြိမ်းမယ်ဆိုတာကို သိကြားမင်းက သဘောပေါက် သိနားလည်ပြီးတော့ အဲဒီ ပပဉ္စသညာ ချုပ်ငြိမ်းအောင် ဘယ်လိုကျင့်ရပါမည်လဲ ဆိုတာကို ဒီလို မေးလျှောက်ပါတယ်။

## ပပဉ္စသညာ ချုပ်ငြိမ်းအောင် ကျင့်ပုံအမေး

မာရိသ–မြတ်စွာဘုရား၊ ဘိက္ခု–သံသရာဘေးကို မြင်၍ သံသရာဘေးမှ လွတ်မြောက်ရန် ကျင့်နေသော ရဟန်းသည်၊ ကထံ ပဋိပန္နော–အဘယ်သို့ကျင့်လျှင်၊ ပပဉ္စသညာသင်္ခါနိရောဓ သောရုပ္ပဂါမိနီ ပဋိပဒံ–ပပဉ္စသညာ ချုပ်ခြင်းနှင့် သင့်လျော်၍ ထိုချုပ်ခြင်းသို့ ဆိုက်ရောက်သောအကျင့်ကို၊ ဝါ–ဆိုက်ရောက်စေနိုင်သော အကျင့်ကို၊ ပဋိပန္နော–ကျင့်သည်၊ ဟောတိ ဖြစ်ပါသနည်း အရှင်ဘုရားလို့ မေးလျှောက်ပါတယ်။

ဆိုလိုရင်းကတော့ တဏှာ မာန ဒိဋ္ဌိဆိုတဲ့ ပပဉ္စတရားတို့ကို ချုပ်ငြိမ်းစေနိုင်တဲ့ အကျင့်က ဘယ်လိုဟာပါလဲ၊ ဘယ်လိုကျင့်ရင် အဲဒီ ပပဉ္စတရားတွေ ချုပ်ငြိမ်းပါသလဲလို့ ဆိုလိုတာပါပဲ၊ အဲဒီမေးခွန်းဖြင့် ဝိပဿနာနှင့် အရိယမဂ်ကို မေးကြောင်း

http://www.dhammadownload.com



အဋ္ဌကထာက ဖွင့်ပြထားတယ်၊ အဲဒီ အမေးပြဿနာကို မြတ်စွာဘုရားရှင်က ဒီလိုဖြေကြားတော် မူပါတယ်။

## ဝိပဿနာနှင့် အရိယမဂ်အကျင့်ကို ဟောတော်မူပုံ

> သောမနဿံပါဟံ ဒေဝါနမိန္ဒ ဒုဝိဓေန ဝဒါမိ သေဝိတဗ္ဗံပိ အသေဝိတဗ္ဗံပိ၊ ဒေါမနဿံပါဟံ ဒေဝါနမိန္ဒ ဒုဝိဓေန ဝဒါမိ သေဝိတဗ္ဗံပိ အသေဝိတဗ္ဗံပိ။ ဥပေက္ခံပါဟံ ဒေဝါနမိန္ဒ ဒုဝိဓေန ဝဒါမိ သေဝိ တဗ္ဗံပိ အသေဝိတဗ္ဗံပိ။

ဒေဝါနမိန္ဒ–နတ်တို့၏ အရှင်သိကြားမင်း၊ သောမနဿံပိ–ဝမ်းသာမှုကိုလည်း၊ အဟံ–ငါသည်၊ ဒုဝိဓေန ဝဒါမိ–နှစ်ပါး အပြားအားဖြင့် ဟောသည်၊ သေဝိတဗ္ဗံပိ–မှီဝဲအပ်သည်ကိုလည်း ဟောသည်၊ အသေဝိတဗ္ဗံပိ–မမှီဝဲအပ်သည်ကိုလည်း ဟောသည် တဲ့၊ ဝမ်းသာတာကိုလဲ မှီဝဲအပ် မှီဝဲကောင်းတာက တစ်မျိုး၊ မမှီဝဲအပ် မမှီဝဲကောင်းတာက တစ်မျိုး၊ ဒီလို နှစ်မျိုးခွဲခြားပြီး ဟောတယ်လို့ ဆိုလိုပါတယ်၊ နောက်ပြီးတော့–

ဒေဝါနမိန္ဒ–သိကြားမင်း၊ ဒေါမနဿံပိ–နှလုံးမသာမှုကိုလည်း၊ အဟံ–ငါသည်၊ ဒုဝိဓေန ဝဒါမိ–နှစ်ပါးအပြားအားဖြင့် ဟောသည်၊ သေဝိတဗ္ဗံပိ–မှီဝဲအပ်သည်ကိုလည်း ဟောသည်၊ အသေဝိတဗ္ဗံပိ–မမှီဝဲအပ်သည်ကိုလည်း ဟောသည်–တဲ့၊ နှလုံးမသာတာကိုလဲ မှီဝဲအပ် မှီဝဲကောင်းတာက တစ်မျိုး၊ မမှီဝဲအပ်

http://www.dhammadownload.com



မမှိုဝဲကောင်းတာက တစ်မျိုး၊ ဒီလို နှစ်မျိုးခွဲခြားပြီး ဟောတယ်လို့ ဆိုလိုတာပါပဲ၊ နောက်ပြီးတော့–

ဒေဝါနမိန္ဒ–သိကြားမင်း၊ ဥပေက္ခံပိ–ဝမ်းသာ, မသာ အလယ်အလတ် ဥပေက္ခာကိုလည်း၊ အဟံ–ငါသည်၊ ဒုဝိဓေန ဝဒါမိ–နှစ်ပါးအပြားအားဖြင့် ဟောသည်၊ သေဝိတဗ္ဗံပိ–မှိုဝဲအပ် သည်ကိုလည်း ဟောသည်၊ အသေဝိတဗ္ဗံပိ–မမှိုဝဲအပ်သည်ကို လည်း ဟောသည်–တဲ့၊ ဝမ်းသာတာလဲမဟုတ်၊ နှလုံး မသာတာလဲ မဟုတ်၊ အလယ်အလတ် ဥပေက္ခာဝေဒနာ ဆိုတာ ရှိတယ်၊ အဲဒါကတော့ ဝမ်းသာတာလို, နှလုံးမသာတာလို မထင်ရှားဘူး၊ ဒါပေမယ့် များသောအားဖြင့် အဲဒီ ဥပေက္ခာ ဝေဒနာဖြစ်နေတဲ့ အချိန်ကာလက အများဆုံးပါပဲ၊ ဝမ်းသာတဲ့ အနေ နှလုံးမသာတဲ့ အနေဖြင့် စိတ်ထဲမှာ မထင်ရှားရင် အဲဒီအခိုက်မှာ ဥပေက္ခာဝေဒနာ ဖြစ်နေတာပဲ၊ အဲဒီ ဥပေက္ခာကိုလဲ မှိုဝဲအပ် မှိုဝဲကောင်းတာက တစ်မျိုး၊ မမှိုဝဲအပ် မမှိုဝဲကောင်းတာက တစ်မျိုး၊ ဒီလို နှစ်မျိုး ခွဲခြားပြီး ဟောတယ်လို့ ဆိုလိုတာပါပဲ။

အဲဒီ အမေးအဖြေနှင့်စပ်ပြီး ဆောင်ပုဒ်စီထားတယ်၊ အဲဒါတွေကို ရွတ်ဆိုပြီး အတိုချုပ် ရှင်းပြသွားမယ်၊ အမေးအတွက် ဆောင်ပုဒ်က–"ဘယ်သို့ကျင့်က, ပပဉ္စ, လုံးဝချုပ်သနည်း"တဲ့၊ အဲဒါကို ဆိုကြရမယ်။

ဘယ်သို့ကျင့်က ပပဉ္စ လုံးဝချုပ်သနည်း။

http://www.dhammadownload.com



ဒါက သိကြားမင်းက မေးလျှောက်ပုံပဲ၊ ဘယ်လိုကျင့်ရင် ပပဥ္စတရား လုံးဝချုပ်ငြိမ်းပါသလဲ၊ ပပဥ္စတရား ချုပ်ငြိမ်းအောင် ဘယ်လိုကျင့်ရပါသလဲလို့ မေးလျှောက်တယ်၊ အဲဒီ အမေးဖြင့် ဝိပဿနာနှင့် အရိယမဂ်အကျင့်ကို မေးကြောင်း အဋ္ဌကထာက ဖွင့်ပြထားတယ်ဆိုတာကို ရှေးနားက ပြောခဲ့ပြီ၊ အဲဒါကိုလဲ အထူး သတိပြုကြရမယ်၊ နောက်ပြီးတော့ ဝေဒနာသုံးမျိုးကို မှီဝဲသင့် မမှီဝဲသင့်အားဖြင့် နှစ်ပါးစီ ခွဲခြားပြီး ဟောကြောင်း မြတ်စွာဘုရားက ဖြေကြားတော်မူတယ်၊ အဲဒီ အဖြေကို ဆောင်ပုဒ် လေးပုဒ်စီထားတယ်၊ အဲဒါကို လိုက်ဆိုကြရမယ်။

မှီဝဲသင့်တာ, မသင့်တာ, ဝမ်းသာနှစ်မျိုးတည်း။

သောမနဿဆိုတဲ့ ဝမ်းသာမှုကို မှီဝဲသင့်တာနှင့် မမှီဝဲသင့်တာအားဖြင့် နှစ်မျိုးခွဲခြားပြီး ဟောထားတယ်လို့ ဆိုလိုပါတယ်၊ ဒုတိယဆောင်ပုဒ်ကို ဆိုကြရမယ်။

နှလုံးမသာ, ဥပေက္ခာ, ခွဲပါနည်းတူတည်း။

ဒေါမနဿဆိုတဲ့ နှလုံးမသာတာရယ်၊ ဥပေက္ခာဆိုတဲ့ အလယ်အလတ် ခံစားမှုရယ်၊ အဲဒီ ဝေဒနာ နှစ်ပါးကိုလဲ သောမနဿလိုပင် မှီဝဲသင့်တာနှင့် မမှီဝဲသင့်တာ နှစ်မျိုးစီပင် နည်းတူခွဲပြီး သိပါလို့ ဆိုလိုပါတယ်၊ အဲဒါဟာ ယခုရွတ်ပြခဲ့ပြီး ဖြေကြားချက်အတွက် ဆောင်ပုဒ် နှစ်ပုဒ်ပါပဲ၊ နောက်ပြီးတော့ မှီဝဲသင့်တာ မမှီဝဲသင့်တာကို အကျယ် ဝေဖန်ပြတဲ့ စကားတော်များလဲ ရှိပါသေးတယ်၊ အဲဒါတွေကို တော်တော်ကြာမှ ရွတ်ပြပြီး

http://www.dhammadownload.com



ဟောရမယ်၊ ယခု အဲဒီ အကျယ် ဝေဖန်ချက် အတွက်နှင့် နိဂုံးချုပ်အတွက် ဆောင်ပုဒ် နှစ်ခုကို ဆိုကြရမယ်။

အကုသိုလ်များ, ပယ်ရှောင်ရား, ကုပွားမှီဖို့တည်း။

ဝမ်းသာတာ ဖြစ်ဖြစ်၊ နှလုံးမသာတာဖြစ်ဖြစ်၊ ဥပေက္ခာဖြစ်ဖြစ်၊ အကုသိုလ်ဖြစ်ပွားစေတတ်တဲ့ ဝေဒနာကို ရှောင်ရမယ်၊ မမှီဝဲရဘူး၊ ကုသိုလ်ဖြစ်ပွားစေတတ်တဲ့ ဝေဒနာကို မှီဝဲရမယ်တဲ့၊ ဒါဟာ မှီဝဲသင့် မမှီဝဲသင့်ဆိုတာ သိဖို့ အကျယ်ဖွင့်ပြတဲ့ စကားပါပဲ၊ ယခု နိဂုံးချုပ်အတွက် ဆောင်ပုဒ်ကို ဆိုကြရမယ်။

ဤသို့ကျင့်က, ပပဥ္စ, လုံးဝချုပ်သတည်း။

ယခု ပြောခဲ့တဲ့အတိုင်း မမှီဝဲသင့်တာကို ရှောင်ဖယ်ပြီးတော့ မှီဝဲသင့်တာကို မှီဝဲရင် ပပဥ္စတရားတွေ လုံးဝချုပ်ငြိမ်းကင်းပြတ်သွားပါလိမ့်မယ်တဲ့၊ အဲဒါဟာ အဖြေစကားတော်ပဲ၊ အမေးက ဝိပဿနာနှင့် အရိယမဂ်အကျင့်ကို မေးတယ်လို့ အဋ္ဌကထာအဆိုအရအားဖြင့် မမှီဝဲသင့်တဲ့ ဝေဒနာကို ရှောင်ပယ်ပြီး မှီဝဲသင့်တဲ့ ဝေဒနာကို မှီဝဲတာဟာ ဝိပဿနာအကျင့်နှင့် မဂ်အကျင့်ဖြစ်တယ်လို့ ဆိုရမှာပဲ၊ ဒါလောက်နဲ့တော့ ရုပ်နာမ် အဖြစ်အပျက် အနိစ္စ ဒုက္ခ အနတ္တ ဆိုတာတွေသိတဲ့ ဝိပဿနာဟာ ဘယ်လိုဖြစ်တယ်၊ ဘယ်လို ရှုရတယ်ဆိုတာ သိနားလည်ဖို့ မလွယ်ပါဘူး၊ ခက်ပါတယ်၊ ဒါပေမယ့် သိကြားမင်းနှင့်တကွ ဟိုတုန်းက ပုဂ္ဂိုလ်တွေကတော့ နားလည်နိုင်လို့ ဒီလို ဟောကြားတော်မူတယ်လို့ ဆိုရမှာပဲ။

http://www.dhammadownload.com



ယခု မှီဝဲသင့်တာနဲ့ မမှီဝဲသင့်တာ ဖွင့်ပြပုံ ပါဠိတော်ကို ရွတ်ဆိုဟောပြမယ်၊ ပထမ စကားတစ်ရပ်ကိုတော့ မူရင်းအတိုင်း အာရုံပြုနိုင်အောင် အပြည့်အစုံပဲ ရွတ်ပြဟောကြားပါမယ်။

## မှီဝဲသင့်–မမှီဝဲသင့် သောမနဿ အကျယ် ပြဆိုချက်

"သောမနဿံပါဟံ ဒေဝါနမိန္ဒ ဒုဝိဓေန ဝဒါမိ သေဝိတဗ္ဗံ အသေဝိတဗ္ဗံပီ" တိ ဣတိ ခေါ ပနေတံ ဝုတ္တံ၊ ကိဉ္စေတံ ပဋိစ္စ ဝုတ္တံ။ တတ္ထ ယံ ဇညာ သောမနဿံ "ဣမံ ခေါ မေ သောမနဿံ သေဝတော အကုသလာ ဓမ္မာ အဘိဝဍ္ဎန္တိ၊ ကုသလာ ဓမ္မာ ပရိဟာယန္တီ" တိ၊ ဧဝရူပံ သောမနဿံ န သေဝိတဗ္ဗံ။ တတ္ထ ယံ ဇညာ သောမနဿံ "ဣမံ ခေါ မေ သောမနဿံ သေဝတော အကုသလာ ဓမ္မာ ပရိဟာယန္တိ၊ ကုသလာ ဓမ္မာ အဘိဝဍ္ဎန္တီ" တိ၊ ဧဝရူပံသောမနဿံ သေဝိတဗ္ဗံ။ တတ္ထ ယံ စေ သဝိတက္ကံ သဝိစာရံ၊ ယံ စေ အဝိတက္ကံ အဝိစာရံ၊ ယေ အဝိတက္ကေ အဝိစာရေ၊ တေ ပဏီတတရေ။ "သောမနဿံပါဟံ ဝေဒါနမိန္ဒ ဒုဝိဓေန ဝဒါမိ သေဝိတဗ္ဗံပိ အသေဝိ တဗ္ဗံပီ" တိ ဣတိ ယံ တံ ဝုတ္တံ၊ ဣဒမေတံ ပဋိစ္စ ဝုတ္တံ။

ဒေဝါနမိန္ဒ–သိကြားမင်း၊ သောမနဿံပိ–ဝမ်းသာမှုကို လည်း၊ အဟံ ငါသည်၊ ဒုဝိဓေန ဝဒါမိ–နှစ်ပါးအပြားအားဖြင့် ဟော သည်၊ သေဝိတဗ္ဗံပိ–မှီဝဲအပ်သည်ကိုလည်း ဟောသည်၊

http://www.dhammadownload.com



အသေဝိတဗ္ဗံပီတိ–မမှီဝဲအပ်သည်ကိုလည်း ဟောသည်ဟူ၍၊ ဣတိ ခေါ–ဤသို့လျှင်၊ ဝံ–ထိုအကျင့်နည်းပြ စကားကို၊ ဝုတ္တံ–ဟောတော်မူခဲ့ပြီ၊ တေံ–ထိုအကျင့်နည်းပြစကားကို၊ ကိဉ္စ ပဋိစ္စ–အဘယ်အနက်ကို စွဲမှီရည်ရွယ်၍၊ ဝုတ္တံ–ဟောအပ် ခဲ့ပါသနည်း ဆိုလျှင်၊ တတ္ထ–ထိုဝမ်းသာမှုတို့တွင်၊ ယံ သောမနဿံ–အကြင်ဝမ်းသာမှုကို ဉသာ–သိရငြားအံ့၊ (ဘယ်လိုသိရမှာလဲဆို တော့) ဣမံသောမနဿံ–ဤဝမ်းသာမှုကို၊ သေဝတော–မှီဝဲသော၊ မေ–ငါ့အား၊ အကုသလာ ဓမ္မာ အဘိဝဍ္ဎန္တိ–အကုသိုလ်တရားတို့ တိုးပွားကုန်၏၊ ကုသလာ ဓမ္မာ ပရိဟာယန္တိ–ကုသိုလ်တရားတို့ ဆုတ်ယုတ်ကုန်၏၊ ဣတိ– ဤသို့ သိရငြားအံ့၊ ဧဝရူပံ သောမနဿံ–ဤသို့သော ဝမ်းသာမှုကို၊ နသေဝိတဗ္ဗံ–မမှီဝဲအပ်၊ တတ္ထ–ထိုဝမ်းသာမှုတို့တွင်၊ ယံ သောမနဿံ–အကြင်ဝမ်းသာမှု ကို၊ ဉသာ–သိရငြားအံ့၊ (သိပုံကတော့) ဣမံ သောမနဿံ– ဤဝမ်းသာမှုကို၊ သေဝတော–မှီဝဲသော၊ မေ–ငါ့အား၊ အကုသလာဓမ္မာ ပရိဟာယန္တိ–အကုသိုလ်တရားတို့ ဆုတ်ယုတ် ကုန်၏၊ ကုသလာဓမ္မာ အဘိဝဍ္ဎန္တိ–ကုသိုလ်တရားတို့ တိုးပွား ကုန်၏၊ ဣတိ–ဤသို့ သိရငြားအံ့၊ ဧဝရူပံ သောမနဿံ– ဤသို့သော ဝမ်းသာမှုကို၊ သေဝိတဗ္ဗံ–မှီဝဲအပ်၏၊ တတ္ထ– ထိုဝမ်းသာမှုတို့တွင်၊ ဝါ–ထိုမှီဝဲအပ်သော ဝမ်းသာမှုတို့တွင်လည်း၊ ယံစေသဝိတက္ကံ သဝိစာရံ–ကြံမှုလဲရှိ ဆင်ခြင်မှုလဲရှိသော အကြင် ဝမ်းသာမှုလဲ ရှိ၏၊ (စေ–ကား အနက်ထူးမရှိ နိပါတ်မျှသာဟု

http://www.dhammadownload.com



ဋ္ဌိကာဒ္ဒ ဆို၏၊) ယံ စေ အဝိတက္ကံ အဝိစာရံ-ကြံမှုလဲမရှိ ဆင်ခြင်မှုလဲ မရှိသော အကြင်ဝမ်းသာမှုလဲ ရှိ၏၊ (တတ္ထ- ထိုနှစ်ပါးတို့တွင်) ယဝေ အဝိတက္ကေ အဝိစာရေ-ကြံမှုလဲမရှိ ဆင်ခြင်မှုလဲမရှိသော အကြင်ဝမ်းသာမှု ရှိ၏၊ တွေ-ထိုဝမ်းသာမှု သည်၊ ပဏီတတရေ-သာ၍ မြတ်ပေသည်၊ "သောမနဿံပါဟံ ဒေဝါနမိန္ဒ။ပ။ အသေဝိတဗ္ဗံပိ" တိ-သိကြားမင်း၊ ဝမ်းသာမှုကို ငါသည် နှစ်ပါးအပြားအားဖြင့် ဟောသည် မှီဝဲအပ်သည်ကိုလဲ ဟောသည် မမှီဝဲအပ်သည်ကိုလဲ ဟောသည်ဟူ၍၊ ဣတိ- ဤသို့၊ ယံ တံ၊ အကျင့်နည်းပြ အကြင်စကားကို၊ ဝုတ္တံ- ဟောအပ်ခဲ့ပြီး၊ ဝေတံ-အကျင့်နည်းပြ ထိုစကားကို၊ ဣဒံ ပဋိစ္စ-ဤသို့သော အနက်ကို စွဲမှီရည်ရွယ်၍၊ ဝုတ္တံ-ဟောအပ် ခဲ့ပါသတည်းတဲ့။

ဒါက မှီဝဲအပ်, မမှီဝဲအပ်တဲ့ ဝမ်းသာမှုကို ဖွင့်ပြတဲ့ စကားပါပဲ၊ ပါဠိ မကျွမ်းကျင်တဲ့ လူများအတွက်ကတော့ စကားတွေ ကျယ်ဝန်းပြီး ယခုခေတ် မြန်မာစကားနဲ့ မတူသော ကြောင့် သိနားလည်ဖို့ ခပ်ခက်ခက်ဖြစ်နေမှာပဲ၊ ဒါပေမယ့် ပါဠိမူရင်းအတိုင်း နာကြားသိရအောင်လို့ ပုဒ်စေ့ ပါဌ်စေ့ အစဉ်အတိုင်း ထုတ်ဖော်ပြီး မြန်မာပြန်ဟောကြားလိုက်ရတာပါပဲ၊ အဲဒီမှာ ပထမပိုင်း၌ ဆိုလိုရင်း အတိုချုပ်ကတော့ အကုသိုလ် ဖြစ်ပွားစေတတ်တဲ့ ဝမ်းသာမှုကို မမှီဝဲရဘူး၊ ကုသိုလ် ဖြစ်ပွားစေတတ်တဲ့ ဝမ်းသာမှုကိုသာ မှီဝဲရမယ်လို့ ဆိုလိုတာပါပဲ၊

http://www.dhammadownload.com



ဒါကြောင့် "အကုသိုလ်ပွား၊ ပယ်ရှောင်ရှား၊ ကုပွားမှီဖို့တည်း" လို့ ဆောင်ပုဒ်စီထားတာပါပဲ။

## အကုသိုလ်ပွားစေတတ်တဲ့ ဝမ်းသာမှု

အဲဒီမှာ အကုသိုလ် ပွားစေတတ်တဲ့ ဝမ်းသာမှုက ဘယ်လိုဟာလဲ ဆိုတော့ ကာမဂုဏ်အာရုံတွေကို မှီပြီးဖြစ်တဲ့ ဝမ်းသာမှုပါပဲ၊ ယခု လူတွေမှာ အိပ်ရာမှ နိုးလာကတည်းက ဘာတွေကို အာရုံပြု ကြံစည်နေကြသလဲဆိုရင် ကာမဂုဏ် အာရုံတွေကို အာရုံပြု ကြံစည်နေကြကြောင်း အလွန်ပင် ထင်ရှားပါတယ်၊ မိန်းမယောကျ်ားနဲ့ စပ်တဲ့ အာရုံတွေ၊ စားသောက် နေထိုင်ရေးနဲ့ စပ်တဲ့ အာရုံတွေ၊ စီးပွားဥစ္စာ အသုံးအဆောင်နဲ့ စပ်တဲ့ အာရုံတွေ–အဲဒီလို အာရုံတွေကို အမြဲမပြတ်လိုပင် အာရုံကို ကြံစည်နေကြတာပဲ၊ အဲဒီလို ကြံစည်ရာမှာ ကိုယ့်အလိုအတိုင်း ပြည့်စုံရင် ဝမ်းသာကြတာပဲ၊ အဲဒီလို ဝမ်းသာနေရင် သာယာနှစ်သက် ချစ်ခင်တပ်မက်တဲ့ လောဘလဲ ပွားနေတာပဲ၊ အဲဒီလို လောဘနဲ့ ဝမ်းသာနေရတာကကို ချမ်းသာလို့ ခေါ်နေကြတာပဲ၊ နောက်ပြီးတော့ အဲဒီလို ဝမ်းသာနေရာက ကိုယ့်အလိုအတိုင်း မဖြစ်တာတွေကို တွေ့ရတော့ နှလုံးမသာမှု ဖြစ်ရတယ်၊ ဒေါသစသည်လဲ ဖြစ်ရတယ်၊ အဲဒါဟာ အကုသိုလ်တွေ ပွားနေတာပဲ၊ အဲဒီလို လောဘအကုသိုလ် ပွားနေရင် တဏှာဆိုတဲ့ ပပဉ္စ–နယ်ချဲ့တရားလဲ ဖြစ်ပွားတော့တာပဲ၊ မာနဆိုတဲ့ နယ်ချဲ့တရားလဲ ဖြစ်ပွားတာပဲ၊ ဒိဋ္ဌိဆိုတဲ့ နယ်ချဲ့တရားလဲ ဖြစ်ပွားတတ်တာပဲ၊

http://www.dhammadownload.com



ဒါကြောင့် အဲဒီ နယ်ချဲ့-ပပဉ္စတရားကို ချုပ်ငြိမ်းစေချင်ရင် ကာမဂုဏ်အာရုံနဲ့စပ်တဲ့ ဝမ်းသာမှုကို မမှီဝဲရဘူးတဲ့၊ မိမိသန္တာန်မှာ မဖြစ်စေရဘူး၊ ဖြစ်ပေါ်လာရင်လဲ လက်ခံမထားရဘူး၊ ရှုမှတ်ပြီး ပယ်လိုက်ရမယ်လို့ ဆိုလိုတာပါပဲ။

အဲဒီ မမှီဝဲအပ်တဲ့ ဝမ်းသာမှုကို အဋ္ဌကထာမှာ ဥပရိပဏ္ဏာသပါဠိတော် သဠာယတနဝိဘင်္ဂသုတ်မှာ ထုတ်ဆောင်ပြီး ဒီလိုပြထားပါတယ်၊ အချိန်မကုန်ရအောင် ပါဠိနှင့် မြန်မာ တစ်ပါတည်း တွဲပြီး နိဿယနည်းဖြင့် ပြသွားပါမည်။

## မမှီဝဲအပ်တဲ့ ဝမ်းသာမှု

ဂေဟဿိတာနိ-နေအိမ်သဖွယ် ကာမဂုဏ်ကိုမှီ၍ ဖြစ်ကုန်သော၊ ဆ သောမနဿနိ-ဝမ်းသာမှု ခြောက်မျိုးတို့သည်၊ ကတမာနိ-အဘယ်သည်တို့နည်းဟူမူ၊ ဣဋ္ဌာနံ ကန္တာနံ မနာပါနံ-လိုချင်ဖွယ် နှစ်သက်ဖွယ် မြတ်နိုးဖွယ် ဖြစ်ကုန်သော၊ မနောရမာ နံ-နှလုံးမွေ့လျော်ဖွယ် ဖြစ်ကုန်သော၊ လောကာမိသပဋိသံ ယုတ္တာနံ-လူတို့၏ ခံစားသုံးဆောင်ဖွယ်နှင့် စပ်ဆိုင်ကုန်သော၊ ဝါ-လူတို့၏ သုံးဆောင်ဖွယ် ခံစားဖွယ် ဖြစ်ကုန်သော၊ စက္ခုဝိညေယျာနံရူပါနံ-ရူပါရုံ မျက်စိဖြင့် မြင်ရသော အလှအပအဆင်းတို့ ကို၊ (အဆင်းသက်သက်ကိုသာ ဆိုလိုတာ မဟုတ်ဘူး၊ အဲဒီ အဆင်းနဲ့ စပ်တဲ့ သက်ရှိသက်မဲ့ နှစ်သက်စရာ အကုန်လုံးကို ဆိုလိုတယ်) ပဋိလာဘံ-ရသည်ကို၊ ပဋိလာဘတော-ရသည့်အနေဖြင့်၊ သမနုပဿတော ဝါ-ရှုဆင်ခြင်သော သူအားလည်းကောင်း၊

http://www.dhammadownload.com



ပုဗ္ဗေ–ရှေးကာလက၊ ပဋိလဒ္ဓပုဗ္ဗံ–ရဖူးသော၊ အတီတံ နိရုဒ္ဓံဝိပရိ ပရိဏတံ–လွန်ခဲ့ပြီး ချုပ်ခဲ့ပြီး ဖောက်ပြန်ခဲ့ပြီးဖြစ်၍ ရှိဆဲမဟုတ်သော အလှအပ အဆင်းကို၊ သမနုဿရတော ဝါ–ပြန်လည်၍ အောက်မေ့ဆင်ခြင်သော သူအားလည်းကောင်း၊ သောမနဿံ–ဝမ်းသာမှုသည်၊ ဥပ္ပဇ္ဇတိ–ဖြစ်ပေါ်၏၊ ဧဝရူပံ–ဤသို့သော၊ ယံ သောမနဿံ–အကြင်ဝမ်းသာမှု သောမနဿသည်ရှိ၏၊ ဣဒံ–ဤဝမ်းသာမှု သောမနဿကို၊ ဂေဟဿိတံ သောမနဿံ–နေအိမ်သဖွယ် ကာမဂုဏ်ကို မှီ၍ဖြစ်သော ဝမ်းသာမှုဟူ၍၊ ဝုစ္စတိ–ဆိုအပ်၏ တဲ့။

လူတွေရဲ့ စိတ်ဟာ ကာမဂုဏ်အာရုံတွေမှာ အာရုံပြုပြီး ဖြစ်နေတာကပဲ များတယ်၊ ဒါကြောင့် ကာမဂုဏ်အာရုံကောင်းတွေဟာ အမြဲ နေရာ နေအိမ်နဲ့တူတယ်၊ နေအိမ်နဲ့ တူတဲ့အတွက် ကာမဂုဏ်အာရုံကောင်းတွေကို ဂေဟ–လို့ ဆိုထားတယ်၊ အဲဒီ ကာမဂုဏ်တွေကို မှီပြီးဖြစ်တဲ့ ဝမ်းသာမှုကို ဂေဟဿိတ သောမနဿလို့ ပါဠိလို ခေါ်တယ်၊ အဲဒီ ဝမ်းသာမှုဟာ ဒွါရ ခြောက်ပါး၌ ဖြစ်သောကြောင့် ခြောက်ပါးရှိတယ်၊ ဘယ်လိုဟာ တွေလဲလို့ ဆိုတော့ ချစ်ခင်နှစ်သက်ဖွယ် သက်ရှိသက်မဲ့ အဆင်းကို လက်ရှိရနေဆဲဖြစ်လျှင် ရနေတဲ့အတွက် အဲဒီ အဆင်း အာရုံ ဝတ္ထုကို အာရုံပြုလျက် ဝမ်းသာတယ်၊ ရှေးကရခဲ့ဖူးတဲ့ အဆင်းအာရုံဝတ္ထုတွေကိုလဲ ပြန်လည်ဆင်ခြင်ပြီး ဝမ်းသာတယ်၊ အဲဒီ ဝမ်းသာမှုက တစ်ပါး၊ ထို့အတူပင် လက်ရှိရနေဆဲဖြစ်တဲ့

http://www.dhammadownload.com



အသံ, အနံ့, အရသာ, အတွေ့သဘော အာရုံတွေကို အာရုံပြုပြီးတော့ ဝမ်းသာတယ်၊ ရှေးက ရခဲ့ဖူးတာတွေကိုလဲ အာရုံပြုပြီး ဝမ်းသာတယ်၊ အဲဒီ ဝမ်းသာမှုတွေက ငါးပါး၊ အားလုံးပေါင်း ခြောက်ပါး၊ အဲဒီ ခြောက်ပါးကို ဂေဟဿိတသောမနဿ ခြောက်ပါးလို့ ဆိုတာပါပဲ၊ အတိုချုပ် ပြောရရင် ရှိဆဲဖြစ်တဲ့ အာရုံကောင်းတွေကို သုံးဆောင်ခံစားနေရင်း ဝမ်းသာတာရယ်၊ ရှေးက သုံးဆောင်ခံစားခဲ့ဖူးတာကို ပြန်လည်ဆင်ခြင်ပြီး ဝမ်းသာတာရယ်၊ အဲဒီလို ဝမ်းသာမှုပါပဲ၊ အဲဒီ ကာမဂုဏ်နဲ့စပ်တဲ့ ဝမ်းသာမှုကို မမှီဝဲရဘူး ပယ်ရမယ်တဲ့။

## မမှီဝဲအပ်တာကို ပယ်ပုံ

ဘယ်လိုလုပ်ပြီး ပယ်ရမှာလဲဆိုတော့ မြင်ဆဲကြားဆဲ စသည်မှာ ထင်ရှားပေါ်လွင်တဲ့ မြင်မှု ကြားမှု နံမှု စားသိမှု ထိသိမှု ကြံသိမှုတွေကို မြင်တယ်, ကြားတယ် စသည်ဖြင့် ရှုမှတ်နေရတယ်၊ အဲဒီလို သိရုံမျှ သိရုံမျှတွင် တည်နေအောင် မပြတ်ရှုမှတ်နေရင် ကာမဂုဏ်တွေကို အာရုံပြုပြီး ဝမ်းသာမှု မဖြစ်တော့ဘူး။ တစ်ရံတစ်ခါ စိတ်ကူးကြံစည်ပြီး ဝမ်းသာမှု ဖြစ်ရင်လဲ အဲဒီ ဝမ်းသာမှုကိုလဲ ဝမ်းသာတယ်, ဝမ်းသာတယ်လို့ ရှုမှတ်ပြီး ပယ်ရမယ်၊ သို့ပေမယ့် အားထုတ်ခါစ ပုဂ္ဂိုလ်မှာတော့ မြင်မှု ကြားမှု စသည်ကို သူ့ဖြစ်စဉ်အတိုင်း လိုက်ပြီး ရှုမှတ်ရန် မစွမ်းနိုင်သေးဘူး၊ ဒါကြောင့် ထင်ရှားတဲ့ အတွေ့အထိ တစ်ခုခုက

http://www.dhammadownload.com



စပြီး ထိတယ် ထိတယ် စသည်ဖြင့် မပြတ် ရှုမှတ်နေရတယ်၊ အဲဒီလို ရှုမှတ်နေရင် ပထဝီ, အာပေါ, တေဇော, ဝါယောဆိုတဲ့ ဓာတ်လေးပါးထဲက တစ်ပါးပါးကို သိသိသွားတာပါပဲ။

သတိပဋ္ဌာန် ပါဠိတော်မှာ (ဂစ္ဆန္တော ဝါ ဂစ္ဆာမီတိ ပဇာ-နာတိ) သွားနေဆဲသော်လဲ သွားသည်ဟု သိ၏-စသည်ဖြင့် ဟောထားတာဟာ သွားဆဲမှာ ထင်ရှားသိသိနေတဲ့ တောင့်တာ တင်းတာ လှုပ်ရှားတာဆိုတဲ့ ဝါယောဓာတ် ရှုသိပုံကို ပြတာပဲ၊ ဒါပေမယ့် အဲဒီ သွားတယ်လို့ ရှုမှတ်ရာမှာ တစ်ရံတစ်ခါတော့ ခြေထဲကိုယ်ထဲက ကြမ်းတမ်း နူးညံ့တဲ့ ပထဝီကိုလဲ သိတယ်၊ ပူနွေးအေးတဲ့ တေဇောကိုလဲ သိတယ်၊ ပေါ့ပါးတဲ့ တေဇောကိုလဲ သိတယ်၊ လေးတဲ့ စိုထိုင်းတဲ့ အာပေါကိုလဲ သိတယ်၊ အာပေါ ဓာတ်ကို မတွေ့မထိကောင်းပေမယ့် သူနဲ့ တစ်ပေါင်းတည်းဖြစ်တဲ့ အခြားဓာတ်များကို တွေ့ထိပြီး အဲဒီ အာပေါကိုလဲ သိတာပဲ၊ အဲဒီလို သိပုံကို ရည်ရွယ်ပြီးတော့ အဋ္ဌကထာများမှာ ပဒဋ္ဌာန်ဖြင့် ရှုပုံကိုပါ ဖော်ပြထားတာပဲ။

## အခြေခံရှုမှတ်ပုံ

ဘုန်းကြီးတို့ကတော့ ထိုင်နေဆဲမှာ အထင်ရှားဆုံးဖြစ်ပြီး ရှုမှတ်လို့လဲ လွယ်တဲ့ ဝမ်းဗိုက်ထဲက တွေ့ထိ လှုပ်ရှားမှုက စပြီး ရှုမှတ်ဖို့ ညွှန်ကြားနေပါတယ်၊ ဝမ်းဗိုက်က တောင့်တင်းလှုပ်ရှား တာဟာ ဝါယောဓာတ်ပဲ၊ အဲဒီ ဝါယောဓာတ်ကို အရပ်သုံးစကား

http://www.dhammadownload.com



ဖြင့် ဖောင်းတယ် ပိန်တယ်လို့ မှတ်ဖို့ ညွှန်ကြားနေပါတယ်၊ ညွှန်ကြားတဲ့အတိုင်း ရိုသေစွာ ရှုမှတ်ကြတဲ့ ယောဂီတွေဟာ ခုနစ်ရက်အတွင်းလောက်မှာပင် သမာဓိအားရှိပြီး စိတ္တဝိသုဒ္ဓိလဲ ပြည့်စုံသဖြင့် ရုပ်နာမ် နှစ်ပါးကလဲ ကိုယ်ပိုင်ဉာဏ်ဖြင့်ပင် ပိုင်းခြားသိသူတွေ ထောင်သောင်းများစွာ ရှိနေပါပြီ၊ ဒါလောက်တွင်လဲ မကသေးပါဘူး၊ အကြောင်းနဲ့အကျိုးကို ကိုယ်ပိုင်ဉာဏ်ဖြင့် ပိုင်းခြားသိပြီးတော့ အဖြစ်အပျက် အနိစ္စ, ဒုက္ခ, အနတ္တသဘောတွေကိုလဲ ကိုယ်ပိုင်ဉာဏ်ဖြင့်ပင် ပိုင်းခြားသိသူတွေ ထောင်သောင်းများစွာ ရှိနေပါပြီ၊ ဝိပဿနာဉာဏ် ရင့်သန်တဲ့အခါ ဒွါရခြောက်ပါးက ထင်ရှားပေါ်လာသမျှ ရုပ်နာမ်တွေကို ဖြစ်စဉ်အတိုင်း လိုက်၍ ရှုသိနိုင်တဲ့အပြင် ဝိပဿနာဉာဏ်ပြည့်စုံလို့ အရိယမဂ်ဖိုလ်ဉာဏ်ပါ ပြည့်စုံပြီလို့ ယုံကြည် စိတ်ချရလောက်တဲ့ ယောဂီတွေလဲ ထောင်ပေါင်းများစွာ ရှိနေပါပြီ။

ဒါကြောင့် အားထုတ်ခါစမှာ အခြေခံအနေဖြင့် ဝမ်းဗိုက်ဖောင်းတက်လာတာ ပိန်ကျသွားတာကို ဖောင်းတယ် ပိန်တယ်လို့ စူးစူးစိုက်စိုက်မပြတ် ရှုနေရတယ်၊ အဲဒီလို ရှုနေရင်း စိတ်ကူးကြံသိမှု ပေါ်လာရင် အဲဒါကိုလဲ စိတ်ကူးတယ် ကြံတယ် သိတယ် စသည်ဖြင့် ထင်ရှားတဲ့ အမည်နဲ့ပဲ ရှုသိရတယ်၊ ဂေဟာဿိတ သောမနဿလို့ ခေါ်တဲ့ ဝမ်းသာမှု ဖြစ်ပေါ်လာရင်လဲ အဲဒါကို ဝမ်းသာတယ်, ဝမ်းသာတယ်လို့ ရှုမှတ်ရတယ်၊

http://www.dhammadownload.com



အဲဒီလို ရှုမှတ်လိုက်ရင် အဲဒီ ဝမ်းသာမှုဟာ ရပ်စဲသွားတယ်၊ ပယ်ပြီး ဖြစ်သွားတော့တာပါပဲ၊ အဲဒီက နောက်လဲ ဖောင်းတယ် ပိန်တယ်လို့ မှတ်နေကျအတိုင်းပဲ မပြတ်ရှုမှတ်နေရတယ်၊ အဲဒီလို မပြတ်ရှုမှတ်နေရင် ဂေဟာဿိတသောမနဿခေါ်တဲ့ ဝမ်းသာမှုဟာ မဖြစ်ပေါ်လာပဲ ကင်းငြိမ်းနေတာကပဲ များပါတယ်၊ အဲဒီလို ဝိပဿနာဖြင့် ရှုမှတ်ပြီး ပယ်ပုံကို ရည်ရွယ်ပြီးတော့ မမှီဝဲအပ်တဲ့ ဝမ်းသာမှုကိုလဲ ဟောတယ်" လို့ မိန့်ဆိုတော်မူတာပါပဲ၊ အဲဒါဟာ "ကာမဂုဏ်နှင့်စပ်တဲ့ ဝမ်းသာမှု ဖြစ်ခွင့်မရအောင် ထင်ပေါ်ဆဲ ရုပ်နာမ်တရားကို မပြတ်ရှုသိနေရမယ်၊ အဲဒီ ဝမ်းသာမှု ဖြစ်ပေါ်လာရင်လဲ မမှီဝဲရဘူး, လက်မခံထားရဘူး၊ ရှုမှတ်ပြီး ချက်ချင်းပဲ ပယ်လိုက်ရမယ်" လို့ သိစေတာပါပဲ၊ သာမန်ပုဂ္ဂိုလ်တွေ အနေအားဖြင့်တော့ သိနားလည်ဖို့ မလွယ်လှပါဘူး၊ ဒါပေမယ့် သိကြားမင်းနှင့်တကွ အဲဒီတုန်းက တရားနာ ပရိတ်သတ်ကတော့ နားလည်ကြပါတယ်၊ ဒါကြောင့် သိကြားမင်းနှင့်တကွ အဲဒီတုန်းက နတ်ပရိသတ်တွေဟာ အဲဒီ တရားကို နာနေရင်း ရှုသိပြီးတော့ တရားထူးကို ရသွားကြတာပဲ။

မမှီဝဲအပ်တဲ့ ဝမ်းသာမှုကိုတော့ နားလည်လောက်ပါပြီ၊ ယခု မှီဝဲအပ်တဲ့ ဝမ်းသာမှုကို ဟောရမယ်၊ အဲဒါကိုလဲ အဋ္ဌကထာမှာ ခုတင်က ပြောခဲ့တဲ့ သဠာယတနဝိဘင်္ဂသုတ်မှာပဲ ဒီလို ထုတ်ဆောင်ပြထားပါတယ်။

http://www.dhammadownload.com



## မှီဝဲအပ်တဲ့ ဝမ်းသာမှု

ရူပါနံတွေဝ–မြင်ရသောအဆင်းရုပ်တို့၏ သာလျှင်၊ အနိစ္စ–တံ–မမြဲခြင်းကို၊ ဝိပရိဏာမ–ဝိရာဂနိရောဓံ–ပြောင်းလဲ ဖောက်ပြန်ခြင်း ပျက်ပြယ်ခြင်း ချုပ်ခြင်းကို၊ ဝိဒိတွာ–သိပြီး၍၊ (ဒီစကား ရုပ်ဖြင့် မြင်တယ်လို့ ရှုမှတ်ရင်း မျက်မှောက် တွေ့အားဖြင့် သိသည်ကို ပြသည်၊) ပုဗ္ဗေ စေဝ ရူပါ–ရှေးက မြင်ခဲ့ရသော အဆင်းတို့သည်လည်းကောင်း၊ ဧတရဟိ စ–ယခုအခါ၌ မြင်ရ သော အဆင်းတို့သည် လည်းကောင်း၊ သဗ္ဗေ တေ ရူပါ–ထိုအလုံးစုံသော အဆင်းတို့သည်၊ အနိစ္စာ–မမြဲကုန်၊ ဒုက္ခာ–ဆင်းရဲတို့တည်း၊ ဝိပရိဏာမဓမ္မာ–ပြောင်းလဲဖောက်ပြန်သော တရားတို့တည်း၊ ဣတိ–ဧဝံ–ဤသို့၊ ဧတံ–ဤအဆင်းရုပ်၏ မမြဲ ဆင်းရဲ ပြောင်းလဲ ဖောက်ပြန်ခြင်း သဘောကို၊ ယထာဘူတံ–တုတ်တိုင်း မှန်စွာ၊ သမ္မပ္ပညာယ–မှန်စွာသိသော ဝိပဿနာပညာ ဖြင့်၊ ပဿတော–မြင်သောသူအား၊ သောမနဿံ–ဝမ်းသာမှုသည်၊ ဥပ္ပဇ္ဇတိ–ဖြစ်၏၊ ဧဝရူပံ–ဤသို့သော၊ ယံ သောမနဿံ–အကြင်ဝမ်းသာမှုသည်ရှိ၏၊ ဣဒံ–ဤဝမ်းသာမှုကို၊ နေက္ခမ္မသိတံ သောမနဿံ–ကာမဂုဏ်မှ ထွက်မြောက်ခြင်းကို မှီသော ဝမ်းသာမှု ဟူ၍ ဝုစ္စတိ–ဆိုအပ်၏ တဲ့။

အဲဒါဟာ ထုတ်ဆောင်ပြတဲ့ ပါဠိတော် တစ်စိတ်တစ်ပိုင်းပဲ၊ အဲဒီလို ပြပြီးတော့ အဋ္ဌကထာမှာ ဒီလိုလဲဆက်ပြီး ပြဆိုပါသေး တယ်၊ ယခု ပြဆိုခဲ့သည့်အတိုင်း အဆင်း အသံ အနံ့ အရသာ

http://www.dhammadownload.com



အတွေ့ သဘောဆိုတဲ့ အာရုံခြောက်ပါး ထင်ပေါ်တိုင်း ရှုမှတ်ပြီး မမြဲစသည်ဖြင့် သိမြင်သော ဝိပဿနာကို ဖြစ်စေပြီးလျှင် တိုးတက်စေနိုင်သော ယောဂီမှာ ဝိပဿနာကို တိုးတက်စေအပ် ပေပြီလို့ နှလုံးသွင်းလျက် ဝမ်းသာမှုဖြစ်တယ်၊ အဲဒီ ဝမ်းသာမှုဟာ မှီဝဲအပ်သော ဝမ်းသာမှုပါပဲတဲ့။

အဲဒီ နေက္ခမ္မသိတ–ကာမဂုဏ်မှ ထွက်ခွာခြင်းကို မှီတဲ့ ဝမ်းသာမှုလို့ ဆိုရာမှာ ကာမဂုဏ်မှ ထွက်ခွာပုံကို အဋ္ဌကထာ၌ ၁။ နေက္ခမ္မဝသေန–လူ့ဘောင်မှ ထွက်ခွာခြင်း၏ အစွမ်းဖြင့် လဲ မှီဝဲအပ်သည့် ဝမ်းသာမှုတစ်မျိုး ဖြစ်တယ်၊ ၂။ ဝိပဿနာ–ဝသေန–ဝိပဿနာ၏ အစွမ်းဖြင့်လဲ မှီဝဲအပ်သည့် ဝမ်းသာမှု တစ်မျိုး ဖြစ်တယ်၊ ၃။ အနုဿတိဝသေန–အနုဿတိ၏ အစွမ်းဖြင့်လဲ မှီဝဲအပ်သည့် ဝမ်းသာမှုတစ်မျိုး ဖြစ်တယ်၊ ၄။ ပဌမဈာနာဒိဝသေန–ပဌမဈာန် စသည်၏ အစွမ်းဖြင့်လဲ မှီဝဲအပ်သည့် ဝမ်းသာမှုတစ်မျိုး ဖြစ်တယ်လို့ ခွဲခြားပြထားတယ်၊ အဲဒီမှီရာ လေးပါးကို မှီပြီး ဝမ်းသာမှုလေးမျိုး ဖြစ်ပုံကို ဒီလို ဆောင်ပုဒ်စီ ထားတယ်၊ "ထွက်ခွာ, ရှုသိ၊ နုဿတိ တစ်တန်၊ အောက်သုံး ဈာန်၊ မှီရန် ဝမ်းသာမှု" တဲ့၊ အဲဒါကိုဆိုကြရမယ်။

ထွက်ခွာ, ရှုသိ၊ နုဿတိတစ်တန်၊ အောက်သုံးဈာန်၊ မှီရန် ဝမ်းသာမှု။

၁။ ထွက်ခွာဆိုတာက လူ့ဘောင်မှ ထွက်ခွာတာကို ဆိုတယ်။ ၂။ ရှုသိ ဆိုတာကတော့ ဝိပဿနာကို ဆိုတာပဲ။ ၃။

http://www.dhammadownload.com



နုဿတိ ဆိုတာက ဗုဒ္ဓါနုဿတိ၊ ဓမ္မာနုဿတိ၊ သံဃာနုဿတိ၊ သီလာနုဿတိ၊ စာဂါနုဿတိ၊ ဒေဝတာနုဿတိတို့ကို ဆိုတာပဲ။ ၄။ အောက်သုံးဈာန်ဆိုတာကတော့ ပဌမဈာန် ဒုတိယဈာန် တတိယဈာန် ဒီသုံးပါးကို ဆိုတာပါပဲ။

သံသရာဝဋ်ဆင်းရဲမှ တကယ်ထွက်မြောက်အောင် ကျင့်လိုသော စိတ်ဆန္ဒဖြင့် အိမ်မှ ထွက်ခွာလာရတာ၊ ရှင်ရဟန်းပြုရတာ၊ ရဟန်းသီလကို ကျင့်သုံးရတာ၊ ဓုတင်ကျင့်ဝတ်ကို ကျင့်ရတာ၊ ကသိုဏ်းပရိကံကို ပြုရတာ၊ ဒါတွေကို အာရုံပြုပြီး ဝမ်းသာမှု ဖြစ်တတ်တယ်၊ အဲဒါဟာ လူ့ဘောင်မှ ထွက်ခွာမှု နေက္ခမ္မကိုမှီပြီး ဖြစ်တဲ့ ဝမ်းသာမှုပဲ၊ မှီဝဲအပ်တဲ့ ဝမ်းသာမှုပဲ၊ နောက်ပြီးတော့ တရားကျင့်သုံးဖို့ တရားနာရတာကို မှီပြီး ဖြစ်တဲ့ ဝမ်းသာမှုလဲ မှီဝဲအပ်တဲ့ ဝမ်းသာမှုပဲ၊ နောက်ပြီးတော့ တရားကျင့်ဖို့ ကမ္မဋ္ဌာန်းကျောင်း ထွက်လာရတာကို မှီပြီး ဝမ်းသာတာလဲ မှီဝဲအပ်တဲ့ ဝမ်းသာမှုပဲ။

ဝိပဿနာကိုမှီပြီး ဝမ်းသာမှုကတော့ ဝိပဿနာရှုမှတ်နေရလို့ ဝမ်းသာတာလဲ ရှိတယ်၊ ရှုမှတ်ကောင်းလို့ ဝမ်းသာတာလဲ ရှိတယ်၊ အထူးအားဖြင့် ဥဒယဗ္ဗယဉာဏ် ရောက်တဲ့အခါ ဝမ်းသာတာကတော့ အထူးမြတ်ဆုံးပါပဲ၊ အဲဒါတွေဟာ အကုန်လုံး မှီဝဲအပ်တဲ့ ဝမ်းသာမှုချည်းပါပဲ။

ဗုဒ္ဓါနုဿတိ စသည်ကို မှီပြီးဖြစ်တဲ့ ဝမ်းသာမှုကတော့ ထင်ရှားပါတယ်၊ အဲဒီ အနုဿတိ ခြောက်ပါးကို မှီပြီး ဝမ်း

http://www.dhammadownload.com



သာတဲ့အခါ အဲဒီ ဝမ်းသာမှုကို ရှုမှတ်ခြင်းဖြင့် မဂ်ဉာဏ် ဖိုလ်ဉာဏ်သို့လဲ ရောက်နိုင်ကြောင်း အဋ္ဌကထာများမှာ ပြဆိုထား ပါတယ်၊ အဲဒီ အဋ္ဌကထာများ၌ ပီတိ ခယတော ဝယတော သမ္မသိတွာ အရဟတ္တံ ပါပုဏာတိ-ဘုရားဂုဏ် စသည်ကို အာရုံပြုပြီးဖြစ်တဲ့ ဝမ်းမြောက်မှု-ပီတိကို ကုန်သွားသည်, ပျက်သွားသည်ဟု သုံးသပ်ရှုမှတ်၍ အရဟတ္တဖိုလ် ရောက်တယ်လို့ ပီတိကို ပဓာနပြုပြီး ပြထားပါတယ်၊ ပီတိဖြစ်ရင် သောမနဿလဲ ဖြစ်တာပါပဲ၊ ဒါကြောင့် အနုဿတိကို မှီပြီးဖြစ်တဲ့ ဝမ်းသာမှုဟာ မှီဝဲအပ်ကြောင်း ထင်ရှားပါတယ်။

ချာန်သုံးပါး၌ အတွင်းဝင်သော ဝမ်းသာမှုဖြစ်စေ၊ ယင်းတို့၏ ဥပစာရချာန်၌ ပါဝင်သော ဝမ်းသာမှုဖြစ်စေ-အဲဒါဟာ မှီဝဲအပ်တဲ့ ဝမ်းသာမှုပါပဲ၊ အဲဒီ နေက္ခမ္မ လေးမျိုးထဲမှာ ရှင်ရဟန်းပြုတာဟာ အိမ်ထောင်မှု အနှောင်အဖွဲ့မှ ထွက်မြောက်မှု ဖြစ်သောကြောင့် နေက္ခမ္မလို့ ဆိုတယ်၊ ဝိပဿနာ စသည်ကတော့ အဲဒီ အိမ်ထောင်မှုနှင့်ရော, ကာမဂုဏ် အာရုံဟူသမျှနှင့်ရော ဆန့်ကျင်ဘက်ဖြစ်သောကြောင့် နေက္ခမ္မ-ထွက်မြောက်မှုလို့ ဆိုရတယ်၊ ဒါကြောင့် ဣတိဝုတ်အဋ္ဌကထာမှာ နေက္ခမ္မအရကို ဒီလိုပြဆိုထားပါတယ်။

ပဗ္ဗဇ္ဇာ ပဌမံ ဈာနံ၊
နိဗ္ဗာနဉ္စ ဝိပဿနာ၊
သဗ္ဗေပိ ကုသလာ ဓမ္မာ၊

http://www.dhammadownload.com



နေက္ခမ္မန္တိ ပဝုစ္စရေ။

ပဗ္ဗဇ္ဇာ–တောထွက်ခြင်း ရှင်ရဟန်းပြုခြင်းကိုလည်းကောင်း၊ ပဌမံဈာနံ–ပဌမဈာန်ကိုလည်းကောင်း၊ နိဗ္ဗာနဉ္စ–နိဗ္ဗာန်ကိုလည်းကောင်း၊ ဝိပဿနာ–ဝိပဿနာကို လည်းကောင်း၊ သဗ္ဗေပိ–အလုံးစုံလည်း ဖြစ်ကုန်သော၊ကုသလာဓမ္မာ–ကုသိုလ်တရားတို့ကိုလည်းကောင်း၊ နေက္ခမ္မန္တိ–နေက္ခမ္မဟူ၍၊ ပဝုစ္စရေ–ခေါ်ဆိုအပ်ကုန်၏။

ဒီဂါထာမှာ ပြဆိုထားတဲ့ နေက္ခမ္မ ငါးမျိုးထဲမှ ပဗ္ဗဇ္ဇာ, ဈာန် ဝိပဿနာဆိုတဲ့ ဒီသုံးမျိုးကို ဒီအရာ၌ နေက္ခမ္မလို့ တိတိကျကျ ပြထားတယ်၊ ကုသိုလ်တရားတွေထဲကတော့ အနုဿတိကိုသာ နေက္ခမ္မလို့ ပြထားတယ်၊ ကျန်တဲ့ ကုသိုလ်နဲ့ နိဗ္ဗာန်ကိုတော့ ဒီ နေက္ခမ္မသိတသောမနဿအရာမှာ ပြမထားပါဘူး၊ ဝိပဿနာရှုနေဆဲ ယောဂီမှာတော့ ရှုသိလို့ကောင်းတဲ့ ဝိပဿနာကို မှီပြီးဖြစ်တဲ့ ဝမ်းသာမှုဟာ မှီဝဲအပ်တဲ့ အကောင်းဆုံး ဝမ်းသာမှုပါပဲ၊ အဲဒီ ဝမ်းသာမှု ဖြစ်အောင် ရှုဖို့ (သေဝိတဗ္ဗံပိ) မှီဝဲအပ်သည့် ဝမ်းသာမှုကိုလဲ ဟောသည်–လို့ ဟောကြားတော် မူတာပါပဲ။

မမှီဝဲအပ်တဲ့ ဝမ်းသာမှုနဲ့ မှီဝဲအပ်တဲ့ ဝမ်းသာမှုတို့ကို ဝေဖန်ပြတဲ့ ပါဠိတော် စကားရပ်၏ အစပဌမပိုင်းအရ ဖွင့်ပြဟောကြား လာတာကတော့ ပြည့်စုံသွားပါပြီ၊ အတိုချုပ်ကတော့ အကုသိုလ် ပွားစေတဲ့ ဝမ်းသာမှု မမှီဝဲရဘူးတဲ့၊ အဲဒါက ကာမဂုဏ်မှီပြီး ဝမ်းသာတာကို ပယ်ဖို့ ပြောတာပဲ၊ ကုသိုလ်ပွား

http://www.dhammadownload.com



စေတဲ့ ဝမ်းသာမှုကို မှီဝဲရမယ်တဲ့၊ အဲဒါက ကာမဂုဏ်မှ ထွက်မြောက်မှုမှီပြီး ဖြစ်တဲ့ ဝမ်းသာတာကို မှီဝဲရမယ်, ဖြစ်စေရမယ်လို့ ပြောတာပါပဲ။

အဲဒီ မမှီဝဲအပ် ပယ်စွန့်အပ်တဲ့ ဝမ်းသာတာနဲ့ မှီဝဲအပ်တဲ့ ဝမ်းသာတာကို အတိုချုပ် မှတ်ရအောင် (ကာမဂုဏ်မှီကာ၊ ဝမ်းသာတာ၊ ပယ်ခွာစွန့်ရမည်၊ နေက္ခမ္မမှီကာ၊ ဝမ်းသာတာ၊ ကောင်းစွာ မှီရမည်–လို့) ဆောင်ပုဒ်စီထားတယ်၊ အဲဒါကို ဆိုကြရမယ်။

ကာမဂုဏ်မှီကာ, ဝမ်းသာတာ, ပယ်ခွာစွန့်ရမည်။

နေက္ခမ္မမှီကာ, ဝမ်းသာတာ, ကောင်းစွာ မှီရမည်။

ယခု မှီဝဲအပ်တဲ့ ဝမ်းသာမှုထဲမှ သာပြီး မြင့်မြတ်တယ်လို့ ပြဆိုထားတဲ့ စကားရပ်ကို ဖွင့်ပြပြီး ဟောရမယ်၊ ကြံမှု ဆင်ခြင်မှု (ဝိတက် ဝိစာရ) ရှိတဲ့ သောမနဿ–ဝမ်းသာမှုဆိုတာ ဥပစာရ သမာဓိနှင့် ယှဉ်တဲ့ စိတ်ချမ်းသာမှု သုခရယ်၊ ပဌမ ဈာန်၌ ပါဝင်တဲ့ စိတ်ချမ်းသာမှု သုခရယ်၊ ဒီလို လောကီ ဈာန်ဆိုင်ရာ သောမနဿက နှစ်ပါးရှိတယ်၊ နောက်ပြီးတော့ တောထွက်ခြင်း, ရှင်ရဟန်းပြုရခြင်းကို မှီ၍ဖြစ်တဲ့ ဝမ်းသာမှုလဲ ရှိတယ်၊ အနုဿတိ ခြောက်ပါး၏ အစွမ်းဖြင့် ဖြစ်တဲ့ ဝမ်းသာမှုလဲ ရှိတယ်၊ ဝိပဿနာ၏ အစွမ်းဖြင့်ဖြစ်တဲ့ ဝမ်းသာမှုလဲ ရှိတယ်၊ ဒါတွေကတော့ လောကီဆိုင်ရာ မှီဝဲသင့်တဲ့ သောမနဿတွေပဲ၊ ပဌမဈာန် မဂ်လေးပါးနှင့် ယှဉ်တွဲပြီးဖြစ်တဲ့ သုခလေးပါး သဲ

http://www.dhammadownload.com



ဝိတက်ဝိစာရရှိတဲ့ မှီဝဲသင့်သော သောမနဿတွေပါပဲ၊ ဒါကတော့ လောကုတ္တရာ သောမနဿတွေပေါ့၊ အဲဒီ ဝိတက် ဝိစာရရှိတဲ့ သောမနဿတွေထက် ဝိတက်ဝိစာရ မရှိတဲ့ သောမနဿတွေက သာပြီး မြတ်တယ်လို ဟောထားပါတယ်၊ အဲဒီ သောမနဿ တွေက ဘယ်ဟာတွေလဲ ဆိုရင် ပီတိ သုခ ဧကဂ္ဂတာဆိုတဲ့ ဒုတိယဈာန်၊ သုခ ဧကဂ္ဂတာ ဆိုတဲ့ တတိယဈာန်တွေထဲမှာ ပါဝင်သော သုခဆိုတဲ့ ဈာန်အင်္ဂါပါပဲ၊ အဲဒီ သုခဆိုတဲ့ စိတ် ချမ်းသာမှုက လောကီ သောမနဿပဲ၊ ထို့အတူပင် လောကုတ္တရာ မဂ်လေးပါး ဒုတိယ တတိယဈာန်ထဲမှာ ပါဝင်သော သုခဆိုတဲ့ ဈာန်အင်္ဂါများလဲ ဝိတက် ဝိစာရ မရှိတဲ့ မှီဝဲအပ်တဲ့ သောမနဿ တွေပါပဲ၊ အဲဒီ ဒုတိယဈာန်၊ တတိယဈာန် သောမနဿတွေကို ပထမဈာန် သောမနဿ၊ ကာမာဝစရ ကုသိုလ်သောမနဿတွေ ထက် မြတ်တယ်လို့ ဟောတော်မူတာပါပဲ၊ ဝိပဿနာအနေနဲ့ ဆိုရင် ပဌမဈာန် သောမနဿကို ရှုသိတဲ့ သောမနဿထက် ဒုတိယ တတိယဈာန် သောမနဿကို ရှုသိတဲ့ ဝိပဿနာ သောမနဿက သာပြီးမြတ်တယ်လို့ ဆိုရမှာပါပဲ။

ဒီ ဝိတက် ရှိမရှိ သောမနဿတွေကို ဝေဖန် ပြဆိုတာ ကတော့ အလွန်နက်နဲပါတယ်၊ ပရိယတ္တိသုတ မရှိတဲ့ ပုဂ္ဂိုလ်တွေ အတွက်တော့ သိနားလည်ဖို့ သဘောကျဖို့ ခဲယဉ်းပါတယ်၊ သုတရှိပေမယ့် ဈာန်မရတဲ့ ပုဂ္ဂိုလ်တွေဆိုရင် ကျကျနန သိနား လည်ဖို့ မလွယ်ပါဘူး၊ ဈာန်ရတဲ့ ပုဂ္ဂိုလ်တွေသာ ကောင်းကောင်း

http://www.dhammadownload.com



နားလည်ကြမှာပါပဲ၊ ဒါပေမယ့် သုတ်တရားတော်ထဲမှာ ထင်ရှားရှိနေတာကို ချန်ထားရန် မသင့်လို့ အပြည့်အစုံရှင်းပြီး ဟောရတာပါပဲ၊ ယခု ယောဂီတွေ နားလည်လွယ်တဲ့ မှီဝဲအပ်သောဝမ်းသာမှုကို ထပ်ပြောပါဦးမယ်။

## သိလွယ်သော မှီဝဲသင့်တဲ့ သောမနဿ

"ဘယ်သို့ကျင့်က၊ ပပဉ္စ၊ လုံးဝချုပ်သနည်း" လို့ ပြဆိုခဲ့တဲ့ ဆောင်ပုဒ်အတိုင်းပင် သိကြားမင်းက ပပဉ္စတရားတွေချုပ်ငြိမ်းအောင် ဘယ်လိုကျင့်ရပါသလဲလို့ မေးလျှောက်တယ်၊ အဲဒါဟာ ဝိပဿနာနှင့် အရိယာမဂ်အကျင့်ကို မေးတာဖြစ်ကြောင်း အဋ္ဌကထာမှာ ဖွင့်ပြထားတယ်၊ မြတ်စွာဘုရားရှင်က အဲဒီအမေးကို မှီဝဲအပ်တဲ့ သောမနဿ, ဒေါမနဿ, ဥပေက္ခာဆိုတဲ့ ဝေဒနာသုံးပါးကို မှီဝဲရမယ်၊ အဲဒီလို ကျင့်ရင် ပပဉ္စတရားလုံးဝချုပ်ငြိမ်းတယ်လို့ ဖြေရှင်းဟောကြားတော်မူပါတယ်၊ သာမန်ပုဂ္ဂိုလ်တွေ အနေအားဖြင့် အဲဒီမေးခွန်းနှင့် အဖြေကို ဆက်စပ်ပြီး နားလည်ဖို့ အင်မတန် ခဲယဉ်းပါတယ်၊ ဒါကြောင့် အဋ္ဌကထာမှာ မြတ်စွာဘုရားက သိကြားမင်း မေးတာကို ဖြေတာဟုတ်ပါရဲ့လား၊ အမေးနှင့် စပ်မိတာမှ ဟုတ်ရဲ့လားလို့ မေးခွန်းထုတ်ပြပြီးတော့ မေးတာကိုသာ ပြောတာပါပဲ၊ အမေးနှင့်စပ်မိတဲ့ အဖြေပါပဲလို့ အကျဉ်းချုပ် ရှင်းပြပါတယ်၊ အဲဒီအကျဉ်းချုပ်ကို ဒီလို ထပ်ပြီး ဖွင့်ပြထားပါတယ်။

http://www.dhammadownload.com



နတ်များမှာ ရုပ်ထက်နာမ်ကပိုပြီး ထင်ရှားတယ်၊ နာမ်ထဲမှာလဲ ဝေဒနာကပိုပြီး ထင်ရှားတယ်၊ ဒါကြောင့် ဝေဒနာရှုဖို့ ဟောတော်မူပါတယ်တဲ့၊ နောက်ပြီးတော့ သုတ်ပေါင်းများစွာတို့၌ ဟောရိုး ဟောစဉ်က ရုပ်ကိုရှုပုံ ရုပ်ကမ္မဋ္ဌာန်း ဟောပြီးမှ နာမ်ကိုရှုပုံ နာမ်ကမ္မဋ္ဌာန်း ဟောတော်မူမြဲပါပဲတဲ့၊ ဒီသုတ်မှာလဲ အဲဒီလိုပဲ ဟောတော်မူပါတယ်တဲ့၊ ဒါပေမယ့် ဝေဒနာရှုရင်း ဝေဒနာ၏ အာရုံရုပ်ကို ရှုပြီး သိပြီး ဖြစ်သွားနိုင်သောကြောင့် ဒီသုတ်မှာ ရုပ်ရှုပုံကို သီးခြားပြထားခြင်း မရှိဘူးလို့လဲ အဋ္ဌကထာက ပြဆိုသွားပါတယ်၊ ဒါပေမယ့် ဘုန်းကြီးတို့ ဟောပြောနေတာက လူပုဂ္ဂိုလ်တွေကို ဟောနေတာ ဖြစ်တယ်၊ လူပုဂ္ဂိုလ်တွေမှာတော့ ရုပ်ကပိုပြီး ထင်ရှားတဲ့အတွက် ရုပ်ရှုပုံကစပြီး ဟောမှ သမာဓိဉာဏ် ဖြစ်လွယ်တယ်၊ ဒါကြောင့် ရုပ်ရှုပုံက စပြီး ဟောရမယ်၊ အဲဒီ ရှုပုံကိုလဲ (နှာ-၁၃၂) မှာ သတိပဋ္ဌာန်ဒေသနာတော်နှင့်အညီ ဝါယောဓာတ်ရှုပုံကို အစပြုပြီး ခုတ်လေးပါး ရှုပုံကို အကျဉ်းအားဖြင့် ပြခဲ့ပါပြီ၊ အခြားစာအုပ်တွေမှာလဲ အကျယ်ပြထားပြီးတွေက ရှိနေပါပြီ၊ ဒါကြောင့် ဒီနေရာမှာတော့ အကျဉ်းချုပ်လောက် ပြရမှာပဲ။

## ဝိပဿနာရှုပုံ အကျဉ်းချုပ်

ဝိပဿနာ ရှုတယ်ဆိုတာ မြင်တိုင်း, ကြားတိုင်း, တွေ့တိုင်း သိတိုင်း ဒွါရခြောက်ပါးမှာ ထင်ရှားပေါ်လာသမျှ ရုပ်နာမ်တွေကို

http://www.dhammadownload.com



သူ့ပင်ကိုသဘောအားဖြင့် ထင်ရှားသိပြီး အနိစ္စ စသော အခြင်းအရာအားဖြင့် အမှန်အတိုင်း ကိုယ်ပိုင်ဉာဏ်ဖြင့် သိအောင် ရှုမှတ်ရတာပဲ၊ ဒါပေမယ့် ရှုမှတ်ခါစမှာတော့ မြင်မှု, ကြားမှု စသည်တွေကို သူ့ဖြစ်စဉ်အတိုင်း စေ့ငှအောင်လိုက်ပြီး မရှုနိုင်သေးဘူး၊ ဒါကြောင့် အထူးထင်ရှားတဲ့ ရုပ်နာမ်တရား အနည်းငယ်မှစပြီး ရှုရတယ်၊ သွားနေဆဲဆိုရင် သွားတာကို သွားတယ် စသည်ဖြင့် မပြတ်ရှုမှတ်ရတယ်၊ ရပ်နေဆဲ, ထိုင်နေဆဲ, လှဲအိပ်နေဆဲဆိုရင်လဲ ရပ်တယ်, ထိုင်တယ်, အိပ်တယ် စသည်ဖြင့် မပြတ်ရှုမှတ်ရတယ်၊ ကိုယ်အမူအရာ တစ်စုံတစ်ခု ပြုလုပ်တိုင်း, ဖြစ်တိုင်းလဲ အဲဒီ ကိုယ်အမူအရာကို မပြတ် ရှုမှတ်ရတယ်၊ အဲဒီလို ရှုမှတ်နေလျှင် အများအားဖြင့် ဝါယောဓာတ်ကို အမှန်အတိုင်း သိတယ်၊ တစ်ရံတစ်ခါ အခြားဓာတ်သုံးပါးလဲ သိတယ်၊ ဒါကြောင့် အဲဒီလို ရှုသိပုံကို (ဂစ္ဆန္တော ဝါ ဂစ္ဆာမီတိ ပဇာနာတိ) သွားနေလျှင်မူလည်း သွားသည်ဟု သိ၏ စသည်ဖြင့် သတိပဋ္ဌာနသုတ် ပါဠိတော်မှာ ဟောထားတာပါပဲ။

အဲဒီမှာ **ဂစ္ဆာမီတိ–သွားသည်ဟု သွားတယ်** ဟု သိ၏လို့ အရပ်သုံးစကားနှင့်ပင် ရှုပုံပြထားတာကို အလေးအနက် သတိပြုရဆင်ခြင်ကြည့်ရမယ်၊ ဒါကြောင့် ဘုန်းကြီးတို့ကလဲ မြတ်စွာဘုရား၏ နည်းကို မှီပြီးတော့ သွားတယ်, ရပ်တယ်, ထိုင်တယ်, အိပ်တယ်, ဖောင်းတယ်, ပိန်တယ်၊ ကွေးတယ်, ဆန့်တယ် စသည်ဖြင့် အရပ်သုံးစကားနဲ့ပဲ ရှုမှတ်စေရပါတယ်၊ ထိုင်နေစဉ်မှာ

http://www.dhammadownload.com



ထိုင်တယ်, ထိုင်တယ်လို့ တစ်မျိုးတည်း အကြာကြီး ရှုမှတ်နေလျှင် ဝီရိယ ပေါ့လျော့သွားတတ်တယ်၊ ဝမ်းဗိုက်က ဖောင်းတက်လာတိုင်း, ပိန်ကျသွားတိုင်း ဖောင်းတယ်, ပိန်တယ်လို့ စူးစူးစိုက်စိုက် ရှုမှတ်နေရင် ဝီရိယလဲ–မလျော့ဘဲ သမာဓိလဲ ဖြစ်လွယ်တယ်၊ သမာဓိဖြစ်ရင် ရုပ်နာမ်ပိုင်းခြား–သိတဲ့ ဉာဏ်မှစပြီး အကြောင်းအကျိုး အဖြစ်အပျက် အနိစ္စလက္ခဏာ စသည်ကို သိတဲ့ ဉာဏ်လဲ ဖြစ်တော့တာပဲ၊ ဒါကြောင့် ဝမ်းဗိုက် ဖောင်းတာ ပိန်တာမှ စပြီး ဖောင်းတယ်, ပိန်တယ် စသည်ဖြင့် ရှုမှတ်စေပါတယ်၊ သမာဓိ အတော်အတန် အားရှိလာတဲ့အခါကျတော့ ဖောင်းတယ် ပိန်တယ်လို့ ရှုမှတ်တိုင်း ရှုမှတ်တိုင်း ဝမ်းဗိုက်ထဲမှ တောင့်တင်းတွန်းကန် လှုပ်ရှားတဲ့ ဝါယောဓာတ်ကို ထင်ရှားသိသိသွားတော့တာပဲ။

## ဝိပဿနာဉာဏ်များ ဖြစ်ပုံ

အဲဒီကနောက်မှာ ဖောင်းတာက တခြား+ရှုသိတာက တခြား၊ ပိန်တာက တခြား+ရှုသိတာက တခြား ဒီလိုပိုင်းခြားပြီး သိသိသွားတယ်၊ ကွေးတယ် ဆန့်တယ်လို့ ရှုမှတ်ရာမှာလဲ ကွေးတာက တခြား+ရှုသိတာက တခြား၊ ဆန့်တာက တခြား+ရှုသိတာက တခြား ဒီလိုပိုင်းခြားပြီး သိသိသွားတယ်၊ သွားနေစဉ်မှာလဲ ကြွတာက တခြား၊+ရှုသိတာက တခြား၊ လှမ်းတာက တခြား+ရှုသိတာက တခြား၊ ချတာက တခြား+ရှုသိတာက တခြား ဒီလို ပိုင်းခြားပြီး သိသိသွားတယ်၊ ကိုယ်အမူအရာကို

http://www.dhammadownload.com



ရှုမှတ်တိုင်း ရှုမှတ်တိုင်း ရှုသိရတာက တခြား+ရှုသိတာက တခြား ဒီလို ပိုင်းခြားပြီး သိသိသွားတယ်၊ အဲဒီလို ပိုင်းခြားပြီး ကိုယ်ပိုင်ဉာဏ်ဖြင့် သိသိသွားတာဟာ ရုပ်နဲ့နာမ်ကို ပိုင်းခြားသိတဲ့ (နာမရူပပရိစ္ဆေဒလို့လဲ ခေါ်ရတဲ့) နာမရူပ ပရိစ္ဆေဒဉာဏ်ပဲ။

အဲဒါထက် သမာဓိဉာဏ်အားကောင်းလာတော့ ကွေးချင်တဲ့ စိတ်ကြောင့် ကွေးရုပ်ဖြစ်တယ်၊ ဆန့်ကျင်တဲ့ စိတ်ကြောင့် ဆန့်ရုပ်ဖြစ်တယ်၊ မျက်စိရှိလို့ မြင်တယ်၊ မြင်စရာရှိလို့ မြင်တယ်၊ သိစရာရှိလို့ သိတယ်၊ မရှုမိလို့ မသိဘူး၊ မသိလို့ နှစ်သက်တယ်၊ နှစ်သက်လို့ စွဲလမ်းတယ်၊ စွဲလမ်းလို့ အလိုပြည့်အောင် ပြုလုပ်တယ်၊ ပြုလုပ်မှုကံကြောင့် အဆိုးအကောင်း ဖြစ်ရတယ် စသည်ဖြင့် အကြောင်းနဲ့အကျိုးမျှရှိတယ် ဆိုတာကိုလဲ ပိုင်းခြားပြီး သိတယ်၊ အဲဒါက ပစ္စယပရိဂ္ဂဟဉာဏ်ပဲ။

အဲဒီကနောက် ရှုမှတ်နေရင်း ရှုမှတ်စရာတွေက အသစ်အသစ် ပေါ်လာပြီး ပျောက်ဆုံး ပျောက်ဆုံးသွားတာကို တွေ့ရတဲ့ အတွက် မမြဲတာတွေချည်းပဲ၊ ကြောက်ဖွယ်ဆင်းရဲတွေချည်းပဲ၊ အလိုအတိုင်း မဖြစ်လို့ အစိုးမရတဲ့ အနတ္တသဘောတရားတွေ ချည်းပဲလို့ သုံးသပ် ဆင်ခြင်မှု ဖြစ်ဖြစ်လာတယ်၊ အဲဒါက သမ္မသနဉာဏ်ပဲ။

အဲဒီကနောက် အလွန်လျင်မြန်စွာ ဖြစ်ဖြစ်ပြီး ပျောက် ပျောက် သွားတာကို အလွယ်တကူနဲ့ သိသိနေတယ်၊ အသိကလဲ မြန် တယ်၊ မမှတ်နိုင် မသိနိုင်တာ မရှိဘူးလို့ ထင်ရလောက်အောင်

http://www.dhammadownload.com



အမှတ်အသိက မြန်နေတယ်၊ အဲဒီအခါ အရောင်အလင်းတွေကိုလဲ တွေ့ရတတ်တယ်၊ ဝမ်းမြောက်တက်ကြွတဲ့ ပီတိနဲ့ တစ်ပါတည်း တွဲပြီး ဝမ်းသာမှုကလဲ အလွန်အကဲ ဖြစ်တယ်၊ အဲဒါဟာ ရုပ် နာမ်၏ အဖြစ်အပျက်ကို ထူးခြားစွာသိတဲ့ ဥဒယဗ္ဗယဉာဏ်နဲ့ တစ်ပေါင်းတည်းဖြစ်တဲ့ ဝမ်းသာမှု သောမနဿပဲ၊ အဲဒါဟာ မှီဝဲအပ်တဲ့ သေဝိတဗ္ဗသောမနဿပဲ၊ အဲဒီ ဝမ်းသာမှု သောမနဿ ဖြစ်အောင်ရှုဖို့ မြတ်စွာဘုရားက ဒီ သက္ကပဥှသုတ်မှာ (သေဝိတဗ္ဗံပိ) မှီဝဲအပ်သော ဝမ်းသာမှုကိုလဲ ဟောသည်လို့ ပြဆိုတော်မူတာပါပဲ၊ အဲဒီ ဝမ်းသာမှုဟာ လောကဘက်က ဘယ်ဝမ်းသာမှုမျိုးနှင့်မျှ မတူအောင် အလွန့်အလွန်ကောင်းတဲ့ ဝမ်းသာမှုပဲ၊ ဒါကြောင့် ဒီဝမ်းသာမှုကို ဓမ္မပဒပါဠိတော်မှာ ဒီလို ချီးကျူးဖော်ပြထား ပါတယ်။

သုညာဂါရံ ပဝိဋ္ဌဿ၊ သန္တစိတ္တဿ ဘိက္ခုနော။
အမာနုသီ ရတိ ဟောတိ၊ သမ္မာ ဓမ္မံ ဝိပဿတော။
ယတော ယတော သမ္မသတိ၊ ခန္ဓာနံ ဥဒယဗ္ဗယံ။
လဘတေ ပီတိပါမောဇ္ဇံ၊ အမတံ တံ ဝိဇာနတံ။

သုညာဂါရံ–ဆိတ်ငြိမ်သောကျောင်း ဆိတ်ငြိမ်ရာအရပ်သို့၊ ပဝိဋ္ဌဿ–ဝင်လျက်၊ သန္တစိတ္တဿ–ငြိမ်သက်သောစိတ် ရှိသည် ဖြစ်၍၊ ဓမ္မံ–ခဏမစဲ လျင်မြန်စွာ ဖြစ်ပျက်နေသော ရုပ်နာမ်တရား ကို၊ သမ္မာ–မှန်ကန်စွာ၊ ဝိပဿတော–ရှုမြင်နေသော၊ ဘိက္ခုနော– ရဟန်းအား၊ ဝါ–သံသရာဘေးကို ရှုမြင်၍ ရှုမှတ်အားထုတ်

http://www.dhammadownload.com



နေသော ယောဂီအား၊ အမာနုသီ–လူတို့၏ ပျော်မွေ့မှုထက် သာလွန်သော၊ ဝါ–နတ်တို့၏ ပျော်မွေ့မှုထက်လဲ သာလွန်သော၊ ရတိ–နှစ်သိမ့်ဝမ်းမြောက်မှု ပီတိသည်၊ ဟောတိ–ဖြစ်ပေါ်၏။

ယတော ယတော–အကြင် အကြင် ရုပ်အဖို့ နာမ်အဖို့မှ၊ ခန္ဓာနံ–ခန္ဓာတို့၏၊ ဥဒယဗ္ဗယံ–အဖြစ်အပျက်ကို၊ သမ္မသတိ–သုံးသပ်ရှုမြင်၏၊ တတော တတော– ထိုထိုရှုအပ်တိုင်းသော ရုပ်အဖို့, နာမ်အဖို့မှ၊ ပီတိပါမောဇ္ဇ–အနည်းငယ် ဝမ်းမြောက်မှု အကြီးအကျယ် ဝမ်းမြောက်မှုကို၊ လဘတေ–ရလေ၏၊ (တီ–ဟု ဆန္ဒာနုရက္ခဏာဒီဃနှင့် ရှိသည်ထက် တေ–ဟု အတ္တနောပုဒ်နှင့်ရှိသော ပါဠ်က သာ၍ဂုဏ်မြောက်သည်၊) တံ–ထိုဝမ်းမြောက်မှုသည်၊ ဝိဇာနတံ–ရုပ်နာမ်တို့၏ အဖြစ်အပျက်ကို ကိုယ်ပိုင်ဉာဏ်ဖြင့် သိမြင်ကုန်သော ဝိပဿနာယောဂီပညာရှိတို့၏ အမတံ–အသေကင်းရာ နိဗ္ဗာန်အစစ်ကို ရကြောင်းဖြစ်၍ အမြိုက်နိဗ္ဗာန်ပါပေတည်း၊ (အမြိုက်နိဗ္ဗာန်အစစ်ကို ရကြောင်းဖြစ်သောကြောင့် ထိုဝမ်းမြောက်မှုကိုပင် ဖလူပစာအားဖြင့် တင်စား၍ အမတ–ဟု ဆိုသည်၊ ထိုသို့သော ဝမ်းမြောက်မှုကို တွေ့ရလျှင် ထက်သန်သော သဒ္ဓါဆန္ဒ ဝီရိယဖြင့် ဆက်လက်အားထုတ်၍ မကြာမီပင် အရိယမဂ်ဖြင့် နိဗ္ဗာန် အစစ်ဖြစ်သော အမတကိုလဲ ရမည်မှာ သေချာသလောက်ပင် ဖြစ်၍ ထိုသို့ ဟောကြားတော် မူပေသည်။)

ပါမောဇ္ဇ–ဆိုတာက သမ္မသနဉာဏ်ကတည်းက စပြီး ဖြစ်တတ်တဲ့ အနည်းငယ် ဝမ်းမြောက်မှုပဲ၊ ပီတိဆိုတာကတော့

http://www.dhammadownload.com



အဖြစ်အပျက်တွေကို အလွန်လျင်မြန်စွာသိတဲ့ ဥဒယဗ္ဗယဉာဏ် ဖြစ်ခိုက်မှာ ဖြစ်ပေါ်တဲ့ အလွန်အကဲ ဝမ်းမြောက်မှုပဲ၊ ဒီပီတိက ဖောင်းတယ် ပိန်တယ်လို့ ရှုမှတ်နေရင်း ဖောင်းတာ အဆင့်ဆင့် ပိန်တာ အဆင့်ဆင့် ဖြစ်ပျက်နေတာကို သိသိနေဆဲမှာလဲ ဖြစ်ပေါ်တယ်၊ ကိုယ်ထဲက ပေါ်ရာပေါ်ရာ အတွေ့အထိ အဖြစ်အပျက်တွေကို လျင်မြန်စွာ သိသိနေဆဲမှာလဲ ဖြစ်ပေါ်တယ်၊ ကွေးတယ် ဆန့်တယ် စသည်ဖြင့် လှုပ်ရှားရုပ်ကို မှတ်နေစဉ် လျင်မြန်စွာ အပိုင်းအပိုင်း ပြတ်ပြတ်သွားသော လှုပ်ရှားရုပ်၏ အဖြစ်အပျက်ကို သိသိနေဆဲမှာလဲ ဖြစ်ပေါ်တယ်၊ ကြွတယ်, လှမ်းတယ်, ချတယ်လို့ ရှုမှတ်နေစဉ် ကြွရုပ်အဆင့်ဆင့်, လှမ်းရုပ်အဆင့်ဆင့်, ချရုပ်အဆင့်ဆင့် အပိုင်းပိုင်း ပြတ်ပြတ်သွားတာကို သိသိနေဆဲမှာလဲ ဖြစ်ပေါ်တယ်၊ တစ်ခါတစ်ရံ ဖြစ်ရင်လဲ ရှုမှတ်လိုက်တာနဲ့ ချက်ချင်းပင် ပျောက်သွားတာပဲ၊ အဲဒီလို အခါမှာလဲ ဒီဝမ်းမြောက်မှု ပီတိက အကြီးအကျယ် ဖြစ်တာပဲ၊ ပေါ်လာသမျှ စိတ်ကူးရော၊ ကြားသိမှု, ထိသိမှု စသည်တွေရော၊ ရှုသိမှုတွေရော လျင်မြန်စွာဖြစ်ပြီး ပျက်ပျက်သွားတာကို သိသိနေဆဲမှာလဲ ဒီပီတိက ထက်သန်စွာ ဖြစ်နေတာပဲ၊ ဒါကြောင့် ထိုထို ရှုအပ်တိုင်းသော ရုပ်အဖို့, နာမ်အဖို့မှ ပီတိ ပါမောဇ္ဇကို ရတယ်လို့ ဆိုထားတာပါပဲ။

အဲဒီ ဝမ်းမြောက်မှု ဖြစ်တိုင်း သုခ, သောမနဿ ဆိုတဲ့ စိမ်းချမ်းသာမှု ဝမ်းသာမှုကလဲ အလွန်ထက်သန်စွာ ဖြစ်နေတာပဲ၊

http://www.dhammadownload.com



ပဌမ, ဒုတိယ, တတိယစျာန်များမှာ စိတ်ရွှင်လန်း ချမ်းသာမှု အားကောင်းသလိုပင် ဒီဥဒယဗ္ဗယဉာဏ် ဖြစ်ခိုက်မှာ စိတ်ရွှင်လန်း ချမ်းသာမှုကလဲ အလွန်ပင် အားကောင်းပါတယ်၊ ဒါကြောင့် ဒီဉာဏ်ရောက်တဲ့ ယောဂီများက ဘယ်လိုချမ်းသာတယ်လို့ မပြောနိုင်အောင် အလွန်ပင် ချမ်းသာနေကြောင်း၊ လောကဘက်က ပျော်ခဲ့ဖူးတဲ့ ပျော်မွေ့ဝမ်းသာမှု ချမ်းသာမှုတွေထက် သာလွန်ကြောင်းများကို ပြောတတ်ကြပါတယ်၊ အဲဒီ စိတ်ရွှင်လန်းချမ်းသာမှု ဝမ်းသာမှုကို ဒီသက္ကပဉှသုတ်မှာ သေဝိတဗ္ဗသောမနဿ–မှီဝဲအပ်သော သောမနဿလို့ ဟောထားပါတယ်၊ အဲဒါဟာ ဥဒယဗ္ဗယဉာဏ်ရောက်အောင် ရှုမှတ်ပြီး ကိုယ်တိုင်တွေ့ အားဖြင့် မှီဝဲဖို့ ညွှန်ကြားတော် မူတာပါပဲ၊ ကျန်းမာရေး ဆေးများကို စားသုံးပြီးတော့ ဖြစ်စေ၊ လိမ်းကျံထိုးသွင်းပြီးတော့ ဖြစ်စေ မှီဝဲရသလိုပင် ကိုယ်ထဲမှာ တကယ်ဖြစ်အောင် အားထုတ်ပြီး မှီဝဲဖို့ပါပဲ။

## မှီဝဲသင့် မမှီဝဲသင့် ဒေါမနဿ

ယခု မှီဝဲသင့် မမှီဝဲသင့်တဲ့ ဒေါမနဿအကြောင်းကို ပြောရမယ်၊ ဒီသက္ကပဉှသုတ်မှာ ဝေဖန်ဖွင့်ပုံကတော့ သောမနဿ ဖွင့်ပြပုံလိုပါပဲ၊ အကျဉ်းချုပ်အားဖြင့်တော့ အကုသိုလ်ပွား, ပယ်ရှောင်ရား, ကုပွားမှီဖို့တည်းလို့ ပြခဲ့တဲ့ ဆောင်ပုဒ်အတိုင်းပါပဲ၊ အဲဒါကို ထပ်ပြီး ဆိုကြရမယ်။

http://www.dhammadownload.com



အကုသိုလ်ပွား, ပယ်ရှောင်ရှား, ကုပွားမှီဖို့တည်း။

အကုသိုလ် ဖြစ်ပွားကြောင်း ဖြစ်ရင် အဲဒီလို နှလုံးမသာမှု ဒေါမနဿကို မမှီဝဲရဘူး၊ ပယ်ရမယ်၊ ကုသိုလ်ဖြစ်ပွားကြောင်း ဖြစ်ရင်တော့ မှီဝဲရမယ်လို့ ဆိုလိုတာပါပဲ၊ ဒီနေရာမှာ ဒေါမနဿကို မှီဝဲသင့်တယ်ဆိုတာက အဲဒီ မှီဝဲသင့်တဲ့ ဒေါမနဿကို အကြောင်းပြုပြီး ချာန်ဝိပဿနာ မဂ်ဖိုလ်တရားများ ဖြစ်တတ်သောကြောင့် မှီဝဲသင့်တယ်လို့ ဆိုတာပါပဲ၊ အဲဒီ ဒေါမနဿဖြစ်အောင် တမင် အားထုတ်ရမယ်လို့ ဆိုလိုတာတော့ မဟုတ်ပါဘူး။

အဋ္ဌကထာမှာ မမှီဝဲအပ်သည့် ဒေါမနဿနှင့် မှီဝဲအပ်သည့် ဒေါမနဿတို့ကို သဠာယတနဝိဘင်္ဂသုတ်မှာ ထုတ်ဆောင်ပြီး ပြထားပါတယ်၊ ဒီမှာတော့ အတိုချုပ် ပြောရမှာပဲ။

လိုချင်နှစ်သက်ဖွယ် မြတ်နိုးဖွယ်ဖြစ်တဲ့ အဆင်း, အသံ, အနံ့, အရသာ, အတွေ့ သဘောဆိုတဲ့ အာရုံဝတ္ထုကောင်းတွေ အသုံးအဆောင်ကောင်းတွေ ပစ္စည်းဥစ္စာတွေကို မရတဲ့သူမှာ အကောင်းတွေကို မရလေခြင်းလို့ နှလုံးသွင်းရင် နှလုံးမသာမှု ဝမ်းနည်းမှု ဒေါမနဿ ဖြစ်တတ်တယ်၊ အဲဒီလို အာရုံဝတ္ထုကောင်းတွေ အသုံးအဆောင်ကောင်းတွေနှင့် ရှေးက မပြည့်စုံခဲ့တာကို ပြန်လည်ဆင်ခြင်မိရင်လဲနှလုံးမသာမှု ဝမ်းနည်းမှု ဒေါမနဿ ဖြစ်တတ်တယ်၊ ဘေးရန်အန္တရာယ်တွေ, အာရုံဝတ္ထုဆိုးတွေနဲ့ ယခုတွေ့ပြီး ဆင်းရဲနေတာ, ရှေးကတွေ့ပြီး ဆင်းရဲခဲ့တာများကို အကြောင်းပြုပြီးတော့ နှလုံးမသာမှု ဝမ်းနည်းမှု

http://www.dhammadownload.com



ဒေါမနဿ ဖြစ်တတ်တယ်၊ နောင်ကာလအတွက် ဆင်းရဲဒုက္ခ ရောက်မှာ, ဘေးရန်အန္တရာယ်နဲ့ တွေ့ရမှာကို တွေးတောပြီးတော့ လဲနှလုံးမသာမှု, စိုးရိမ်ပူပန်မှု, ဒေါမနဿဖြစ်တတ်တယ်၊ အဲဒီ နှလုံးမသာမှု ဒေါမနဿဟာ ဘာမျှ အကျိုးမရှိဘူး၊ ပင်ပန်းဆင်းရဲရုံမျှပဲ၊ အဲဒီ နှလုံးမသာမှုနဲ့ တွဲပြီး ဒေါသ အကုသိုလ်တွေလဲ ပွားနေတာပဲ၊ ကာမဂုဏ် အာရုံတွေနဲ့ စပ်ပြီး ဖြစ်လို့ ဒီနှလုံးမသာမှုကို ဂေဟာဿိတ ဒေါမနဿလို့လဲ ခေါ်တယ်၊ ကာမဂုဏ်အာရုံဆိုတဲ့ နေအိမ်ကို မှီဖြစ်တဲ့ နှလုံး မသာမှုလို့ ဆိုလိုတာပါပဲ။

ဒီ နှလုံးမသာမှုဖြစ်နေရင် ကုသိုလ်တရားတွေလဲ ဆုတ် ယုတ်နေတာပဲ၊ ဘုရားရှိခိုးနေကျ ကုသိုလ်အလုပ်ကိုလဲ မလုပ်နိုင်ဘဲ ရှိတတ်တယ်၊ ရှိခိုးသော်လဲ အဲဒီ နှလုံးမသာမှုတွေက နှောင့်ယှက် နေသောကြောင့် စင်စင်ကြယ်ကြယ် ထက်ထက်သန်သန် မဖြစ် ရဘူး၊ မူလက စိတ်ကြည်ကြည်လင်လင်နဲ့ဘုရားအာရုံပြုနေရ ဘုရားရှိခိုးနေရင်, တရားနှလုံးသွင်းနေရင် အင်မတန် ကောင်း တာပဲ၊ အဲဒီအနေမှာ စိတ်ညစ်စရာတစ်ခု ဝင်လာရင် စိတ်ညစ်ပြီး နှလုံး မသာဖြစ်ပြီး ကုသိုလ်ဘက်က ဆုတ်ယုတ်သွားတော့တာပဲ၊ အကုသိုလ်ဘက်ကတော့ ဒေါသတွေ မပြတ် ဖြစ်ပွားနေတော့ တာပဲ၊ ဒါကြောင့် အဲဒီလို နှလုံးမသာမှုဟာ လက်မခံသင့် ပယ် သင့်တဲ့ တရားပဲ၊ ဒါပေမယ့်လို့ အဲဒီလို စိတ်ညစ် စိတ်ပျက် နေတဲ့သူကတော့ အဲဒီလိုစိတ်ညစ်နေရတာကိုပင် အကောင်းလို့

http://www.dhammadownload.com



ထင်နေတာလဲ ရှိတတ်တယ်၊ အင်မတန် ချစ်ခင်ရင်းနှီးတဲ့သူ သေကြေပျက်စီးသွားတာကို အကြောင်းပြုပြီး စိုးရိမ်ပူဆွေးနေတဲ့ သူကို စိုးရိမ်ပူဆွေးမှုပယ်ဖို့ ဟောပြောပေးရင် တကယ်မကြိုက်ဘဲ ရှိတတ်တယ်၊ စိုးရိမ်ပူဆွေးသင့်တဲ့ အနေဖြင့် သူ့ဘက်ကလိုက် ပြီး ပြောရင်တော့ သဘောကျတတ်တယ်။

အဲဒီ နှလုံးမသာမှု စိုးရိမ်ပူဆွေးမှုဆိုတာတွေဟာ မြတ်စွာ ဘုရားအလိုတော်အရအားဖြင့် လက်မခံဘဲ ပယ်သင့်တာတွေပဲ၊ ကမ္မဿကာ–ကံသာလျှင် ကိုယ်ပိုင်ဥစ္စာရှိသည်–လို့ ဟောထား သည့်အတိုင်း ကိုယ်တိုင်ပြုထားတဲ့ အမှုကံအားလျော်စွာ ဖြစ်နေ တာပဲ စသည်ဖြင့် သင့်လျော်စွာ နှလုံးသွင်းပြီး အစစအရာရာ သည်းခံနေရတယ်၊ အကောင်းဆုံးကတော့ သမထဖြစ်စေ၊ ဝိပဿနာဖြစ်စေ၊ တစ်ပါးပါးကို ဒီလိုအခါမှာ မပြတ် နှလုံးသွင်း နေရင် အကောင်းဆုံးပါပဲ၊ အဲဒီလို နှလုံးသွင်း ရှုမှတ်နေရင် နှလုံးမသာမှု, စိတ်ညစ်မှု, စိုးရိမ်ပူဆွေးမှုဖြစ်လာရင် အဲဒါကို ရှုမှတ်ပြီး ပယ်ရမယ်၊ ဒါကြောင့် မြတ်စွာဘုရားရှင်က မဟာ သတိပဋ္ဌာနသုတ်မှာ အယံ မဂ္ဂေါ–ဤရှုမှတ်မှု သတိပဋ္ဌာန်လမ်း သည်၊ သောကပရိဒေဝါနံ သမတိက္ကမာယ–စိုးရိမ်ပူဆွေးမှု ငိုကြွေးမှုတို့ကို ကျော်လွန်ရန်အတွက် ဒုက္ခဒေါမနဿာနံ– ကိုယ်ဆင်းရဲနှင့် နှလုံးမသာမှု စိတ်ဆင်းရဲတို့၏၊ အတ္ထင်္ဂမာယ– ချုပ်ငြိမ်းရန်အတွက်၊ ဧကာယနော မဂ္ဂေါ–တစ်ခုတည်းသော လမ်း, တစ်ကြောင်းတည်းသော လမ်းပေတည်း–လို့ ဟောတော်

http://www.dhammadownload.com



မှုတာပါပဲ၊ အဲဒီ သတိပဋ္ဌာန် ဒေသနာတော်အရ မပြတ်ရှုနေရင် နှလုံးမသာမှု စိတ်ဆင်းရဲဟာ လုံးလုံးမဖြစ်ဘဲလဲ ကင်းငြိမ်းနေတတ်တယ်၊ ဖြစ်ပေါ်လာရင်လဲ ရှုမှတ်လိုက်ရင် ပျောက်ကင်းသွားတတ်ပါတယ်၊ အဲဒီလိုရှုမှတ်ပြီး ပယ်တာဟာ မမှီဝဲသင့်တာကို မမှီဝဲဘဲ ပယ်ခြင်းပါပဲ။

လောကမှာ နှလုံးမသာ ဖြစ်စရာအကြောင်းတွေက များပါတယ်၊ မိမိအလိုအတိုင်း မပြည့်စုံတာ မရတာတွေလဲ ရှိမယ်၊ မအောင်မြင်တာတွေလဲ ရှိမယ်၊ ရပြီးသားတွေ ပျက်စီးဆုံးရှုံးသွားတာတွေလဲ ရှိမယ်၊ အဲဒါတွေကို စဉ်းစားမိရင် နှလုံးမသာမှု, ဝမ်းနည်းမှု ဖြစ်တတ်တာပဲ၊ အဲဒီလို စဉ်းစားတာ, နှလုံးမသာတာ, ဝမ်းနည်းတာတွေ ဖြစ်ပေါ်လာရင် လက်မခံဘဲ ရှုမှတ်ပြီး ပယ်ရတယ်၊ အဲဒါတွေကို ရှုမှတ်ပြီးတော့ မူလက ရှုမှတ်နေကျအတိုင်းပဲ မပြတ်ရှုမှတ်နေရတယ်၊ ဘုန်းကြီးတို့ ညွှန်ကြားချက်အရဆိုရင် ဖောင်းတာ, ပိန်တာ, ထိုင်တာ, ထိတာ စသည်တွေကို ရှုမှတ်နေရုံပါပဲ၊ မြင်မှု, ကြားမှု စသည်တွေကို သူ့ဖြစ်စဉ်အတိုင်း ရှုမှတ်နိုင်တဲ့ ပုဂ္ဂိုလ်ကတော့ သူ့ဖြစ်စဉ်အတိုင်း မပြတ်ရှုမှတ်သွားရုံပါပဲ။

ဒီနှလုံးမသာမှု စိတ်ဆင်းရဲကို ရှုမှတ်ပြီး ပယ်ရမယ်၊ မမှီဝဲရ လက်မခံရဘူးဆိုတာကတော့ သိကြားမင်းနဲ့လဲ သက်ဆိုင်နေပါတယ်၊ သိကြားမင်းမှာ ပုဗ္ဗနိမိတ်တွေမြင်ပြီး စုတေရတော့မယ်ဆိုတာကို သိရတော့ သိကြားဘဝ သိကြားစည်းစိမ် စွန့်ရ

http://www.dhammadownload.com



တော့မယ်ဆိုတာကို ဆင်ခြင်ပြီး စိတ်ဆင်းရဲတွေ အကြီးအကျယ် ဖြစ်နေခဲ့တယ်၊ အဲဒါတွေဟာ မမှီဝဲသင့်တဲ့ ဒေါမနဿတွေပဲ၊ အဲဒါတွေကို လက်မခံဘဲ ရှုမှတ်ပြီး ပယ်ဖို့ မြတ်စွာဘုရားက တိုက်ရိုက်ညွှန်ကြားတော်မူတာပါပဲ၊ သိကြားဘဝမှ စုတေရလျှင် နတ်မိဖုရား နတ်ဗိမာန် စသည်တို့၏ အဆင်း, အသံ, အနံ့, အရသာ, အတွေ့အထိဆိုတဲ့ ကာမဂုဏ်တွေကို စွန့်လွှတ်ရတော့ မယ်၊ အဲဒါတွေ အကုန်လုံး လက်မဲ့ဖြစ်ပြီး ဆုံးရှုံးရတော့မယ် လို့ ဆင်ခြင်မိတိုင်း (ဂေဟဿိတ ဒေါမနဿ) ကာမဂုဏ်ကိုမှီတဲ့ နှလုံးမသာမှုတွေ ဖြစ်ပွားနေမှာပဲ၊ အဲဒါတွေကို လက်မခံဘဲ ရှုမှတ်ပြီး ပယ်သွားဖို့ပါပဲ၊ ဒီညွှန်ကြားတော်မူချက်ဟာ အင်မတန် သဘာဝကျပါတယ်၊ အင်မတန်လဲ အရေးကြီးတဲ့ ညွှန်ကြားတော် မူချက်ပါပဲ။

မမှီဝဲသင့်တဲ့ ဒေါမနဿဝေဒနာ အကြောင်းကိုတော့ နားလည်လောက်ပါပြီ၊ ယခု မှီဝဲသင့်တဲ့ ဒေါမနဿအကြောင်း ကို ပြောရမယ်၊ သဠာယတန ဝိဘင်္ဂသုတ်မှ ပါဠိကို အနက် မြန်မာပြန်ပြီး ဟောရမှာပဲ။

ရူပါနံ–မြင်ရသော ပစ္စုပ္ပန်အဆင်းရူပါရုံတို့၏၊ အနိစ္စတံ– မမြဲခြင်းကို၊ ဝိပရိဏာမဝိရာဂနိရောဓံ–ပြောင်းလဲဖောက်ပြန်ခြင်း ပျက်ပြယ်ခြင်း ချုပ်ကွယ်သွားခြင်းကို၊ ဝိဒိတွာတုဝေ–ရှုမှတ် လျက် သိမြင်ပြီး၍ သာလျှင်၊ (ဒီစကားဖြင့် မြင်ဆဲ၌ ရှုမှတ်လျက် သိမြင်ပြီးမှသာလျှင် ဆင်ခြင်ဉာဏ်ဖြစ်ကြောင်း ပြတော်မူသည်။)

http://www.dhammadownload.com



ပုဗ္ဗေစေဝ ရူပါ–ရှေးက အဆင်းရုပ်တို့သည် လည်းကောင်း၊ ဧတရဟိစ–ယခု လက်ရှိ အဆင်းရုပ်တို့သည် လည်းကောင်း၊ သဗ္ဗေ တေ ရူပါ–ထိုအလုံးစုံသော အဆင်းရုပ်တို့သည်၊ အနိစ္စာ ဒုက္ခာဝိပရိဏာမဓမ္မာတိ–မမြဲဆင်းရဲ ပြောင်းလဲဖောက်ပြန်သော သဘောတို့ဟူ၍၊ ဧဝံ–ဤသို့၊ ဧတံ–ဤသဘောကို၊ ယထာဘူတံ–ဟုတ်တိုင်းမှန်စွာ၊ သမ္မပ္ပညာယ–မှန်စွာသိသော ဝိပဿနာပညာဖြင့်၊ ဒိသွာ–မြင်ပြီး၍၊ အနုတ္တရေသု–အလွန်အကဲမရှိ၍ အမြတ်ဆုံးဖြစ်ကုန်သော၊ ဝိမောက္ခေသု–အရိယာဖိုလ်ဟူသော လွတ်မြောက်တရားတို့၌၊ ပိဟံ–လိုလား တောင့်တခြင်းကို၊ ဥပဋ္ဌာပေတိ–ဖြစ်စေ၏ (ဖြစ်စေပုံကတော့) အရိယာ–တို့သည်၊ ဧတရဟိ–ယခုအခါ၌ ယံ အာယတနံ–အကြင် အရိယဖိုလ်ဟူသော တည်ရာကို၊ ဥပသမ္ပဇ္ဇ–ရောက်၍၊ ဝိဟရန္တိ–နေကုန်၏၊ အဟံ–ငါသည်၊ တဒါယတနံ–အရိယဖိုလ်ဟူသော ထိုတည်ရာကို၊ ကုဒါ–အဘယ်အခါ၌၊ ဥပသမ္ပဇ္ဇ–ရောက်၍၊ ဝိဟာရိဿာမိ နာမ–နေရပါအံ့နည်း၊ ဣတိ–ဤသို့ တောင့်တ၏၊ ဣတိ–ဤပုံ ဤနည်းဖြင့်၊ အနုတ္တရေသု ဝိမောက္ခေသု–အမြတ်ဆုံးဖြစ်သော လွတ်မြောက်ရာ တရားတို့၌၊ ပိဟံ ဥပဋ္ဌာပယတော–လိုလား တောင့်တခြင်းကို ဖြစ်စေသော ပုဂ္ဂိုလ်အား၊ ပိဟပစ္စယာ တောင့်တမှုဟူသော အကြောင်းကြောင့်၊ ဒေါမနဿံ–နှလုံးမသာခြင်း ဝမ်းနည်းခြင်းသည်၊ ဥပ္ပဇ္ဇတိ–ဖြစ်၏၊ ယံ ဧဝရူပံ ဒေါမနဿံ ဣဒံ–ဤသို့သော နှလုံးမသာခြင်း ဝမ်းနည်းခြင်းကို၊

http://www.dhammadownload.com



နေက္ခမ္မသိတ ဒေါမနဿံ–ထွက်မြောက်ခြင်းကို မှီသော ဒေါမနဿဟူ၍၊ ဝုစ္စတိ–ခေါ်ဆိုအပ်၏တဲ့။

ဒွါရ ခြောက်ပါး၌ ထင်ပေါ်လာသော ရုပ်နာမ်တရားတို့ကို ဖြစ်ခိုက်ထင်ခိုက်၌ ရှုမှတ်၍ မမြဲ ဆင်းရဲ စသည်ဖြင့် သိမြင်ပြီး နောက် အရိယာဖိုလ်တရားတို့၌ ကြားဖူးရုံမျှအသိဖြင့် တောင့်တ လျက် ရှုမြဲပင် ရှုမှတ်နေသောသူမှာ ရည်မှန်းထားသည့် ရက်, လ, နှစ်များ ကုန်သွားသော်လဲ အရိယဖိုလ်သို့ မရောက်ဘဲ ရှိနေလျှင် နှလုံးမသာ ဖြစ်တတ်တယ်၊ အဲဒီ နှလုံးမသာမှု ဝမ်းနည်း မှုကို နေက္ခမ္မသိတဒေါမနဿလို့ ခေါ်တယ်၊ ထွက်မြောက်ရေး ကို မှီပြီးဖြစ်တဲ့ နှလုံးမသာမှုလို့ ဆိုလိုတာ ပါပဲ။

ရှုပုံနဲ့ ဆင်ခြင်ဉာဏ် ဖြစ်ပုံစသည်တွေကို ပါဠိအနက်နှင့် နီးနေပြီး ပြောပြဦးမယ်၊ သမထရျာန် သမာဓိအခြေခံ မရှိတဲ့ ပုဂ္ဂိုလ်ဟာ ဒွါရခြောက်ပါး၌ ထင်ရှားပေါ်တဲ့ ရုပ်နာမ်များကို စပြီး ရှုမှတ်ရတယ်၊ ဒါပေမယ့် စပြီး ရှုမှတ်ခါစ ပုဂ္ဂိုလ်မှာ ရုပ်နာမ်တွေကို ထင်ရှားဖြစ်စဉ်အတိုင်း လိုက်ပြီး စေ့အောင် ရှုမှတ်ဖို့ရာ မလွယ်ပါဘူး မဖြစ်နိုင်ပါဘူး၊ ဒါကြောင့် ထင်ရှားတဲ့ တရားနည်းကစပြီး ရှုမှတ်ရတယ်၊ ဝိသုဒ္ဓိမဂ်မှာ ပြထားတဲ့ အတိုင်း မဟာဓာတ်ဓာတ်ကြီး လေးပါးကစပြီး ရှုမှတ်လျှင် အများအားဖြင့် သင့်လျော်တတ်ပါတယ်၊ ဒါကြောင့် ဘုန်းကြီးတို့က ထိုင်နေတဲ့အခါ ဝမ်းဗိုက်ထဲက တွေ့ထိပြီး ထင်ရှားသိရတဲ့

http://www.dhammadownload.com



ဝါယောဓာတ်က စပြီး ဖောင်းတယ်, ပိန်တယ်လို့ အရပ်သုံးစကားဖြင့် ရှုမှတ်ဖို့ ညွှန်ကြားနေပါတယ်။

ဒီလို ဖောင်းတယ် ပိန်တယ်လို့ ရှုမှတ်နေရင်း စိတ်ကူးကြံစည်မှု ပေါ်လာရင် အဲဒါကို ရှုမှတ်ရနေတာပဲ၊ ညောင်းတာ ပူတာ နာတာ စသည် ပေါ်လာရင် အဲဒါတွေလဲ ရှုမှတ်ရတာပဲ၊ အသံကြားမှု အဆင်းမြင်မှု စသည်တွေ ပေါ်လာရင် အဲဒါကိုလဲ ရှုမှတ်ရတာပါပဲ၊ ဒါပေမယ့် သမာဓိအား မရှိသေးရင် ရုပ်နာမ်တို့၏ သဘောမှန်ကို ထင်ထင်ရှားရှား မသိရသေးဘူး၊ သမာဓိအား ရှိလာတဲ့ အခါကျတော့ ပျံ့လွင့်တဲ့စိတ်တွေ မရှိသလောက် ကင်းပြီး နေတယ်၊ တစ်ရံတစ်ခါ ကြံသိစိတ်ဖြစ်ရင်လဲ ချက်ချင်းပင် မှတ်သိနိုင်တယ်၊ မှတ်သိလိုက်တာနဲ့ အဲဒီ ကြံသိစိတ်ဟာ ရပ်စဲကင်းငြိမ်းသွားတယ်၊ အဲဒီအခါ နီဝရဏတွေ ကင်းပြီး စိတ်စင်ကြယ်တယ်၊ စိတ္တဝိသုဒ္ဓိဖြစ်တယ်၊ အဲဒီလို ရှုမှတ်စိတ်ချည်း စင်ကြယ်နေတဲ့အခါ ရှုမှတ်တိုင်း, ရှုမှတ်တိုင်း ရှုသိရတဲ့ ရုပ်နဲ့ ရှုသိတဲ့နာမ်ကို ပိုင်းခြားပြီးသိတယ်၊ အဲဒီအခါ နာမရူပ ပရိစ္ဆေဒ ဉာဏ်နဲ့ ဒိဋ္ဌိဝိသုဒ္ဓိ ပြည့်စုံသွားတယ်၊ အဲဒီကနောက် အကြောင်းနဲ့ အကျိုးကိုလဲ ပိုင်းခြားပြီး သိတယ်၊ အဲဒီအခါ ပစ္စယပရိဂ္ဂဟ ဉာဏ်နဲ့ ကင်္ခါဝိတရဏဝိသုဒ္ဓိ ပြည့်စုံသွားတာပဲ။

အဲဒီကနောက် မှတ်သိရတဲ့ ရုပ်နာမ်တို့၏ အဖြစ်အပျက်ကို သိပြီးတော့ မမြဲတာချည်းပဲ၊ ဖြစ်ချည်ပျက်ချည်နဲ့ ကြောက်စရာ ဆင်းရဲချည်းပဲ၊ သူ့သဘောအတိုင်းသူ ဖြစ်ပျက်နေလို့ အစိုးမရတဲ့

http://www.dhammadownload.com



အနတ္တသဘောတရားချည်းပဲလို့ သိပြီး အတိတ် ရုပ်နာမ် စသည်တွေကိုလဲ အနိစ္စ ဒုက္ခ အနတ္တချည်းပဲလို့ သုံးသပ်ဆင်ခြင်တယ်၊ အဲဒါက သမ္မသနဉာဏ်ပဲ၊ အဲဒီက နောက် မှတ်တိုင်း မှတ်တိုင်း အသစ် အသစ် ဖြစ်ဖြစ်ပြီး ချက်ချင်းပင် ပျောက်ပျက်သွားတာကို လျင်မြန်စွာ သိသိသွားတယ်၊ အဲဒီလို လျင်မြန်စွာ သိသိသွားတာက ဥဒယဗ္ဗယဉာဏ်ပဲ၊ အဲဒီလို သိမြင်ပုံကို ရည်ပြီးတော့–

ရူပါနံ–မြင်ရသော ပစ္စုပ္ပန် အဆင်းရူပါရုံတို့၏ (ထို့အတူပင်၊ သဒ္ဒါနံ–ကြားရသော ပစ္စုပ္ပန်အသံ သဒ္ဒါရုံတို့၏ ဂန္ဓာနံ–နံရသော ပစ္စုပ္ပန်အနံ့ ဂန္ဓာရုံတို့၏ ရသာနံ–စားသိရသော ပစ္စုပ္ပန်အရသာ ရသာရုံတို့၏၊ ဖောဋ္ဌဗ္ဗာနံ–ထိသိရသော ပစ္စုပ္ပန် အတွေ့ ဖောဋ္ဌဗ္ဗာရုံတို့၏ ဓမ္မာနံ–ကြံသိရသော ပစ္စုပ္ပန်သဘောတရား ဓမ္မာရုံတို့၏၊) အနိစ္စတံ–မမြဲခြင်းကို၊ ဝိပရိဏာမဝိရာဂ–နိရောဓံ–ပြောင်းလဲ ဖောက်ပြန်ခြင်း ပျက်ပြယ်ခြင်း ချုပ်ကွယ်သွားခြင်းကို၊ (မမြဲဆိုတာ မူလအတိုင်း မတည်ရှိဘဲ ပြောင်းလဲ ဖောက်ပြန်သွားခြင်းပဲ၊ အဲဒါကလဲ ပျက်ပြယ်သွားခြင်းပဲ၊ အဲဒါကလဲ ချုပ်ကွယ်သွားခြင်းပဲလို့ အနက်အရတူတဲ့ ပရိယာယ်စကားလုံး အထူးတို့ဖြင့် သိနားလည်အောင် ထပ်ပြီးဖွင့်ပြတာပါပဲ၊ အဲဒီ မမြဲခြင်း ပြောင်းလဲဖောက်ပြန်ခြင်း ပျက်ပြယ်ခြင်း ချုပ်ကွယ်သွားခြင်းကို) ဝိဒိတွာ တု ဧဝ–ဖြစ်ဆဲမှာ ရှုမှတ်လျက် သိမြင်ပြီး၍သာလျှင်၊ (ဒီစကားဖြင့် ဖြစ်ဆဲ ရုပ်နာမ်ကို ရှုမှတ်၍

http://www.dhammadownload.com



သိပြီးမှသာလျှင် သုံးသပ်ဆင်ခြင်တဲ့ ဉာဏ် ဖြစ်ကြောင်း ပြတော်မူပါတယ်) ပုဗ္ဗေ စေဝ ရူပါ–ရှေးက အဆင်းရုပ်တို့သည် လည်းကောင်း၊ (ထို့အတူပင် ပုဗ္ဗေ စေဝ သဒ္ဒါ စသည်ဖြင့်၊ ရှေးကအသံရုပ်, အနံ့ရုပ်, အရသာရုပ်, အတွေ့ရုပ် သဘောတရား တို့သည်လည်းကောင်း ဆိုတဲ့ အနက်များကိုလဲ ပြထားပါတယ်၊) စေတရဟိ စ–ယခုလက်ရှိ အဆင်းရုပ်တို့သည်လည်းကောင်း၊ ယခု လက်ရှိ သဘောတရားတို့သည်လည်းကောင်း၊ သဗ္ဗေ တေ ရူပါ–ထိုအလုံးစုံသော အဆင်းရုပ်တို့သည် လည်းကောင်း၊ (ထို အလုံးစုံသော အသံရုပ်, အနံ့ရုပ်, အရသာရုပ်, အတွေ့ရုပ်တို့ သည် လည်းကောင်း၊ ထိုအလုံးစုံသော သဘောတရားတို့သည် လည်းကောင်း၊) အနိစ္စာ, ဒုက္ခာ, ဝိပရိဏာမ ဓမ္မာတိ–မမြဲ ဆင်းရဲ ပြောင်းလဲဖောက်ပြန်သော သဘောတရားတို့ဟူ၍၊ ဧဝံ–ဤသို့၊ ဧတံ–ဤသဘောကို၊ ယထာဘူတံ–ဟုတ်တိုင်း မှန်စွာ၊ သမ္မပ္ပညာယ–မှန်စွာသိသော ဝိပဿနာပညာဖြင့်၊ ဒိသွာ– မြင်ပြီး၍–လို့ ပြဆိုထားပါတယ်။

ယခုပြောခဲ့တဲ့ အတိုင်း မြင်ဆဲစသည်မှာ မပြတ်ရှုမှတ်၍ ဖြစ်ပေါ်ပြီး ချက်ချင်းပျောက်ပျောက်သွားတာကို တွေ့ရတော့ မမြဲတာတွေချည်းပဲ၊ ဖြစ်ချည်ပျက်ချည်နဲ့ ဆင်းရဲတွေချည်းပဲ၊ ခဏမစဲ ပြောင်းလဲဖောက်ပြန်နေတဲ့ တရားတွေချည်းပဲလို့ ကိုယ်ပိုင်ဉာဏ်ဖြင့် သိရတယ်၊ အဲဒီလို သိပြီးတော့ အဆင်း, အသံ, အနံ့, အရသာ, အတွေ့ သဘောတရားတွေဟာ ရှေးက

http://www.dhammadownload.com



ရော၊ ယခုရော၊ နောက်ကာလ၌ရော ဒီလို မမြဲတာချည်းပဲ၊ ဆင်းရဲချည်းပဲ၊ ပြောင်းလဲဖောက်ပြန် နေတာချည်းပဲလို့ သုံးသပ်ဆင်ခြင်ပြီး သိသိသွားတယ်၊ အဲဒီလို သိပြီးတော့ ထူးခြားတဲ့ ဥဒယဗ္ဗယဉာဏ်ဆိုတာလဲ ဖြစ်တယ်၊ အဲဒီ သမ္မသနဉာဏ် ဥဒဗ္ဗယဉာဏ် ဖြစ်တဲ့အခါ တရားထူးရတော့မှာပဲလို့ မျှော်လင့်တောင့်တမှု ဖြစ်တယ်၊ အဲဒီလို ဖြစ်တတ်ပုံကို။

သမ္မပ္ပညာယ–မှန်စွာသိသော ဝိပဿနာ ပညာဖြင့်၊ ဒိသွာ–မြင်ပြီး၍၊ အနုတ္တရေသု–အလွန်အကဲမရှိ၍ အမြတ်ဆုံးဖြစ်ကုန်သော၊ ဝိမောက္ခေသု–အရိယဖိုလ်ဟူသော လွတ်မြောက်တရားတို့၌၊ ပိဟံ–လိုလားတောင့်တခြင်းကို၊ ဥပဋ္ဌာပေတိ–ဖြစ်စေ၏၊ (ဖြစ်စေပုံမှာ) အရိယာ–တို့သည်၊ စေရတိ–ယခုအခါ၌၊ ယံ အာယတနံ–အရိယဖိုလ်ဟူသော အကြင်တည်ရာကို၊ ဥပသမ္ပဇ္ဇ–ရောက်၍၊ ဝိဟရန္တိ–နေကုန်၏၊ တဒါယတနံ–အရိယဖိုလ်ဟူသော ထိုတည်ရာကို၊ အဟံ–ငါသည်၊ ကုဒါ–အဘယ်အခါ၌၊ ဥပသမ္ပဇ္ဇ–ရောက်၍၊ ဝိဟရိဿာမိ နာမ–နေရပါအံ့နည်း၊ ဣတိ–ဤသို့ တောင့်တ၏–လို့ ပြဆိုထားပါတယ်။

တောင့်တပုံကတော့–ယခုနေအခါမှာ အခြားသူတွေက ရှုမှတ်အားထုတ်လို့ အချို့ သောတာပတ္တိဖိုလ် ရောက်နေကြတယ်၊ အချို့ သကဒါဂါမိဖိုလ်, အနာဂါမိဖိုလ် ရောက်နေကြတယ်၊ အချို့ အရဟတ္တဖိုလ် ရောက်နေကြတယ်၊ ငါ့မှာ ဒီလို အရိယဖိုလ်တွေကို ရောက်ပါစေလို့တောင့်တတယ်၊ မည်သည့် နေ့ရက်

http://www.dhammadownload.com



လောက်တော့ ရောက်ကောင်းပါရဲ့လို့လဲ မျှော်လင့်တတ်တယ်၊ အဲဒီလို မျှော်လင့်ထားတဲ့ ရက်, လ, တွေ ကုန်လွန်သွားသော်လဲ အရိယဖိုလ်တရားထူးကို မရတဲ့သူမှာ နှလုံးမသာမှု, ဝမ်းနည်းမှု ဖြစ်တတ်တယ်၊ အဲဒီလို ဖြစ်တတ်ပုံကိုလဲ ဒီလိုဆက်ပြီး ပြတော်မူပါတယ်။

ဣတိ–ဤပုံ ဤနည်းဖြင့်၊ အနုတ္တရေသု ဝိမောက္ခေသု–အမြတ်ဆုံးဖြစ်သော လွတ်မြောက်ရာ တရားတို့၌၊ ပိဟံဥပဋ္ဌာပယတော–လိုလားတောင့်တခြင်းကို ဖြစ်စေသော ပုဂ္ဂိုလ်အား၊ ပိဟ ပစ္စယာ–တောင့်တမှုဟူသော အကြောင်းကြောင့်၊ ဒေါမနဿံ–နှလုံးမသာခြင်း, ဝမ်းနည်းခြင်းသည်၊ ဥပ္ပဇ္ဇတိ–ဖြစ်၏၊ ယံ ဧဝ ရူပံ ဒေါမနဿံ ဣဒံ–ဤသို့သော နှလုံးမသာခြင်း, ဝမ်းနည်းခြင်းကို၊ နေက္ခမ္မသိတ ဒေါမနဿံ–ထွက်မြောက်ခြင်းကို မှီသော ဒေါမနဿဟူ၍၊ ဝုစ္စတိ–ခေါ်ဆိုအပ်၏–တဲ့။

အရိယဖိုလ်တရားတွေကို မျှော်လင့်တောင့်တတဲ့အတိုင်း မပြည့်စုံတဲ့အခါ နှလုံးမသာမှု, ဝမ်းနည်းမှု ဖြစ်တတ်တယ်၊ သူများတွေကတော့ ရောက်ကြ, သိကြတယ်၊ ငါကတော့ မရောက်ဘဲ မသိဘဲ ဖြစ်နေတယ်၊ ဘယ်တော့မှ ရောက်မှာပါလိမ့်မလဲ၊ ရောက်မှ ရောက်ပါတော့မလားလို့ စဉ်းစားဆင်ခြင်ပြီး ဝမ်းနည်းမှု ဖြစ်တတ်တယ်၊ ဒါကတော့ တရားအားထုတ်ငဲ့ ပုဂ္ဂိုလ်တွေမှာ ကိုယ်ရည်မှန်းထားတဲ့အတိုင်း မဖြစ်ရင် ဒီလို ဝမ်းနည်းမှု ဖြစ်တတ်ကြတာချည်းပါပဲ၊ ယခု ဒီပါဠိမှာ ပြထား

http://www.dhammadownload.com



တာကတော့ သမ္မသနဉာဏ် ဥဒယဗ္ဗယဉာဏ် အရာမှာ ဖြစ်တတ်ပုံပဲ၊ အထက် ဘင်္ဂဉာဏ် စသည်ရောက်နေတဲ့ ပုဂ္ဂိုလ်မှာလဲ ဖြစ်တတ်တာပါပဲ၊ သင်္ခါရုပေက္ခာဉာဏ် ရောက်နေတဲ့ ပုဂ္ဂိုလ်မှာလဲ မျှော်လင့်တဲ့အတိုင်း မြန်မြန်မပြည့်စုံရင် ဖြစ်တတ်သေးတာပါပဲ၊ ဒီလို ဖြစ်တဲ့ နှလုံးမသာမှု, ဝမ်းနည်းမှုကို အကြောင်းပြုပြီး ကြိုးစားအားထုတ်ခြင်းဖြင့် လိုအပ်တဲ့ တရားထူးသို့ ရောက်တတ်သောကြောင့် ဒီလို နှလုံးမသာမှုကို မှီဝဲအပ်တဲ့ ဒေါမနဿလို့ ဟောတော်မူတာပါပဲ၊ ဒီလို နှလုံးမသာမှုကို တမင်ဖြစ်အောင်တော့ အားထုတ်ဖို့ မဟုတ်ပါဘူး။

အကောင်းဆုံးကတော့ အစကတည်းက အစဉ်အတိုင်း ဝိပဿနာဉာဏ်တွေ အဆင်သင့်ဖြစ်ပြီး ဝမ်းသာလျက် တရားထူး ရောက်သွားတာကတော့ အကောင်းဆုံးပါပဲ၊ ဒါကြောင့် အဲဒီ သဠာယတန ဝိဘင်္ဂသုတ်မှာပင် နေက္ခမ္မသိတဒေါမနဿကို ကျော်လွန်ပြီး နေက္ခမ္မသိတသောမနဿကို ဖြစ်ပွားစေရမယ်လို့လဲ ညွှန်ကြားထားပါတယ်၊ ဒါပေမယ့် အဆင်မသင့်တဲ့ ပုဂ္ဂိုလ်မှာတော့ သူရည်ရွယ်ထားတဲ့ ရက်, လအတွင်းမှာ တရားမပြည့်စုံရင် နှလုံးမသာမှုကဖြစ်တတ်တာမဲ၊ ဘုန်းကြီးတို့ ကမ္မဋ္ဌာန်းဌာနတွေမှာတော့ ဝိပဿနာဉာဏ်အဆင့် အလုံးစုံ ပြည့်စုံလောက်ပြီလို့ ယုံကြည်ရတဲ့ ယောဂီတွေကို ဉာဏ်စဉ်တရား ဟောပါတယ်၊ ဒီလို ဟောတာကလဲ သူတို့မှာ ဖြစ်ဖူးတဲ့ ဉာဏ်များကို ဟောတဲ့ ဉာဏ်စဉ်တရားနဲ့ တိုက်ဆိုင်ပြီး တိတိကျကျ သိနား

http://www.dhammadownload.com



လည်းဖို့ပါပဲ၊ ဉာဏ်စဉ်တွေ ပြည့်စုံနေရင်လဲ ဝမ်းမြောက်ဖို့၊ မပြည့်စုံသေးရင်လဲ ပြည့်စုံသည်အထိ ဆက်လက် အားထုတ်သွားဖို့ပါပဲ။

တချို့ မလိုလားတဲ့ ပုဂ္ဂိုလ်တွေက ဘုန်းကြီးတို့ ဉာဏ်စဉ်တရား ဟောတာကို ရှုတ်ချပြီး ပြောဆို ရေးသားနေကြတယ်၊ ဉာဏ်စဉ်တရားဆိုတာ ဘယ်သူမဆို နာကောင်းတာပဲ၊ ဘာ့ကြောင့် လူတိုင်းကို နာခွင့်မပြုရသလဲတဲ့၊ မြတ်စွာဘုရားက ဓမ္မာဒါသဆိုတဲ့ သုတ်တရားကို ဟောထားပါတယ်၊ အဲဒါဟာ အရိယာဖြစ်ပြီလို့ ယုံကြည်တဲ့ ပုဂ္ဂိုလ်များအတွက် နာယူပြီး ကိုယ့်အခြေအနေကို ဆုံးဖြတ်နိုင်ဖို့ ဟောတော်မူတာပဲ၊ တရားကို ဘာမျှ အားမထုတ်တဲ့ သူတွေမှာတော့ အဲဒီတရားကို နာရသော်လဲ ကိုယ့်အခြေအနေနဲ့ တိုက်ဆိုင်ကြည့်စရာ ဘာမျှမရှိပါဘူး၊ ကြားနာဖူးရုံမျှ ရှိတာပါပဲ၊ အဲဒါလိုပင် ဘုန်းကြီးတို့ ဟောပြောနေတဲ့ ဉာဏ်စဉ် တရားကလဲ တရားအားထုတ်လို့ ဉာဏ်စဉ်တရား ပြည့်စုံပြီလို့ ထင်ရတဲ့ သူတွေသာလျှင် သူတို့ကိုယ်တွေ့နှင့် တိုက်ဆိုင်ပြီး သိနားလည်ခြင်း, ဆုံးဖြတ်နိုင်ခြင်း အကျိုးရှိပါတယ်၊ ဉာဏ်မဖြစ်သေးတဲ့သူတွေ, အနည်းငယ်လောက်သာ ဖြစ်ဖူးတဲ့သူတွေ အတွက်ကတော့ အကျိုးမများပါဘူး၊ နောက်ပြီးတော့ ဉာဏ်ပြည့်စုံပြီလို့ ယုံကြည်ရတဲ့သူများသာ နာခွင့်ပြုတဲ့အတွက် ဉာဏ်ပြည့်စုံပြီး ဉာဏ်စဉ် တရားကို နာခွင့်ရအောင် ကြိုးစားအားထုတ်ခြင်းဖြင့် အင်မတန် အကျိုးများပါတယ်။

http://www.dhammadownload.com



ဉာဏ်က မပြည့်စုံသေးဘဲ ဉာဏ်စဉ်တရားကို နာရလိမ့်မယ်လို့ မျှော်လင့်နေတဲ့ တချို့ ယောဂီများမှာတော့ ဉာဏ်စဉ်တရား နာခွင့် မရတာနဲ့ နှလုံးမသာခြင်း, မေ်းနည်းခြင်း ဖြစ်တာလဲ ရှိတယ်၊ အဲဒီလို နှလုံးမသာတာ ဝမ်းနည်းတာလဲ မှီဝဲသင့်တဲ့ နေက္ခမ္မသိတ ဒေါမနဿပါပဲ၊ အဲဒီလို နှလုံး မသာဖြစ်ပြီး ကြိုးစားအားထုတ်သဖြင့် မကြာမီပင် ဝိပဿနာဉာဏ် ပြည့်စုံပြီး ဉာဏ်စဉ်တရားကိုလဲ နာရတယ်၊ နာရတဲ့အခါလဲ သူကိုယ်တိုင် တွေ့ထားတာတွေကို ဖော်ပြ ပြောဆို နေသလိုပင် ဟောတဲ့ ဉာဏ်စဉ်တရားနဲ့ ကိုက်ညီတဲ့အတွက် အင်မတန်ပင် ဝမ်းမြောက် ဝမ်းသာစွာနဲ့ မိမိမှာ ပြည့်စုံနေတဲ့ ဉာဏ်ထူးကို ကိုယ်တိုင်ပင် ဆုံးဖြတ်နိုင်ပါတယ်။

တချို့ကတော့ သမ္မသနဉာဏ် စသည်ကို မရောက်သေးဘဲ အားထုတ်ခါစမှာလဲ သမာဓိဉာဏ်ကောင်းကောင်း မဖြစ်တာနဲ့ နှလုံးမသာဖြစ်တာလဲ ရှိတယ်၊ အဲဒီလို နှလုံးမသာဖြစ်ပြီး ကြိုးစားအားထုတ်သဖြင့် ဉာဏ်ထူးတရားထူးတွေကို ရတာလဲ ရှိပါတယ်၊ ဒါကြောင့် အဲဒီလို နှလုံးမသာမှုဟာလဲ မှီဝဲသင့်တဲ့ ဒေါမနဿပါပဲ၊ ဒါကြောင့် အဋ္ဌကထာမှာ နေက္ခမ္မဝသေန- တောထွက်ခြင်း, ရဟန်းပြုခြင်း အလိုအားဖြင့်လည်းကောင်း၊ ဝိပဿနာဝသေန-ဝိပဿနာအလိုအားဖြင့် လည်းကောင်း၊ အနုဿတိဝသေန-အနုဿတိ အလိုအားဖြင့် လည်းကောင်း၊ ပဌမဇ္ဈာနာဒိဝသေန စ-ပဌမဈာန်စသည် အလိုအားဖြင့်လည်း

http://www.dhammadownload.com



ကောင်း၊ ဥပဝိစ္စနကဒေါမနဿံ–ဖြစ်သော နှလုံးမသာမှုသည်၊ သေဝိတဗ္ဗ နာမ–မှီဝဲအပ်သော နှလုံးမသာမှုမည်၏လို့ ဆိုထား ပါတယ်၊ အဲဒါကို–

ထွက်ခွာ, ရှုသိ၊ နုဿတိတစ်တန်၊ မဂ်ဖိုလ်, ရှာန်၊ မှီရန် ဝမ်းနည်းမှု–လို့ ဆောင်ပုဒ်စီထားတယ်၊ အဲဒီမှာ ထွက်ခွာ ဆို တာက အိမ်မှထွက်ခွာပြီး ရဟန်းပြုချင်တဲ့သူမှာ အကြောင်းမညီ ညွတ်လို့ အခွင့်မရတဲ့အတွက် နှလုံးမသာမှု, ဝမ်းနည်းမှု ဖြစ်ရတတ်တယ်၊ အဲဒါပါပဲ၊ **ရှုသိ**–ဆိုတာကတော့ ဝိပဿနာ အလုပ်ကို အားထုတ်ချင်ပါလျက် အားထုတ်ခွင့်မရလို့ ဝမ်းနည်း ရတာရယ်၊ ပြည့်စုံချင်တဲ့ ဝိပဿနာဉာဏ် မပြည့်စုံလို့ ဝမ်း နည်းတာရယ်၊ ဒါတွေပါပဲ၊ **အနုဿတိ**–ဆိုတာကလဲ အနုဿတိ ခြောက်ပါးကို အားထုတ်ခွင့် မရတာရယ်၊ အားထုတ်နေသော် လဲ သမာဓိကောင်းကောင်း မဖြစ်တာရယ်၊ ဒါတွေကို အကြောင်းပြု ပြီး ဖြစ်တဲ့ ဝမ်းနည်းမှုပါပဲ၊ တရားနာသွားချင်တာ ဘုရားဖူးသွား ချင်တာ မသွားရလို့ "သူများတွေတော့ တရားနာကြရတယ်၊ ငါ့မှာတော့ မနာရဘူး၊ သူများတွေတော့ ဘုရားဖူးကြရတယ်၊ ငါ့မှာတော့ မဖူးရဘူး" လို့ ဒီလိုဆင်ခြင်ပြီး နှလုံးမသာတာ ဝမ်းနည်းတာလဲ မှီဝဲအပ်တဲ့ ဒေါမနဿပါပဲ၊ အဲဒါကို သီရိလင်္ကာ (သီဟိုဠ်ကျွန်း) ဂိရိကဏ္ဍကကျောင်း၏ ဆွမ်းခံရွာဌ် အမျိုးသမီး တစ်ဦး ဖြစ်ပုံဖြင့် ထင်ရှားသိရတယ်။

http://www.dhammadownload.com



ဂိရိဂ္ဂသမဇ္ဇ ကဆိုတဲ့ အဲဒီတောင်ပေါ်ကျောင်းမှာ ဘုရားပွဲ, တရားပွဲ ကျင်းပတဲ့အခါ ဝဏ္ဏကာလကဆိုတဲ့ အဲဒီ တောင်ခြေရင်း ဆွမ်းခံရွာက အဲဒီ အမျိုးသမီး၏ မိခင်ဖခင်များက "ချစ်သမီး သင့်မှာ လေးလံတဲ့ ကိုယ်ဝန်ရှိတယ်၊ ဒါကြောင့် ယခုလို ညဥ့်အချိန်မှာ အပြင်သို့သွားရန် မသင့်ဘူး၊ ငါတို့က သင့်အတွက် တရားနာယူခဲ့ကြပါမယ်" လို့ မှာထားပြီး တရားနာ ထွက်သွားကြတယ်၊ အဲဒီ အမျိုးသမီးက ဘုရားဖူးရန်, တရားနာရန် လိုက်ချင်ပါလျက်နဲ့ မလိုက်ရဘဲ အိမ်မှာပင် နေရစ်ရတယ်၊ တောင်ပေါ် ကျောင်းကလဲ တယ်ဝေးပုံမရပါဘူး၊ အဲဒီ အမျိုးသမီးက အိမ်မျက်နှာစာကနေပြီး မျှော်ကြည့်လိုက်တဲ့အခါ စေတီတော်အား မီးပူဇော်ထားတာကိုလဲ မြင်ရတယ်၊ စေတီတော် ရင်ပြင်မှာ ရဟန်းရှင်လူတွေ လှည့်လည်ပြီး ပူဇော်ကန်တော့ နေကြတာကိုလဲ လရောင်ဖြင့် မြင်ရတယ်၊ သံဃာတော်များက တပေါင်းတည်း ရွတ်ဆိုနေကြတဲ့ တရားသံကိုလဲ ကြားရတယ်၊ အဲဒီအခါ "ငါ့မှာတော့ ကံမကောင်းလို့ ဒီလိုပူဇော်ပွဲကို သွားရောက်ခွင့် မရဘူး" လို့ ဆင်ခြင်ပြီး နှလုံးမသာခြင်း ဝမ်းနည်းခြင်း ဖြစ်ရတယ်၊ အဲဒီနောက် ဒီလို ဘုရားပွဲ, တရားပူဇော်ပွဲကို သွားရောက်ပြီး ပူဇော်ကြရ တရားတော်ကို နာကြားရတဲ့သူတွေဟာ အင်မတန် ကံကောင်းတာပဲလို့ ဆင်ခြင်ပြီး စေတီတော်ကို အဝေးမှ ဖူးမြော်နေရင်း ဥဗ္ဗေဂါပီတိဆိုတဲ့ အလွန်အကဲ ဝမ်းမြောက်မှု ဖြစ်လာတယ်၊ အဲဒီ ဝမ်းမြောက်တဲ့ ပီတိအဟုန်

http://www.dhammadownload.com



ကြောင့် တစ်ကိုယ်လုံး ကြွလာပြီး အဲဒီစေတီတော်ရင်ပြင် ရောက်သွားပါသတဲ့။

အဲဒါဟာ မူလကတော့ ဘုရားဖူးရန်, တရားနာရန် သွားခွင့်မရလို့ ဝမ်းနည်းမှု ဖြစ်ခဲ့တယ်၊ အဲဒီ ဝမ်းနည်းမှုဟာ မှီဝဲသင့်တဲ့ ဒေါမနဿပဲ၊ အဲဒီ ဝမ်းနည်းမှုအကြောင်းရင်းခံပြီး ဆင်ခြင်တဲ့ အတွက် ဘုရား တရားကို အာရုံပြုလျက် အလွန်အကဲ ဝမ်းမြောက်တဲ့ ဥဗ္ဗေဂါပီတိဖြစ်ပြီး စေတီရင်ပြင်သို့ . သူ့အလိုလို ရောက်သွားတာပဲ၊ ယခု ရှုမှတ်နေကြတဲ့ ယောဂီတွေထဲမှာလဲ တချို့မှာ ဥဒယဗ္ဗယဉာဏ် ရောက်တော့ အဲဒီလို အလွန်အကဲ ဝမ်းမြောက်တဲ့ ဥဗ္ဗေဂါပီတိ ဖြစ်တတ်တယ်၊ အဲဒီ ပီတိကြောင့် ကိုယ်လက်လှုပ်ရှားတာလဲ ရှိတယ်၊ ယိမ်းယိုင်တာလဲ ရှိတယ်၊ အထက်သို့ ကြွကြွတက်လာတာလဲ ရှိတယ်၊ တချို့မှာ တော်တော် မြင့်သည့်တိုင်အောင် ကြွတက်တာလဲ ရှိတယ်၊ ကြွမတက်တောင် အောက်မှာ မထိရသလို အလွန်ပေါ့ပါးနေတာကိုလဲ တွေ့ကြရ တယ်။

နောက်ပြီးတော့ မင်္ဂဖိုလ်ရရန် ဈာန်ရရန် အားထုတ်နေ ပါလျက်၊ မရခြင်းကို အကြောင်းပြုပြီး နှလုံးမသာမှု ဝမ်းနည်း မှုလဲ ဖြစ်တတ်တယ်၊ အဲဒါလဲ မှီဝဲသင့်တဲ့ ဒေါမနဿပဲ၊ ဒါကြောင့်–

ထွက်ခွာ, ရှုသိ, နုဿတိ တစ်တန်, မင်္ဂဖိုလ်, ဈာန်၊ မှီရန် ဝမ်းနည်းမှု–လို့ အတိုချုပ် ဆိုထားတယ်၊ အဲဒီ အတိုချုပ်

http://www.dhammadownload.com



သက်သက်နဲ့တော့ ရည်ရွယ်ချက်ကို နားလည်ဖို့ မလွယ်လှပါဘူး၊ ရည်ရွယ်ချက်ကတော့ လူ့ဘောင်မှ ထွက်၍ ရဟန်းပြုခြင်း၊ ဝိပဿနာရှုခြင်း, ဗုဒ္ဓါနုဿတိ စသည်, မဂ်ဖိုလ်,ဈာန်ဆိုတာတွေ လိုလားနေပါလျက် မိမိအလိုအတိုင်း မပြည့်စုံတဲ့သူမှာ ဝမ်းနည်းမှု ဖြစ်တတ်တယ်၊ အဲဒီလို ဝမ်းနည်းမှုဟာ မှီဝဲအပ်သော ဒေါမနဿ ပဲလို့ ဆိုလိုပါတယ်၊ အဲဒီလို ဝမ်းနည်းမှုကို အကြောင်းပြုပြီး ပြည့်စုံအောင် အားထုတ်ခြင်းဖြင့် လိုအပ်သော ရဟန်းပြုခြင်း စသော အကျိုးထူးတွေကို ရသွားနိုင်တယ်၊ ဒါကြောင့် အဲဒီလို ဝမ်းနည်းမှုကို သေဝိတဗ္ဗဒေါမနဿလို့ ခေါ်ဆိုရတာပါပဲ။

အရဟတ္တမဂ်ဖိုလ်နှင့်စပ်ပြီး ဖြစ်ပေါ်တဲ့ သေဝိတဗ္ဗ ဒေါမနဿ အကြောင်းကို ဒီသက္ကပဥှသုတ်အဖွင့် အဋ္ဌကထာမှာ မဟာသီဝမထေရ် ဝတ္ထုဖြင့် ဒီလို ပြဆိုထားပါတယ်။

## မဟာသီဝတ္ထေရဝတ္ထု

သီရိလင်္ကာ (သီဟိုဠ်ကျွန်း) မှာ ဗုဒ္ဓသာသနာတော် ထွန်းကားစဉ်က အရှင်မဟာသီဝဆိုတဲ့ မထေရ်ကြီးတစ်ပါး ထင်ရှားရှိခဲ့တယ်၊ ခုနှစ်ကတော့ ခရစ် ၁–ရာစုနှစ် လောက်ကလို့ ပညာရှိတွေ ခန့်မှန်းပြောဆိုကြပါတယ်၊ သာသနာ ခုနှစ်အရ ဆိုရင်တော့ ခြောက်ရာအတွင်းကလို့ ဆိုရမှာပဲ၊ သာသနာနှစ် လေးရာ ငါးရာအတွင်းကလဲ ဖြစ်နိုင်ပါတယ်၊ တည်ရာဌာနက တော့ သီဟိုဠ်ကျွန်း(သီရိလင်္ကာ)ရဲ့ တောင်ဘက်အစွန်း၌ ဒုဋ္ဌဂါ

http://www.dhammadownload.com



မဏိ မင်းကြီးရဲ့ စိုးစံရာ မဟာဂါမဆိုတဲ့ မြို့မှာပါပဲ၊ ယခုတော့ အဲဒီမြို့အရပ်ကို မာဂမလို့ ခေါ်နေကြတယ်၊ အဲဒီ မာဂမရဲ့ မြောက်ဘက်၌ တိဿ မဟာစေတီဆိုတာ ရှိပါတယ်၊ အဲဒီ စေတီ၏တည်ရာမှာ တိဿမဟာရာမဆိုတဲ့ ကျောင်းတိုက်ရှိတယ်၊ အဲဒီကျောင်းတိုက် ကို တိဿမဟာဝိဟာရလို့လဲ ခေါ်တယ်၊ အရှင် မဟာသီဝ မထေရ်ဟာ အဲဒီကျောင်းတိုက်မှာ သီတင်းသုံး လျက် ၁၈-ပါး သော ဂိုဏ်းကြီးတို့ကို စာချနေတယ်၊ သူ့ထံမှ ဩဝါဒကို ခံယူပြီး တရားအားထုတ်ကြသဖြင့် ရဟန်းတော် သုံးသောင်း ရဟန္တာ ဖြစ်နေကြပါသတဲ့၊ အင်္ဂုတ္တရအဋ္ဌကထာမှာ တော့ ရဟန္တာ ခြောက်သောင်း ဖြစ်နေကြတယ်လို့ ဆိုပါတယ်။

အဲဒီအထဲက ရဟန်းတစ်ပါးက မိမိ၏ ဂုဏ်တွေကို ဆင်ခြင်ပြီးတော့ ငါ့ဆရာ မထေရ်ကြီးမှာ ဘယ်လိုဂုဏ်ထူး တွေနဲ့ ပြည့်စုံနေပါလိမ့်မလဲလို့ ဆင်ခြင်ကြည့်လိုက်တဲ့အခါ ပုထုဇဉ်မျှသာ ဖြစ်နေကြောင်း သိရ၍ သတိပေးရန် အရှင် မဟာသီဝမထေရ်ထံသို့ လာရောက်တယ်၊ မထေရ်ကြီးက ဘာကိစ္စ အတွက် လာသလဲလို့ မေးတယ်၊ အနုမောဒနာ တရားတစ်ပုဒ် သင်ယူချင်လို့ လာပါတယ်လို့ လျှောက်တယ်၊ သင်ပေးဖို့ရာ အချိန်အခွင့် မရှိဘူးလို့ မထေရ်ကြီးက မိန့်တယ်၊ ဆွမ်းခံသွားမည့် အရပ်ကို စဉ်းစားရန် ရပ်တည်ရာဌာန၌ မေးပါမည် ဘုရား၊ ထိုဌာန၌ အခြားရဟန်းတို့က မေးကြတယ်၊ ဆွမ်းခံရွာသို့ သွားတဲ့လမ်းမှာ မေးပါမည်၊ အဲဒီမှာလဲ အခြားသူတို့က မေး

http://www.dhammadownload.com



ကြတယ်၊ နှစ်ထပ်သင်းပိုင်ကို ဝတ်ရာမှာ၊ နှစ်ထပ်သင်္ကန်းကြီးကို ရုံရာမှာ၊ အိတ်ထဲမှ သပိတ်ကို ထုတ်ရာမှာ၊ ဆွမ်းစားဇရပ်၌ ယာဂုသောက်ပြီးတဲ့အခါ မေးပါမည်ဘုရား၊ အဲဒီမှာ အဌကထာ လေ့လာသူတို့က သူတို့၏ ယုံမှားကို လွန်မြောက်အောင် မေး ကြတယ်၊ ရွာမှ ဆွမ်းခံပြန်လာတဲ့အခါ မေးပါမည်၊ အဲဒီမှာလဲ အခြားသူတို့က မေးကြတယ်၊ ပြန်လာတဲ့ လမ်းခရီးမှာ၊ ဆွမ်း ဘုဉ်းပေးပြီးတဲ့ အခါမှာ၊ နေ့သန့်စင်ရာမှာ၊ ခြေဆေးတဲ့အခါ မှာ၊ အိပ်ရာဝင်ခါနီး အိပ်ရာမှထပြီး မျက်နှာသစ်တဲ့ အခါ မေး ပါမည်၊ အဲဒီမှာလဲ အခြားသူတို့က မေးကြတယ်၊ မျက်နှာသစ်ပြီး ပြန်လာတဲ့အခါ၊ ကျောင်းခန်းထဲဝင်ပြီး ခေတ္တထိုင်နေတဲ့အခါ မေးပါမည်ဘုရား၊ အဲဒီမှာလဲ အခြားသူတို့က မေးကြတယ်– လို့ မိန့်ဆိုတယ်။

အဲဒီတော့အခွင့်တောင်းတဲ့ ရဟန်းက ဒီလိုပြန်လျှောက် တယ်၊ အရှင်ဘုရား မျက်နှာသစ်ပြီးတဲ့နောက် ကျောင်းခန်းထဲ ဝင်ပြီး သုံးလေးကြိမ်လောက် ထက်ဝက်ဖွဲ့ခွေ ထိုင်နေလျက် တရားရှုမှတ် နှလုံးသွင်းတဲ့ အချိန်အခွင့် ရှိပါတယ်၊ ယခုပြော ခဲ့တဲ့ အတိုင်းဆိုရင် အရှင်ဘုရားမှာ သေဖို့အချိန်ကိုပင် မရဘဲ ရှိတော့မှာပဲ၊ အရှင်ဘုရားဟာ ပျဉ်ချပ်လိုပင် သူတစ်ပါး၏ မှီရာသာ ဖြစ်တယ်၊ မိမိ၏ မှီရာတော့ မဖြစ်နိုင်ဘဲ ရှိနေပါတယ်၊ တပည့်တော်မှာ အရှင်ဘုရား၏ အနုမောဒနာဖြင့် အလိုမရှိတော့ ပါဘူး–လို့ဆိုပြီး ကောင်းကင်သို့ ပျံတက်လျက် ကြွသွားပါသတဲ့။

http://www.dhammadownload.com



အဲဒီတော့မှ မထေရ်ကြီးက သတိသံဝေဂ ရလာတယ်၊ ဒီရဟန်းဟာ တရားစာသင်ဖို့ လာတာ မဟုတ်ဘူး၊ ငါ့ကို သတိပေးဖို့ လာတာပဲလို့ သိပြီးတော့ သပိတ်သင်္ကန်းများကို အသင့်ပြင်ထားပြီးတော့ အဲဒီနေ့မှာ တစ်နေ့လုံးလဲ စာပို့ချမြဲ ပို့ချနေတယ်၊ ညမှာလဲ ပို့ချမြဲပင် ပို့ချနေတယ်၊ အဲဒီည နောက်ဆုံးလာတဲ့ ကိုယ်တော်အား ပို့ချပြီးတဲ့အခါ အဲဒီ ကိုယ်တော်နှင့်အတူပင် သပိတ်သင်္ကန်းများကို ယူပြီး ကျောင်းမှ ထွက်ခွာသွားတယ်။

အရှင်မဟာသီဝမထေရ်က "ငါ့လိုပုဂ္ဂိုလ်မှာ အရဟတ္တဖိုလ်ရောက်ဖို့ ဘာမျှ ခဲယဉ်းစရာ မရှိဘူး၊ နှစ်ရက် သုံးရက်အတွင်းရောက်ပြီးတော့ ပြန်လာမယ်" လို့ ကြံစည်ပြီး အတွင်းနေတပည့်များကိုတောင် အသံမပေးခဲ့ဘဲ ထွက်လာခဲ့တယ်၊ အဲဒီနေ့က ဝါဆိုလဆန်း တစ်ဆယ့်သုံးရက်နေ့ ဖြစ်ပါသတဲ့၊ ဂါမန္တဂဗ္ဘာရ (ရွာအနီးတောင်ချိုင့်) ဆိုတဲ့ နေရာမှာ သွားရောက်ပြီးတော့ စင်္ကြံလျှောက် အားထုတ်နေတယ်၊ ဝါဆိုလပြည့်နေ့အထိ သုံးရက်ကြာသော်လဲ တရားထူးကို မရသေးဘဲ ရှိနေတယ်၊ အဲဒီတော့ အဲဒီမှာပင် ဝါကပ်ပြီးတော့ သုံးလပတ်လုံး တရားအားထုတ်နေတယ်၊ သီတင်းကျွတ်လပြည့်နေ့တိုင်အောင်လဲ မိမိအလိုရှိတဲ့ တရားထူးကို မရသေးတဲ့အတွက် ဒီလိုကြံတွေးမိတယ်၊ ငါဟာ နှစ်ရက်၊ သုံးရက်နဲ့ အရဟတ္တဖိုလ် ရောက်လိမ့်မယ်လို့ မျှော်လင့်ပြီး လာခဲ့တယ်၊ ယခုတော့ သုံးလကြာတောင်မှ

http://www.dhammadownload.com



မရောက်သေးဘူး၊ သီတင်းသုံးဖော်များကတော့ ရဟန္တာဖြစ်ပြီး ဝိသုဒ္ဓိပဝါရဏာကို ပြုကြလိမ့်မယ်လို့ ကြံတွေးမိတဲ့အခါ မျက်ရည်များ ကျလာပါသတဲ့။

အဲဒီက နောက် "ငါ့မှာ ခုတင်ညောင်စောင်းပေါ်မှာ လှဲအိပ်လျက် ဣရိယာပုထ် လေးပါးလုံးဖြင့် လျော့ရဲစွာ အားထုတ်နေလျှင် မဂ်ဖိုလ်တရားထူး ဖြစ်မှာမဟုတ်ဘူး၊ ဒီကနေ့စပြီး အရဟတ္တဖိုလ်သို့ မရောက်မချင်း ညောင်စောင်းပေါ်မှာ လှဲမအိပ်တော့ဘူး၊ ခြေတို့ကိုလဲ မဆေးတော့ဘူး" လို့ အဓိဋ္ဌာန်ပြုပြီး ညောင်စောင်းကို ထောင်ထားလိုက်တယ်၊ ထိုင်ခြင်း, ရပ်ခြင်း, သွားခြင်းဆိုတဲ့ ဣရိယာပုထ် သုံးပါးဖြင့် တင်းတင်းကြပ်ကြပ် မပြတ် အားထုတ်နေပါသတဲ့၊ ဒါပေမယ့် နောက်တစ်ဝါကျွတ်တဲ့ အခါလဲ အရဟတ္တဖိုလ်သို့ မရောက်သေးဘူးတဲ့၊ ဒီလို ဝါကျွတ်တဲ့ အခါတိုင်း အရဟတ္တဖိုလ် မရောက်နိုင်တာကို ကြံတွေးပြီး မျက်ရည်များကျရပါသတဲ့၊ အဲဒီ ဝါကျွတ်တိုင်း ဝမ်းနည်းပြီး မျက်ရည်ကျရတာဟာ နှစ်ဆယ့်ကိုးနှစ်၊ နှစ်ဆယ်ကိုးကြိမ်တိုင်တိုင် ရှိပါသတဲ့။

အနှစ်သုံးဆယ်မြောက် ဝါကျွတ်တဲ့အခါကျတော့ နောက်မှီ ပျဉ်ချပ်ကိုမှီပြီး တည်နေရင်း "ယခု ငါ တရားအားထုတ်လာတာ အနှစ် သုံးဆယ်ရှိပြီ၊ အရဟတ္တဖိုလ်ကိုတော့ မရောက်နိုင်သေးဘူး၊ ဒီဘဝမှာ မဂ်ဖိုလ်ကို မရတော့ဘူး ထင်ပါရဲ့၊ သီတင်းသုံးဖော်တို့ နှင့် ရဟန္တာအဖြစ်ဖြင့် ဝိသုဒ္ဓိ ပဝါရဏာ ပြုခွင့်ကို မရတော့ဘူး

http://www.dhammadownload.com



ထင်ပါရဲ့" လို့ ကြံတွေးမိတယ်၊ အဲဒီလို ကြံတွေးနေရင်း ဝမ်းနည်းမှု–ဒေါမနဿ ဖြစ်လာတယ်၊ မျက်ရည်တွေလဲ ကျလာပါသတဲ့။

အဲဒီအခါ နတ်သမီး တစ်ယောက်က အနီးအပါးမှာ ရပ်တည်နေလျက် ငိုနေပါသတဲ့၊ ဟဲ့–ဒီမှာ ငိုနေတာ ဘယ်သူလဲလို့ မထေရ်ကြီးက မေးတယ်၊ တပည့်တော်မဟာ နတ်သမီးပါဘုရားလို့ လျှောက်တယ်၊ ဘာကြောင့် ငိုနေတာလဲလို့ မေးပြန်တယ်၊ ငိုနေရင် မဂ်ဖိုလ်ကို ဖြစ်စေနိုင်တယ် ထင်လို့ တပည့်တော်မလဲ မဂ်ဖိုလ်တစ်ခု နှစ်ခုရအောင်လို့ ငိုနေတာပါလို့ လျှောက်တယ်။

အဲဒီတော့ အရှင်မဟာသီဝမထေရ်မြတ်က "ဟေ့ အမောင် မဟာသီဝ၊ နတ်သမီးကတောင် သင်နှင့်ပြက်ရယ်ပြုပြောင်လှောင်နေပြီ၊ တရားမရတာနဲ့ ဒီလို မျက်ရည်ကျနေတာဟာ သင့်မှာ သင့်တော်ပါ့မလား" စသည်ဖြင့် ဆင်ခြင်အားပေးပြီးတော့ ရှုမှတ်မှု ဝိပဿနာကို ပွားစေတယ်၊ အဲဒီလို ပွားစေလိုက်တဲ့ အတွက် မကြာခင်ပဲ ဝိပဿနာဉာဏ်အစဉ်, အရိယမဂ်ဉာဏ် အစဉ်ဖြင့် အစဉ်အတိုင်း ဖြစ်ပွားပြီး အရဟတ္တမဂ်ဖိုလ်သို့ ရောက်သွားတယ်၊ ပဋိသမ္ဘိဒါဉာဏ် လေးပါးနဲ့လဲ ပြည့်စုံသွားတယ်၊ တရားထူးရတယ်ဆိုတာ အကြောင်းညီညွတ်ရင် မကြာခင် တစ်ခဏလောက်အတွင်းမှာလဲ ဖြစ်နိုင်တာပဲ၊ ဒီမဟာသီဝ မထေရ်ကြီးမှာ မူလက ပြင်းပြင်းထန်ထန် အားထုတ်နေပါလျက် ဉာဏ်ထူးတရားထူး မရောက်ဘဲ ရှိနေခဲ့တာဟာ အကြားအမြင်များ

http://www.dhammadownload.com



သည် အားလျော်စွာ ဆင်ခြင်မှုတွေ များနေလို့နဲ့ တူပါတယ်၊ ယခု နောက်ဆုံး အချိန်ကျတော့ မကြာခင်ပဲ ဝိပဿနာဉာဏ်တွေ အစဉ်အတိုင်း တက်ပြီး မဂ်ဉာဏ်လေးပါးလဲ အစဉ်အတိုင်း ဖြစ်ပြီး အရဟတ္တဖိုလ် ရောက်လျက် ရဟန္တာဖြစ်သွားတာပဲ။

ဒီမဟာသီဝမထေရ်မှာ တရားစ၍ အားထုတ်သည်မှ စပြီး အနှစ်သုံးဆယ်မြောက် ပဝါရဏာနေ့တိုင်အောင် "ယခုထက် တိုင် အရဟတ္တမဂ်ဖိုလ်သို့ မရောက်သေးဘူး၊ ဝိသုဒ္ဓိပဝါရဏာ ကို မပြုရဘူး" စသည်ဖြင့် နှလုံးသွင်းမိပြီးဖြစ်တဲ့ နှလုံးမသာမှု ဝမ်းနည်းမှုဟာ(သောဝိသဇ္ဇ) မှီဝဲသင့်တဲ့ ဒေါမနဿပါပဲ၊ အဲဒီ ဒေါမနဿကို မှီပြီး ကြိုးစားအားထုတ်ခြင်းကြောင့် အရဟတ္တ မဂ်ဖိုလ်ကို ရသွားတယ်၊ ဒါကြောင့် အဲဒီ နှလုံးမသာမှု ဝမ်းနည်းမှုကို မှီဝဲအပ်–မှီဝဲသင့်တဲ့ ဒေါမနဿလို့ ဆိုတာပါပဲ။

ဒီသက္ကပဥှသုတ်မှာ အဲဒီ ဒေါမနဿကို ဝိတက် ဝိစာရ ရှိ–မရှိ အားဖြင့်လဲ ခွဲခြားပြဆိုထားပါသေးတယ်၊ ဒါပေမယ့် မုချ အားဖြင့်တော့ ဒေါမနဿဆိုတာ ဝိတက်ဝိစာရနှင့် တွဲဖြစ်တာ ချည်းပါပဲ၊ ဝိတက် ဝိစာရကင်းတဲ့ ဒေါမနဿရယ်လို့ မရှိပါဘူး၊ ဒါကြောင့် ဝိတက်ဝိစာရကင်းတဲ့ ဒေါမနဿဆိုတာကတော့ ပရိယာယ်အားဖြင့် တင်စားပြီး ဟောထားတာပါပဲ၊ အဲဒီလို တင်စားပြီး ခေါ်ရပုံတွေကလဲ သုတနည်းတဲ့ ပုဂ္ဂိုလ်တွေမှာ သိနားလည်ဖို့ မလွယ်ပါဘူး၊ ဒါကြောင့် အဲဒီ ဝိတက်ဝိစာရ ရှိ–မရှိ ခွဲခြားပုံကိုတော့ ဒီမှာ မပြတော့ဘဲ ချန်ထားလိုက်ပါတယ်။

http://www.dhammadownload.com



## လိုရင်းမှတ်ဖွယ်

ဒီ ဒေါမနဿ နှစ်မျိုးနှင့်စပ်ပြီး သိမှတ်ထားဖို့ရာ လိုရင်းကတော့ ကာမဂုဏ်ရေးရာ, လောကရေးရာနှင့် စပ်ပြီး ဖြစ်ပေါ်လာတဲ့ နှလုံးမသာမှုဟာ မမှီဝဲအပ်တဲ့ ဒေါမနဿပဲ၊ အဲဒီလို နှလုံးမသာမှု ဖြစ်အောင်လဲ မကြံမတွေးရဘူး၊ သူ့အလိုလို ဖြစ်ပေါ်လာရင်လဲ လက်ခံမထားရဘူး၊ ရှုမှတ်ပြီး ပယ်ရမယ်၊ ရှုမှတ်လို့ မပျောက်နိုင်ရင် သူ့ကို နှလုံးမသွင်းဘဲ အခြားအာရုံတွေကိုသာ မပြတ်ရှုမှတ်နေရမယ်၊ အဲဒီလို ရှုမှတ်နေရင် အဲဒီ နှလုံး မသာမှုဟာ သူ့အလိုလိုပင် ပျောက်သွားပါလိမ့်မယ်၊ သိကြားမင်းမှာ စုတေရတော့မည့် အရေးနှင့်စပ်ပြီးတော့ ဖြစ်ခဲ့တဲ့ နှလုံးမသာမှု ရှိခဲ့တယ်၊ အဲဒါကို ရှုမှတ်ပြီး ပယ်ရမယ်လို့ သိစေပါတယ်။

ရဟန်းပြုခွင့် မရလို့ ဖြစ်စေ၊ တရားနာခွင့် မရလို့ဖြစ်စေ၊ တရားအားထုတ်ခွင့် မရလို့ ဖြစ်စေ၊ မိမိအလိုရှိတဲ့ ဈာန်ဝိပဿနာ မဂ်ဖိုလ်တရားတို့ကို မရလို့ ဖြစ်စေ၊ ဖြစ်ပေါ်လာတဲ့ နှလုံးမသာမှု ဝမ်းနည်းမှုကတော့ မှီဝဲသင့်တဲ့ ဒေါမနဿပဲ၊ အဲဒီလို နှလုံး မသာတာ, ဝမ်းနည်းတာကို အကြောင်းပြုပြီး ဆက်လက် အားထုတ်ခြင်းဖြင့် ရဟန်းပြုခွင့်, တရားနာခွင့်, တရားအားထုတ်ခွင့် ကိုလဲ ရနိုင်တယ်၊ ဈာန်ဝိပဿနာ မဂ်ဖိုလ်တရားတွေကိုလဲ ရနိုင်တယ်၊ ဒါကြောင့် မှီဝဲသင့်တယ်လို့ ဆိုရတာပါပဲ၊ ဒါပေမယ့် အဲဒီလို နှလုံးမသာမှု ဖြစ်ပေါ်အောင် တမင်အားထုတ်ဖို့တော့

http://www.dhammadownload.com



မလိုပါဘူး၊ အကောင်းဆုံးကတော့ အစစ အရာရာ အကြောင်း ညီညွတ်လို့ လိုအပ်တဲ့ အကျိုး ပြီးသွားသဖြင့် ဝမ်းသာရတဲ့ သောမနဿက ပိုပြီး ကောင်းတာပါပဲ၊ ဒါလောက်ဆိုရင် မှီဝဲသင့် မမှီဝဲသင့်တဲ့ ဒေါမနဿနှင့် စပ်ပြီး သိနားလည်လောက်ပါပြီ၊ ယခု ဥပေက္ခာ ဝေဒနာကို ဖော်ပြပြောကြားရမယ်။

## မှီဝဲသင့် မမှီဝဲသင့် ဥပေက္ခာ

ဥပေက္ခာဆိုတာ ဝမ်းသာရွှင်ပြတာလဲ မဟုတ်၊ ဝမ်းနည်းတာ, နှလုံးမသာတာလဲ မဟုတ်ဘဲ အလယ်အလတ် ခံစားမှုပဲ၊ မကောင်း မဆိုး အလယ်အလတ် ခံစားမှုပါပဲ၊ စိတ်ထဲမှာ ဒီ အလယ်အလတ် ခံစားမှုက အဖြစ်များပါတယ်၊ ဝမ်းသာတယ် ဆိုတာက တစ်ခါတစ်ရံမှ ဖြစ်တာပဲ၊ ဝမ်းနည်းတယ် နှလုံးမသာဘူးဆိုတာကလဲ တစ်ခါတစ်ရံမှ ဖြစ်တာပဲ၊ မကောင်းမဆိုး အလယ်အလတ် ခံစားမှု–ဥပေက္ခာဆိုတာကတော့ အမြဲလိုပင် ဖြစ်နေတာပဲ၊ ဒါပေမယ့် ဒီဥပေက္ခာ ဝေဒနာက အသိခက်တယ်၊ သမာဓိဉာဏ်အားကောင်းလာတဲ့ အခါကျမှ ဒီဥပေက္ခာကို ထင်ရှားသိရတတ်ပါတယ်၊ ဒီဥပေက္ခာကိုလဲ မှီဝဲသင့် မမှီဝဲသင့် အားဖြင့် သောမနဿလိုပင် နှစ်မျိုးခွဲခြားပြီး သိဖို့ ဒီ သက္ကပဥှသုတ်မှာ ပြောထားပါတယ်၊ အဲဒါကို "နှလုံးမသာ၊ ဥပေက္ခာ၊ ခွဲပါနည်းတူတည်း" လို့ ဆောင်ပုဒ်က ဆိုထားပါတယ်၊ နှလုံးမသာတဲ့ ဒေါမနဿနဲ့ ဥပေက္ခာကို သောမနဿလိုပင် မှီဝဲသင့်တာနဲ့ မမှီဝဲသင့်တာအားဖြင့် နှစ်မျိုးခွဲခြားပြီး သိရမယ်တဲ့။

http://www.dhammadownload.com



အဲဒီနှစ်မျိုးထဲမှ မှီဝဲသင့်တာက ဘယ်လိုဥပေက္ခာလဲ၊ မမှီဝဲသင့်တာ ဘယ်လို ဥပေက္ခာလဲဆိုတော့ အဲဒါကလဲ သောမနဿလိုပါပဲ၊ ကုသိုလ်ဖြစ်ပွားကြောင်း ဖြစ်ရင် မှီသင့်တယ်၊ အကုသိုလ် ဖြစ်ပွားကြောင်း ဖြစ်ရင် မမှီဝဲသင့်ဘူး၊ ပယ်ရမယ်၊ ဒီလိုပါပဲ၊ ဒါကိုလဲ "အကုသိုလ်ပွား၊ ပယ်ရှောင်ရှား၊ ကုပွားမှီဖို့တည်း" လို့ ဆိုခဲ့တဲ့ ဆောင်ပုဒ်အတိုင်းပါပဲ၊ မကောင်း မဆိုး ရိုးရိုး နှလုံးသွင်း ဆင်ခြင်မှု ကြံစည်မှုထဲမှာ ဥပေက္ခာ ပါဝင်နေတယ်၊ အဲဒီလို ဆင်ခြင်မှုကို အကြောင်းပြုပြီးအကုသိုလ် ဖြစ်ပွားရင် အဲဒီလို ဥပေက္ခာကို မမှီဝဲရဘူး၊ ပယ်ရမယ်၊ ဆက်လက်ပြီး မဆင်ခြင်တော့ဘဲ ပယ်ရမယ်၊ ရှုမှတ်ဖူးတဲ့ ပုဂ္ဂိုလ်အနေအားဖြင့် အဲဒီလို ဆင်ခြင်မှုကို ရှုမှတ်ပြီး ပယ် လိုက်ရုံပါပဲ၊ မကောင်းမဆိုး အလယ်အလတ် နှလုံးသွင်း ဆင်ခြင်မှု ကြံစည်မှုကို အကြောင်းပြုပြီး ကုသိုလ်ဖြစ်ပွားရင် အဲဒီလို နှလုံးသွင်း ဆင်ခြင်မှု ကြံစည်မှုကို မှီဝဲရမယ်၊ အဲဒါမျိုး မဖြစ်သေးရင်လဲ ဖြစ်အောင် အားထုတ်ရမယ်၊ ဖြစ်နေရင်လဲ ဆက်လက်ပြီး မပြတ်ဖြစ်နေအောင် အားထုတ်ရမယ်၊ အဲဒီ ဥပေက္ခာ နှစ်မျိုးကို အဋ္ဌကထာမှာ သဠာယတန ဝိဘင်္ဂသုတ်မှ ထုတ်ဆောင်ပြီး ဒီလို ပြဆိုထားပါတယ်။

ဂေဟာဿိတာ–နေအိမ်သဖွယ် ကာမဂုဏ်မှီ၍ ဖြစ်ကုန် သော၊ ဆ ဥပေက္ခာ–ခြောက်မျိုးသော ဥပေက္ခာတို့သည်၊ ကတမာ–အဘယ်သည်တို့နည်းဆိုလျှင်၊ စက္ခုနာ–မျက်စိဖြင့်၊

http://www.dhammadownload.com



ရူပံ–အဆင်း ကို၊ ဒိသွာ–မြင်ပြီး၍၊ ဗာလဿ–မသိမလိမ္မာသော၊ မူဠ္ဟဿ–တွေဝေသော၊ ပုထုဇ္ဇနဿ–ပုထုဇဉ် ပုဂ္ဂိုလ်အား၊ ဥပေက္ခာ–မကောင်းမဆိုး အလယ်အလတ် အညီအမျှ ခံစားမှု ဥပေက္ခာသည်၊ ဥပ္ပဇ္ဇတိ–ဖြစ်ပေါ်၏ တဲ့။

## မမှီဝဲသင့်တဲ့ ဂေဟာသိတဥပေက္ခာ

မျက်စိဖြင့် အဆင်းကို မြင်ပြီးတော့ ဥပေက္ခာဖြစ်တာလဲ ရှိပါတယ်၊ လှပတင့်တယ်တဲ့ အဆင်းကို မြင်ရတဲ့အခါ, ကိုယ်မြင်ချင်တာကို မြင်ရတဲ့အခါ နှစ်သက်သာယာပြီး ဝမ်းသာရွှင်လန်းမှု ဖြစ်တယ်၊ အဲဒါက ဂေဟာသိတ သောမနဿပဲ၊ မုန်းစရာ, ရွံစရာ, ကြောက်စရာကို မြင်ရတဲ့အခါ နှလုံးမသာမှု စိတ်ဆင်းရဲမှု ဖြစ်တတ်တယ်၊ အဲဒါက ဂေဟာသိတ ဒေါမနဿ၊ အဲဒါတွေကိုတော့ ပြောခဲ့ပါပြီ၊ ယခု မြင်ရတာကတော့ မြင်နေကျ ရိုးရိုးအဆင်းအာရုံကို မြင်ရတဲ့အခါ ခံစားမှု ဝေဒနာက ဖြစ်ပုံကို ပြောတာပဲ၊ မြင်နေကျ သာမန်လူကို မြင်ရတဲ့အခါ၊ မြင်နေကျ သာမန်အသုံးအဆောင်ကို မြင်ရတဲ့အခါ သာမန် မြေကြီး သစ်ပင် စသည်ကို မြင်ရတဲ့အခါ ဝမ်းလဲမသာဘူး၊ နှလုံးမသာလဲ မဖြစ်ဘူး၊ မကောင်းမဆိုး အလယ်အလတ် ခံစားမှုသာ ဖြစ်တယ်၊ ဘယ်လိုပုဂ္ဂိုလ်မှာ ဖြစ်တာလဲဆိုတော့–

ပုထုဇ္ဇနဿ–ပုထုဇဉ်ပုဂ္ဂိုလ်မှာ ဖြစ်တယ်တဲ့၊ ပုထုဆိုတာက အများလို့ အနက်ရှိတယ်၊ ဇန–ဆိုတာက လူ–တဲ့၊ ဒါကြောင့်

http://www.dhammadownload.com



ပုထုဇ္ဇန်–ပုထုဇဉ်ဆိုတာ လူအများစု, အများလူထုလို့ ဆိုလိုတာပါပဲ၊ အရိယာ ပုဂ္ဂိုလ်တွေကတော့လူများစု မဟုတ်ဘူး၊ လူနည်းစုပဲ၊ အဲဒီ အရိယာ လူနည်းစုမှာ ဖြစ်တာကို မဆိုလိုဘူး၊ အရိယာ မဟုတ်တဲ့ လူများစုမှာ ဖြစ်တာကိုသာ ဆိုလိုတယ်၊ အဲဒီ ပုထုဇဉ် လူများစုထဲမှာလဲ မြင်ရတဲ့ အဆင်းစသည်ကို အနိစ္စ, ဒုက္ခ, အနတ္တ အခြင်းအရာဖြင့် ရှုသိနေတဲ့ ကလျာဏ ပုထုဇဉ်မှာ ဖြစ်တာကိုလဲ မဆိုလိုဘူး၊ ဒါကြောင့် ဗာလဿ–မသိမလိမ္မာတဲ့ ပုထုဇဉ်မှာ ဖြစ်တာပါတဲ့၊ မသိမလိမ္မာဆိုတာ ဘာကို မသိမလိမ္မာတာလဲဆိုရင် မြင်ရတဲ့ အဆင်း စသည်၏ သဘောမှန်ကို မရှုလို့ မသိမလိမ္မာတာကို ဆိုတာပါပဲ၊ အဲဒီ ဗာလ–မသိမလိမ္မာတဲ့ သူဟာ မူဠ္ဍ–တွေဝေတဲ့သူလဲ ဖြစ်တာပဲ၊ တွေဝေတယ်ဆိုတဲ့ စကားလုံးက ဘာကိုမျှ မသိ မေ့မျောနေတာလို့လဲအနက်ရှိတယ်၊ ဒီနေရာမှာတော့ အဲဒီလို မေ့မျောပြီး တွေဝေတာကို မဆိုလိုပါဘူး၊ မရှုမမှတ်လို့ အနိစ္စစသည်ကို မသိဘဲ မြဲတဲ့ အနေ စသည်ဖြင့် ထင်မှတ်ပြီး သိနေတာကိုသာ ဆိုလိုပါတယ်၊ ဒါကြောင့် ဒီသာမန် ဥပေက္ခာဟာ ဗာလဿ–မြင်ပြီးလျှင် မရှုမမှတ်သဖြင့် အမှန်အတိုင်း မသိသော၊ မူဠ္ဍဿ–မြဲတယ်, ချမ်းသာတယ်, ကောင်းတယ် စသည်ဖြင့် အသိမှားလျက် တွေဝေ နေသော၊ ပုထုဇ္ဇနဿ–ရှုမှတ်ခြင်းမရှိတဲ့ သာမန်လူများစု ပုဂ္ဂိုလ်မှာ ဖြစ်ပါတယ်တဲ့၊ အဲဒီ ပုဂ္ဂိုလ်ဟာ အရိယာမဟုတ်ဘဲ့ အကြောင်းကိုလဲ ဒီလိုပြထားပါသေးတယ်။

http://www.dhammadownload.com



အနောဂါမိဖိုလ်- အစိတ်အပိုင်း အားဖြင့် ကိလေသာကို မအောင်နိုင်သေးတဲ့ ပုထုဇဉ်မှာဖြစ်တဲ့ ဥပေက္ခာပါတဲ့၊ သော တာပန်က သက္ကာယဒိဋ္ဌိစသော အပါယ်လားကြောင်း ကိလေသာ ကို အောင်နိုင်သွားပြီ၊ သကဒါဂါမ်က ကြမ်းတမ်းသော ကာမ ရာဂနဲ့ ဗျာပါဒကို အောင်နိုင်သွားပြီ၊ အနာဂါမ်က ကာမရာဂနဲ့ ဗျာပါဒ ဟူသမျှကို အကြွင်းမဲ့ အောင်နိုင်သွားပြီ၊ ဒါပေမယ့် ဒီ သောတာပန်, သကဒါဂါမ်, အနာဂါမ်တွေမှာ မအောင်နိုင်သေး မပယ်ရသေးတဲ့ ကိလေသာတွေက ရှိနေသေးတယ်၊ ဒါကြောင့် ဒီ အရိယာ ပုဂ္ဂိုလ်သုံးပါးကို ဩဓိဇိနဓ-ကိလေသာကို အစိတ် အပိုင်း အကန့်အသတ်အားဖြင့် အောင်နိုင်တဲ့ ပုဂ္ဂိုလ်များလို့ ဆိုရတယ်၊ အဲဒီ ကိလေသာကို အစိတ်အပိုင်း အကန့်အသတ် အားဖြင့် အောင်နိုင်ပြီးဖြစ်တဲ့ သောတာပန်, သကဒါဂါမ် အနာဂါမ်လဲ မဟုတ်တဲ့ ပုထုဇဉ်မှာဖြစ်တဲ့ ဥပေက္ခာလို့ ဆိုလို ပါတယ်။

အဝိပါကဇိနဓ-အကျိုးဝိပါက်ကို မအောင်နိုင်သေးသော ပုထုဇဉ်မှာ ဖြစ်ပါတယ်တဲ့၊ ပဋိသန္ဓေ ဝိညာဉ်အစရှိသော အကျိုးဝိပါက် ဟူသမျှကို အောင်နိုင်သူဆိုတာ ရဟန္တာပဲ၊ အဲဒီ ရဟန္တာလဲ မဟုတ်သေးတဲ့ ပုထုဇဉ်မှာ ဖြစ်တဲ့ ဥပေက္ခာပါတဲ့၊ အဲဒီ ဝိသေသန နှစ်ပုဒ်ဖြင့် အရိယာ မဟုတ်တဲ့ ပုထုဇဉ်မှာဖြစ်တဲ့ ဥပေက္ခာပါလို့ သိစေပါတယ်၊ အင်း-ဘုရားဟော တရားတော် က အလွန်သေချာ စေ့စပ်တာပဲ၊ သေချာလွန်းအားကြီးတဲ့

http://www.dhammadownload.com



အတွက် သုတနည်းတဲ့ သူတွေမှာတော့ ကောင်းကောင်း မသိနားမလည်နိုင်ဘဲ, မမှတ်သားနိုင်ဘဲလဲ ဖြစ်နေတတ်တယ်၊ နောက်ပြီးတော့ ပုထုဇ္ဇဲဆိုပေမယ့် ဝိပဿနာဉာဏ်နှင့် သုတမရှိတဲ့ ပုထုဇ္ဇဲကိုသာ ဆိုလိုကြောင်း ဒီလိုပြဆိုပြန်တယ်။

အနာဒိနဝဒဿာဝိနော–အပြစ်ကိုမြင်လေ့မရှိသော ပုထုဇ္ဇဲမှာ ဖြစ်တဲ့ ဥပေက္ခာပါပဲတဲ့၊ ဘယ်လိုအပြစ်ကို မမြင်ကာလဲ ဆိုတော့ မောဟ၏ အပြစ်ကို မမြင်တာလို့ ဋီကာတွေမှာ ဖွင့်ပြထားပါတယ်၊ မရှုမမှတ်ရင် အမှန်အတိုင်း မသိဘူး၊ အမှန်အတိုင်း မသိရင် မြဲတဲ့အနေ,ချမ်းသာတဲ့ ကောင်းတဲ့ အနေ အတ္တကောင်အနေဖြင့် အထင်အသိမှားတယ်၊ အဲဒီ အသိမှားတာဟာ မောဟပဲ၊ အဲဒီ မောဟ–က အသိမှားတဲ့အတွက် အကောင်းထင်ပြီး နှစ်သက်သာယာတဲ့ တဏှာ ဖြစ်တယ်၊ တဏှာကြောင့် စွဲလမ်းတယ်၊ စွဲလမ်းသောကြောင့် ကိုယ့်အလိုပြည့်အောင် အားထုတ်တယ်၊ အဲဒီ အားထုတ်တာဟာ အကုသိုလ်ကံ, ကုသိုလ်ကံပဲ၊ အဲဒီကံကြောင့် ဘဝအသစ် ဖြစ်တယ်၊ ဖြစ်ရာဘဝမှာ အိုရ, နာရ, သေရတယ်၊ ကိုယ်စိတ်ဆင်းရဲ အမျိုးမျိုးကို တွေ့ရတယ်၊ ဒါတွေဟာ အမှန် မသိဘဲ အလွဲအမှားသိတဲ့ မောဟ၏ အပြစ်တွေပဲ၊ အဲဒီ အပြစ်တွေကို မမြင်တဲ့ ပုထုဇ္ဇဲလို့ ဆိုလိုပါတယ်၊ ဒါကတော့ အသိခက်တယ် နက်နဲတယ်၊ သိလွယ်တာကတော့ ဖြစ်ခိုက်ရုပ်နာမ်ကို မရှုတဲ့သူဟာ ရုပ်နာမ်၏ အဖြစ်

http://www.dhammadownload.com



အပျက် စသော အပြစ်ကို မမြင်ဘူး၊ အဲဒီလို အပြစ်မမြင်တဲ့ ပုထုဇဉ်လို့ ဆိုရင် သိနားလည်ပါတယ်၊ ဒါကြောင့်–

အနာဒီနဝဒဿာဝိနော–မောဟာ၏အပြစ်, ရုပ်နာမ်၏အပြစ်ကိုမမြင်သော၊ အသုတဝတော–သုတမရှိသော၊ ပုထုဇ္ဇနဿ–ပုထုဇဉ် ပုဂ္ဂိုလ်အား၊ ဥပေက္ခာ–(အဆင်းကို မြင်ပြီးလျှင် မရှုမမှတ်သဖြင့် အထင်မှား အသိမှား မောဟာနှင့် ယှဉ်သော) ဥပေက္ခာသည်၊ ဥပ္ပဇ္ဇတိ–ဖြစ်၏တဲ့၊ အဲဒီမှာ **သုတဆိုတာက** အာဂမသုတ, •အဓိဂမသုတလို့ နှစ်မျိုးရှိတယ်၊ **အာဂမသုတ** ဆိုတာ ဘုရားဟော တရားတော်တွေကို ကြားနာပြီး သိမှတ်တာပါပဲ၊ အဲဒါကို အကြားလို့ ဆိုပါတယ်၊ **အဓိဂမသုတ** ဆိုတာကတော့ ဝိပဿနာဉာဏ် မဂ်ဉာဏ်တို့ဖြင့် ကိုယ်တိုင်တွေ့ပြီး သိတာပဲ၊ အဲဒါကို အမြင်လို့ ဆိုပါတယ်၊ ဒါကြောင့် သုတမရှိသူဆိုတာ အကြား အမြင် နှစ်ပါးလုံး မရှိတဲ့သူလို့ ဆိုလိုတာပါပဲ၊ ဒီနေရာမှာတော့ အကြားသုတ ရှိပေမယ့် အမြင်သုတ မရှိရင် မြင်ရတဲ့ အဆင်း စသည်ကို မြဲတဲ့ အနေစသည်ဖြင့် အထင်မှားအသိမှား (မောဟာ) နဲ့ ယှဉ်တဲ့ ဥပေက္ခာက ဖြစ်တာပါပဲ၊ ဒါကြောင့် မြင်ပြီးလျှင် မရှုမမှတ်သဖြင့် အထင်မှား အသိမှား မောဟာနှင့် ယှဉ်တဲ့ အညာဏုပေက္ခာ ဆိုတဲ့ အလယ်အလတ် ခံစားမှု ဖြစ်တယ်လို့ ဆိုလိုပါတယ်၊ ဒါကြောင့်–

ဝေရူပါ–ဤသို့ အထင်မှား အသိမှားလျက် ခံစားသော သဘောရှိသော၊ ယာ ဥပေက္ခာ–အလယ်အလတ် အညီအမျှ

http://www.dhammadownload.com



ရှုမှု ခံစားမှုဆိုတဲ့ အကြင် ဥပေက္ခာသည်၊ အတ္ထိ–ရှိ၏၊ သာ–ထိုဥပေက္ခာသည်၊ ရူပံ–မြင်ရသော အဆင်းကို၊ (ကြားရတဲ့အခါ စသည်မှာတော့ ကြားရတဲ့အသံ စသည်ကို–လို့ ဆိုပါတယ်၊) နာတိဝတ္တတိ–မလွန်မြောက်နိုင်၊ (မြင်ရတဲ့ အဆင်း စသည်ကို တပ်မက်သာယာတဲ့ ရာဂ စသည် မကင်းသေးဘူးလို့ ဆိုလိုတာပါပဲ၊) တသ္မာ–ထိုသို့ အဆင်းကို မလွန်မြောက်ခြင်း၊ အဆင်းကို မှီ၍ဖြစ်မည့် ရာဂစသော ကိလေသာ မကင်းသေးခြင်းကြောင့်၊ သာဥပေက္ခာ–ထိုဥပေက္ခာကို၊ ဂေဟာဿိတာတိ–ကာမဂုဏ်ဟူသော နေအိမ်ကို မှီသည့် ဥပေက္ခာဟူ၍၊ ဝုစ္စတိ–ခေါ်ဆိုအပ်၏တဲ့။

မြင်ပြီးလျှင် ပြီးချင်း မရှုမှတ်နိုင်တဲ့သူမှာ အဲဒီ မြင်ရပေ့ အဆင်းကို အာရုံပြု၍ (ဝမ်းသာခြင်း နှလုံးမသာခြင်း မရှိဘဲ) အလယ်အလတ် ခံစားတဲ့ ဥပေက္ခာ ဝေဒနာ ဖြစ်တယ်၊ အဲဒီလို အလယ်အလတ် ခံစားမှု ဖြစ်ပေမယ့် မြင်ရတဲ့ အဆင်းကို အနိစ္စ စသော အခြင်းအရာဖြင့် အမှန်အတိုင်း မသိဘဲ မြဲတဲ့ အနေ စသည်ဖြင့် အထင်မှား အသိမှားသော မောဟနဲ့ ယှဉ်တွဲပြီး ဖြစ်သောကြောင့် အဲဒီ မြင်ရတဲ့ အဆင်းကို မလွန်မြောက်ဘူး၊ အဲဒီ မြင်ရတဲ့အဆင်း၌ ဖြစ်မည့် ရာဂ စသည် မကင်းဘူး၊ ဒါကြောင့် အဲဒီလို မောဟနဲ့ ယှဉ်တွဲပြီး ဖြစ်တဲ့ ဥပေက္ခာကို ကာမဂုဏ်နေအိမ်နဲ့ ဆက်စပ်နေတဲ့ ဥပေက္ခာလို့ ခေါ်ဆိုရပါတယ်တဲ့၊ မြဲတဲ့အနေ စသည်ဖြင့် ထင်မြင်ရတဲ့ အဆင်းက ကာမဂုဏ်အာရုံပဲ၊ အဲဒီ ကာမဂုဏ်ဟာ ပုထုဇဉ်တို့၏ စိတ်က အမြဲအာရုံ

http://www.dhammadownload.com



ပြုရာ တည်နေရာဖြစ်သောကြောင့် အဲဒီ အဆင်းအာရုံကို ဂေဟာ–နေအိမ်လို့ ခေါ်တယ်၊ နေအိမ်သဖွယ် ဖြစ်တဲ့ အဲဒီ အဆင်းကို အာရုံပြုပြီးဖြစ်တဲ့ ဥပေက္ခာကို ဂေဟသိတဥပေက္ခာလို့ ဆိုရပါတယ်၊ အဲဒါဟာ မမှိဝဲသင့်တဲ့ ဥပေက္ခာပဲ၊ ထို့အတူပင် အသံကြားပြီးလျှင်၊ အနံ့ကိုနံပြီးလျှင်၊ အရသာကို သိပြီးလျှင်၊ အတွေ့ကို ထိပြီးလျှင်၊ သဘောအာရုံကို ကြံသိပြီးလျှင် မရှုမမှတ် နိုင်တဲ့သူမှာ ဖြစ်တဲ့ဥပေက္ခာတွေဟာလဲ ဂေဟသိတဥပေက္ခာ တွေပဲ၊ မမှိဝဲသင့်တဲ့ ဥပေက္ခာတွေပဲ၊ ဝိပဿနာရှုနေဆဲ ယောဂီ ဆိုရင် အဲဒီ ဥပေက္ခာခြောက်မျိုးကို ဖြစ်ပေါ်လာတိုင်း ရှုမှတ်ပြီး ပယ်ပယ်သွားဖို့ပါပဲ။

ပါဠိကို အနက်ပြန်ပြရာမှာ အဓိပ္ပာယ်ကို ဖွင့်ပြ ဖွင့်ပြ နေတာနဲ့ အနက်က မဆက်စပ်မိဘဲ ဖြစ်သွားတယ်၊ တစ်စပ်ထဲ အာရုံပြုရအောင် ယခုထပ်ပြီး အနက်ပြန်ဦးမယ်။

စက္ခုနာ–မျက်စိဖြင့်၊ ရူပံ–အဆင်းကို၊ ဒိသွာ–မြင်ပြီး၍၊ (နားဖြင့် အသံကိုကြားပြီး၍ စသည်ဖြင့်လဲ နည်းတူပင် ဟောပြ ထားပါတယ်၊) ဗာလဿ–မသိမလိမ္မာသော၊ မူဠှဿ–တွေဝေ သော၊ ပထုဇ္ဇနဿ–ပုထုဇဉ်ပုဂ္ဂိုလ်အား၊ ဥပေက္ခာ–မကောင်း မဆိုး အလယ်အလတ် ခံစားမှု ဥပေက္ခာသည်၊ ဥပ္ပဇ္ဇတိ– ဖြစ်ပေါ်၏၊ အနောဓိဇိနဿ–အစိတ်အပိုင်းအားဖြင့် ကိလေသာကို မအောင်နိုင်သေးသော၊ အဝိပါကဇိနဿ–အကျိုးဝိပါက်ကို မအောင်နိုင်သေးသော၊ အနာဒီနဝဒဿာဝိနော–မောဟ၏ အပြစ်,

http://www.dhammadownload.com



ကို ရုပ်နာမ်၏အပြစ်ကို မမြင်သော၊ အသုတဝတော-အကြား အမြင် မရှိသော၊ ပုထုဇ္ဇနဿ-ပုထုဇဉ်ပုဂ္ဂိုလ်အား၊ ဥပေက္ခာ-အထင်မှား အသိမှားနှင့် ယှဉ်တွဲသော ဥပေက္ခာသည်၊ ဥပ္ပဇ္ဇတိ-ဖြစ်ပေါ်၏၊ ဝေရူပါ-ဤသို့သဘောရှိသော၊ ယာ ဥပေက္ခာ-အကြင်ဥပေက္ခာသည်၊ အတ္ထိရှိ၏၊ သာ-ထိုဥပေက္ခာသည်၊ ရူပံ-မြင်ရသော အဆင်းကို(သဒ္ဒံ-ကြားရသော အသံကို-စသည်ဖြင့်လည်း နည်းတူပင် ဟောထားပြထားပါတယ်၊) နာတိဝတ္တတိ-မလွန်မြောက်နိုင်၊ တသ္မာ-ထို့ကြောင့်၊ သာဥပေက္ခာ၊ ထိုဥပေက္ခာကို၊ ဂေဟဿိ-တာတိ-ကာမဂုဏ် နေအိမ်ကိုမှီသည့် ဥပေက္ခာဟူ၍၊ ဝုစ္စတိ-ခေါ်ဆိုအပ်၏တဲ့။

ဒီဥပေက္ခာက မကောင်းမဆိုး ရိုးရိုးခံစားတယ် ဆိုပေမယ့် မြင်ရတဲ့ အဆင်း စသည်နဲ့ စပ်ပြီး ရာဂစသည်လဲ တပါတည်း ဖြစ်နေသောကြောင့် ကာမဂုဏ်နေအိမ်ကို မှီတဲ့ ဥပေက္ခာပဲ၊ မမှီဝဲအပ်တဲ့ ဥပေက္ခာပါပဲတဲ့၊ အဲဒီလို ဥပေက္ခာကို မြင်တယ် ကြားတယ် စသည်ဖြင့် ရှုမှတ်ပြီး ပယ်ပယ်သွားရမယ်။

## မှီဝဲသင့်တဲ့ နေက္ခမ္မသိတဥပေက္ခာ

မှီဝဲသင့်တဲ့ ဥပေက္ခာကိုလဲ အဋ္ဌကထာမှာ သဠာယတနဝိဘင်္ဂသုတ်မှပင် ထုတ်ဆောင်ပြီး ဒီလိုပြထားပါတယ်။

နေက္ခမ္မသိတာ-ထွက်မြောက်ခြင်းကို မှီကုန်သော၊ ဆ ဥပေက္ခာ-ခြောက်ပါးသော ဥပေက္ခာတို့သည်၊ ကတမာ-

http://www.dhammadownload.com



အဘာယ်သည်တို့ နည်းဟူမူး၊ ရူပါနံ-မြင်ရသော ပဉ္စုပ္ပန် ရူပါရုံတို့၏၊ အနိစ္စတံ-မမြဲခြင်းကို၊ ဝိပရိဏာမဝိရာဂနိရောဓံ- ပြောင်းလဲ ဖောက်ပြန် ခြင်း ပျက်ပြယ်ခြင်း ချုပ်ကွယ်သွားခြင်းကို၊ ဝိဒိတွာ တုဝေ-ရှုမှတ်လျက် သိမြင်ပြီး၍သာလျှင်၊ ပုဗ္ဗေစေဝ ရူပါ-ရှေးက အဆင်းရုပ်တို့သည်လည်းကောင်း၊ ဧတရဟိ စ- ယခု လက်ရှိ အဆင်းရုပ်တို့သည် လည်းကောင်း၊ သဗ္ဗေ တေ ရူပါ-ထိုအလုံး စုံသော အဆင်းရုပ်တို့သည်၊ အနိစ္စာ ဒုက္ခာ ဝိပရိဏာမဓမ္မာတိ-မမြဲဆင်းရဲ ပြောင်းလဲဖောက်ပြန်သော သဘောတို့ဟူ၍၊ ဧဝံ-ဤသို့၊ ဧတံ-ဤသဘောကို၊ ယထာဘူတံ- ဟုတ်တိုင်းမှန်စွာ၊ သမ္မပ္ပညာယ-မှန်စွာသိသော ဝိပဿနာပညာ ဖြင့်၊ ပဿတော-မြင်သောပုဂ္ဂိုလ်အား၊ ဥပေက္ခာ-အညီအမျှ လျစ်လျူရှုမှု-ခံစားမှု ဥပေက္ခာသည်၊ ဥပ္ပဇ္ဇတိ-ဖြစ်၏၊ ဝေရူပါ- မြင်ပြီးလျှင်ပြီးချင်း ရှုမှတ်သဖြင့် အမှန်အတိုင်းသိ၍ အညီအမျှ လျစ်လျူရှုလျက် ခံစားသည့် ဤသို့သဘောရှိသော၊ ယာဥပေက္ခာ- အကြင် ဥပေက္ခာ သည်၊ အတ္ထိ-ရှိ၏၊ သာ-ထိုဥပေက္ခာသည်၊ ရူပံ-မြင်ရသော အဆင်းကို၊ (ကြားရတဲ့အခါ စသည်မှာတော့ ကြားရတဲ့အသံ ကို စသည်ဖြင့် ပြဆိုထားတယ်၊) အတိဝတ္တတိ- လွန်မြောက်၏၊ (မြင်ရတဲ့အဆင်း စသည်ကို ရှုမှတ်ပြီး အမှန် အတိုင်း သိရသောကြောင့် ထိုမြင်ရတဲ့ အဆင်း စသည်ကို စွဲမှီပြီး နှစ်သက်မှုရာဂ စသော ကိလေသာတွေ မဖြစ်နိုင်တော့ဘူး၊ အဲဒါကို လွန်မြောက်တယ်လို့ ဆိုတာပါပဲ၊) တသ္မာ-ထို့ကြောင့်၊

http://www.dhammadownload.com



သာ ဥပေက္ခာ–ထိုရှုသိမှုနှင့် ယှဉ်သော ဥပေက္ခာကို၊ နေက္ခမ္မသိတတာတိ–ထွက်မြောက်ခြင်းကို မှီသည့် ဥပေက္ခာဟူ၍၊ ဝုစ္စတိ–ခေါ်ဆိုအပ်၏၊ ကထံ စ–ဉ်သို့၊ ဆသု ဒွါရေသု–ဒွါရခြောက်ပါးတို့၌ ဣဋ္ဌာနိဋ္ဌ အာရမ္မဏေ–အာရုံကောင်း အာရုံဆိုး အလယ်အလတ်အာရုံ သည့်၊ အာပါထဂတေ–ထင်ပေါ်လာလျှင်၊ ဣဋ္ဌေ အရဇ္ဇန္တဿ–အာရုံကောင်း၌ မတပ်မက်သော သူအား၊ အနိဋ္ဌေ အဒုဿန္တဿ–အာရုံဆိုး၌ မပြစ်မှားသောသူအား၊ အသမပေက္ခဏေန၊ အသမ္မူ ယှန္တဿ–အလယ်အလတ်အာရုံ၌ မညီမမျှ ရှုသောအားဖြင့် မမေ့သော သူအား၊ ဥပ္ပန္နာ–ဖြစ်သော၊ ဝိပဿနာ ဉာဏသမ္ပ ယုတ္တာ–ရှုသိမှု ဝိပဿနာဉာဏ်နှင့် ယှဉ်သော၊ ဥပေက္ခာ–အညီအမျှ ရှုမှုခံစားမှုသည်၊ နေက္ခမ္မသိတာ–လွတ်မြောက်ခြင်းကို မှီသော ဥပေက္ခာပေတည်း တဲ့။

မြင်တိုင်း ကြားတိုင်း တွေ့တိုင်း သိတိုင်း မပြတ်ရှုမှတ်နေတဲ့ ယောဂီမှာ သမာဓိဉာဏ် အားကောင်းလာတဲ့ အခါကျတော့ ပေါ်လာသမျှ ချက်ချင်းပင် ပျောက်ပျောက်သွားတာကိုသာ တွေ့ရတယ်၊ ဒေသနာ အစဉ်အရကတော့ မြင်ရတဲ့ အဆင်းက စပြီး ဟောပြလေ့ ရှိပါတယ်၊ ပဋိပတ်အစဉ် အရအားဖြင့်တော့ တွေ့ထိရာက ကြံသိရာက ကြားရာက စပြီး ထင်ပေါ်တတ်ပါတယ်၊ ဖောင်းတယ် ပိန်တယ် စသည်ဖြင့် ရှုမှတ်နေရင်း စိတ်ကူးပေါ်လာရင် အဲဒါကို စိတ်ကူးတယ်၊ ကြံတယ် စသည်ဖြင့် ရှုမှတ်နေရင်းပင် ကြံသိတာကလေးဟာ ချက်ချင်းကွယ်ပျောက်

http://www.dhammadownload.com



သွားတာကို တွေ့ရတယ်၊ အသံကြားတဲ့အခါ ကြားတယ် ကြားတယ်လို့ မှတ်တိုင်း မှတ်တိုင်း ကြားသိတာရော ကြားသိရတဲ့ အသံရော ချက်ချင်းပင် ပျောက်ပျောက်သွားတာကို တွေ့ရတယ်၊ ကိုယ်ထဲက ညောင်းတာ ပူတာ နာတာ ကလေးတွေကို ညောင်းတယ် ညောင်းတယ်၊ ပူတယ် ပူတယ်၊ နာတယ် နာတယ်လို့ မှတ်လိုက်ရင် ချက်ချင်းပင် ပျောက်ပျောက်သွားတာကို တွေ့ရတယ်၊ အဲဒီလို ပျောက်ပျောက်သွားတာကို တွေ့ရတာဟာ မမြဲတာကို ကိုယ်တွေ့အားဖြင့် သိရတာပဲ။

ဖောင်းတယ် ပိန်တယ်လို့ ရှုမှတ်နေရင်းလဲ သမာဓိဉာဏ် အားကောင်းလာတဲ့ အခါကျတော့ ဖောင်းတာက တစ်ပိုင်း, ပိန်တာက တစ်ပိုင်း ဒီလိုစပြီး တွေ့ရတယ်၊ ထို့ထက် သမာဓိဉာဏ် အားကောင်းလာတဲ့ အခါကျတော့ ဖောင်းတာကိုလဲ သုံးပိုင်း သုံးပိုင်း စသည်ဖြင့် အပိုင်းအပိုင်း ပြတ်ပြတ်ပြီး ကုန်ဆုံးပျောက်ကွယ်သွားသည့် အနေဖြင့် ထင်ရှားတွေ့ရတယ်၊ ပိန်တယ်လို့ မှတ်ရာမှာလဲ နည်းတူပဲ အပြတ်အပြတ်ဖြစ်ပြီး ထင်ရှားတွေ့ရတယ်၊ ဘင်္ဂဉာဏ်ရောက်တဲ့ အခါကျတော့ ဝမ်းဗိုက် လက်ခြေ ကိုယ် ပုံသဏ္ဌာန် အထည်ဒြပ်ကို မတွေ့ရတော့ဘဲ ခဏမစဲ လျင်မြန်စွာ ပျောက်ပျောက်သွားတာကိုချည်း တွေ့နေရတယ်၊ အဲဒီလို ပျောက်ပျောက် သွားတာကို ပါဠိမှာ အနိစ္စတာ–မမြဲသည်၏ အဖြစ်–မမြဲခြင်းလို့လဲ ပြဆိုထားတယ်၊ ဝိပရိဏာမ–

http://www.dhammadownload.com



ပြောင်းလဲခြင်း၊ ဝိရာဂ–ပျက်ပြယ်ခြင်း၊ နိရောဓ–ချုပ်ခြင်းလို့လဲ ပြဆိုထားတယ်။

ဘင်္ဂဉာဏ် သန်သန်ကြီး ဖြစ်နေတဲ့အခါကျတော့ မြင်ရတာတွေလဲ တစ်ရိပ်ရိပ်နဲ့ ပျောက်ပျောက်သွားတာကို တွေ့ရတယ်၊ ထိသိရသမျှလဲ ချက်ချင်းပင် ပျောက်ပျက်သွားတာကို တွေ့ရတယ်၊ ဘယ်ဟာမဆို ပုံသဏ္ဌာန် အထည်ဒြပ်လဲ မပေါ်ဘူး၊ မှတ်သိရတာရော မှတ်သိမှုရော ချက်ချင်းပင် ပျောက်ပျောက်သွားတာကိုချည်း တွေ့ရတယ်၊ အဲဒါကို ကိုယ်ပိုင်ဉာဏ်ဖြင့် မမြဲတာကို တွေ့ရတာပဲ၊ အဲဒီလို တွေ့ရတော့ "ငါတို့ဟာ အရင်က မရှုမသိတာပဲ၊ ရှေးကလဲ ဒီလို မမြဲတာချည်းပဲ၊ ယခုလဲ မမြဲတာချည်းပဲ၊ နောင်လဲ ဒီလို မမြဲတာချည်း ရှိမှာပဲ" လို့ ရုပ်နာမ်တရားတို့၏ သဘောမှန်ကို (ယထာဘူတဲ) ဟုတ်တိုင်းမှန်စွာ သိရတယ်၊ အဲဒီလို သိရတော့ ပျောက်ကွယ်သွားပြီ မရှိတော့ဘူး၊ မမြဲဘူးလို့ သိရတဲ့ အဆင်း, အသံ စသောအာရုံမှာ နှစ်သက်သာယာမှုလဲ မဖြစ်ဘူး၊ ဝမ်းသာခြင်း, နှလုံးမသာခြင်းလဲ မဖြစ်ဘူး၊ သိရုံမျှ သိရုံမျှသာ ဖြစ်ဖြစ်သွားတယ်၊ အဲဒီလို သိရုံမျှ ဖြစ်တိုင်း ဖြစ်တိုင်း အညီအမျှ ရှုမှု, ခံစားမှုဆိုတဲ့ ဥပေက္ခာ ဝေဒနာလဲ ဖြစ်ဖြစ်သွားတယ်၊ ဒါက ဥဒယဗ္ဗယဉာဏ် အရင့်ပိုင်းမှ စပြီး ဖြစ်ပုံပဲ၊ ဘင်္ဂဉာဏ်ဖြစ်ခိုက် သင်္ခါရုပေက္ခာဉာဏ် ဖြစ်ခိုက်များမှာတော့ ဒီ ဥပေက္ခာဖြစ်ပုံကပိုပြီး ထင်ရှားတယ်။

အဲဒီလို အခါမှာ ဘယ်လိုကောင်းတဲ့ အာရုံတွေနဲ့ တွေ့ရပေ

http://www.dhammadownload.com



မယ့် ဝမ်းသာရွှင်ပျခြင်း မဖြစ်ဘူး၊ ဘယ်လိုဆိုးတဲ့ အာရုံနဲ့ တွေ့ရပေမယ့် စိတ်ညစ်စိတ်ပျက်ခြင်း, နှလုံးမသာခြင်း, ဝမ်းနည်းခြင်း မဖြစ်ဘူး၊ သိရုံသိရုံမျှသာ အညီအမျှ လျစ်လျူရှုလျက် ဖြစ်ဖြစ်နေတယ်၊ အဲဒီလို အညီအမျှ လျစ်လျူရှုလျက် ခံစားလျက်သာ ရှိသောကြောင့် မြင်ရတဲ့ အဆင်းနဲ့ စပ်ပြီးတော့လဲ စွဲလမ်းတွယ်တာမှု မရှိဘဲ လွှန်မြောက်နေတယ်၊ ကြားရတဲ့ အသံ စသည်တို့နှင့် စပ်ပြီးတော့လဲ စွဲလမ်းတွယ်တာမှု မရှိဘဲ လွှန်မြောက်နေတယ်၊ အဲဒါဟာ ဂေဟာဆိုတဲ့ ကာမဂုဏ် နေအိမ်ကို ကျော်လွှန်ပြီး နေက္ခမ္မ–ဆိုတဲ့ လွတ်မြောက်ခြင်းကို မှီတဲ့ ဥပေက္ခာပဲ၊ မှီဝဲသင့်တဲ့ ဥပေက္ခာပဲ၊ ဝိပဿနာ ရှုနေကြရတာဟာ ဒီဥပေက္ခာနှင့် ပြည့်စုံအောင် ရှုနေကြရတာပဲ၊ ဒီ ဥပေက္ခာက မှီဝဲသင့်တဲ့ ဥပေက္ခာမို့ ဒီဥပေက္ခာဖြစ်ပြီး မှီဝဲရအောင်လို့ ဝိပဿနာအလုပ် အားထုတ်ကြရတာပဲ။

လောကမှာ အဝတ်အထည်ကောင်း, အသုံးအဆောင် ပစ္စည်းကောင်းတွေ ဆိုတာ မှီဝဲသင့်တာတွေပဲ၊ ဒါပေမယ့် မိမိမှာ မရှိရင်တော့ အဲဒါတွေကို မမှီဝဲ မသုံးဆောင်ရဘူး၊ ရှိမှသာ မှီဝဲသုံးဆောင်ရတယ်၊ ဒါကြောင့် အဲဒီ မှီဝဲသုံးဆောင်သင့်တဲ့ ပစ္စည်းတွေကို ရအောင် ရှာကြံအားထုတ်ပြီး အဲဒါတွေကို မှီဝဲသုံးဆောင်နေကြရတယ်၊ အဲဒါလိုပဲ ဒီမှီဝဲသင့်တဲ့ ဝိပဿနာ ဥပေက္ခာကိုလဲ မှီဝဲရအောင်လို့ အားထုတ်ရတယ်၊ ယခု ပြောခဲ့တဲ့ အတိုင်း ဥဒယဗ္ဗယဉာဏ် အရင့်ပိုင်းမှစပြီး ဒီဥပေက္ခာကို ကိုယ်

http://www.dhammadownload.com



တိုင် တွေ့ပြီး မှီဝဲရတယ်၊ ဘင်ဉာဏ်ကျတော့ ပိုပြီး ထင်ရှားတယ်၊ သင်္ခါရုပေက္ခာဉာဏ်ကျတော့ အထင်ရှားဆုံးပဲ၊ ဒါကြောင့် အဲဒီ သင်္ခါရုပေက္ခာဉာဏ်နဲ့ ယှဉ်တွဲပြီး တစ်ပေါင်းတည်း ဖြစ်တဲ့ ဥပေက္ခာအထိ ဖြစ်ပွားအောင်အားထုတ်ပြီး မှီဝဲသွားဖို့ပါပဲ။

အဲဒီ မှီဝဲသင့်တဲ့ ဥပေက္ခာကိုလဲ ဒီသက္ကပဥှသုတ်မှာ ဝိတက် ဝိစာရရှိတဲ့ ဥပေက္ခာနဲ့ ဝိတက် ဝိစာရ ကင်းတဲ့ ဥပေက္ခာ အားဖြင့် နှစ်မျိုးခွဲခြားပြီးတော့ ပြဆိုထားပါသေးတယ်၊ ဝိပဿနာ ရှုဆဲ၌ ဖြစ်တဲ့ ဥပေက္ခာဟူသမျှကတော့ ဝိတက်ဝိစာရ ရှိတာချည်းပါပဲ၊ ဒါပေမယ့် ပရိယာယ်အားဖြင့်တော့ ဝိတက် ဝိစာရရှိတဲ့ ကာမစိတ် ပဌမဈာန်စိတ်ကို ရှုခိုက်၌ ပါဝင်တဲ့ ဥပေက္ခာကို ဝိတက်ဝိစာရရှိတဲ့ ဥပေက္ခာလို့ ဆိုရတယ်၊ ဒုတိယ ဈာန် အစရှိတဲ့ ဈာန်စိတ်တွေကို ရှုခိုက်၌ ပါဝင်တဲ့ ဥပေက္ခာ ကိုတော့ ဝိတက်ဝိစာရကင်းတဲ့ ဥပေက္ခာလို့ ဆိုရတယ်၊ အဲဒါ ဟာ ရှုရတဲ့ အာရုံမှာ ၎င်းဘတ် ဝိစာရ မရှိတဲ့အတွက် ဝိတက်ဝိစာရ ကင်းတဲ့ ဥပေက္ခာလို့ ပရိယာယ်အားဖြင့် ခေါ်ဆိုရတာပါပဲ၊ မုချအားဖြင့်တော့ အဲဒီ ဝိပဿနာ ဥပေက္ခာမှာ ဝိတက်ဝိစာရ ရှိနေတာပါပဲ၊ အဲဒီလို ဝိတက် ဝိစာရ ရှိ-မရှိ နှစ်မျိုးထဲမှာ ဝိတက်ဝိစာရ ရှိတဲ့ ဥပေက္ခာထက် မရှိတဲ့ ဥပေက္ခာက သာပြီး မြင့်မြတ်တယ်လို့ပဲ ဖော်ပြထားပါတယ်။

ဒါပေမယ့် လိုရင်းကတော့ အဲဒီ မှီဝဲသင့်တဲ့ သင်္ခါရုပေက္ခာ ဥပေက္ခာကို ဖြစ်ပွားစေပြီး မှီဝဲဖို့က လိုရင်းပါပဲ၊ အဲဒီ မှီဝဲ

http://www.dhammadownload.com



သင့်တဲ့ ဥပေက္ခာဖြစ်အောင် အားထုတ်ပုံကိုလဲ သဠာယတနဝိဘင်္ဂ သုတ်မှာ ဣဓ နိဿာယ–ဤအမြတ်ကိုမှီ၍၊ ဣဒံ ပဇဟထ– ဤ အညံ့ကိုပယ်ကြ–လို့ ညွှန်ပြထားပါတယ်၊ ဘာကိုမှီပြီး ဘာကို ပယ်ရမှာလဲဆိုတော့ နေက္ခမ္မသိတသောမနဿ ခြောက်ပါးကို မှီပြီး ဂေဟသိတသောမနဿ ခြောက်ပါးကို ပယ်ရမယ်တဲ့၊ ကုသိုလ်နှင့်စပ်ပြီး ဝမ်းသာမှု၊ ဝိပဿနာဆိုင်ရာ ဝမ်းသာမှုများကို ဖြစ်စေ ပြီးတော့ ကာမဂုဏ်နှင့်စပ်တဲ့ ဝမ်းသာမှုကို ပယ်ရမယ်လို့ ဆိုလိုတာပါပဲ၊ ကုသိုလ်ဆိုင်ရာ, ဝိပဿနာဆိုင်ရာ ဝမ်းသာမှု ဖြစ်ရင် ကာမဂုဏ်ဆိုင်ရာ ဝမ်းသာမှုဟာ သူ့အလိုလို ပယ်ပြီးသား ဖြစ်သွားတာ ကင်းသွားတော့တာပါပဲ။

ထို့အတူပင် မှီဝဲသင့်တဲ့ ဒေါမနဿကို မှီပြီးတော့ မမှီဝဲ သင့်တဲ့ ဒေါမနဿကို ပယ်ရမယ်တဲ့၊ ရဟန်းပြုလိုခြင်း, တရားနာ လိုခြင်း, တရားကျင့်လိုခြင်း, တရားထူး ရလိုခြင်း ရှိနေပါ လျက် အကြောင်းမညီညွတ်တဲ့အတွက် အလိုမပြည့်သူမှာ နှလုံး မသာခြင်း, ဝမ်းနည်းခြင်း ဖြစ်ရတယ်၊ အဲဒီလို မှီဝဲသင့်တဲ့ ဒေါမနဿဖြစ်ရင် ကာမဂုဏ်နှင့်စပ်ပြီး ဖြစ်တဲ့ ဒေါမနဿဟာ မဖြစ်ဘဲ ကင်းနေပါတယ်၊ အဲဒီလို ကင်းတာကို ဆိုတာပါပဲ၊ နှလုံးမသာမှုဆိုရင် မှီဝဲသင့်တဲ့ နှလုံးမသာမှုကိုသာ ဖြစ်စေရမယ်၊ မမှီဝဲသင့်တဲ့ ကာမဂုဏ်ဆိုင်ရာ နှလုံးမသာမှုကိုတော့ မဖြစ်စေရ ဘူးလို့ ဆိုလိုတာပါပဲ။

ထို့အတူပင် မှီဝဲသင့်တဲ့ ဥပေက္ခာကို ဖြစ်ပြီးတော့ မမှီဝဲ

http://www.dhammadownload.com



သင့်တဲ့ ကာမဂုဏ်ဆိုင်ရာ ဥပေက္ခာကို ပယ်ရမယ်တဲ့၊ ဒါလဲပဲ ခုတင်က ပြောခဲ့တဲ့အတိုင်း မှီဝဲသင့်တဲ့ ဝိပဿနာ ဥပေက္ခာကို ဖြစ်စေပြီးလျှင် မမှီဝဲသင့်တဲ့ ဥပေက္ခာကို ပယ်ပြီး ဖြစ်သွားတာပါပဲ။

ထို့အတူပင် မှီဝဲသင့်တဲ့ သောမနဿကို မှီပြီးတော့ မှီဝဲသင့်တဲ့ နေက္ခမ္မသိတ ဒေါမနဿကိုလဲ ပယ်ရမယ်တဲ့၊ ဒါကတော့ တရားထူး မရနိုင်လို့ နှလုံးမသာခြင်း, ဝမ်းနည်းခြင်း ဖြစ်နေလျှင် ဝိပဿနာဉာဏ်ထက်သန်အောင် အားထုတ်ပြီးတော့ အဲဒီ နှလုံးမသာမှု, ဝမ်းနည်းမှုကို ပယ်ရမယ်၊ ကင်းစေရမယ်လို့ ဆိုလိုတာပါပဲ။

ထို့အတူပင် မှီဝဲသင့်တဲ့ဥပေက္ခာကို မှီပြီးတော့ မှီဝဲသင့်တဲ့ သောမနဿကို ပယ်ရမယ်တဲ့၊ ဒါကတော့ ဝိပဿနာဥပေက္ခာကို ဖြစ်စေပြီးတော့ ဝိပဿနာသောမနဿကို ပယ်ဖို့ ညွှန်ကြားတော်မူတာပါပဲ၊ ဒါက အမြင့်မြတ်ဆုံးအနေဖြင့် ညွှန်ကြားတော်မူတာပါပဲ၊ ဒါပေမယ့် ပထမဈာန်, ဒုတိယဈာန်, တတိယဈာန် မဂ်ဖိုလ်များဖြစ်တဲ့အခါ သောမနဿနှင့် ယှဉ်တဲ့ ဝိပဿနာကိုမှီပြီး ဖြစ်ရတာပါပဲ၊ ဒါကြောင့် သောမနဿဝိပဿနာကို လုံးလုံးပယ်ဖို့တော့ မဟုတ်ပါဘူး၊ နောက်ပြီးတော့ စတုတ္ထဈာန် မရတဲ့ ယောဂီမှာဆိုရင် ဥပေက္ခာနှင့်ယှဉ်တဲ့ စတုတ္ထဈာန်မဂ်ကို မရနိုင်ပါဘူး၊ သောမနဿနှင့်ယှဉ်တဲ့ ပဌမ, ဒုတိယ, တတိယဈာန် မဂ်ကိုသာ ရနိုင်ပါတယ်၊ အဲဒီ ယောဂီမှာ သောမနဿနှင့်ယှဉ်ဘဲ့ အနုလုံဝိပဿနာကိုဖြင့် မဂ်ဖိုလ်သို့ ရောက်ရမြဲပါပဲ၊ ဒါကြောင့်

http://www.dhammadownload.com



ဝိပဿနာကိုပယ်ဖို့ ညွှန်ကြားတာက ဖြစ်နိုင်တဲ့ ပုဂ္ဂိုလ်အတွက် အမြင့်မြတ်ဆုံးအနေဖြင့် ညွှန်ကြားတော်မူတာလို့ မှတ်ယူရပါတယ်။

ဒါကြောင့် သောမနဿနှင့်ယှဉ်တဲ့ သင်္ခါရုပေက္ခာ ဝိပဿနာကို ဖြစ်စေ၊ ဥပေက္ခာနှင့်ယှဉ်တဲ့ သင်္ခါရုပေက္ခာ ဝိပဿနာကိုဖြစ်စေ ရောက်နေရင် မိနစ်စက္ကန့်ပိုင်းအားဖြင့်ဖြစ်စေ၊ နာရီပိုင်း ရက်ပိုင်းအားဖြင့်ဖြစ်စေ၊ မကြာခင်ပဲ အရိယမဂ်ဖိုလ်ဉာဏ်သို့ ဆိုက်ရောက်သွားတတ်ပါတယ်၊ အဲဒီ သင်္ခါရုပေက္ခာကို သာယာနေရင်တော့ ရက်တရက် မဂ်ဖိုလ် မရောက်ဘဲ ရက်ကြာနေတာလဲ ရှိပါတယ်၊ နှစ်သက်သာယာခြင်း မရှိရင်တော့ တစ်ရက် နှစ်ရက်အတွင်း သုံးလေးငါးရက် အတွင်းမှာ မဂ်ဖိုလ်ရောက်သွားတာက များပါတယ်၊ ဒါကြောင့် သင်္ခါရုပေက္ခာဉာဏ်နှင့်ယှဉ်တဲ့ ဒီနေက္ခမ္မသိတသောမနဿနှင့် ဥပေက္ခာကိုဖြစ်အောင် ရှုမှတ်အားထုတ်ပြီး မှီဝဲရတာပဲ၊ အဲဒီလို မှီဝဲရင် ဝိပဿနာကုသိုလ်တွေလဲ ပွားတယ်၊ အရိယမဂ်ကုသိုလ်လဲ ဖြစ်ပွားတယ်၊ ဒါကြောင့် မှီဝဲသင့်တဲ့ အဲဒီ ဝေဒနာတွေကိုမှီဖို့ ညွှန်ကြားတော်မူတာပါပဲ၊ အဲဒီ မှီသင့် မမှီသင့်တဲ့ ဝေဒနာများကို ဖော်ပြတဲ့ ဆောင်ပုဒ်များကို ထပ်ပြီး ဆိုကြရမယ်၊ လိုက်ဆိုကြ။

ဘယ်သို့ကျင့်က၊ ပပဉ္စ၊ လုံးဝ ချုပ်သနည်း။

ဒါက – ကာမဘုံသား၊ နတ်လူများတို့၊ ကောင်း
စားပြည့်ဝ၊ ဘေးရန်ပလျက်၊ အေးမြချမ်းသာ၊ နေလိုပါ

http://www.dhammadownload.com



လည်း၊ ဣသာမဇွော၊ သူရှပ်ပွေ၍၊ ထင်ခြေမကျ၊ ဆင်းရဲ ရတည့်၊ မူလဇာစ်မြစ်၊ သူ့ကြောင့်စစ်သော်၊ မုန်းချစ် အပ်သား၊ အာရုံများနှင့်၊ လိုလားတစ်လီ၊ ကြံစည် တစ် တန်၊ ချဲ့ရန်မှတ်စွဲ၊ ခြေတည်လွဲ၍၊ ဆင့်ကဲဆင့်ကာ၊ ဖြစ် ရိုးပါသည့်၊ (၆) ဖြာဒွါရ၊ ထင်သမျှကို၊ မှတ်ကြသဖြင့်၊ မမှီသင့်ရှောင်၊ မှီသင့်ဆောင်၍၊ မှန်အောင်ပြင်က၊ လမ်းမှန် ရသည့်၊ မုချ ချမ်းသာရေးပေတည့် ~ ဆိုတဲ့။

တရားဆောင်ပုဒ်အရ သတ္တဝါတွေ ဆင်းရဲနေကြရတာဟာ ပပဉ္စဆိုတဲ့ မူလအကြောင်းရင်းကြောင့် ဆိုတာ သိရတော့ အဲဒီ ဆင်းရဲတွေမှ လွတ်မြောက်ဖို့ရာ ပပဉ္စတရား ချုပ်ငြိမ်းအောင် ကျင့်ရမယ် ဆိုတာကို ထင်ရှား သိရတယ်၊ အဲဒီတော့ ပပဉ္စ ချုပ်ငြိမ်းအောင် ဘယ်လိုကျင့်ရပါမည်လဲလို့ သိကြားမင်းက မေးလျှောက်ပုံပါပဲ၊ အဲဒီ မေးခွန်းအတွက် ဆောင်ပုဒ်ပါပဲ၊ ယခု အဲဒီမေးခွန်း၏ အဖြေဆိုင်ရာ ဆောင်ပုဒ်များကို ဆိုကြရမယ်။

မှီဝဲသင့်တာ၊ မသင့်တာ၊ ဝမ်းသာ နှစ်မျိုးတည်း။

နှလုံးမသာ၊ ဥပေက္ခာ၊ ခွဲပါ နည်းတူတည်း။

အကုသိုလ်ပွား၊ ပယ်ရှောင်ရှား၊ ကုပွားမှီဖို့တည်း။

ဤသို့ကျင့်က၊ ပပဉ္စ၊ လုံးဝ ချုပ်သတည်း။

သောမနဿဝေဒနာ၊ ဒေါမနဿဝေဒနာ၊ ဥပေက္ခာဝေဒနာ လို့ သုံးမျိုးရှိတဲ့အနက်က သောမနဿဖြစ်ဖြစ်၊ ဒေါမနဿဖြစ်ဖြစ်၊ ဥပေက္ခာဖြစ်ဖြစ်၊ မမှီဝဲသင့်တာကို မမှီဝဲရဘူး၊ ကြဉ်ရှောင်ရ,

http://www.dhammadownload.com



ပယ်ရမယ်၊ မှီဝဲသင့်တာကိုတော့ မိမိသန္တာန်မှာ ဖြစ်အောင်အားထုတ်ပြီး မှီဝဲရမယ်၊ မမှီဝဲသင့်တဲ့ ဝေဒနာဆိုတာ အကုသိုလ်ကို ဖြစ်ပွားစေတဲ့ဝေဒနာပဲ၊ အဲဒါကို မမှီဝဲရဘူး၊ ကြဉ်ရှောင်ရ၊ ပယ်ရမယ်၊ မှီဝဲသင့်တဲ့ဝေဒနာဆိုတာ ကုသိုလ်ကို ဖြစ်ပွားစေတတ်တဲ့ ဝေဒနာပဲ၊ အဲဒါကို မိမိသန္တာန်မှာ ဖြစ်စေပြီးတော့ မှီဝဲရမယ်။

မှီဝဲသင့်တာထဲမှလဲ ကောင်းသည်ထက် ကောင်းတာကို တစ်ဆင့်တက်ပြီး မှီဝဲရမယ်၊ ထွက်မြောက်ရေးနှင့်ဆိုင်တဲ့ နှလုံးမသာမှု ဒေါမနဿဟာ မှီဝဲသင့်တာပဲ၊ ဒါပေမယ့် အဲဒါထက်ကောင်းမြတ်တဲ့ ထွက်မြောက်ရေးဆိုင်ရာ စိတ်ချမ်းသာရွှင်ပျမှု သောမနဿကို ဖြစ်စေပြီးတော့ အဲဒီသောမနဿကို ပယ်ရမယ်၊ သောမနဿထက် ကောင်းမြတ်တဲ့ ထွက်မြောက်ရေး ဆိုင်ရာ ဥပေက္ခာကို ဖြစ်စေပြီး အဲဒီ သောမနဿကိုလဲ ပယ်ရမယ်တဲ့၊ အဲဒါကတော့ ဥဒယဗ္ဗယဉာဏ်အရင့်ပိုင်း စသည်ကို ရောက်အောင်အားထုတ်ပြီး ဝိပဿနာဥပေက္ခာကို ဖြစ်စေဖို့ပါပဲ၊ နောက်ဆုံးမှာ သင်္ခါရုပေက္ခာဥပေက္ခာကို ဖြစ်စေဖို့ပါပဲ၊ ဒါပေမယ့် ရံခါမှာ သင်္ခါရုပေက္ခာနှင့်ယှဉ်တဲ့ သောမနဿကိုလဲ မှီဝဲရသေးတာပါပဲ၊ ဘာ့ကြောင့်လဲဆိုတော့ စတုတ္ထဈာန်အခြေခံမရှိတဲ့ ယောဂီမှာဆိုရင် သုခဝေဒနာနှင့်ယှဉ်တဲ့ သင်္ခါရုပေက္ခာ အနုလောမဉာဏ်များ၏နောက်၌ သုခ–သောမနဿနှင့် ယှဉ်တဲ့ အရိယမဂ်ဖိုလ်ဖြစ်ရိုးရှိသောကြောင့်ပါပဲ။

http://www.dhammadownload.com



ယခု ပြောခဲ့တဲ့အတိုင်း မှီဝဲသင့်တဲ့ သခ်ါရုပေက္ခာ ဝေဒနာ အထိ ဖြစ်အောင်ရှုမှတ်ပြီး မှီဝဲနေရင် အရိယာမဂ်ဖိုလ် လေးဆင့်အထိ ရောက်ပြီးတော့ တဏှာ မာန ဒိဋ္ဌိဆိုတဲ့ နယ်ချဲ့ ပပဉ္စတရားတွေကို ချုပ်ငြိမ်းကင်းပြတ် သွားစေနိုင်ပါတယ်၊ ဒါကြောင့် မြတ်စွာဘုရား ရှင်က ဒီလို နိဂုံးချုပ်စကားကို မိန့်ကြားတော်မူပါတယ်။

## ဝိပဿနာနှင့် အရိယမဂ်အကျင့် ဒေသနာနိဂုံး

ဧဝံ ပဋိပန္နော ခေါ ဒေဝါနမိန္ဒ ဘိက္ခု ပပဉ္စသညာသင်္ခါ နိရောဓသာရုပ္ပဂါမိနိံ ပဋိပဒံ ပဋိပန္နော ဟောတိ။

ဒေဝါနမိန္ဒ–နတ်တို့၏ အရှင်သိကြားမင်း၊ ဧဝံ– ဤသို့ ဆိုခဲ့သည့်အတိုင်း မမှီဝဲသင့်တာကို ရှောင်ပယ်၍ မှီဝဲသင့်တာကို မှီဝဲသောနည်းဖြင့်၊ ပဋိပန္နော–ကျင့်သော၊ ဘိက္ခု– ရဟန်းသည်၊ ဝါ–သံသရာဘေးကို ရှုမြင်သောသူသည်၊ ပပဉ္စသညာသင်္ခါနိ ရောဓသာရုပ္ပဂါမိနိံ– ပပဉ္စသညာတရားစု၏ ချုပ်ငြိမ်းရာ နိဗ္ဗာန် သို့ရောက်ရန် သင့်လျော်မှန်ကန်သော လမ်းကောင်းဖြစ်သော၊ ပဋိပဒံ–မဇ္ဈိမ ပဋိပဒါခေါ်သော အကျင့်ကို၊ ပဋိပန္နော–ကျင့်သည်၊ ဟောတိ–ဖြစ်ပါသည်တဲ့။

ယခု ပြောခဲ့တဲ့အတိုင်း မမှီဝဲသင့်တဲ့ ကာမဂုဏ်ဆိုင်ရာ ဝေဒနာတွေကိုပယ်ပြီး မှီသင့်တဲ့ ထွက်မြောက်ရေးဆိုင်ရာ ဝေဒနာ တွေကို မှီဝဲနေရင်၊ အထူးအားဖြင့် ဝိပဿနာ ဝေဒနာတွေကို ဖြစ်စေလျက် မှီဝဲနေရင် နယ်ချဲ့ ပပဉ္စတရားတွေ ချုပ်ငြိမ်းရာ

http://www.dhammadownload.com



နိဗ္ဗာန်ရောက်ရန် သင့်လျော်မှန်ကန်တဲ့ အကျင့်လမ်းကို ကျင့်နေသည်မည်ပါတယ်၊ အဲဒီလိုကျင့်နေရင် နယ်ချဲ့ပပဥ္စတရားတွေ ချုပ်ငြိမ်းရာ နိဗ္ဗာန်ကို ရောက်ပါတယ်တဲ့။

## သိကြားမင်းသောတာပန်ဖြစ်ပြီး စုတေ၍ သိကြား အသစ်တစ်ဖန်ဖြစ်သည်

သိကြားမင်းဟာ အဲဒီတရားကို နာနေရင်း ထိုအခိုက်မှာ မြင်ရ, ကြားရ, ကြံသိရ, ကြည်ညိုရ, ဝမ်းမြောက်ရမှု စသည်ကိုရှုပြီး မှီဝဲသင့်တဲ့ ဝိပဿနာသောမနဿ,ဥပေက္ခာ ဝေဒနာတွေကို ဖြစ်စေလျက် မှီဝဲခြင်းဖြင့် သင်္ခါရုပေက္ခာ အနုလောမဉာဏ်အထိ ဝိပဿနာဉာဏ်တွေကို ဖြစ်စေပြီး သောတာပတ္တိမဂ်ဖိုလ်ဉာဏ်သို့ ရောက်လျက် သောတာပန် ဖြစ်သွားပါသတဲ့၊ သောတာပန်လဲဖြစ်ပြီးရော စုတိစိတ်လဲ ကျပြီးတော့ ပဋိသန္ဓေဝိညာဉ်စသော နာမ်ရုပ်အသစ်များဖြစ်ပေါ်ပြီး သိကြားမင်းအသစ်လဲ ဖြစ်သွားပါသတဲ့။

မြတ်စွာဘုရားရှင်ကတော့ ဒီဒေသနာကို အရဟတ္တဖိုလ်အထိ ရောက်နိုင်အောင် ဟောတော်မူတာပါပဲ၊ ဒါပေမယ့် တရားနာသူတွေမှာတော့ သူ့ပါရမီ အခြေခံရှိသလောက်ပဲ ရောက်ကြတယ်၊ ဒါကြောင့် သိကြားမင်းဟာလဲ သောတာပတ္တိဖိုလ်လောက်သာရောက်ပြီး သောတာပန် ဖြစ်သွားတယ်၊ သောတာပန်ဖြစ်ပြီးတော့ ဘဝဟောင်းမှ စုတေပြီး သိကြားမင်း

http://www.dhammadownload.com



အခြေအနေအတိုင်းပင် ဘဝသစ် ပြန်ဖြစ်သွားတယ်၊ အဲဒီလို ဘဝဟောင်း ဘဝသစ် ပြောင်းလဲပုံကို အခြားနတ်တွေက မသိကြဘူး၊ သိကြားမင်းနှင့် မြတ်စွာဘုရားသာ သိပါသတဲ့။

လူများမှာ သေလုနီးပါး ဖြစ်နေတဲ့ ရောဂါဝေဒနာကို ဆေးကုလို့ အဆင်သင့်ရင် သက်သာတတ် ပျောက်တတ်သလိုပင်၊ နတ်များမှာ သေခါနီး တရားနာတာဟာ အကျိုးများပါတယ်တဲ့၊ ယခု သိကြားမင်းမှာ တရားနာလို့ အကျိုးများပုံကိုသာ ကြည့်ပေတော့၊ သိကြားမင်းဟာ မူလက စုတေရမည့်အရေးကို မျှော်တွေးပြီး အကြီးအကျယ် စိတ်ဆင်းရဲနေရတယ်၊ ယခုတော့ တရားနာနေရင်း သောတာပန်လဲ ဖြစ်သွားတယ်၊ စုတေပြီးတော့ သူ့အလိုရှိတဲ့အတိုင်း သိကြားမင်းလဲ တစ်ဖန်ပြန်ဖြစ်သွားတယ်၊ ဒါဟာ တရားနာလို့ရတဲ့ အကျိုးပဲ။

တရားနာရင်း သောတာပန် ဖြစ်ပုံကတော့ ခုတင်က ပြောခဲ့တဲ့အတိုင်း ထိုအခိုက်မှာ ထင်ရှားပေါ်နေတဲ့ မြင်မှု၊ ကြားမှု၊ မြင်သိမှု၊ ကြည်ညိုဝမ်းမြောက်မှု စသည်ကို ရှုမှတ်ပြီး ဖြစ်သွားတယ်လို့ မှတ်ယူရမှာပဲ၊ အဲဒီအထဲမှာ ကြည်ညိုပြီး ဝမ်းမြောက်တာကို ရှုသိတာက သောတာပန်ဖြစ်ရန် အနီးစပ်ဆုံးပါပဲ၊ သီဟိုဠ်ကျွန်း၌ ဖုဿဒေဝမထေရ်ဆိုတာ မာရ်နတ်က ဖန်ဆင်းပြတဲ့ ဘုရားရုပ်ပုံတော်ကို မြင်ရတာနဲ့ ဝမ်းမြောက်မှု ပီတိဖြစ်ပြီးတော့ အဲဒီပီတိကို ရှုသိ၍ ရဟန္တာ ဖြစ်သွားတယ်၊ နောက်ပြီးတော့ သီရိမ္ဗာသောကမင်းကြီး၏ မိဖုရားကြီးဖြစ်တဲ့

http://www.dhammadownload.com



အသန္တိမိတ္တာ(အသန္တိနိမိတ္တာ,လို့လဲ အချို့ ပါဌ်ရှိ၏၊ သာ၍သင့်ပေ၏။) ဆိုတာလဲ မြတ်စွာဘုရား၏ အသံတော်နှင့် တူတယ်ဆိုတဲ့ ကရဝိက်ငှက်အသံကို ကြားရတာနဲ့ မြတ်စွာဘုရား၏ အသံတော်ဂုဏ်ကို ကြည်ညိုပြီး ပီတိဖြစ်တယ်၊ အဲဒီပီတိကို ရှုသိပြီး သောတာပန် ဖြစ်သွားတယ်၊ အဲဒီလို ပီတိကိုရှုပြီး တရားထူးရနိုင်ကြောင်းကို အဋ္ဌကထာမှာ ဒီလိုပြဆိုထားပါတယ်။

## ပီတိကိုရှု၍ ရဟန္တာအထိ ဖြစ်နိုင်ကြောင်း

စေတိယံ ဝါ ဗောဓိံ ဝါ ဒိသွာပိ–စေတီတော်ကိုဖြစ်စေ, ဗောဓိပင်ကိုဖြစ်စေ ဖူးမြင်၍သော်လည်း၊ (ဘုရားကိုယ်တော်တိုင်ကို ဖူးမြင်ရရင်တော့ အထူးပြောစရာ မလိုပါဘူးလို့ ဆိုလိုတယ်) ဗုဒ္ဓါရမ္မဏံ ပီတိံ ဥပ္ပါဒေတွာ–ဘုရားလျှင် အာရုံရှိသော ဝမ်းမြောက်မှု ပီတိကိုဖြစ်စေပြီးလျှင်၊ သံဃဒဿနေန သံဃာရမ္မဏံပီတိံဥပ္ပါဒေတွာ–သံဃာတော်ကို ဖူးမြင်ရသဖြင့် သံဃာလျှင် အာရုံရှိသော ဝမ်းမြောက်မှုပီတိကို ဖြစ်စေပြီးလျှင်၊ တဒေဝ–ထိုပီတိကိုပင်လျှင်၊ ခယတော ဝယတော–ကုန်သွားသည် ပျောက်ပျက်သွားသည်ဟု–သမ္မသန္တော–ရှုမြင်သုံးသပ်လျက်၊ အရဟတ္တံ ပါပုဏာတိ–အရဟတ္တဖိုလ်သို့ ရောက်တတ်ပါသည်တဲ့။

အဲဒါဟာ ဘုရားဂုဏ်, သံဃာဂုဏ်ကို အာရုံပြုပြီး ဖြစ်ပေါ်တဲ့ ကြည်ညိုဝမ်းမြောက်မှုကို, ဝမ်းမြောက်တယ်လို့, ဝမ်းမြောက်တယ်လို့ ရှုတိုင်း ရှုတိုင်း ကုန်ကုန် ပျက်ပျက်သွားတာကို တွေ့မြင်ပြီး အာရဟတ္တဖိုလ်အထိ ရောက်နိုင်တာကို ပြတာပါပဲ၊

http://www.dhammadownload.com



ထို့အတူပင် မိမိ၏ ဒါန,သီလများကို ဆင်ခြင်ပြီး ဖြစ်လာတဲ့ ပီတိကို သတိပဋ္ဌာန်ရှုမှတ်နည်း အရ ဝမ်းမြေ ာ်တယ် ဝမ်းမြောက်တယ်လို့ ရှုမှတ်ရင်လဲ ရှုမှတ်တိုင်း ကုန်ဆုံးပျောက်ကွယ်သွားတာကို တွေ့သိပြီး အရိယာမဂ်ဖိုလ်သို့ ရောက်နိုင်တယ်ဆို တာကိုလဲ အထူးသတိပြုပြီး မှတ်သားထားကြ ရမယ်၊ အဲဒီလို ကုသိုလ်ဆိုင်ရာ ပီတိဖြစ်တိုင်း ရှုမှတ်ဖို့လဲ အထူးသတိပြုကြရမယ်။

သိကြားမင်းဟာ မိုဝဲသင့်တာကို မိုဝဲရမည့် အကြောင်းသိနားလည်ပြီး မိုဝဲသင့်တဲ့ ဝိပဿနာ သောမနဿနှင့် ဥပေက္ခာကို ဖြစ်စေလျက် မိုဝဲပြီးတော့ သောတာပတ္တိမဂ်ဖိုလ်ဉာဏ်ရောက်ပြီး သောတာပန် ဖြစ်သွားတယ်၊ အဲဒီတော့ သက္ကာယဒိဋ္ဌိနှင့် ဝိစိကိစ္ဆာ ဆိုတာ လုံးဝကင်းသွားတယ်၊ ဒါကြောင့် ပပဉ္စချုပ်ရာ နိဗ္ဗာန်သို့ ရောက်ပုံတရားကို ကြားနာပြီးတော့ ဒီလိုလျှောက်ထားပါတယ်။

ဘဂဝါ–မြတ်စွာဘုရား၊ ဧဝံ–ပပဉ္စသညာအစု ချုပ်ငြိမ်းရာ နိဗ္ဗာန်သို့ရောက်ကြောင်း အကျင့်ကို ဟောပြသော ဤစကားသည်၊ ဧဝံ–မိုဝဲသင့်သည့် မိုဝဲရန်ဟောပြသည့် ဤအတိုင်းပင် မှန်ပါပေသည်ဘုရား၊ သုဂတာ–အကျိုးရှိဟုတ်မှန်နှစ်တန်သော စကားကောင်းကို မြွက်ဆိုတော်မူသော မြတ်စွာဘုရား၊ ဧတံ–ဤစကားသည်၊ ဧဝံ–ဤအတိုင်းပင် မှန်ပေသည်ဘုရား၊ ဘဂဝတော–မြတ်စွာဘုရား၏၊ ပဉှဝေယျာကရဏံ–ပြဿနာ အဖြေတော်ကို၊ သုတွာ–ကြားနာရ၍၊ မေ–ဘုရား

http://www.dhammadownload.com



တပည့်တော်သည်၊ တွေ့–ပပဥ္စသညာအစုချုပ်ရာ နိဗ္ဗာန်သို့ ရောက်အောင် ဘယ်လိုကျင့်ရပါသနည်းဟူသော ဤမေးခွန်းပြဿနာ၌၊ ကင်္ခါ–ယုံမှားကို၊ တိဏ္ဏာ–လွန်မြောက်အပ်ပါပြီ၊ ဝိဂတာကထံကထာ–ယုံမှားကင်းသွားပါပြီတဲ့။

ရှေးရှေးပြဿနာ အဖြေများကို ကြားနာပြီး ယုံမှားကင်းကြောင်း လျှောက်ထားခဲ့တာတွေလဲ ရှိပါတယ်၊ အဲဒါတွေကတော့ သုတမယ စိန္တာမယ အနုမာနဉာဏ်ဖြင့် ယုံမှားကင်းပုံကို လျှောက်ခဲ့တာတွေပါပဲ၊ ယခု ယုံမှားကင်းပုံကတော့ သောတာပန်ဖြစ်တဲ့အတွက် ကိုယ်ပိုင်ဉာဏ်ဖြင့်ပင် တွေ့ရ သိရပြီး ယုံမှားမှုလုံးဝကင်းပုံကို လျှောက်တာပါ၊ ဒီလို ထူးခြားပါတယ်။

အဲဒီလို ကိုယ်တိုင်တွေ့အားဖြင့် မြတ်စွာဘုရား၏ ဖြေကြားတော်မူချက်၌ ယုံမှားလုံးဝကင်းပြီး သဘောကျနားလည်ကြောင်း ဝန်ခံပြီးတော့ သိကြားမင်းက ပဋိပတ်၏ မူလအခြေခံဖြစ်တဲ့ သီလအကြောင်းကို ဒီလိုမေးလျှောက်ပြန်ပါတယ်။

## ပါတိမောက္ခသံဝရသီလ

မာရိသ–မြတ်စွာဘုရား၊ ကထံ ပဋိပန္နော–အဘယ်သို့ကျင့်လျှင်၊ ဘိက္ခု–ရဟန်းသည်၊ ပါတိမောက္ခသံဝရာယ–စောင့်သူကို အပါယ်စသည်မှ လွတ်စေတဲ့ ပါတိမောက်သီလဖြင့် အကုသိုလ်ကို ပိတ်ဆို့စောင့်စည်းရန် အလို့ငှာ၊ ပဋိ ပန္နော ဟောတိ–ကျင့်သူဖြစ်ပါသနည်းတဲ့၊ ဒီလိုမေးလျှောက်ပါတယ်၊ အဲဒါကို မြတ်စွာဘုရားရှင်က ဒီလို ဖြေကြားတော်မူပါတယ်။

http://www.dhammadownload.com



ဒေဝါနမိန္ဒ–သိကြားမင်း၊ အဟံ–ငါသည်၊ ကာယသမာစာရံပိ–ကိုယ်ဖြင့်ပြုလုပ်မှု အကျင့်ကိုလည်း၊ ဒုဝိ ဓေန–နှစ်ပါး အပြားအားဖြင့်၊ ဝဒါမိ–ဟောသည်၊ သေဝိတဗ္ဗံပိ– မှီဝဲအပ်သည်ကိုလဲ ဟောသည်၊ အသေဝိတဗ္ဗံပိ–မမှီဝဲအပ်သည်ကိုလဲ ဟောသည်။

အဟံ–ငါသည်၊ ဝစီသမာစာရံပိ–နှုတ်ဖြင့် ပြောဆိုမှု အကျင့်ကိုလည်း၊ ဒုဝိဓေန–နှစ်ပါး အပြားအားဖြင့်၊ ဝဒါမိ–ဟောသည်၊ သေဝိတဗ္ဗံပိ–မှီဝဲအပ်သည်ကိုလဲ ဟောသည်၊ အသေဝိတဗ္ဗံပိ–မမှီဝဲအပ်သည်ကိုလဲ ဟောသည်။

အဟံ–ငါသည်၊ ပရိယေသနံပိ–ပစ္စည်းရှာမှုကိုလည်း၊ ဒုဝိဓေန–နှစ်ပါးအပြားဖြင့်၊ ဝဒါမိ–ဟောသည်၊ သေဝိတဗ္ဗံပိ–မှီဝဲအပ်သည်ကိုလဲ ဟောသည်၊ အသေဝိဗ္ဗံပိ–မမှီဝဲအပ်သည်ကိုလဲ ဟောသည်တဲ့။

ဒါက အကျဉ်းချုပ်ပဲ၊ အဲဒီကနောက် အကျယ်ကိုလဲ ဝေဒနာသုံးပါးတုန်းကလိုပင် အကုသိုလ်ပွားကြောင်း ကိုယ်အမှု နှုတ်အမှု ရှာမှီးမှုများကို မမှီဝဲအပ်ကြောင်း၊ ကုသိုလ်ပွားကြောင်း ကိုယ်အမှု နှုတ်အမှု ရှာမှီးမှုများကို မှီဝဲအပ်ကြောင်း ဖွင့်ပြပြီး တော့လဲ ဟောတော်မူပါတယ်။

အဲဒီအမေးအဖြေ နှစ်ရပ်အတွက် ဆောင်ပုဒ်များ စီထားတာရှိတယ်၊ လိုက်ဆိုကြရမယ်။

ပါတိမောက္ခ၊ သံဝရ၊ ကျင့်ရ ဘယ်သို့နည်း။

http://www.dhammadownload.com



အဲဒါကတော့ သိကြားမင်းက မေးပုံပဲ၊ မြတ်စွာဘုရားရှင်က ဖြေပုံများကိုလဲ ဆိုကြရမယ်။

မှီသင့်တစ်ခု၊ မသင့်ဟု၊ ကိုယ်မှု နှစ်မျိုးတည်း။

ကိုယ်ဖြင့်ပြုတဲ့ အမှုအကျင့်ဟာ နှစ်မျိုးရှိသတဲ့၊ ဝေဒနာတုန်းကလိုပါပဲ၊ အကုသိုလ် ဖြစ်ပွားကြောင်း အမှုကို မမှီဝဲရမပြုရဘူး၊ ကြဉ်ရှောင်ရမယ်၊ ကုသိုလ်ဖြစ်ပွားကြောင်း အမှုကိုတော့ မှီဝဲရမယ်၊ ပြုလုပ်ရမယ်တဲ့၊ အဲဒီမှာ မမှီဝဲသင့်တဲ့ အကုသိုလ်ပွားကြောင်း ကိုယ်အမှုဆိုတာက ဘာတွေလဲဆိုရင် (၁) သူတစ်ပါးအသက်ကို သတ်ခြင်း၊ (၂) သူတစ်ပါးဥစ္စာကို လုယက် ခိုးယူခြင်း၊ (၃) မပိုင်မဆိုင်သော အမ အဖိုတို့နှင့် မေထုန်အမှုကျူးလွန်ခြင်း ဆိုတဲ့ ဒီကာယဒုစရိုက် သုံးပါး ပါပဲ၊ မှီဝဲသင့်တဲ့ ကုသိုလ်ပွားကြောင်း ကိုယ်အမှုဆိုတာက ဘာတွေလဲဆိုရင် (၁) သတ်မှုမှ ရှောင်ကြဉ်ခြင်း၊ (၂) လုယက်ခိုးယူမှုမှ ကြဉ်ရှောင်ခြင်း၊ (၃) မပိုင်မဆိုင်တဲ့ မေထုန်မှုမှ ကြဉ်ရှောင်ခြင်း ဆိုတဲ့ ဒီကာယသုစရိုက် သုံးပါးပါပဲ၊ ဒါက လူဝတ်ကြောင်များအတွက် ကိုယ်အကျင့်သီလဆိုင်ရာ မမှီဝဲသင့်တာနဲ့ မှီဝဲသင့်တာတွေပါပဲ၊ ရဟန်းများအတွက် ဆိုရင်တော့ ဝိနည်းသိက္ခာပုဒ်များအရ မပြုသင့် မမှီဝဲသင့်တာတွေ၊ ပြုသင့် မှီဝဲသင့်တာတွေ များစွာရှိလေသေးတယ်။

နောက်ပြီးတော့ နှုတ်ဖြင့် မပြောသင့်တာ ပြောသင့်တာတွေကိုလဲ ကိုယ်အမှုလိုပင် မှီဝဲသင့် မမှီဝဲသင့် အားဖြင့် နှစ်မျိုး

http://www.dhammadownload.com



ပင် ခွဲခြားပြီး ဟောတော်မူပါတယ်၊ အဲဒီ ဆောင်ပုဒ်ကို ဆိုကြရမယ်။

နှုတ်မှုထို့တူ, သက်မွေးမြူ, နည်းတူ နှစ်မျိုးတည်း။

နှုတ်ဖြင့် ပြောဆိုမှုကိုလဲ မှီဝဲသင့်တာနဲ့ မမှီဝဲ သင့်တာလို့ နှစ်မျိုးခွဲခြားပြီး ဟောထားတယ်၊ အသက်မွေးမှုဆိုတဲ့ ပစ္စည်းရှာမှုကိုလဲ မှီဝဲသင့်တာနဲ့ မမှီဝဲသင့်တာလို့ နှစ်မျိုးပင် ခွဲခြားပြီး ဟောထားတယ်၊ အဲဒီမှာ မမှီဝဲသင့်တဲ့ နှုတ်အမှုဆိုတာက ဘာတွေလဲဆိုရင် (၁) လိမ်ပြောခြင်း၊ (၂) ကုန်းတိုက်ခြင်း၊ (၃) ဆဲဆိုခြင်း၊ (၄) အနှစ်မဲ့ အကျိုးမဲ့ စကားကို ပြောဆိုခြင်း ဆိုတဲ့ ဒီဝစီဒုစရိုက် လေးပါးပါပဲ၊ မှီဝဲသင့်တဲ့ နှုတ်အမှု ဆိုတာကတော့ အဲဒီ ဒီဝစီဒုစရိုက် လေးပါးမှ ကြဉ်ရှောင်တာပါပဲ၊ ဒါတွေဟာ လူဝတ်ကြောင်များအတွက် နှုတ်အကျင့်သီလ ဆိုင်ရာ မမှီဝဲသင့်တာနဲ့ မှီဝဲသင့်တာတွေပါပဲ၊ ရဟန်းများအတွက် ဆိုရင်တော့ ဝိနည်း သိက္ခာပုဒ်များအရ မပြောသင့် မမှီဝဲသင့်တာတွေ၊ ပြောသင့်မှီဝဲသင့် တာတွေ များစွာရှိပါသေးတယ်။

နောက်ပြီးတော့ အသက်မွေးမှု ပစ္စည်းရှာမှုမှာလဲ မမှီဝဲသင့် မပြုသင့်တာတွေက သတ်ခြင်း, ခိုးခြင်း စသော ကာယ ဒုစရိုက်ဆိုင်ရာ သုံးပါးဖြင့် ပစ္စည်းရှာမှု၊ လိမ်ခြင်းစသော ဝစီဒုစရိုက်ဆိုင်ရာ လေးပါးဖြင့် ပစ္စည်းရှာမှု ဆိုတာတွေပါပဲ၊ မှီဝဲသင့်တဲ့ ပစ္စည်းရှာမှု, အသက်မွေးမှု ဆိုတာကတော့ အဲဒီ ကာယဒုစရိုက် ဝစီဒုစရိုက်ဆိုင်ရာ မမှီဝဲသင့်တာတွေကို ကြဉ်

http://www.dhammadownload.com



ရှောင်ပြီး တရားသဖြင့်ရှာလို့ ရလာတဲ့ပစ္စည်းကို သုံးဆောင်လျက် အသက်မွေးတာပါပဲ၊ ဒါလောက်ဆိုရင် လူဝတ်ကြောင်များ အတွက် ပစ္စည်းရှာမှု၊ အသက်မွေးမှု စင်ကြယ်ပါပြီ၊ ရဟန်းများ အတွက် ကတော့ ဝိနည်းသိက္ခာပုဒ်များအရ ရှောင်ကြဉ်သင့် တာတွေများစွာ ရှိပါသေးတယ်။

ယခုပြောခဲ့တဲ့အတိုင်း မပြုသင့်၊ မပြောသင့်၊ မရှာသင့် တာတွေကို ကြဉ်ရှောင်ပြီးတော့ ပြုသင့် ပြောသင့်၊ ရှာသင့်တဲ့ အမှုများကိုသာ ပြုလုပ် ပြောဆို ရှာမှီးနေရင် ပါတိမောက်သီလ ပြည့်စုံစင်ကြယ်တော့တာပါပဲ၊ အဲဒါနဲ့ဆိုင်တဲ့ ဆောင်ပုဒ်ကိုလဲ ဆိုကြရမယ်။

မမှီသင့်ပယ်၊ သီလနယ်၊ စင်ကြယ်ပါသတည်း။

အတိုချုပ် ပြောရရင်တော့ လူဝတ်ကြောင်များမှာ ငါးပါး သီလကို ရိုရိုသေသေ စောင့်ထိန်းနေရင် ပါတိမောက်သီလ ပြည့်စုံစင်ကြယ်တော့တာပဲ၊ အဲဒီမှာ မေးစရာတော့ ရှိပါသေး တယ်၊ ငါးပါးသီလ ဆောက်တည်ရာမှာ ဝစီဒုစရိုက် လေးပါး ထဲက မုသာဝါဒ-လိမ်ပြောခြင်းမှ ရှောင်ကြဉ်တာသာ ပါတယ်၊ ကျန်တဲ့ ဝစီဒုစရိုက် သုံးပါးမှ ကြဉ်ရှောင်ဖို့ မပါဘူး၊ နောက် ပြီးတော့ မိစ္ဆာအာဇီဝမှ ကြဉ်ရှောင်ဖို့လဲ မပါဘူး၊ ဒါကြောင့် အဲဒီ မပါတဲ့ကျင့်ဝတ်များအတွက် သီလမပြည့်စုံဘဲ ရှိမနေပေ ဘူးလားလို့ မေးစရာရှိပါတယ်၊ အဖြေကတော့ -

လိမ်ပြောမှု မုသာဝါဒမှ ကြဉ်ရှောင်ရင် ကျန်တဲ့ ဝစီဒု

http://www.dhammadownload.com



စရိုက် သုံးပါးမှလဲ ကြဉ်ရှောင်ရတာပါပဲ၊ ကြဉ်ရှောင်ရပုံကတော့ သမ္ဖပ္ပလာပ–အနှစ်မဲ့စကားဆိုတာ အဟုတ်အမှန် မရှိတဲ့ အကြောင်းအရာကို အဟုတ်ရှိသလို ပြောဆိုတာပဲ၊ ဒီတော့ မုသာဝါဒဆိုတဲ့ လိမ်ပြောမှုထဲမှာ ပါဝင်သွားပါတယ်၊ ဒါကြောင့် လိမ်မပြောဘူးဆိုရင် သမ္ဖပ္ပလာပဆိုတဲ့ အနှစ်မဲ့ စကားကိုလဲ မပြောဘဲ ကြဉ်ရှောင်ရတာပါပဲ၊ ပိသုဏာဝါစာ– ကုန်းတိုက် တယ်ဆိုတာလဲ မဟုတ်မမှန်တာကိုပြောပြီး ကုန်း တိုက်ရတာကပဲ များပါတယ်၊ ဖရုသဝါစာ–ကြမ်းတမ်းသော စကားကို ပြောဆို တယ်ဆိုတာကလဲ မဟုတ်မမှန်တဲ့ အပြစ်ဖြင့် နှိမ်ချပြီး ဆဲဆိုရတာပဲ များပါတယ်၊ ဒါကြောင့် မဟုတ်တာကို မပြောဘူးဆိုရင် အဲဒီ မဟုတ်တာနဲ့ ကုန်းတိုက်ခြင်း, မဟုတ်တာနဲ့ ဆဲဆိုခြင်းကိုလဲ ကြဉ်ရှောင်ရတာပါပဲ၊ နောက်ပြီးတော့ လိမ်မပြောတဲ့ သူတော် ကောင်းဟာ အဲဒီကုန်းတိုက်ခြင်း, ဆဲဆိုခြင်း ဆိုတဲ့ သူယုတ်မာ အကျင့်ကိုလဲ ကြဉ်ရှောင် သင့်တာပါပဲ၊ ဒါကြောင့် လိမ်ပြောခြင်းမှ ကြဉ်ရှောင်ပါ၏လို့ ဆောက်တည်တဲ့ သူဟာ ကျန်တဲ့ ဝစီဒုစရိုက် သုံးပါးမှလဲ ကြဉ်ရှောင်ရတာပါပဲ၊ မိစ္ဆာအာဇီဝမှ ကြဉ်ရှောင် တာကတော့ သတ်ခြင်းစသည်မှ ကြဉ်ရှောင်တာထဲမှာ သူ့အလိုလို ပါဝင်သွားပါတယ်၊ ဘာကြောင့်လဲဆိုတော့ သတ်ခြင်းမှ ကြဉ်ရှောင် ရင် အသက်မွေးဝမ်းကျောင်းအတွက် သတ်ခြင်းရော, အသက် မွေးဝမ်းကျောင်း မဟုတ်တဲ့ သတ်ခြင်းရော, သတ်ခြင်းဟူသမျှ အားလုံးမှ ကြဉ်ရှောင်ရတာပဲ၊ ခိုးခြင်းစသည်မှ ကြဉ်ရှောင်ရာ

http://www.dhammadownload.com



တွေမှာလဲ နည်းတူပါပဲ၊ အသက်မွေးမှုနှင့် ဆိုင်သည်ဖြစ်စေ, မဆိုင်သည်ဖြစ်စေ ခိုးမှုဟူသမျှ၊ မတရားကျင့်မှု ဟူသမျှ၊ လိမ်မှုဟူသမျှ အားလုံးမှ ကြဉ်ရှောင်ရတာချည်းပါပဲ၊ ဒါကြောင့် ပါဏာတိပါတာ ဝေရမဏိသိက္ခာပဒံ သမာဒိယာမိ–စသည်ဖြင့် ငါးပါးသီလကို ဆောက်တည်ပြီး ရိုးရိုးသေသေ ကျင့်နေရင် မမှီဝဲသင့်တဲ့ ဒုစရိုက် ဟူသမျှ မတရားပစ္စည်းရှာမှု ဟူသမျှတို့မှ အကုန်လုံး ကင်းရှင်းပြီး သီလပြည့်စုံ စင်ကြယ်တော့တာပဲ။

ယခုပြောခဲ့တာလောက်ဆိုရင် လူဝတ်ကြောင်များ အတွက် ပါတိမောက်သီလကတော့ အကျဉ်းချုပ်အားဖြင့် ပြည့်စုံပြီလို့ ဆိုရမှာပဲ၊ အသေးစိတ် အကျယ်ချဲ့ ပြောစရာ တွေကတော့ ရှိပါသေးတယ်၊ ရဟန်းများအတွက် ပါတိမောက်သီလ အကြောင်းကို တရားဟောစဉ်က သာမညဖလသုတ် စသည်မှာ ထုတ်ဆောင်ပြီး လူများကျင့်စရာတွေရော ဖော်ပြပြီး ဟောခဲ့တယ်၊ လက်နှိပ်စက်နဲ့ ရိုက်ထားတာ စာမျက်နှာ ငါးဆယ်ကျော် ရှိပါတယ်၊ မှတ်သားစရာ အင်မတန်ကောင်းပါတယ်၊ ဒါပေမယ့် ဒီနေရာမှာ ဖော်ပြရရင် ကျမ်းစာအုပ်က အလွန်ကြီးသွားမှာ ကြောင့် အဲဒါ တွေကို ဒီမှာမပြတော့ဘဲ ချန်ထားလိုက်ပါတယ်၊ နောင်အကြောင်း ညီညွတ်ရင် သီလကျင့်ဝတ်အနေနဲ့ ထုတ်ဖော်ပြီးပြဖို့ စဉ်းစားထားပါတယ်၊ ပါတိမောက်သီလအကြောင်း ဖြေကြားချက်ကို ကြားနာပြီးတော့ သိကြားမင်းက ဣန္ဒြိယသီလ အကြောင်းကို ဒီလို မေးလျှောက်ပါတယ်။

http://www.dhammadownload.com



## ဣန္ဒြိယသံဝရသီလ

မာရိသ–မြတ်စွာဘုရား၊ ကထံပဋိပန္နော– အဘယ်သို့ ကျင့်လျှင်၊ ဝါ–အဘယ်သို့ကျင့်သော၊ ဘိက္ခု–ရဟန်းသည်၊ ဣန္ဒြိယသံဝရာယ–ဣန္ဒြေတို့ကို ပိတ်ဆို့စောင့်ထိန်းရန် အလို့ ငှာ၊ ပဋိပန္နောဟောတိ–ကျင့်သူဖြစ်ပါသနည်းတဲ့၊ ဣန္ဒြိယ သံဝရဆိုတဲ့ သီလကို ဘယ်လိုကျင့်ရပါသလဲလို့ မေးတာပါပဲ၊ အဲဒါကို မြတ်စွာဘုရားရှင်က ဒီလို ဖြေရှင်းဟောတော်မူပါတယ်။

ဒေဝါနမိန္ဒ–သိကြားမင်း၊ စက္ခုဝိညေယျံ ရူပံပိ–မျက်စိဖြင့် မြင်သိရသော အဆင်းကိုလည်း၊ ဒုဝိဓေန အဟံ ဝဒါမိ–နှစ်ပါး အပြားအားဖြင့် ငါ ဟောသည်။ သေဝိတဗ္ဗံပိ– မှီဝဲအပ်သည် ကိုလဲ ဟောသည်။ အသေဝိတဗ္ဗံပိ–မမှီဝဲအပ်သည်ကိုလဲ ဟော သည်တဲ့၊ မျက်စိဖြင့် မြင်ရတဲ့ အဆင်းကိုလဲ မှီဝဲသင့်တာနဲ့ မမှီဝဲသင့်တာလို့ နှစ်မျိုးဟောပါတယ်တဲ့။

ထို့အတူပင် နားဖြင့် ကြားရတဲ့ အသံ၊ နှာခေါင်းဖြင့် နံရ တဲ့အနံ့၊ လျှာဖြင့် စားသိရတဲ့ အရသာ၊ ကိုယ်ဖြင့် ထိသိရတဲ့ အတွေ့၊ စိတ်ဖြင့် ကြံသိရတဲ့ သဘောအာရုံ ဆိုတာတွေကိုလဲ မှီဝဲသင့်တာနဲ့ မမှီဝဲသင့်တာလို့ နှစ်မျိုးပင် ခွဲခြားပြီး ဟောပါ တယ်တဲ့။

ရှေ့နားမှာ ပါတိမောက်သီလ ဟောတုန်းကလဲ ကိုယ် အမှု နှုတ်အပြော ရှာမှီးမှု ဆိုတာတွေကို မှီဝဲသင့်တာ မမှီဝဲ သင့်တာလို့ နှစ်မျိုးစီ ခွဲခြားပြီး ဟောတယ်လို့ ဆိုခဲ့တယ်၊

http://www.dhammadownload.com



ပပဉ္စသညာအစုချုပ်ရာ နိဗ္ဗာန်ရောက်အောင် ဝိပဿနာကျင့်ပုံကိုလဲ သောမနဿ ဒေါမနဿ, ဥပေက္ခာဆိုတဲ့ ဝေဒနာသုံးပါးကို မှီဝဲသင့်တာနဲ့ မမှီဝဲသင့်တာလို့ နှစ်မျိုးစီး ခွဲခြားပြီး ဟောတယ်လို့ ဆိုခဲ့တယ်၊ ယခု ဣန္ဒြေစောင့်စည်းပုံကိုလဲ အာရုံခြောက်ပါးကို မှီဝဲသင့် မမှီဝဲသင့် နှစ်မျိုးခွဲခြားပြီး ဟောတယ်လို့ပဲ ပြဆိုပါတယ်၊ အားလုံး တစ်ပုံစံတည်းပဲ၊ မှတ်လို့တော့ လွယ်ပါတယ်၊ ဒါပေမယ့် စနစ်တကျလေ့ကျင့်ပုံကို သိဖို့ကတော့ တယ်မလွယ်လှဘူး၊ ခပ်ခက်ခက်ပဲ၊ သိကြားမင်းကတော့ ဉာဏ်ထက်တဲ့ ပုဂ္ဂိုလ်မို့ ကျင့်ပုံကိုလဲ သဘောပေါက် သိနားလည်ပါတယ်၊ အဲဒီလို သိနားလည်နိုင်တဲ့အတွက် ဒီလိုတစ်ပုံစံတည်း ဟောတော်မူတာပါပဲ၊ အဲဒီ အမေးနဲ့ အဖြေ နှပ်ရပ်အတွက် ဆောင်ပုဒ်များကို ဆိုကြရမယ်။

ဣန္ဒြိယ၊ သံဝရ၊ သူက ဘယ်သို့နည်း။

ဒါက သိကြားမင်းမေးပုံပဲ၊ ဣန္ဒြိယ–ဣန္ဒြေဆိုတာ အစိုးရတယ်လို့ အနက်ရှိတယ်၊ အဲဒီ ဣန္ဒြေက မျက်စိ, နား, နှာခေါင်း, လျှာ, ကိုယ်အကြည်ရုပ်, စိတ်နှလုံးအားဖြင့် ခြောက်ပါးရှိပါတယ်၊ မျက်စိက မြင်မှုကို အစိုးရတယ်၊ မျက်စိကောင်းရင် ကောင်းသလောက် အမြင်သန်တယ်၊ မျက်စိက မကောင်းရင်တော့ အမြင်အားနည်းတယ်၊ အဲဒါဟာ မြင်မှု၌ မျက်စိက အစိုးရပုံပဲ၊ ထို့အတူပင် နားက ကြားမှုကို အစိုးရတယ်၊ နှာခေါင်းက နံသိမှုကို အစိုးရတယ်၊ လျှာက အရသာသိမှုကို အစိုးရတယ်၊

http://www.dhammadownload.com



ကိုယ်အကြည်ရုပ်က ထိသိမှုကို အစိုးရတယ်၊ စိတ်နှလုံးက ကြံသိမှုကို အစိုးရတယ်၊ ဒါကြောင့် အဲဒီ မျက်စိစသော ဒွါရ ခြောက်ပါးကို ဣန္ဒြိယ–ဣန္ဒြေလို့ ခေါ်တယ်၊ အဲဒီ ဣန္ဒြေ ခြောက်ပါးကို ဘယ်လို စောင့်ထိန်းရသလဲလို့ မေးလျှောက် တာပါပဲ။

အာရုံခြောက်ရပ်၊ မှီဝဲအပ်၊ ပယ်အပ် ကွဲသတည်း။

ဒါက မြတ်စွာဘုရား ဖြေရှင်းဟောကြားပုံ အကျဉ်းချုပ်ပဲ၊ မြင်ရတဲ့ အဆင်းစသော အာရုံ ခြောက်ပါးကို မှီဝဲအပ်တာနဲ့ မမှီဝဲ အပ်တာ၊ ပယ်အပ်တာလို့ ဒီလို နှစ်ပါး ကွဲတယ်လို့ ဆိုလို ပါတယ်၊ အဲဒီနှစ်ပါး နှစ်ပါးထဲက မှီဝဲသင့်တာ မှီဝဲရမယ်၊ မမှီဝဲအပ်တာ ပယ်ရမယ်၊ ဒီလိုကျင့်ရင် မျက်စိစသော ဣန္ဒြေ ခြောက်ပါးကို စောင့်ထိန်းခြင်းကိစ္စ ပြီးတော့တာပါပဲ၊ အဲဒါနဲ့ ဆိုင်တဲ့ ဆောင်ပုဒ်ကို ဆိုကြရမယ်။

သင့်ရာမှီတွယ်၊ မသင့်ပယ်၊ စောင့်ဖွယ်ကိစ္စပြီး။

ယခုပြောခဲ့တဲ့အတိုင်း အာရုံ ခြောက်ပါးကို မှီဝဲသင့် မမှီဝဲ သင့်အားဖြင့် နှစ်ပါးစီခွဲခြားဟောတယ်ဆိုတဲ့ အကျဉ်းချုပ် အဖြေကို ကြားနာရတော့ သိကြားမင်က နည်းမှီပြီး သဘော ပေါက်သောကြောင့် ဒီလို လျှောက်တယ်။

မြတ်စွာဘုရား အကျဉ်းချုပ်အားဖြင့် ဟောတော်မူတဲ့ ဒီစကားတော်ကို ဘုရားတပည့်တော်က အကျယ်အားဖြင့် ဒီသို့ သဘောပေါက် နားလည်ပါတယ်ဘုရား၊ မျက်စိဖြင့် မြင်သိရတဲ့

http://www.dhammadownload.com



အကြောင်းအဆင်းကို မှီဝဲသူမှာ အကုသိုလ်ပွားတယ်၊ ကုသိုလ်ဆုတ်ယုတ်တတ်တယ်ဆိုရင် အဲဒီအဆင်းကို မမှီဝဲသင့်ပါ၊ အကုသိုလ်ဆုတ်ယုတ်တယ်၊ ကုသိုလ်ပွားတယ် ဆိုရင်တော့ အဲဒီအဆင်းကို မှီဝဲသင့်ပါတယ် စသဖြင့် လျှောက်ပါတယ်၊ အဲဒါဟာ ရှေ့ပိုင်းက ဆိုခဲ့တဲ့ (အကုသိုလ်ပွား၊ ပယ်ရှောင်ရား၊ ကုပွားမှီဖို့တည်းလို့) ဆိုတဲ့ ဆောင်ပုဒ်အတိုင်းပါပဲ၊ အဲဒီ ဆောင်ပုဒ်ကို ထပ်ပြီး ဆိုကြရဦးမယ်။

အကုသိုလ်ပွား၊ ပယ်ရှောင်ရား၊ ကုပွားမှီဖို့တည်း။

နှစ်သက်သာယာမှု စိတ်ဆိုးမှု စသော အကုသိုလ် ဖြစ်ကြောင်း အဆင်းများကို မကြည့်ဘဲ ကြဉ်ရှောင်ရမယ်၊ မရှောင်သာလို့ မြင်ရရင်လဲ ဆက်လက်နှလုံးမသွင်းဘဲ ဘာဝနာ တစ်ခုခုကိုသာ ဆက်ပြီး မပြတ်ပွားနေရမယ်၊ သို့မဟုတ်ရင်လဲ အဲဒီ မြင်တာကို ရှုမှတ်ပြီး ရှုနေကျကိုသာ မပြတ်ရှုမှတ်သွားရမယ်၊ ဒါက အကုသိုလ်ပွားကြောင်း အဆင်းကို မမှီဝဲဘဲ ပယ်ပုံပါပဲ၊ ကုသိုလ်ပွားကြောင်း အဆင်းကတော့ ဘုရား စေတီတော်၊ ဆင်းတုတော်၊ သင်္ဃာတော်၊ ကသိုဏ်း၊ အသုဘ စသည်တွေပါပဲ၊ အဲဒီလို အဆင်းတွေကိုတော့ ကြည့်ရှုနှလုံးသွင်းပြီး မှီဝဲသင့်ပါတယ်တဲ့။

ထို့အတူပင် အကုသိုလ်ဖြစ်ပွားကြောင်းဖြစ်တဲ့ သီချင်းသံ၊ တူရိယာသံ၊ မိန်းမအသံ၊ ယောက်ျားအသံ စသည်တွေကို နားမထောင်ရဘူး၊ မလွှဲသာလို့ ကြားရရင်လဲ ဆက်လက်နှလုံး

http://www.dhammadownload.com



မသွင်းဘဲ ဘာဝနာ တစ်ခုခုကိုသာ မပြတ်ပွားနေရမယ်၊ ဝိပဿနာ ယောဂီ ဆိုရင်တော့ အဲဒီကြားရတာကို ရှုမှတ်ပြီး ရှုနေကျကိုသာ မပြတ်ရှုသွားရမယ်၊ ဒါက အကုသိုလ်ပွားကြောင်း အသံကို မမှီဝဲဘဲ ပယ်ပုံပါပဲ၊ ကုသိုလ်ပွားကြောင်း အသံကတော့ ရိုးရိုး ရွှတ်ဆိုဟောပြောတဲ့ တရားသံ ရှုမှတ်ရတဲ့ အသံများပါပဲ၊ တရားသံကို ကြားရလို့ ကုသိုလ်ဖြစ်ပွားတာကတော့ ထင်ရှားပါ တယ်၊ မည်သည့်အသံမဆို ကြားတယ်၊ ကြားတယ်လို့ ရှုမှတ်ပြီး အဖြစ်အပျက် အနိစ္စ စသည်ကို သိသိသွားရင် အဲဒီအသံဟာ ဝိပဿနာကုသိုလ်ပွားကြောင်း ဖြစ်တယ်၊ အဲဒီအသံကို ရှုမှတ်ပြီး မှီဝဲသင့်တယ်။

အနံ့ကတော့ အကုသိုလ်ပွားကြောင်းချည်းပါပဲ၊ ကုသိုလ် ပွားကြောင်းဆိုတာ မရှိသလောက်ပါပဲ၊ ဘုရားပန်းလှူတဲ့အခါ စသည်မှာတော့ ကုသိုလ်ဖြစ်တာ အနည်းငယ်မျှသာ ရှိပါတယ်၊ နံ့တယ်၊ နံ့တယ် စသဖြင့် ရှုမှတ်ပြီး အဖြစ်အပျက် အနိစ္စစသည်ကို သိရင်လဲ အဲဒါဟာ ကုသိုလ် ဖြစ်ပွားကြောင်းပဲ၊ အဲဒီလို အနံ့ ကို ရှုမှတ်ပြီးတော့ မှီဝဲကောင်းပါတယ်။

အရသာကလဲ အနံ့လိုပါပဲ၊ ပေးလှူမှုနှင့်စပ်ပြီး ကုသိုလ် ဖြစ်တာလောက်ရှိပါတယ်၊ အများအားဖြင့်တော့ အကုသိုလ် ဖြစ်စရာချည်းပါပဲ၊ ဒါပေမယ့် အစာကတော့ မစားဘဲနေလို့ မဖြစ်ဘူး၊ စားသင့်တဲ့အချိန်အခါ စားရမှာပဲ၊ စားတဲ့အခါ တတ်နိုင်ရင် ပစ္စဝေက္ခဏာဖြင့် ဆင်ခြင်ပြီးစားရမယ်၊ အဲဒီလို

http://www.dhammadownload.com



ဆိုရင် အကုသိုလ်ဖြစ်ကြောင်း အရသာကို ရှောင်ပယ်ရာ ရောက်ပါတယ်၊ အလွန်သာယာဖွယ်ကောင်းတဲ့ အရသာမျိုးကို ရှောင်ရင်လဲ သင့်တာပါပဲ၊ မူးယစ်စေတတ်တဲ့ အရသာ ကိုတော့ လုံးဝရှောင်ပယ်သင့်ပါတယ်၊ သီလပျက်ကြောင်း မဟုတ်တဲ့ ဘယ်အရသာမဆို ရှုမှတ်ပြီး စားသုံးနေရင်တော့ ကုသိုလ်ဖြစ် ပွားကြောင်းဖြစ်ပါတယ်၊ ဒါကြောင့် တတ်နိုင်ရင် အစာစားတိုင်း ရှုမှတ်စားသောအားဖြင့် ကုသိုလ်ဖြစ်ကြောင်း အရသာကို မှီဝဲ ရမယ်။

အရသာကောင်းကလေးတွေ စားရပေမယ့် အဲဒီအရသာ ကို ဂရုမစိုက်ဘဲ, မစွဲလမ်းဘဲ ပြီးပြီးပျောက်ပျောက် ထားနိုင်ရင် လျှာဣန္ဒြေမှ ကိလေသာဖြစ်ပွားမှု စောင့်ထိန်းခြင်းကိစ္စ ပြီးတယ်လို့ ဆိုနိုင်ပါတယ်၊ ဒါကတော့ ရှုမှတ်မှု မရှိတဲ့သူ တွေမှာ ဖြစ်ခွင့်ရှိတဲ့ ဣန္ဒြိယသံဝရပဲ။

အတွေ့အထိ ဆိုတာကလဲ အကုသိုလ် ဖြစ်ပွားကြောင်း ချည်းလိုပါပဲ၊ ဒါပေမယ့် အတွေ့အထိတွေကို အကုန်လုံးရှောင် ပယ်ဖို့ကတော့ မဖြစ်နိုင်ဘူး၊ တပ်မက်သာယာမှုကို အလွန်အကဲ ဖြစ်စေတတ်တဲ့ မိန်းမအတွေ့, ယောက်ျားအတွေ့ စသည်ကို စွမ်းနိုင်သမျှ ပယ်ရှောင်နေဖို့ပါပဲ၊ သာမန်နှစ်သက်ဖွယ် အတွေ့များကို တွေ့ထိတဲ့အခါ နာကျင်စေတတ်တဲ့ အတွေ့ အထိများကို တွေ့ထိရတဲ့အခါများမှာ အဲဒီ အကောင်းအဆိုး အတွေ့များကို ဂရုမစိုက်ဘဲ ပြီးပြီးပျောက်ပျောက် ထားနိုင်ရင်

http://www.dhammadownload.com



ကာယဝိန်ကြေကို စောင့်ထိန်းခြင်းကိစ္စ ပြီးတယ်လို့ဆိုနိုင်ပါတယ်၊ အကောင်းဆုံးကတော့ ထိသိတိုင်း ရှုမှတ်ပြီး အဖြစ်အပျက် အနိစ္စ စသည်ကို သိသိသွားရင်တော့ ကာယဝိန်ကြေ စောင့်ထိန်းခြင်းကိစ္စ ကောင်းကောင်းပြီးသွားတာပါပဲ၊ အဲဒီလို ရှုမှတ်ပြီး သိရတဲ့ အတွေ့အာရုံတွေဟာ ဝိပဿနာကုသိုလ်ပွားကြောင်းတွေပဲ၊ ဒါကြောင့် ထိသိတိုင်း ရှုမှတ်ပြီး မှိဝဲဖို့ပါပဲ။

ဂစ္ဆန္တော ဝါ ဂစ္ဆာမိတိ ပဇာနာတိ–စသည်ဖြင့် ဟော ထားတဲ့ သတိပဋ္ဌာန်ဒေသနာတော်နှင့်အညီ သွားတယ်, ရပ်တယ်, ထိုင်တယ်, အိပ်တယ်, ကွေးတယ်, ဆန့်တယ်, ထိတယ်, ဖောင်းတယ်, ပိန်တယ် စသည်ဖြင့် ရှုမှတ်ပြီး သိနေကြတာဟာ အဲဒီ အတွေ့အာရုံကိုမှီပြီး ဖြစ်နေတဲ့ ကုသိုလ်တွေကို ပွားနေ ကြတာပါပဲ၊ မှိဝဲသင့်တဲ့ အတွေ့ကို မှိဝဲနေကြတာပါပဲ၊ အဲဒီလို ရှုမှတ်ခြင်းဟာ ကာယဝိန်ကြေကို စောင့်ထိန်းတဲ့ ဣန္ဒြိယသံဝရ သီလဟာ ကောင်းကောင်းကြီး ပြည့်စုံနေတာပါပဲ။

မိန်းမ ယောကျ်ား ရန်သူ စသည်ဖြင့် ကြံတွေးဆင်ခြင် ရင် ရာဂ ဒေါသစတော အကုသိုလ်တွေ ဖြစ်ပွားကြောင်း ထင် ရှားတယ်၊ အဲဒီလို အကုသိုလ်ဖြစ်ပွားကြောင်းတွေကို မကြံ စည်မဆင်ခြင်ဘဲ ကြဉ်ရှောင်ရမယ်၊ အကယ်၍ ကြံစည်မိရင်လဲ ဆက်မကြံစည်ဘဲ ဘာဝနာတစ်ခုခုကို မပြတ်ပွားနေရမယ်၊ ဝိပဿနာယောဂီဆိုရင်တော့ အဲဒီလို စိတ်အကြံကို ရှုမှတ်ပြီး ပယ်ရမယ်၊ ဘုရားဂုဏ်စသည်ကို အာရုံပြုခြင်း၊ ဒါနသီလစသော

http://www.dhammadownload.com



ကုသိုလ်ကို ပြုလုပ်ပွားများရန် ကြံစည်ခြင်း စသည်၏ အာရုံဟာ ကုသိုလ်ဖြစ်ပွားကြောင်းအာရုံပဲ၊ အဲဒီလို ကုသိုလ်ဖြစ်ပွားကြောင်း အာရုံကို ဖြစ်ပွားစေပြီး မှီဝဲရမယ်၊ အဲဒီမှာလဲ စိတ်ကူးကြံစည်သမျှ အာရုံကိုရှုမှတ်ပြီး အဖြစ်အပျက် အနိစ္စစသည်ဖြင့် သိသိသွားတာ ဟာ မနိန္ဒြေကို စောင့်ထိန်းမှု အကောင်းဆုံးပါပဲ။

ဒါလောက်ဆိုရင် အကုသိုလ်ဖြစ်ပွားကြောင်း အာရုံကို မမှီဝဲရဘူး၊ ပယ်ရမယ်၊ ကုသိုလ်ဖြစ်ပွားကြောင်း အာရုံကို ဖြစ်ပွားစေပြီး မှီဝဲရမယ်၊ အဲဒီလို မမှီဝဲသင့်တာကို ပယ်ပြီး မှီဝဲသင့်တာကို မှီဝဲခြင်းဖြင့် ဣန္ဒြိယသံဝရသီလ ပြည့်စုံတယ် ဆိုတာ နားလည်လောက်ပါပြီ။

ယခု ပြောခဲ့တာက ဒီသက္ကပဉှသုတ်မှာ ဟောထားတဲ့ ဒေသနာတော်အရ ဣန္ဒြိယသံဝရသီလကို ပြည့်စုံစေပုံပဲ၊ အခြား သုတ်ပေါင်း များစွာတို့မှာတော့ ဣန္ဒြိယသံဝရ အကြောင်းကို ဒီလို ဟောတော်မူပါတယ်။

## အခြားသုတ်များ၌ ဣန္ဒြိယသံဝရဟောပုံ

စက္ခုနာ ရူပံ ဒိသွာ န နိမိတ္တဂ္ဂါဟီ ဟောတိ နာနုဗျဥ္ဇနဂ္ဂါဟီ၊ ယတွာဓိကရဏ မေနံ စက္ခုန္ဒြိယံ အသံ ဝုတံ ဝိဟရန္တံ အဘိဇ္ဈာ ဒေါမနဿာ ပါပကာ အကုသလာ ဓမ္မာ အန္ဝာဿဝေယျုံ၊ တဿ သံဝရာယ ပဋိပဇ္ဇတိ၊ ရက္ခတိ စက္ခုန္ဒြိယံ၊ စက္ခုန္ဒြိယေ သံဝရံ အာပဇ္ဇတိ။

http://www.dhammadownload.com



စက္ခုနာ–မျက်စိဖြင့်၊ ရူပံ ဒိသွာ–အဆင်းကို မြင်ပြီး၍၊ နိမိတ္တဂ္ဂါဟီ–မိန်းမပုံသဏ္ဌာန် ယောကျ်ားပုံသဏ္ဌာန်နိမိတ်ကို စွဲယူထားသည်၊ န ဟောတိ–မဖြစ်၊ အနုဗျဉ္ဇနဂ္ဂါဟီ–အဖန် ဖန် ဆင်ခြင်၍ ကိလေသာကို ထင်ရှားဖြစ်ပေါ်စေနိုင်သည့် မျက်လုံး မျက်ခုံးစသော အသေးစိတ် ကိုယ်အင်္ဂါကို စွဲယူမှတ် ထားသည်၊ န ဟောတိ–မဖြစ် တဲ့။

ဒါဟာ သုတ်ပေါင်းများစွာတို့၌ စက္ခုန္ဒြေ စောင့်ရှောက်ပုံ စပြီး ပြဆိုချက်ပါပဲ၊ ဒီသုတ်များစွာ၌ ဟောပုံကတော့ စက္ခုနာ ရူပံ ဒိသွာ–လို့ အစချီပြီး ဟောထားတဲ့အတွက် အဆင်းကို မြင်ပြီးမှ စောင့်ရှောက်ပုံကိုပြတာပဲ၊ ခုတင်က ရှုတ်ဆိုဟောပြခဲ့တဲ့ သက္ကပဥှသုတ်မှာတော့ (ဝေရူပံ စက္ခုဝိ ညေယျံ ရူပံ နသေဝိတဗ္ဗံ) ဤသို့ အကုသိုလ်ပွားစေတတ်သော မျက်စိဖြင့် မြင်နိုင်ကောင်း သော အဆင်းကို မမှီဝဲအပ်ဘူးလို့ ဆိုထားသောကြောင့် မမြင် ဖူးတဲ့အဆင်းကို မကြည့်ရဘူးလို့ ဆိုသလိုလို ထင်ရတယ်၊ အဲဒီ လိုတော့ မဟုတ်ပါဘူး၊ အကုသိုလ်ဖြစ်စေနိုင်တဲ့ မြင်ဖူးတဲ့ အဆင်းကို နောက်ထပ် မကြည့်ဘဲ ကြဉ်ရှောင်ဖို့ မြင်ပြီးကို ထပ်ကာ ထပ်ကာ ဆင်ခြင်ပြီး မမှီဝဲဖို့ ဟောတာပါပဲ၊ မြင်ဖူးတာ ကို ထပ်ကြည့်ရင်လဲ မှီဝဲသည် မည်ပါတယ်၊ ဆင်ခြင်ရင်လဲ မှီဝဲသည် မည်ပါတယ်၊ ဒါကြောင့် ဒီသက္ကပဥှသုတ်ကအဆိုနဲ့ သုတ်ပေါင်းများစွာက ဣန္ဒြေစောင့်ရှောင့်ပုံ အဆိုဟာ တစ်ထပ် တည်း တူညီတယ်လို့ မှတ်ကြရမယ်။

http://www.dhammadownload.com



မျက်စိဖြင့် မြင်ရတဲ့ မိန်းမပုံသဏ္ဍာန် ယောကျ်ားပုံသဏ္ဍာန်ကို စွဲယူမှတ်သား မထားရဘူးတဲ့၊ ယောကျ်ားမှာ မိန်းမပုံသဏ္ဍာန်ကို စွဲမှတ်ပြီး ဆင်ခြင်ရင် ရာဂတွေ ဖြစ်တတ်တယ်၊ မိန်းမမှာလဲ ယောကျ်ားပုံသဏ္ဍာန်ကို စွဲမှတ်ပြီးဆင်ခြင်ရင် ရာဂတွေ ဖြစ်တတ်တာပဲ၊ ဒါကြောင့် အဲဒီလို အပေါင်းလိုက်ပုံသဏ္ဍာန်ကိုလဲ စွဲမှတ်ပြီး မဆင်ခြင်ရဘူး၊ ပြီးပြီးပျောက်ပျောက် အနေဖြင့် ဂရုမစိုက်ဘဲ ထားလိုက်ရမယ်လို့ ဆိုလိုပါတယ်၊ အနုဗျဉ္ဇန ဆိုတာကတော့ အသေးစိပ်ကိုယ်အင်္ဂါတွေပဲ၊ မျက်လုံး၊ မျက်ခုံး၊ နှာတံ၊ ပါးစပ်၊ နား၊ ရင်သား စသည်တွေပေါ့၊ အဲဒီအသေးစိပ် ကိုယ်အင်္ဂါတွေကို စူးစိုက်ကြည့်ပြီး စွဲမှတ်ထားရင်၊ အဲဒါတွေကို အဖန်ဖန်စဉ်းစားကြည့်ရင် နှစ်သက် တပ်မက်တဲ့ ရာဂတွေ အထင်အရှား အကြီးအကျယ် ဖြစ်ပွားတတ်တယ်၊ ဒါကြောင့် အဲဒီအသေးစိပ် ကိုယ်အင်္ဂါတွေကို အနုဗျဉ္ဇနလို့ ခေါ်တာပဲ၊ မျက်လုံးကလေးက ဘယ်လိုနေတယ်၊ မျက်ခုံးကလေးက၊ နှာတံကလေးက၊ ပါးစပ်ကလေးက၊ နားကလေးက၊ ရင်သားကလေးက၊ ဘယ်လိုနေတယ် စသည်ဖြင့် စွဲမှတ်ပြီး ဆင်ခြင်ရင် နှစ်သက်တပ်မက်တဲ့ရာဂတွေ အထင်အရှား ဖြစ်တတ်တယ်၊ အဲဒီလို ရာဂတွေမဖြစ်ရအောင် အသေးစိတ် ကိုယ်အင်္ဂါတွေကိုလဲ စွဲယူမှတ်သားထားခြင်း မရှိစေရဘူး၊ ဂရုမစိုက်ဘဲ ပြီးပြီးပျောက်ပျောက် သဘောမျိုးသာ ဖြစ်စေရမယ်တဲ့၊ မြင်ပြီးရင် မြင်ရုံမျှတွင်ပဲ ရပ်တည်စေရမယ်၊ မိန်းမပဲ ယောကျ်ားပဲ

http://www.dhammadownload.com



စသည်ဖြင့် အပေါင်းလိုက် ပုံသဏ္ဌာန်နိမိတ်ကိုလဲ စွဲမှတ်ခြင်း ဆင်ခြင်ခြင်း မရှိစေရဘူး၊ မျက်လုံးနေဟန်စသော အသေးစိပ် ကိုယ်အင်္ဂါတွေကိုလဲ စွဲမှတ်ခြင်း ဆင်ခြင်ခြင်း မရှိစေရဘူး၊ မြင်ရုံမျှတွင်ပဲ တည်စေရမယ်တဲ့၊ အဲဒီလို မစောင့်ရှောက်ရင် ဖြစ်ပေါ်လာနိုင်တဲ့ အပြစ်တွေကိုလဲ ဒီလို ပြတော်မူပါတယ်။

စက္ခုန္ဒြိယံ အသံဝုတံ ဝိဟရန္တံ – မျက်စိဣန္ဒြေကို မစောင့် ရှောက်ဘဲနေသော၊ နံ–ထိုပုဂ္ဂိုလ်ကို၊ ယတွာဓိကရဏံ၊ မစောင့် ရှောက်အပ်သော စက္ခုန္ဒြေ(မျက်စိဣန္ဒြေ) ဟူသော အကြင် အကြောင်းကြောင့်၊ အဘိဇ္ဈာဒေါမနဿာ–လိုချင်မှု အဘိဇ္ဈာနှင့် နှလုံးမသာယာမှု ဒေါမနဿတို့ဟူသော၊ ပါပကာအကုသလာ ဓမ္မာ–ယုတ်မာသော အကုသိုလ်တရားတို့သည်၊ အန္ဝာဿဝေယျုံ–အစဉ်လိုက်ကာ ဖြစ်ပွားနေကုန်ရာ၏ တဲ့။

မျက်စိဆိုတဲ့ စက္ခုန္ဒြေကို မစောင့်ရှောက်ဘဲ နေရင်တဲ့၊ မစောင့်ရှောက်ဆိုတာ ကြည့်ချင်တာတွေကို ကြည့်ပြီးတော့ မြင်ရတဲ့အဆင်းတွေကို စွဲမှတ်ထားခြင်း၊ အဖန်ဖန် ပြန်လည်ပြီး ဆင်ခြင်ခြင်းတွေကို ဆိုတာပါပဲ၊ အဲဒီလို မစောင့်ရှောက်ဘဲ ကြည့်လိုရာကြည့်ပြီး စွဲမှတ်ထားရင် ထပ်ကာ ထပ်ကာ ဆင်ခြင် နေရင် အဲဒီ မစောင့်ရှောက်အပ်တဲ့ မျက်စိကြောင့် အဘိဇ္ဈာဆိုတဲ့ လိုချင်နှစ်သက်သာယာမှုနှင့် ဒေါမနဿကို ခေါင်းတပ်ပြီးဆိုတဲ့ စိတ်ဆိုးပြစ်မှားမှု ဒေါသတည်းဟူသော ယုတ်မာတဲ့ အကုသိုလ် တရားတွေဟာ လိုက်ပါပြီး ဖြစ်ပေါ် နေလိမ့်မယ်၊ လွှမ်းမိုး

http://www.dhammadownload.com



နှိပ်စက်နေလိမ့်မယ်တဲ့၊ ယခုလူတွေ လိုချင်တာကြောင့် ဒုက္ခရောက်နေကြရတာ၊ စိတ်ဆိုးပြီး ဒုက္ခရောက်နေကြရတာဟာ အဲဒီမျက်စိ စသည်ကို မစောင့်ရှောက်လို့ပဲ၊ အကယ်၍ နှစ်သက်ဖွယ်မုန်းဖွယ်တွေကို ဂရုစိုက်ပြီး မကြည့်ရင်၊ ကြည့်မိ၍ မြင်ရသော်လဲ စိတ်ထဲစွဲမထားရင် အဲဒီမြင်တာနဲ့စပ်ပြီး လိုချင်နှစ်သက်မှု စိတ်ဆိုးမှုတွေဟာ မဖြစ်ဘဲ ကင်းနေနိုင်ပါတယ်၊ ဒါကြောင့် အဲဒီလို လောဘ, ဒေါသ မဖြစ်ရဘဲ ချမ်းသာရအောင် အဲဒီမျက်စိကို စောင့်ရှောက်ရတာပဲ၊ အဲဒီလိုစောင့်ရှောက်ပုံကို –

တဿ–မစောင့်ရှောက်လျှင် လောဘ၊ ဒေါသ ဖြစ်ပွားကြောင်းဖြစ်တဲ့ ထိုမျက်စိ ဣန္ဒြေကို၊ သံဝရာယ ပဋိပဇ္ဇတိ–စောင့်ရှောက်ခြင်းငှာ ကျင့်၏။ စက္ခုန္ဒြိယံရက္ခတိ–မျက်စိဣန္ဒြေကို စောင့်ရှောက်၏။ စက္ခုန္ဒြိယေ–မျက်စိဣန္ဒြေ၌၊ သံဝရံ အာပဇ္ဇတိ–စောင့်ရှောက် ခြင်းသို့ရောက်၏လို့ ပြဆိုထားပါတယ်။

အဲဒီစကားရပ်ထဲမှာ မျက်စိဣန္ဒြေကို စောင့်ရှောက်၏ ဆိုတဲ့ စကားဟာ လိုရင်းပါပဲ။ ဒီပြင် ရှေ့နောက်စကားနှစ်ရပ်ကတော့ ပါဠိအသုံးအနှုန်းအရ အခြံအရံအဖြစ်ဖြင့် ပြဆိုထားတာပါပဲ။ အဲဒီမှာ မျက်စိကို ဘယ်လိုစောင့်ရှောက်ရသလဲ ဆိုတော့ မကြည့်သင့်တာတွေ မကြည့်ဘဲကြဉ်ရှောင်ရတယ်၊ ဒီလိုဆိုတော့ မြင်ပြီးမှ စောင့်ရှောက်ရတယ်ဆိုတာနဲ့ ကွဲလွဲမနေဘူးလားလို့ မေးစရာရှိတယ်၊ မကွဲလွဲပါဘူး၊ ချစ်ဖွယ်, မုန်းဖွယ် အဲဒီအာရုံမျိုးကို ရှေ့က မြင်ဖူးပြီးသားပါပဲ၊ ဒါကြောင့် အဲဒါ

http://www.dhammadownload.com



မျိုးကို မကြည့်သင့်ဘူးလို့ သိပြီး မကြည့်ဘဲ ကြဉ်ရှောင်ရတာပဲ၊ မမှီဝဲသင့်တဲ့အဆင်းကို မမှီဝဲဘူးဆိုတာနဲ့လဲ အညီပါပဲ၊ အကယ်၍ ကြည့်မိလို့ဖြစ်စေ၊ တမင်မကြည့်ပေမယ့် တိုက်ဆိုင်လို့ဖြစ်စေ၊ မြင်သွားရင် အဲဒီအဆင်းကို ဂရုမစိုက်ရဘူး၊ စွဲမှတ်မထားရဘူး၊ ပြီးပြီးပျောက်ပျောက်အနေဖြင့်သာထား လိုက်ပြီးတော့ နှလုံးသွင်းသင့်တာကိုသာ နှလုံးသွင်းဆင်ခြင်နေရမယ်၊ ဝိပဿနာယောဂီဆိုရင်တော့ အဲဒီမြင်ရတာကို မြင်တယ်, မြင်တယ်လို့ ရှုမှတ်ပြီးတော့ အခြားပေါ်ရာပေါ်ရာကို ဖြစ်စေ၊ ရှုနေကျကိုဖြစ်စေ မပြတ်ရှုမှတ်သွားရုံပါပဲ၊ ဒါဟာ မျက်စိကို စောင့်ရှောက်ပုံပါပဲ၊ ဒီလိုစောင့်ရှောက်နေရင် အဲဒီ မြင်ရတာနဲ့စပ်ပြီး ပြန်လည်ဆင်ခြင်လျက် လောဘ, ဒေါသ စသော ကိလေသာတွေမဖြစ်ဘဲ ကင်းငြိမ်းသွားတယ်၊ အဲဒီလို ကိလေသာတွေကင်းငြိမ်းအောင်လို့ စောင့်ရှောက်ရတာပဲ။

မျက်စိဣန္ဒြေကို စောင့်ရှောက်သလိုပင် နားစသော ဣန္ဒြေများစောင့်ရှောက်ပုံကိုလဲ သောတေန သဒ္ဒံ သုတွာစသည်ဖြင့် နည်းတူပင် ပြဆိုထားပါတယ်၊ နားဖြင့်အသံကို ကြားရင်၊ နှာခေါင်းဖြင့် အနံ့ကိုနံရင်၊ လျှာဖြင့် အရသာကို သိရင်၊ ကိုယ်ဖြင့် အတွေ့ကို ထိသိရင်၊ စိတ်နှလုံးဖြင့် ကြံသိရင်၊ အဲဒီ ကြားရတဲ့အသံ၊ နံရတဲ့အနံ့၊ စားသိရတဲ့အရသာ၊ ထိသိရတဲ့အတွေ့၊ ကြံသိရတဲ့ စိတ်ကူးအာရုံတွေကိုလဲ ဂရုမစိုက်ဘဲ စွဲမှတ်မထားဘဲ ပြီးငြိးပျောက်ပျောက် အနေသာ ထားလိုက်

http://www.dhammadownload.com



ရတယ်၊ ရှုမှတ်တတ်သူ ဖြစ်ရင်တော့ အဲဒါတွေကို ကြားတယ်, ကြားတယ် စသည်ဖြင့် ရှုမှတ်ပြီး ပေါ်ရာပေါ်ရာ အခြားအာရုံများကိုသာ ရှုမှတ်သွားရတယ်၊ သို့မဟုတ် ရှုနေကျသာ ရှုမှတ်သွားရတယ်၊ အဲဒါဟာ နားဣန္ဒြေစသည်ကို စောင့်ရှောက်ပုံပါပဲ၊ အဲဒီလို မြင်တိုင်း, ကြားတိုင်း, နံတိုင်း, စားသိတိုင်း ထိသိတိုင်း, ကြံသိတိုင်း စောင့်ရှောက်သွားရင် ဣန္ဒြိယသံဝရ ပြည့်စုံတော့တာပါပဲ၊ အဲဒီအထဲမှာ မြင်တယ်, ကြားတယ် စသည်ဖြင့် ရှုမှတ်ပြီး စောင့်ရှောက်ပုံကတော့ အကောင်းဆုံးပါပဲ၊ အဲဒီလို ရှုမှတ်ပြီး စောင့်ရှောက်နေရင်တော့ သမာဓိဉာဏ်အားရှိတဲ့အခါမှာ မြင်ရုံမျှ, ကြားရုံမျှ စသည်၌သာ တည်တယ်၊ မြင်ပြီးပျောက်သွား ကြားပြီးပျောက်သွား စသည်ဖြင့် ချက်ချင်းပင် ပျောက်ပျောက်သွားတာကို သိရတဲ့အတွက် အနိစ္စ, ဒုက္ခ, အနတ္တပဲလို့လဲ သိသိသွားတယ်၊ ဒါကြောင့် မြင်ရတဲ့ အဆင်း, ကြားရတဲ့အသံ စသည်နှင့်စပ်ပြီး လိုချင်နှစ်သက်မှု စသောကိလေသာတွေဟာ လုံးလုံးဖြစ်ခွင့် မရှိတော့ဘဲ ကင်းငြိမ်းနေတယ်၊ အဲဒါဟာ ဣန္ဒြိယသံဝရကို အကောင်းဆုံး ပြည့်စုံစေတဲ့နည်းပဲ၊ ဒါတွင်တောင်မကသေးဘူး၊ ဝိပဿနာဉာဏ်တွေ အစဉ်အတိုင်းတက်ပြီး အရိယမဂ်ဖိုလ်ကိုလဲ ရောက်သွားနိုင်ပါတယ်၊ ဒီလိုဣန္ဒြေကိုစောင့်ရင်း ရဟန္တာဖြစ်သွားပုံကို ဝိသုဒ္ဓိမဂ်မှာ စေတိယတောင်၌ သီတင်းသုံးတဲ့ မဟာတိဿ မထေရ်ဖြင့် ဖော်ပြထားပါတယ်။

http://www.dhammadownload.com



## မဟာတိဿမထေရ် ဝတ္ထု

မဟာတိဿမထေရ်ဟာ စေတီယတောင်မှ အနုရာဓမြို့သို့ ဆွမ်းခံရန်ကြွသွားတယ်၊ လမ်းခရီးမှာ အမျိုးသမီး တစ်ယောက်နဲ့ ရင်ဆိုင်တွေ့ရတယ်၊ အဲဒီအမျိုးသမီးက သူ့ခင်ပွန်းနဲ့ ရန်ဖြစ်ပြီး အနုရာဓမြို့မှ စေတီယတောင်ဆီ သွားတဲ့လမ်းဖြင့် သူ့မိဘအရပ်သို့ ထွက်ခွာလာတယ်၊ အဝတ်အဆင်တန်ဆာတွေလဲ နတ်သမီးလို လှနေအောင် ဝတ်ဆင်လာပါသတဲ့၊ အဲဒီအမျိုးသမီးက မဟာတိဿမထေရ်ကို မြင်တွေ့တဲ့အခါ ချစ်ကြိုက်တပ်မက်တဲ့ စိတ်ဖြစ်ပြီး ကျယ်လောင်စွာ ရယ်လိုက်ပါသတဲ့၊ မဟာတိဿမထေရ်က အဲဒီရယ်သံကို ကြားရတော့ လှမ်းပြီးကြည့်လိုက်တယ်၊ ကြည့်လိုက်တော့ အမျိုးသမီး၏ သွားတွေကိုမြင်ပြီး အဲဒီသွားတွေမှာ စက်ဆုပ်ဖွယ် အသုဘအနေဖြင့် နှလုံးသွင်းလိုက်တယ်၊ မူလကလဲ အသုဘကမ္မဋ္ဌာန်းကို နှလုံးသွင်းနေကျဖြစ်တဲ့အတွက် အဲဒီအမျိုးသမီး တစ်ကိုယ်လုံးကို စက်ဆုပ်ဖွယ် အရိုးစုကြီးအနေဖြင့် နိမိတ်ထင်ပြီး ပဌမဈာန်ကိုရတယ်၊ အဲဒီဈာန်ကို ဝိပဿနာရှုပြီး အရဟတ္တမဂ်ဖိုလ် ရောက်လျက် ရဟန္တာဖြစ်သွားပါသတဲ့။

ထဿာ ဒန္တဋ္ဌိကံ ဒိသွာ၊
ပုဗ္ဗသညံ အနုဿရိ။
တတ္ထေဝ သော ဌိတော ထေရော၊
အရဟတ္တံ အပါပုဏိ။

သော–ထိုမဟာတိဿမထေရ်သည်၊ တဿာ–ထိုရယ်

http://www.dhammadownload.com



သောအမျိုးသမီး၏၊ ဒန္တဋ္ဌိကံ ဒိသွာ–သွားရိုးကိုမြင်၍၊ ပုဗ္ဗသညံ–ရှေးကနှလုံးသွင်းလာခဲ့သော အရိုးစုအသုဘသညာကို၊ အနုဿရိ–အောက်မေ့မိလေ၏။ သော ထေရော–ထိုမဟာတိဿ မထေရ်သည်၊ တတ္ထေဝ–ထိုအရပ်၌ပင်လျှင်၊ ဌိတော–ရပ်တည်လျက်၊ အရ ဟတ္တံ–အရဟတ္တဖိုလ်သို့၊ အပါပုဏိ–ရောက်လေတော့သတည်း–တဲ့။

ခင်ပွန်းဖြစ်သူက ထိုအမျိုးသမီး သွားရာလမ်းသို့ လိုက်လာတယ်၊ မဟာတိဿမထေရ်ကို တွေ့တဲ့အခါ "ဘယ်နှယ့်လဲ အရှင်ဘုရား၊ အမျိုးသမီးတစ်ယောက်ကို တွေ့ပါသလား"လို့ မေးတယ်၊ ထိုသူကို မဟာတိဿမထေရ်က ဒီလိုပြော ကြားတယ်။

နာဘိဇာနာမိ ဣတ္ထိ ဝါ၊
ပုရိသော ဝါ ဣတော ဂတော။
အပိ စ အဋ္ဌိသင်္ဃာဋော၊
ဂစ္ဆတေ'သ မဟာပထေ။

ဣတော ဂတော–ဤလမ်း ဤအရပ်မှ သွားလေသောသူသည်၊ ဣတ္ထိ ဝါ– မိန်းမဖြစ်သည်ဟူ၍သော် လည်းကောင်း၊ ပုရိသော ဝါ–ယောက်ျားဖြစ်သည်ဟူ၍သော် လည်းကောင်း၊ နာဘိဇာနာမိ–ငါမသိပါ၊ အပိစ–စင်စစ်သော်ကား၊ အဋ္ဌိသင်္ဃာဋော–အရိုးစုဖြစ်သော၊ ဧသ–ထိုသူသည်၊ မဟာပထေ–လမ်းမကြီး၌၊ ဂစ္ဆတေ–သွားလေသတည်း တဲ့။

အဲဒါဟာ မဟာတိဿမထေရ်က သူ့စိတ်ထဲ ထင်ပေါ်ပုံ

http://www.dhammadownload.com



အတိုင်း ပြန်ကြားတဲ့ စကားပါပဲ၊ အဲဒီမထေရ်အသုဘနှလုံးသွင်းလာတာ ဘယ်လောက်ကြာပြီလဲလို့တော့ မသိရဘူး၊ တော်တော်ကြာခဲ့ဟန် တူပါတယ်၊ ဒါပေမယ့် အဲဒီအရင်ကတော့ တရားထူးကို မရခဲ့သေးဘူး၊ ယခုပြောခဲ့တဲ့အတိုင်း အမျိုးသမီး၏ သွားကို မြင်ရတဲ့အခါကျမှ အသုဘစျာန်ကိုရပြီး ဝိပဿနာရှုသဖြင့် တခဏလေးအတွင်း ရဟန္တာဖြစ်သွားတယ်၊ အဲဒါကို ထောက်ဆပြီးတော့ ယခုတရားအားထုတ် နေကြတဲ့ သူတွေဟာလဲ တရားထူး မရသေးပေမယ့် စိတ်အားမငယ်ကြစေနဲ့၊ အကြောင်းညီညွတ်တဲ့အခါ တခဏကလေး အတွင်းမှာလဲ တရားထူးရနိုင်တယ်လို့ အားပေးပြီး ကြိုးစား အားထုတ်ကြရမယ်။

ဒီဣန္ဒြေစောင့်ရှောက်မှုနှင့်စပ်ပြီး နည်းယူဖို့ရာ ဝိသုဒ္ဓိမဂ်မှာ မထေရ်ကြီးတစ်ပါး၏ ကျင့်ပုံကိုလဲ ဒီလိုပြဆိုထားပါတယ်။

## စိတ္တဂုတ္တမထေရ်ဝတ္ထု

သီဟိုဠ်ကျွန်း(သီရိလင်္ကာ) ကုရဏ္ဍကလိုဏ်မှာ သီတင်းသုံးနေတဲ့ စိတ္တဂုတ္တမထေရ် ဆိုတာ ရှိခဲ့တယ်၊ စိတ္တဂုတ္တ–စိတ်ကို စောင့်တယ်ဆိုတဲ့ အမည်ကတော့ ကျမ်းဆရာများကပေးတဲ့ အမည်နဲ့တူပါတယ်၊ အဲဒီမထေရ်၏ သီတင်းသုံးရာ လိုဏ်ဂူ အထက်ပိုင်းမှာ ဘုရားအလောင်းတော်၏ ဇာတ်နိပါတ် အကြောင်းအရာတွေကို ပန်းချီကားအနေဖြင့် ရေးထားတာရှိပါသတဲ့၊ အဲဒီ မထေရ်ကြီးကတော့ အထက်ကို မော့ကြည့်လေ့မရှိဘူး၊ သွားရာ

http://www.dhammadownload.com



လာရာမှာလဲ လေးတောင်ခန့်လောက်သာ ကြည့်လေ့ရှိ တယ်၊ ဒါကြောင့် အဲဒီ ပန်းချီဆေးရေးတွေ ရှိမှန်းတောင် မသိဘူးတဲ့။

တစ်နေ့မှာတော့ အခြားဌာနမှ ရဟန်းငယ်များက အဲဒီ လိုဏ်ဂူကို ရောက်လာတယ်၊ ပန်းချီဆေးရေး ဖာတ်ကားတွေ မြင်ရတော့ အင်မတန်နှစ်သက် သဘောကျတယ်၊ အဲဒါကြောင့် အဲဒီ မထေရ်ကြီးအား ဒီလိုလျှောက်ကြတယ်၊ ဆရာတော်ဘုရား ကြီး၏ နေရာလိုဏ်ဂူကြီးက သိပ်ကောင်းတာပဲ ပန်းချီဆေးရေး ဖာတ်ကားတွက သိပ်လှတာပဲလို့ လျှောက်ကြသတဲ့၊ အဲဒီတော့ မထေရ်ကြီးက ဒီလို ပြန်ပြောတယ်၊ မောင်ပဥ္စင်းတို့ ငါဟာ ဒီလိုဏ်ဂူ၌ နေလာတာ အနှစ်ခြောက်ဆယ်ကျော်ရှိပြီ၊ ပန်းချီ ဆေးရေး ရှိမှန်းတောင် မသိဘူး၊ ယခု မျက်စိကောင်းတဲ့ ငါ့ရှင် တို့ကိုမှီပြီး သိရပေတယ်လို့ ပြောဆိုတယ်၊ အဲဒါဟာ ချီးမွမ်း သလိုလိုနဲ့ ရှုတ်ချပြောတာပဲ၊ မျက်စိဣန္ဒြေကို စောင့်ရှောက်ခြင်း မရှိတဲ့ ကိုယ်တော်တွေပါလို့ ဆိုလိုတာပါပဲ။

အဲဒီ လိုဏ်ဂူအနီးမှာ ကန့်ကော်ပင်ကြီးလဲ ရှိတယ်၊ အဲဒီ အပင်ကြီးကိုလဲ မော့မကြည့်ဘူးတဲ့၊ ကြွေကျနေတဲ့ ပန်းဝတ်ဆံ များကို တွေ့ရမှ အဲဒီကန့်ကော်ပင်ကြီး ပွင့်နေကြောင်း သိရသတဲ့၊ အဲဒီမထေရ်ကြီး၏ ဂုဏ်သတင်းကိုကြားရလို့ အဲဒီတုန်းက ရှင်ဘုရင်က ဖူးမြော်ရအောင် ပင့်တယ်၊ အကြိမ်ကြိမ် ပင့်ပေမယ့် မကြွသွားဘူးတဲ့၊ အဲဒီတော့ အဲဒီမထေရ်ကြီး၏ ဆွမ်းခံရွာက နို့စို့သူငယ်ရှိတဲ့ မိခင်တွေကို မထေရ်ကြီး ဘုရင့် ထံမကြွလာမချင်း

http://www.dhammadownload.com



နို့မတိုက်ရအောင် ချိတ်တံဆိပ်ပိတ်စေတယ်၊ အဲဒီတော့မှ ကလေးသူငယ်တွေ သနားသဖြင့် မထေရ်ကြီးက ဘုရင်းမင်းထံ ကြွသွားတယ်၊ ဘုရင့်အိမ်တော် ရောက်တဲ့အခါ ဘုရင်က ရှိခိုးကန်တော့တယ်၊ အဲဒီတော့ မထေရ်ကြီးက (သုခီဟောတုမဟာရာဇ) မင်းကြီး ချမ်းသာပါစေလို့ ဆုပေးတယ်၊ မိဖုရားကြီးက ရှိခိုးကန်တော့တဲ့အခါလဲ မထေရ်ကြီးက မင်းကြီး ချမ်းသာပါစေလို့ပဲ ဆုပေးပါသတဲ့။

အဲဒီတော့ သူ့တပည့် ရဟန်းငယ်များက မထေရ်ကြီးကို ဒီလို လျှောက်ကြတယ်၊ ဆရာတော်ဘုရားကြီးဟာ မင်းက ရှိခိုးကန်တော့သည်ဖြစ်စေ၊ မိဖုရားက ရှိခိုးကန်တော့သည်ဖြစ်စေ မင်းကြီးချမ်းသာပါစေလို့ချည်း ဆုပေးတာဟာ ဘယ်လိုပါလဲလို့ လျှောက်ကြတယ်၊ ငါ့ရှင်တို့ ငါဟာ မင်းရယ် မိဖုရားရယ်လို့ ကြည့်ရှုခွဲခြားခြင်း မပြုဘူးလို့ ပြန်ကြားပါသတဲ့၊ အဲဒါဟာ တတ်စွမ်းနိုင်ရင် ဣန္ဒြေစောင့်ရာမှာ နည်းယူဖို့ပါပဲ၊ အဲဒီအတိုင်း အတိအကျ ကျင့်ရမယ်လို့တော့ မဆိုလိုဘူး။

အရေးကြီးတာကတော့ ကိလေသာဖြစ်ကြောင်း အဆင်းအာရုံတွေကို တမင်မကြည့်ဖို့ မလွှဲသာလို့ မြင်ရရင်လဲ ဆံပင် မွေးညင်းစသည် နှပ်၊ တံတွေး၊ ချွဲသလိပ်၊ ကျင်ကြီး၊ ကျင်ငယ် စသည်ကို နှလုံးသွင်းပြီး အသုဘသညာကို ဖြစ်စေဖို့ သို့မဟုတ် ရင်လဲ မြင်တယ် မြင်တယ်လို့ ရှုမှတ်ဖို့ အရေးကြီးပါတယ်၊ ဒီနေရာမှာ မာတုဂါမကို ကြည့်မှု မြင်မှုနဲ့ စပ်ပြီး အရှင်အာနန္ဒာက

http://www.dhammadownload.com



မေးလျှောက်လို့ မြတ်စွာဘုရားက ဖြေကြားထားပုံကို သတိပြုသင့်ပါတယ်၊ ပရိနိဗ္ဗာန်စံခါနီး ညဦးယံ ညနေပိုင်းမှာ အရှင်အာနန္ဒာက မာတုဂါမနှင့် စပ်၍ ဘယ်လိုကျင့်ရပါမည်လဲ–လို့ မေးလျှောက်တယ်၊ မမြင်ရအောင် ကျင့်ရမယ်–လို့ မြတ်စွာဘုရားက မိန့်ကြားတော်မူတယ်၊ မလွှဲသာလို့ မြင်ရင်တော့ ဘယ်လိုကျင့်ရပါမည်လဲလို့ မေးလျှောက်တယ်၊ စကားမပြောနဲ့လို့ မိန့်တော်မူတယ်၊ မလွှဲသာလို့ ပြောရရင်ကော ဘယ်လိုကျင့်ရပါမည်လဲလို့ မေးလျှောက်တယ်၊ သတိကို ထင်စေရမယ်လို့ မိန့်တော်မူပါတယ်၊ သတိထင်စေပုံကတော့ အမိအရွယ်ရှိသူကို အမိရင်းလို နှလုံးသွင်းရမယ်တဲ့၊ အစ်မနှမအရွယ်ရှိသူကို အစ်မရင်း နှမရင်းလို နှလုံးသွင်းရမယ်၊ သမီးအရွယ်ရှိသူကို သမီးအရင်းလို နှလုံးသွင်းရမယ်တဲ့၊ ဒါက သံယုတ်ပါဠိ (၃–၃၂၈–၉) ဘာရဒွါဇသုတ်၌ ရဟန်းပျိုကလေးများ ကာမရာဂကို ကျော်လွန်ပြီး တစ်သက်လုံး ရဟန်းအဖြစ်နဲ့ သာသနာ့အကျင့်ကို ကျင့်နိုင်ခြင်း၏ အကြောင်းများ ပြထားရာမှ ပထမအကျင့် ဖြစ်တယ်။

အဲဒီသုတ်မှာ ဒုတိယအကျင့်ကတော့ ဆံပင် မွေးညင်းစသည်ဖြင့် အသုဘရှုတဲ့ အကျင့်ဖြစ်တယ်၊ တတိယအကျင့်ကတော့ ယခုပြဆိုနေတဲ့ ဣန္ဒြိယသံဝရအကျင့်ပါပဲ၊ ဒါကြောင့် သတိကို ထင်စေရမယ်လို့ ဆိုရာမှာ အသုဘရှုပုံနှင့် ဝိပဿနာသတိဖြစ်စေပုံများကိုလဲ ယူသင့်ပါတယ်။

အသံအာရုံတွေမှာလဲ ကိလေသာဖြစ်ကြောင်း ဖြစ်တဲ့

http://www.dhammadownload.com



သီချင်းသံတို့ တူရိယာသံတို့ ဒီလိုအသံတွေကို တမင် နားမထောင်ဖို့ သူ့အလိုလို ကြားရရင်လဲ အဲဒီအသံကို ဂရုမစိုက်ဘဲထားဖို့ ဒီလိုမဟုတ်ရင်လဲ ကြားတယ်, ကြားတယ်လို့ ရှုမှတ်ဖို့လိုပါတယ်၊ ဒီလိုစောင့်ရှောက်ဖို့ ဆိုတာကတော့ ရဟန်းတော်များ တရားအားထုတ်နေတဲ့သူများနဲ့ ဆိုင်ပါတယ်၊ ဒါပေမယ့် ယခု မြတ်စွာဘုရား ဖြေရှင်းဟောကြားနေတာကတော့ သိကြားမင်းနှင့် နတ်ပရိသတ်တွေအား ဟောနေတာပဲ၊ ဒီသိကြားမင်းနှင့် နတ်ပရိသတ်တွေ ဆိုတာကတော့ လူများနှင့် နှိုင်းစာကြည့်ရင် ကာမဂုဏ်အာရုံတွေ အင်မတန် များပြားနေကြတာပဲ၊ သိကြားမင်းက ဣန္ဒြေစောင့်စည်းပုံကို မေးလို့ မြတ်စွာဘုရားရှင်က သိကြားမင်းနှင့်တကွ နတ်တွေအား မြင်ရတဲ့အဆင်း, ကြားရတဲ့အသံ စသည်နှင့်စပ်ပြီး လောဘ, ဒေါသစသော ကိလေသာ မဖြစ်ရအောင် စောင့်စည်းပုံကို ဟောနေတာပဲ၊ ဒါကြောင့် နတ်တွေလဲ တတ်နိုင်သမျှတော့ ဒီဣန္ဒြေစောင့်စည်းတဲ့ အကျင့်ကို ကျင့်ရမှာပဲ၊ လူတွေလဲ ဥပုသ်သီလစောင့်တဲ့အခါ တရားအားထုတ်နေတဲ့ အခါတွေမှာတော့ ကျင့်ရမှာပဲ၊ အမြဲတမ်းရယ်လို့တော့ မဟုတ်ဘူး၊ စွမ်းနိုင်သမျှ စောင့်စည်းဖို့ပါပဲ၊ ယောကျ်ားများမှာ မိန်းမအသံ၊ မိန်းမများမှာ ယောကျ်ားအသံ၊ ဒီလိုအသံတွေနဲ့ စပ်ပြီးတော့လဲ ကိလေသာမဖြစ်ရအောင် စောင့်စည်းဖို့ပါပဲ၊ ဝိပဿနာ ရှုနေတဲ့ ယောဂီဆိုရင်တော့ ကြားတယ်, ကြားတယ်လို့ ရှုမှတ်ပြီး စောင့်ရှောက်သွားဖို့ပါပဲ။

http://www.dhammadownload.com



အနံ့အာရုံတွေထဲမှာ တပ်မက်မှုရာဂဖြစ်ကြောင်း ဖြစ်တဲ့ ပန်းနံ့သာ ရေမွှေးနံ့စသည်ကို ရှစ်ပါးသီလထဲက မာလာဂန္ဓ၊ ဝိလေပန သိက္ခာပုဒ်ဖြင့်ပယ်ပြီး ဖြစ်နေတယ်၊ ရှစ်ပါးသီလ မဆောက်တည်တဲ့သူတွေလဲ တရားအားထုတ်ခိုက်ဆိုရင် အဲဒီလို အနံ့တွေကိုမသုံးဘဲ ရှောင်သင့်ပါတယ်၊ သူ့အလိုလို နံ့ရတဲ့အခါ တော့ နံ့တယ်, နံ့တယ်လို့ ရှုမှတ်သွားဖို့ပါပဲ၊ အပုပ်နံ့ စသည် နံ့တဲ့အခါကျတော့ အသုဘအနေဖြင့် နှလုံးသွင်းသွားဖို့ပါပဲ။

အရသာဆိုတာက ရှေ့နားက ပြောခဲ့တဲ့အတိုင်း မသုံး ဆောင်ဘဲ နေလို့တော့ မဖြစ်ဘူး၊ သုံးဆောင်သင့်တဲ့အခါ သုံး ဆောင်ရမှာပဲ၊ အကုသိုလ်မဖြစ်ပွားရအောင်၊ ဖြစ်ပွားမှုနည်းပါး အောင် ပစ္စဝေက္ခဏာဖြင့် ဆင်ခြင်ပြီးဖြစ်စေ၊ အာဟာရေပဋိကူလ ကမ္မဋ္ဌာန်းအရ ဆင်ခြင်ပြီးဖြစ်စေ သုံးဆောင်ဖို့ပါပဲ၊ တတ်နိုင် ရင်တော့ ထမင်းပွဲကြည့်တာ မြင်တာကစပြီး အပြုအမူ အသိဟူ သမျှတွေကို ရှုမှတ်ရမယ်၊ ဝါးတိုင်း, ဝါးတိုင်းလဲ ရှုမှတ်ရမယ်၊ ဒါတွေကတော့ အရသာသိမှု၏ ပုဗ္ဗကိစ္စတွေပါပဲ၊ အဲဒီလို ဝါးနေရင်း လျှာပေါ်မှာ အရသာသိမှု ပေါ်လာရင် အဲဒါကို သိတယ်, သိတယ်လို့ ရှုမှတ်ပြီး ထင်ရှားပေါ်ရာ မပြတ်ရှုမှတ် သွားရုံပါပဲ၊ ဒီလိုရှုမှတ်သွားရင် အရသာ၌ သာယာတဲ့ ကိလေ သာ မဖြစ်ဘဲ ကင်းငြိမ်းပါတယ်၊ ဒါကြောင့် အဲဒီလို စား နေရင်း မပြတ် ရှုမှတ်နေတာဟာ လျှာဣန္ဒြေကို စောင့်ရှောက်ရာ၌ အကောင်းဆုံးပါပဲ။

http://www.dhammadownload.com



အတွေ့အထိထဲမှာလဲ တပ်မက်မှု စသော ကိလေသာဖြစ်ကြောင်းဖြစ်တဲ့ အတွေ့တွေကို တတ်နိုင်သမျှ ရှောင်ရမယ်၊ မလွှဲမရှောင်သာလို့ တွေ့ထိရင်တော့ အဲဒါကို ခတ်သဘော အနေဖြင့် ဆင်ခြင်ရုံပဲ၊ တတ်နိုင်ရင်တော့ ထိတယ် ထိတယ် စသည်ဖြင့် ရှုမှတ်ရုံပါပဲ၊ ရှေ့နားက ပြောခဲ့တဲ့အတိုင်း သွားတယ်, ရပ်တယ်, ထိုင်တယ်, ကွေးတယ်, ဆန့်တယ်, ဖောင်းတယ်, ပိန်တယ်လို့ ရှုမှတ်တာတွေလဲ မပြတ်ရှုမှတ်နေတာဟာ မှီဝဲသင့်တဲ့ အတွေ့အထိ မှီဝဲနေသည်မည်ပါတယ်။

ဒီနေရာမှာ အဋ္ဌကထာ နိသဇ္ဇိဓုတင် ကျင့်နေတာကိုလဲ မှီဝဲတဲ့အတွေ့ကို မှီဝဲမှုဖြစ်ကြောင်း ပြဆိုထားပါတယ်၊ အရှင်သာရိပုတ္တရာဟာ အနှစ် သုံးဆယ်ပတ်လုံး အိပ်ရာမှာ လှဲမအိပ်ဘဲ နိသဇ္ဇိဓုတင်ကို ကျင့်နေပါတယ်တဲ့၊ ထို့အတူ အရှင်မဟာကဿပကတော့ အနှစ် ၁၂၀-ကျင့်ပါသတဲ့၊ အဲဒါကတော့ အရှင်မဟာကဿပ၏ အသက်နဲ့တူညီနေလို့ စဉ်စားဖွယ်ရှိပါတယ်၊ အရှင်အနုရုဒ္ဓါက အနှစ် ၅၀၊ အရှင်ဘဒ္ဒိယက အနှစ် ၃၀၊ အရှင်သောဏက ၁၈-နှစ်၊ အရှင်ရဋ္ဌပါလက ၁၂-နှစ်၊ အရှင်အာနန္ဒာက ၁၅-နှစ်၊ အရှင်ရာဟုလာက ၁၂-နှစ်၊ အရှင်ဗာကုလက အနှစ် ၈၀-ပတ်လုံး လှဲမအိပ်ဘဲ ကျင့်နေပါတယ်တဲ့၊ ဒီမထေရ်များကတော့ ရဟန္တာဖြစ်ပြီးမှ ကျင့်တာမို့ ကုသိုလ်ဖြစ်ပွားအောင် ကျင့်တာတော့ မဟုတ်ပါဘူး၊ နောင်လာ နောက်သားများအား အတုလိုက်ပြီး ကျင့်ဖို့ ချီးမြှောက်ရုံမျှပဲ

http://www.dhammadownload.com



ရှိပါတယ်၊ အဲဒီလို လှဲအိပ်ခြင်းမရှိဘဲ ရံခါထိုင်၊ ရံခါရပ်၊ ရံခါ လမ်းလျှောက်နေတယ်ဆိုတော့ ကိုယ်ထဲမှာ ညောင်းခြင်း, ပူခြင်း, စသော ကိုယ်အတွေ့ဆိုးများကို တွေ့ထိနေရတယ်၊ အဲဒီအတွေ့ အာရုံတွေဟာ ခုတင်အကျင့်ဆိုင်ရာ စင်ကြယ်သော စိတ်ဓာတ်များ ဖြစ်ပွားကြောင်း ဖြစ်သောကြောင့် မှီဝဲအပ်သော အတွေ့အာရုံများ ဖြစ်ပါတယ်၊ အဲဒါလိုပင် ဝိပဿနာရှုနေတဲ့သူလဲ ကြာရှည်စွာ ထိုင်လျက် ရှုမှတ်နေတဲ့အခါ ညောင်းခြင်း, ပူခြင်းစသော အတွေ့ဆိုးများကို တွေ့ထိ နေရတယ်၊ ဒါပေမယ့် မှီဝဲသင့်သော အတွေ့များဖြစ်သော ကြောင့် အဲဒါတွေကို ရုတ်တရက် မပြင်ဘဲ သည်းခံပြီး ရှုမှတ်နေရတယ်၊ အဲဒီလိုရှုမှတ်နေတာဟာ မှီဝဲ သင့်တဲ့အာရုံကို မှီဝဲလျက် ဝိပဿနာကုသိုလ် ပွားစေတာပဲ၊ ဒါကြောင့် ကိုယ်ထဲမှာ ညောင်းခြင်း, ပူခြင်း, နာခြင်းအစရှိသော အတွေ့ဆိုးများဆိုင်ရာ ဒုက္ခဝေဒနာကို တွေ့တဲ့အခါ ရုတ်တရက် မပြုပြင်ဘဲ တတ်နိုင်သမျှ သည်းခံပြီး ရှုမှတ်နေရတယ်၊ မတတ် နိုင်တဲ့အခါမှ ပြုပြင်ရတယ်၊ အဲဒါဟာ မှီဝဲသင့်တာကို မှီဝဲနေတာပဲ၊ မှီဝဲသင့်တာမှီဝဲရန် ညွှန်ကြားတဲ့ ဒီသက္ကပဥှသုတ် တရားတော်နှင့် အညီပါပဲ။

နောက်ပြီးတော့ စိတ်ကူးအာရုံတွေထဲမှာလဲ လောဘဖြစ် ကြောင်း အာရုံတွေ, ဒေါသဖြစ်ကြောင်း အာရုံတွေ ဒီလို အကုသိုလ် ဖြစ်ကြောင်း အာရုံတွေကို မကြံစည်ရဘူး၊ ရှေးက တွေ့ခဲ့ဖူးတဲ့ အာရုံတွေလဲ မကြံစည်ရဘူး၊ နောင်တွေ့ဖို့ရာ

http://www.dhammadownload.com



တွေကိုလဲ မကြံစည်ရဘူး၊ အဲဒီလို မကြံသင့်တာကို ကြံမိရင် ရှုမှတ်ပြီး ပယ်သွားရမယ်၊ ဖောင်းတယ်, ပိန်တယ်, ထိုင်တယ်, ထိတယ်, စသည်ဖြင့် ရှုမှတ်နေရင်း အပြင်ထွက်တဲ့ စိတ်ကူးပေါ် လာရင် အဲဒီ စိတ်ကူးကို ရှုမှတ်ပြီးတော့ ရှုမှတ် နေကျကိုသာ မပြတ်ရှုမှတ်သွားရမယ်။

## မထေရ်သုံးပါး၏ စောင့်စည်းပုံ

အဲဒီလို မမှီဝဲသင့်တဲ့ စိတ်ကူးအာရုံတွေကို ပယ်ပြီး ရှုမှတ်ရာမှာ အတုယူစရာ မထေရ်သုံးပါးအကြောင်းကို အဋ္ဌကထာ မှာ ဒီလို ပြထားပါတယ်၊ မထေရ်သုံးပါးဟာ ဝါကပ်တဲ့နေ့မှာ အချင်းချင်း ဒီလို ဩဝါဒပေးပြီး ကတိကဝတ် ပြုကြပါသတဲ့၊ ပြုပုံကတော့ ကာမဂုဏ်ကို ကြံတဲ့ဝိတက်၊ သူတစ်ပါးအား သေပျက်စေရန်ကြံတဲ့ ဝိတက်၊ နှိပ်စက်ညှဉ်းဆဲရန်ကြံတဲ့ ဝိတက် စသော အကုသိုလ်အကြံတွေကို မကြံရဘူးလို့ ကတိကဝတ် ပြုထားကြတယ်၊ ဝါကျွတ်တော့ ပဝါရဏာပြုတဲ့နေ့မှာ သံဃာ့ မထေရ်ကြီးက အငယ်ဆုံးမထေရ်ကို မေးတယ်–ငါ့ရှင် ဒီဝါတွင်း သုံးလမှာ သင့်စိတ်ကို ဘယ်ဌာနဌ် ပြေးသွား ကျက်စား စေပါ သလဲ–တဲ့၊ ကျောင်းတိုက်အတွင်းက အပြင် မထွက်စေပါ၊ ကျောင်းတိုက် အတွင်းမှာသာ ကျက်စားစေပါတယ် ဘုရားလို့ မထေရ်ငယ်က ပြန်ကြားလျှောက်ထားတယ်၊ အဲဒါဟာ တရားရှု မှတ်နေရင်း အပြင်ကို စိတ်ထွက်တောင်မှ ကျောင်းတိုက်

http://www.dhammadownload.com



အတွင်းသာ ထွက်တယ်၊ ကျောင်းတိုက်အပြင် မရောက်ဘူး၊ အရပ်ထဲရွာထဲစသည်သို့ စိတ်မရောက်ဘူးလို့ ဆိုလိုတာပါပဲ၊ အင်မတန် ချီးကျူးစရာ ကောင်းပါတယ်၊ ယခု ဒီမှာ တရားအားထုတ်နေကြတဲ့ ယောဂီတွေ အနေနဲ့ဆိုရင် ချီးမွမ်းစရာကောင်းကြောင်း ထင်ရှားပါတယ်၊ ဘာကြောင့်လဲဆိုတော့ လူက ကမ္မဋ္ဌာန်းကျောင်းထဲမှာထိုင်ပြီး ဖောင်းတယ် ပိန်တယ်စသည်ဖြင့် ရှုမှတ်နေပေမယ့် သမာဓိအား မရှိသေးခင်မှာဆိုရင် စိတ်က အိမ်ရောက်သွားလိုက်, မြို့ထဲ, ရွာထဲ, ဈေးထဲ ရောက်သွားလိုက်၊ ဟိုလူနဲ့ သွားတွေ့လိုက်၊ ဒီလူနဲ့သွားတွေ့လိုက်နဲ့ စိတ်ထွက်ထွက်သွားတာကို ခဏခဏ တွေ့နေရသောကြောင့်ပါပဲ။

အလတ်မထေရ်ကို မေးတော့ အဲဒီမထေရ်က "တပည့်တော်က ကျောင်းခန်းထဲမှာ အပြင်မထွက်စေပါဘုရား" လို့ လျှောက်ထားတယ်၊ ဒါက ပိုပြီး အံ့သြစရာ, ချီးမွမ်းစရာကောင်းတာပဲ၊ တစ်ဝါတွင်းလုံး တရားရှုမှတ်နေရင်း ကျောင်းခန်းအပြင် စိတ်မထွက်ဘူးဆိုတော့ သာပြီး အံ့သြချီးမွမ်းစရာ ကောင်းတာပေါ့။

အဲဒီမထေရ် နှစ်ပါးက သံဃမထေရ်ကြီးကို မေးလျှောက်ကြတယ်၊ ဆရာတော်ဘုရားကြီးကတော့ စိတ်ကို ဘယ်လောက် ထိန်းသိမ်းနိုင်ပါသလဲဘုရားလို့ မေးလျှောက်ကြတယ်၊ ငါကတော့ အစ္ဈတ္တခန္ဓာငါးပါးမှ အပြင်ကိုမထွက်စေဘူးလို့ ဖြေကြားတော်မူပါသတဲ့၊ အဲဒီစကားရပ်ဖြင့် မြင်တိုင်း, ကြားတိုင်း,

http://www.dhammadownload.com



တွေ့တိုင်း, သိတိုင်း ဒွါရ ခြောက်ပါး၌ ထင်ပေါ်သမျှ ရုပ်နာမ် ခန္ဓာ တွေကိုသာ မပြတ်ရှုမှတ်နေနိုင်တယ်၊ အပြင်ထွက်ပြီး ကြံတဲ့ စိတ်မရှိဘူးလို့ ဆိုလိုတာပါပဲ၊ ဒါကတော့ အံ့စရာ, ချီးမွမ်းစရာ အကောင်းဆုံးပါပဲ၊ ဝါတွင်း သုံးလပတ်လုံး ကိုယ်တွင်း သန္တာန်မှ အပြင်မထွက်အောင် စိတ်ထိန်းထားနိုင်တယ်ဆိုတော့ အင်မတန် ကို အံ့စရာပါပဲ၊ ရဟန္တာဖြစ်နေဟန်ရှိပါတယ်၊ ယခု တရားအား ထုတ်နေကြတဲ့ ပုဂ္ဂိုလ်တွေဟာ အဲဒီမထေရ်သုံးပါး၏ စိတ်ထိန်း ပုံကို အတုယူပြီး မိမိတို့စိတ်ကို ထိန်းသွားကြဖို့ပါပဲ။

နောက်ပြီးတော့ အဋ္ဌကထာမှာ မေတ္တာ စသည်၏ အစွမ်း အားဖြင့် သဘောအာရုံကို မှီဝဲအပ်ကြောင်း ပြဆိုထားတယ်၊ အဲဒါကတော့ သဗ္ဗေသတ္တာ အဝေရာ ဟောန္တု-အားလုံး သတ္တဝါ တွေ ဘေးရန်ကင်းကြပါစေ စသည်ဖြင့် မေတ္တာ စသည်ကို ပွားစေရန် ညွှန်ပြတာပါပဲ၊ အဲဒီမေတ္တာစသည် ပွားစေပုံကိုတော့ ဗြဟ္မဝိဟာရ တရားတော်ဆိုတဲ့ စာအုပ်မှာ အပြည့်အစုံ ဖော်ပြ ထားပြီးရှိသောကြောင့် ဒီတရားစာအုပ်မှာ မပြတော့ဘဲ ချန်ထား လိုက်ပါတယ်။

နောက်ပြီးတော့ **မေတ္တာစသည်လို့** အဋ္ဌကထာက ဆိုရာ မှာ စသည်အရဖြင့် ကြံသိမှုစိတ်ကူးထဲမှာ ပေါ်လာသမျှ သဘော အာရုံတွေကို ဝိပဿနာရှုမှတ်ခြင်းဖြင့် မှီဝဲအပ်တယ်လို့ မှတ်ယူ သင့်ပါတယ်၊ ဒါကြောင့် စိတ်ကူးကြံစည်မှုဖြစ်တိုင်း ဖြစ်တိုင်း ရှုမှတ်ပြီး မှီဝဲသွားဖို့ပါပဲ။

http://www.dhammadownload.com



အချုပ်အားဖြင့် ပြောရရင်တော့ ကမ္မဋ္ဌာန်းတစ်ခုခုကို နှလုံးသွင်းရှုမှတ်နေတာဟာ မှီဝဲသင့်တာကို မှီဝဲနေသည် မည်တာချည်းပါပဲ။ အဲဒီလို နှလုံးသွင်းရှုမှတ်ခြင်းဖြင့် ကုသိုလ်တရားတွေ ပွားနေတာချည်းပါဖဲ့၊ အဲဒီအထဲမှာ သတိပဋ္ဌာန်ဘာဝနာကိုတော့ မြတ်စွာဘုရားရှင်က ဒီလိုချီးကျူးပြီး ဟောထားပါတယ်။

## သတိပဋ္ဌာန်ဟာ ကုသိုလ်အစုပဲ

ကုသလရာသီတိ ဘိက္ခဝေ ဝဒမာနော စတ္တာရော သတိပဋ္ဌာနေ သမ္မာ ဝဒမာနော ဝဒေယျ၊ ကေဝလော ဟာယံ ဘိက္ခဝေ ကုသလရာသိ ယဒိဒံ စတ္တာရော သတိပဋ္ဌာနာ။

ဘိက္ခဝေ–ရဟန်းတို့၊ ကုသလရာသီတိ ဝဒမာနော–ကုသိုလ်အစုဟု ဆိုသောသူသည်၊ စတ္တာရော သတိပဋ္ဌာနေ–သတိပဋ္ဌာန်လေးပါးတို့ကို၊ ဝဒမာနော–ဆိုလျှင်၊ သမ္မာ ဝဒေယျ မှန်စွာဆိုသည်ဖြစ်ရာ၏။ ဟိ–မှန်ပါသည်။ ဘိက္ခဝေ–ရဟန်းတို့၊ ယဒိဒံ စတ္တာရော သတိပဋ္ဌာနာ–အကြင်လေးပါးသော သတိပဋ္ဌာန်တို့ရှိကြသည်၊ ကေဝလော–အလုံးစုံသော၊ အယံ–ဤ သတိပဋ္ဌာန်လေးပါးသည်၊ ကုသလရာသိ–ကုသိုလ်အစု ပေတည်းတဲ့။

ကုသိုလ်အစုပုံကြီးလို့ ပြောချင်ရင် သတိပဋ္ဌာန်လေးပါးကို ပြောပါတဲ့၊ သတိပဋ္ဌာန်လေးပါးကို ကုသိုလ်အစုအပုံ

http://www.dhammadownload.com



ကြီးလို့ ပြောရင် အစစ်အမှန် ပြောတာ ဖြစ်ပါတယ်-တဲ့၊ ဘာကြောင့်လဲဆိုတော့ သတိပဋ္ဌာန်လေးပါးဟာ အကုန်လုံးပင် ကုသိုလ်အစုအပုံ ဖြစ်သောကြောင့်ပါပဲ-တဲ့၊ ဒါနကုသိုလ်ဆိုတာလဲ များစွာပြုနေရင် ကုသိုလ် အစုအပုံကြီးလို့ ဆိုစရာပါပဲ၊ ဒါပေမယ့် ပေးလှူနေတဲ့ အချိန်ပိုင်းအတွင်းမှာပင် တခြားတစ်ပါးစိတ်ကူးတွေက ဝင်ပြီးဖြစ်သေးတယ်၊ ပြီးတော့ နေ့ရောညဉ့်ပါ မပြတ်ပေးလှူဖို့ကတော့လဲ မဖြစ်နိုင်ဘူး၊ ဒါကြောင့် ဒါနကုသိုလ်ကို ကုသိုလ်အစုအပုံကြီးလို့ဆိုရင် အပြည့်အစုံမှန်တယ်လို့မဆိုနိုင်ဘူး၊ သီလကုသိုလ်ဆိုတာလဲ ကုသိုလ်အစုအပုံကြီးလို့ ဆိုစရာပါပဲ၊ ဒါပေမယ့် သီလကုသိုလ်စေတနာတွေက နေ့ရောညဉ့်ပါ မပြတ်ဖြစ်နေတာတော့ မဟုတ်ဘူး၊ ကြားထဲမှာ တခြားတစ်ပါး စိတ်ကူးတွေကဝင်ပြီး ဖြစ်နေကြသေးတာပဲ၊ ဒါကြောင့် သီလကို ကုသိုလ်အစုအပုံကြီးလို့ဆိုရင် အပြည့်အစုံမှန်တယ်လို့ မဆိုနိုင်ဘူး။

သတိပဋ္ဌာန်ကုသိုလ်ကတော့ ကိုယ်အမူအရာ ဖြစ်ပေါ်တိုင်းလဲ မပြတ်ရှုမှတ်နေရတယ်၊ ဝေဒနာတွေ ဖြစ်ပေါ်တိုင်းလဲ မပြတ်ရှုမှတ်နေရတယ်၊ စိတ်အကြံ ဖြစ်ပေါ်တိုင်းလဲ မပြတ်ရှုမှတ်နေရတယ်၊ မြင်မှု၊ ကြားမှုစသော သဘော တရားတွေ ဖြစ်ပေါ်တိုင်းလဲ မပြတ်ရှုမှတ်နေရတယ်၊ ညအချိန် လောက်သာ ချန်ပြီး နေ့ရောညဉ့်ပါ မပြတ် ရှုမှတ်နေရတယ်၊ တစ်စက္ကန့်လျှင် အနည်းဆုံး ရှုမှတ်မှုတစ်ကြိမ်တော့ ဖြစ်တာပဲ၊ တစ်မိနစ်ဆိုရင်

http://www.dhammadownload.com



ရှုမှတ်မှုကုသိုလ်ပေါင်း အနည်းဆုံး ၆၀–ရတယ်၊ တစ်နာရီဆိုတော့ ၃၆၀၀–ရတယ်၊ ညဥ့်အချိန် လေးနာရီလောက်ချန်ပြီး နာရီ ၂၀–ခန့် ရှုမှတ်နေသူမှာ တစ်ရက် အတွင်း ၌ ၃၆၀၀၀–နှစ်လီ ၇၂၀၀၀–လောက်ရတယ်၊ ဒါကြောင့် ကုသိုလ်အစုအပုံကြီးလို့ ဆိုထိုက်ပါပေတယ်၊ ထိုင်နေရင်းလဲ ရှုမှတ်မှုကုသိုလ်တွေ များစွာဖြစ်နေတယ်၊ ထိုင်ရာမှထတဲ့အခါ ရပ်နေတဲ့အခါလဲ ကုသိုလ်တွေဖြစ်နေတယ်၊ သွားတဲ့အခါ ခြေလှမ်းတိုင်းမှာလဲ ကုသိုလ်တွေဖြစ်နေတယ်၊ ထိုင်ရာက လှဲအိပ်ချလိုက်တဲ့အခါ လဲလျောင်းနေတဲ့အခါများမှာလဲ ကုသိုလ်တွေဖြစ် နေတာပဲ၊ မျက်စိမှိတ်တဲ့အခါ ဖွင့်တဲ့အခါတွေမှာလဲ ရှုမှတ်မှု ကုသိုလ်တွေ ဖြစ်နေတာပဲ၊ ကြည့်တဲ့အခါ, မြင်တဲ့အခါ ရှုမှတ်မှု ကုသိုလ်တွေ ဖြစ်နေတာပဲ၊ နားထောင်တဲ့အခါ ကြားတဲ့အခါလဲ ဖြစ်နေတာပဲ၊ အနံ့နံတဲ့အခါလဲ ဖြစ်နေတာပဲ၊ အစားစားတဲ့ အခါမှာတော့ ထမင်းတစ်လုတ် တစ်လုတ်ကို ပြုပြင်တာ, ယူတာ, ဝါးတာ, စားသိတာ စသည်တွေ ရှုမှတ်ပြီး ကုသိုလ်တွေ အများကြီး ဖြစ်နေတာပဲ၊ အတွေ့အထိတွေမှာတော့ ထိသိတိုင်း ရှုမှတ်ပြီး ကုသိုလ်တွေအများကြီး ဖြစ်နေတာပဲ၊ ကျင်ကြီး ကျင်ငယ် စွန့်ရာမှာလဲ ရှုမှတ်ပြီး ကုသိုလ်တွေ အများကြီး ဖြစ်နေတာပဲ၊ စိတ်ကူးတိုင်း, စဉ်းစားဆင်ခြင်တိုင်း, ကြံသိတိုင်းလဲ ရှုမှတ်ပြီး ကုသိုလ်တွေ အများကြီး ဖြစ်နေတာပဲ၊ ဒါကြောင့် သတိပဋ္ဌာန်ကို ကုသိုလ်အစုအပုံကြီးလို့ ဆိုတာဟာ တကယ်ကို မှန်နေတာပါပဲ။

http://www.dhammadownload.com



ကုသိုလ်အစုအပုံကြီးလို့ ဆိုထိုက်တဲ့ အဲဒီ သတိပဋ္ဌာန်ဟာ မှီဝဲအပ် မှီဝဲထိုက်တဲ့ တရားပဲ၊ ဒါကြောင့် သိကြားမင်းအား ဣန္ဒြိယသံဝရကို ဟောရာမှာ မှီဝဲသင့်တာကို မှီဝဲဖို့ ဟောကြားတော်မူတာပါပဲ၊ သိကြားမင်းကလဲ ကုသိုလ်ဖြစ်ကြောင်း အာရုံကို မှီဝဲသင့်တယ် ဆိုတာ သိနားလည်ပြီး မြတ်စွာဘုရားကို သူနားလည်တဲ့အတိုင်း လျှောက်ကြားတင်ပြတယ်၊ အဲဒီ ဣန္ဒြိယသံဝရအတွက် ဆောင်ပုဒ်များကို ထပ်ပြီး ဆိုကြရဦးမယ်။

ဣန္ဒြိယ္သ,သံဝရ၊ သူကဘာယ်သို့နည်း။
အာရုံခြောက်ရပ်၊ မှီဝဲအပ်၊ မအပ် ကွဲသတည်း။
အကုသိုလ်ပွား၊ ပယ်ရှောင်ရှား၊ ကုပွားမှီဖို့တည်း။
သင့်ရာမှီတွယ်၊ မသင့်ပယ်၊ စောင့်ဖွယ် ကိစ္စပြီး။

သက္ကပဉှသုတ် တရားတော်မှာ ပယ်ရမယ့်တရား, မှီဝဲရကျင့်ရမယ့်တရားများနဲ့စပ်ပြီး အမေးအဖြေတွေကတော့ ပြည့်စုံသွားပါပြီ။ အစပထမက သတ္တဝါတွေမှာ ချမ်းသာချင်ကြပါလျက် ဘာ့ကြောင့် ဆင်းရဲနေကြပါသလဲလို့ သိကြားမင်းက မေးတယ်၊ မြတ်စွာဘုရားက(ဣဿာ,မစ္ဆရိယ) မနာလိုမှု ဝန်တိုမှုကြောင့်လို့ဖြေတယ်၊ အဲဒီဣဿာ,မစ္ဆရိယက ဘာ့ကြောင့် ဖြစ်သလဲလို့မေးတယ်၊ (ပိယ အပ္ပိယ) ချစ်ဖွယ်မုန်းဖွယ်ကြောင့်လို့ ဖြေတယ်၊ အဲဒီ ချစ်ဖွယ်မုန်းဖွယ်က ဘာကြောင့်လဲလို့ မေးတယ်၊ နှစ်သက်ချစ်ခင်ချင်တဲ့ ဆန္ဒကြောင့်လို့ ဖြေတယ်၊ အဲဒီဆန္ဒက ဘာ့ကြောင့်လဲလို့မေးတယ်၊ ဝိတက်ဆိုတဲ့ ကြံစည်မှုကြောင့်လို့ ဖြေတယ်၊

http://www.dhammadownload.com



အဲဒီဝိတက်က ဘာကြောင့်လဲလို့မေးတယ်၊ ပပဥ္စသညာခေါ်တဲ့ တဏှာ မာန ဒိဋ္ဌိဖြင့် အကျယ်ချဲ့ပြီး ကြံနိုင်အောင် မှတ်စွဲထားမှုကြောင့် ဖြစ်တယ်လို့ ဖြေကြားတော်မူပါတယ်။

အဲဒီတော့ အကြောင်းအကျိုး အဆင့်ဆင့် ဖြစ်ပွားလျက် ဆင်းရဲနေကြရာမှာ မူလအရင်းခံဖြစ်တဲ့ ပပဥ္စသညာချုပ်ငြိမ်းအောင်ကျင့်မှ ဆင်းရဲကင်းပြီး ချမ်းသာမယ်ဆိုတာ သဘောပေါက်သိနားလည်ပြီးတော့ သိကြားမင်းက အဲဒီပပဥ္စသညာချုပ်ရာရောက်အောင် ဘယ်လို ကျင့်ရပါသလဲလို့ မေးတယ်၊ မြတ်စွာဘုရားက သောမနဿ ဒေါမနဿ ဥပေက္ခာဆိုတဲ့ ဝေဒနာသုံးပါးကို မှီဝဲသင့် မမှီဝဲသင့် နှစ်ပါးစီ ခွဲခြားပြီး ဟောကြားတော်မူပါတယ်၊ အဲဒီအဖြေဖြင့် မိမိသန္တာန်မှာ မှီဝဲသင့်တာတွေကို ဖြစ်ပွားစေပြီး မှီဝဲရမယ်၊ အဲဒီလိုကျင့်ရင် ပပဥ္စသညာချုပ်ရာသို့ ရောက်ပါလိမ့်မယ်လို့ သိစေတာပါပဲ၊ အဲဒီ အမေးအဖြေ အဆင့်ဆင့်အတွက် မူလဆောင်ပုဒ်ကြီးကို ဆိုကြရဦးမယ်။

ကာမဘုံသား နတ်လူများတို့ ကောင်းစားပြည့်ဝ ဘေးရန်ပ–လျက် အေးမြချမ်းသာ နေလိုပါလည်း ဣဿာမစ္ဆေ သူ့ရှုပ်ထွေး၍ ထင်ခြေမကျဆင်းရဲရတည့် ...

မူလဇစ်မြစ် သူ့ကြောင်းစစ်သော် မုန်းချစ်အပ်သား အာရုံ များနှင့် လိုလားတစ်လီ ကြံစည်တစ်တန် ချဲ့ရန်မှတ်စွဲခြေတည်လွဲ၍ ဆင့်ကဲဆင့်ကာ ဖြစ်ရိုးပါတည့်...

ခြောက်ဖြာဒွါရ ထင်သမျှကို မှတ်ကြသဖြင့် မမှီသင့်

http://www.dhammadownload.com



ရှောင် မှီသင့်ဆောင်၍ မှန်အောင်ပြင်က လမ်းမှန်ရသည် မုချ ချမ်းသာရေးပေတည်း။

ပပဉ္စသညာချုပ်အောင် ကျင့်ပုံဆောင်ပုဒ်များလဲ ဆိုကြရမည်။

ဘယ်သို့ကျင့်က၊ ပပဉ္စ၊ လုံးဝချုပ်သနည်း။
မှီဝဲသင့်တာ၊ မသင့်တာ၊ ဝမ်းသာနှစ်မျိုးတည်း။
နှလုံးမသာ၊ ဥပေက္ခာ၊ ခွဲပါ နည်းတူတည်း။
အကုသိုလ်ပွား၊ ပယ်ရှောင်ရှား၊ ကုပွားမှီဖို့တည်း။
ဤသို့ကျင့်က၊ ပပဉ္စ၊ လုံးဝချုပ်သတည်း။

သိကြားမင်းက အဲဒီတရားကို နာနေရင်း မှီဝဲသင့်သော သောမနဿဝေဒနာ ဥပေက္ခာဝေဒနာတို့ကို မိမိသန္တာန်မှာ ဖြစ်စေလျက် မှီဝဲပြီး သောတာပတ္တိမဂ်ဖိုလ်သို့ ရောက်လျက် သောတာပန်လဲ ဖြစ်သွားတယ်၊ ဘဝဟောင်းမှ စုတေပြီး ထို နေရာမှာပင် ဘဝအသစ် သိကြားမင်းလဲ ပြန်ဖြစ်သွားတယ်၊ အဲဒီအခါ ပါတိမောက္ခသံဝရသီလကို မေးပြန်တယ်၊ မြတ်စွာ ဘုရားရှင်က ကိုယ်အမူ, နှုတ်အမူ, ရှာမှီးမှုများကို မှီဝဲသင့် မမှီဝဲသင့် နှစ်ပါးခွဲခြားပြီး ဟောတော်မူတယ်၊ နောက်ပြီးတော့ သိကြားမင်းက ဣန္ဒြိယသံဝရကို မေးပြန်တယ်၊ မြတ်စွာဘုရား ရှင်က အာရုံခြောက်ပါးကို မှီဝဲသင့် မမှီဝဲသင့် နှစ်ပါးစီပင် ခွဲခြားဟောကြောင်း မိန့်တော်မူတယ်၊ အဲဒါ ပါတိမောက္ခသံဝရ နှင့် ဣန္ဒြိယသံဝရဆိုင်ရာ ဆောင်ပုဒ်များကို ထပ်ပြီး ဆိုကြရမယ်။

http://www.dhammadownload.com



ပါတိမောက္ခ၊ သံဝရ၊ ကျင့်ရ ဘယ်သို့နည်း။
မှီသင့်တစ်ခု၊ မသင့်ဟု၊ ကိုယ်မှုနှစ်မျိုးတည်း။
နှုတ်မှုထို့တူ၊ သက်မွေးမြူ၊ ထို့တူနှစ်မျိုးတည်း။
မမှီသင့်ပယ်၊ သီလနယ်၊ စင်ကြယ်ပါသတည်း။
ဣန္ဒြိယ,သံဝရ၊ သူက ဘယ်သို့နည်း။
အာရုံခြောက်ရပ်၊ မှီဝဲအပ်၊ မအပ်ကွဲသတည်း။
အကုသိုလ်ပွား၊ ပယ်ရှောင်ရှား၊ ကုပွားမှီဖို့တည်း။
သင့်ရာမှီတွယ်၊ မသင့်တယ်၊ စောင့်ဖွယ်ကိစ္စပြီး။

ယခုပြောခဲ့တဲ့အတိုင်း သိကြားမင်းဟာ မှီဝဲသင့်တဲ့ သောမနဿနှင့် ဥပေက္ခာဝေဒနာကိုဖြစ်စေပြီး မှီဝဲလျက် သောတာပန် ဖြစ်ပြီးနောက် ကျင့်သင့်တဲ့ ပါတိမောက်သီလနှင့် ဣန္ဒြိယသံဝရ အကြောင်းကို မေးမြန်းလျှောက်ထားတယ်၊ အဲဒီလို လျှောက်ထား ပြီးတဲ့အခါ အကျင့်ဆိုင်ရာ ဖြေရှင်းချက်တွေကို ကြားနာပြီး အားရကျေနပ်သွားတယ်၊ အဲဒီအခါ တရားမှန်ကို မသိသေးခင် ရှေးတုန်းက ဟိုပုဂ္ဂိုလ်က ဟုတ်နိုးနိုး ဒီပုဂ္ဂိုလ်က ဟုတ်နိုးနိုးနဲ့ ထင်မှတ်ပြီး ပညာရှိလို့ ဝန်ခံနေတဲ့ ရသေ့သူမြတ်တွေကို ဆည်းကပ်ပြီး သိလိုရာတွေကို မေးခဲ့ဖူးတယ်၊ အဲဒီတုန်းက အယူဝါဒ အမျိုးမျိုး ကွဲလွဲနေကြတာ တွေ့ခဲ့ရတယ်၊ ယခုတော့ ဘုရားရှင်၏ တရားတော် ကို ကြားနာ ကျင့်သုံးပြီး သောတာပန် ဖြစ်ခဲ့တယ်၊ အဲဒီတော့ တရားမှန်ကို သိသောကြောင့် ဘုရားမှန် ကိုလဲ သိသွားပြီ၊ သံဃာမှန်ကိုလဲ သိသွားပြီ၊ ဒါကြောင့် ဟို

http://www.dhammadownload.com



ပုဂ္ဂိုလ်က ဟုတ်နိုးနိုး၊ ဒီပုဂ္ဂိုလ်က ဟုတ်နိုးနိုးစသည်ဖြင့် မဝေခွဲနိုင်တဲ့ ယုံမှားမှု လုံးဝကင်းသွားပြီး အဲဒီလို ယုံမှားကင်းပုံကို တိုက်ရိုက် မလျှောက်ဘဲ ပြောင်းပြန်နည်းဖြင့် ဒီလို မေးလျှောက်ပြန်ပါတယ်။

## အားလုံးအယူဝါဒ စသည် တူကြပါသလား

မာရိသ–မြတ်စွာဘုရား၊ သမဏဗြာဟ္မဏာ–ရဟန်းသူမြတ်ဟု ဝန်ခံကြကုန်သော၊ သဗ္ဗေဝ–အားလုံးသော ပုဂ္ဂိုလ်တို့သည်ပင်လျှင်၊ ဝါ–ပုဂ္ဂိုလ်အားလုံးတို့ပင်လျှင်၊ ဧကန္တဝါဒါ–အယူဝါဒ တူကြပါသလော၊ ဧကန္တသီလာ–ကိုယ်နှုတ်အကျင့်သီလ တူကြပါသလော၊ ဧကန္တဆန္ဒာ–အလိုဆန္ဒ တူကြ ပါသလော၊ ဧကန္တအဇ္ဈောသာနာ–အပြီးအဆုံး တစ်မျိုးတည်း တူကြပါသလော–တဲ့။

ဒါကတော့ သိကြားမင်းက သိပြီးဖြစ်ပါလျက် ဘာ့ကြောင့်ဆိုတာကိုမေးချင်လို့ အခြေခံအနေဖြင့် မေးလျှောက်တာပါပဲ၊ အိန္ဒိယနိုင်ငံနယ်ပယ်တစ်ဝိုက်မှာ ဘုရားလက်ထက် ကာလတုန်းက ရသေ့ရဟန်းပြုနေတဲ့ သူတွေက ကိလေသာငြိမ်းတဲ့ သမဏအဖြစ် ရဟန်းအဖြစ် ဝန်ခံနေကြတယ်၊ ပုဏ္ဏားလူမျိုးတွေကလဲ ပုဂ္ဂိုလ်မြတ်အဖြစ် ဝန်ခံနေကြတယ်၊ အဲဒီလို ရသေ့ရဟန်းအဖြစ် သူမြတ်အဖြစ်ဝန်ခံနေကြသော ပုဂ္ဂိုလ်တိုင်းပင် အယူဝါဒ တူကြပါသလား၊ ကိုယ်နှုတ် စောင့်ထိန်းမှု အကျင့်သီလ တူကြပါသလား၊

http://www.dhammadownload.com



အလိုဆန္ဒချင်းလဲ တူကြပါသလား၊ အပြီးအဆုံးသတ် တရားချင်းလဲ တစ်မျိုးတည်းတူကြပါသလားလို့ အချက် လေးခုကို မေးမြန်း လျှောက်ထားတယ်၊ အဲဒီ အမေးကို လေးချက်လုံးပင် မတူဘဲ ကွဲလွဲနေကြောင်း မြတ်စွာဘုရားက ဖြေကြားတော်မူပါတယ်၊ အဲဒီတော့ သိကြားမင်းက ဘာကြောင့်မတူဘဲ ကွဲလွဲနေကြပါသလဲ လို့ မေးလျှောက်ပြန်ပါတယ်၊ အဲဒီအမေးကို မြတ်စွာဘုရားက ဒီလို ဖြေကြားတော်မူပါတယ်။

အနေကဓာတု နာနာဓာတု ခေါ ဒေဝါနမိန္ဒ လောကော၊ တသ္မိံ အနေကဓာတု နာနာဓာတုသ္မိံ လောကေ ယံ ယဒေဝ သတ္တာ ဓာတုံ အဘိနိဝိသန္တိ၊ တံ တဒေဝ ထာမသာ ပရာမသာ အဘိနိဝိဿ ဝေါဟ ရန္တိ "ဣဒမေဝ သစ္စံ၊ မောဃမည"န္တိ။ တသ္မာ န သဗ္ဗေ သမဏဗြာဟ္မဏာ ဧကန္တဝါဒါ ဧကန္တသီလာ ဧကန္တဆန္ဒာ ဧကန္တအဇ္ဈောသာနာ။

ဒေဝါနမိန္ဒ–သိကြားမင်း၊ လောကော–လူအပေါင်း သတ္တဝါအပေါင်းဆိုတဲ့ လောကသည်၊ အနေကဓာတု–အလို အဇ္ဈာသယဓာတ်တစ်မျိုး တည်ရှိသည်မဟုတ်၊ နာနာဓာတု အမျိုးမျိုးကွဲပြားသော အလိုအဇ္ဈာသယဓာတ် ရှိနေချေသည်၊ အနေကဓာတု နာနာဓာတုသ္မိံ–အလိုအဇ္ဈာသယတစ်မျိုးတည်း မရှိဘဲ အမျိုးမျိုးကွဲပြားနေသော၊ တသ္မိံ လောကေ–ထိုလူအပေါင်း သတ္တဝါအပေါင်းဆိုတဲ့ လောကထဲ၌၊ သတ္တာ–သတ္တဝါတို့သည်

http://www.dhammadownload.com



ယံယဒေဝ ဓာတုံ–အကြင် အကြင် အလို အစ္ဈာသယဓာတ်ကို သာလျှင်၊ အဘိနိဝိသန္တိ–ဝင်စားခံယူကုန်၏။ တံ တ ဒေဝ– ထိုထို အလို အစ္ဈာသယ ဓာတ်ကိုသာလျှင်၊ ထာမသာ– ရှိသမျှ အားစွမ်းဖြင့်၊ ပရာမသာ–မှားယွင်းစွာ သုံးသပ်ခြင်းဖြင့်၊ အဘိနိ ဝိဿ–မြဲမြဲစွာ ယူကြ၊ စွဲလမ်းကြလျက်၊ ဣဒမေဝသစ္စံ မောဃ မညန္တိ–ဤအယူသာမှန်သည်၊ အခြားအယူဟာ အချည်းနှီး အလကား အမှားဟူ၍၊ ဝေါဟရန္တိ–ပြောဆိုနေကုန်၏။ တသ္မာ– ထိုသို့စွဲမိစွဲရာ ကိုယ့်အယူသာအမှန် သူများအယူအမှားဟု မြဲမြဲစွာ ပြောဆိုလေ့ရှိသောကြောင့်၊ သဗ္ဗေ သမဏဗြာဟ္မဏာ–ရဟန်း သူမြတ်ဟု ဝန်ခံကြသူ အားလုံးတို့သည်၊ န ဧကန္တဝါဒါ– အယူဝါဒ မတူကြကုန်၊ န ဧကန္တသီလာ–ကိုယ်နှုတ်စောင့်ထိန်းမှု အကျင့်သီလ မတူကြကုန်၊ န ဧကန္တဆန္ဒာ–အလိုဆန္ဒမတူကြကုန်၊ န ဧကန္တအဇ္ဈောသာနာ–အဆုံးသတ်တရားချင်းလဲ မတူကြကုန်– တဲ့။

လောကမှာ လူတွေ, နတ်တွေ, သတ္တဝါတွေဆိုတာ အစ္ဈာသယဓာတ်ခေါ်တဲ့ အလိုအကြိုက်ချင်းမတူကြဘူး၊ ကွဲပြား နေကြတယ်၊ အင်မတန် သိမ်မွေ့တဲ့ ကိုယ်ကျင့်တရားတွေ ထားလိုက်ပါဦးတော့၊ အဆင်းအရောင်တောင်မှ တချို့က အဖြူ ရောင်ကြိုက်တယ်၊ တချို့က အဝါရောင်, အပြာရောင် စသည်ကို ကြိုက်တယ်၊ အသံတို့ အနံ့တို့မှာလဲ တစ်ဦးနဲ့ တစ်ဦး အကြိုက်ချင်း မတူဘူး၊ ကွဲနေတတ်တယ်၊ စားသောက်ရေးမှာလဲ တချို့က

http://www.dhammadownload.com



အချို့ကြိုက်တယ်၊ အချို့ကတော့ အချဉ် အခါး စသည်ကို ကြိုက်တယ်၊ အတွေ့အထိအာရုံတွေလဲ ထို့အတူပင် အကြိုက်ချင်း မတူဘဲ ကွဲနေတတ်တယ်၊ အဝတ် အထည် စသည်တွေမှာလဲ အကြိုက်ချင်းမတူဘဲ ကွဲနေတယ်၊ ဒါကတော့ အများသိလွယ်တဲ့ လောကရေးအရ အကြိုက်ချင်း မတူဘဲ ကွဲလွဲနေပုံပဲ။

တရားဘက်မှာလဲ ထို့အတူပင် ကိုယ်ကြိုက်ရာ ကြိုက်ရာကို ကြံဆယုံကြည်ပြီး ပြောဟောနေကြတာပဲ၊ တချို့က သဿတအယူကို ကြိုက်တယ်၊ အသက်ရှင်တဲ့ အတ္တကောင်ဟာ ဘယ်တော့မှ မပျက်ဘဲ အမြဲတည်ရှိနေတယ်လို့ ယူဆကြတယ်၊ ရုပ်ကိုယ်ကြမ်းကြီးက ပျက်စီးလို့ သေသွားတယ် ဆိုရပေမယ့် အတ္တကောင်ဆိုတဲ့ သိမ်မွေ့တဲ့ ကိုယ်ကလေးတော့ မပျက်စီးဘူး အခြားရုပ်ကိုယ်ကြမ်းထဲ သွားရောက်ပြီး တည်မြဲ တည်ရှိနေတယ် လို့ ထင်မြင် ယူဆတာဟာ သဿတ အယူပဲ၊ အများအားဖြင့် ဒီသဿတ အယူကို ကြိုက်နေကြတာပဲ၊ သေပြီးနောက် ဘဝ အသစ် အသစ် ထပ်ကာ ထပ်ကာ မပြတ်ဖြစ်နေတယ်လို့ ဆိုတဲ့ ဘာသာရေး၊ ဘုရားသခင်က ဖန်းဆင်းတယ်၊ သေပြီးနောက် ဘုရားသခင်၏ အလိုတော်ကျတဲ့သူကို ကောင်းကင်ဘုံက ကယ်တင်တယ်၊ အလိုကော်မကျတဲ့သူကို ထာဝရ ငရဲဘုံသို့ ပစ်ချတယ်ဆိုတဲ့ ဘာသာရေး–ဒီလိုဘာသာရေးတွေဟာ သဿတ အယူထဲ ပါဝင်တယ်၊ နောက်ပြီးတော့ မသေခင်သာ ရှိတယ်၊ မသေခင်သာ အကောင်းအဆိုးတွေကို ခံစားရတယ်၊ သေသွားရင်

http://www.dhammadownload.com



ဘာမျှမရှိတော့ဘူး၊ နောက်ထပ်ဘဝဆိုတာလဲ မရှိဘူးလို့ ထင်မြင်ယူဆတာဟာ ဥစ္ဆေဒအယူပဲ၊ ယခု ပြောဟောနေကြတဲ့ ဘာသာရေးတွေဟာ ကိုယ်ကြိုက်ရာ ယုံကြည်စွဲလမ်းပြီး ပြောဟောနေကြတာချည်းပဲ၊ ပြောဟောနေကြပုံကတော့ ငါတို့ ပြောဟောနေတဲ့ ဒီအယူသာ မှန်တယ်၊ အခြားအယူဟူသမျှ အချည်းနှီး အလားကားချည်းပဲလို့ မိမိအယူကို ချီးမြှောက် ပြောဟောနေကြတယ်၊ သူတစ်ပါးအယူကို ရှုတ်ချ ပြောဟောနေကြပါတယ်တဲ့။

အဲဒီလို အလိုအကြိုက်ချင်း မတူဘဲ ကွဲလွဲပြီးတော့ ကိုယ်ကြိုက်ရာ အယူကိုသာ စွဲစွဲမြဲမြဲယူပြီး ကိုယ့်အယူသာမှန်တယ်၊ တခြားအယူမှားတယ်လို့ အလေးအနက် ဟောပြောနေလေ့ရှိကြသောကြောင့် အယူဝါဒတွေမတူဘဲ ကွဲပြားနေကြတယ်၊ (အယူကွဲပုံကို တော်တော်ကြာမှ ချဲ့ပြောမယ်။) အကျင့်သီလတွေလဲ ကွဲပြားနေကြတယ်၊ အလိုဆန္ဒတွေလဲ ကွဲပြားနေကြတယ်၊ အဆုံးသတ် တရားချင်းလဲ မတူဘဲ ကွဲပြားနေကြတယ်တဲ့။ (အဲဒီ ကွဲပြားပုံတွေလဲ တော်တော်ကြာမှ ချဲ့ပြောရမယ်။)

## သဿတအယူနှင့် ဗုဒ္ဓတရားတော်ကွဲပြားပုံ

ဒီနေရာမှာ မေးမြန်းစိစစ်စရာတွေ ရှိပါတယ်၊ ဘယ်လိုလဲဆိုတော့ ဗုဒ္ဓသာသနာဝါဒမှာလဲ ဘဝဟောင်းက သေပြီးတဲ့နောက်တွင် ကံအားလျော်စွာ ဘဝအသစ်ဖြစ်တယ်လို့ ဆိုထားသောကြောင့် သဿတအယူထဲ မပါဝင်ပေဘူးလားလို့ မေးမြန်း

http://www.dhammadownload.com



စိစစ်စရာရှိပါတယ်၊ ဖြေရှင်းဖို့ကတော့ မပါဝင်ပါဘူးလို့ ပြတ်ပြတ်သားသားပဲ ဖြေရှင်းရမယ်၊ ဘာ့ကြောင့်လဲဆိုတော့ ဗုဒ္ဓတရားတော်အားဖြင့် အတ္တကောင်ဆိုတာ မရှိသောကြောင့်ပါဘဲ၊ တကယ်ထင်ရှားရှိနေတာကတော့ ရှေးရှေး ရုပ်နာမ်မှိုပြီး နောက်နောက်ရုပ်နာမ်တွေ ဆက်ကာ ဆက်ကာ မပြတ်ဖြစ်နေတဲ့ ရုပ်နာမ်အစဉ်မျှသာရှိနေတာပဲ၊ မပြတ်ဆက်စပ်ပြီး ဖြစ်နေပုံကတော့ တစ်ဘဝ တစ်ဘဝ၌ အစဆုံး ပဋိသန္ဓေစိတ်ချုပ်သွားရင် ဘဝင်စိတ်ဖြစ်လာတယ်၊ အဲဒီ ဘဝင်စိတ် ချုပ်သွားရင် ဘဝင်စိတ်အသစ်တစ်ခု ဖြစ်လာပြန်တယ်၊ ဒီပုံဒီနည်းဖြင့် ဘဝင်စိတ်အစဉ်နေရာက အဆင်း, အသံ စသည်ကို ဆင်ခြင်တဲ့စိတ်ဖြစ်လာတယ်၊ အဲဒီ ဆင်ခြင်တဲ့စိတ် ချုပ်သွားတော့ မြင်သိစိတ်ကြားသိစိတ် စသည်ဖြစ်လာတယ်၊ အဲဒီအသိစိတ်အစဉ် ပြတ်စဲသွားတော့ ဘဝင်စိတ်အစဉ် ဆက်ကာ ဆက်ကာ မပြတ်ဖြစ်နေပြန်တယ်၊ ဒီနည်းဖြင့် ဘဝင်အစဉ်တစ်လှည့် အသိ စိတ်အစဉ်တစ်လှည့် ဖြစ်နေရာထဲက သေချိန်ကျတော့ ဘဝင်နှင့် အလားတူဖြစ်တဲ့ စုတိစိတ်ခေါ် နောက်ဆုံးစိတ်ကလေးဖြစ်ပြီး ချုပ်သွားတယ်၊ အဲဒီ စုတိချုပ်သွားတာကို သေတယ်လို့ ခေါ်တာပဲ၊ ပုဂ္ဂိုလ်အကောင်လိုက် သေတာ မဟုတ်ဘူး၊ လက်ရှိ ရုပ်နာမ် အစဉ်ချုပ်သွားပြီးလက်ရှိသန္တာန်မှာ စိတ်အသစ်မဖြစ် လာဘဲ ရုပ်စဲသွားရုံမျှပဲ။

အဲဒီစုတိစိတ် ချုပ်ကွယ်သွားသည်နှင့် တစ်ပြိုင်နက်ကံအားလျော်စွာ ဘဝသစ်မှာ ပဋိသန္ဓေစိတ် ဖြစ်ပေါ်လာတယ်၊

http://www.dhammadownload.com



အဲဒီ ပဋိသန္ဓေစိတ် စ–ဖြစ်တာကို ဘဝအသစ်ဖြစ်တယ်လို့ ဆိုရတာပဲ၊ အတ္တအကောင်လိုက်ဖြစ်တာလဲ မဟုတ်ဘူး၊ ရှေးဘဝမှ ရုပ်နာမ်တွေက ရွှေ့လာတာလဲ မဟုတ်ဘူး၊ ကုသိုလ်ကံ အကုသိုလ်ကံကြောင့် အကျိုးစိတ်အသစ်ကလေးတွေ ဖြစ်လာတာပဲ၊ အဲဒီစိတ်ကလေးချုပ်သွားတော့ ရှေးဘဝများကလိုပင် ဘဝင်စိတ်စသည်တွေ အဆက်မပြတ် ဖြစ်သွားပြန်ရော၊ အဲဒီလို ကံအားလျော်စွာ ရုပ်နာမ်အစဉ်မျှသာ အဆက်မပြတ် ဖြစ်နေတယ်၊ အတ္တကောင်ရယ်လို့တော့ မရှိဘူး၊ အဲဒါကို သေသေ ချာချာ သိချင်ရင် မြင်တိုင်း, ကြားတိုင်း, တွေ့တိုင်း, သိတိုင်း ဝိပဿနာရှုမှတ်ကြည့်ပါ၊ အဲဒီလို ရှုမှတ်ကြည့်ရင် သမာဓိဉာဏ်အားရှိတဲ့အခါကျတော့ ကိုယ်တိုင်တွေ့ပြီး သိနိုင်ပါတယ်၊ ယခုပြောခဲ့တဲ့အတိုင်း ဗုဒ္ဓသာသနာ ဝါဒမှာ ကံအားလျော်စွာ ဘဝသစ် ဖြစ်တယ်ဆိုတာ ရုပ်နာမ် အသစ်မျှ ဖြစ်ဖြစ်သွားတာပဲ၊ အတ္တကောင်အနေဖြင့် တည်မြဲတည်နေတာ မဟုတ်ဘူး၊ တည်နေတဲ့ အတ္တကောင်ရယ်လို့ မရှိဘူး၊ ဒါကြောင့် ဗုဒ္ဓသာသနာ ဝါဒအရ "တဏှာမကင်းသေးရင် ဘဝအသစ်အသစ် ဖြစ်ဖြစ်သွားတယ်" ဆိုတာဟာ သဿုတ ဝါဒထဲမှာ မဝင်ဘူးလို့ သိရပါတယ်။

အဲဒီရုပ်နာမ်အစဉ်ကလဲ မပြတ်မစဲ အမြဲတည်နေတာ မဟုတ်ပါဘူး၊ ဝိပဿနာရှုလို့ အရဟတ္တမဂ်ဖိုလ် ရောက်သွားရင် တဏှာစသော ကိလေသာတွေ အကုန်ကင်းသွားတယ်၊

http://www.dhammadownload.com



ဒါကြောင့် ရဟန္တာမှာ ပရိနိဗ္ဗာန်စံခါနီး၌ ဘယ်လိုအာရုံကိုမှ စွဲလမ်းခြင်း မရှိဘူး၊ ဒါကြောင့် ပရိနိဗ္ဗာန်စုတိမှ နောက်ကာလ၌ ရုပ်နာမ် အသစ်မဖြစ်တော့ဘဲ ပြတ်စဲသွားတယ်၊ ဒါကြောင့် ရုပ်နာမ်အစဉ်ကလဲ အမြဲတည်နေတာ မဟုတ်လို့ သဿတ အယူမှာလို အမြဲတမ်းတည်နေတယ်လို့လဲ မဆိုရဘူး။

## ဥစ္ဆေဒအယူနှင့်လဲ ကွဲပြားပုံ

ဒီလိုဆိုရင် ဥစ္ဆေဒအယူနှင့် မတူပေဘူးလားလို့ မေးစရာရှိပါတယ်၊ အဲဒါကိုလဲ မတူပါဘူးလို့ဘဲ ပြတ်ပြတ်သားသား ဖြေရမယ်၊ မတူပုံကတော့ ဥစ္ဆေဒအယူမှာ အကောင်း အဆိုး ခံစားနေရတဲ့ ငါဟာ မသေခင်ရှိနေတယ်, အကောင်း အဆိုးကို ခံစားနေရတယ်လို့ ဆိုပါတယ်၊ ဗုဒ္ဓသာသနာ ဝါဒမှာတော့ မသေခင်လဲ အတ္တကောင်ရယ်လို့ မရှိဘူး၊ ရုပ်နာမ်အစဉ်မျှသာ ရှိတယ်၊ ပရိနိဗ္ဗာန်စုတိဖြင့် သေတဲ့အခါလဲ ငါကောင်က ပြတ်စဲသွားတာမဟုတ်ဘူး၊ ရုပ်နာမ် အစဉ်အဟောင်း ပြတ်စဲချုပ်ကွယ်ပြီးတော့ အသစ်ရုပ်နာမ်အစဉ် မဖြစ်ရုံမျှသာ ရှိပါတယ်၊ အဲဒီလို ရုပ်နာမ်အစဉ် ပြတ်စဲသွားတာကလဲ သူ့အလိုလိုပြတ်စဲတာမဟုတ်ဘူး၊ ဝိပဿနာရှုမှတ်ပြီး ရဟန္တာဖြစ်သွားတဲ့အခါ ဘဝတဏှာ မရှိတော့သောကြောင့် ရုပ်နာမ်အသစ် မဖြစ်တော့ဘဲ ပြတ်စဲသွားတာပဲ၊ ဒါကြောင့် ဥစ္ဆေဒအယူနှင့် မတူဘူးဆိုတာလဲ ထင်ရှားပါတယ်။

http://www.dhammadownload.com



## ယခုခေတ် ဘာသာရေးအယူကြီးများ ကွဲပြားနေပုံ

ယခုနေအခါဆိုရင် ကမ္ဘာအနှံ့အပြား ထင်ရှားတဲ့ ဘာသာရေး အယူဝါဒကြီးတွေ လေးမျိုးလောက်ရှိတယ်၊ အဲဒီ လေးမျိုး ကွဲနေတာလဲ အလိုအကြိုက်ချင်း မတူကြလို့ ကွဲနေတာပဲ၊ အဲဒီအယူဝါဒ တစ်မျိုးမျိုးထဲမှာလဲ အယူအဆ ကွဲပြားနေတာတွေ ရှိတာပဲ၊ အဲဒါတွေလဲ အလိုအကြိုက်ချင်း မတူလို့ ကွဲပြားနေကြတာပဲ၊ နောက်ပြီးတော့ ဗုဒ္ဓသာသနာတော်ထဲမှာလဲ ထေရဝါဒနဲ့ မဟာယာနရယ်လို့ ရေးနှစ်ပေါင်း နှစ်ထောင်ကျော်လောက် ကတည်းက ကွဲလာကြတယ်၊ အဲဒါလဲ အခုလို အကြိုက်ချင်း မတူလို့ ကွဲလာကြတယ်လို့ ဆိုရမှာပဲ။

## မဟာယာန ဝါဒ

မဟာယာနဂိုဏ်း အယူဝါဒအခြေခံကတော့ သတ္တဝါ တွေဟာ ဘုရားဆုပန်ပြီး ဘုရားဖြစ်မှ ဝဋ်ဆင်းရဲမှလွတ်မြောက် တယ်၊ ရဟန္တာဖြစ်ရုံမျှ ပစ္စေကဗုဒ္ဓါဖြစ်ရုံမျှနဲ့ မလွတ်မြောက် သေးဘူးလို့လဲ ယူဆကြတယ်၊ ဘုရားဖြစ်ပြီးတော့လဲ မိမိ တစ်ပါးတည်းနိဗ္ဗာန်ကို မဝင်ရသေးဘူး၊ သတ္တဝါတွေအားလုံး ဘုရားဖြစ်ပြီးမှ အကုန်လုံး ဖြိုင်တူဝင်ရမယ်လို့လဲ ဆိုထားတယ်၊ အဲဒါဟာ တစ်ကိုယ်ကောင်းမကြံဘူးဆိုတဲ့ အနေနဲ့ ကြံဆ ပြောဟောချက်ပါပဲ၊ အဲဒီအချက်ကတော့ စဉ်းစားကြည့်ရင် ဘာမျှ အသင့်ယုတ္တိမရှိပါဘူး၊ ယုတ္တိမရှိပုံကတော့ ဘုရားဖြစ်ပြီး အရှင်မြတ်တွေက နိဗ္ဗာန်ကို မဝင်သေးဘဲ သတ္တဝါတွေ အကုန်လုံး

http://www.dhammadownload.com



ဘုရားဖြစ်အောင် စောင့်နေရဦးမယ် ဆိုတော့ အဲဒီဘုရားရှင် တွေဟာ ဘယ်လိုဘဝ ဘယ်လိုဌာနမှာ ဘယ်လိုအခြေအနေနဲ့ နေရမလဲဆိုတာ စဉ်းစားကြည့်ရင် တော်တော်ကို ယုတ္တိမရှိတာ ပါဘဲ၊ ယခုနေအခါ အလွန်ယုတ်ညံ့တဲ့ အသေးအဖွဲ ပိုးမွှား ကလေးတွေ ဆိုတာလဲ မရေမတွက်နိုင်အောင် အင်မတန်များပြား နေသေးတာပဲ၊ အဲဒီလို သတ္တဝါတွေ ဗုဒ္ဓဘုရား ဖြစ်သည့်တိုင် အောင် အိုး, နာ, သေ စသော သံသရာဆင်းရဲကင်းရာ မဝင်သေးဘူးဆို တော့ အဲဒီလို စောင့်နေရတဲ့ ဘုရားရှင်တွေလဲ အိုး, နာ, သေ စသော သံသရာ ဆင်းရဲတွေ ခံစားနေ ကြရဦးမယ်ဆိုတဲ့ အဖြေ ထွက်လာတယ်၊ တော်တော်ကို နေရာ မကျတဲ့ အယူအဆပါပဲ၊ ဒါပေမယ့် အလိုအကြိုက်တူတဲ့ သူတွေကတော့ အဲဒီအယူအဆကို လက်ခံကြတာပဲ။

## ထေရဝါဒ

ထေရဝါဒ ဆိုတာကတော့ သီဟိုဠ်(သီရိလင်္ကာ), မြန်မာ, ထိုင်း, လာအို, ကမ္ဘောဒီးယားနိုင်ငံများမှာ ယခု တည်ထွန်းလျက် ရှိတဲ့ ဗုဒ္ဓဘာသာတော်ပါပဲ[၁]၊ ဒါကတော့ ဗုဒ္ဓဘုရား ကိုယ်တော်တိုင် ဟောထားတဲ့ ပါဠိတော်တွေကို အရင်းခံပြုပြီး ဟောပြောနေတဲ့ တရားစစ် တရားမှန်တွေပါပဲ၊ ဒီထေရဝါဒ သာသနာတော်အရ အားဖြင့် တော့ တရားအားထုတ်လို့ အရဟတ္တမဂ် ဖိုလ်ရောက်ရင်

---

၁။ ၁၃၂၇–ခု ကဆုန်လကွယ်နေ့က ဟောသောစကား ဖြစ်သည်။

http://www.dhammadownload.com



သာဝက ဆုပန်သူများမှာ ရဟန္တာဖြစ်တယ်၊ သမုဒယသစ္စာဆိုတဲ့ တဏှာကင်းသောကြောင့် ရဟန္တာပုဂ္ဂိုလ်မှာ ပရိနိဗ္ဗာန်စုတိမှ နောက်၌ ဘဝသစ်ရုပ်နာမ် မဖြစ်တော့ဘဲ ပြတ်စဲသွားတယ်၊ အဲဒီလို ဘဝသစ်ရုပ်နာမ်တွေ မဖြစ်ပေါ်ဘဲ ပြတ်စဲသွားရင် အို, နာ, သေ စသော သံသရာဝဋ်ဆင်းရဲတွေ အကုန်လုံး ကင်းငြိမ်းတော့တာပဲ၊ ဘာမှမလိုပါဘူး၊ အဲဒီလို ငြိမ်းသတ်တာကို နိဗ္ဗာန်ရောက်တယ်လို့ ဆိုရတာပဲ၊ အဲဒီလိုရောက်ရာမှာ ဘယ်သူ့ကိုမှ ငံ့လင့်နေဖို့မလိုပါဘူး၊ ငံ့လင့်နေလို့လဲ မဖြစ်ပါဘူး၊ ဒါက သာဝကများ ရဟန္တာဖြစ်ပြီး နိဗ္ဗာန်ဝင်ရောက်ပုံပါပဲ၊ ပစ္စေကဗုဒ္ဓါဆုပန်ထားတဲ့ ပုဂ္ဂိုလ်တွေလဲ အရဟတ္တမဂ်ဖိုလ်ရောက်ပြီး ပစ္စေကဗုဒ္ဓါဖြစ်သွားရင် ထို့အတူပင် သမုဒယတဏှာ ကင်းသွားသောကြောင့် ပရိနိဗ္ဗာန်စုတိမှ နောက်၌ ဘဝသစ်ရုပ်နာမ် မဖြစ်တော့ဘဲ ဆင်းရဲခပ်သိမ်း ကင်းငြိမ်းသွားတော့တာပဲ၊ ဒါလဲ ဘာမှ မလိုပါဘူး၊ သမ္မာသမ္ဗုဒ္ဓ ဘုရားအစစ်ဖြစ်ရင်လဲ ပရိနိဗ္ဗာန်စုတိမှ နောက်၌ ဘဝအသစ် ရုပ်နာမ် မဖြစ်တော့ဘဲ ဆင်းရဲခပ်သိမ်း ကင်းငြိမ်းသွားတာပဲ၊ အဲဒီ ဆင်းရဲငြိမ်းရာသို့ ရောက်ရန်အတွက် ဘယ်သူ့ကိုမှ ငံ့လင့်နေဖို့ မလိုပါဘူး၊ ငံ့လင့်နေလို့လဲ မဖြစ်ပါဘူး၊ ဒါဟာ ဘုရားရှင်များ နိဗ္ဗာန်ဝင်ပုံပဲ၊ အလွန်ထင်ရှားပါတယ်၊ အသင့်ယုတ္တိလဲရှိပါတယ်၊ မဟာယာနနိဗ္ဗာန်ကတော့ သုခဝတီဘုံလို့ ဆိုထားပါတယ်၊ အဲဒီဘုံက အင်မတန် သာယာကောင်းမြတ်တယ်လို့လဲ ချီးကျူးထားပါတယ်၊ သတ္တဝါတွေဟာ အားလုံး

http://www.dhammadownload.com



ဘုရားဖြစ်ပြီးတဲ့အခါ အဲဒီသုခဝတီဘုံသို့ရောက်ပြီး မအို, မနာ, မသေ ဆင်းရဲခပ်သိမ်းလဲငြိမ်းမယ်၊ အမြဲတမ်းလဲ ချမ်းသာနေရမယ်လို့ ဒီလိုလဲ ချီးကျူးထားပါတယ်၊ အဲဒါဟာ သဿတအယူရှိတဲ့ သူတွေက ပြောဆိုချီးမွမ်းထားတဲ့ ကောင်းကင်ဘုံဆိုတာနဲ့ တူနေပါတယ်၊ ဒါကြောင့် သဿတ အယူရှိတဲ့သူတွေက ဗုဒ္ဓသာသနာတွင်း ဝင်ပြီး ဟောကြားပြုစု ထားခဲ့တဲ့ ကျမ်းဂန်အရ ယုံကြည်နေကြတာနဲ့ တူပါတယ်၊

မဟာယာနကိုဏ်းထဲ၌ နောက်ပိုင်းမှာ အယူဝါဒကွဲတွေများစွာ ဖြစ်ပေါ်လာပုံကိုလဲ အမျိုးသားပညာဝန် ဦးဖိုးကျားရေးထားတဲ့ မဟာယာနကိုဏ်းအကြောင်း စာအုပ်ထဲမှာ တွေ့ရပါတယ်၊ အဲဒီလို အယူဝါဒ ကွဲကြတာတွေဟာလဲ ဒီသုတ်မှာ မြတ်စွာဘုရားဟောပြထားတဲ့အတိုင်း အလိုအကြိုက်ချင်း မတူလို့ကွဲကြတာပါပဲ။

ထေရဝါဒထဲမှာလဲ ရှေးက ၁၈–ဂိုဏ်းကွဲခဲ့တဲ့ အကြောင်းအဋ္ဌကထာများ၌ ဖော်ပြထားပါတယ်၊ အဲဒါတွေလဲ အလိုအကြိုက်ချင်း မတူလို့ ကွဲကြတာပါပဲ၊ ယခုနေအခါလဲ မြန်မာပြည်မှာပင် အယူဝါဒ အကွဲအပြားတွေ ရှိနေကြပါတယ်၊ မြတ်စွာဘုရားရှင်က သီလ သမာဓိ ပညာဆိုတဲ့ မဂ္ဂင်ရှစ်ပါး ပွားစေလျက် သစ္စာလေးပါးကို ကိုယ်ပိုင်ဉာဏ်ဖြင့် သိအောင် ကျင့်သုံးအားထုတ်ဖို့ အထင်အရှား ဟောကြားတော်မူခဲ့ပါတယ်၊ ဒါပေမယ့် တချို့က သမထဝိပဿနာဘာဝနာ အလုပ်ကို အားမထုတ်ဘဲ

http://www.dhammadownload.com



အလွယ်တကူနည်းကို တီထွင်ပြီး ဟောပြောနေကြတယ်၊ တချို့ကတော့ သီလကိုတောင် ဆောက်တည်ကျင့်သုံးဖို့ မလိုတဲ့အနေနဲ့ ဟောပြောနေကြတယ်၊ အဲဒီလိုဝါဒကို သီလစသည် မကျင့်လိုတဲ့သူအချို့က လက်ခံအားပေးနေကြတယ်၊ ဒါလဲ ဘုရားရှင်အလိုတော်နဲ့ သူတို့၏အကြိုက် မတူလို့ ဝါဒကွဲနေကြတာပါပဲ၊ အမှန်ကတော့ ယခု ဒီသက္ကပဉ္စသုတ်တရားတော်, ဓမ္မစကြာသုတ်တရားတော်, မဟာသတိပဋ္ဌာနသုတ် တရားတော်, မာလုကျပုတ္တသုတ်တရားတော် စသည်မှာ ပြဆိုထားတဲ့အတိုင်း ကျင့်ရင် မြတ်စွာဘုရားရှင်၏ အလိုတော်ကျဖြစ်ပြီး မှန်ကန်ကြောင်း အလွန်ပင် ထင်ရှားနေပါတယ်။

မြတ်စွာဘုရားရှင်က ပရိနိဗ္ဗာန်စံဝင်ခါနီး၌ သုဘဒ္ဒပရိဗိုဇ်အား ဟောတော်မူခဲ့တဲ့ မဟာပရိနိဗ္ဗာနသုတ်ကြီးထဲမှ တရားတော်မှာ ကိလေသာငြိမ်းရေးတရားစစ် မှန်,မမှန် ဆုံးဖြတ်ရန် စံချိန်အနေအားဖြင့် ဒီလို ဟောပြတော်မူပါတယ်၊ ဟောပြပုံအတိုချုပ်ကတော့ "မဂ္ဂင်ရှစ်ပါးမရှိတဲ့ဘာသာဝါဒမှာ ကိလေသာငြိမ်းတဲ့ သောတာပန် စသည်မရှိဘူး၊ ငါဘုရား၏ သာသနာတော်မှာသာ မဂ္ဂင်ရှစ်ပါးရှိတယ်၊ ဒါကြောင့် ငါဘုရား၏ သာသနာတော်မှာသာ ကိလေသာငြိမ်းတဲ့ သောတာပန် စသည်ရှိတယ်"လို့ ဟောပြောထားပါတယ်၊ အဲဒီစံချိန်နဲ့ တိုက်ဆိုင်ကြည့်ရင် ဘုရားအလိုတော်ကျဟုတ်,မဟုတ် အထင်အရှား သိနိုင်ပါတယ်။

http://www.dhammadownload.com



## အလိုအကြိုက် ကွဲနေကြပုံ

ယခုပြောခဲ့တဲ့အတိုင်း အလိုအကြိုက်ချင်း မတူလို့ အယူဝါဒတွေလဲ ကွဲနေကြတယ်၊ ဗုဒ္ဓသာသနာ အပြင်မှာဆိုရင် သီလကျင့်ပုံချင်းတောင် မတူဘဲ ကွဲနေကြတယ်၊ ဗုဒ္ဓသာသနာဝင်လို့ ဝန်ခံနေကြတဲ့ သူတွေထဲမှာလဲ အရိယသီလအနေဖြင့် ဆောက်တည်ရင် အရိယသီလပြည့်စုံတယ်လို့ ယုံကြည်နေသူတွေလဲ ရှိတာပဲ၊ အဘိဓမ္မာ ဗျာပါဒ မိစ္ဆာဒိဋ္ဌိမှ ကြဉ်ရှောင်ပါ၏လို့ ဒီလို ယုံကြည် ပြောဟောနေကြတာလဲ ရှိတယ်၊ ဒါလဲ အလိုအကြိုက်ချင်း မတူလို့ ကွဲပြားနေတာပါပဲ။

နောက်ပြီးတော့ အချို့က လူ့ဘဝ နတ်ဘဝ စသည်မှာသာ မပြတ်ဖြစ်ပြီး ခံစားနေလိုကြတယ်၊ ရုပ်နာမ်အစဉ်ပြတ်ပြီး ဆင်းရဲခပ်သိမ်း ငြိမ်းတယ်ဆိုတာကို အလိုမရှိကြဘူး၊ တချို့ကတော့ ကာမဂုဏ်မခံစားရတဲ့ ဗြဟ္မာ့ဘုံမှာတောင် မဖြစ်ချင်ကြဘူး၊ ကာမဘုံ၌သာ ဖြစ်ချင်နေကြတယ်၊ တချို့ကတော့ ရုပ်နာမ် နှစ်ပါးလုံး ရှိနေတာကို အလိုရှိကြတယ်၊ တချို့ကတော့ ရုပ်မရှိတာကို အလိုရှိကြတယ်၊ တချို့ကတော့ နာမ်မရှိတာကို အလိုရှိကြတယ်၊ သံသရာဝဋ်ဆင်းရဲ၏ အပြစ် ကို တကယ်မြင်တဲ့ပညာရှိ သူတော်ကောင်းတွေကတော့ ရုပ် နာမ် နှစ်ပါးလုံးချုပ်ငြိမ်းတာကိုသာ အလိုရှိကြတယ်၊ ဒါတွေလဲ အကြိုက်ချင်းမတူလို့ အလိုဆန္ဒတွေ ကွဲနေတာပဲ။

နောက်ပြီးတော့ တချို့က ကောင်းကင်ဘုံ ရောက်ပြီး

http://www.dhammadownload.com



အမြဲတမ်းချမ်းသာလျက် တည်နေတာကို အဆုံးသတ် အနေဖြင့် ယုံကြည်နေကြတယ်၊ တချို့ကတော့ သေပြီးနောက် ဘာမျှမရှိတော့ဘဲ ပြတ်စဲသွားတာကို အဆုံးသတ်အားဖြင့် ယုံကြည်နေကြတယ်၊ တချို့ကတော့ အမှတ်သညာမရှိ စိတ်မရှိတဲ့ အသညသတ်ဘုံရောက်ရင် အမြဲတမ်းဆင်းရဲကင်းတယ်လို့ အဆုံးသတ်အနေဖြင့် ယုံကြည်နေကြတယ်၊ တချို့က ရုပ်မရှိတဲ့ အရူပဘုံတွေကို အဆုံးသတ်အနေဖြင့် ယုံကြည်နေကြတယ်၊ တချို့က ရုပ်နာမ်ခန္ဓာနှင့် အတ္တကို ခွဲခြားသိမြင်ရင် လမ်းဆုံးရောက်တယ်လို့ ပြောဟော နေကြတယ်၊ အဲဒါတွေဟာ တကယ် အဆုံးသတ်တရားမဟုတ်ပါဘဲနဲ့ သူတို့၏ အလိုအကြိုက်အားဖြင့် အဆုံးသတ်တရားလို့ ယုံကြည်ဆုံးဖြတ် အသိအမှတ် ပြုထားကြတဲ့ အကွဲအပြားတွေပဲ၊ တကယ် အစစ်အမှန် အဆုံးသတ်တရားကရဟန္တာပုဂ္ဂိုလ်များမှာ ကိလေသာအားလုံး ကင်းငြိမ်းသောကြောင့် ပရိနိဗ္ဗာန်စုတိမှ နောက်၌ ဘဝသစ်ရုပ်နာမ်တွေ မဖြစ်တော့ဘဲ ချုပ်ငြိမ်းခြင်းဆိုတဲ့ **နိဗ္ဗာန်သာလျှင်** အဆုံးသတ်အစစ်အမှန်ပဲ၊ ဗုဒ္ဓသာသနာတော်မှာ တရားကျင့်သုံးကြရတာဟာ အဲဒီ အဆုံးသတ် နိဗ္ဗာန်ရောက်ဖို့ပါပဲ။

## စင်စစ်ပြီးဆုံးခြင်း စသည်

အဲဒီလို အလိုအကြိုက်တွေ ကွဲကွာနေသောကြောင့် ဓယ္ဗုဝါဒ မတူကြ၊ ကွဲပြားပုံ စသည်ကို မြတ်စွာဘုရားက ဖြေကြား

http://www.dhammadownload.com



ဟောပြတော်မူတာကို သိကြားမင်းက သဘောကျကြောင်း လျှောက်ပြီးတော့ ဒီလို မေးလျှောက်ပြန်ပါတယ်၊ သမဏ ဗြာဟ္မဏအမည်ခံ ပုဂ္ဂိုလ်တွေအားလုံးပင် (အစ္စန္တနိဋ္ဌာ)စင်စစ် အပြီးအဆုံး ရှိကြပါသလား၊ (အစ္စန္တယောဂက္ခေမီ) စင်စစ် ယောဂကုန်ရာ ရှိကြပါသလား၊ (အစ္စန္တဗြဟ္မစာရီ)စင်စစ် အကျင့် မြတ်ကို ကျင့်ကြပါသလား၊ (အစ္စန္တပရိယောသာနာ) စင်စစ် အဆုံးသတ်တရား ရှိကြပါသလားလို့ မေးလျှောက်တယ်၊ အဲဒီမှာ (၁) စင်စစ်အပြီးအဆုံး၊ (၂) စင်စစ်ယောဂကုန်ရာ၊ (၃) စင်စစ် အဆုံးသတ်တရား ဆိုတဲ့ အမည် သုံးခုဟာ နိဗ္ဗာန်၏ အမည် ချည်းပါပဲ၊ (၃) စင်စစ်အကျင့်မြတ်ကို ကျင့်တယ် ဆိုတာကတော့ ဝိပဿနာမဂ္ဂင်, အရိယမဂ္ဂအကျင့်ကို ကျင့်တာပါပဲ၊ ဒါကြောင့် အဲဒီ အမေးလေးချက်ဖြင့် သမဏဗြာဟ္မဏ အမည်ခံ ပုဂ္ဂိုလ်တွေ အားလုံးဟာ ဝိပဿနာမဂ္ဂင် အရိယမဂ္ဂင်အကျင့်ကို ကျင့်ကြပါ သလား၊ နိဗ္ဗာန် တွေ့မြင်ကြ သိကြပါပြီလားလို့ မေးတာပါပဲ၊ အဲဒါဟာ သူကိုယ်တိုင် သိပြီးဖြစ်ပါလျက် အများတို့ မှတ်ယူကြရ အောင် မေးတာပါ။

အဲဒီအမေးကို မြတ်စွာဘုရားက အဲဒီလို မဟုတ်ကြောင်း ဖြေကြားတော်မူပါတယ်၊ အဲဒီတော့ သိကြားမင်းက ဘာ့ကြောင့် အဲဒီလို မဟုတ်ရပါသလဲလို့ ဆက်ပြီး မေးလျှောက်ပြန်တယ်၊ အဲဒီအမေးကို မြတ်စွာဘုရားက ဒီလို ဖြေကြားတော်မူပါတယ်။

ဒေဝါနမိန္ဒ–သိကြားမင်း၊ ယေ ခေါ ဘိက္ခု–အကြင်ရဟန်း

http://www.dhammadownload.com



တို့သည်၊ တဏှာသင်္ခယဝိမုတ္တာ–တဏှာကုန်ကြောင်း မဂ်အကျင့်ဖြင့် လွတ်မြောက်ကုန်၏၊ ဝါ–တဏှာကုန်ရာ နိဗ္ဗာန်ရောက်၍ လွတ် မြောက်ကုန်၏၊ တေ–ထိုသို့ လွတ်မြောက်သော ပုဂ္ဂိုလ်တို့သည် သာလျှင်၊ အစ္စန္တနိဋ္ဌာ–စင်စစ် အပြီးအဆုံး ရှိကြပေသည်၊ အစ္စန္တယောဂက္ခေမိ–စင်စစ် ယောဂကုန်ရာ ရှိကြပေသည်၊ အစ္စန္တဗြဟ္မစာရီ–စင်စစ် အကျင့်မြတ်ကို ကျင့်ကြပေသည်၊ အစ္စန္တပရိယောသာနာ–စင်စစ် အဆုံးသတ်တရား ရှိကြပေသည်၊ တသ္မာ–ထိုသို့ (တဏှာသင်္ခယဝိမုတ္တဖြစ်သော) ရဟန်းမြတ်တို့သာလျှင် စင်စစ် အပြီးဆုံး စသည်နှင့် ပြည့်စုံကြသောကြောင့်၊ သဗ္ဗေ သမဏဗြာဟ္မဏာ–သာမဏဗြာဟ္မဏ အမည်ခံမျှဖြစ်ကြသော ထိုပုဂ္ဂိုလ်အားလုံးတို့သည်၊ န အစ္စန္တနိဋ္ဌာ–စင်စစ် အပြီးအဆုံး ရှိသူတို့ မဟုတ်ကြပေ၊ နအစ္စန္တယောဂက္ခေမိ–စင်စစ် ယောဂ ကုန်ရာရှိသူတို့ မဟုတ်ကြပေ၊ နအစ္စန္တဗြဟ္မစာရီ–စင်စစ် အကျင့်မြတ်ကို ကျင့်သူတို့ မဟုတ်ကြပေ၊ နအစ္စန္တပရိယောသာနာ–စင်စစ် အဆုံးသတ်တရား ရှိသူတို့ မဟုတ်ကြပေလို့ ဖြေကြားတော်မူပါတယ်။

(တဏှာသင်္ခယဝိမုတ္တ) တဏှာကုန်ကြောင်း မဂ်အကျင့်ဖြင့် လွတ်မြောက်တဲ့ ပုဂ္ဂိုလ်, တဏှာကုန်ရာ နိဗ္ဗာန်ရောက်၍ လွတ် မြောက်တဲ့ ပုဂ္ဂိုလ်ဆိုတာ ဘုရား,ပစ္စေကဗုဒ္ဓါ, ရဟန္တာပုဂ္ဂိုလ်ပဲ၊ အကျဉ်းချုပ်ပြောရရင် ရဟန္တာပုဂ္ဂိုလ်ပါပဲ၊ အဲဒီ ရဟန္တာပုဂ္ဂိုလ် မှာ ဘဝသစ် ရုပ် နာမ် ခန္ဓာ ဖြစ်အောင် ယှဉ်စေတတ်တဲ့

http://www.dhammadownload.com



ယောဂ လေးပါး ကုန်ပြီးဖြစ်သောကြောင့် ယောဂက္ခေမိလို့လဲ ဆိုရတယ်၊ အဲဒီလို ယောဂကုန်တာကလဲ ဘယ်တော့မှ ပြန်မဖြစ်အောင် စင်စစ်ကုန်တာ ဖြစ်သောကြောင့် အစ္စန္တယောဂက္ခေမိလို့လဲ ဆိုရတယ်၊ ဘဝသစ်ဖြစ်အောင် ယှဉ်စေတတ်တဲ့ အဲဒီယောဂ စင်စစ်ကုန်မှ စင်စစ် အပြီးအဆုံးရှိတဲ့ အစ္စန္တနိဋ္ဌာပုဂ္ဂိုလ်လဲ ဖြစ်တယ်၊ စင်စစ် အဆုံးသတ်ရှိတဲ့ အစ္စန္တပရိယောသာန ပုဂ္ဂိုလ်လဲ ဖြစ်တယ်၊ အဲဒီလို စင်စစ် ယောဂကုန်တာ စင်စစ် အပြီးအဆုံးရှိတာ စင် စစ် အဆုံးသတ်နိဗ္ဗာန်ဝင်စံရမှု ရှိတာကလဲ အရိယမဂ္ဂင်ရှစ်ပါး ဆိုတဲ့ (ပြဟ္မစရိယ)အကျင့်မြတ်ကို စင်စစ် ကျင့်ပြီး ဖြစ်လို့ပါပဲ။

အဲဒီလို အကျင့်မြတ်ကို ကျင့်ပြီးမဟုတ်လို့ ဘဝသစ်၌ ယှဉ်စေတတ်တဲ့ ယောဂမကင်းသေးရင်တော့ စင်စစ် အပြီးအဆုံး ဆိုတဲ့ နိဗ္ဗာန်ကို မရောက်သေးဘူး၊ ဘဝသစ်တွေမှာ ထပ်ကာ ထပ်ကာဖြစ်ပြီး ဆင်းရဲနေရဦးမှာပဲ၊ ဒါကြောင့် မြတ်စွာဘုရားက ဗကဗြဟ္မာကြီးအား ဒီလို ဟောကြားတော်မူခဲ့ပါတယ်။

ဘဝေ ဝါဟံ ဘယံ ဒိသွာ၊
ဘဝဉ္စ ဝိဘဝေသိနံ။
ဘဝံ နာဘိဝဒိံ ကိဉ္စိ၊
နန္ဒိဉ္စ န ဥပါဒိယိံ။

အဲဒါဟာ ဗကဗြဟ္မာကြီးက သူ့ဘုံကို မအို၊မနာ၊မသေ၊ အမြဲတည်နေတဲ့ ဌာနထင်ပြီး မြတ်စွာဘုရားအား သူ့ဌာနသို့

http://www.dhammadownload.com



ကြွလာရန် ဖိတ်ကြားတဲ့အတွက် ဘဝ၌ ခင်မင်တွယ်တာနေရင် မပြီးမဆုံးသေးဘူး၊ ထပ်ကာထပ်ကာ ဖြစ်ဖြစ်ပြီး အိုရ,နာရ,သေရ ဦးမှာပဲ၊ ဒါကြောင့် ဘယ်လိုဘဝကိုမှ မနှစ်သက် မသာယာသင့် ဘူး ဆိုတာကို သိစေတဲ့စကားတော်ပါပဲ၊ ဟောပုံ အထူးကတော့ အဲဒီ ဗကဗြဟ္မာကြီးနဲ့ ဗြဟ္မာတွေအားလုံး မမြင်နိုင်အောင် မြတ်စွာဘုရားရှင်က တန်ခိုးဖြင့် ပုန်းကွယ်နေရင်း အနီးအပါး တွင်ပင် ရှိကြောင်းလဲ သိစေရန် ဟောပြတော် မူတာပါပဲ၊ အနက်ကတော့—

ဘဝေ—လူ့ဘဝ, နတ်ဘဝ, ဗြဟ္မာဘဝ အပါယ်ဘဝ ဆိုတဲ့ ဘဝဟူသမျှ၌၊ ဘယံ—ကြောက်ဖွယ်ဘေးကို၊ ဒိသွာ—မြင် သောကြောင့်၊ အဟံ—ငါသည်၊ ဘဝံ—ဘဝဟူသမျှကို၊ န အဘိဝဒိံ— မချီးမွမ်းဘဲ ရှုတ်ချနေသတည်း—တဲ့၊ ဘယ်ဘဝမှာပဲဖြစ်ဖြစ် ဖြစ်ရာဘဝမှာ တစ်ဘဝလုံးနှင့်ဆိုင်တဲ့ ဆင်းရဲတွေကို ခံစားရမယ်၊ ပဋိသန္ဓေနေရတာလဲ ဆင်းရဲပဲ၊ အိုရတာ, နာရတာလဲ ဆင်းရဲပဲ၊ သေရတာလဲ ဆင်းရဲပဲ၊ မသေခင်အတွင်း စိုးရိမ်ပူဆွေးရတာလဲ ဆင်းရဲပဲ၊ ငိုကြွေးရတာလဲ ဆင်းရဲပဲ၊ ကိုယ်ထဲ စိတ်ထဲမှာ မခံ သာတဲ့ ဆင်းရဲအမျိုးမျိုးတွေကိုလဲခံစားရမယ်၊ စားဝတ်နေရေး အတွက် ရှာကြံပြီးတော့လဲ ဆင်းရဲရမယ်၊ ငရဲဘဝမှာဆိုရင် တစ်ဘဝလုံး တစ်သက်လုံး တစ်စက္ကန့်မျှ မခြားဘဲ အမြဲမပြတ် ဆင်းရဲတွေကို ခံစားနေရမယ်၊ ပြိတ္တာဘဝမှာ ဆိုရင်လဲ ငတ်မွတ် ခြင်းစသော ဆင်းရဲတွေကို အကြီးအကျယ် ခံစားနေရမယ်၊

http://www.dhammadownload.com



တိရစ္ဆာန်ဘဝဆိုရင်လဲ အများအားဖြင့် တစ်သက်လုံး ဆင်းရဲနေကြရတာကပဲ များမယ်၊ လူ့ဘဝဆိုရင်လဲ ခုတင်ကပြောခဲ့တဲ့ အတိုင်း အိုခြင်း, နာခြင်း, သေခြင်း စသော ဆင်းရဲအမျိုးမျိုး တွေကို ခံစားသွားရမယ်၊ ယခု လူတွေမျက်မြင်အတိုင်းပါပဲ၊ နတ်ဘဝမှာလဲ အလိုမပြည့်တဲ့ဆင်းရဲ, အောက်ကျ နောက်ကျ ဖြစ်နေတာကို အကြောင်းပြုပြီးဖြစ်တဲ့ ဆင်ရဲ, သေရမည့်ဆင်းရဲ စသည်တွေကို ခံစားသွားရမယ်၊ ဗြဟ္မာ့ပြည်မှာ ဆိုရင်လဲ စိတ် ကူးကြံစည်နေရတဲ့ ဆင်းရဲ, ခဏမစဲ ဖြစ်ပျက်နေတဲ့ သင်္ခါရ ဒုက္ခဆင်းရဲတွေကို ခံစားနေရတာပဲ၊ အဲဒီ ဆင်းရဲဟူသမျှတွေ ဟာ ကြောက်စရာ ဘေးတွေချည်းပဲ၊ အဲဒီကြောက်ဖွယ် ဘေးတွေ ကို မြင်သောကြောင့်လဲ ဘဝကို မချီးမွမ်းဘဲ ရှုတ်ချပြောဆိုနေတာ ပါပဲတဲ့။

ဘဝေ–ဘဝဟူသမျှ၌၊ ဘယံ–ကြောက်ဖွယ်ဘေးကို၊ ဒိသွာ ဝါ–မြင်သောကြောင့် လည်းကောင်း၊ ဝိဘဝေသီနံ–ဘဝကင်းရာကို ရှာမှီးနေသော ပုဂ္ဂိုလ်တို့၏၊ ဘဝံ–အလိုမရှိဘဲ ဖြစ်ရသောဘဝ ကို၊ ဒိသွာစ၊ မြင်သောကြောင့် လည်းကောင်း၊ အဟံ–ငါသည်၊ ဘဝံ–ဘဝဟူသမျှကို၊ န အဘိဝဒိံ–မချီးမွမ်းဘဲ ရှုတ်ချနေပါ သတည်းတဲ့။

တချို့ပညာရှိတွေက ဘဝဆင်းရဲတွေကို မြင်ပြီးတော့ ဘဝဆင်းရဲတွေမှ လွတ်မြောက်ရအောင် ရသေ့ရဟန်းပြုပြီး တရားကျင့်ကြတယ်၊ ဒါပေမယ့် သာသနာပမှာ ဘဝမှလွတ်

http://www.dhammadownload.com



မြောက်တဲ့ နိဗ္ဗာန်ကို မသိကြဘူး၊ နိဗ္ဗာန်ရောက်ကြောင်းဖြစ်တဲ့ အရိယမဂ္ဂင်အကျင့်ကိုလဲမသိကြဘူး၊ စိတ်တည်ငြိမ်ကြောင်း ဈာန်လောက်ပဲ သိကြတယ်၊ ဒါကြောင့် အဲဒီဈာန်ရကြောင်း သမာဓိအကျင့်ကိုသာ ကျင့်နိုင်ကြတယ်၊ တချို့က ရူပဈာန်လောက်သာ ရပြီး အဲဒီ ဈာန်ဖြင့် ရောက်နိုင်တဲ့ ရူပါဝစရ ဗြဟ္မာ့ဘုံများကို မအို မနာ မသေရာဌာနလို့ ထင်ကြတယ်၊ တချို့က အဲဒီ ရူပါဝစရ ဘုံတွေထဲက စိတ်အသိသညာမရှိတဲ့ အသညသတ်ဘုံကို မအို မနာ မသေရာဌာနလို့ ထင်ကြတယ်၊ အချို့က အရူပဈာန်များကို ရပြီးတော့ အဲဒီ ဈာန်များဖြင့် ရောက်နိုင်တဲ့ အရူပါဝစရဘုံများကို မအိုမနာမသေရာဌာနလို့ ထင်နေကြတယ်၊ ဒါကြောင့် အဲဒီ ရထားတဲ့ ရူပဈာန် အရူပဈာန်များဖြင့် အားရကျေနပ်နေကြတယ်။

အဲဒီ ဈာန်ရပုဂ္ဂိုလ်တွေဟာ သူတို့ရထားတဲ့ ဈာန်အားလျော်စွာ ရူပါဝစရ, အရူပါဝါစရဘုံများကို ရောက်သွားကြတယ်၊ အဲဒီဘုံတွေကို ရောက်သွားတဲ့အခါ သူတို့ ထင်မြင်တဲ့အတိုင်း သေခြင်းကတော့ မကင်းဘူး၊ သူတို့၏ အသက်တမ်းစေ့တဲ့အခါ အဲဒီဘဝများမှ စုတေကြရ သေကြရတာပဲ၊ သေပြီးတော့ လူ့ဘဝ နတ်ဘဝဆိုတဲ့ ကာမလောက ပြန်ရောက်လာကြရပြန်တာပဲ၊ လူ့ဘဝ နတ်ဘဝမှ သေပြန်တော့လဲ ကံအားလျော်စွာဖြစ်ကြရပြန်တာပဲ၊ အကုသိုလ်ကံက အကျိုးပေးတဲ့အခါ ငရဲဘဝ တိရစ္ဆာန်ဘဝ ပြိတ္တာဘဝ အသုရကာယ်ဘဝ ဆိုတာတွေမှာလဲ ဖြစ်ကြရပြန်တာပဲ၊ အဲဒီလို ဖြစ်ကြရတာတွေဟာ အိုခြင်း

http://www.dhammadownload.com



နာခြင်း သေခြင်း-မကင်းတဲ့ ဘဝထဲ ပြန်ရောက်နေကြရတာပဲ၊ ဘဝကင်းရာကို ဈာန်လမ်းအကျင့်ဖြင့် ရှာနေကြပါလျက် ရူပဘဝ အရူပဘဝ ကာမဘဝထဲ ပြန်ရောက်ပြီး အို နာ သေ ဆင်းရဲတွေကို ခံစားနေကြရတာပဲ၊ အဲဒီလို ဘဝကင်းရာကို ရှာနေကြပါလျက် ဘဝထဲပြန်ရောက်ပြီး ဆင်းရဲနေကြရတာတွေကို မြင်သောကြောင့်လဲ မည်သည့်ဘဝကိုမျှ မချီးမွမ်းဘဲ ရှုတ်ချဟောပြောနေကြပါတယ်-တဲ့။

နောက်ပြီးတော့ အဲဒီဘဝထဲမှာ ဖြစ်ဖြစ်နေကြရတာဟာ ဘဝ၌ နှစ်သက်ပျော်မွေ့တဲ့ တဏှာ မကင်းသေးလို့ပါဘဲ၊ အဲဒီတဏှာဟာ ကာမယောဂ ဘဝယောဂဆိုတဲ့ တရားပါပဲ၊ ဒါကြောင့် မြတ်စွာဘုရားက အဲဒီ ကာမယောဂ ဘဝယောဂ ဆိုတဲ့ တဏှာကိုလဲ လက်မခံဘဲ ပယ်စွန့်ပြီးဖြစ်ကြောင်းကို ဒီလိုဖော်ပြတော်မူပါတယ်။

နန္ဒိဥ-ဘဝ၌ နှစ်သက်ပျော်မွေ့သော တဏှာကိုလည်း၊ န ဥပါဒိယိ-မစွဲမယူဘဲ လက်မခံဘဲ ပယ်စွန့်ခဲ့ပြီး ဖြစ်ပါတော့သတည်း-တဲ့။

ဒီဂါထာဖြင့် ဗကဗြဟ္မာကြီးက သူ့ဗြဟ္မာ့ဘုံသို့ ဖိတ်မန်သော်လဲ မြတ်စွာဘုရားက မည်သည့်ဘဝမဆို အို နာ သေ ဆင်းရဲဘေးတွေ ရှိနေကြောင်း၊ မည်သည့်ဘဝကိုမျှ မချီးမွမ်းသင့်ကြောင်း၊ မနှစ်သက် လက်မခံသင့်ကြောင်းများကို သိစေပါတယ်၊ အဲဒီလိုဘဝ၌ နှစ်သက်သာယာပြီး ယှဉ်စေတဲ့ ကာမယောဂ

http://www.dhammadownload.com



ဘဝ ယောဂ တဏှာ အပြီးအပြတ် ကုန်ငြိမ်းနေတဲ့ ရဟန္တာပုဂ္ဂိုလ်သာလျှင် (အစ္စန္တနိဋ္ဌာ) စင်စစ် အပြီးအဆုံးရှိသူ (အစ္စန္တ ယောဂက္ခေမီ) စင်စစ်ယောဂကုန်ရာ ရှိသူစသည်မည်တယ်၊ ထို့ကြောင့် ယောဂဆိုတဲ့ ကိလေသာ မကင်းကြသေးတဲ့ အမည်ခံရုံမျှ သမဏဗြာဟ္မဏ အတုတွေဟာ စင်စစ် အပြီးအဆုံးရှိသူစသည် မမည်ကြောင်းကို မြတ်စွာဘုရားက ရှင်းလင်းဖြေကြားတော်မူပါတယ်။

ဒီအထိ အမေးပြဿနာ ၁၄–ခုကို သိကြားမင်းက မေးကြောင်း အဋ္ဌကထာမှာ ပြဆိုထားပါတယ်၊ ဘာတွေလဲဆိုတော့– (၁) ဣဿာမစ္ဆရိယအမေးတစ်ခု၊ (၂) ပိယာပ္ပိယအမေးကတစ်ခု၊ (၃) ဆန္ဒအမေးက တစ်ခု၊ (၄) ဝိတက်အမေးက တစ်ခု၊ (၅)ပပဉ္စအမေးက တစ်ခု၊ (၆) သောမနဿအမေးကတစ်ခု၊ (၇) ဒေါမနဿအမေးက တစ်ခု၊ (၈) ဥပေက္ခာအမေးကတစ်ခု၊ (၉) ကာယသမာစာရအမေးက တစ်ခု၊ (၁၀) ဝစီသမာစာရ အမေးကတစ်ခု၊ (၁၁) ပရိယေသနာအမေးက တစ်ခု၊ (၁၂) ဣန္ဒြိယသံဝရအမေးက တစ်ခု၊ (၁၃) အနေကဓာတုအမေးက တစ်ခု၊ (၁၄) အစ္စန္တနိဋ္ဌာအမေးက တစ်ခု၊ ဒီ ၁၄–ခုပါပဲ။

အဲဒီအမေးပြဿနာ ၁၄–ခုအတွက် မြတ်စွာဘုရား၏ အဖြေများကို သိကြားမင်းက နာကြား၍ နှစ်သက်လက်ခံကာ ဝမ်းမြောက်ဝမ်းသာ အနုမောဒနာ ပြုပြီးလျှင် သူ့ဉာဏ်ထဲမှာ

http://www.dhammadownload.com



ထင်မြင်နေတဲ့ အကြောင်းအရာများကိုလဲ ဒီလို တင်ပြလျှောက် ထားပါတယ်။

## သိကြားမင်း၏ တင်ပြလျှောက်ထားပုံ

ဧဝေ ဘန္တေ ရောဂေါ၊ ဧဝ ဂဏ္ဍော၊ ဧဝေ သလ္လံ၊ ဧဝ ဣမံ ပုရိသံ ပရိကမုတိ တဿ တဿဝ ဘဝဿ အဘိနိဗ္ဗတ္တိယာ၊ တသ္မာ အယံ ပုရိသော ဥစ္စာ ဝစ မာ ပန္နတိ။

ဘန္တေ–မြတ်စွာဘုရား၊ ဧဝ–လှုပ်ရှားတတ်သော တဏှာ သည်၊ ရောဂေါ–အမြဲစွဲကပ်နေသော ရောဂါဆိုးကြီးပါဘုရားတဲ့၊ ကုစားလိုက်ရင် ခေတ္တမျှသာ သက်သာခွင့်ရပြီး အမြစ်ပြတ် မပျောက်နိုင်တဲ့ ရောဂါဆိုးကို ပါဠိလို ရောဂါလို့ဆိုတယ်၊ အဲဒါဟာ မူလအရင်းခံ ရောဂါလဲဖြစ်တယ်၊ သေလောက်အောင် လဲ မဟုတ်တဲ့အတွက် အဲဒီရောဂါမျိုးကို မြန်မာလိုတော့ မတ်တပ်နာလို့လဲခေါ်တယ် ရပ်စောင့်နာလို့လဲခေါ်တယ်၊ တဏှာ ကို သိကြားမင်းက လှုပ်ရှားတဲ့အနေနဲ့ မြင်လို့ ဧဝ–လှုပ်ရှားတဲ့ သဘောလို့ ဆိုတာပါပဲ၊ ဟုတ်တယ် တဏှာက ဟိုဟာလိုချင် ဒီဟာလိုချင်နဲ့ လှုပ်ရှားနေတာပဲ၊ အာရုံအကောင်း ကလေးတွေဆီ ကို မကြာခဏ သွားနေတယ်၊ ခံစားသုံးဆောင်ဖို့ မျှော်လင့် တောင့်တနေတယ်၊ လေတိုက်တဲ့အခါ သစ်ရွက် ကလေး တွေ အညွန့်ကလေးတွေ တလွန့်လွန့် လှုပ်နေသလိုပင် လိုချင်

http://www.dhammadownload.com



နှစ်သက်ပြီး တလှုပ်တည်း လှုပ်နေတဲ့ သဘောပါပဲ၊ တလှုပ်လှုပ်နဲ့ ဆာလောင် တောင့်တနေတဲ့ တဏှာပါပဲ၊

အဲဒီ တဏှာဟာ အမြစ်ပြတ် မပျောက်နိုင်တဲ့ ရောဂါနဲ့ တူပါတယ်၊ အမြဲတမ်း စွဲကပ်နေတဲ့ မတ်တတ်နာရောဂါဟာ သေလောက်အောင်လဲ မပြင်းထန်ဘူး၊ ဒါပေမယ့် ဆေးကုလို့လဲ အမြစ်ပြတ် မပျောက်ဘူး၊ အဲဒါလိုပါပဲ တဏှာကလဲ သူကြိုက်တာကို ခံစားရရင် နေသာထိုင်သာတော့ ဖြစ်သွားပါတယ်၊ ဒါပေမယ့် သူကြိုက်တဲ့ အာရုံတွေနဲ့ ဘယ်လောက်ပဲ ပြုစုပေမယ့် လုံးဝပျောက်ကင်းသွားတယ်လို့တော့ မရှိဘူး၊ တော်တော်ကြာရင် သူကြိုက်တာ ကလေးတွေကို ခံစားချင်ပြန်တာပဲ၊ အဆင်းအာရုံ အလှလေးကို သူက ကြည့်ချင်တယ်၊ ကြည့်ရတော့ ချမ်းသာတယ်လို့ ထင်ရတယ်၊ ဒါပေမယ့် အားရကျေနပ်တာတော့ မဟုတ်ဘူး၊ နောက်လဲ ထပ်ကာ ထပ်ကာ ကြည့်ချင်နေသေးတာပဲ၊ အသံကောင်းကလေး ကြားရရင်လဲ ထို့အတူပင် ထပ်ကာ ထပ်ကာ ကြားနေချင်သေးတာပဲ၊ အနံ့ကောင်းကလေးကို နံ့ရတဲ့ အခါ အရသာကောင်းကလေးကို စားရတဲ့အခါမှာလဲ အားမရဘူး၊ ထပ်ကာထပ်ကာ နမ်းချင် စားချင်နေသေးတာပဲ၊ အတွေ့အာရုံ ကောင်းကို တွေ့ထိရတဲ့အခါလဲ ထပ်ကာထပ်ကာ တွေ့ထိနေ ချင်သေးတာပဲ၊ အဲဒါတွေဟာ အာရုံကိုဆာတဲ့တဏှာက အားမရ နိုင်ဘဲ အထပ်ထပ်သုံးဆောင်ချင်ပြီး လှုပ်ရှားနေတာပဲ၊ ဒါကြောင့်

http://www.dhammadownload.com



ဆေးကုလို့ မပျောက်နိုင်တဲ့ ရောဂါဆိုးနဲ့ တူတယ်ဆိုတာ အင်မတန် ထင်ရှားပါတယ်၊ နောက်ပြီးတော့ ...

ဇော–လိုချင်တောင့်တလျက် လှုပ်ရှားတတ်သော တဏှာသည်၊ ဂဏ္ဍော–အဖုအလုံး အိုင်းအမာကြီးသဖွယ် ဖြစ်ပါတယ်ဘုရားတဲ့၊ သွေးစုနာ အစရှိတဲ့ အဖုအလုံးအနာကို ပါဠိလို ဂဏ္ဍ–လို့ ခေါ်တယ်၊ အိုင်းအမာနာကြီးဟာ ပေါက်ကွဲပြီး သွေးပုပ် ပြည်ပုပ်တွေ ထွက်နေရင် ရွံစရာလဲကောင်းတယ်၊ ကြောက်စရာလဲကောင်းတယ်၊ အဲဒါလိုပဲ ဒီတဏှာကြောင့် ရွံစရာတွေလဲ ကြိုက်နေတယ်၊ ဟိုဟာလိုချင် ဒီဟာလိုချင်နဲ့ အမြဲလိုပင် စိတ်ဆင်းရဲနေတယ်၊ ဒါကြောင့် အိုင်းအမာ အနာအိုကြီးလိုပင် ရွံစရာလဲ ကောင်းတယ်၊ ကြောက်စရာလဲ ကောင်းတယ်၊ နောက်ပြီးတော့–

ဇော–လိုချင်တောင့်တလျက် လှုပ်ရှားတတ်သော တဏှာသည်၊ သလ္လံ–ကိုယ်ထဲမှာ စူးဝင်နေသော မြားငြောင့်နှင့်လဲ တူပါတယ်ဘုရားတဲ့၊ မြားစူးတယ် ဆိုတာကတော့ ယခုနေအခါမှာ မထင်ရှားဘူး၊ ငြောင့်စူးတာကတော့ လူတိုင်းမှာပင် ထင်ရှားတတ်ပါတယ်၊ လက်ထဲမှာ ငြောင့်စူးနေရင်၊ ခြေထဲမှာ ဆူးစူးနေရင် ကမြိက်မြိက်နဲ့ နာနေတာပဲ၊ အဲဒီငြောင့်ဟာ အပြင်ဘက်မှာ အစွန်းအစ မပေါ်ဘဲ အသားထဲမှာ မြုပ်ကွယ်နေရင် ထုတ်ပစ်ဖို့ရာလဲ ခက်တယ်၊ အသားထဲမှာ တမြိက်မြိက်နဲ့ နာကျင်စေပြီး နှိပ်စက်နေတယ်၊ အဲဒါလိုပင် တဏှာကလဲ ဟိုဟာလိုချင်

http://www.dhammadownload.com



ဒီဟာလိုချင်နဲ့ အမြဲနှိပ်စက်နေတာပဲ၊ သူ့ကို ထုတ်ပယ်ပစ်ဖို့လဲ အလွန်ခက်ပါတယ်၊ ဒါကြောင့် တဏှာက ကြောင့်နဲ့တူတယ်ဆို တာ တယ်ဟုတ်တာပဲ၊ တစ်ခါတစ်ရံမှာ လိုချင်တာတွေကို ကြံစည်ကြောင့်ကြစိုက်မှု အားကြီးနေတာနဲ့ အိပ်မပျော်ဘဲလဲ ရှိ နေတတ်တယ်၊ အဲဒီတဏှာကြောင့် ဘဝသံသရာထဲမှာ ဆင်းရဲ ရပုံကိုလဲ ဒီလိုဆက်ပြီး တင်ပြလျှောက်ထားပါတယ်။

ဇော–လိုချင်တောင့်တလျက် လှုပ်ရှားတတ်သော တဏှာ သည်၊ တဿ တဿေဝ ဘဝဿ အဘိနိဗ္ဗတ္တိယာ–ထိုထိုဘဝ၏ သာလျှင်ဖြစ်ခြင်း–ငှာ၊ ဝါ–ထိုထိုဘဝ၌သာလျှင် ဖြစ်ရန်အတွက်၊ ဣမံပုရိသံ–ဤပုဂ္ဂိုလ်သတ္တဝါကို၊ ပရိကမုတိ–ဆွဲငင်နေပါသည် အရှင်ဘုရား၊ တသ္မာ–ထိုသို့ ဆွဲငင်နေသောကြောင့်၊ အယံ ပုရိသော–ဤပုဂ္ဂိုလ်သတ္တဝါသည်၊ ဥစ္စာဝစံ–ဘဝကောင်း,ဘဝဆိုး သို့၊ အာပဇ္ဇတိ–ရောက်နေရသည်ဟု ထင်မြင်ပါသည်အရှင်ဘုရား တဲ့၊ တဏှာက ဘဝကို သာယာနှစ်သက်နေတယ်၊ ဘဝထဲမှာသာ ဖြစ်လျက်ရှိနေချင်တယ်၊ ဒါကြောင့် ကုသိုလ်ကံရှိသော သူတွေက ဗြဟ္မာဘဝ, နတ်ဘဝ, လူ့ဘဝဆိုတဲ့ ကောင်းမြတ်တဲ့ဘဝသို့ ရောက်နေကြရတယ်၊ အကုသိုလ်ကံရှိသော သူတွေကတော့ ငရဲ, တိရစ္ဆာန်, ပြိတ္တာ, အသူရကာယ် ဘဝဆိုးများသို့ ရောက်နေ ကြရတယ်၊ အဲဒီလို ဖြစ်နေကြရပုံကို သိကြားမင်းက သူကိုယ်တိုင်လဲ တွေ့မြင်သင့်သလောက် တွေ့မြင်ခဲ့ပြီး ဖြစ်မှာပါပဲ။

အဲဒီလို တင်ပြလျှောက်ထားပြီးတော့ မြတ်စွာဘုရားထံ

http://www.dhammadownload.com



ယခုမေးတဲ့ ပြဿနာကို ရှေးက သမဏ ဗြာဟ္မဏအမည်ခံ ရသေ့ရဟန်းများထံမှာ မေးခွင့်မျှတောင် မရခဲ့ကြောင်း၊ ယခုတော့ အဲဒီပြဿနာတွေကို မြတ်စွာဘုရားက ဖြေကြားပေးပြီးတော့ သူ့မှာ ရှိနေတဲ့ ယုံမှားမှု ဝိစိကိစ္ဆာဆိုတဲ့ ငြောင့်ကိုလဲ မြတ်စွာဘုရားက နုတ်ပယ်ပေးခဲ့ပြီးဖြစ်တဲ့ အကြောင်းများကိုလဲ လျှောက်ထားပါတယ်။

အဲဒီတော့ မြတ်စွာဘုရားက အဲဒီလို မေးခဲ့ဖူးတာတွေကို အမှတ်ရပါသေးရဲ့လား၊ ဝန်မလေးရင် အဲဒီမေးခဲ့ပုံ ဖြေကြား၊ ပြောဆိုကြပုံကို ပြောပြပါလို့ အမိန့်ရှိပါတယ်၊ အဲဒီအကြောင်း အရာများကိုလဲ သိကြားမင်းက ဒီလို တင်ပြလျှောက်ထားပါတယ်။

ကောကျောင်းနေ သမဏ ဗြာဟ္မဏ အမည်ခံ ပုဂ္ဂိုလ်များထံ ချဉ်းကပ်ပြီးတော့ ဒီပြဿနာများကို မေးခဲ့ပါတယ်၊ သူတို့က ပြေလည်အောင် မဖြေနိုင်ကြပါ၊ မဖြေနိုင်ကြသောကြောင့် သူတို့က "အရှင်ဟာ အဘယ်အမည်ရှိတဲ့ သူပါလဲ"လို့ တပည့်တော်ကို မေးကြပါတယ်၊ တပည့်တော်က တာဝတိံသာနတ်တို့၏ အရှင် သိကြားမင်း ဖြစ်ကြောင်း ဖြေကြားပါတယ်၊ အဲဒီတော့ သူတို့က တပည့်တော်ကိုသာ တစ်ဆင့်တက်ပြီး မေးကြပါတယ်၊ "ဘယ်လိုကံကို ပြုသောကြောင့် သိကြားမင်း ဖြစ်ပါသလဲ"တဲ့၊ တပည့်တော်က သူတို့အား ကြားဖူး၊သိဖူးသလောက် စွမ်းနိုင်သလောက် တရားကို ဟောကြားခဲ့ပါတယ်၊ အဲဒီ သမဏဗြာဟ္မဏ အမည်ခံ

http://www.dhammadownload.com



ရသေ့ရဟန်းတွေက အဲဒီလို ပြောပြတာကို ကြားသိရတဲ့အတွက် "ငါတို့ဟာ သိကြားမင်းကိုလဲ တွေ့မြင်ရတယ်၊ ငါတို့၏ အမေးကိုလဲ သိကြားက ဖြေကြားပေးတယ်"လို့ နှလုံးသွင်းပြီး ဝမ်းမြောက်ကြပါတယ်၊ အဲဒီတုန်းက သမဏဗြာဟ္မဏအမည်ခံ ရသေ့ရဟန်းတွေဟာ တပည့်တော်၏ အဖြေကို လက်ခံမှတ်သား ကြရတဲ့အတွက် တပည့်တော်၏ တပည့်များ ဖြစ်သွားကြပါတယ်၊ တပည့်တော်ကတော့ သူတို့၏တပည့် မဖြစ်ခဲ့ပါ၊ အခုတော့ တပည့်တော်ဟာ မြတ်စွာဘုရား၏ တပည့်အစစ် သောတာပန် ဖြစ်နေပါပြီ၊ အပါယ်လေးပါးသို့ ကျရောက်ကြောင်း တရားကင်း သွားပါပြီ၊ ဂတိနှင့်ဉာဏ် တည်မြဲသွားပါပြီ၊ အထက်မဂ်ဉာဏ် များကို ကိုယ်ပိုင်ဉာဏ်ဖြင့်ပင် ရောက်နိုင်ပါပြီလို့ သိကြားမင်းက လျှောက်ပါတယ်။

## သိကြားဖြစ်ရေး ကျင့်ဝတ်(၇)ပါး

အဲဒီလို လျှောက်ထားတဲ့ စကားထဲမှာ သိကြားမင်းဖြစ် ကြောင်းတရား ဆိုတာကို အဋ္ဌကထာမှာ သတ္တဝတပဒဆိုတဲ့ ကျင့်ဝတ်(၇)ပါးဖြစ်ကြောင်း ဖွင့်ပြထားတယ်၊ အဲဒီကျင့်ဝတ်တွေ ဟာ သဂါထာဝဂ္ဂသံယုတ်ပါဠိတော်မှာ ဒီလိုပြဆိုထားလျက် ရှိနေပါတယ်–

(၁) တစ်သက်ပတ်လုံး မိဘတို့ကို ပြုစုလုပ်ကျွေးသူဖြစ်ပါ မည်လို့ ဆောက်တည်ပြီး ကျင့်ခြင်းက တစ်ပါး။

(၂) တစ်သက်လုံး ဆွေမျိုးထဲက အသက်ကြီးသူများကို

http://www.dhammadownload.com



အရှိအသေပြုသူ ဖြစ်ပါမည်လို့ ဆောက်တည်ပြီး ကျင့်သုံးခြင်းက တစ်ပါး။

(၃) တစ်သက်ပတ်လုံး နူးညံ့ချိုသာသော စကားကိုသာ ပြောပါမည်လို့ ဆောက်တည်ပြီး ကျင့်ခြင်းက တစ်ပါး။

(၄) တစ်သက်ပတ်လုံး ကုန်းချောစကား မပြောပါလို့ ဆောက်တည်ပြီး ကျင့်ခြင်းက တစ်ပါး။

(၅) တစ်သက်ပတ်လုံး ဝန်တိုခြင်း အညစ်အကြေးမရှိသောစိတ်ဖြင့် အိမ်ရာကို အုပ်ချုပ်စောင့်ရှောက်နေပါမည်လို့ ဆောက်တည်ပြီး ကျင့်ခြင်းက တစ်ပါး။

(၆) တစ်သက်ပတ်လုံး အမှန်ကိုသာ ပြောဆိုပါမည်လို့ ဆောက်တည်ပြီး ကျင့်ခြင်းက တစ်ပါး။

(၇) တစ်သက်ပတ်လုံး စိတ်မဆိုးအောင် သတိပြုနေပါမည်၊ တစ်ရံတစ်ခါ စိတ်ဆိုးမိရင်လဲ အဲဒီစိတ်ဆိုးမှုကို ချက်ချင်းပင် ပယ်ဖျောက်ပါမည်လို့ ဆောက်တည်ပြီး ကျင့်ခြင်းက တစ်ပါး။

ဒီကျင့်ဝတ် (၇)ပါးပါပဲ။

ယခုလက်ရှိ သိကြားမင်းကတော့ ဘုရားမပွင့်မီ ရှေးကာလက မဂဓတိုင်း မစလ ဆိုတဲ့ တောရွာမှာ မဃဆိုတဲ့ လုလင်ဖြစ်ခဲ့ကြောင်းကို ဒီသုတ်အဖွင့် အဋ္ဌကထာမှာ ဒီလို ပြထားတယ်။

http://www.dhammadownload.com



## သိကြားမင်း အလောင်းလျာ မဃလုလင် ဝတ္ထု

အဲဒီတုန်းက မဃလုလင်ဟာ တစ်နေ့သောအခါ အိပ်ရာမှ စောစောထပြီး ရွာအလယ်၌ ရွာမှုကိစ္စကို လုပ်ဆောင်ရာဌာနသို့ သွားပြီးတော့ မိမိ၏ တည်ရာဌာနကို ခြေဖျားဖြင့်ပင် မြေမှုန့်တွေ အမှိုက်တွေ ပယ်ရှားပြီး နေရာကောင်း နေရာသန့် ဖြစ်စေတယ်၊ အခြားလူက အဲဒီနေရာသို့ လာပြီးတည်နေတာကို မြင်ရတော့ သူ့မှာ ကုသိုလ်ပြုရန် သတိတရား ရလာတယ်၊ ဒါကြောင့် ရွာအလယ်မှာ ကောက်နယ်တလင်းခန့် မြေကွက်ကို အညီအညွတ်ပြုပြီး သဲဖြူများလဲ ခင်းပေးတယ်၊ အေးတဲ့ရာသီဥတုကျတော့ ထင်းများဖြင့် မီးဖိုများလဲ ပြုလုပ်ပေးတယ်၊ လူငယ်တွေရော လူကြီးတွေရော အဲဒီနေရာမှာလာပြီး နေထိုင်ကြတယ်။

တစ်နေ့မှာတော့ သူ့မှာ ဒီလိုဆင်ခြင်မိတယ်၊ မင်းနှင့်မင်းအမတ် အစရှိတဲ့ အရာရှိတွေကိုလဲ တွေ့ရတယ်၊ နေနတ်သားလနတ်သား စသည်ရှိကြောင်းကိုလဲ ကြားရဖူးတယ်၊ အဲဒီပုဂ္ဂိုလ်တွေဟာ ကောင်းမှုကံပြုလို့ အဲဒီ စည်းစိမ်ချမ်းသာတွေကို ရတာ ဖြစ်မှာပဲ၊ ဒါကြောင့် ငါလဲ ဒီလိုကောင်းမှုတွေကို ပြုသင့်တယ်လို့ ဆင်ခြင်လျက် ကြံစည်မိတယ်။

ဒါကြောင့် သူဟာ နံနက်စောစော အိပ်ရာမှထပြီး ယားဂုဆန်ပြုတ်ကို သောက်ပြီးတော့ ပေါက်တူးစသော ကိရိယာများကို ယူကာ လမ်းဆုံအရပ်မှာ မညီညွတ်တာတွေကို ညီညွတ်အောင်

http://www.dhammadownload.com



ပြုတယ်၊ တည်းခိုစရာ မဏ္ဍာပ်တဲကိုလဲ ပြုလုပ်တယ်၊ ရေကန်လဲ တူးတယ်၊ တံတားလဲ ခင်းတယ်၊ အဲဒီလိုလုပ်ရင်း ညနေအချိန်ကုန်မှ အိမ်သို့ ပြန်လာတယ်။

အဲဒီလိုပြန်လာတဲ့အခါ ဘာတွေသွားပြီး လုပ်နေသလဲလို့ အခြားသူက မေးတယ်၊ နတ်ပြည်ရောက်ကြောင်း ကောင်းမှုကို ပြုလုပ်နေကြောင်း ပြောပြတယ်၊ အဲဒီတော့ အဲဒီလူကလဲ မဃလုလင်နဲ့ အတူလိုက်ပါပြီး ကောင်းမှုအလုပ်ကို လုပ်တယ်၊ ဒီနည်းဖြင့် ကောင်းမှုအလုပ်သမားတွေ တိုးတိုးလာတာ ၃၃–ယောက်တောင် ရှိသွားသတဲ့၊ မဃလုလင် အမှူးရှိတဲ့ အဲဒီလူ ၃၃–ယောက်ဟာ လမ်းပြုပြင်ခြင်း, တံတားခင်းခြင်း, တည်းခိုဇရပ်ဆောက်ခြင်း, ရေကန်တူးခြင်း စသော ကောင်းမှုတွေကို အညီအညွတ် ဆောင်ရွက်ပြုလုပ်နေကြတယ်။

အဲဒီအခါ မစလရွာစား သူကြီးက "ရှေးတုန်းကတော့ ဒီလူငယ်တွေဟာ သေရည်အရက်သောက်ပြီး မတော်မသင့်တာတွေ ပြုလုပ်ကြတဲ့အတွက် သူတို့ထံမှ ဒဏ်ငွေ လာဘ်ထိုးငွေများကို ရနေခဲ့တယ်၊ ယခုတော့ သူတို့က အများသုံး ကောင်းမှုတွေကိုသာ လုပ်နေကြတဲ့အတွက် အဲဒီလို ဒဏ်ငွေ လာဘ်ထိုးငွေတွေကို မရဘဲ ဖြစ်နေတယ်၊ ဒီအကောင်တွေကို မင်းထံ ကုန်းတိုက်ပြီး နှောင့်ယှက်ဦးမယ်"လို့ အကြံပြုပြီးတော့ မင်းထံသွားပြီး စွဲချက်တင်တယ်၊ မင်းကလဲ သူ့စကားယုံကြည်တာနဲ့ အဲဒီသူငယ်တွေကို ဖမ်းပြီး ဆောင်ယူလာဖို့ အမိန့်လဲ ပေးလိုက်တယ်၊ ဖမ်းဖို့

http://www.dhammadownload.com



ရဲမက်များကိုလဲ ပေးလိုက်တယ်၊ အဲဒီရွာသူကြီးက မဃလုလင်နှင့်တကွ အဲဒီလူငယ် ၃၃–ယောက်ကို ဖမ်းစေပြီးတော့ မင်းထံ ပို့ပေးတယ်၊ မင်းကလဲ မမေးမစစ်ဘဲနဲ့ ဆင်ဖြင့်နင်းသတ်စေရန် အမိန့်ပေးလိုက်တယ်။

အဲဒီအခါ မဃလုလင်က သူ့အဖော်များကို ဒီလို အကြံပေးတယ်၊ မိတ်ဆွေတို့ ငါ့စကားကို လိုက်နာနိုင်ကြပါ့မလား၊ ခင်ဗျား၏ စကားကို လိုက်နာလို့ ကျွန်ုပ်တို့ ယခု ဘေးသင့်နေကြတာပဲ၊ ဒါပေမယ့် ခင်ဗျား၏စကားကို လိုက်နာပါ့မယ်၊ ဘာလုပ်ရမလဲ ပြောပါ–လို့ သူတို့က ဆိုကြတယ်၊ သံသရာဝဋ်ထဲကျင်လည်နေကြရတဲ့ သူတွေမှာ ဒီလို ဘေးတွေ့ရတာက တော့ ဖြစ်မြဲပဲ၊ သင်တို့ဟာ သူခိုးဓားပြ ဟုတ်ကြပါသလား၊ မဟုတ်ကြပါဘူးဗျာ၊ သစ္စာပြုတာဟာ ဒီလောက၏ မှီခိုအားထားရာ အစစ်ပဲ၊ ဒါကြောင့် ခင်ဗျားတို့အားလုံးပင် "ငါတို့ဟာ သူခိုးဓားပြတွေ ဟုတ်ရင် ဆင်ကြီးက နင်းပါစေ၊ မဟုတ်ရင်တော့ မနင်းပါစေနဲ့"လို့ သစ္စာပြုကြရန် မဃလုလင်က အကြံပေးတယ်၊ မိတ်ဆွေတွေက အဲဒီအတိုင်း သစ္စာပြုကြတယ်၊ ဆင်ကြီးက သူတို့အနီးသို့ ချဉ်းကပ်ဖို့တောင် မစွမ်းနိုင်ဘူး၊ ကျယ်လောင်စွာ ဟစ်အော်မြည်တမ်းပြီး ထွက်ပြေးတယ်၊ ဆင်ကြီးကို သံချွန်နားရင်း တုတ်–လှံ–ချွန်းတို့ဖြင့် ထိုးဆွနှိပ်စက်၍ မောင်းနှင်သော်လဲ ချဉ်းကပ်စေရန် မစွမ်းနိုင်ဘဲ ရှိနေပါ သတဲ့၊ အဲဒီအကြောင်းအရာကို မင်းထံ လျှောက်တင်တော့

http://www.dhammadownload.com



မင်းက ဖျာဖြင့်ဖုံးပြီး နင်းစေဖို့ အမိန့်ပေးလိုက်တယ်၊ အဲဒီလို ဖျာဖြင့်ဖုံးပြီး နင်းစေတဲ့အခါကျမှ ဆင်ကြီးက အလျင်ကထက် နှစ်ဆတိုးပြီး ကျယ်လောင်စွာ ဟစ်အော်လျက် အတင်းထွက် ပြေးပါသတဲ့။

အဲဒီတော့ ကုန်းချောပြီး စွဲချက်တင်တဲ့ ရွာသူကြီးကို မင်းက ခေါ်ပြီးမေးတယ်၊ ရွာသူကြီးက မဃလုလင်၏ မန္တန် ကြောင့်ပါလို့ လျှောက်တင်တယ်၊ ဒီတော့ မင်းက မဃလုလင် ကိုခေါ်ပြီး မေးတယ်၊ အရှင်မင်းကြီး အကျွန်ုပ်တို့မှာ မန္တန်မရှိ ပါ၊သစ္စာကိုသာ ပြုကြပါတယ်၊ မင်းကြီး၏ သူခိုးဓားပြတွေဖြစ် ရင် ဆင်ကြီးက နင်းပါစေ၊ မဟုတ်ရင်တော့ မနင်းပါစေနဲ့လို့ သစ္စာပြုကြကြောင်း မဃလုလင်က လျှောက်တင်ပါတယ်၊ ဒါဖြင့် သင်တို့ဟာ ဘာတွေ လုပ်နေကြသလဲလို့ မေးတယ်၊ လမ်းကို ညီညွတ်အောင် ပြုပြင်ကြပါတယ်၊ လမ်းလေးခွမှာ တည်းခိုရန် ဇရပ်ကို ဆောက်လုပ်ကြပါတယ်၊ ရေကန် တူးကြပါတယ်၊ တံတားခင်းကြပါတယ်၊ ဒီလိုကောင်းမှုတွေကို ပြုလုပ်နေကြပါ တယ်လို့ လျှောက်တင်တယ်။

ဒီရွာသူကြီးက ဘာ့ကြောင့် ကုန်းတိုက်တာလဲလို့ မေးပြန် တယ်၊ ကျွန်ုပ်တို့ မူးယစ်ပေါ့လျော့နေတဲ့အခါ ဒဏ်ငွေ လာဘ် ထိုးငွေများကို ရတယ်၊ မမေ့မပေါ့ဘဲ ကောင်းမှုတွေ ပြုလုပ်နေတဲ့ အခါ သူ့မှာ ဒဏ်ငွေ လာဘ်ထိုးငွေများကို မရဘူး၊ ဒါကြောင့် ကုန်းတိုက်တာပါလို့ လျှောက်တင်တယ်၊ အဲဒီတော့ မင်းကြီးက

http://www.dhammadownload.com



"လုလင်ကလေးတို့ရေ၊ ဒီဆင်ဟာ တိရစ္ဆာန် ဖြစ်ပါလျက်တောင် သင်တို့၏ ဂုဏ်ကျေးဇူးကို သိပါပေတယ်၊ ငါက လူဖြစ်နေပါလျက်နဲ့တောင် မသိဘဲ ဖြစ်နေတယ်၊ သင်တို့၏ မစလရွာကို သင်တို့အား အမြဲတမ်း အပိုင်ပေးလိုက်ပါတယ်၊ ဒီဆင်ကြီးကိုလဲ ပေးလိုက်ပါတယ်၊ ကုန်းတိုက်တဲ့ ရွာသူကြီးလဲ သင်တို့၏ အစေခံကျွန် ဖြစ်ပါစေ၊ ဒီကနေ့မှစပြီး ငါ့အတွက်လဲ ကောင်းမှုကို ပြုကြပါ"လို့ ပြောပြီးတော့ ပစ္စည်းဥစ္စာတွေလဲပေးပြီး လွှတ်လိုက်ပါသတဲ့။

အဲဒီတော့ မဃလုလင်နှင့်တကွ ၃၃–ယောက်သော လုလင်တွေဟာ မင်းကပေးလိုက်တဲ့ ပစ္စည်းဥစ္စာတွေကို လက်ခံယူခဲ့ကြပြီး ဆင်ကိုလဲ တစ်လှည့်စီစီးလျက် ပြန်လာကြတယ်၊ ဒီလိုလဲ ဆွေးနွေးတိုင်ပင်ကြတယ်၊ "ကိုယ့်လူတို့၊ ကောင်းမှုဆိုတာ နောက်ဘဝအတွက် ပြုကြရတာပဲ၊ ဒါပေမယ့် ယခုဘဝတွင်ပဲ အကျိုးပေးနေပြီ၊ ဒါကြောင့် ယခင်ကထက် တိုးတက်ပြီး ပြုလုပ်ကြစို့"လို့ တိုင်ပင်ပြီးတော့ ကောင်းမှုတွေကို တိုးတက်ပြီး ပြုလုပ်ကြတယ်၊ လမ်းလေးခွဌ် အများတည်းခိုရန် ကြီးကျယ်သော ဇရပ်ကြီးကိုလဲ ဆောက်လုပ်ကြတယ်၊ အဲဒီလို အများအတွက် ကောင်းမှုလုပ်ငန်းတွေကို လုပ်ဆောင်ကြပြီးတဲ့နောက် အသက်တမ်းကုန်လို့ စုတေ သေလွန်ကြတဲ့အခါ မဃလုလင်က သိကြားမင်းဖြစ်တယ်၊ သူ့အဖော် ၃၃–ယောက်လဲ သူနှင့်

http://www.dhammadownload.com



အတူပင် နတ်များဖြစ်ကြပါသတဲ့၊ အဲဒါဟာ သိကြားဖြစ်ကြောင်း ကောင်းမှုပြုပုံ အကျဉ်းချုပ်ပါပဲ။

အဲဒီ မဃဝတ္ထုထဲမှာ အထူးမှတ်စရာ အချက်တစ်ခု ပါတယ်၊ ဘာလဲဆိုရင် မဃလုလင်နှင့်တကွ သူ့အဖော် ၃၃-ယောက်ဟာ ဘုရားတရားတော်ကို ကျကျနန ကြားနာရလို့ ကောင်းမှုကို ပြုခဲ့ကြတာ မဟုတ်ဘူး၊ ကုသိုလ်က ကောင်းကျိုး ပေးပုံအကြောင်းကို အတော်အတန်လောက်သာ ကြားနာဖူးတဲ့ လက္ခဏာရှိတယ်၊ အဲဒီလို အတော်အတန်လောက် ကြားဖူးတာ ကိုမှီပြီး သူ့ဟာသူ စိတ်ကူးကြံစည်ကာ ပြုလုပ်ခဲ့တာပဲ၊ အဲဒီလို ကုသိုလ်ပြုရာမှာ မဂ်ဖိုလ်နိဗ္ဗာန်ရဖို့ ရည်ရွယ်ဆုတောင်းတာ မပါဘူး၊ ဒါပေမယ့် အဲဒီ ကောင်းမှုများကြောင့် သိကြားမင်း ဖြစ်လာပြီးတဲ့နောက် မြတ်စွာဘုရား၏ တရားတော်ကို ကြားနာ ရတဲ့အခါ သောတာပတ္တိမဂ်ဖိုလ်ကိုရောက်ပြီး သောတာပန် ဖြစ်သွားတယ်၊ အဲဒီလို သောတာပန် ဖြစ်ပုံကို ထောက်ဆကြည့်ရင် ကုသိုလ်ပြုစဉ်က မဂ်ဖိုလ်နိဗ္ဗာန်ကို ဆုမတောင်းခဲ့သော်လဲ ကံနှင့် ကံ၏အကျိုးကို ယုံကြည်သိမြင်ပြီး ကုသိုလ်ကို ထက်ထက် သန်သန် ပြုခဲ့လျှင် အဲဒီကုသိုလ်ကြောင့် ထက်သန်တဲ့ တိဟိတ် ပဋိသန္ဓေဖြင့် နတ်ဘဝ, လူ့ဘဝ၌ဖြစ်ပြီး ဘုရား၏ တရားတော်ကို နာကြားကျင့်သုံး၍ တရားထူးကိုလဲ ရနိုင်တယ်ဆိုတာ အထူး သတိပြုပြီး မှတ်သားထားကြဖို့ပါပဲ၊ အရေးကြီးတာကတော့ ကောင်းမှုကို ပြုလုပ်တဲ့အခါ ကံနှင့် ကံ၏အကျိုးကို ယုံကြည်

http://www.dhammadownload.com



သိမြင်တဲ့ ဉာဏ်ဖြင့် ထက်ထက်သန်သန်ပြုဖို့ အရေး ကြီးပါတယ်၊ မဂ်ဖိုလ်နိဗ္ဗာန်ကို ရည်သန်ဆုတောင်းပြီး ပြုရင်တော့ ပိုပြီးသေချာတာပဲ။

## သိကြားမင်း၏ အထူးဝမ်းမြောက်ပုံ

ခုတင်က ပြောခဲ့တဲ့အတိုင်း သိကြားမင်းက မြတ်စွာဘုရား၏ တရားကို နာရ၍ သောတာပန် ဖြစ်တဲ့အတွက် ဝမ်းမြောက်ကြောင်းကို လျှောက်တဲ့အခါ မြတ်စွာဘုရားက "ဒီလိုဝမ်းမြောက်တာကို ရှေးက ရဖူးပါသလား"လို့ မေးတော်မူပါတယ်။

အဲဒီတော့ သိကြားမင်းက ဒီလိုလျှောက်ပါတယ်၊ ရှေးတုန်းက အသုရာနတ်တွေနဲ့ စစ်တိုက်ကြရာမှာ အနိုင်ရလို့ ဝမ်းမြောက်ခဲ့ဖူးပါသတဲ့၊ ဒါပေမယ့် အဲဒီလို အနိုင်ရလို့ ဝမ်းမြောက်ရတာကတော့ တုတ်ဓားစသော လက်နက်တွေ၏ ကျက်စားရာ နယ်ပယ် ဖြစ်ပါတယ်၊ စင်စစ် ငြိမ်းငွေ့ဖို့ တပ်မက်ကင်းဖို့လဲ မဖြစ်ပါဘူး၊ စင်စစ် ချုပ်ဖို့ ငြိမ်းဖို့လဲ မဖြစ်ပါဘူး၊ အထူးသိဖို့ ထိုးထွင်းသိဖို့လဲ မဖြစ်ပါဘူး၊ဆင်းရဲငြိမ်းဖို့ နိဗ္ဗာန်ရောက်ဖို့လဲ မဖြစ်ပါဘူး၊ ယခု မြတ်စွာဘုရား၏ တရားတော်ကို နာရပြီး သောတာပန်ဖြစ်လျက် ဝမ်းမြောက်ဝမ်းသာရတာကတော့ တုတ်ဓားစသော လက်နက်တွေ၏ ကျက်စားရာ နယ်ပဲလဲ မဟုတ်ပါဘူး၊ စင်စစ် ငြိမ်းငွေ့ဖို့ တပ်မက်ကင်းဖို့လဲ ဖြစ်ပါတယ်၊ စင်စစ်ချုပ်ဖို့ ငြိမ်းဖို့လဲ ဖြစ်ပါတယ်၊ အထူးသိဖို့ ထိုးထွင်းသိဖို့လဲ ဖြစ်ပါတယ်၊ ဆင်းရဲငြိမ်းဖို့ နိဗ္ဗာန်ကိုရောက်ဖို့လဲ ဖြစ်ပါတယ်လို့

http://www.dhammadownload.com



လျှောက်ပါတယ်၊ အဲဒီတော့ မြတ်စွာဘုရားက ဒီလိုမေးတော် မူပါတယ်။

## မြတ်စွာဘုရား မေးခွန်းတော်

ဒေဝါနမိန္ဒ–သိကြားမင်း၊ တွံ–သင်သည်၊ ကိံ အတ္ထဝသံ သမ္ပဿမာနော–အဘယ်သို့သော အကျိုးထူးကို မြော်မြင်သည် ဖြစ်၍၊ ဧဝံရူပံ–ဤသို့သော၊ ဝေဒပဋိလာဘံ သောမနဿပဋိ–လာဘံ–ဝမ်းမြောက် ဝမ်းသာမှုရခြင်းကို၊ ပဝေဒေသိ–တင်ပြ လျှောက်ထားပါသနည်းတဲ့။

## သိကြားမင်း၏ ဖြေကြားချက်

အကျိုးထူး ခြောက်ပါး မြော်မြင်ပြီး ဝမ်းမြောက်ဝမ်းသာရ ကြောင်းကို ဒီလိုလျှောက်ပါတယ်။

၁။ ဣဓေဝ တိဋ္ဌမာနဿ၊
ဒေဝဘူတဿ မေ သတော။
ပုနရာယု စ မေ လဒ္ဓေါ၊
ဧဝံ ဇာနာဟိ မာရိသ။

မာရိသ–မြတ်စွာဘုရား၊ ဣဓေဝ–ဤ–ဣန္ဒသာလလိုဏ်ဂူ၌ ပင်လျှင်၊ တိဋ္ဌမာနဿ–တည်နေစဉ်၊ ဒေဝဘူတဿသတော– သိကြားနတ်အသစ်ဖြစ်လျက်၊ မေ–အကျွန်ုပ်သည်၊ ပုနရာယု စ–တစ်ဖန် နတ်အသက်အသစ်ကိုလည်း၊ မေ လဒ္ဓေါ–အကျွန်ုပ်

http://www.dhammadownload.com



ရအပ်ပါပြီ၊ ၈၀-ဤသို့ ဝမ်းမြောက်ခြင်း၏ မျှော်လင့်ဖွယ် အကြောင်းကို၊ ဓာနာဟိ-သိတော်မူပါ အရှင်ဘုရားတဲ့။

သိကြားမင်းဟာ မြတ်စွာဘုရား၏ တရားကို နာနေရင်း သောတာပန်လဲဖြစ်တယ်၊ သိကြားဘဝဟောင်းမှ စုတေပြီး သိကြားဘဝ အသစ်လဲဖြစ်တယ်၊ အဲဒါဟာ ဝမ်းမြောက်ခြင်း၏ ပထမအကြောင်းပါတဲ့၊ မဃလုလင်ဘဝက ပြုခဲ့တဲ့ ကုသိုလ် ကောင်းမှုကြောင့် သိကြားမင်း ဖြစ်လာရတယ်၊ အဲဒါဟာ လူတို့၏ နှစ်အရေအတွက်အားဖြင့် ၃၆-သန်း (သုံးကုဋေနဲ့ခြောက်သန်း)ရှိခဲ့ပြီ၊ ဒါကြောင့် တာဝတိံသာနတ်သက်က ကုန်နေတဲ့ အတွက် ဘုရားထံမလာမီ ခြောက်ရက်ကျော်လောက်ကတည်းက ပုဗ္ဗနိမိတ်ငါးပါးကို တွေ့မြင်ရတယ်၊ ဒါကြောင့် ခုနစ်ရက်အတွင်း မှာ သေရတော့မယ် ဆိုတာကို သိမြင်ပြီး စိတ်ဆင်းရဲတွေ အလွန်အကဲ ဖြစ်နေရတာနဲ့ ဘုရားထံလာရောက်ပြီး တရားနာ တာပါပဲ၊ အဲဒီအကြောင်းအရာတွေကိုတော့ (စာမျက်နှာ ၁၇-စသည်မှာ) ဖော်ပြခဲ့ပါပြီ။

အဲဒီလို တရားနာနေရင်း မှီဝဲအပ်တဲ့ ဥပေက္ခာဝေဒနာ အကြောင်းကို နားကြားနေစဉ် ဝိပဿနာရှုလျက် သောတာပတ္တိ မဂ်ဖိုလ်ရောက်ပြီး သောတာပန်လဲ ဖြစ်သွားတယ်၊ ဘဝဟောင်းမှ စုတေပြီး သိကြားဘဝအသစ်လဲ ဖြစ်သွားတယ်၊ အဲဒီတော့ အပါယ်လေးပါးမှ အစဉ်ထာဝရ လွတ်မြောက်တဲ့ အတွက်လဲ ဝမ်းမြောက်ရတယ်၊ သိကြားဘဝ အသစ်ဖြစ်ပြီး လူတို့၏နှစ်

http://www.dhammadownload.com



အရေအတွက်အားဖြင့် နှစ်ပေါင်း ၃၆–သန်းပတ်လုံး သိကြားမင်း စည်းစိမ်ကို ခံစားမြဲ ခံစားသွားရမည့် အတွက်လဲ ဝမ်းမြောက်ရ တယ်၊ အဲဒါဟာ ဝမ်းမြောက်ရခြင်း၏ ပထမအကြောင်းပါတဲ့၊ ဒုတိယအကြောင်းကတော့–

၂။ စုတာဟံ ဒိဝိယာ ကာယာ၊
အာယုံ ဟိတွာ အမာနုသံ။
အမူဠှော ဂဗ္ဘမေဿာမိ၊
ယတ္ထ မေ ရမတီ မနော။

အာယုံ ဟိတွာ အမာနုသံ–နတ်အသက်ကိုစွန့်၍၊ ဒိဝိယာ ကာယာ–နတ်အပေါင်း နတ်ဘဝမှ–စုတာ–စုတေရသည်ရှိသော်၊ မေ မနော–အကျွန်ုပ်၏ စိတ်သည်၊ ယတ္ထရမတိ– အကြင်အမျိုး၌ နှစ်သက်ပျော်မွေ့၏။ တတ္ထ–ထိုနှစ်သက်ပျော်မွေ့ရာအမျိုး၌၊ အဟံ–အကျွန်ုပ်သည်၊ အမူဠှော–တွေဝေခြင်းမရှိဘဲ၊ဂဗ္ဘမေဿာမိ– အမိဝမ်းသို့ ရောက်ရဖြစ်ရပါမယ် အရှင်ဘုရားတဲ့။

သိကြားမင်း အဖြစ်က အသက်တမ်းကုန်လို့ စုတေတဲ့အခါ သူဖြစ်လိုရာ အမျိုးထဲက အမိဝမ်းမှာ ပဋိသန္ဓေတည်နေပြီး လူဖြစ် ရပါလိမ့်မယ်တဲ့၊ အဲဒါက ဘယ်တော့လဲဆိုရင် လူတို့၏ နှစ် အရေအတွက်အားဖြင့် အနှစ်ပေါင်း ၃၆–သန်းခန့် ကြာသော အခါကျမှ ဖြစ်ရမှာပါပဲ၊ ယခု လူတို့၏ သက်တမ်းဟာ နှစ် ပေါင်း တစ်ရာ,တစ်ရာမှာ တစ်နှစ်,တစ်နှစ် လျော့လျော့သွား

http://www.dhammadownload.com



တယ်လို့ အစဉ်အဆက် ပြောတာကို ကြားဖူးတယ်၊ အဲဒီအတိုင်း ဆိုတော့ ဘုရားလက်ထက်တော်မှ ယခုအထိ နှစ်ပေါင်း(၂၅၀၀) ကျော် ရှိနေပြီး ဖြစ်သောကြောင့် ၂၅–နှစ်လောက် လျော့နေပြီလို့ ဆိုရမှာပဲ၊ ယခုနေအခါ အသက် ၇၅–နှစ်အောက်မှာ အသေများ နေသောကြောင့် အဲဒီယူဆပုံဟာ ဟုတ်သလိုပဲ ရှိနေပါတယ်၊ နောင်နှစ်ပေါင်း(၆၅၀၀)လောက် ရှိတဲ့အခါ ၁၀–နှစ်တမ်း ရောက် ဖွယ်ရှိပါတယ်၊ အဲဒီအသက် ၁၀–နှစ်တမ်း ရောက်တဲ့အခါကျ တော့ လူ့လောက၌ ကောင်းမွန်တဲ့ အရသာတွေ အကုန်ပျောက် ကွယ်ကုန်မယ်တဲ့၊ ဘယ်လိုဟာတွေလဲဆိုတော့ ထောပတ် ဆီဦး ပျားရည် တင်လဲ ဆား ဆိုတာတွေလဲ ပျောက်ကွယ်သွားမယ်၊ ယခု စားသုံးနေကြတဲ့ ဆန်ကောင်းတွေလဲ ပျောက်ကွယ်သွားပြီး တော့ လူးဆန်သာ အကောင်းဆုံး ဖြစ်လိမ့်မယ်တဲ့။

သတ်မှုမှ ကြဉ်ရှောင်ခြင်း စသော ကုသိုလ်ကမ္မပထတရား တွေ အကုန်ကွယ်လိမ့်မယ်၊ သူတစ်ပါးအသက်သတ်ခြင်း, ခိုးခြင်း စသော အကုသိုလ်ကမ္မပထတရားတွေက အလွန်ပင် ထွန်းကား လိမ့်မယ်၊ ကုသိုလ်ဆိုတဲ့ စကားလုံးတောင် မရှိဘဲ ဖြစ်လိမ့်မယ် တဲ့၊ ကုသိုလ်ပြုသူကတော့ ဘယ်မှာရှိတော့မလဲ။

အဲဒီအခါမှာ မိဘကို မရိုသေတဲ့သူတွေ ရဟန်းသူမြတ်ကို မရိုသေတဲ့သူတွေ ဆွေမျိုးထဲက အသက်ကြီးသူကို မရိုသေတဲ့သူ တွေ ဒီလိုကျင့်ဝတ်ပျက်တဲ့ သူတွေကို ပူဇော်ကြ, ချီးမွမ်းကြတဲ့ သူတွေ များလိမ့်မယ်တဲ့၊ အဲဒါဟာ ယခုလဲ တချို့ဌာနတွေမှာ

http://www.dhammadownload.com



ဖြစ်ပေါ်စပြုနေပါပြီ၊ နောက်ပြီးတော့ အဲဒီအခါမှာ အမေ, အဒေါ် စသည့်တို့ကိုလဲ ကြဉ်ရှောင်ရမှန်း မသိဘဲ ကာမဂုဏ် ကျူးလွန်မှုတွေ ဖြစ်လိမ့်မယ်၊ ဆိတ်,သိုးတို့ ကြက်,ဝက်တို့ ခွေး,မြေခွေးတို့လိုပင် အကျင့်ပျက်ကြလိမ့်မယ်တဲ့။

လူတွေမှာ အချင်းချင်းအပေါ် အလွန်အကဲ ရန်ငြိုးခိုက်ဒေါသ ရန်ငြိုးအာဃာတတွေ ဖြစ်ကြလိမ့်မယ်၊ သတ်လိုသောစိတ်လဲ အပြင်းအထန် ဖြစ်လိမ့်မယ်၊ အမိ,အဘကလဲ သားသမီးအပေါ်မှာ, သားသမီးကလဲ အမိ,အဘ အပေါ်မှာ ရန်ခိုက်ဒေါသ ရန်ငြိုးအာဃာတ သတ်လိုသောစိတ် ပြင်းထန်စွာ ဖြစ်လိမ့်မယ်တဲ့၊ ထို့အတူပင် ညီအစ်ကို မောင်နှမ ညီမ အစ်မ အချင်းချင်းလဲ ရန်ခိုက်ဒေါသ ရန်ငြိုးအာဃာတ သတ်လိုသောစိတ် ပြင်းထန်စွာ ဖြစ်လိမ့်မယ်၊ ဥပမာအားဖြင့် သားသတ်မုဆိုးမှာ သားကောင်ကို သတ်လိုသောစိတ် အပြင်းအထန် ဖြစ်နေသလိုပါပဲတဲ့။

အဲဒီ ဆယ်နှစ်တမ်းကာလ အချိန်မှာ ခုနစ်ရက် အတွင်း လက်နက်ဖြင့် အချင်းချင်း သတ်ဖြတ်ကြတဲ့ (သတ္ထန္တရကပ်)ခေါ်တဲ့ လက်နက်ကပ်ဆိုးကြီး ဖြစ်လိမ့်မယ်၊ လူတွေဟာ အချင်းချင်း သားကောင်ထင်မှတ်ပြီး သတ်ကြလိမ့်မယ်၊ သူတို့၏ လက်ထဲမှာ အလွန်ထက်မြက်တဲ့ လက်နက်တွေ အလွယ်တကူ ဖြစ်ပေါ်လိမ့်မယ်၊ အဲဒီလူတွေဟာ အလွန်ထက်မြက်သော လက်နက်ဖြင့် "ဒါဟာ သားကောင်ပဲ, ဒါဟာ သားကောင်ပဲ"ဆိုပြီး အချင်းချင်း သတ်ကြလိမ့်မယ်တဲ့၊ ယခုခေတ်၌ လက်နက်အထူ့အထွေ

http://www.dhammadownload.com



ပေါ်လာတာကို ထောက်ဆကြည့်ရင် အဲဒီအတိုင်း ကပ်သင့်ဖို့ရာ အလွန်နီးစပ်နေပါတယ်။

အဲဒီလို အချင်းချင်း သတ်ဖြတ်ကြသဖြင့် ခုနစ်ရက်အတွင်းမှာ လူတွေ ကုန်သလောက်ပင် သေကြေပျက်စီးကုန်ကြလိမ့်မယ်တဲ့၊ “ငါတို့ကလဲ သူများကို မသတ်ချင်ပါ၊ ငါတို့ကိုလဲ သူများက မသတ်ကြပါစေနဲ့”လို့ စိတ်နှလုံးကောင်းရှိတဲ့ လူအနည်းငယ်သာလျှင် တောကြိုတောင်ကြား ရှောင်တိမ်းနေကြတဲ့အတွက် မသေဘဲ ကျန်နေကြမယ်၊ အဲဒီမသေဘဲ ကျန်နေတဲ့ သူတွေဟာလဲ တစ်ဦးနှင့်တစ်ဦး တွေ့ဖို့ရာ မလွယ်ကူဘူး၊ ခရီးအတော်ဝေးကွာတဲ့ အရပ်ရောက်မှ တွေ့ကြရမယ်၊ အဲဒီလို တွေ့တဲ့အခါကျတော့ အချင်းချင်း မေတ္တာစိတ် သက်ဝင်ပြီး ချစ်ခင်ကြမယ်၊ သတ်ခြင်းအစရှိသော အကုသိုလ်ကို ကြဉ်ရှောင်ကြရမယ်၊ အဲဒီလို ကြဉ်ရှောင်ကြတဲ့အတွက် သူတို့၏ သားမြေး အဆက်ဆက်တွေဟာ အသက် ၁၀–နှစ်တမ်းမှ ၂၀၊ ၂၀–မှ ၄၀၊ ၄၀–မှ ၈၀၊ စသည်ဖြင့် တိုးတက်ပြီး အသက်ရှည်လာကြမယ်လို့ ဆိုပါတယ်၊ အဲဒီလို အသက်တမ်း တက်ကပ်မှာတော့ လူကောင်း သူကောင်းတွေချည်း ဖြစ်ပါလိမ့်မယ်။

သိကြားမင်းက အနှစ်ပေါင်း ၃၆–သန်းကြာမှ လူ့ဘဝ ရောက်လာမယ်ဆိုတော့ အဲဒီအခါမှာ အသက်တမ်းတက်ကပ်ထဲ ဖြစ်ဖွယ်ရှိပါတယ်၊ လူကောင်း သူကောင်းတွေနဲ့ချည်း ပေါင်းသင်းဆက်ဆံနေရဖွယ် ရှိပါတယ်။

http://www.dhammadownload.com



အဲဒီမှာ "အမူဠော ဂဗ္ဘမေသာမိ–တွေဝေခြင်း မရှိဘဲ အမိဝမ်းသို့ ရောက်ရပါမည်"ဆိုတဲ့ စကားဖြင့် သောတာပန်တို့ ဘဝကူးရာ၌ ဖြစ်ရိုးဖြစ်စဉ်ကိုပြတာပဲ၊ နတ်ဘဝမှ စုတေတဲ့အခါ မှာတော့ ဆင်းရဲဒုက္ခ ခံစားရခြင်း မရှိသောကြောင့် မတွေမဝေဘဲ စိတ်ကြည်လင်စွာနဲ့ စုတေရတယ် ဆိုတာ ထင်ရှားပါတယ်၊ ထို့ အတူပင် လူ့ဘဝ မိခင်၏ ဝမ်းဗိုက်ထဲ ရောက်တဲ့အခါလဲ မတွေမဝေဘဲ ရှိပါလိမ့်မယ်တဲ့၊ လူ့ဘဝမှသေတဲ့ သောတာပန် လဲ သေခါနီးမှာ ထို့အတူပင် မတွေဝေဘဲ သေရမြဲပါပဲ၊ ရော ဂါဝေဒနာကြောင့် ဆင်းရဲပင်ပန်းနေပုံ ရသော်လဲ အမှတ်သတိ ကတော့ ကြည်ကြည်လင်လင်နဲ့ ကောင်းပြီးနေတာပါပဲ၊ စကား မပြောနိုင်ပေမယ့် စိတ်ကတော့ မတွေဝေဘဲ ကြည်ကြည်လင် လင်နဲ့ သေရမြဲပါပဲ၊ အဲဒီလို မတွေဝေဘဲ စုတေပြီး လူ့လောက၌ ဖြစ်လိုရာ အမျိုးမြတ်ထဲမှာ ဖြစ်ရမည့် အကြောင်းကို မြော်မြင် ပြီးတော့လဲ ဝမ်းမြောက်ရပါတယ်တဲ့၊ အဲဒါက ဝမ်းမြောက်ရ ခြင်း၏ ဒုတိယအကြောင်းပဲ၊ တတိယအကြောင်းကတော့–

၃။ သွာဟံ အမူဠ္ဟပညဿ၊
ဝိဟရံ သာသနေ ရတော။
ဉာယေန ဝိဟရိဿာမိ၊
သမ္ဗောဓနေ့ာ ပဋိဿတော။

ဘန္တေ–မြတ်စွာဘုရား၊ သွာဟံ–သော အဟံ–သိကြားဘဝမှ

http://www.dhammadownload.com



လူ့ဘဝသို့ ရောက်နေသော ထိုအကျွန်ုပ်သည်၊ အမူဠပညာသ-မတွေဝေသော ဉာဏ်ပညာနှင့် ပြည့်စုံတော်မူသော အရှင်ဘုရား၏၊ ဝါ-မေးခွန်းပြဿနာ ဟူသမျှ၌ မတွေမဝေ ဖြေရှင်းတော်မူနိုင်သော အရှင်ဘုရား၏၊ (ဒီ ဒု-အနက်ကတော့ ပညသ-အရာ၌ ပဥ္စမီသလို့ ရှိရင်လဲ သင့်လျော်တဲ့အတွက် ဖော်ပြတဲ့ အနက်ပါပဲ) သာသနေ-အဆုံးအမ သာသနာတော်၌၊ ရတော-မွေ့လျော်လျက်၊ ဝါ-မွေ့လျော်စွာ၊ ဝိဟရံ-ဝိဟရန္တော-နေသည်ဖြစ်၍၊ ဝါ-နေသော(သွာပဟံ) ထိုကျွန်ုပ်သည်-တဲ့။

ခုတင်က ပြောခဲ့တဲ့အတိုင်း အနှစ်တစ်ရာမှာ အသက်တမ်းက တစ်နှစ်လျော့တဲ့ နည်းဖြင့် တွက်ကြည့်ရင် နှစ်ပေါင်း ၉၀၀၀(ကိုးထောင်)လောက် ကြာတဲ့အခါကျမှ အသက်ဆယ်နှစ်တမ်းရောက်မယ်၊ အဲဒီကနောက် အနှစ်တစ်ရာအတွင်း သတ္တန္တရကပ်ဆိုက်ပြီး လူတွေအများ သေပျက်သွားကြတယ် ဆိုပါတော့၊ အဲဒီလိုဆိုရင် အဲဒီအခါမှာ သိကြားမင်း၏ ဘဝသစ်အသက်ဟာ ၉၀၀၀-ကျော်လောက်သာ ရှိသေး၍ အဲဒီကနောက် သုံးဆယ့်ငါးသန်းနှင့် ကိုးသိန်း ကိုးသောင်းကျော်လောက် ကြာမှ သိကြားဘဝမှ စုတေဖို့ရှိတယ်၊ လူ့လောက အသက်တမ်းက အနှစ်တစ်ရာ,တစ်ရာမှာ တစ်နှစ်,တစ်နှစ်သာ တိုးမယ်ဆိုရင် အဲဒီအခါမှာ လူ၏သက်တမ်းဟာ အနှစ်သုံးသိန်း ငါးသောင်း, ကိုးထောင်,ကိုးရာကျော်လောက် ရှိနေပါလိမ့်မယ်၊ မိဘ၏ အသက်ထက် သားသမီးတို့ အသက်က နှစ်ဆ နှစ်ဆဖြစ်ပြီး

http://www.dhammadownload.com



တိုးတိုးသွားရင်တော့ အနှစ်သန်းပေါင်းများစွာ အသက်တမ်း ရှိနေမှာပါပဲ။

ယခု ဘုရားသာသနာက အနှစ်ငါးထောင်မျှ တည်ရှိမယ်လို့ ခန့်မှန်းထားချက်အားဖြင့်လည်းကောင်း၊ ဆယ်နှစ်တမ်းက သတ္တန္တရကပ်ဖြင့် လူအများ သေပျက်သွားကြသည့် အခြေအနေအရအားဖြင့်လည်းကောင်း၊ အဲဒီအခါမှာ ဗုဒ္ဓသာသနာတော် ကွယ်နေပြီလို့ ဆိုရမှာပဲ၊ ဘုရား၏ တရားတော်ကို နှုတ်တက်ဆောင်သူလဲ ရှိမှာမဟုတ်ပါဘူး၊ အနှစ်သုံးသန်းကျော်မှဆိုတော့ တရားစာအုပ်တွေ ပေစာတွေလဲ ရှိမှာမဟုတ်ပါဘူး၊ မြန်မာပြည်က ပိဋကကျောက်စာတွေတော့ ရှိကောင်း ရှိပါလိမ့်မယ်၊ ဒါပေမယ်လို့ ဘုရား၏ တရားတော်ကို ဟောပြောနိုင်တဲ့လူတော့ ရှိမယ်မဟုတ်ပါဘူး၊ အဲဒီလို မြတ်စွာဘုရား၏ သာသနာတော် လူ့ပြည်မှာ ကွယ်နေပေမယ်လို့ သိကြားမင်းကတော့ သောတာပန်ဖြစ်နေသောကြောင့် သူ့သန္တာန်မှာတော့ သာသနာ မကွယ်ပါဘူး၊ တည်လျက်ရှိနေပါတယ်၊ မည်သူမဆို အရိယာဖြစ်နေရင် သူ့သန္တာန်မှာ အမြဲတမ်း သာသနာ တည်ရှိနေတာပဲ၊ ဒါကြောင့် အဲဒီအခါ လူအများမှာ ဘုရားသာသနာ ကွယ်နေပေမယ်လို့ သိကြားမင်းမှ ဖြစ်လာတဲ့ အဲဒီလူမှာတော့ ဂေါတမမြတ်စွာဘုရား၏ အဆုံးအမ သာသနာဟာ တည်ရှိနေတာပဲ၊ ငါးပါးသီလလဲ မပျက်ဘူး၊ တည်နေတာပဲ၊ သောတာပတ္တိမဂ်ဖိုလ်နှင့်ဆိုင်တဲ့ အနိစ္စ,ဒုက္ခ,အနတ္တ အသိအမြင်ဟာလဲ မပျက်ဘူး၊ တည်နေတာပဲ၊

http://www.dhammadownload.com



အမှတ်ရပြီး ပယ်သင့်တာကိုလဲ ပယ်နေတာပဲ၊ ဒါကြောင့် ဂေါတမမြတ်စွာဘုရား၏ တပည့်သာဝကအဖြစ် တည်မြဲနေတာပဲ။

သောတာပန်ဟာ အရူပဘုံများ ရောက်နေပေမယ်လို့ မိမိရထားပြီးဖြစ်တဲ့ ရှုမှတ်မှု အကျင့်လမ်းစဉ်ကတော့ မပျက်ဘူး၊ အဲဒီ အရူပဘဝမှာ မိမိသန္တာန်၌ ထင်ရှားတဲ့ စိတ်နာမ်တရားတို့၏ အဖြစ်အပျက်ကိုရှုပြီး အရဟတ္တမဂ်ဖိုလ်အထိရောက်လျက် ရဟန္တာဖြစ်ပြီး ပရိနိဗ္ဗာန်စံသွားနိုင်တယ်၊ ရူပါဝစရဗြဟ္မာ့ဘုံတွေမှာ ဖြစ်နေပြီး နောက်ဘုရားရှင် လက်ထက်ရောက်နေပေမယ်လို့ မူလဘုရားရှင်၏ သာသနာဝင်တပည့်အဖြစ်ဖြင့် ရှုသိပြီး ရဟန္တာဖြစ်လျက် ပရိနိဗ္ဗာန်စံသွားမြဲပဲ၊ နောက်ဘုရားရှင်ထံမှာ တပည့်ခံပြီး ကျင့်ရိုးမရှိဘူး၊ အဲဒီအကြောင်းအရာဟာ တစ်ချိန်က သုဒ္ဓါဝါသဘုံသို့ မြတ်စွာဘုရား ကြွတော်မူတဲ့အခါ ဝိပဿီ စသောရှေးဘုရား ခြောက်ဆူတို့၏ တပည့်သာဝကများက သူတို့ဟာ ဝိပဿီစသော အသီး အသီးသော ဘုရားရှင်တို့၏ အသီးအသီးသော တပည့်သာဝကဖြစ်ကြောင်း လျှောက်ထားကြခြင်းဖြင့် ထင်ရှားသိရပါတယ်၊ ဒါကြောင့် ဘုရားတစ်ဆူ၏ သာသနာမှာ သောတာပန်ဖြစ်ပြီး နောက်ဘုရားရှင်၏ သာသနာမှာ ရဟန္တာဖြစ်ဖို့ ဆုတောင်းခြင်းဟာ သဘာဝမကျကြောင်းလဲ သိရပါတယ်။

ယခု ပြောပြနေတဲ့ သိကြားမင်းဟာ လူ့လောကဌ် ဗုဒ္ဓသာသနာ ကွယ်နေတဲ့အခါ ဖြစ်ပေမယ့် သူ့မှာတော့ မကွယ်ဘဲ

http://www.dhammadownload.com



ဒီဘုရားသာသနာ၌သာ ပျော်မွေ့စွာ ကျင်သုံးနေရကြောင်း လျှောက်ထားပြီးတော့ သတိသမ္ပဇဉ် မကင်းပုံကိုလဲ ဆက်လက် လျှောက်ထားပါတယ်။

ဘန္တေ–မြတ်စွာဘုရား၊ သွာဟံ–သော အဟံ–သိကြားမင်း ဘဝမှ လူ့ဘဝသို့ ရောက်နေသော ထိုအကျွန်ုပ်သည်၊အမူဠှပညဿ–မတွေဝေသော ဉာဏ်ပညာနှင့် ပြည့်စုံတော်မူသော အရှင်ဘုရား၏၊ ဝါ–မေးခွန်းပြဿနာ ဟူသမျှ၌ မတွေမဝေ ဖြေရှင်းတော် မူနိုင်သော အရှင်ဘုရား၏၊ သာသနေ–အဆုံးအမ သာသနာတော်၌၊ ရတော–မွေ့လျော်လျက်၊ ဝါ–မွေ့လျော်စွာ၊ ဝိဟရံ–ဝိဟာရန္တော–နေသည်ဖြစ်၍၊ ဝါ–နေသော ထိုကျွန်ုပ်သည်၊ ပဋိဿတော–မြင်မှု ကြားမှု စသည်ကို တစ်ဖန် အမှတ်ရလျက်၊ သမ္ပဇာနော–မပြိသော အခြင်းအရာ စသည်ဖြင့် မှန်စွာသိလျက်၊ (ဒီနှစ်ပုဒ်ဖြင့် ယခု သိကြားဘဝ၌ ရှုမှတ်၍ မှန်စွာသိသလိုပင် လူ့ဘဝရောက်တဲ့အခါလဲ နည်းတူပင် ရှုမှတ်လျက် သိသွားပါ မည်လို့ ဖော်ပြတာပဲ) ဉာယေန–သင့်သောနည်းမှန် အကျင့်ဖြင့်၊ ဝိဟရိဿာမိ–နေသွားရပါမည့် အရှင်ဘုရား–တဲ့။

ယခု သိကြားဘဝမှာ အမှတ်ရလျက် သိလျက် အကျင့် နည်းမှန်ဖြင့် နေသလိုပင် လူ့ဘဝမှာလဲ မြတ်စွာဘုရား၏ အဆုံးအမအတိုင်း အမှတ်ရလျက် မှန်စွာသိလျက် အကျင့်နည်း မှန်ဖြင့်ပင် နေသွားရမည့် အရေးကို မြော်မြင်ပြီးတော့လဲ ဝမ်း မြောက်ရပါတယ်တဲ့၊ အဲဒါဟာ ဝမ်းမြောက်ဝမ်းသာစရာ အင်

http://www.dhammadownload.com



မတန်ကောင်းတာပဲ၊ ဖြစ်ပေါ်လာသမျှ ထင်ပေါ်လာသမျှကို သတိဉာဏ်ဖြင့် ရှုမှတ်ပြီး သိတဲ့နည်းမှန်ကို ရတာဟာ သိပ်ကောင်းတာပဲ၊ ဒီနည်းမှန်ဖြင့် ရှုသိ ရှုသိပြီး ပါရမီဉာဏ်ကို ရင့်ကျက်စေလျက်မရသေးတဲ့ မဂ်ဖိုလ်များကို ရသွားမှာ သေချာပါတယ်၊ အဲဒီရှုနည်းမှန်ကို မမေ့ဘဲ အဲဒီ ရှုနည်းဖြင့် ရှုသိသွားရမည့်အရေးကို မျှော်တွေးပြီးတော့လဲ ဝမ်းမြောက်ရပါတယ်တဲ့၊ အဲဒါဟာ ဝမ်းမြောက်ရခြင်း၏ တတိယအကြောင်းပဲ၊ စတုတ္ထအကြောင်းကတော့—

၄။ ဉာယေန မေ စရတော စ၊
သမ္ဗောဓိ စေ ဘဝိဿတိ။
အညာတာ ဝိဟရိဿာမိ၊
သွေဝ အန္တော ဘဝိဿတိ။

ဘန္တေ—မြတ်စွာဘုရား၊ ဉာယေန—သင့်သော နည်းမှန်အကျင့်ဖြင့်၊ စရတော—ကျင့်သုံး နေထိုင်သော၊ မေ—အကျွန်ုပ်အား၊ သမ္ဗောဓိ—ကိုယ်တိုင်သိအပ်သော သကဒါဂါမိ မဂ်ဉာဏ်သည်၊ စေ ဘဝိဿတိ— အကယ်၍ ဖြစ်ငြားအံ့။

သမ္ဗောဓိ ဆိုတာ အထက်မဂ်ဉာဏ် သုံးပါးလုံးနှင့် ဆိုင်ပါတယ်၊ ဒါပေမယ့် ပဋ္ဌမအကြောင်းကို ပြရာ၌ သိကြားနတ်မင်းပင် ပြန်ဖြစ်မည့် အကြောင်းကို ပြထားသောကြောင့်လည်းကောင်း၊ ဆဋ္ဌမအကြောင်းကို ပြရာ၌ သိကြားဘဝမှာ အနာဂါမ်

http://www.dhammadownload.com



ဖြစ်ခဲ့ပြီးတော့ သုဒ္ဓါဝါသဘုံသို့ ရောက်မည့်အကြောင်း၊ နောက်ဆုံး၌ အကနိဋ္ဌဘုံမှာ ရဟန္တာဖြစ်ပြီး အဆုံးသတ် ဘဝဖြစ်မည့်အကြောင်းများကို ပြထားသောကြောင့်လည်းကောင်း၊ ဒီနေရာမှာ သကဒါဂါမိမဂ်ကိုသာ ဆိုလိုကြောင်း အဋ္ဌကထာ၌ ဖွင့်ပြထားပါတယ်၊ အဲဒီလို သကဒါဂါမိမဂ် ရောက်ပြီး သကဒါဂါမ်ဖြစ်ရမည့် အရေးကိုလဲမျှော်လင့်တဲ့ အကြောင်း ပြဆိုပါတယ်။

ဧဝံ သတိ–ဤသို့ သကဒါဂါမိမဂ်ဖြစ်၍ သကဒါဂါမ်ဖြစ်လတ်သော်၊ အညာတာ–အထက် မဂ်ဖိုလ်ဉာဏ်များကို သိလိုလျက်၊ ဝါ–သိရအောင် နှလုံးသွင်း အားထုတ်လျက်၊ ဝိဟရိဿာမိ–နေပါအံ့၊ ဒါကတော့ အရိယမဂ်ဖိုလ်ကို ရသူတိုင်း အထက်မဂ်ဖိုလ်ဉာဏ်များ ရအောင် မျှော်လင့်လျက် အားထုတ်မြဲဖြစ်ကြောင်းကို ပြဆိုတာပါပဲ။

သွေဝ– သောဧဝ– သကဒါဂါမိမဂ်ဖိုလ်ကို ရသော ထိုလူ့ဘဝသည်ပင်လျှင်၊ မေ–အကျွန်ုပ်၏၊ အန္တော–နောက်ဆုံးလူ့ဘဝသည်၊ ဘဝိဿတိ–ဖြစ်ပါလိမ့်မည်ဘုရား–တဲ့။

အဲဒီ လူ့ဘဝမှာ သကဒါဂါမ် ဖြစ်ဖို့လဲ ရှိပါတယ်၊ အဲဒီလို ဖြစ်ရင်လဲ လူ့ဘဝဆိုရင် အို နာ သေ စသော ဆင်းရဲများကို ခံစားရမည့် နောက်ဆုံးဘဝ ဖြစ်ပါလိမ့်မည်။ အဲဒီလို ဆင်းရဲခံစားရမည့်နောက်ဆုံး ဘဝကို အကြောင်းပြုပြီးတော့လဲ ဝမ်းမြောက်ရပါတယ်–တဲ့၊ အဲဒါက ဝမ်းမြောက်ရခြင်း၏ စတုတ္ထအကြောင်းပဲ၊ ပဉ္စမအကြောင်းကတော့–

http://www.dhammadownload.com



၅။ စုတာဟံ မာနုသာ ကာယာ၊
အာယုံ ဟိတွာန မာနုသံ၊
ပုန ဒေဝေါ ဘဝိဿာမိ၊
ဒေဝလောကမှိ ဥတ္တမော။

ဘန္တေ–အရှင်ဘုရား၊ အဟံ–အကျွန်ုပ်သည်၊ မာနုသံအာယုံ–လူ့အသက်ကို၊ ဟိတွာန–စွန့်၍၊ မာနုသာ ကာယာ–လူ့ရုပ်နာမ်အပေါင်း–လူ့ဘဝမှ၊ စုတော–ရွေ့လျော စုတေ သေရသည်ရှိသော်၊ ဝါ–သေရသောအခါ၌၊ ဒေဝလောကမှိ–တာဝတိံသာနတ်ပြည်လောက၌၊ ဥတ္တမော ဒေဝေါ–မြတ်သော သိကြားနတ်မင်းသည်၊ ပုန ဘဝိဿာမိ–တစ်ဖန် ဖြစ်ရပါမည် အရှင်ဘုရားတဲ့။

အဲဒီမှာ ဒေဝလောကမှိ–နတ်လောက၌၊ ဥတ္တမော ဒေဝေါ–မြတ်သောနတ်လို့ သာမည ဆိုထားသော်လဲ အဋ္ဌကထာမှာ တာဝတိံသာနတ်ပြည်၌ သိကြားနတ်မင်း တစ်ဖန်ဖြစ်လိမ့်မယ်လို့ ဖွင့်ပြထားပါတယ်၊ အဲဒီတော့ လူ့ဘဝမှာ တစ်ဘဝထဲဆိုရင် တာဝတိံသာ နတ်လောကလိုပင် အဲဒီအခါ လူ့အသက်ကလဲ အသက်ရှည်တယ်လို့ ယူရမှာလို ဖြစ်နေပါတယ်။ ဘာကြောင့်လဲ ဆိုတော့ ဒီသိကြားမင်းက စုတေပြီး လူ့ဘဝ ရောက်လာတဲ့အခါ နောက်ထပ် ဖြစ်လာတဲ့ သိကြားမင်းကလဲ လူတို့၏ နှစ်အရေအတွက်အားဖြင့် ၃၆–သန်း အသက်ရှည်ရမှာပဲ၊ အဲဒီ ဒုတိယ သိကြားမင်း စုတေတဲ့အခါနဲ့ ယခုပြောနေတဲ့ သိကြားမင်းက ဖြစ်လာတဲ့လူ သေတဲ့အခါ ကိုက်ညီနေသင့်သောကြောင့်ပါပဲ။

http://www.dhammadownload.com



တစ်နည်းအားဖြင့် ဆိုရင်တော့ သောတာပန် သိကြားမင်းက ဖြစ်လာတဲ့လူဟာ တစ်ဘဝတည်း မဟုတ်ဘဲ ဘဝပေါင်းများစွာ ရင်လဲ ဖြစ်သင့်ပါတယ်၊ အဲဒီလိုဆိုတော့ ခုနစ်ဘဝယူပုံက ဘယ်လိုလဲဆိုရင် အနာဂါမ်မှာ တစ်ဘဝတည်း ဖြစ်တယ် ဆိုတာလို ယူဖို့ပါပဲ၊ အနာဂါမ်ဟာ သုဒ္ဓါဝါသငါးဘုံမှာ ငါးဘဝ အထိ ပဋိသန္ဓေအားဖြင့် ဖြစ်နိုင်ပါတယ်၊ ဒါပေမယ့် ကာမဘဝ အရူပဘဝတို့နှင့် မရောဘဲ ရူပဘဝချည်း ဖြစ်သောကြောင့် တစ်ဘဝတည်းလို့သာ ဆိုရပါတယ်၊ အဲဒါလိုပင် နတ်ဘဝနှင့် မရောဘဲ လူ့ဘဝချည်းသာ ဖြစ်သောကြောင့် ပဋိသန္ဓေအားဖြင့် ဘဝ တွေ များပေမယ့် တစ်ဘဝတည်းလို့သာ ဆိုသင့်ပါတယ်၊ အဲဒါ ဟာ ဒုတိယ သိကြားမင်း၏ နတ်သက်နှင့် ကိုက်ညီအောင် လူ့ ဘဝတွေကို များစွာ ယူသင့်ပုံပါပဲ။

ယခုပြောခဲ့တဲ့အတိုင်း သောတာပန် သိကြားမင်းဟာ လူ့ဘဝက သကဒါဂါမ်လဲ ဖြစ်ခဲ့ပြီ၊ လူ့ဘဝက သေတဲ့အခါ သိကြားမင်းလဲ တစ်ဖန် ဖြစ်မယ်ဆိုတာကို သိရတဲ့အတွက်လဲ ဝမ်းမြောက်ရပါတယ်တဲ့၊ အဲဒါဟာ ဝမ်းမြောက်ရခြင်း၏ ပဉ္စမ အကြောင်းပါပဲ၊ ဆဋ္ဌမအကြောင်းကတော့ –

၆။ တေ ပဏီတတရာ ဒေဝါ၊
အကနိဋ္ဌာ ယသဿိနော။
အန္တိမေ ဝတ္တမာနမှိ၊
သော နိဝါသော ဘဝိဿတိ။

http://www.dhammadownload.com



ယေ ဒေဝါ–အကြင်နတ်တို့သည်၊ ယသဿိနော–များသော အခြံအရံလဲ ရှိကုန်၏။ အကနိဋ္ဌာ–မြင့်မြတ်ကြီးကျယ်သော အသက် ဘုန်းကံ စသည်တို့နှင့် ပြည့်စုံသောကြောင့် အကနိဋ္ဌလည်း မည်ကုန်၏။ တေ ဒေဝါ–ထိုနတ်တို့သည်၊ ပဏီတတရာ–အမြတ်ဆုံးလည်း ဖြစ်ကုန်၏။ အန္တိမေ–အဆုံးစွန်ဘဝသည်၊ ဝတ္တမာနမှိ–ဖြစ်လတ်သော်၊ သော–ထိုအကနိဋ္ဌဘုံသည်၊ မေ–အကျွန်ုပ်၏၊ နိဝါသော–နေရာသည်၊ ဘဝိဿတိ–ဖြစ်ပါလတ္တံ့–တဲ့။

အကနိဋ္ဌဘုံဆိုတာ သုဒ္ဓါဝါသငါးဘုံထဲက အထက်ဆုံးဘုံပဲ၊ ဒါကြောင့် ဒေဝါ=နတ်တို့လို့ ဆိုပေမယ် ဗြဟ္မာတွေကို ဆိုတာပါပဲ၊ အဲဒီ အကနိဋ္ဌဗြဟ္မာတွေမှာ အခြံအရံများတယ် ဆိုတော့ အဲဒီဘုံမှာ ဗြဟ္မာတွေ များစွာရှိနေတယ်လို့ ဆိုရမှာပဲ၊ သိကြားမင်းဟာ လူ့ဘဝက သကဒါဂါမ် ဖြစ်လာခဲ့တယ်၊ အဲဒီ သိကြားဘဝမှာ အနာဂါမ်ဖြစ်ပြီးတော့ သုဒ္ဓါဝါသငါးဘုံထဲက အောက်ဆုံးဖြစ်တဲ့ အဝိဟာဘုံမှာ ဖြစ်မယ်၊ အဲဒီကနောက် အတပ္ပါဘုံမှာ၊ အဲဒီကနောက် သုဒဿာဘုံမှာ၊ အဲဒီကနောက် သုဒဿီဘုံမှာ ဖြစ်မယ်၊ အဲဒီက စုတေတဲ့အခါ အကနိဋ္ဌဘုံ၌ ဖြစ်ရမယ်၊ အဲဒီဘုံမှာ ရဟန္တာဖြစ်ပြီး ပရိနိဗ္ဗာန်စံဝင်ရမယ်၊ ဒါကြောင့် အဆုံးစွန်ဘဝမှာ အကနိဋ္ဌဘုံဟာ သူ့နေရာဘဝ ဖြစ်ရမယ်ဆိုတာ သိမြင်ပြီး ဝမ်းမြောက်ရပါတယ်တဲ့၊ အဲဒီအကြောင်း

http://www.dhammadownload.com



အရာ ဖွင့်ပြထားတဲ့ အဋ္ဌကထာက ဗဟုသုတအဖြစ် မှတ်သား ရအောင် ပါဠိအနက် ဖော်ပြပါဦးမယ်။

ကိရ–တစ်ဆင့် ကြားသိရသည်မှာ၊ အယံ–ဤသိကြားမင်း သည်၊တတော သက္ကတ္တဘာဝတော–ထိုသိကြားမင်း၏ အတ္တ ဘော သိကြားမင်းဘဝမှ၊ စုတော–စုတေလတ်သော်၊ တသ္မိံ အတ္တ ဘာဝေ အနာဂါမိမဂ္ဂဿ ပဋိလဒ္ဓတာ–ယင်းသိကြားဘဝ၌ပင် အနာဂါမိမဂ်ကို ရခြင်းကြောင့်၊ ဥဒ္ဓံသောတော အကနိဋ္ဌဂါမီ ဟုတွာ–ဥဒ္ဓံသောတ အကနိဋ္ဌဂါမီ ပုဂ္ဂိုလ်ဖြစ်လတ်၍၊ (အဝိဟာ အစရှိသော အောက်ဘုံများ၌ ရဟန္တာမဖြစ်သေးဘဲ အထက်ဘုံ များသို့ ငါးဘဝအထိ အစဉ်အတိုင်း တက်ရောက်ဖြစ်လတ်ပြီး အကနိဋ္ဌဘုံကျမှ ရဟန္တာဖြစ်မည့် အနာဂါမ်ကို ဥဒ္ဓံသောတ (အထက်ဆန်ဘဝ အယဉ်ရှိ သော) အကနိဋ္ဌဂါမီ(အကနိဋ္ဌဘုံသို့ တက်သွားသူ)လို့ ဆိုပါတယ်၊ အဝိဟာဒီသုနိဗ္ဗတ္တန္တော–အဝိဟာ စသော အောက်လေးဘုံတို့၌ ဖြစ်လျက်၊ အဝသာနေ–နောက်ဆုံး၌၊ အကနိဋ္ဌေ–အကနိဋ္ဌဘုံ၌၊ နိဗ္ဗတ္တိဿတိ–ဖြစ်လတ္တံ့၊ တံသန္ဓာယ– ထိုသို့ဖြစ်မည်ကိုရည်၍၊ ဇဝံ–နောက်ဆုံးဘဝ ဖြစ်လတ်သော် ထိုအကနိဋ္ဌဘုံသည် အကျွန်ုပ်၏ နေရာဖြစ်ပါလတ္တံ့ဟူ၍ ဤသို့၊ အာဟ–ဆိုပေသည်၊ ကိရ–တစ်ဆင့်ကြားသိရသည်မှာ၊ အဝိဟေ သု–အဝိဟာစြဟ္မာတို့၌၊ ဝါ–အဝိဟာဘုံ၌၊ ကပ္ပသဟဿံ ဝသိဿ တိ–ကမ္ဘာတစ်ထောင်ပတ်လုံး နေရလတ္တံ့၊ အတပ္ပေသု–အတပ္ပာ ဘုံ၌၊ ဒွေ ကပ္ပသဟဿာနိ–ကမ္ဘာနှစ်ထောင်ပတ်လုံး နေရလတ္တံ့၊

http://www.dhammadownload.com



သုဒဿေသု–သုဒဿာဘုံ၌၊ စတ္တာရိ ကပ္ပသဟဿာနိ–ကမ္ဘာလေးထောင်ပတ်လုံး နေရလတ္တံ့၊ သုဒဿီသု–သုဒဿီဘုံ၌ အဋ္ဌ–ကမ္ဘာရှစ်ထောင်ပတ်လုံး နေရလတ္တံ့၊ အကနိဋ္ဌေသု–အကနိဋ္ဌဘုံ၌၊ သောဠသ–ကမ္ဘာတစ်သောင်းခြောက်ထောင်ပတ်လုံး နေရလတ္တံ့၊ ဣတိ–ဤသို့အားဖြင့်၊ ကောဋိသကပ္ပသဟဿာနိ–ကမ္ဘာသုံးသောင်းတစ်ထောင်ပတ်လုံး၊ ဗြဟ္မအာယုံ– ဗြဟ္မာ့အသက်ကို၊ အနုဘဝိဿတိ–ခံစားရ ပါလတ္တံ့တဲ့၊ ဟိ–မှန်ပေ၏၊ သက္ကော ဒေဝရာဇာ အနာထပိဏ္ဍိကော ဂဟပတိ ဝိသာခါ မဟာဥပါသိကာတိ–သိကြားနတ်မင်း, အနာထပိဏ်သေဋ္ဌေးကြီး, ဝိသာခါ ဥပါသိကာမကြီးဟူသော၊ တယောပိ ဣမေ–ဤသုံးယောက်လုံးတို့ပင်၊ ကေပ္ပမာဏာယုကာ ဇဝ–အသက်အတိုင်းအရှည်ပမာဏ တူကြသည်သာတည်း၊ ဝဋ္ဋာဘိရတသတ္တာနာမ–ဝဋ်ထဲ၌ ပျော်မွေ့နေကြသော သတ္တဝါတို့ မည်သည်၊ ဧတေဟိ–ဤသုံးဦးတို့နှင့်၊ သဒိသာ သုခဘာဂိနော နာမ–ချမ်းသာအဖို့ တူညီသူတို့မည်သည်၊ နတ္ထိ–မရှိကြပေတဲ့၊ (ဝဋ်ထဲမှာ ပျော်မွေ့နေတဲ့သူတွေထဲက သိကြားမင်းရယ် အနာထ ပိဏ်သေဋ္ဌေးကြီးရယ် ဝိသာခါရယ် ဒီသုံးဦးဟာ အချမ်းသာဆုံးပဲ၊ ဒီသုံးဦးလောက် ချမ်းသာတဲ့ အခြားသူ မရှိဘူးတဲ့။)

ခုတင်က ရွတ်ဆိုပြခဲ့တဲ့ ဂါထာအတိုင်း နောက်ထပ် သိကြားမင်းဖြစ်ပြီး အဲဒီဘဝမှာပင် အနာဂါမိမဂ်ဖိုလ် ရတဲ့အတွက် အဝိဟာစသော သုဒ္ဓါဝါသငါးဘုံမှာ အစဉ်အတိုင်း ဖြစ်သွားရမယ်၊

http://www.dhammadownload.com



နောက်ဆုံး အကနိဋ္ဌဘုံရောက်တော့ ရဟန္တာဖြစ်ပြီး ပရိနိဗ္ဗာန်ဝင်စံရမယ်ဆိုတဲ့ ဒီအကြောင်းအရာကို မြော်မြင်ပြီးတော့လဲ ဝမ်းမြောက်ရပါတယ်တဲ့၊ အဲဒါဟာ ဝမ်းမြောက်ရခြင်း၏ ခြောက်ခုမြောက်အကြောင်းပါပဲတဲ့၊ အဲဒီအကြောင်း ခြောက်ပါးကို လျှောက်ထားပြီးတော့ သူ့မှာဖြစ်နေတဲ့ ယုံမှားကို ပယ်နိုင်ရန် သမဏအမည်ခံ ပုဂ္ဂိုလ်တွေကို ချဉ်းကပ်၍ မေးခဲ့ဖူးကြောင်း၊ သို့သော်လဲ ယင်း သမဏအမည်ခံ ပုဂ္ဂိုလ်တွေက မဖြေနိုင်ကြသည့်ပြင် သူတို့၏ မေးခွန်းများကိုပင် မိမိက ဖြေခဲ့ရကြောင်း လျှောက်ထားတယ်၊ အဲဒီလို လျှောက်ပြီးတော့ မြတ်စွာဘုရားကို ဖူးတွေ့ရမှ မြတ်စွာဘုရား၏ တရားကို ကြားနာပြီး ယုံမှားကင်းပုံကိုလဲ လျှောက်ထားပါတယ်၊ နောက်ဆုံးမှာ အောက်ပါ နှစ်ဂါထာဖြင့်လဲ လျှောက်ပါတယ်။

ယံ ကရောမသိ ဗြဟ္မုနော၊
သမံ ဒေဝေဟိ မာရိသ။
တဒဇ္ဇ တုယှံ ကဿာမ၊
ဟန္ဒ သာမံ ကရောမ တေ။

မာရိသ–မြတ်စွာဘုရား၊ ဗြဟ္မုနော–ဗြဟ္မာမင်းအား၊ ယံ အကြင် အရိုအသေပြုခြင်း ရှိခိုးခြင်းကို၊ ဒေဝေဟိ သမံ–နတ်တို့နှင့်တကွ၊ ကရောမသိ–ကရောမသေ–ပြုနေကြပါ၏။ (လူတွေက နတ်တွေကို အရိုအသေပြုကြ ရှိခိုးပြီး ဆုတောင်းပူဇော်နေကြ သလိုပင် နတ်တွေကလဲ ဗြဟ္မာဆိုတဲ့ ဘုရားသခင်ကို

http://www.dhammadownload.com



ရှိခိုးနေကြပါ တယ်တဲ့၊ (တံ–ထိုအရှိအသေပြုခြင်း ရှိခိုးခြင်းကို) အဇ္ဇ–ယနေ့ ယခုအခါ၌၊ တုယှံ–အရှင်ဘုရားအားသာလျှင်၊ ကဿာမ–ပြုပါကုန်တော့အံ့၊ ဟန္ဒ–ယခု၊ တေ–အရှင်ဘုရားအား၊ သာမံ–ကိုယ်တိုင်၊ ကရောမ–ရှိခိုးခြင်းကို ပြုကြပါသည် အရှင်ဘုရား တဲ့။

တွမေဝ အသိ သမ္ဗုဒ္ဓေါ၊
တုဝံ သတ္ထာ အနုတ္တရော။
သဒေဝကသ္မိံ လောကသ္မိံ၊
နတ္ထိ တေ ပဋိပုဂ္ဂလော။

မာရိသ–မြတ်စွာဘုရား၊ တွမေဝ–အရှင်ဘုရားသည်သာလျှင်၊ သမ္ဗုဒ္ဓေါ–ကိုယ်ပိုင်ဉာဏ်ဖြင့်သိသော ဘုရားအစစ်သည်၊ အသိ–ဖြစ်ပါပေ၏။ တုဝံ–အရှင်ဘုရားသည်၊ အနုတ္တရော–သာလွန်သူမရှိ–အမြတ်ဆုံးဖြစ်သော၊ သတ္ထာ–နတ် လူတို့အား အကျိုးများအောင် ညွှန်ကြားဆုံးမဟောပြတတ်သည့် ဆရာမြတ် အစစ် ဖြစ်ပါပေ၏၊ သဒေဝကသ္မိံ လောကသ္မိံ–နတ်ဗြဟ္မာတွေနှင့်တကွ လောကထဲ၌၊ တေ–အရှင်ဘုရား၏၊ ဝါ–အရှင်ဘုရားနှင့်၊ ပဋိပုဂ္ဂလော–ယှဉ်ပြိုင်ဘက်ပုဂ္ဂိုလ်သည်၊ နတ္ထိ–မရှိပါ အရှင်ဘုရားတဲ့။

အဲဒီလို မြတ်စွာဘုရားအား ချီးကျူးလျှောက်ထားပြီးတော့ သိကြားမင်းက ပဉ္စသိခနတ်သားကို ဒီလို ချီးမြှောက်ပြောကြားပါတယ်။

http://www.dhammadownload.com



တာတ ပဉ္စသိခ–ချစ်သားပဉ္စသိခ၊ တွံ–သင်သည်၊ မေ–ငါ့အား၊ ဗဟူပကာရော–ကျေးဇူးများသည်၊ အသိ–ဖြစ်ပါပေ၏။ တွံ–သင်သည်၊ ဘဂဝန္တံ–မြတ်စွာဘုရားကို၊ ယံ ပသာဒေသိ–အကြင် ကြည်လင်စေ၏၊ ဝါ–ဖူးမြော်ခွင့်ရအောင် အကြင်ဆောက်ရွက်မှုကို ပြုပေ၏။ တေန–ထိုသို့ ဆောင်ရွက်ပေးခြင်းကြောင့်တည်း၊ တာတ–ချစ်သားပဉ္စသိခ၊ တယာ–သင်က၊ ပဌမံ–ရှေးဦးစွာ၊ ပသာဒိတံ–ကြင်လင်စေအပ်–ခွင့်ပန် အပ်ပြီးသော၊ တံ ဘဂဝန္တံ–ထိုမြတ်စွာဘုရားကို၊ မယံ–ငါသည်၊ ပစ္ဆာ–နောက်အခါမှ၊ ဒဿနာယ–ဖူးမြော်ခြင်းငှာ၊ အရဟန္တံ–ပူဇော်အထူးကို ခံတော်မူထိုက်သော၊ သမ္မာသမ္ဗုဒ္ဓံ–မြတ်စွာဘုရားကို၊ ဥပသင်္ကမိမှာ–ချဉ်းကပ်ရပါကုန်၏၊ တံ–သင့်ကို ၊ပေတ္တိကေဝါ ဌာနေ–ဖခင်အရာ၌မူလည်း၊ ဌပယိဿာမိ–ထားပါမည်၊ ဂန္ဓဗ္ဗရာဇာ–ဂန္ဓဗ္ဗနတ်တို့၏ မင်းသည်၊ ဘဝိဿသိ–ဖြစ်ရပါလိမ့်မည်၊ ဘဒ္ဒဥ္စသူရိယဝစ္ဆသံ–သူရိယဝစ္ဆသာမည်သော နတ်သမီးရှင်မကလေးကိုလည်း၊ တေ–သင့်အား၊ ဒမ္မိ–ပေးပါ၏၊ ဟိ–ပေးသင့်ခြင်း၏ အကြောင်းကား၊ သာ–ထိုသူရိယဝစ္ဆသာကို၊ တေ–သင်သည်၊ အဘိပတ္ထတာ–အလွန်ပင် တောင့်တအပ်လျက်ရှိပေသည်–တဲ့။

အဲဒီလို ပဉ္စသိခနတ်သားကို ချီးမြှောက်ပြောကြားပြီးတော့ သိကြားမင်းက မြေပြင်ကို လက်ဖြင့် သုံးသပ်ပုတ်ခတ်ပြီးတော့ နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿလို့

http://www.dhammadownload.com



သုံးကြိမ်တိုင်တိုင် ဆိုပြီး မြတ်စွာဘုရားကို အားရဝမ်းသာနဲ့ ရှိခိုးကန်တော့ပါသတဲ့၊ အဲဒီ နမောတဿ၏ အနက်ကတော့–

အရဟာတော–နတ်လူပြဟ္မာ သတ္တဝါ အပေါင်းတို့၏ တောင့်တလိုလားအပ်သော ချမ်းသာကို ရကြစေရန် ပူဇော်အထူးကို ခံတော်မူထိုက်သော၊ သမ္မာသမ္ဗုဒ္ဓဿ–သစ္စာလေးတန်တရားမှန်ကို ကိုယ်ပိုင်ဉာဏ်ဖြင့် မှန်ကန်စွာ သိတော်မူသော၊ တဿ ဘဂဝတော–ထိုမြတ်စွာဘုရားအား၊ နမော–ရှိခိုးပါ၏။ ဝါ– ရှိသေမြတ်နိုး လက်အုပ်မိုးလျက် ရှိခိုးခြင်း ဖြစ်ပါစေသတည်း။

အဲဒီလို ရှိခိုးရာမှာ မြေကြီးကို လက်ဖြင့်ပုတ်ခတ်ပြီး ရှိခိုးတာကတော့ ငါဟာ ဒီမြေကြီးပေါ်မှာ ထိုင်နေလျက် တရားတော်ကို ကြားနာနှလုံးသွင်းပြီးတော့ သောတာပတ္တိမဂ်ဖိုလ် ဆိုတဲ့ အံ့ဖွယ်တရားထူးကို ရပါပေတယ်လို့ နှလုံးသွင်းပြီး ဝမ်းသာရတယ်၊ အဲဒီလို ဝမ်းသာပြီးတော့ ဒီကမ္ဘာမြေကြီးပေါ်မှာပင် ဒါလောက် အံ့ဖွယ်ကောင်းတဲ့ ဘုရားရတနာ ပွင့်ထွန်းပေါ်ပေါက်တော်မူလာပါပေတယ်လို့ မဖြစ်စဖူး အထူးအနေဖြင့် အံ့ဩလျက် မြေကြီးကို လက်ဖြင့်ပုတ်ခတ်တာပါတဲ့။

သက္ကပဥှသုတ်တရားတော်ကတော့ ပြည့်စုံပါပြီ။ ဒီတရားတော်ကို ကြားနာရင်း နှလုံးသွင်း ရှုမှတ်သောအားဖြင့် သိကြားနတ်မင်းမှာ သောတာပတ္တိမဂ်ဖိုလ်ဉာဏ်ဖြစ်ပြီး သောတာပန်ဖြစ်သွားပါတယ်၊ သိကြားမင်း၏ အခြွေအရံဖြစ်တဲ့ ရှစ်သောင်းသော နတ်တွေလဲ သောတာပန် ဖြစ်သွားကြပါသတဲ့၊ ဒါကြောင့်

http://www.dhammadownload.com



ဒီသက္ကပဥ္စသုတ်တရားတော်ဟာ တရားနာသူ ရှစ်သောင်းကျော်တို့အား တရားထူးရစေတဲ့ သုတ်တရားတော် ဖြစ်ပါတယ်၊ ယခု ဒီသုတ်တရားတော်ကို နာကြားရသူ ဖတ်ရှုရသူတွေမှာလဲ ဒီတရားတော်ထဲက ညွှန်ပြထားတဲ့အတိုင်း နှလုံးသွင်းရှုမှတ်ကြသောအားဖြင့် အရိယာမဂ်ဖိုလ် တရားထူးကို ရဖို့ရာ အလွန်ပင်နီးစပ်ပါတယ်၊ ယခု တရားသိမ်းတော့မယ်၊ ဆောင်ပုဒ်များကို လိုက်ဆိုကြရမယ်။

## မူလဆောင်ပုဒ်

ကာမဘုံသား နတ်လူများတို့ ကောင်းစားပြည့်ဝ ဘေးရန်ပလျက် အေးမြချမ်းသာ နေလိုပါလည်း ဣဿာမစ္ဆေ သူ့ရှုပ်ပွေ၍ ထင်ခြေမကျ ဆင်းရဲရတည့် မူလဓာတ်မြစ် သူ့ကြောင်းစစ်သော် မုန်းချစ်အပ်သား အာရုံများနှင့် လိုလားတစ်လီ ကြံစည်တစ်တန် ချဲ့ရန်မှတ်စွဲ ခြေတည်လွဲ၍ ဆင့်ကဲဆင့်ကာ ဖြစ်ရိုးပါတည့် ခြောက်ဖြာဒွါရ ထင်သမျှကို မှတ်ကြသဖြင့် မမှီသင့်ရှောင် မှီသင့်ဆောင်၍ မှန်အောင်ပြင်က လမ်းမှန်ရသည်-မုချချမ်းသာရေးပေသတည်း။

## ခက်ဆစ်မှတ်ဖွယ် ဆောင်ပုဒ်များ

၁။ ဣဿာခေါ်ဆို၊ မနာလို ဝန်တို မစ္ဆေရ။

၂။ ရှာ,ရ,သုံးချင်၊ သိမ်း,ပေးချင်၊ ငါးအင်လိုဆန္ဒ။

http://www.dhammadownload.com



၃။ ဒိဋ္ဌိ,တဏှာ၊ မာနပါ၊ သုံးဖြာ ပပဉ္စ။

၄။ ချဲ့နိုင်အောင် မှတ်စွဲထားမိ၍ ကြံစည်နိုင်သည်၊ ကြံစည်မိ၍ လိုလားနှစ်သက်သည်၊ လိုလားနှစ်သက်၍ ချစ်စရာ မုန်းစရာရှိသည်၊ ချစ်စရာ မုန်းစရာတွေရှိနေ၍ မနာလိုမှု, ဝန်တိုမှု ဖြစ်သည်၊ မနာလိုမှု ဝန်တိုမှုများ ရှိနေ၍ ဘေးရန်မကင်းဘဲ ဆင်းရဲဒုက္ခ ရောက်နေကြရသည်၊ သို့ဖြစ်၍ ဆင်းရဲဒုက္ခ မုချ ကင်းလိုလျှင် ချဲ့နိုင်အောင် မှတ်စွဲထားမှု(ပဖဉ္စသညာ)ချုပ်ငြိမ်းသွားအောင် ကျင့်ရမည်။

## ဝိပဿနာမဂ်,အရိယမဂ်အကျင့် မေးဖြေဆောင်ပုဒ်များ

၅။ ဘယ်သို့ကျင့်က၊ ပပဉ္စ၊ လုံးဝချုပ်သနည်း။

၆။ မှီဝဲသင့်တာ၊ မသင့်တာ၊ ဝမ်းသာ နှစ်မျိုးတည်း။

၇။ နှလုံးမသာ၊ ဥပေက္ခာ၊ ခွဲပါနည်းတူတည်း။

၈။ အကုသိုလ်ပွား၊ ပယ်ရှောင်ရှား၊ ကုပွားမှီဖို့တည်း။

၉။ ဤသို့ကျင့်က၊ ပပဉ္စ၊ လုံးဝချုပ်သတည်း။

## ပါတိမောက္ခသံဝရမေးဖြေ ဆောင်ပုဒ်များ

၁။ ပါတိမောက္ခ–သံဝရ၊ ကျင့်ရ ဘယ်သို့နည်း။

၂။ မှီသင့်တစ်ခု၊ မသင့်ဟု၊ ကိုယ်မှု နှစ်မျိုးတည်း။

၃။ နှုတ်မှုထို့တူ၊ သက်မွေးမြူ၊ နည်းတူ နှစ်မျိုးတည်း။

၄။ မမှီသင့်ပယ်၊ သီလနယ်၊ စင်ကြယ်ပါသတည်း။

http://www.dhammadownload.com



## ဣန္ဒြိယသံဝရမေးဖြေ ဆောင်ပုဒ်များ

၁။ ဣန္ဒြိယသံဝရ၊ သူက ဘယ်သို့နည်း။

၂။ အာရုံခြောက်ရပ်၊ မှီဝဲအပ်၊ မအပ်ကွဲသတည်း။

၃။ အကုသိုလ်ပွား၊ ပယ်ရှောင်ရှား၊ ကုပွားမှီဖို့တည်း။

၄။ သင့်ရာမှီတွယ်၊ မသင့်ပယ်၊ စောင့်ဖွယ်ကိစ္စပြီး။

## နိဂုံးချုပ် အာသီသကထာ

ဤ သက္ကပဥ္စသုတ်တရားတော်ကို ရှိသေစွာ နာယူမှတ်သားကြရသော ဓမ္မသဝန ကုသိုလ်ကံ စေတနာတို့၏ အစွမ်းအာနုဘော်ကြောင့် ဆင်းရဲကြောင်းတရားတို့ကို ပယ်နိုင်ကြသည့်ပြင် မမှီသင့်တာဟူသမျှကို ပယ်ခွာ ရှောင်ကြဉ်ကြလျက် မှီသင့်တာတွေကို ပြည့်စုံစွာ ကျင့်သုံးမှီဝဲကြ၍ ဝိပဿနာဉာဏ် အစဉ်အတိုင်း ဖြစ်ပွားပြီးလျှင် အရိယမဂ်ဉာဏ် ဖိုလ်ဉာဏ်ဖြင့် နိဗ္ဗာန်ကို လျင်မြန်စွာ ဆိုက်ရောက်လျက် မျက်မှောက်ပြုနိုင်ကြပါစေ။

**သာဓု ... သာဓု ... သာဓု**

**သက္ကပဥ္စသုတ်တရားတော် ဤတွင်ပြီး၏။**

http://www.dhammadownload.com

### ကျေးဇူးတော်ရှင်

# မဟာစည်ဆရာတော်ဘုရားကြီး

## ဟောကြားပြုစုတော်မူသော ကျမ်းစာများ


| စဉ် | ကျမ်းစာအမည် | စာအုပ်ထွက်ပေါ်သည့်ခုနှစ် |
|---|---|---|
| ၁။ | ဝိပဿနာလမ်းညွှန်ကျမ်း | ၁၃၀၀ |
| ၂။ | ဝိပဿနာရှုနည်းကျမ်း (ပထမ) | ၁၃၀၆ |
| ၃။ | ကမ္မဋ္ဌာန်းဆရာတို့၏ မှတ်တမ်း | ၁၃၀၈ |
| ၄။ | ဝိပဿနာရှုနည်းကျမ်း (ဒုတိယ) | ၁၃၀၉ |
| ၅။ | မဟာသတိပဋ္ဌာနသုတ် ပါဠိနိဿယ | ၁၃၁၃ |
| ၆။ | မဟာသတိပဋ္ဌာန်တရားတော်အကျဉ်း ၄–ပိုင်း | ၁၃၁၃ |
| ၇။ | ဂုင်းအကျယ်(ကာယာနုပဿနာပိုင်း) | ၁၃၁၃ |
| ၈။ | ဝေဒနာနုပဿနာတရားတော် | ၁၃၁၄ |
| ၉။ | နှုတ်ခွန်းဆက်မိန့်ခွန်းတရားတော် | ၁၃၁၄ |
| ၁၀။ | မဟာစည် ဓမ္မဒေသနာဆောင်ပုဒ်များ | ၁၃၁၅ |
| ၁၁။ | ဝိပဿနာ အလုပ်ပေးတရားတော် | ၁၃၁၆ |
| ၁၂။ | ဝိသုဒ္ဓိနှင့် ဉာဏ်စဉ်တရားတော်ကြီး | ၁၃၁၆ |
| ၁၃။ | ဝိသုဒ္ဓိဉာဏကထာ (ပါဠိ) | ၁၃၁၈ |
| ၁၄။ | ကမ္မဋ္ဌာန်းတရားအားထုတ်ရခြင်းအကြောင်း | ၁၃၁၈ |

http://www.dhammadownload.com

## ပြုစုတော်မူခဲ့သော ကျမ်းစာများ


| စဉ် | ကျမ်းစာအမည် | စာအုပ်ထွက်ပေါ်သည့်ခုနှစ် |
|---|---|---|
| ၁၅။ | ဓမ္မစကြာ အသံလွှင့်တရားတော် | ၁၃၁၉ |
| ၁၆။ | အနတ္တလက္ခဏာသုတ်အသံလွှင့်တရားတော် | ၁၃၁၉ |
| ၁၇။ | ဘဝပြဿနာ | ၁၃၂၀ |
| ၁၈။ | အင်ဒိုနီးရှား သာသနာပြုမှတ်တမ်း | ၁၃၂၁ |
| ၁၉။ | ဝိပဿနာအခြေခံတရားတော် | ၁၃၂၃ |
| ၂၀။ | ဝိသုဒ္ဓိမဂ်မဟာဋီကာသမယန္တရပိုင်း ဂဏ္ဌိနိဿယ | ၁၃၂၄ |
| ၂၁။ | ဝိသုဒ္ဓိမဂ် မြန်မာပြန် (အခြေခံများနှင့်တကွ ဝိပဿနာပိုင်း) | ၁၃၂၄ |
| ၂၂။ | အရိယာဝါသတရားတော် | ၁၃၂၅ |
| ၂၃။ | မဟာစည်ဝတ်ရွတ်စဉ် | ၁၃၂၆ |
| ၂၄။ | ဝမ္မိကသုတ်တရားတော် | ၁၃၂၇ |
| ၂၅။ | ဝိသုဒ္ဓိမဂ်မဟာဋီကာနိဿယ(ပထမ) | ၁၃၂၈ |
| ၂၆။ | ။ (ဒုတိယ) | ၁၃၂၉ |
| ၂၇။ | ။ (တတိယ) | ၁၃၂၉ |
| ၂၈။ | ဝိပဿနာရှုနည်း အကျဉ်းချုပ် | ၁၃၂၉ |
| ၂၉။ | ပုရာဘေဒသုတ်တရားတော် | ၁၃၂၉ |
| ၃၀ | ဝိသုဒ္ဓိမဂ်မဟာဋီကာ နိဿယ(စတုတ္ထ) | ၁၃၃၀ |
| ၃၁။ | ပဋိစ္စသမုပ္ပါဒ်တရားတော်ကြီး (ပထမ) | ၁၃၃၀ |

http://www.dhammadownload.com

## ပြုစုတော်မူခဲ့သော ကျမ်းစာများ



| စဉ် | ကျမ်းစာအမည် | စာအုပ်ထွက်ပေါ်သည့်ခုနှစ် |
|---|---|---|
| ၃၂။ | ပဋ္ဌာနသမုဋ္ဌာန်တရားတော်ကြီး (ဒုတိယ) | ၁၃၃၀ |
| ၃၃။ | ဗြဟ္မစိုရ်အသံလွှင့်တရားတော် ၄-ပိုင်း | ၁၃၃၀ |
| ၃၄။ | ဘာရသုတ္တန်တရားတော်ကြီး | ၁၃၃၁ |
| ၃၅။ | ရက်လည်ဆွမ်းအနုမောဒနာတရားတော် | ၁၃၃၁ |
| ၃၆။ | မဟာစည် သတိပဋ္ဌာန် အဖွဲ့လုံးဆိုင်ရာ စည်းမျဉ်းဥပဒေ | ၁၃၃၁ |
| ၃၇။ | ကျောင်းအနုမောဒနာတရားတော် | ၁၃၃၂ |
| ၃၈။ | လောကဓံတရားတော် | ၁၃၃၂ |
| ၃၉။ | ဝိသုဒ္ဓိမဂ် မြန်မာပြန် (စတုတ္ထတွဲ) | ၁၃၃၃ |
| ၄၀။ | ။ (ပထမတွဲ) | ၁၃၃၄ |
| ၄၁။ | ၂၃-ကြိမ်မြောက် ပူဇော်ပွဲသြဝါဒကထာ | ၁၃၃၄ |
| ၄၂။ | သလ္လေခသုတ်တရားတော်ကြီး (ပထမ) | ၁၃၃၄ |
| ၄၃။ | ။ (ဒုတိယ) | ၁၃၃၅ |
| ၄၄။ | ဟေမဝတသုတ္တန်တရားတော် | ၁၃၃၅ |
| ၄၅။ | ၂၄-ကြိမ်မြောက် ပူဇော်ပွဲသြဝါဒကထာ | ၁၃၃၅ |
| ၄၆။ | ကာမသုတ္တန်တရားတော် | ၁၃၃၅ |
| ၄၇။ | ဒုလ္လဘဝိနည်း သြဝါဒကထာ | ၁၃၃၅ |
| ၄၈။ | ဝိသုဒ္ဓိမဂ် မြန်မာပြန် (ဒုတိယ) | ၁၃၃၆ |
| ၄၉။ | ။ (တတိယ) | ၁၃၃၆ |

http://www.dhammadownload.com

ပြုစုတော်မူခဲ့သော ကျမ်းစာများ

| စဉ် | ကျမ်းစာအမည် | စာအုပ်ထွက်ပေါ်သည့်ခုနှစ် |
|---|---|---|
| ၅၀။ | မဟာစည် ဩဝါဒကထာပေါင်းချုပ် (ငွေရတုသဘင်) | ၁၃၃၆ |
| ၅၁။ | နိဗ္ဗာန်ဆိုင်ရာတရားတော် | ၁၃၃၆ |
| ၅၂။ | ဓမ္မစကြာတရားတော်ကြီး | ၁၃၃၇ |
| ၅၃။ | ၂၆-ကြိမ်မြောက် ပူဇော်ပွဲဩဝါဒကထာ | ၁၃၃၇ |
| ၅၄။ | သီလဝန္တ သုတ္တန်တရားတော် | ၁၃၃၈ |
| ၅၅။ | တုဝဋကသုတ်တရားတော် | ၁၃၃၈ |
| ၅၆။ | ရှစ်ဖြာမဂ္ဂင်နိဗ္ဗာန်ဝင်တရားတော် | ၁၃၃၉ |
| ၅၇။ | အနတ္တလက္ခဏာသုတ်တရားတော် | ၁၃၃၉ |
| ၅၈။ | ဗြဟ္မဝိဟာရတရားတော် | ၁၃၃၉ |
| ၅၉။ | သမ္မာပရိဗ္ဗာဇနီယသုတ်တရားတော် | ၁၃၃၉ |
| ၆၀။ | တက္ကသိုလ်ဝိပဿနာတရားတော် | ၁၃၃၉ |
| ၆၁။ | မာလုကျပုတ္တသုတ်တရားတော် | ၁၃၄၀ |
| ၆၂။ | သက္ကပဉှသုတ်တရားတော် | ၁၃၄၀ |
| ၆၃။ | မဟာသမယသုံးသုတ်တရားတော် | ၁၃၄၀ |
| ၆၄။ | သာသနာ့ရိပ်သာ ငွေရတုတရားတော် | ၁၃၄၀ |
| ၆၅။ | အနုမောဒနာတရားတော် | ၁၃၄၀ |
| ၆၆။ | ဓမ္မဒါယာဒသုတ်တရားတော် | (ရိုက်လတ္တံ့) |
| ၆၇။ | စူဠဝေဒလ္လသုတ်တရားတော် | (ရိုက်လတ္တံ့) |

http://www.dhammadownload.com

# ဓမ္မဒါန အလှူရှင်စာရင်း

ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ဘုရားကြီး၏ တရားစာအုပ်များကို စဉ်ဆက်မပြတ် ရိုက်နှိပ်ရန်အတွက် "ထာဝရတရားစာအုပ် ရန်ပုံငွေ" အဖြစ် ထည့်ဝင်လှူဒါန်းကြသော မော်လမြိုင်မြို့ တောင်ဝိုင်းကလေး မဟာစည်သာသနာ့ရိပ်သာ ဆရာတော် မဟာကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တ အာဒိစ္စ မထေရ်နှင့် သတိပဋ္ဌာန် ဝိပဿနာပြန့်ပွားရေးအဖွဲ့ အသင်းသူအသင်းသား များနှင့် စေတနာရှင်အပေါင်းတို့၏ ဓမ္မဒါနအလှူစာရင်းကို ကုသိုလ်ပွားနိုင်ရန် ဖော်ပြအပ်ပါသည်။ **ဤကောင်းမှုသည် နိဗ္ဗာန်ရောက်ကြောင်း ကောင်းမြတ်သော အထောက်အပံ့သည် ဖြစ်ပါစေသတည်း။**

၁။ ဆရာတော် ဦးအာဒိစ္စ — ကျပ် ၅၀၀၀၀

(၇၄) နှစ်မြောက် မွေးနေ့အလှူ

မဟာစည်ရိပ်သာ၊ တောင်ဝိုင်းကလေး၊

မော်လမြိုင်။

၂။ ဥက္ကဋ္ဌကြီး ဦးထွန်းတင် — ကျပ် ၂၅၀၀၀

(၈၂) နှစ်ပြည့် မွေးနေ့အလှူ

(၆၇) ဗဟိုလမ်း၊ မရမ်းကုန်း။

http://www.dhammadownload.com

## ဓမ္မဒါနအလှူရှင်စာရင်း

၃။ ဦးမြသိန်း(ခ)ဦးပါ ကျပ် ၂၅၀၀၀
၂၂(က) သိပ္ပံကျောင်းလမ်း၊
သိမ်ကုန်းရပ်။

၄။ ဦးချမ်းသာ–ဒေါ်သန်းရီ ကျပ် ၂၅၀၀၀
မယ်ဇမာဆေးလိပ်ရုံ၊
မင်္ဂလာဈေး၊ ရွှေတောင်ရပ်။

၅။ ဦးတင်အောင်–ဒေါ်ထွေးဟင် ကျပ် ၂၅၀၀၀
(၄၀) ဝတ်ကြီးဘုရားလမ်း၊
သာယာကုန်းရပ်။

၆။ ဦးအေးရွှေ–ဒေါ်တင်တင် ကျပ် ၂၅၀၀၀
သမီး မအေးသန္တာဆွေ
၁၆၅၊ အောက်လမ်းမကြီး၊
မော်လမြိုင်။

၇။ ဦးရဲမင်း–ဒေါ်ခင်မျိုးနိုင် ကျပ် ၂၅၀၀၀
သမီး မအိမ့်ဇွယ်တာဦး
မအိမ့်မြတ်နိုးငယ်
၂၂၊ ကျိုက်သုတ်ဘုရားလမ်း၊
မရမ်းကုန်း။

၈။ ဦးစိန်ရွှေ–ဒေါ်သန်းစိန်တို့အား ကျပ် ၂၅၀၀၀
ရည်စူး၍ ဒေါ်ခင်စီနှင့်ညီမများ
၆/၇၊ ရောဝတီစက်ရှေ့၊ ဈေးကြီးရပ်။

http://www.dhammadownload.com

## မမွေဒါနအလှူရှင်စာရင်း

၉။ ဦးဘွန်ခွေး–ဒေါ်ထွန်းမေ ကျပ် ၂၅၀၀၀
မိသားစု၊
(၁၁) ဖက်တန်းရပ်၊ ဈေးကြီး။

၁၀။ ဦးဗိုလ်လေး–ဒေါ်ခိုင်ခိုင်ဝေ ကျပ် ၂၅၀၀၀
မိသားစု၊ ၃၄၀၊ အောက်လမ်းမကြီး၊
တည်င်းကုန်းရပ်။

၁၁။ ဦးစိုးထွန်း–ဒေါ်ဃဉ်သိန်း ကျပ် ၂၅၀၀၀
မိသားစု၊ ၄၀–သိမ်ကုန်းရပ်။

၁၂။ ဦးကင်ဟုတ်–(ဒေါ်ဆိုက်ကျင်) ကျပ် ၂၅၀၀၀
ဝွေးကုန်းရွာ။

၁၃။ ဉုးကိတ္တိ (ဦးညွန့်စံ) မိသားစု ကျပ် ၂၅၀၀၀
ကော့ကလုတ်ရွာ။

၁၄။ ဦးချစ်သောင်း–ဒေါ်စိန်တင် ကျပ် ၂၅၀၀၀
တရုတ်တန်း၊ ဒိုင်းဝန်းကွင်း။

၁၅။ ဗိုလ်မှူးကြီး စိုးပိုင် (ငြိမ်း) ကျပ် ၂၅၀၀၀
ဒေါ်ခင်မြဃဉ် မိသားစု၊မြိုင်သာယာ။

၁၆။ ဦးချိန်ရီ–(ဒေါ်ခင်တီ) မိသားစု ကျပ် ၂၅၀၀၀
(၁၃၆)၊ ဗဟိုလမ်း၊ ထားဝယ်စုရပ်။

၁၇။ ဦးမျိုးဝင်း–ဒေါ်ရွှေကြူမိသားစု ကျပ် ၂၅၀၀၀
၁၁၈(A)၊ အောက်လမ်းမကြီး၊
ဈေးကြီးရပ်။

http://www.dhammadownload.com

## ဓမ္မဒါနအလှူရှင်စာရင်း

၁၈။ (ဦးတောင်ချွန်း)–ဒေါ်မြင့်မြင့်မိသားစု ကျပ် ၂၅၀၀၀
၂၃၇၊ အောက်လမ်းမကြီး၊
ရွှေတောင်ရပ်။

၁၉။ ဒေါ်မြလွင်အား ရည်စူး၍ ကျပ် ၂၅၀၀၀
မောင်နှမတစ်စုနှင့် တူ/တူမများ
၁၈–လမ်း၊ မြို့သာယာ။

၂၀။ ဦးတိတ်ကြည်–ဒေါ်သန်းသန်းအေး ကျပ် ၂၅၀၀၀
မိသားစု၊ ၂၉၉၊ အောက်လမ်းမကြီး၊
စစ်ကဲကုန်း။

၂၁။ ဒေါ်ကြင်သိန်းနှင့် တူ/တူမများ ကျပ် ၂၅၀၀၀
၂၄၁၊ အောက်လမ်းမကြီး၊
ရွှေတောင်ရပ်။

၂၂။ ဦးထင်ကျော်–ဒေါ်စန်းစန်းဝင်း ကျပ် ၂၅၀၀၀
မိသားစု၊
၁၀၇၊ အောက်လမ်းမကြီး၊ ဈေးကြီးရပ်။

၂၃။ မိခင်ဒေါ်ငွေထိန်နှင့် ဦးထွန်းထွန်းနိုင် ကျပ် ၂၅၀၀၀
ဒေါ်မီးမီး မိသားစု
(၈)၊ ပတ္တလားလမ်း၊ မောင်ငံရပ်။

၂၄။ ဦးကြည်ချိုပိန်–ဒေါ်လှဝင်းမိသားစု ကျပ် ၂၅၀၀၀
(၁၅) သိတာလမ်း၊ ရွှေတောင်ရပ်။

http://www.dhammadownload.com

## မွေ့ဒါန်အလှူရှင်စာရင်း

၂၅။ မိဘများအား အမျှဝေး၍ ကျပ် ၂၅၀၀၀
- ဦးကျော်ကျော်ဝေ-ဒေါ်မြဲအေး
(၃၄၉) မိုလ်ချုပ်အောင်ဆန်းလမ်း၊
မြိုင်သာယာ။

၂၆။ ဦးခင်မောင်လတ်-ဒေါ်စိန်ညွန့်နှင့် ကျပ် ၂၅၀၀၀
သား ဒေါက်တာအောင်ဇော်ဝင်း
မသီတာနွယ် မိသားစု၊ ဈေးကြီးရပ်။

၂၇။ ဦးကျုံလွမ်-ဒေါ်ရင်ကြွမိသားစု ကျပ် ၂၅၀၀၀
(၄၉) နီကြောဓလမ်း၊ ကျောက်မြောင်း၊
ရန်ကုန်။

၂၈။ ဒေါ်ညွန့်ညွန့်ရီနှင့် သားသမီးမြေးများ ကျပ် ၂၅၀၀၀
ရန်ကုန်။

၂၉။ ဒေါက်တာလှဦး-ဒေါ်မီးမီး မိသားစု ကျပ် ၂၅၀၀၀
မြောက်မိုလ်ချုပ်လမ်း၊ စက်ကွင်းရပ်။

၃၀။ ဦးငြိမ်းမောင်-ဒေါ်ချိန်တီမိသားစု ကျပ် ၁၀၀၀၀
ရွှေဝါလမ်း၊ စမ်းမြသီတာရပ်၊
ဒိုင်းဝန်းကွင်း။

၃၁။ ဦးကောက်စွန်-ဒေါ်မြိုင်မိသားစု ကျပ် ၁၀၀၀၀
(၁၃၁)၊ မင်းလမ်း၊ ဒိုင်းဝင်းကွင်း။

http://www.dhammadownload.com

## ဓမ္မဒါနအလှူရှင်စာရင်း

၃၂။ ဦးသန်းမြင့်–ဒေါ်မြစိန် ကျပ် ၁၀၀၀၀
(၃) ရတနာကျွန်းရိပ်သာ၊
မ/ဥက္ကလာပ၊ ရန်ကုန်။

၃၃။ ဦးသောဘိတ ကျပ် ၅၀၀၀
သဇင်ရွာလယ်ကျောင်း၊ မြိတ်ကျွန်းစု။

၃၄။ ဦးတင်ထွန်း–ဒေါ်မြသွင်မိသားစု ကျပ် ၅၀၀၀
ဧယျာ(၁)၊ ဒိုင်းဝန်းကွင်း။

၃၅။ ဦးဉာဏ်ဖေ–ဒေါ်မေစိုး မိသားစု ကျပ် ၅၀၀၀
လိမ္မော်ဇင်လမ်း၊ မောင်ငံရပ်။

၃၆။ အောင်ကိုကို ကျပ် ၅၀၀၀
ပြည်တော်သာ၊ မော်လမြိုင်။

၃၇။ ဦးစံလှိုင်–ဒေါ်ကောက်ပိုမိသားစု ကျပ် ၅၀၀၀
ထားဝယ်စုရပ်၊ မောင်လမြိုင်။

၃၈။ ဦးတင်ထွန်း–ဒေါ်ရင်ကြည်မိသားစု ကျပ် ၅၀၀၀
(၁၅) ပုလဲလမ်း၊ မရမ်းကုန်းရပ်။

၃၉။ ဦးစိုးမြင့်–ဒေါ်မြသန်းနှင့် ကျပ် ၅၀၀၀
သားသမီးမြေးများ
(၆၇)၊ ဗဟိုလမ်း၊ မရန်းကုန်းရပ်။

၄၀။ ဦးကြီးစိန်–ဒေါ်မြင့်သိန်း မိသားစု ကျပ် ၄၀၀၀
ရခိုင်ကုန်းရွာ။

http://www.dhammadownload.com

## မွေ့ဒါနအလှူရှင်စာရင်း

| | | |
|---|---|---|
| ၄၁။ | မသုစာရီ<br>ကျုံဒိုး၊ ကော့ကရိတ်။ | ကျပ် ၃၀၀၀ |
| ၄၂။ | ဒေါ်ကုဏ္ဏာရီ<br>သာသနာ့မဏ္ဍိုင်ကျောင်း။ | ကျပ် ၃၀၀၀ |
| ၄၃။ | ဒေါ်စိန်စိန်မိသားစု<br>မုဒုံကြီးရပ်၊ မုဒုံမြို့။ | ကျပ် ၃၀၀၀ |
| ၄၄။ | ဦးညွှန့်-ဒေါ်ဒွေး မိသားစု<br>ကျိုက်မရောမြို့။ | ကျပ် ၃၀၀၀ |
| ၄၅။ | ဒေါ်ကျင်မုလိုင်မိသားစု<br>မင်္ဂလာလမ်း၊ တောင်ဝိုင်းရပ်။ | ကျပ် ၃၀၀၀ |
| ၄၆။ | ဒေါ်နှင်း<br>(၁၀) လမ်း၊ မဟာမြိုင်ရပ်။ | ကျပ် ၃၀၀၀ |
| ၄၇။ | ဦးအောင်ကျော်ဦး-ဒေါ်ခင်ဆွေ<br>မိသားစု<br>ရှင်စောပုလမ်း၊ မြိုင်သာယာ။ | ကျပ် ၃၀၀၀ |
| ၄၈။ | ဒေါ်ကျင်စူး၊ ဒေါ်ကျင်သောင်း<br>(၇၀)၊ ၇-လမ်း၊ သီရိမြိုင်။ | ကျပ် ၃၀၀၀ |
| ၄၉။ | မောင်စိုးအောင်-မပန်းရီ<br>သားသမီးများ<br>ကော့ပရံကျေးရွာ၊ မုဒုံမြို့နယ်။ | ကျပ် ၃၀၀၀ |

http://www.dhammadownload.com

# ဓမ္မဒါနအလှူရှင်စာရင်း

| | | |
|---|---|---|
| ၅၀။ | မိဘာနှစ်ပါးအား ရည်စူး၍ ဒေါ်သန်းတင်၊ ရန်ကုန်မြို့။ | ကျပ် ၃၀၀၀ |
| ၅၁။ | ဦးဟုတ်ကြည် မိသားစု စမ်းကြီးရပ်၊ မောင်လမြိုင် | ကျပ် ၃၀၀၀ |
| ၅၂။ | ဦးအောင်ဝင်း-ဒေါ်အုံးရီ မောင်လမြိုင်။ | ကျပ် ၂၀၀၀ |
| ၅၃။ | ဦးကြီးတင်-ဒေါ်လှမြင့် ကောလိပ်မြိုင်။ | ကျပ် ၂၀၀၀ |
| ၅၄။ | ဦးကင်ဟိန်း-ဒေါ်သန်းညွှန့် မိသာစု ဥယျာဉ်လမ်း၊ တောင်ဝိုင်းရပ်။ | ကျပ် ၂၀၀၀ |
| ၅၅။ | ဦးယုခင်-ဒေါ်ပု မိသားစု သံဖြူဇရပ်မြို့။ | ကျပ် ၁၅၀၀ |
| ၅၆။ | ဒေါ်ပညာနန္ဒာ မဟာစည်ရိပ်သာ၊ မော်လမြိုင်။ | ကျပ် ၁၀၀၀ |
| ၅၇။ | ဥုးဥက္ကံသနှင့် ရဟန်း(၄)ပါး ကျိုက်မရောမြို့။ | ကျပ် ၁၀၀၀ |
| ၅၈။ | ဦးထွန်းကြည်(ဒေါ်ရင်ကြွေ)မိသားစု ရခိုင်ကုန်း။ | ကျပ် ၁၀၀၀ |
| ၅၉။ | ဒေါ်ဖူးမွေး (၅) သိပ္ပံကျောင်းလမ်း၊ ထားဝယ်စုရပ်။ | ကျပ် ၁၀၀၀ |

http://www.dhammadownload.com

## ဓမ္မဒါနအလှူရှင်စာရင်း

| | | |
|---|---|---|
| ၆၀။ | ဒေါ်ရင်ကြည် | ကျပ် ၁၀၀၀ |
| | ခေါဇာရွာ၊ ရေးမြို့နယ်။ | |
| ၆၁။ | မသန်းသန်းဆင့် | ကျပ် ၁၀၀၀ |
| | ခေါဇာရွာ၊ ရေးမြို့နယ်။ | |
| ၆၂။ | ဒေါ်စောလှနှင့် တူ/တူမများ | ကျပ် ၁၀၀၀ |
| | ဝတ်သစ်ရပ်၊ ဒိုင်းဝန်းကွင်း။ | |
| ၆၃။ | ဦးမျိုးအောင်–ဒေါ်နိုင်မြတ်ထွေး | ကျပ် ၁၀၀၀ |
| | မိသားစု၊ | |
| | သမိန်ဗရမ်းလမ်း၊ မြိုင်သာယာ။ | |
| ၆၄။ | ဦးစံရီ–ဒေါ်သောင်းရှင် မိသားစု | ကျပ် ၁၀၀၀ |
| | မင်းလမ်းမ၊ ဒိုင်းဝန်းကွင်း။ | |
| ၆၅။ | ဦးလှဝင်း–ဒေါ်စမ်းစမ်းတင်မိသားစု | ကျပ် ၁၀၀၀ |
| | မရမ်းကုန်းရပ်။ | |
| ၆၆။ | ဆရာမကြီး ဒေါ်အေးသန်း | ကျပ် ၁၀၀၀ |
| | မုဒုံးရွာ အ–ထ–က၊ ချောင်းဆုံမြို့နယ်။ | |
| ၆၇။ | ဒေါ်ဝေဝေလွင်(ခ)မလွမ်တင် | ကျပ် ၁၀၀၀ |
| | ရေးမြို့။ | |
| ၆၈။ | ဦးထွန်းလွင် | ကျပ် ၈၀၀ |
| | (၁၈) ချမ်းအေးရပ်၊ ဒိုင်းဝန်းကွင်း။ | |
| ၆၉။ | ဒေါ်မြင့်မြင့်စံ | ကျပ် ၇၀၀ |
| | မုဒုံမြို့။ | |

http://www.dhammadownload.com

ဓမ္မဒါနအလှူရှင်စာရင်း

၇၀။ ဦးဖွေးမြင့်-ဒေါ်ခင်ပို မိသားစု ကျပ် ၅၀၀
အောင်မင်္ဂလာရပ်၊ ရခိုင်ကုန်း။

၇၁။ ဒေါ်တူး မိသားစု ကျပ် ၅၀၀
မောင်ငံ(၂၈) အိမ်၊ မော်လမြိုင်။

၇၂။ ဒေါ်ရင်ရွှေ မိသားစု ကျပ် ၅၀၀
၈/၃ လမ်း၊ ရွှေမြိုင်သီရိ။

၇၃။ ဦးအောင်မြင့်-(ဒေါ်ခင်ကြည်)မိသားစု ကျပ် ၅၀၀
(၅၀)၊ မဂ္ဂင်လမ်း၊ မရန်းကုန်းရပ်။

၇၄။ ဒေါ်ပုည ကျပ် ၅၀၀
မဟာစည်ရိပ်သာ၊ တောင်ဝိုင်းကလေး။

၇၅။ ဒေါ်စန္ဒဝတီ ကျပ် ၅၀၀
သုဓမ္မာရာမစာသင်တိုက်၊ မော်လမြိုင်။

၇၆။ ဒေါ်တင်ကြည် ကျပ် ၅၀၀
လှိုင်းဘွဲ့မြို့၊ ကရင်ပြည်နယ်။

၇၇။ ဒေါ်တင်မြ ကျပ် ၅၀၀
ဈေးကြီးတောင်ပေါ်တန်း။

၇၈။ ဒေါ်မြကြွယ် မိသားစု ကျပ် ၅၀၀
တရုတ်တန်း၊ ဒိုင်းဝန်းကွင်း။

၇၉။ မစန္ဒမာလာ ကျပ် ၅၀၀
ပန်းဘဲတန်းရပ်၊ မောင်လမြိုင်။

http://www.dhammadownload.com

## မွေဒါနအလှူရှင်စာရင်း

| | | |
|---|---|---|
| ၈၀။ | ဦးကောက်စွန်–ဒေါ်မြိုင် မိသားစု<br>ရွှေမြိုင်သီရိ။ | ကျပ် ၅၀၀ |
| ၈၁။ | ဒေါ်တင်ရီ<br>ကျိုက်ထိုမြို့။ | ကျပ် ၅၀၀ |
| ၈၂။ | ဦးပန်းစိန်–ဒေါ်ခင်မော် မိသားစု<br>မြိုင်သာယာ။ | ကျပ် ၅၀၀ |
| ၈၃။ | ဦးစိုးသိန်း–ဒေါ်မိ မိသားစု<br>မြိုင်သာယာ။ | ကျပ် ၅၀၀ |
| ၈၄။ | ဒေါ်စောရီ<br>မဟာစည်ရိပ်သာ၊ တောင်ဝိုင်းကလေး။ | ကျပ် ၅၀၀ |
| ၈၅။ | မချို၊ မသီ<br>တောင်ဝိုင်းရပ်။ | ကျပ် ၅၀၀ |
| ၈၆။ | ဥုးကုသလ<br>အောင်သီရိကျောင်း၊ မုတ္တမမြို့။ | ကျပ် ၄၀၀ |
| ၈၇။ | ဒေါ်ပါရမီ<br>ကော့ကျိုက်ရွာ၊ ဘားအံမြို့နယ်။ | ကျပ် ၃၀၀ |
| ၈၈။ | ဒေါ်တင်လှိုင် မိသားစု<br>ကင်ပွန်းချိုကန်လမ်း၊ ဒေါင်းဇရပ်။ | ကျပ် ၃၀၀ |
| ၈၉။ | ဒေါ်ငွေးမြင့် မိသားစု<br>စက်တန်းရပ်၊ ဒိုင်းဝန်းကွင်း။ | ကျပ် ၂၀၀ |

http://www.dhammadownload.com

## ဓမ္မဒါနအလှူရှင်စာရင်း

၉၀။ ဦးကျော်ခင်၊ ဒေါ်ကြီးဖြူ ကျပ် ၂၀၀
နန်းမြမြအေး၊ ပေါင်မြို့။

၉၁။ မမြင့်မြင့်စန်း ကျပ် ၂၉၀
မဟာစည်ရိပ်သာ၊ တောင်ဝိုင်းကလေး။

၉၂။ ဦးရှိန်–ဒေါ်လှသန်း မိသားစု ကျပ် ၁၀၀
ပိန္နဲကုန်း။

၉၃။ ဒေါ်သန်းစိန် ကျပ် ၁၀၀၀
စက်တန်းရပ်၊ ဒိုင်းဝန်းကွင်း၊
မောင်လမြိုင်။

**စုစုပေါင်း အလှူငွေကျပ် ၈,၈၃,၇၀၀**

ကျပ် ရှစ်သိန်းရှစ်သောင်းသုံးထောင့် ခုနစ်ရာကျပ်တိတိ

သတိပဋ္ဌာန် ဝိပဿနာ ပြန့်ပွားရေးအဖွဲ့
တောင်ဝိုင်းကလေး၊ မောင်လမြိုင်မြို့။